
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

လေပြင်းက ကြမ်းထမ်းစွာတိုက်ခတ်နေသည်။

မိုးကလည်း သဲသဲမဲမဲရွာသွန်းလျက်ရှိသည်။

ပင်လယ်ရေပြင်မှာလည်း လှိုင်းအလိပ်လိပ်ထကာ ကြောက်မက်ဖွယ်ရာအတိ ဖြစ်နေသည်။

လေထန် လှိုင်းကြီးနေသော ပင်လယ်ပြင်ထက်တွင် သစ်ပေါင်တစ်ခုက မြင့်ချည်နိမ့်ချည်ဖြင့် လွင့်မြောနေသည်။

လှိုင်းလုံးများ၏ ပင့်တင်မှုကိုခံရသည့်အခါ မြင့်မားသော တောင်ကုန်းထက်သို့ရောက်သလို ဖြစ်သည့်နည်းတူ လှိုင်းလုံးများအောက်သို့ လျှော့ကျသွားလျှင်လည်း နက်ရှိုင်းလှသော ချောက်ထဲသို့ ကျသွားသည်နှယ်ရှိသည်။

သစ်ပေါင်ကြီးမှာ သိပ်မကြီးလှပေ။

www.burmeseclassic.com

www.burmeseclassic.com



သစ်ဖောင်မှာ အမြေးကျယ်သော ပင်လယ်ရေပြင်ထွင် ရေလာသင့်ရာ လွင့်မျောနေသော သစ်ရွက်ငယ်လေးတစ်ခုပမာ ဖြစ်နေသည်။

ဤသစ်ဖောင်ကလေးမှာ မာန်ပြင်းလှသော ပင်လယ်ရေပြင်ကို အံတု၍ ရနိုင်စရာအကြောင်းမရှိချေ။

အလွန်မိုက်မဲ၍ အသက်ကိုမနှမြောသော သူသာလျှင် ဤလို သစ်ဖောင်လေးဖြင့် ဒေါထန် လှိုင်းကြီးနေသော ပင်လယ်ပြင်ကို ကျော်ဖြတ်မည်ဖြစ်သည်။

သို့သော် ထိုသစ်ဖောင်ပေါ်တွင် လူတစ်ယောက်ပါရှိလေသည်။

ထိုသူသည် ရပ်၍လည်းမနေ၊ ထိုင်၍လည်းမရှိ၊ သစ်ဖောင်ပေါ်ဝယ် ပက်လက်လှဲအိပ်လျက်သား ပါရှိလာသည်။

ထိုလူ၏ အသွင်အပြင်ကိုကြည့်လျှင် ဤသစ်ဖောင်ပေါ်၌ လိုက်ချင်၍ လိုက်ပါနေခြင်းမဟုတ်ကြောင်း သိသာနိုင်၏။

ထိုလူ၏အဖြစ်မှာ ကိုယ့်သဘောနှင့်ကိုယ် လှုပ်ရှား လှုပ်ဆောင်နိုင်သည့် အနေအထားပင်မရှိပေ။

ထိုလူမှာ သစ်ဖောင်ပေါ်ဝယ် လက်ကားယား ခြေကားယားရှိနေပြီး လက်နှင့် ခြေထောက်များကိုလည်း ကြိုးများဖြင့် နိုင်မြဲစွာတုပ်နှောင်ထားသည်။

ထို့ကြောင့်လည်း လှိုင်းလုံးများ၏ ရိုက်ပုတ်မှုကြောင့် သစ်ဖောင်လေး နိမ့်မြင့် လှုပ်ရှားနေသော်လည်း ထိုလူမှာ ရေထဲသို့ လွင့်စင်ကျသွားခြင်းမရှိပေ။



သို့ရာတွင် ဤအခြေအနေအတိုင်းသာဆိုပါက လှိုင်းငြိမ်သက်သွားသည့်တိုင် ထိုလူအဖို့ အသက်ရှင်နိုင်ဖွယ်မရှိ၊ ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ပြင်ဝယ် လွင့်မျောရင်း အစာငတ် ရေငတ်ဖြစ်ကာ အသက်သေဆုံးရန်သာရှိသည်။

အကယ်၍ ကံကောင်းထောက်မပြီး ကမ်းခြေတစ်ခုသို့ ရောက်သည့်တိုင် ကြိုးတုပ်ခံထားရသော ထိုလူမှာ ကမ်းခြေပေါ်သို့ တက်နိုင်စွမ်းရှိမည်မဟုတ်။

ကယ်တင်ရှင်တစ်ဦးဦးနှင့် တွေ့ဆုံရမှသာ အသက် ရှင်နိုင်ပေမည်။

သစ်ဖောင်ပေါ်ဝယ် ပါလာသူမှာ အသက် သိပ်မကြီးသေး၊ နှစ်ဆယ့်ငါးနှစ်ခန့်သာရှိသည်။

လုလင်ပျိုတစ်ယောက်ဖြစ်သည်။ အရပ်မြင့်မားက ကိုယ်ကာယ ကြံ့ခိုင်သန်စွမ်းသည်။

ပင်ကိုက ရုပ်ရည်မှန် ချောမောဟန်ရှိသော်လည်း ယခုအခါ မျက်နှာတွင် အထိုး အကြိတ် အရိုက်အနှက် ခံထားရသဖြင့် အညိုအမည်း ဒဏ်ရာဒဏ်ချက်များ ထင်၍နေသည်။

လုလင်ပျိုအဖို့ ဤပုံစံမျိုးဖြင့် ပင်လယ်ပြင်ဝယ် လွင့်မျောနေသည်မှာ ယနေ့ပါဆိုလျှင် (၃)ရက် တိုင်တိုင်ရှိခဲ့ပြီ။ နေဒဏ် လေဒဏ်ကိုခံခဲ့ရသည့်အတွက် လုလင်ပျို၏အသွင်မှာ လူရုပ်ပင် မပေါ်တော့ချေ။

အစာငတ် ရေငတ် ဖြစ်ခဲ့ရသောကြောင့်လည်း အင်အား ကုန်ခမ်းကာ မောဟိုက်နေသည်။

www.burmeseclassic.com



ယခုလို မိုးသက်လေပြင်းကျရောက်သောအခါတွင်မူ ပို၍ဆိုးပေတော့သည်။ လှိုင်းလုံးများကြားဝယ် ခလောက်ဆန်တာ နိမ့်မြင့်လှုပ်ရှားနေသောကြောင့် လုလင်ပျိုမှာ မူးမူးနောက်နောက်ဖြစ်လာသည်။

နောက်ဆုံးတွင် မည်သို့မျှမတတ်နိုင်တော့ဘဲ သတိလစ်ကာ မေ့မြောသွားတော့သည်။

× × ×

သူ၏မျက်နှာပြင်ပေါ်သို့ ရေစက်ရေပေါက်များထိ၍လာသည်။

ပင်လယ်ပြင်ဝယ် လွင့်မျောနေခဲ့ရသောသူ့အဖို့ ဤအဖြစ်မျိုးမှာမဆန်း၊ သစ်ဖောင်ကို လှိုင်းက ပုတ်လိုက်သည့်အခါတိုင်း ဤသို့ ဤနှယ်ပင် ရေစက်ရေပေါက်များ မျက်နှာကို ထိမှန်မြဲဖြစ်သည်။

ပင်လယ်ဆားငန်ရေများဖြစ်သောကြောင့် ထိတွေ့ရသည်မှာ မသက်သာလှပေ။

ယခုမူ တစ်မျိုးဖြစ်နေသည်။ မျက်နှာကို ရေစက်ရေပေါက်များ ထိလာသော်လည်း အခံရမခက်။ လုလင်ပျိုမှာ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေလည်း လူ့သဘာဝ အလျောက် ပါးစပ်ကို အလိုလိုဟကာ မျက်နှာကိုလာထိနေသော ရေစက်ရေပေါက်များကို အငမ်းမရသောက်နေမိသည်။



အစာရေစာငတ်ပြတ်နေသော လုလင်ပျိုအဖို့ ရေချိုလေးတစ်စက်တစ်ပေါက်သောက်လိုက်ရသည်မို့ နတ်သုဓါကိုစားရသလို ဖြစ်နေသည်။

အလွန်အရသာရှိသွားသည်။ အလွန်ချိုမြိန်သည်။ ရေသောက်လိုက်ရ၍ အတော်ပင်အားပြည့်လာသည်။

မျက်နှာကို အေးမြသန့်စင်သော ရေစက်ရေပေါက်များ ပက်ဖျန်းမိသောကြောင့်လည်း သတိပြန်ရလာသည်။

'ဟား....ဟား....ဟား....မင်းတာမသေသေးပဲကိုး၊ဟီးဟီးဟီး....'

လုလင်ပျို၏နားထဲဝယ် တစ်စုံတစ်ယောက်၏ ပြောလိုက်သံကို ကြားရသည်။

လုလင်ပျို မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။

လုလင်ပျို၏မျက်လုံးထဲဝယ် လူတစ်ယောက်၏ ရုပ်သွင်ကို မြင်ရသည်။

ပထမတွင် မြင်ကွင်းက မသဲကွဲ၊ ဝိုးတဝါးဖြစ်နေသည်။ လုလင်က မျက်တောင်သုံးလေးချက်ခတ်လိုက်သည်၊ဝိုးတဝါး မြင်ကွင်းက ပိုပြင်လာသည်။

တစ်ဖက်လူ၏ မျက်နှာသွင်ပြင်ကို ထင်ထင်ရှားရှားမြင်လိုက်ရသည်တွင် လုလင်ပျိုမှာ အလွန်ထိတ်လန့်သွားသည်။

မိစ္ဆာသရဲတစ်ကောင်ကောင်နှင့် လာတွေ့နေရသည်လားဟုလည်း သံသယဖြစ်မိသည်။ သူမြင်လိုက်ရသည်မှာ ကြောက်စရာကောင်းလှသော မျက်နှာကြီးတစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသားမရှိတဲ့ အရိုးပေါ် အရေဖျဉ်းထပ်နေသောကြောင့် အရိုးခေါင်းတစ်ခုနှင့်မခြားပေ။ အကြောများအပြိုင်းပြိုင်း ပေါ်နေသည့်အတွက် အရိုးခေါင်းကို မြင်ရသည့်ထက်ပို ကြောက်စရာကောင်းသည်။

လုလင်ပျိုက ထထိုင်ရန်ကြိုးစားသည်။ မရ။ လက်နှင့် ခြေတို့တွင် ကြိုးများဖြင့် တုပ်နှောင်ထားဆဲမို့ လှုပ်ရှား၍မရ။ ထထိုင်၍မရ။ ဘေးပတ်ဝန်းကျင်ကို မျက်လုံးကစား၍ကြည့်၏။ ပင်လယ်ရေပြင်ကို မတွေ့ရတော့။ ဖွေးဖွေးသောသဲသောင်ပြင်ကိုသာ မြင်ရသည်။

'ဟင်...ဘယ်လိုဖြစ်တာလဲ၊ အသေလေးပါလား'

လုလင်ပျို၏ဖောင်သည် သဲသောင်ပြင်ပေါ်တွင် လာတင် နေသည်။ ကြည့်ရတာ ပင်လယ်ထဲမှာရှိတဲ့ ကျွန်းတစ်ကျွန်း ပေါ် ရောက်နေတာနဲ့တူတယ်။

လုလင်၏စိတ်ထဲဝယ် တွေးတောမိသည်။ မိမိခုတွေ့မြင်နေရ သောလူနှင့်ပတ်သက်၍ လုလင်မှာ အတော်ပင် အတွေးရခက် နေသည်။

ထိုလူမှာ အသက်ကြီးရင့်နေသော အဘိုးအိုတစ်ယောက် ဖြစ်သည်။ အသက်မည်မျှရှိမည်ကို ခန့်မှန်းရန် ခက်၏။ အဘိုးအိုမှာ ပိန်လှီလှသည်။ အရိုးပေါ် အရေတင်ဖြစ်ကာ အရိုးစုအသွင်ပေါက်နေသည်။

အဘိုးအိုမှာ စုတ်ပြဲနေသော ဘောင်းဘီတိုတစ်ထည်သာ ဝတ်ဆင်ထားသည်။ သူ၏ခါးတွင်မူ ဓားမြှောင်တစ်လက်ရှိ



နေသည်။ ဓားကတော့ တကယ့်ဓားကောင်းပင်။ နေရောင် အောက်တွင် ဓားရောင်က ဝင်းလက်နေသည်။

'ဘယ့်နှယ်လဲ...ရေသောက်လိုပြီလား'

အဘိုးအိုက မေးသည်။

ဤအခါတွင်မှ အဘိုးအို၏လက်ထဲတွင် သစ်သားရေပုံး တစ်ခု ကိုင်ထားသည်ကို လုလင်က သတိပြုမိသည်။

သစ်သားရေပုံးထဲဝယ် ရေတစ်ဝက်ခန့်ရှိနေသည်။

'ဟုတ်ကဲ့...ပေးပါဦး ကျေးဇူးတင်ပါတယ်'

လုလင်ပျိုကပြောသည်။ စကားထဲမှာ ခပ်တိုးတိုးသာဖြစ် သည်။

အဘိုးအိုက သစ်သားရေပုံးကို ဖောင်ပေါ်ချထားလိုက် သည်။ ထို့နောက် သစ်ဖောင်ကိုဆွဲယူသည်။

အဘိုးအိုမှာ ပိန်လှီပြီး အင်အားသန်စွမ်းခြင်းမရှိ၊ သစ် ဖောင်မှာ တဖြည်းဖြည်းသာရွေ့နေသည်။

တစ်ပေခန့်ဆွဲယူပြီးနောက် အဘိုးအိုမှာ အလွန်မောဟိုက် သွားကာ ခေတ္တနားနေရသည်။

'ဦးအဘိုးကြီးလုပ်ပုံက အဆန်းပဲ၊ သူ့ဓားမြှောင်နဲ့ ငါ့ကို တုပ်နှောင်ထားတဲ့ ကြိုးတွေကို ဖြတ်လိုက်ရင် ပြီးနေတာပဲ၊ သူပင်ပင်ပန်းပန်းဆွဲနေစရာမလိုဘူး၊ ငါ့ဘာသာငါ ကုန်းပေါ် တက်လျှောက်သွားရုံပဲပေါ့'

လုလင်၏စိတ်ထဲဝယ် စဉ်းစားတွေးတောနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကမူ အမောဖြေပြီးသည်နှင့် သစ်ဖောင်ငယ်ကို ဆက်၍ ပင်ပင်ပန်းပန်းဆွဲတင်ပြန်သည်။ နှေးလိုက် ဆွဲလိုက်နှင့် သစ်ဖောင်မှာ ဆယ်မေခန့်ရွေ့လျားလာခဲ့သည်။

'အဘ အာခြေဝင့် ဒီလောက်အပင်ပန်းခံပြီး ဆွဲနေတာလဲ၊ ကြိုးတွေဖြတ်ပေးရင် ကျွန်တော့်ဘာသာလျှောက်သွားနိုင်ပါတယ်'

လုလင်မှာ မမျိုသိပ်နိုင်တော့ဘဲ ထုတ်ပြောလိုက်သည်။

အဘိုးအိုက လုလင်ကို တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် ဘာမျှမပြောဘဲ သစ်ဖောင်ကို ဆက်၍ကြိုးစားပမ်းစား ဆွဲတင်ပြန်သည်။

မိမိအကြံပေးသည်ကို အဘိုးအို လက်မခံနိုင်မှန်း သိသည့်အတွက် လုလင်ကလည်း ဘာမျှထပ်မပြောတော့ပေ။

ခဲရာခဲဆစ် အပန်းတကြီး ဆွဲယူလာခဲ့ရာ၊ နောက်ဆုံးတွင် သစ်ဖောင်ငယ်မှာ ထမ်းခြေနှင့် အလွန်ကွာလှမ်းသော နေရာသို့ ရောက်လာသည်။

ထိုနေရာ၌ မီးဖိုတစ်ခုရှိသည်။

မီးပုံရှိမီးများမှာ သိပ်အရှိန်မကောင်းတော့ဘဲ ငွေ့ငွေ့သာရှိတော့သည်။

အဘိုးအိုက မီးပုံရှိရာသို့ ပြေးသွားပြီး သစ်ကိုင်းခြောက်များကို ထည့်လိုက်သည်။

မကြာမီပင် မီးအရှိန်မြန်ကောင်းလာသည်။

'အဘ...ကျွန်တော့်ခြေနဲ့လက်မှာ ချည်ထားတဲ့ကြိုးတွေကို ဖြတ်ပေးပါလားဗျာ'



လုလင်က အဘိုးအိုကိုလှမ်းပြောသည်။

'ဟိတ်....ကောင်လေး၊မင်းနာမည် ဘယ်လိုခေါ်လဲ ပြောစမ်း....'

အဘိုးအိုက ခပ်စွေစွေကြည့်ပြီး မေးခွန်းထုတ်သည်။

'ကိန်လေ့လို့ခေါ်ပါတယ်'

'ဘယ်လိုလုပ်ပြီး ဒီလိုဖြစ်လာတာလဲ'

'ဒီကိစ္စက ဇာတ်လမ်းရှည်ပါတယ်၊ အေးအေးဆေးဆေးပြောပြမှဖြစ်မယ်'

'ဘာ....ဇာတ်လမ်းရှည်တယ် ဟုတ်လား၊မင်း ဘယ်လိုဖြစ်လာတယ်ဆိုတာ ငါမှန်းနိုင်ပါတယ်၊ မင်း မကောင်းမှုတွေလုပ်ခဲ့လို့ အပြစ်ပေးခံရတာမဟုတ်လား'

'အဘကလဲ မဟုတ်တာဗျာ'

'ဘာမဟုတ်ရမှာလဲ၊ မင်းဘာလူကောင်းသူကောင်းဆိုရင် ဘယ်သူက မင်းကို ဒီလိုမျိုးလုပ်မှာလဲ'

'ကျွန်တော်ရှင်းပြပါရစေဦး'

'ရှင်းပြမနေပါနဲ့၊ မင်းလူကောင်းပဲဖြစ်ဖြစ် လူဆိုးပဲဖြစ်ဖြစ် ငါ့အဖို့ မထူးပါဘူး'

'ဘာထူးတာလဲဗျ'

ကိန်လေ့မှာ အဘိုးအို စကားကို မစဉ်းစားတတ်အောင်ဖြစ်သွား၍ ပြန်မေးလိုက်သည်။

ဤတွင် အဘိုးအိုက ထက်မြက်လှသောဓားမြှောင်ကို ဆွဲထုတ်၍ ကြောက်စက်ဖွယ်ရာကြိမ်းမောင်းပြောဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါအစားကောင်းမစားရတာကြာပြီ၊ အသားနဲ့ဝေးနေတာလဲ ငါးနှစ်လောက်ရှိပြီ၊ ဒီတော့ အသားရရ ရရာကို စားပေတော့မယ်'

'ဟာ...အဘက ကျွန်တော့်ကို သတ်စားမလို့လား'

အဘိုးအို ဘာကိုဆိုလိုကြောင်း တွေးမိသည့်အတွက် ကိန်လေ့မှာ ကြက်သီးပင်ထသွားရသည်။

'ဟုတ်တယ်၊ ဒီကျွန်းပေါ်မှာ လူသားဆိုလို့ ငါတစ်ဦးတည်းပဲ၊ ကျေးငှက်နဲ့ တိရစ္ဆာန်တွေလဲမရှိဘူး၊ ငါ့အဖို့ ဟင်းသီး ဟင်းရွက်တွေပဲ စနှံပင်စားနေရတယ်၊ ဒီကျွန်းအနီးပတ်ဝန်းကျင်မှာတော့ ငါးတွေ ပုစွန်တွေ မပေါပါဘူး၊ ပေါပေမယ့် ငါက ရေတောင်းကောင်း မကူးတတ်တော့ ဒီကောင်တွေကို မဖမ်းနိုင်ဘူး၊ ငါအစားကောင်းကောင်းမစားရတာ ငတ်ပြတ်နေတာကြာပြီ၊ အခုတော့ မင်းကိုပဲ သတ်စားရမှာပဲ၊ မတတ်နိုင်ဘူး'

ယခုမှပင် မိမိကို အဘယ်ကြောင့် ကြိုးမဖြတ်ပေးပဲထားသည်ကို ကိန်လေ့နားလည်ရတော့သည်။

ကိန်လေ့မှာ ပင်လယ်ထဲဝယ် တွယ်ရာမဲ့ မျောနေရာမှ ကျွန်းပေါ်သို့ရောက်လာခဲ့သည့်အတွက် အတော်ပင်ဝမ်းသာသွားခဲ့သည်။

ယခုမူ အခြေအနေက ပို၍ဆိုးနေသေးတော့သည်။ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးက ကျားထက်ဆိုးသည့်အဖြစ်မျိုး၊ ပင်လယ်ပြင်တွင် ရေနစ်ကာ သေသွားသည်ကပင် ပို၍ကောင်းပေသေးတော့သည်။



အဘိုးအိုက ဓားမြှောင်ကိုခပ်တင်းတင်းဆုပ်ကိုင်ရင်း ကိန်လေ့အနီးသို့ တိုးကပ်လာသည်။

ဓားမြှောင်ကိုင်ထားသော အဘိုးအို၏သကမှာ တုန်တုန်ယင်ယင်ဖြစ်နေသည်။

'ဒီမယ် ကိန်လေ့၊ မင်းနဲ့ ငါဟာ ရန်သူတွေမဟုတ်ပါဘူး၊ ငါမှာငတ်ပြတ်လွန်းလို့သာ မင်းကိုသတ်စားရတာပါ၊ ဒီတော့ မင်းကို ဝေဒနာရှည်ရှည်မခံစားရဘဲ တစ်ချက်တည်းနဲ့အသက်ထွက်သွားအောင် ငါလုပ်ပေးပါ့မယ်'

အဘိုးအိုက ဤသို့ပြောကာ ဓားမြှောင်ကို ပင့်မြှောက်၍ ကိန်လေ့၏နှလုံးသားတည့်တည့်ကို ချိန်ရွယ်လိုက်သည်။

ဓားဖြင့် ရွယ်လိုက်သော်လည်း [illegible]နှင့် ထိုးစိုက်၍ မချနိုင်သေးဘဲရှိနေသည်။

ဓားကိုင်ထားသောအဘိုးအို၏ညာလက်မှာ တဆတ်ဆတ် တုန်ယင်နေသည်။

'အဘ...ဒီကျွန်းပေါ် ရောက်နေတာ ဘယ်လောက်ကြာပြီလဲ'

ကိန်လေ့က မေးလိုက်သည်။ အဘိုးအိုကပြန်ပြောသည်။

'ငါးနှစ် ငါးနှစ်ရှိနေပြီ'

'အဘ အစားကောင်းစားရဖို့ ကျွန်တော်ဆောင်ရွက်ပေးနိုင်ပါတယ်၊ ကျွန်တော် ရေကောင်းကောင်းကူးတတ်ပါတယ် ရေလဲငုပ်တတ်ပါတယ်၊ ဒီတော့ ကျွန်တော့်ကိုလွှတ်ပေးရင် အဘအတွက် ပိုအကျိုးရှိပါလိမ့်မယ်၊ အဘစားလို့သောက်လို့ ကောင်းနိုင်အောင် ငါးပုစွန်တွေကို ဖမ်းပေးပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိန်လွေ့ကပြောလိုက်သည်။ အဘိုးအို၏မျက်နှာဝယ် ထူးခြားသောအမူအရာများပေါ်လာသည်။

ကစ်စိုတရာကို မခွဲမရဘဲ အပြင်းအထန် စဉ်းစား တွေးတောနေသည့်အသွင်မျိုးဖြစ်သည်။

'ဟာ…မလိုချင်ဘူး၊ ဘာမှမလိုချင်ဘူး၊ မင်းကိုပဲသတ်စားမယ်၊ ဒါပဲ'

အဘိုးအိုက အော်ဟစ်ပြောဆိုပြီး ကိန်လွေ့ကို မားဖြင့် တအားထိုးချလိုက်သည်။

ကိန်လွေ့က မျက်စိကိုစုံမှိတ်ထားလိုက်သည်။

'ဒုတ်'

မားထိုးစိုက်မိသံပေါ်လာသည်။ ကိန်လွေ့၏ရင်ထဲဝယ် 'ဒိန်း' ခနဲဖြစ်သွားသည်။

သို့ရာတွင် မည်သည့်နာကျင်မှုဝေဒနာကိုမျှမခံစားရသောကြောင့် ကိန်လွေ့အံ့ဩမိသည်။

မျက်စိဖွင့်ကြည့်ရာ အဘိုးအိုမှာ အလွန်စိတ်လှုပ်ရှားဟန်ဖြင့် မျက်နှာကိုလက်ဖြင့်အုပ်ကာ ထိုင်နေသည်ကိုတွေ့ရသည်။

မားမြှောင်ကတော့ သစ်ဖောင်မှ သစ်လုံးတစ်လုံးတွင် ထိုးစိုက်လျက်သားရှိနေသည်။

အဘိုးအို၏စိတ်ထဲဝယ် မည်သို့ရှိနေကြောင်း ကိန်လွေ့ နားလည်သဘောပေါက်မိသည်။

ကိန်လွေ့သည် ပင်လယ်ထဲဝယ် ဖောင်တစ်ခုဖြင့် လွင့်မျောနေရစဉ်က အစာငတ်သောအဖြစ်ကို လက်တွေ့ ကြုံတွေ့ခဲ့သည်။



အထူးသဖြင့် ရေငတ်သည့်ဒဏ်ကို ပြင်းပြင်းပျပျပင် ခံစားခဲ့ရသည်။

ပင်လယ်ဆားငန်ရေကိုပင် သောက်မိမတတ် ဖြစ်ခဲ့သည်။ ဆားငန်ရေသာ သောက်မိပါက ပိုဆိုးပြီး ပို၍ဝေဒနာခံစားရမည်မို့ ကိန်လွေ့က စိတ်ကိုအနိုင်နိုင်ချုပ်တည်းနေခဲ့သည်။

ယခု အဘိုးအိုသည်း ဤအဖြစ်မျိုးကြုံနေရကြောင်း ကိန်လွေ့ သဘောပေါက်မိသည်။

အဘိုးအိုမှာ မဝရေစာ စားသောက်ကာ အငတ်ငတ် အပြတ်ပြတ်ဖြစ်နေသောကြောင့် အသားကို ငမ်းငမ်းတက် စားချင်နေသည်။

စားစရာအသားက ရှာမရသည့်အဆုံး ကိန်လွေ့ကို သတ်စားရန် ကြံခဲ့သည်။ သို့ရာတွင် အသိစိတ်ဓာတ်က ဤသို့မလုပ်သင့်ကြောင်း သတိပေးနေသည်။

အဘိုးအို၏ခေါင်းထဲဝယ် စိတ်ကောင်းနှင့် စိတ်မိုက် လွန်ဆွဲအားပြိုင်နေခြင်းဖြစ်သည်။

အဘိုးအိုက မျက်နှာကို လက်ဝါးနှင့်အုပ်ကာ အတန်ကြာအောင် ငြိမ်နေပြီးနောက် သစ်ဖောင်ဝယ် ထိုးစိုက်နေသောမားမြှောင်ကို ဆွဲနုတ်လိုက်သည်။

ကိန်လွေ့ကိုသာ သတ်စားရန် ကြံနေသေးသည့်သဘောပင်။

'ဟိုတိကောင်လေး…မှန်မှန်ပြောစမ်း၊ မင်းဟာ မကောင်းမှုမျိုးစုံလုပ်နေတဲ့ လူမိုက်ကလေးတစ်ယောက်မဟုတ်လား'

အဘိုးအိုက မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူးဗျ၊ ကျွန်တော် လူကောင်းပါ၊ လူလိမ်မာလေး ပါ'

'မလိမ်နဲ့ မင်းဟာ လူဆိုးလေးဖြစ်ရမယ်၊ ဒါကြောင့် သစ်ဖောင်မှာ ကြိုးနဲ့တုပ်ပြီး မျှောချခံလိုက်တာပေါ့'

'ကျွန်တော့်ကိုသတ်စားမယ်ဆိုရင်လဲ သတ်လိုက်ပါ၊ ဒီလို အကြောင်းမရှိ အကြောင်းရှာမနေပါနဲ့ဗျ'

ကိန်လွေက လေအေးအေးဖြင့်ပြောလိုက်သည်။

'ခွေးတောခင်လေး၊ ငါ့ကို ဘာအောက်မေ့လဲ၊ ငါ့လက်ချက်ကြောင့် အသက်နဲ့ ခန္ဓာကိုယ် အိုးစားကွဲကုန်တာ မနည်းတော့ဘူး၊ မင်းကိုသတ်ဖို့ ဘာမှစဉ်းစားနေရမလိုဘူးကွ'

အဘိုးအိုစကားကြောင့် ကိန်လွေမှာ ဇဝေဇဝါ ထိတ်ခနဲဖြစ်သွားရသည်။

ကျိုလိုကြိုးဝေါ၊ ပြောဆိုသည့်စကားအသုံးအနှုန်းမှာ သိုင်းဆရာများ ပြောလေ့ရှိသောစကားရပ်များဖြစ်သည်။

ကျိုအဘိုးအိုမှာ ဘာမန်းရပ်သားမဟုတ်ဘဲ၊ သိုင်းသမားတစ်ဦးဖြစ်နေလေသလားဟုလည်း စဉ်းစားမိသည်။

'အဘရဲ့နာမည်က ဘယ်လိုခေါ်သလဲ'

'ခွေးတောခင်လေး...ငါ့ကို မေးခွန်းပြန်ထုတ်မနေနဲ့'

'ကျွန်တော်တစ်ခုပြောပါရစေ၊ အဘ ကျွန်တော့်ကိုသတ်ချင်သတ် မသတ်ချင်နေ အဘသဘောပဲ၊ ဒါပေမယ့် အရှေ့ လောလောဆယ်အတွက် ကျွန်တော့် လက်နဲ့ ခြေတွေကိုတုပ်ထားတဲ့ကြိုးတွေကို ဖြတ်ပေးပါလား၊ နေ့ရ ထိုင်ရခက်လွန်းလို့ပါ'



'မင်းကို ကြိုးဖြေပေးလို့မဖြစ်ဘူး၊ မင်းဟာ အသက်ငယ်ပြီး အစားသန်တယ်၊ ငါက အစာမဝတာ စားထားရတဲ့လူဆိုတော့ မင်းနဲ့မယှဉ်နိုင်ဘူး'

'အဘက ကျွန်တော့်ကိုကယ်ထားတဲ့ကျေးဇူးရှင်ပဲ၊ အဘကို ဘာကြောင့်ပြန်တိုက်ရမှာလဲ'

အဘိုးအိုက ငေးငိုင်ကာ တွေဝေ၍စဉ်းစားနေသည်။

ခဏကြာမှ စကားဆိုသည်။

'မင်း ရေကောင်းကောင်းကူးတတ်တယ်နော်'

'ဟုတ်ကဲ့'

'ဟောဒီကျွန်းရဲ့ကမ်းခြေတစ်ဝိုက်က ရေအောက်မှာ ပုစွန်ထုပ်ကြီးတွေ သိပ်ပေါတယ်၊ အဲဒီ ပုစွန်ထုပ်တွေကို မင်း ရေငုပ်ပြီး ဖမ်းနိုင်မလား'

'ဟာ...ဖမ်းနိုင်တာပေါ့'

'မင်း ဖမ်းလို့ရတဲ့ ပုစွန်ထုပ်တွေထဲက ငါ့ကို အမြဲတမ်း ထက်ဝက် တစ်ဝက်ခွဲပေးနိုင်ပါ့မလား'

'ဒီကျွန်းပေါ်မှာ ကျွန်တော်ရယ်...အဘရယ် နှစ်ယောက်တည်းရှိတာပဲ၊ ရတာကိုခွဲဝေစားကြရမှာပေါ့'

'အေး...ဟုတ်ပြီ၊ နောက်တစ်ခု ရှိသေးတယ်၊ ဒီကျွန်းက အလျားတစ်မိုင်၊ အနံမိုင်တစ်ဝက်လောက်ပဲကျယ်တယ်၊ ဒီနေရာက ကျွန်းရဲ့အနောက်ဘက်ပိုင်းပဲ၊ မင်းဟာ ဟောဒီအနောက်ဘက်ပိုင်းမှာနေရမယ်....

www.burmeseclassic.com

www.burmeseclassic.com



'ငါ့အစေတော့ အရှေ့ဘက်ပိုင်းမှာနေမယ်၊ မင်းရှိတဲ့အနောက်ဘက်ပိုင်းကို ငါလာချင်လာမယ်၊ ဒါပေမယ့် ငါ့ရှိအရှေ့ဘက်ပိုင်းကိုတော့ မင်းခြေဦးတောင်မလှည့်ရဘူး၊ ဘယ့်နှယ်လဲ'

'ဘာကြောင့် ဒီလိုစည်းသတ်ထားရတာလဲ'

'ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့ကွ၊ မင်းသိစရာမလိုပါဘူး၊ ငါပြောတဲ့အတိုင်း လိုက်နာနိုင်မယ် မလိုက်နာနိုင်ဘူး ဆိုတာပဲ ပြော'

ကျွန်း၏ အရှေ့ဘက်ပိုင်းတွင် လျှို့ဝှက်ချက် တစ်စုံတရာရှိနေသည်ဟု ကိန်လေ့ တွေးမိသည်။

ယခု လောလောဆယ်တွင် မိမိ၏ အသက်ရှင်နိုင်ရေးမှာ အရေးအကြီးဆုံးမို့ အဘိုးအိုတောင်းဆိုချက်ကို ကိန်လေ့က သဘောတူ လိုက်လျောလိုက်သည်။

'ဟုတ်ကဲ့၊ အဘပြောတဲ့အတိုင်း သဘောတူပါတယ်'

အဘိုးအိုက ကြိုးများကို ဓားမြှောင်ဖြင့် ဖြတ်ပေးသည်။ ဓားမြှောင်မှာ ထက်မြက်လှသည့် ဓားကောင်းတစ်လက်ဖြစ်သောကြောင့် ကြိုးများ အလွယ်တကူ ပြတ်သွားသည်။

ကြိုးများပြတ်သွားသော်လည်း ကိန်လေ့မှာ သစ်ပင်ပေါ်မှ မထလေးပေ။

သုံးရက်လုံးလုံး ကြိုးတုပ်ခံထားရပြီး မလှုပ်မရှားပဲ ပက်လက်အနေအထားဖြင့် နေလာခဲ့ရသည်မို့ ကိန်လေ့၏ ခြေထောက်နှင့် လက်များမှာ ထုံကျဉ်နေသည်။ ချက်ချင်းလှုပ်ရှား၍မရပေ။



ပထမဦးဆုံး ကိန်လေ့က လက်ချောင်းများကို ဆုပ်လိုက်ဖြန့်လိုက်လုပ်ကြည့်သည်။

ဤသို့လုပ်ရင်းမှ အသက်ကိုပြင်းပြင်းရှူကာ အတွင်းအားကို စုစည်း၍ ကိုယ်ခန္ဓာအနှံ့ လည်ပတ်စေသည့် လေ့ကျင့်မှုကို လုပ်သည်။

မကြာမီမှာပင် ကိန်လေ့၏ကိုယ်ခန္ဓာအတွင်း သွေးလည်ပတ်မှု ပုံမှန်ပြန်ဖြစ်လာသည်။

ဤအခါတွင်မှ ကိန်လေ့က တဖြည်းဖြည်းချင်းထ၏။

အဘိုးအိုကလည်း ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ကိန်လေ့နှင့် ဆယ်ပေအကွာသို့ ဆုတ်ရပ်၍ စောင့်ကြည့်နေသည်။

ကိန်လေ့ အလစ်ဖမ်း၍ တိုက်ခိုက်ခြင်းမပြုနိုင်အောင် ကြိုတင် အကာအကွယ်ယူထားလိုက်သည့်သဘောဖြစ်သည်။

'ဒီကျွန်းက ဘာကျွန်းလို့ခေါ်သလဲ'

မတ်တတ်ထရပ်နိုင်သည့်အခါ ကိန်လေ့က မေးလိုက်၏။

'မိစ္ဆာကျွန်း'

'မိစ္ဆာကျွန်းဟုတ်လား၊ ဘာကြောင့် မိစ္ဆာကျွန်းလို့ခေါ်ရတာလဲ'

'ဒီကျွန်းပေါ်မှာ လူ မနေနိုင်ဘူး၊ မိစ္ဆာကောင်တွေ—အကောင်ဆိုးဝါးတွေပဲနေတယ်၊ ဒါကြောင့် မိစ္ဆာကျွန်းလို့ခေါ်တာပဲ'

'ဒါဖြင့် ဒီကျွန်းပေါ်ကို လူသူအရောက်အပေါက်မရှိဘူးပေါ့'

www.burmeseclassic.com



'ဖုတ်တယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ငါးနှစ်လောက်ကစတော့ ငါ့ဆေးလာတယ်၊ အခု ခင်းရောက်လာပြန်ပြီ၊ ဒီတော့ ဒီကျွန်းပေါ်မှာနေတဲ့ လူနှစ်ယောက်ရှိသွားပြီပေါ့'

'ငါးဖမ်း သင်္ဘောတွေ ဘာတွေကော ဒီကျွန်းနားကို အရောက်အပေါက်မရှိဘူးလား'

'ဒီကျွန်းရဲ့ အနီးအနားကတော့ ဖြတ်သွား ဖြတ်လာလုပ်ကြတယ်၊ ဒါပေမယ့် ကျွန်းနားကိုတော့ ဘယ်သင်္ဘောမှမကပ်ကြဘူး'

'ဘာဖြစ်လို့မကပ်ဝံ့တာလဲ'

'မိစ္ဆာကျွန်းပေါ့လို့ဆိုနေမှ ဘယ်သူလာဝံ့မှာလဲ'

'ဒီကျွန်းပေါ်မှာ မကောင်းဆိုးရွားရှိလို့လား'

'မရှိပါဘူး'

'ဒါဖြင့် ဘာကြောင့် မိစ္ဆာကျွန်းလို့ခေါ်ရတာလဲ'

'ဒီကျွန်းပေါ်မှာ ဆေးရေစရာရှားပါးတယ်၊ လူနေဖို့မသင့်ဘူး၊ ဒါကြောင့် နှစ်ပေါင်းများစွာကလဲ လူမဲ့ကျွန်းဖြစ်နေတယ်၊ နာမည်တောင်မှမရှိခဲ့ဘူး၊ လွန်ခဲ့တဲ့နှစ်ငါးဆယ်ကျော်ကျော်လောက်က ဒီကျွန်းဟာ ပင်လယ်ဓားပြတစ်စုရဲ့ အခြေစိုက်စခန်းတစ်ခုဖြစ်ခဲ့တယ်....

'အဲဒီပင်လယ်ဓားပြတွေဟာ မစုမစည်းကြဘဲ အချင်းချင်း ခတ်ကြဖြတ်ကြပြီး အကုန်သေကုန်ကြတယ်လို့ပြောကြတယ်၊ အဲဒီဓားပြတွေသေကုန်ပြီး မိစ္ဆာအဖြစ်နဲ့ ဒီကျွန်းမှာ သွားလာ ကျက်စားနေကြတယ်လို့လဲ ယုံတမ်းစကားရှိတယ်၊ ဒီလိုနဲ့ပဲ ဒီကျွန်းဟာ မိစ္ဆာကျွန်းရယ်လို့ နာမည်ကြီးတာပဲ၊



ဘယ်သူမှလဲ ဒီကျွန်းကိုမလာရဲကြဘူး၊ ဘယ်သူမှလဲ ဒီကျွန်းမှာ မနေရဲကြဘူး'

'ဆဘာကကော ဘယ်လိုလုပ်ပြီး ဒီကျွန်းပေါ်ရောက်လာတာလဲ'

အဘိုးအိုက မဖြေပေ၊

'အဘနာမည်ကိုပြောပါဦး'

အဘိုးအိုက နှုတ်ဆိတ်မြဲနှုတ်ဆိတ်နေသည်။

'အဘက်ကြည့်ရတာ သိုင်းသမားတစ်ယောက်နဲ့တူတယ်'

အဘိုးအိုထံမှ စကားပြန်မရ၊ ကိုနီလေးက ဆက်လက်၍ မေးခွန်းလေးငါးခု ထပ်မေးလိုက်ပြန်သည်၊

'ဟော့ကောင်.... ငါ့အကြောင်းကို ခင်း သိစရာမလိုဘူး၊ အမေးမှမေးမနေနဲ့'

နောက်ဆုံးတွင် အဘိုးအိုက ခပ်ပြတ်ပြတ်ပြောသည်။

'ကောင်းပါပြီဗျာ၊ မမေးနဲ့ဆိုရင်လဲ မမေးပါဘူး၊ အဘ ဒီကျွန်းပေါ်မှာ ငါးနှစ်ကျော်ကျော် သောင်တင်နေပြီး ဒီကျွန်းက ခွာသွားနိုင်ဖို့ နည်းလမ်းလဲမရှိဘဲဘာ့တဲ့နေခဲ့ရဲ့ ဘာကြောင့်များ လှိုလှိုဝှက်ဝှက်လုပ်ချင်နေရတာလဲ'

ကိုနီလေးက မပြုံးတပြုံးနှင့် ပြောသည်။

အဘိုးအိုမှာ မျက်နှာကွက်ခနဲပျက်ချက်ပျက်သွားသည်။

'ငါ့ဆီမှာ ဘာလျှို့ဝှက်ချက်မှမရှိဘူးကွ'

အဘိုးအိုက ဒေါသတကြီးအော်ပြောသည်။

'လျှို့ဝှက်ချက်မရှိဘူးဆိုရင် ဘာကြောင့် ကျွန်တော်မေးတာတွေကို မဖြေတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဖြေစရာမလိုဘူးထင်လို့ မဖြေတာပေါ့ကွ'

ကိန်လေ့လည်း အဘိုးအိုကို ထင်မိမေးမြန်းမနေတော့ဘဲ ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်လိုက်သည်။

စကြံ လေးငါးခေါက်မျှလျှောက်ပြီးသည်တွင် ပို၍ခနလို့ထိုင်လိုချောင်းလာသည်။

စိတ်ကြည်လာကာ လန်းလန်းဆန်းဆန်းဖြစ်လာသည်။

ကိန်လေ့က စကြံလျှောက်နေရာမှ ရပ်လိုက်သည်။

ထို့နောက် သိုင်းကွက်ခင်းကာ လက်နှစ်ဘက်ကိုဝှေ့ယမ်းလျက် လက်ဝါးသိုင်းကွက်များလေ့ကျင့်သည်။

သိုင်းကွက် လေ့ကျင့် ကစားသည့်အတွက် အတွင်းအားလည်ပတ်လာပြီး ပို၍လန်းဆန်းသည်။ အစားပြည့်လာသည်။

'လက်စသတ်တော့ မင်းက ရှောင်လင်ဂိုဏ်းသားကိုး'

ကိန်လေ့ လက်ဝါးသိုင်း လေ့ကျင့်ကစားသည်ကို အကဲခတ်ကြည့်ရှုရင်း အဘိုးအိုက မှတ်ချက်ချသည်။

'ဟာ...အဘထင်တာလွဲနေပြီ၊ကျွန်တော် ရှောင်လင်ဂိုဏ်းသားမဟုတ်ဘူးဗျ'

'ဘာ...မဟုတ်ပါဘူးလဲ၊ မင်းက ငါ့ကိုဘာမှနားမလည်တဲ့ကောင်မှတ်လို့လား၊ အခုနမင်းလေ့ကျင့်ကစားသွားတာ ရှောင်လင်ဂိုဏ်းရဲ့ လေလှိုင်းလက်ဝါးသိုင်းကွက်မဟုတ်လား၊ ငါကောင်းကောင်းသိပါတယ်ကွ'

'ရှောင်လင်ဂိုဏ်းရဲ့ 'လေလှိုင်းလက်ဝါး' သိုင်းကွက်ကို သိထားတာဆိုတော့ အဘဟာ သိုင်းလောကနဲ့ ပတ်သက်ပြီး



ဗဟုသုတရှိတဲ့ သိုင်း အကျော်အမော်တစ်ယောက် ဖြစ်ရမယ်၊ ဘယ်နှယ်လဲ ကျွန်တော်တွေးတာမှန်သလား'

'ရှောင်လင်ဂိုဏ်းရဲ့သိုင်းကွက်တွေက ဘာများထူးခြားလို့လဲ၊ လွန်ခဲ့တဲ့အချိန်ကာလတွေတုန်းကတော့ ရှောင်လင်ဂိုဏ်းဟာ သိုင်းလောကရဲ့ ဦးစီးဦးဆောင်နေရာမှာ ရှိခဲ့ပါတယ်၊ ဒါပေမယ့် နှစ်ငါးဆယ်လောက်အတွင်း အနယ်နယ်အရပ်ရပ်က ထူးချွန်တဲ့ သိုင်းပညာရှင်တွေ အများကြီး ထွန်းထွန်းပေါက်ပေါက်ပေါ်ခဲ့တာပဲ....

'ဒီတော့ ရှောင်လင်ဂိုဏ်းသိုင်းပညာဟာ သိပ်မထူးဆန်းတော့ပါဘူး၊ ပြီးတော့ မင်းရဲ့ လက်ဝါး ရိုက်ချက်တွေကလဲ သိပ်ပြီးရိုးစင်းလွန်းပါတယ်'

အဘိုးအိုက ကိန်လေ့ ပြောသည့်စကားကို မတုံ့ပြန်ဘဲ သူ့ဘာသာသူ ဆက်လက်၍ ထင်မြင်ချက်များပြောနေသည်။

'အခုဟာက အကြောအခြင် ပြေရုံအကဲသက် လေ့ကျင့်ကစားတာပါ၊ တကယ်တန်း တိုက်ခိုက်မယ်ဆိုရင်တော့ ဒီသိုင်းကွက်မျိုးကို ကျွန်တော်မသုံးပါဘူး'

'ဟင်....မင်းဆီမှာ ဒီထက်ပိုထက်မြက်တဲ့ သိုင်းကွက်တွေ ရှိသေးလို့လား'

ဤအဘိုးအို၏ သိုင်းပညာဗဟုသုတမှာ အတော်ပင်နက်နဲကျယ်ဝန်းကြောင်း ကိန်လေ့အကဲခတ်မိနေပြီဖြစ်သည်။

ဤအဘိုးအိုမှာ ထူးဆန်းသောသိုင်းသမားကြီးတစ်ဦးဦး ဖြစ်မည်ဟုလည်း အသေအချာတွက်ဆမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို၏အရည်အချင်းနှင့် အစွမ်းအစကို ဆက်လက်စူး စမ်းလိုသောကြောင့် ကိန်လေ့က တခြားသိုင်းကွက်တစ်မျိုး ကို လေ့ကျင့်ကစားပြလိုက်ပြန်သည်။

လက်ဝါးသိုင်းကွက်တစ်ခုပင်ဖြစ်သည်။ သို့သော် စောစော က ရှောင်လင်ဂိုဏ်း၏ လေလှိုင်းလက်ဝါး သိုင်းကွက်နှင့်မတူ တမူထူးဆန်းသည်။

လေလှိုင်းလက်ဝါးသိုင်းကွက်က ခက်ထန်မာကြောအား အားအင်ပြင်းထန်စွာရိုက်နှက်မှုကို အဓိကထားသည်။

သိုင်းကွက်များမှာ အကွက်ကျဲပြီး လေးလေးမှန်မှန်ဖြစ် သည်။

ယခု ကိန်လေ့ ထပ်မံလေ့ကျင့်ကစားပြသည့် လက်ဝါး သိုင်းကွက်အသစ်မှာမူ အလွန်အကွက်စိတ်သည်။ ပေါ့ပါး ဖြတ်လတ်စွာ လှုပ်ရှားတိုက်ခိုက်မှုကို အဓိကထားသည်။

ဦးတည်တိုက်ခိုက်သည့် လမ်းကြောင်းများမှာလည်း များ ပြားလှသည်။

လက်ဝါးနှစ်ဘက် လှုပ်ရှားရိုက်ခတ်နေသည်မှာ မြန်ဆန် လွန်းသောကြောင့် အရိပ်များပင်ထပ်နေသလိုဖြစ်လျက်ရှိ၏။

'ဟား...ဟား...ဟား... အဲဒါ အနောက်ပိုင်း ဒေသက ခုံတုံဂိုဏ်းရဲ့ ခလာပ္ပ လက်ဝါးသိုင်းကွက်ပေါ့ကွာ၊ အားလုံး ခြောက်ကွက်ရှိပြီး တစ်ကွက်စီမှာ အပြောင်းအလဲ သုံးဆယ့် ခြောက်မျိုးရှိတယ်'

အဘိုးအိုက ကိန်လေ့ လေ့ကျင့်ကစားပြသောသိုင်းကွက် အမည်ကို ဖက်ခနဲမှန်အောင်ပြောပြလိုက်သည်။



'ကောင်းပြီ၊ နောက်တစ်မျိုးထပ်ကြည့်ပါဦး'

ကိန်လေ့က ရယ်မောပြောဆိုပြီး နောက်ထပ်သိုင်းကွက် တစ်မျိုး လှုပ်ရှားကစားပြပြန်သည်။

သိုင်းလှုပ်ရှားဟန်က သိုင်းလောကတွင် လူသိများလှ သည့် အခြေခံသိုင်းပညာရပ်တစ်ခုဖြစ်သော မျောက်သိုင်းနှင့် အတော်ဆင်သည်။

'အဲဒီ မျောက်... ဟာ မဟုတ်သေးပါဘူးဟ... နေဦး နေဦး'

အဘိုးအိုက မျောက်သိုင်းဟု ထုတ်ပြောမည်ပြုပြီးမှ ကိန် လေ့၏ သိုင်းကွက်လှုပ်ရှားဟန်ဝယ် ထူးခြားဆန်းပြားသော အကွက်များ ရောယှက်ပါဝင်နေကြောင်း တွေ့မိသည့်အတွက် ချက်ချင်းစကားကို ရပ်လိုက်သည်။

ကိန်လေ့ သိုင်းကွက်လှုပ်ရှားကစားနေသည်ကို သေသေ ချာချာကြည့်သည်။ ကြည့်နေရင်း အဘိုးအို၏မျက်နှာကွက် ခနဲတစ်ချက်ပျက်သွားသည်။

ထိတ်လန့်အံ့သြသည့်အသွင်လည်း ပေါ်လာသည်။

'အဲဒါ မြောက်ပိုင်းဒေသက တာ့စိန်ဂိုဏ်းရဲ့ 'ရွှေလူဝံ' သိုင်း ဆယ့်ရှစ်ကွက်ပါလား။ မင်းက အတော့ကို သိုင်းပညာ စွမ်းတာပဲကွ'

အဘိုးအိုအံ့သြစွာ ပြောရင်း ကိန်လေ့ကိုလည်း ချီးမွမ်း စကားဆိုလိုက်သည်။

ခဏရပ်နားပြီးမှ ကိန်လေ့က အကိုင်းအခက်များဝေဆာသော တည်သဖွယ်ဖြစ်နေသည့် သစ်ကိုင်းခြောက်တစ်ခုကိုကောက်ယူ

www.burmeseclassic.com

www.burmeseclassic.com



ကာ ဓားရှည်သဘောမျိုး အသုံးပြုကိုင်ဆောင်ထား ဓားသိုင်း ကစားပြပြန်သည်။

ဓားသဖွယ် အသုံးပြုထားသော သစ်ကိုင်း၏လှုပ်ရှားမှုမှာ နဂါးဘစ်ကောင်က နေသည်နှယ် နိမ့်လိုက်မြင့်လိုက် ခွေလိုက် ဝိုက်လိုက်ဖြစ်နေသည်။

ဓားကွက်များမှာ အလွန်ပင်ဆန်းပြားသည်။

သွက်လက်မှုရှိသလို ပြင်းထန်မှုကလည်း ပါရှိနေသည်။

'ဒီဟာ အူဇန်ဂိုဏ်းရဲ့ 'နဂါးပျံဓားသိုင်း' ပါလား၊ ဒီဓားသိုင်းက ပျံနေတဲ့နဂါးကိုတောင် ခုတ်ချနိုင်တယ်လို့အမွန်းတင်ပြောနေကြရတယ်၊ မင်း ဘယ်လိုလုပ်ပြီးတတ်ထားတာလဲ'

ကိန်လေ့က ရှောင်လင်၊ ခုံတုံး၊ တာ့စိန်နှင့် အူဇန်ဟူသော ထိပ်သီးဂိုဏ်းများ၏ အစွမ်းထက်မြက်သော သိုင်းပညာရပ် လေးမျိုးကို ပိုင်ပိုင်နိုင်နိုင် လေ့ကျင့် ကစားပြသွားသည့် အတွက် အဘိုးအိုမှာ အလွန်ပင်အံ့ဩနေ၏။

'ကဲ...ကျွန်တော်လဲ နေသာထိုင်သာရှိသွားပါပြီ၊ အားလဲ အတော်ပြည့်လာပါပြီ၊ ပုစွန်ဆားဖမ်းကြစို့'

ကိန်လေ့က ဓားရှည်သဖွယ် အသုံးပြုနေသည့် သစ်ကိုင်း ခြောက်ကို မြေကြီးပေါ် ပစ်ချပြီးပြောလိုက်သည်။

'နေပါဦးကွ—နေပါဦး၊ အခု မင်းအသက် ဘယ်လောက် ရှိပြီလဲ'

အဘိုးအိုက ထမန်းကတန်းမေးလိုက်သည်။

'နှစ်ဆယ့်လေးနှစ်ပါ'

'အသက်ဘယ်လောက်ကစပြီး သိုင်းပညာသင်တာလဲ'



'ဆယ့်နှစ်နှစ်အရွယ်က သင်ခဲ့တာပဲ'

'ဆယ့်နှစ်နှစ်အချိန်အတွင်းမှာ မင်းက ဂိုဏ်းလေးဂိုဏ်းရဲ့ သိုင်းပညာလေးမျိုးကို ပိုင်နိုင်အောင် လေ့ကျင့်နိုင်ခဲ့တယ်ဆို တော့ တော်ကယ်လို့ဆိုရမှာပဲ'

'အခုန ပြခဲ့တဲ့ သိုင်းပညာတွေအပြင် စုချမ်းပြည်နယ်က ယိကျုမ်းသိုင်းမျိုးဆက်တွေရဲ့ အဝေးပစ်လက်နက်ကိုလဲ တတ် သေးတယ်ဗျ'

'ဟာ...မဖြစ်နိုင်တာကွာ၊ ဆယ့်နှစ်နှစ်လောက်လေ့ကျင့် ရုံနဲ့ ဂိုဏ်းငါးဂိုဏ်းရဲ့သိုင်းပညာတွေကို မတတ်နိုင်ပါဘူး'

'အဘ ကိုယ်တွေ့မျက်မြင်ပဲမဟုတ်လား၊ မယုံချင်ရင်လဲ နေ ပါလေ'

'အေးကွ၊ ငါမျက်မြင်ပဲ၊ ယုံကြည်စရာမရှိပေမယ့် ယုံရမှာ ပဲ၊ မင်းက ဘယ်လိုလုပ်ပြီး ဒီလောက်များတဲ့သိုင်းပညာတွေ ကို လေ့ကျင့်နိုင်တာလဲ'

'ကျွန်တော်က ဖြတ်ထိုးဉာဏ်ကောင်းပြီး ဇွဲနဲ့ ဝီရိယရှိလို့ ဆိုရမှာပေါ့'

'မင်းက ဘယ်ပုံဘယ်နည်းနဲ့ ဒီသိုင်းပညာငါးမျိုးကို သင် ယူခဲ့တာလဲ'

'ကျွန်တော်က ဂိုဏ်းတစ်ခုထဲမှာ နှစ်နှစ်လောက်နေပြီး သင်ယူခဲ့တာပဲ'

'ဟေ...တစ်ဂိုဏ်းတည်းမှာ နှစ်နှစ်ပဲနေတယ် ဟုတ်လား၊ ဒီလိုဂိုဏ်းသားမျိုးကို သူတို့က လက်ခံကြလို့လား'

အဘိုးအိုက တအံ့တဩမေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အတိအလင်းပြောရရင်တော့ ဘယ်လက်ခံမှာလဲဗျ၊ ဒီလိုပဲ အကြံအဖန်လုပ်ပြီးသင်ရတာပေါ့'

'ဘာလဲ...မင်းက လှည့်စားပြီး ခိုးသင်ခဲ့တာပေါ့'

ကိန်လွှေ့က အားမျှပြန်မပြော၊ ပြုံးစိစိသာလုပ်နေသည်။

'မင်း ခေတ်တော်ဆိုးတဲ့ ကောင်လေးပဲ၊ သိုင်းလောကရဲ့ ထုံးတမ်းစဉ်လာ စည်းကမ်းကိုတောင် ချိုးဖောက်ရဲတယ်၊ မင်း အကြောင်းကို သိမသွားဘူးလား၊ မင်းကို ဝိုင်းအရေးမယူကြဘူးလား'

'အေး...ဘယ်နေ့လိမ့်မလဲ၊ ကျွန်တော့်အကြောင်းကို သိသွားကြပြီး ဂိုဏ်းငါးဂိုဏ်းလုံးက ကျွန်တော့်ကို လိုက်ရှာနေကြတယ်၊ ဖမ်းမိရင်တော့ ကျွန်တော်တတ်ထားတဲ့ သူတို့ဂိုဏ်းရဲ့ သိုင်းပညာတွေကို မသုံးနိုင်အောင် ဖျက်ဆီးပစ်ကြမှာဗျ'

'ကြော်...ကြော်...ဒါကြောင့် မင်းကို သစ်ဖောင်မှာချည်ပြီး ပင်လယ်ထဲကိုမျှောလိုက်ကြတာကိုး'

'ကျွန်တော့်ကို အခုလိုလုပ်တာက သူတို့ မဟုတ်ပါဘူး၊ သူတို့ကသာ ကျွန်တော့်ကို အမိဖမ်းနိုင်ကြရင် ကျွန်တော့်မှာ သိုင်းပညာအစွမ်းအစ ဘယ်ရှိတော့မှာလဲ'

'ဒါဆိုရင် မင်းကို သစ်ဖောင်နဲ့ မျှောလိုက်တာ ဘယ်သူတွေလဲ'

'ဒီအကြောင်းပြောရရင် ရှည်ပါတယ်ဗျာ၊ အခုလာလေဆယ် ကျွန်တော်လဲ ဗိုက်တော်တော်ဆာနေတယ်၊ ဒီ



တော့ ပုစွန်အရှင်ဖမ်းလိုက်ဦးမယ်၊ ပုစွန်ကင်စားရင်းနဲ့ ပြောကြတာပေါ့'

'ကောင်းပြီ၊ အဲဟိုသောင်ပြင်ကနေဆင်းသွားရင် ပုစွန်ထုပ် ...ရှိတဲ့ ကမ်းခြေကိုရောက်တယ်၊ မင်း အရင်သွားနှင့်'

အဘိုးအိုက ကျွန်းကမ်းစပ်တစ်နေရာကို လက်ညှိုးထိုးပြီး ပြောသည်။

'အဘကော မလိုက်ဘူးလား'

'မင်း ရှေ့ကသွားနှင့်ပါ၊ ငါနောက်ကနေ လိုက်လာခဲ့ပါ့မယ်'

မိမိအား အလစ်ဖမ်းကာ တိုက်ခိုက်မည် စိုးရိမ်သောကြောင့် ရှေ့မှ သွားခိုင်းခြင်းဖြစ်ကြောင်း ကိန်လွှေ့ ရိပ်မိသည်။

ကိန်လွှေ့သည် တစ်ချက်ပြုံးကာ ရှေ့မှ လျှောက်လှမ်းသွားသည်။

ကမ်းစပ်သို့ရောက်သောအခါ ကိန်လွှေ့က ရေထဲသို့ဆင်းသွားသည်၊ အဘိုးအိုမှုစမူ ကမ်းစပ်တွင်သာ ရပ်လျက် ကျန်ခဲ့သည်။

ရေနက်ပိုင်းသို့ရောက်သည်နှင့် ကိန်လွှေ့က ရေအောက်သို့ ငုပ်လိုက်သည်။

အဘိုးအို ပြောသည့်စကားမှန်သည်။

ထိုနေရာတစ်ဝိုက်တွင် ပုစွန်ထုပ်များ ပေါများလှသည်။ ...အောက်ကြမ်းပြင်ရှိ ကျောက်ဆောင်များကြားတွင် ပုစွန်

www.burmeseclassic.com



ထုပ်များကို အမျိုးအပြားမြင်တွေ့ရသည်။ တွေ့ရတွေ့ထူးထူ
လိုက်ရှာနေစရာမလိုပေ။

ကိန်လွှ့က ပုစွန်ထုပ်ကြီးလေးကောင်ကို အလွယ်တကူ
ပင် ကောက်ယူလာခဲ့သည်။

ပုစွန်ထုပ်ကြီးလေးကောင်ကိုင်လျက် ဆမ်းပေါ်ပြန်တက်
လာသော ကိန်လွှ့ကိုတွေ့ရသောအခါ အဘိုးအိုမှာ အထူး
ပင် ပျော်ရွှင်သွားသည်။

ပုစွန်ထုပ်များကို မီးဖုတ်ကာ တစ်ယောက် နှစ်ကောင်စီ
ဝေမျှစားသောက်ကြသည်။

နှစ်ယောက်သား ဆာဆာနှင့် အားပါးတရ စားသုံးလိုက်
ကြရာ ပုစွန်ထုပ်ကင်များမှာ ခဏအတွင်းတက်တက်ပြောင်
သွားသည်။

အဘိုးအိုမှာ အလွန်တောင့်တနေခဲ့သောအစာဟာရကို စား
သောက်လိုက်ရပြီမို့ အတော်ပင်ကျေနပ်သွားသည်။

ကိန်လွှ့အပေါ် ရန်လိုသည့် စိတ်ထားများလည်း မရှိ
တော့ပါပေ။

'ကိုင်း...ချာတိတ်၊ မင်းပြောမယ့်ဇာတ်ကြောင်းကို စပြော
ပေတော့'

ပုစွန်ထုပ်များကို အားရပါးရ စားပြီးသောအခါ အဘိုး
အိုက မေးလိုက်သည်။

'ဘာဇာတ်ကြောင်းလဲဗျ'

'မင်းကို သစ်ခေါင်မှာကြိုးနဲ့ချည်ပြီး ပင်လယ်ထဲ မျော
လိုက်တဲ့ဇာတ်ကြောင်းလေကွာ'



'အင်း... ဘယ်ကစပြီးပြောရမှန်းတောင်မသိပါဘူးဗျာ—
ခြောက်- ဟုတ်ပြီ-ဟုတ်ပြီ၊ နဂါးတစ်ကောင်၊ ကျားညိုနောင်၊
ကျားသစ်သုံးမျိုး၊ လူတွင်ကျယ်လေးဖော်၊ ဟံသာမယ် ငါး
ယောက်၊ သိုင်းလုလင်ခြောက်ဦး၊ နတ်သူဇာခုနစ်ပါး ဆိုတာ
ကို အဘကြားဖူးသလား'

'ဟာ...ကြားဖူးပါဘူး၊ ငါက ဒီကျွန်းပေါ်မှာ ငါးနှစ်
လောက် သောင်တင်နေတာဆိုတော့ သိုင်းလောကနဲ့အဆက်
ပြတ်သလိုဖြစ်နေပါပြီ'

'ဟုတ်ပါလိမ့်မယ်၊ အဲဒီ လူနှစ်ဆယ့်ရှစ်ယောက် သိုင်း
လောကမှာ ရေပန်းစားပြီး ကျော်ကြားလာတာ သုံးလေး
နှစ်လောက်ပဲရှိဦးမယ်၊ ဒီတော့ အဘလဲ ဘယ်ကြားဖူးမှာလဲ၊
အဲဒီ လူနှစ်ဆယ့်ရှစ်ယောက်လုံးဟာ အသက်ငယ်တဲ့ လူငယ်
ပိုင်းတွေချည်းဖြစ်ပါတယ်...

'နဂါးတစ်ကောင်၊ ကျားညိုနောင်၊ ကျားသစ်သုံးမျိုး၊ လူ
တွင်ကျယ်လေးဖော်နဲ့ သိုင်းလုလင်ခြောက်ဦးတို့ဟာ အမျိုး
သားတွေဖြစ်ကြပြီး...

'ဟံသာမယ် ငါးယောက်နဲ့ နတ်သူဇာ ခုနစ်ယောက်တို့က
တော့ အမျိုးသမီးတွေပါ...

သူတို့တတွေဟာ ထူးခြားထက်မြက်တဲ့သိုင်းပညာတစ်မျိုး
စီ တတ်ကျွမ်းတာကြောင့် ငယ်ရွယ်ကြပြီး ပေါ်ပေါက်လာ
တာ မကြာသေးပေမယ့် မျက်မှောက် သိုင်းလောကမှာတော့
အတော်ကို နာမည်ကြီး ထင်ရှားနေကြပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲသည်နှစ်ဆယ့်ရှစ်ယောက်က သိုင်းသမားကောင်းတွေလား၊ သိုင်းသမားဆိုးတွေလား၊'

'အစးထဲ သိုင်းပညာကောင်းတွေချည်းပါပဲ'

'အဲသည် နှစ်ဆယ့်ရှစ်ယောက်က တစ်ဂိုဏ်းတည်းသားတွေလား'

'မဟုတ်ပါဘူး၊ ထင်ပေါ်ကျော်ကြားသူနဲ့ အမူအကျင့် စရိုက်ချင်း ကွာကြပေမယ့် သူတို့ဟာ သီးသန့်လှုပ်ရှားနေကြတဲ့ လူတွေပါ၊ သူတို့အားလုံးဟာ စိတ်ထားမြင့်မြတ်ကြတယ်၊ မကောင်းသူမယ်ပြီး ကောင်းသူတယ်တယ်၊ အများကောင်းကျိုးကိုဆောင်ရွက်တယ်'

'ဘယ်ဟုတ်တဲ့လူတွေပါလား၊ အဲဒီနှစ်ဆယ့်ရှစ်ယောက်ထဲမှာ နဂါးဆိုတဲ့လူက သိုင်းပညာ အကောင်းဆုံးဖြစ်မှာပဲလို့ ငါထင်တယ်'

'အဲဒါ ထင်သလိုတော့ မဟုတ်သေးဘူး၊ သူတို့အထဲမှာ ဘယ်သူက သိုင်းပညာအကောင်းဆုံးဆိုတာကတော့ ပြောဖို့ ခက်ခက်ပဲ'

'အဲဒီလူနှစ်ဆယ့်ရှစ်ယောက်နဲ့ မင်း ဖောင်နဲ့အမျှခံရတဲ့ ဇာတ်ကြောင်းက ဘယ်လိုများပတ်သက်နေလို့လဲကွ'

'ဟုတ်ကဲ့၊ ကျွန်တော်ပြောတာကို သေသေချာချာ နားထောင်ပါ၊ ဘယ်လိုပတ်သက်သလဲဆိုတာ သိရပါလိမ့်မယ်၊ နဂါးတစ်ကောင်ဆိုသူရဲ့ နာမည် အပြည့်အစုံက နဂါးလေးစမ်းကွမ်းယဲတဲ့၊ ကျွားညီနေစင်ကျတော့ ကျွားဖြူရှန်အိုင်နဲ့ ကျွားနတ်ရှန်ကျင့်၊ ကျွားသစ်သုံးမျိုးကတော့ စိန့်ကျွားသစ်



ချူးကျင့်၊ ရွှေကျားသစ် ဝမ်ဟန်၊ ငွေကျားဆစ် ဝေချိတ့်ဖြစ်ပါတယ်...

'လူတွင်ကျယ်လေးဖော်ဆိုတာကတော့ မြွားနတ်ရှင် ချန်ချူ၊ ရွှေလှံရှင်ဖာန်လူ၊ ကြယ်ပျံ့ဟူယုံ၊ ယက္ခတုတ်ရှိမိန့်လို့ခေါ်ကြပါတယ်'

'ဟင်္သာမယ် ငါးယောက်ကတော့ ဟင်္သာစိမ်းလျှံစမ်း၊ ဟင်္သာဝါကွမ်ချူး၊ ဟင်္သာဖြူပိုင်ရန့်နဲ့ ဟင်္သာနက်မင်းကျူးဆိုဖြစ်ကြပါတယ်'

'တော်ပြီကွာ...တော်ပြီ၊ မင်းက နာမည်တွေ တသီကြီး လျှောက်ရွတ်ပြနေတာ ငါနားရှုပ်လာပြီ၊ မှတ်လဲမှတ်မထားနိုင်တော့ဘူး၊ နာမည်တွေ ဘေးဖယ်ထားပြီး မင်းရဲ့ဇာတ်ကြောင်းကိုသာ ပြောပြစမ်းပါ'

အဘိုးအိုက စိတ်မရှည်သလိုဖြင့်ပြောသည်။

ကိန်လျှော့က တစ်ချက်ပြုံးလိုက်သည်။

'အဲဒီ လူငယ်သိုင်းသမားနှစ်ဆယ့်ရှစ်ယောက်ဟာ မတရားမှုတွေကို ဆန့်ကျင့် တိုက်ဖျက်ရင်း နာမည်ကြီး သိုင်းအခေါ်တွေကို တစ်ယောက်ပြီး တစ်ယောက် ဖြိုခွင်းနှိမ်နင်းနိုင်ခဲ့ကြပါတယ်...

'ဒါကြောင့် သူတို့ သိုင်းလောကထဲရောက်လာတာ သုံးလေးနှစ်လောက်ရှိသေးပေမယ့် အမည်သတင်းကတော့ ဟိုးဟိုးကျော်ကြပါတယ်...

'တစ်နေ့ကျတော့ အဲဒီ နဂါးလေးစမ်းကွမ်းက ကျွန်တော့် လူငယ်သိုင်းသမားနှစ်ဆယ့်ရှစ်ယောက်ဆီကို မိတ်ဆွေပတ်

www.burmeseclassic.com

www.burmeseclassic.com



ကြားစာတစ်စောင်စီ ပို့ပေးခဲ့တယ်၊ အဲသည် မိတ်ဆက် စိတ်ကြားစာမှာ လူငယ်သိုင်းသမားတွေရဲ့ အမျိုးအကျိုးဆောင်ရွက်မှုကိုလေးစားပါကြောင်း…

'တစ်ဦးနဲ့ တစ်ဦး၊ တွေ့ဆုံ မိတ်ဆက်နိုင်ကြဖို့ ရှစ်လပိုင်း ထုတ်ပြည့်နေ့မှာ ချမ်းကျွန်း ချမ်းမြို့က ဟိုင်လိုစားသောက်ဆိုင်ကို လာရောက်ကြဖို့အကြောင်း ရေးသားထားတယ်'

'ချမ်းကျွန်းဆိုတာ သိပ်ချောင်ကျတဲ့နေရာပဲ၊ ဘာမှလဲစည်စည်ကားကားမရှိဘူး၊ ဘာကြောင့် အဲသည်လို နေရာမျိုးမှာ ဆုံဆည်းကြဖို့ ဖိတ်ရတာလဲ'

'နဂါးဆေးစမ်းကွမ်းယဲ့ဟာ ချမ်းကျွန်း ဇာတိဖြစ်တဲ့ မိတ်ဆုံပွဲကို သူ့ဇာတိ ရပ်ရွာမှာလုပ်ချင်လို့ မိတ်ဆက် ဖိတ်ကြားစာထဲမှာ ရေးသားထားပါတယ်'

'ဒါနဲ့ သည်နေ့က ဘာနေ့လဲကွ'

'ရှစ်လပိုင်း ဆယ့်ခုနစ်ရက်နေ့ပါ'

'ဒါဆို ချိန်းထားတဲ့ရက် ကျော်နေပြီပေါ့'

'ဟုတ်ပါတယ်'

'မင်းက အဖိတ်ခံရတဲ့ထဲမှာပါလို့လား'

'ဟုတ်ကဲ့၊ ကျွန်တော်က သိုင်းလူထဲ ခြောက်ဦးထဲက တစ်ယောက်ပါ၊ ကျွန်တော့်ကို ချစ်လူလင် ကိန်လွေ့ လို့ခေါ်ကြပါတယ်'

'ကြော်…အခုမှ မင်းအကြောင်းက ရောက်လာတာကိုး၊ ကောင်းပြီ ဆက်ပြော'



'ကျွန်တော်လဲ ဖိတ်စာရပြီး ချမ်းကျွန်းဘက်ကို ခရီးထွက်လာခဲ့တာ ရှစ်လပိုင်း ဆယ့်လေးရက်နေ့ကျတော့ တိုင်ခန် ဆိပ်ကမ်းကိုရောက်ပါတယ်…

'အဲသည်ဆိပ်ကမ်းကနေ လှေနဲ့သွားရင် ချမ်းကျွန်းကို တစ်နေ့ခရီးပဲရှိပါတယ်၊ ကျွန်တော်ဟာ ငါးဖမ်းလှေတစ်စီးနဲ့ ချမ်းကျွန်းဘက်သို့ ထွက်လာခဲ့တယ်…

'လှေပိုင်ရှင်က တံငါသည်အဘိုးအိုတစ်ယောက်ပဲ၊ သူ့မှာ အသက်ဆယ့်ရှစ်နှစ်လောက်ရှိတဲ့ သမီးမျိုးလေးတစ်ယောက်လဲရှိတယ်၊ အဲသည် မိန်းကလေးလဲ လှေပေါ်မှာပါလာတယ်၊ မိန်းကလေးက သိပ်ချောသိပ်လှတာပဲဗျာ၊ ဒါကြောင့် အဲဒီမိန်းကလေးက စားသောက်ဖွယ်ရာတွေတွေ ထည့်ခင်းကျွေးမွေးတဲ့အခါမှာ ကျွန်တော်ဟာ သတိမမူဘဲ စားသောက်မိတာပေါ့'

'ဟား…ဟား…ဟား… မင်းတို့လို ကောင်လေးတွေက အဲဒါတွေခက်တာပေါ့၊ ဒါဆိုရင် ဘယ်တော့မှ သည်လိုအငိုက်မခံဘူးကွ'

'အဘနောင်းမလည်တာ ထစ်ခုနှင့်နေပါသေးတယ်'

'ဘာများလဲကွ'

'အလှအပကိုမြတ်နိုးတတ်မှုပါ၊ အဲဒါကို အချစ်လို့ ခေါ်နိုင်ပါတယ်'

'အံမာလေး…လာလာချည်သေးရဲ့၊ ယောကျ်ားနဲ့ မိန်းမတွေကြ ကြိုက်ကြပြီးတော့ ညားသွားကြတာကိုများအဆန်းလုပ်လို့'

www.burmeseclassic.com

www.burmeseclassic.com



'အသာမှုးသွားပြီး ကျွန်တော်သေသေချာချာပြောခဲ့တ ထို နားမလည်လို့ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်ပြောခဲ့တဲ့အ ဆိုတာက အလှအပကိုမြတ်နိုးမှုပါ၊ အဲသည်လိုအချစ်မျိုး မရှိဘူးဆိုရင် နေ့ခင်းမှာ နေမင်းကွယ်ပြီး၊ ညဘက်မှာ လ ပျောက်နေတဲ့အဖြစ်မျိုး ကြုံကြရလိမ့်မယ်၊ ဟောသည်လော ကြီးဟာလဲ ပျင်းစရာအတိဖြစ်သွားလိမ့်မယ်'

'ဟော့ကောင်...ဘာကြောင့် ဒါတွေ လျှောက်ပြောနေ တာလဲ၊ ဒီအကြောင်းမထွက မင်းပြောမယ့် ဇာတ်ကြောင်း ဘာဆိုင်လို့လဲ'

'ဆိုင်ပါတယ်၊ ကျွန်တော်က အလှအပကို မြတ်နိုးချစ် တဲ့ လူဆိုတော့ လှပချောမောတဲ့ မိန်းကလေးတစ်ယော ကျွေးတဲ့ အစားအစာတွေထဲမှာ အဆိပ်ခတ်ထားတယ်ဆို တောင် စားမှာပဲဗျ'

'ဗြောင်-ဗြောင်...ဒါကြောင့် မင်းကို ချစ်လုလင်ကိန် လို့ ခေါ်တာကိုး'

'ဟုတ်မှ ပါတယ်'

'အဲဒီကောင်မလေးက အစားအသောက်တွေထဲ အဆိ ခပ်ပြီး မင်းကိုကျွေးလိုက်တာမေ့ ဟုတ်စ'

'အဆိပ်တော့မဟုတ်ပါဘူး၊ မေ့ဆေးခပ်ထာပါ၊ သူကျွေ တဲ့ အစားအသောက်တွေ စားသောက်ပြီးတာနဲ့ ကျွန်တေ ာမှန်းမသိတော့ဘဲ သတိလစ်သွားတာပါပဲ'

'အင်း...အင်း...ဖြစ်ရမယ်၊ ဒီလိုပဲဖြစ်ရမှာပေါ့'



'ကျွန်တော် သတိပြန်ရလာတဲ့အခါကျတော့ သစ်ပေါင် ပေါ်ရောက်နေပါပြီ၊ လက်တွေခြေတွေကို ကြိုးနဲ့ မလှုပ်နိုင်အောင် အတုပ်ခံထားရတယ်၊ ပင်လယ်ထဲမှာ သုံးရက်မျှောပါခဲ့ပြီး ဟောဒီမိစ္ဆာကျွန်းကို ရောက်လာခဲ့တာပါပဲ'

'သူတို့က ဘာကြောင့် ဒီလိုလုပ်လိုက်ကြရတာလဲ'

'အဲဒါကိုတော့ ကျွန်တော်လဲမသိဘူး၊ သည်လိုလုပ်ထာဟာ နဂါးလေးစမ်းကွမ်းရဲ့ မိတ်ဆုံပွဲကို မသွားနိုင်အောင် ဟန့်တားလိုက်တဲ့သဘော ဖြစ်မယ်လို့ထင်တာပဲ'

'သူတို့က ဘာကြောင့် သည်လိုဟန့်တားရမှာလဲ'

'အဲဒါတော့ ကျွန်တော်လဲမစဉ်းစားတတ်တော့ဘူး၊ ဒါနဲ့ ဟောသည်ကျွန်းက ချိမင်းကျွန်းနဲ့ ဘယ်လောက်ဝေးသလဲ'

'မိုင်တစ်ထောင်လောက်ဝေးတယ်'

'ဒါဆို သည်ကျွန်းက ချိမင်းကျွန်းထက်ပိုပြီး ပြည်မကုန်းမြေနဲ့ ဝေးတာပေါ့နော်'

'ဟုတ်တယ်'

'သည်ကနေ ဖောင်နဲ့ မျှောသွားရင် ချိမင်းကျွန်းကို ရောက်နိုင်မလား'

'မရောက်နိုင်ဘူး'

'ဘာကြောင့်လဲဗျ'

'သည်ကျွန်းကနေဖြတ်စီးနေတဲ့ ရေစီးကြောင်းက ချိမင်းကျွန်းဘက်ကို မသွားဘူး၊ ပြီးတော့ သည်နေရာတစ်ဝိုက်ဟာ လှိုင်းအတော်ထန်တယ်၊ ဖောင်ကိုထိန်းပြီးသွားဖို့ မလွယ်ဘူး

www.burmeseclassic.com



ပင်လယ်ကူးလှေကြီးဖြစ်ဖြစ် သင်္ဘောလေးဖြစ်ဖြစ် တစ်ခုခုရှိမှ သွားလို့ရနိုင်မယ်'

'အဘက လက်တွေ့စမ်းကြည့်ပြီးပြီမို့လား'

'ဟော... လက်တွေ့ စမ်းစရာမလိုဘူး၊ ငါ သိပါတယ်ကွ၊ သင်္ဘောဖြစ်ဖြစ်၊ ပင်လယ်ကူးလှေကြီးဖြစ်ဖြစ် တစ်ခုခုမရှိရင် ဒီကျွန်းကနေ ထွက်သွားဖို့လွယ်ဘူး'

'ကိုင်း...ကျွန်တော့် အကြောင်းကိုတော့ ပြောပြီးပြီ၊ ဒီတစ်ခါ အဘအလှည့်ပဲ'

'ငါ့အကြောင်း ဘာမှ ပြောပြစရာမရှိဘူး၊ ကိုင်း...ငါ ကျွန်းအရှေ့ဘက်ပိုင်းကို ပြန်သွားပြီး အနားယူတော့မယ်၊ ငါ့ စကားကို မင်းမြဲမြဲမှတ်ထားနော်၊ ငါရှိနေတဲ့ ကျွန်းအရှေ့ဘက်ပိုင်းကို ခြေဦးတောင်မလှည့်ရဘူး'

ဤသို့ပြောပြီးသည်နှင့် အဘိုးအိုသည် ထိုင်ရာမှ ထကာ လျင်မြန်စွာထွက်သွားသည်။

အဘိုးအိုလျှောက်သွားလာပုံမှာ လျင်မြန်လှသည့်အပြင် အလွန်ထူးဆန်းသည်။

ခြေထောက်ရော လက်ပါ အသုံးပြုကာ ထောက်၍သွားသောကြောင့် လူတစ်ယောက် လျှောက်လှမ်းသွားသည်နှင့်မတူ၊ ပင့်ကူတစ်ကောင်ပြေးလွှားနေသည့်ပုံမျိုးဖြစ်နေသည်။ အဘိုးအိုမှာ ခဏအတွင်းမှာပင် ကျောက်ဆောင်များ၏ နောက်ကွယ်တွင် ပျောက်ကွယ်သွားတော့သည်။

ကိန်ဒလ်မှာ ပဟေဠိဆန်သော အဘိုးအို အကြောင်းကို တွေးတောရင်း ကျန်နေခဲ့သည်။



ဤအဘိုးအိုမှာ ဘယ်လိုလူစားနည်း။

မည်သည့်အတွက်ကြောင့် ဤကျွန်းပေါ်သို့ ရောက်နေရသနည်း။

ထို့ပြင် အဘယ်ကြောင့် ကျွန်း၏အရှေ့ဘက်ပိုင်းသို့ မသွားရောက်ရန် ဟန့်တားထားရသနည်း။

လူသိမခံလိုသည့် အကြောင်းကိစ္စတစ်ခုခု ကျွန်း၏အရှေ့ဘက်ပိုင်းတွင် ရှိနေသောကြောင့်လော။

အကယ်၍ မိမိအနေဖြင့် ကျွန်းအရှေ့ဘက်ပိုင်းသို့ သွားရောက်ကြည့်ရှုကာ စုံစမ်းလျှင် ဤကိစ္စများအတွက် အဖြေအစုံအရာ ရရှိနိုင်ကြောင်း ကိန်ဒလ် စဉ်းစားမိသည်။

သို့သော် လောလောဆယ်အခြေအနေတွင် ဤထူးဆန်းသော အဘိုးအို အကြောင်း စုံစမ်းကြည့်ရန် ကိန်ဒလ် စိတ်မကူးသေးပေ။

ဤကျွန်းမှ ထွက်ခွာသွားနိုင်ရန်မှာ အရေးအကြီးဆုံးဖြစ်ကြောင်း ကိန်ဒလ် နားလည်သည်။

ထို့ကြောင့် ဤကျွန်းမှထွက်သွားနိုင်မည့် နည်းလမ်းများကိုသာ အလေးပေး၍ ကြံစည်စဉ်းစားနေမိသည်။

ကမ်းနားတွင်ရှိနေသော သစ်ဖောင်ကို မြင်မိသည်တွင် ဤသစ်ဖောင်ကိုပြုပြင်ကာ ပင်လယ်ပြင်ကို စွန့်စား ကျော်ဖြတ်ရန် ကိန်ဒလ် စိတ်ကူးရမိသည်။

သို့သော် ဤသစ်ဖောင်ဖြင့် ပင်လယ်ပြင်ထဲ၌ သုံးရက်တိုင်တိုင် မျောပါခဲ့ရသည့်အဖြစ်ကို ပြန်လည် သတိရမိသော

www.burmeseclassic.com



အခါတွင် မောင်ဖြစ့် ပင်ဆယ်ပြင်ကိုဖြတ်ကျော်သွားရန် စိတ်ကူးကို ခေတ္တပယ်ဖျက်ထားလိုက်ရသည်။

ကိန်လေ့သည် ကျွန်းဆမ်းစပ်သောင်ပြင်ရှိရာသို့ လျှောက်လာခဲ့သည်။

ထိုသောင်ပြင်တွင် လမ်းလျှောက်ရင်း ဆက်လက် အကြံထုတ်ကာ စဉ်းစားနေသည်။

တသုန်သုန်တိုက်ခတ်နေသော ပင်လယ်လေအေးကို တဝကြီး ရှူရှိုက်နေရသောကြောင့် ကိန်လေ့၏ စိတ်အစဉ်မှာ အလွန်ပင်လန်းဆန်းကြည်လင်နေသည်။

ထိုသို့လျှောက်လှမ်းနေရင်းက အမှတ်မထင် ပင်လယ်အက်သို့ ကြည့်လိုက်ရာ၊ အဝေးဆီဝယ် သင်္ဘောတစ်စီး၏အသွင်ကို ကိန်လေ့ မြင်တွေ့လိုက်ရသည်။

ပထမတော့ မိမိမျက်စိများ အကြည့်မှားလေသလား။ဟု ကိန်လေ့ ထင်မိသေးသည်။ ထို့ကြောင့် မျက်စိနှစ်ကွင်းကို သေသေချာချာပွတ်ကာကြည့်သည်၊ မလွဲပါ။

သင်္ဘောမှ သင်္ဘောအစစ်၊ ကိန်လေ့အတော်ဝမ်းသာသွားသည်။

ထို့ပြင် သင်္ဘောသား ကျွန်းရှိရာသို့ဦးတည်ကာ လာနေသည်ကို တွေ့ရသည်တွင် ကိန်လေ့ ပို၍အားတက်သွား၏။

သင်္ဘောသည် ကျွန်းနှင့် နှစ်မိုင်ခန့်အကွာသို့ ရောက်သည်တွင် လမ်းကြောင်းကိုပြောင်းလိုက်သည်။

ကျွန်းဆီသို့ဆက်ယက်မလာတော့ဘဲ နောက်ကြောင်းပြန်လှည့်ထွက်သွားသည်။



သင်္ဘော၏လမ်းကြောင်း အပြောင်းအလဲမြန်လှပုံကိုကြည့်ရင်း ကိန်လေ့မှာ အလွန်အံ့ဩနေမိ၏။

ဘာကြောင့် ဤကျွန်းဆီသို့ ဦးတည်လာနေပြီးမှ နောက်ကြောင်း ပြန်လှည့်သွားရသနည်း။

ဤကျွန်းသို့ မလာဝံ့သောကြောင့်လော။

ကိန်လေ့သည် စိတ်ပျက်အားလျော့စွာပင် ပင်လယ်ကမ်းစပ်ရှိ ကျောက်တုံးကြီးတစ်ခုအပေါ်ဝယ် ထိုင်ချလိုက်၏။

အစအဆုံးမမြင်နိုင်လောက်အောင် ကျယ်ပြောသော ပင်လယ်ရေပြင်ကြီးကို အဓိပ္ပာယ်မရှိ ငေးမော ကြည့်နေမိသည်။

အချိန်တွေ တရွေ့ရွေ့ကုန်သွားသည်။

ရုတ်တရက် ပင်လယ်ရေပြင်ထက်ဝယ် မြုပ်ချည်ပေါ်ချည်နှင့် တလျှပ်လျှပ်ဖြစ်နေသော အရာတစ်ခုကို ကိန်လေ့ တွေ့လိုက်ရလေသည်။

အတော်ပင် အလှမ်းဝေးနေသောကြောင့် ထိုအရာသည် မည်သည့်အရာဝတ္ထုဖြစ်မှန်း ကိန်လေ့မသိ။

သို့သော် ထိုအရာကို စိတ်ဝင်စားမိသောကြောင့် မျက်ခြည်မပြတ်မခံဘဲ ဆက်လက်၍ အကဲခတ်ကြည့်နေမိသည်။

ထိုအရာသည် ကျွန်းရှိရာသို့ တဖြည်းဖြည်းနီးကပ်လာ၏။

နောက်ဆုံးတွင် ထိုအရာကို ကောင်းစွာမြင်နိုင်လာသည်။ ကိန်လေ့ အတော်အံ့ဩသွားရသည်။

ထိုအရာမှာ သစ်ဖောင်တစ်ခုဖြစ်ပြီး သစ်ဖောင်ပေါ်ဝယ် လူတစ်ယောက်ပါရှိလာသည်။

www.burmeseclassic.com

ထိုလူမှာ သစ်ဖောင်ထက်၌ ပက်လက်ယဲလျောင်းလျက် ပါရှိလာသည်။

သစ်ဖောင်မှာ လှိုင်းလုံးများကြား၌ လှုပ်ရှားယိမ်းယိုင်နေသော်လည်း သစ်ဖောင်ပေါ်ရှိလူမှာမူ အောက်သို့လျောကျခြင်းမရှိချေ။

ကိန်လေ့သည် ရေထဲသို့ချက်ချင်းဆင်းလာခဲ့သည်။ သစ်ဖောင်ရှိရာသို့ ရေကူးလာခဲ့သည်။

သစ်ဖောင်အနီးသို့ရောက်သောအခါ သစ်ဖောင်ပေါ်ပါလာသူမှာ မိန်းကလေးတစ်ဦးဖြစ်ပြီး ခြေထောက်နှင့် လက်များကို ကြိုးဖြင့်တုပ်နှောင်ထားကြောင်း ကိန်လေ့တွေ့လိုက်ရသည်။

မိမိကြုံခဲ့ရသောကံကြမ္မာနှင့် ထပ်တူထပ်မျှ ဖြစ်နေသောကြောင့် ကိန်လေ့အံ့တော်အံ့ဩသွားရသည်။

မိန်းကလေးမှာ လှုပ်ရှားခြင်းမရှိ၊ ငြိမ်သက်နေ၏။

မျက်လုံးအစုံမှာလည်း မှိတ်လျက်ရှိသည်။

သေနေပြီလား၊ အသက်ရှင်နေသေးသလား၊ ကိန်လေ့မသိ။

ဤမိန်းကလေး အသက်ရှိနေပါစေဟုသာ ကိန်လေ့ဆုတောင်းနေမိသည်။

ကိန်လေ့က သစ်ဖောင်ကိုဆွဲကာ ကျွန်းဘက်သို့ ပြန်ကူးလာခဲ့သည်။

ကမ်းစပ်သို့ရောက်သောအခါ ကိန်လေ့က သစ်ဖောင်ကို ကမ်းစပ်သောင်ပြင်ပေါ်သို့ ဆွဲတင်ထားခဲ့သည်။



ထို့နောက် မိန်းကလေးကိုတုပ်နှောင်ထားသည့်ကြိုးများကို ဖြည်ပေးသည်။ ကြိုးများမှာ ပင်လယ်ရေထိကာ ပွနေသောကြောင့် အတော်ပင်ဖြည်ရခက်သည်။

ကြိုးကြိုးစားစားဖြင့် ကြိုးများပြေသွားသည်။

ကိန်လေ့၏ဆုတောင်း ပြည့်သည်ဟုဆိုရမည်။ မိန်းကလေးမှာ အသက်မသေသေးပေ။ သတိလစ်နေခြင်းသာဖြစ်သည်။ အသက်ပြင်းပြင်းရှူနေသောကြောင့် မိန်းကလေး၏ မို့ဝန်းသောရင်မျှားမှာ ပင်လယ်လှိုင်းလုံးများနှယ် နိမ့်မြင့်လှုပ်ရှားနေသည်။

ကိန်လေ့က မေ့မြောနေသောမိန်းကလေးကို မီးပုံရှိရာသို့ ပွေ့ယူလာခဲ့သည်။ မီးပုံအနီး၌ မိန်းကလေးကို အသာအယာချထားသည်။

အဘိုးအိုချထားခဲ့သော သစ်သားရေပုံးထဲ၌ ရေတစ်ဝက်ကျော်ကျော်ရှိနေသေးသည်ကို ကိန်လေ့ သတိရမိသည်။ ကိန်လေ့က သစ်သားရေပုံးကိုယူကာ မိန်းကလေး၏ မျက်နှာကို ဖြည်းဖြည်းချင်းလောင်းချသည်။

ပါးစပ်ထဲသို့လည်း ရေများထည့်ပေးသည်။ မိန်းကလေး၏ သွေ့ခြောက်နေသော ပါးစပ် အလိုအလျောက်ဟလာပြီး ရေကိုအငမ်းမရသောက်သည်။

မိန်းကလေး၏အသွင်မှာ နွမ်းလျနေသော်လည်း အတော်ပင် ချောမောလှသည်။ ပန်းနုရောင်ဝတ်စုံဝတ်ထားပြီး အနီရောင် အပေါ်ဝတ် အင်္ကျီရှည်ကြီးဝတ်ထား၏။

www.burmeseclassic.com



ရေကို အားရပါးရ သောက်ပြီးနောက် ခဏအကြာတွင် မေ့မြောနေသော မိန်းကလေးမှာ သတိပြန်လည် လာကာ မျက်လုံးများပွင့်လာသည်။

'အို–ရှင်ဘယ်သူလဲ'

မျက်စိအမြင်ကြည်လင်လာပြီး ကိန်လွှေ့ကိုမြင်တွေ့လိုက်ရသောအခါ မိန်းကလေးက မေးသည်။ အသံမှာ အားမရှိ တိုးညှင်းသည်။ သို့သော် အလွန်သာယာသည်။

'ကျွန်တော့်နာမည် ကိန်လွှေ့ပါ'

'ဪ–သိုင်းလုလင်ခြောက်ဦးထဲက ချစ်လုလင်ကိန်လွှေ့လား'

'ဟုတ်ပါတယ်၊ မင်းဘယ်သူလဲဆိုတာကိုလဲ ပြန်မှန်းဆနိုင်ပါပြီ'

'ကိုင်း…ဒါဖြင့် ပြောစမ်း၊ ကျွန်မ ဘယ်သူလဲ'

ကိန်လွှေ့က တစ်ချက်စဉ်းစားလိုက်သည်။

မိမိတို့ ချစ်လုလင်ကိန်လွှေ့ဟု ဤမိန်းကလေးက သိနေသည်။ ထို့ပြင် ဤမိန်းကလေးမှာ မိမိလိုပင် သစ်ဖောင်ဝယ်ကြိုးချည်ကာ ပင်လယ်ပြင်၌ မျောပါလာခဲ့ရသည်။

သည်တော့ ဤမိန်းကလေးသည် လူငယ်သိုင်းသမား နှစ်ဆယ့်ရှစ်ဦးထဲမှ တစ်ဦးဦးပဲဖြစ်ရမည်။

လူငယ် သိုင်းသမားများတွင် ဟသ်ာမယ် (၅)ဖော်နှင့် နတ်သူဇာ(၇)ပါးတို့သာ မိန်းကလေးများဖြစ်ကြသည်။

ဟသ်ာမယ် ၅ ဖော်မှာ အရောင်တစ်ရောင်ထည်းဖြစ်သော အဝတ်အစားများကို ဝတ်တတ်သည်။



ထို့ကြောင့်ဤမိန်းကလေးမှာ နတ်သူဇာခုနစ်ပါးအနက် တစ်ယောက်ဖြစ်ရမည်ဟု ကိန်လွှေ့ ကောက်ချက်ချလိုက်သည်။

'မင်းဟာ နတ်သူဇာခုနစ်ပါးထဲက တစ်ယောက်ယောက် ဖြစ်လိမ့်မယ်'

'ရှင်မှန်းဆတာ မှန်ပါတယ်၊ ကျွန်မနာမည်ကို မှန်းကြည့်ပါဦး'

မိန်းကလေးက ကိန်လွှေ့ကိုမျက်လွှာပင့်ကြည့်ရင်း ပြောသည်။ မိန်းကလေး၏ မျက်လုံးများမှာ အရည်လည်ကာ တွန်လှပ၏။

'မင်းရဲ့မျက်လုံးတွေက ဝိုင်းစက်ပြီး သိပ်လှတယ်၊ နတ်သူဇာခုနစ်ပါးထဲက ဂန္ဓမာသူဇာလင်ယုယုမှာ ဝိုင်းစက်လှပတဲ့မျက်လုံးတွေရှိတယ်လို့ ပြောသံကြားဖူးပါတယ်'

'ရှင်မှန်းတာ ဒီတစ်ခါလဲမှန်သွားပြန်ပါပြီ'

လင်ယုယုက ပြုံး၍ပြန်ပြောသည်။

'မင်း ဒီမှာ အေးအေးဆေးဆေးနေပေးခဲ့ဦး၊ မင်းကြည့်ရတာ ဗိုက်ဆာနေပုံရတယ်၊ မင်းစားဖို့ ပုစွန်ထုပ်သွားဖမ်းဦးမယ်'

ကိန်လွှေ့ ဤသို့ပြောပြီး ကမ်းစပ်ရှိရာသို့ လျှောက်လာခဲ့သည်။

လင်ယုယုအဖို့ လောလောဆယ်တွင် အစာအာဟာရ စားရန် အရေးအကြီးဆုံးဖြစ်ကြောင်း ကိန်လွှေ့ သိထား

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင် ကိန်လေ့သည် ပုစွန်ထုပ်ကြီးနှစ်ကောင် ဖမ်းဆီးထား လင်ယုယုရှိနေသောနေရာသို့ ပြန်လာခဲ့သည်။

ကိန်လေ့က မီးပုံမှမီးကို ပိုအရှိန်ကောင်းလာအောင်ထ များ ထပ်ဖြည့်ပေးပြီးနောက် ပုစွန်ထုပ်ကို မီးကင်သည်။

လင်ယုယုက မီးပုံဘေးနားဝယ် အသာထလဲလျောင်း ရင်း ကိန်လေ့၏ လုပ်ဆောင်နေပုံများကို သေသေချာ ကြည့်နေသည်။

'ရှင်ဟာ ချစ်လုလင်ကိန်လေ့ အစစ်ပဲနော်'

လင်ယုယုက မေးလိုက်သည်။

'ဘာလဲ...မင်းက တို့ပြောတာကိုမယုံလို့လား'

'ချစ်သုလင်ကိန်လေ့ဟာ မကောင်းမှုကိုပယ်ပြီး အမျ ကောင်းကျိုး ဆောင်ရွက်နေတဲ့ သိုင်းလုလင်တစ်ယောက် ကျွန်မသိထားတယ်၊ သားသားနားနားဝတ်စားနေတိုင် တယ်တဲ့၊ သူ့ရဲ့လက်စွဲတော် ကျင်းခိုးညီနောင်ဓားတို့နှစ် နဲ့ ရန်သူတွေကို အရှုံးမရှိ အောင်ပွဲဆင်နိုင်ခဲ့တယ်လို့ ကျွ ကြားဖူးထားတယ်၊ အခု ဘယ်လိုဖြစ်ပြီး ဒီကျွန်းပေါ် ရောက်နေရတာလဲ'

'ဟား...ဟား...ဟား...ဂန္ဓမာသုဇာလင်ယုယုဟာ သိ ပညာစွမ်းပြီး ရုပ်ရည်သိပ်ချောတဲ့ သိုင်းလောကရဲ့ ပန်း ပွင့်ပဲ၊ သူတော့ ဘာကြောင့် ဒီကျွန်းပေါ်ကိုရောက်နေရ လဲ...'

ကိန်လေ့က ညှာသားပါပါဖြင့် ပြန်မေးလိုက်သည်။



'ရှင်လဲ ကျွန်မလိုပဲ သစ်ဖောင်မှာကြိုးနဲ့တုပ်ပြီး အမျော ခံလိုက်ရတာပဲလား'

'ဟုတ်ပါတယ်၊ တို့ဟာ ရှစ်လပိုင်း ဆယ့်လေးရက်နေ့က ဟိုင်မီန်ဆိပ်ကမ်းကနေပြီး ချုံမင်းကျွန်းကိုသွားဖို့ ဝါးဖမ်း လှေတစ်စီးနဲ့ ထွက်ခဲ့ပါတယ်....'

'လမ်းမှာပဲ မေ့ဆေးပါတဲ့အစားအသောက်တွေ စားမိလို့ သတိလစ်သွားပြီး မင်းကြုံရတဲ့အဖြစ်မျိုး ကြုံခဲ့ရတယ်ပဲဆိုပါ တော့၊ မင်းကတော့ ဘယ်လိုဖြစ်ပြီး ဒီအဖြစ်မျိုးရောက်လာ ရတာလဲ'

'ကျွန်မလဲ ရှင့်လိုပါပဲ၊ ရှစ်လပိုင်း ဆယ့်ခုနစ်ရက်ညနေပိုင်း လောက်မှာ ဟိုင်မီန်ဆိပ်ကမ်းက လှေအစီးငှားပြီး ထွက်လာ ခဲ့တယ်၊ လှေပိုင်ရှင်ကျွေးခဲ့တဲ့ လက်ဖက်ရည်ကြမ်းသောက်မိပြီး သတိလစ်သွားခဲ့တယ်၊ ပြန်သတိရလာတော့ ကျွန်မဟာ သစ် ဖောင်ပေါ်ကို ရောက်နေတာ သိရတော့တာပါပဲ'

'တစ်ယောက်ယောက်က တို့ကို ချုံမင်းကျွန်းမှာ ချိန်းဆို ထားတဲ့ မိတ်ဆုံစားသောက်ပွဲကို မသွားစေချင်လို့ ဟန့်ထား တာပဲလို့ တို့ထင်တယ်၊ မင်းကော ဘယ်လိုတွေးမိသလဲ'

'ကျွန်မတော့ ဘာမှမတွေးတတ်ပါဘူးရှင်၊ ကျွန်မကိုယ် ကျွန်မ အိပ်မက်ဆိုးကြီးမက်နေတယ်လို့ပဲ ထင်မိတယ်'

ထိုသို့ စကားပြောနေဆဲဝယ် ပုစွန်ထုပ်များ ကျက်လေပြီ မို့ ကိန်လေ့က အသင့်စားနိုင်ရန် အခွံများကိုခွာ၍ လင် ယုယုကို ကမ်းပေးလိုက်သည်။

www.burmeseclassic.com



'ရော့—စားလိုက်ဦး၊ ဗိုက်ပြည့်အောင် စားပြီးမှ စကားဆက်ပြောတာပေါ့'

'ရှင် ဒီကျွန်းပေါ်ရောက်နေတာ ကြာပြီလား'

လင်ယုယုက ပုစွန်ကင်ကို မြိန်ရည်ယှက်ရည်စားရင်း မေးသည်။

'မင်းထက် တစ်နှစ်ရှိ ကျော်ကျော်လောက်ပဲ ပိုစောပါတယ်'

'ဒီကျွန်းက ဘာကျွန်းလဲ့ခေါ်သလဲ'

'မိစ္ဆာကျွန်းတဲ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်လောက်ကတော့ ဒီကျွန်းဟာ ပင်လယ်ဓားပြတစ်စုရဲ့ အခြေစိုက်စခန်းတစ်ခုဖြစ်ခဲ့ဖူးပြီး အဲဒီပင်လယ်ဓားပြတွေဟာလဲ အချင်းချင်း တိုက်ခိုက်ထတ်ဖြတ်ပြီး ဆုတ်ဆုတ်သေကုန်ကြတယ်လို့ ပြောသံကြားတာပဲ၊ အခုအချိန်မှာတော့ ဒီကျွန်းပေါ်မှာ သောင်တင်နေတဲ့ အတိုးအိုတစ်ယောက်ရှိနေတယ်၊ သူဒီကျွန်းပေါ်ရောက်နေတာ ငါးနှစ်ကျော်ပြီတဲ့'

ကိန်လေ့က ဆက်လက်၍ မိစ္ဆာကျွန်းအကြောင်းကို ရှင်းပြသည်။

ကိန်လေ့ အကြောင်းစုံရှင်းပြပြီးချိန်ဝယ် လင်ယုယုမှာလဲ ပုစွန်မီးကင်များကို ကုန်စင်အောင်စားသောက်ပြီးနေပေပြီ။

'ဒီကျွန်းကနေ ထွက်သွားနိုင်တဲ့ နည်းလမ်းလေးဘာလေး မရှိဘူးလား'

'တို့လဲ ဒီကျွန်းက ထွက်သွားနိုင်မယ့် နည်းလမ်းကို စဉ်းစားနေတာပဲ၊ အခုထက်ထိတော့ ဘယ်လိုမှအကြံမရသေးဘူး'



'ချ်မင်းကျွန်း မိတ်ဆုံ စားသောက်ပွဲကို တက်ရောက်ဖို့ အဖိတ်ခံရတာဟာ လူငယ်သိုင်းသမား နှစ်ဆယ့်ရှစ်ယောက်စလုံးပဲ၊ တကယ်လို့ ဒီမိတ်ဆုံစားသောက်ပွဲကို ဖျက်အောင်ဖျက်ချင်တဲ့ လူတစ်စု ရှိနေတယ်ဆိုရင် ကျွန်မတို့နှစ်ယောက်ထည်းကိုကွက်ပြီး ဟန့်တားမှာမဟုတ်ဘူး၊ အဲဒါကို ရှင်စဉ်းစားမိရဲ့လား'

လင်ယုယုက စကားလမ်းပြောင်း၍ပြောသည်။

'မင်း ဘာကိုဆိုလိုတာလဲ'

'ဒီလိုပါ၊ ချ်မင်းကျွန်းကိုသွားမယ်ဆိုရင် အများအားဖြင့် ဟိုင်မိန်ဆိပ်ကမ်းကနေ တစ်ဆင့်သွားလေ့ရှိတယ်မဟုတ်လား၊ ကျွန်မရယ် ရှင်ရယ်က ဆယ့်လေးရက် နေ့မှာ ဟိုင်မိန်ဆိပ်ကမ်းကနေ ထွက်လာခဲ့ပြီး ဟောဒီကျွန်းပေါ်ကို ချ ဆင့် နောက်ဆင့်ရောက်လာခဲ့ကြတယ်....

'တကယ်လို့ ကျွန်မတို့နဲ့တစ်နေ့တည်း ဟိုင်မိန်ဆိပ်ကမ်းကနေ ထွက်လာတဲ့ တခြားလူငယ်သိုင်းသမားတွေရှိရင် သူတို့လဲ ကျွန်မတို့ကြုံရတဲ့အဖြစ်မျိုးကြုံပြီး ဒီကျွန်းဘက်ကို မျောလာနိုင်မယ်လို့ ကျွန်မ စဉ်းစားမိတယ်'

'ဟုတ်တယ်၊ မင်းပြောတာဖြစ်နိုင်တယ်'

'ဒီလိုဆိုရင် ဒီကျွန်းကိုမျောလာတဲ့ တခြားလူတွေ တွေ့လို့တွေ့ငြား ကျွန်းကမ်းခြေမှာ လိုက်ကြည့်ရအောင်သား'

'ကြည့်တာကတော့ဟုတ်ပါပြီ၊ ဒါပေမယ့် တို့ခုနပြောတဲ့ အဘိုးကြီးက ကျွန်းအရှေ့ဘက်ပိုင်းကို လုံးဝခြေဦးမလှည့်ရဘူးလို့ တားမြစ်ထားတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုရင်လဲ ကျွန်းအနောက်ဘက်ပိုင်းက ကမ်းခြေမှာပဲ သွားကြည့်ပေါ့၊ ပင်လယ်ထဲမျှောလာတဲ့ သစ်ဖောင်တွေရှိနေဆေးရင် ဒီကျွန်းရဲ့အနောက်ဘက်ကမ်းခြေမှာပဲ လာတင်မှာပါ'

'ကောင်းပြီ တို့သွားကြည့်လိုက်မယ်'

ကိန်လေ့က ဤသို့ပြောဆိုကာ ကမ်းခြေဘက်သို့ ထွက်လာခဲ့သည်၊

သူ၏စိတ်ထဲ၌မူ စေ့စေ့စပ်စပ်ပိုင်းလိုမဟုတ်တော့ဘဲ၊ အတော်လေး ပျော်မပျော်ရွှင်ရွှင်ရှိနေသည်၊

လင်ယုယုလိုမိန်းမချောကလေးတစ်ယောက် အဖော်ရှိနေဆေးကြောင့် ဤကျွန်းမှထွက်မသွားနိုင်ဘဲ ယောင်တင်နေလျှင်လည်း အခြေအနေသိပ်မဆိုးလှဟု ကိန်လေ့ တွေးမိ၏၊

နတ်မိမယ်ထမျချောမောလှပသော ဂန္ဓမာသူဇာ လင်ယုယုနှင့်အတူ အတူနေရပါက ဤလိုကျွန်းမျိုးတွင် မဆိုထားဘိ၊ ငရဲပြည်တွင်ပင်ဖြစ်စေ ပျော်စရာကောင်းမည်ဟု ကိန်လေ့ ထင်မိသည်၊

မိစ္ဆာကျွန်းမှာ သိပ်မကျယ်လှပေ၊ အချိန်အနည်းငယ်အတွင်းမှာ ကမ်းခြေတစ်လျှောက် ရှာကြည့်ပြီးသွားသည်၊ ကိန်လေ့က ကမ်းခြေဝယ် လေးငါးခေါက်မျှလျှောက်လှမ်းကာ လိုက်လံကြည့်သေးသည်၊

ကမ်းခြေတွင်သာမက ပင်လယ်ပြင်ထဲသို့လည်း လှမ်းမျှော်ကာ ကြည့်သေးသည်၊

မည်သည့်သစ်ဖောင်မျှ မျှောလာသည်ကိုမတွေ့ရ၊



ကိန်လေ့သည် ကျွန်းကမ်းခြေဝယ် နာရီဝက်ခန့် အချိန်ကုန်ပြီးနောက် လင်ယုယုရှိနေသော မီးပုံနားသို့ ပြန်လာခဲ့သည်၊

မီးပုံရှိရာသို့ရောက်သောအခါ လင်ယုယုကို မတွေ့ရသည့်အတွက် ကိန်လေ့၏ရင်ထဲဝယ် 'ဒိန်း'ခနဲဖြစ်သွား၏၊

'ကျွန်မ ဒီမှာပါရှင်'

ကိန်လေ့က အနီးဝန်းကျင်ဝယ် လိုက်ရှာမည်အပြု လင်ယုယု စကားသံကိုကြားလိုက်ရသည်၊

အသံလာရာဘက်သို့ ကိန်လေ့လှည့်ကြည့်သည်၊ ကျောက်ဆောင်တစ်ခု၏နောက်ကွယ်မှ မပြုံးတပြုံးအမူအရာနှင့် ထွက်လာသော လင်ယုယုကိုတွေ့ရသည်၊

ကိန်လေ့ ကမ်းခြေဘက်သို့သွားနေဆဲဝယ် လင်ယုယုအဖိုနေသောအဝတ်အစားများကို ခြောက်သွေ့အောင် မီးထိုးလှမ်းပြီး သေသေသပ်သပ် ပြန်ဝတ်ထားသည်ကို တွေ့ရသည်၊

ထို့ပြင် ခပြေလျော့နေသော ဆံကေသာများကိုလည်း ပြန်လည် ထုံးဖွဲ့ထားသည်၊

အတော်လေးပင် လှလှပပဖြစ်နေ၏၊

'ဘယ့်နှယ်လဲ'

'လင်ယုယုကမေးသည်၊

'အတော်လှလာပါပြီ'

ကိန်လေ့က ဤသို့ပြန်ပြောလိုက်ရာ လင်ယုယု၏မျက်နှာမှာ ရဲခနဲဖြစ်သွားသည်၊

www.burmeseclassic.com

www.burmeseclassic.com



'ကမ်းခြေမှာ မျောလာတဲ့လူ ခေတ္တသတိလစ်နေမှာပေါ့ ရှင်'

'ကြြော်...အဲဒါလား ဘာမှမတွေ့ရဘူး၊ ဒီအကိုကို တို[illegible] ယောက်ပဲမျောလာတာနဲ့တွေ့တယ်'

လင်ယုယုက မီးပုံရှိရာသို့လျှောက်လှမ်းလာပြီး မီးပုံဘေး ဝယ် ဒူးတုပ်ကာ ပိုပိုယိုယိုထိုင်ချသည်။

'ဂန္ဓမာသူဇာလင်ယုယုနဲ့ပတ်သက်ပြီး တိုကြားဖူးထား[illegible] ထူးခြားတဲ့ အကြောင်းတစ်ခုရှိခဲ့သေးတယ်'

'ဘာအကြောင်းများလဲ'

'ဂန္ဓမာသူဇာလင်ယုယုရဲ့ ကိုယ်သင်းနံ့ဟာ ဂန္ဓမာပန်း[illegible] လိုပဲ သင်းမွှေးပျံ့တယ်ဆိုပဲ'

'ခစ်...ခစ်...ခစ်... တိုထုန်းကတော့ ဟုတ်ပါတယ်၊ [illegible] ဒီတော့ ပင်လယ်ထဲမှာမျောခဲ့ရလို့ ကိုယ်သင်းနံ့ ပေဘာင်ပျော[illegible] ပြီး ပုပ်စော်နံနေမလားမပြောတတ်ဘူး'

လင်ယုယုက ပြုံးရယ်၍ပြန်ပြောသည်။

'ပုပ်စော်မနံဘူးဆိုတာတော့ သေချာပါတယ်'

ကိန့်လေ့ကလည်း ပြုံးရယ်၍ပြန်ပြောလိုက်သည်။

'ကဲ...ရှင်ကိုယ်တိုင်သိသွားအောင် နမ်းကြည့်ပါလား'

လင်ယုယုက ညှို့သို့ပြောပြီး ညာလက်ကို ဆန့်ထုတ်[illegible] လိုက်သည်။

ကိန့်လေ့လည်း ငမ်းသာသွားကာ ဖြူဖွေး နူးညံ့[illegible] လက်ဖမိုးလေးကို အသာငုံ့နမ်းသည်။

'ဟာ...ဟုတ်တယ်၊ဟုတ်တယ်၊ ဂန္ဓမာပန်းနံ့ မွှေးတယ်'



'မှင်ဟာ ကျွန်မရဲ့ကိုယ်သင်းနံ့ကို ပထမဆုံးချချနမ်းရှု ခွင့်ရတဲ့ ပထမဆုံးလူပဲ၊ ဘာကြောင့် ရှင့်ကို ဒီလိုအခွင့်အရေး မျိုး ပေးတယ်ဆိုတာ ရှင်သိရဲ့လား'

'ဘာကြောင့်လဲဆိုတာ ပြောပြစမ်းပါဦး'

'အဓိက အကြောင်း နှစ်ချက်ရှိတယ်၊ ပထမ အချက်က ကျွန်မအသက်ကို ကယ်ခဲ့တဲ့အတွက်ပါ၊ ဒုတိယ အချက်က တော့ ရှင်ဟာ အလှအပကိုမြတ်နိုးချစ်ခင်တတ်တဲ့ ချစ်လှစရာ ကိန့်လေ့ ဖြစ်နေလို့ပါပဲ'

'အခုလိုကြားရတာ ဝမ်းသာပါတယ်၊ဂုဏ်ယူပါတယ်'

'ရှင်က လှပတဲ့မိန်းကလေးတိုင်းကို မြတ်မြတ်နိုးနိုးရှိသ ပဲလား'

'ဟာ...ဒီလိုလဲမဟုတ်ပါဘူး၊ မိန်းကလေးတွေတင်မဟုတ် ပါဘူး၊ မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ်၊ သက်ရှိဖြစ်ဖြစ်၊ သက်မဲ့ဖြစ်ဖြစ် လှပတဲ့အရာအားလုံးကို ကျွန်တော်က မြတ်နိုး ပါတယ် ချစ်ခင်ပါတယ်'

'ဒီလိုဆိုရင် ရှင့်ကို ချစ်လှလင်ကလေး လို့ တင်စား ခေါ်ဖို့ကောင်းတယ်'

'ဒါတွေထားလိုက်ပါဦး၊ အခု ဘာဆက်လုပ်ရမှာလဲ'

'ရှေ့ ဘာဆက်လုပ်ရမယ်ဆိုတာ အခု သေသေချာချာ မပြောနိုင်သေးဘူး၊ ကျွန်မအတော်ပင်ပန်းပြီး အားနည်းနေ တယ်၊ ဒီတော့ အားပြန်ရလာအောင် အနားယူလိုက်ဦးမယ်၊ ပြီးမှ ဘာလုပ်သင့်တယ်ဆိုတာ တိုင်ပင်ကြတာပေါ့

www.burmeseclassic.com



‘ဟုတ်တယ်၊ ခင်းပြောတာ ကောင်းတယ်’

‘ဒီတော့ ညအိပ်နိုင်ဖို့ လိုဏ်ဂူတစ်ခုခု အရင်ရှာရမယ်၊ ဒီကျွန်းပေါ်မှာ လိုဏ်ဂူတွေဘာတွေရှိသလား’

‘မပြောတတ်ဘူး၊ ရှိရင်လဲရှိလိမ့်မယ်၊ လိုက်ရှာကြည့်တာပေါ့’

ဤသို့ဖြင့် ကိန်လေ့နှင့် လင်ယုယုတို့ နှစ်ယောက်သည် ကျွန်းတွင် အိပ်စက်နေထိုင်နိုင်မည့် လိုဏ်ဂူကိုရှာကြသည်။

ကျွန်းအနောက်ဘက်ပိုင်းတစ်ခုလုံးသာနှံ့သွားအောင် လိုဏ်ဂူတစ်ခုတလေမျှပင် ရှာ၍မတွေ့ပေ။

‘ကိုင်း…အနောက်ဘက်ပိုင်းမှာတော့ လိုဏ်ဂူ တစ်ခုမှရှာလို့မတွေ့ဘူး၊ ကျွန်းအရှေ့ဘက်ပိုင်းကို သွားရှာကြရအောင်’

‘အား…သွားလို့မဖြစ်ဘူး၊ အဘိုးကြီးက ကျွန်းအရှေ့ဘက်ပိုင်းကို မလာဖို့ တင်းတင်းကျပ်ကျပ်တားမြစ်ထားတာ ခင်းမမေ့နေပြီထင်တယ်’

‘အဲဒီ အဘိုးကြီးရဲ့ သိုင်းပညာဟာ အတော်အစွမ်းထက်သလား’

‘သူ့ကြည့်ရတာ သိုင်းပညာ အတော်ကောင်းပုံရတယ်၊ အတွေ့အကြုံရင့်ကျက်တဲ့ ဝါရင့်သိုင်းသမားကြီးတစ်ယောက်နဲ့တူတယ်၊ ပြီးတော့ သူ့ဆီမှာ ဓားကောင်းတစ်လက်လဲရှိနေတယ်…

‘ဒါပေမယ့် သူက ငါးနှစ်ကျော်ကျော် တော်တလှည့် ပြတ်တလှည့် နေခဲ့ရတယ်ဆိုတော့ အားအင် အတော် ဆုတ်ယုတ်



ကုန်ခမ်းနေပါပြီ၊ တကယ်တမ်း အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်မယ်ဆိုရင်တော့ တို့အနေနဲ့ သူ့ကိုအနိုင်ရနိုင်ပါတယ်’

‘ဒီလိုဆိုဘာများကြောက်စရာရှိလို့လဲ’

‘ကြောက်တယ်လို့တော့ ဘယ်ဟုတ်မှာလဲ၊ သူက တို့ကို အသက်ကယ်ထားတာဆိုတော့ သူ့ကို ကလန်ကဆန်မလုပ်ချင်ဘူး’

‘သူ့ကို ကလန်ကဆန်လုပ်တာတော့ မဟုတ်ပါဘူး၊ ရှင်ပြောခဲ့တဲ့စကားတွေအရဆိုရင် အဘိုးကြီးဟာ စိတ်မူမမှန်ပုံမရဘူး၊ ဒီတော့ သူတားမြစ်တာကို အရေးထားမနေပါနဲ့’

‘ဒီလိုဆိုရင်လဲ မင်းသဘောပဲ၊ ဒါပေမယ့် တကယ်လို့လွဲသွား မရှောင်သာလို့ အဘိုးကြီးနဲ့ တိုက်ခိုက်ရမယ်ဆိုရင်တော့ သက်သက်ညှာညှာလုပ်ပါ၊ သူ့ကို ဒဏ်ရာအနာတရဖြစ်စေချင်ဘူး’

‘စိတ်ချပါရှင်၊ ကျွန်မက လူတကာကို အသေအကြေလိုက်တိုက်ခိုက်တတ်တဲ့အစား မဟုတ်ပါဘူးရှင်’

ထို့နောက် ကိန်လေ့နှင့် လင်ယုယုတို့ ကျွန်း၏အရှေ့ဘက်ပိုင်းသို့ ထွက်လာခဲ့ကြသည်။

× × ×

ကိန်လေ့နှင့် လင်ယုယုတို့ ကျွန်းအရှေ့ဘက်ပိုင်းသို့ရောက်လာကြသည်။

ကျွန်း၏ အရှေ့ဘက်ပိုင်း၏ ပတ်ဝန်းကျင် အနေအထားမှာ ကျွန်းအနောက်ဘက်ပိုင်း၏အခြေအနေနှင့် လွန်စွာကွာခြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်း အနောက်ဘက်ပိုင်းတွင် သစ်ပင် ဟူ၍ အနည်းအကျဉ်းသာရှိသည်။ ကျောက်တုံးကျောက်ဆောင်များသာ ထူထပ်သည်။ ကျွန်းအရှေ့ဘက်ပိုင်းတွင်တော့ သစ်ပင်များ စိမ်းစိမ်းစိုစိုရှိနေသည်။

'ကျွန်းအရှေ့ဘက်ပိုင်းက အတော့ကိုစိမ်းစိမ်းစိုစိုရှိပါလား။ အဘိုးကြီးက နေရာကောင်းကို သူ့အတွက်ယူထားတာကိုး။ ဒီဘက်ပိုင်းမှာ တခြားထူးခြားချက်တွေလဲ ရှိဦးမယ်'

လင်ယုယုကပြောသည်။

ထို့နောက် နှစ်ယောက်သား သစ်ပင်အုပ်လေးတစ်ခုထဲသို့ ဝင်လာခဲ့ကြသည်။

သစ်ပင်များမှာ မြင့်မားသော ပင်စောင့်ပင်ကြီးများဖြစ်ပြီး ကိန်နလွှ စိတ်ထင် ခန့်မှန်းချက်အရ အပင်တစ်ထောင်နီးပါးရှိသည်။

သစ်ပင်အုပ်ကိုကျော်ဖြတ်မိသောအခါ ကျွန်း၏အရှေ့ဘက်ကမ်းခြေအနီးသို့ရောက်လာကြသည်။

အဘိုးကြီးပြောသည့်အတိုင်းပင် ကျွန်းကလေးမှာ သိပ်မကျယ်လှပေ။

ကိန်နလွှနှင့် လင်ယုယုတို့က ကမ်းခြေသို့ ရှေ့ရှုလျှောက်လာကြဆဲ ကျောက်ဆောင်တစ်ခု၏နောက်ကွယ်မှ အဘိုးအို ပြူးထွက်လာသည်။

အဘိုးအို၏ လက်ထဲ၌ ပုဆိန်တစ်လက်ကို ကိုင်ဆောင်ထားသည်။



အဘိုးအိုက ဘာမှမပြောဘဲ ကိန်နလွှကို ပုဆိန်ဖြင့် အတင်းဝင်ခုတ်သည်။

ကိန်နလွှမှာ သတိဖြင့်နေသောကြောင့် ဘေးသို့ တိမ်းရှောင်လိုက်ရာ ပုဆိန်ချက်က ကပ်၍လွဲသွားသည်။

တိမ်းရှောင်ပြီးသည်နှင့် ကိန်နလွှက ချက်ချင်းပင် ညာခြေဖြင့် ခတ်ထုတ်လိုက်သည်။

'ဘုတ်'

အဘိုးအို၏လက်မှ ပုဆိန် လွင့်ထွက်သွားသည်။

အဘိုးအိုက မလျှော့သေး၊ ကိန်နလွှကို ညာလက်ဝါးဖြင့် လှမ်းရိုက်ပြန်သည်။

ကိန်နလွှက နောက်သို့တစ်ကွက်ခုန်ကာ တိမ်းရှောင်လိုက်ပြန်သည်။ အဘိုးအိုက ဘယ်လက်ဝါးဖြင့် ထပ်ဆင့်ကာရိုက်ပြန်သည်။

ဤတွင် ကိန်နလွှက ညာလက်ဖြင့် အဘိုးအို၏ဘယ်လက်ကောက်ဝတ်ကို ဆတ်ခနဲပုတ်ထုတ်လိုက်၏။

နှစ်ရှည်လများ အငတ်ငတ်အပြတ်ပြတ်ဖြစ်ကာ အားအင်ချိနဲ့နေသောကြောင့် အဘိုးအိုမှာ ဟန်ချက်ကိုမထိန်းနိုင်ဘဲ ယိမ်းယိုင်သွားသည်။

ကိန်နလွှက အဘိုးအို၏နောက်ကျောကို ဘယ်လက်ဝါးဖြင့် အသာတွန်းထုတ်လိုက်ပြန်သည်။

အဘိုးအို မဟန်နိုင်တော့၊ မြေကြီးပေါ်သို့ လဲကျသွားလေ၏။

'ရှင်ပြောတဲ့ ဒီအဘိုးကြီးလား'

လင်ယုယုက ကိန်နလွှကို မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊သူပဲ'

ကိန်လွေ့ကပြန်ဖြေသည်။ လင်ယုယုလည်း မြေကြီးပေါ် ထဲကျနေသော အဘိုးအိုကို သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

အတော်ပင်အသက်ကြီးရင့်သည်။ ပိန်လှီထုသည့်အတွက် အဘိုးအို၏အသက် မည်၍မည်မျှရှိမည်ကို မှန်းဆရန်ခက်လှသည်။

အမှိုးပေါ် အရေတင်ဖြစ်နေကာ အရိုးပဒေသာတစ်ခုကို တွေ့မြင်ရသည့်အလား ထင်ရသည်။

အဘိုးအို၏ ညာမျက်ခုံးအောက်တွင် မှဲ့နက်တစ်ခုရှိသည်။ ညာဘက် ရင်ဘတ်နှင့် ဘယ်လက်မောင်းတွင် အတော်ကြီးသော အမာရွတ်များရှိသည်။

တစ်ချိန်သော့အခါက ဓဏ်ရာပြင်းပြင်းထန်ထန်ရခဲ့ဖူးဟန်တူသည်။

အဘိုးအိုမှာ အချိန်အတော်ကြာသည်အထိ မြေကြီးပေါ်မှ ပြန်မထနိုင်သေးသောကြောင့် ကိန်လွေ့မှာ ကြည့်မနေသာတော့ဘဲ ဖေးမထူပေးလိုက်ရသည်။

'အဘ ဘာမှမဖြစ်ပါဘူးနော်'

ဤသို့မြော်ရင်း အဘိုးအို၏ ကိုယ်ခန္ဓာကို စမ်းသပ်ကြည့်သည်။ မည်သည့်ဒဏ်ရာမျှမရှိ။

အားစိုက်ခွန်စိုက် လှုပ်ရှား တိုက်ခိုက်လိုက်ရသည့်အတွက် အားပြတ်ကာ ချက်ချင်း ပြန်မထနိုင်ခြင်းသာဖြစ်သည်။



'မင်းကို ဒီအရှေ့ဘက်ခြမ်း မလာရဘူးလို့ ပြောထားတယ် မဟုတ်လား'

ပြန်ထထိုင်နိုင်သည်တွင် အဘိုးအိုက မကျေမချမ်းနှင့်ပြောလိုက်သည်။

'တမင်သက်သက်လာတာ မဟုတ်ပါဘူး၊ ဟောဒီ မိန်းကလေးလဲ ကျွန်တော့်လိုပဲ ဖောင်တစ်ခုနဲ့ မျှောပါလာပြီး ကျွန်းရဲ့ အနောက်ဘက် ကမ်းခြေမှာ လာတင်တယ်ဗျ၊ သူ့အတွက် နေရာထိုင်ခင်းလိုက်ရှာတာ ကျွန်းအနောက်ဘက်ခြမ်းမှာ တစ်ခုမှမတွေ့ရဘူး၊ဒါကြောင့် အရှေ့ဘက်ခြမ်းမှာ နေရာထိုင်ခင်းလေးဘာလေးရှိမလားလို့ လာကြည့်တာပါ'

ကိန်လွေ့က ဆင်ခြေပေးလိုက်သည်။

'ဒါတွေလာပြောမနေနဲ့၊ဒီကိစ္စ ငါနဲ့ဘာမှမဆိုင်ဘူး၊ မင်းတစ်သာမင်၊ ဒီကောင်မလေးကို ကယ်ထားချင်တယ်ဆိုရင် မင်းရဲ့ အနောက်ဘက်ပိုင်းမှာပဲထားပါ၊ ငါ့ဘက်ကို ကျူးကျော်မလာပါနဲ့'

'ကျွန်မတို့အနေနဲ့ အဘကို ဘယ်လိုမှ အနှောင့်အယှက်ပေးပါဘူး၊ဒါကို စိတ်ချပါ၊ ဒီကျွန်းကနေ ဘယ်လိုလုပ်ပြီး ထွက်သွားနိုင်မယ်ဆိုတာ ကျွန်မတို့တိုင်ပင်ပြီး ကြံဆနေကြပါတယ်'

လင်ယုယုက ဝင်ပြောသည်။

'မင်းတို့ကြိုက်သလိုလုပ်ကြ၊ငါနဲ့မဆိုင်ဘူး၊ငါပိုင်တဲ့ဟောဒီအရှေ့ဘက်ပိုင်းကို မင်းတို့မလာရင် ပြီးတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုအဘယ်တုတ်မလဲလေ၊ အဘရေ ကျွန်မတို့ရော ကံကြမ္မာဖန်ထီးလို့ ဒီကျွန်းပေါ်မှာ လာသောင်တင်နေတယ် မဟုတ်လား၊ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် တိုင်တိုင်ပင်ပင် စည်းစည်းလုံးလုံးလုပ်ကြမှဖြစ်မှာပေါ့၊ စုပေါင်းကြံဆလုပ်ကိုင်မှ ဒီကျွန်းက ထွက်သွားနိုင်မှာပေါ့၊ အဘကော ဒီကျွန်းက မခွာချင်ဘူးလား'

'ငါ ဒီကျွန်းက ထွက်မသွားချင်ပါဘူး၊ ကဲ-ကဲ...မင်းတို့နဲ့ ငါ စကားဆက်မပြောချင်တော့ဘူး၊ မင်းတို့ဘာသာ မင်းတို့ အနေခက်တဲ့ပိုင်းကို ပြန်ကြပါတော့'

'ဘာကြောင့် ဒီလောက်တောင်နှင်နေရတာလဲအဘရယ်၊ ဒီကျွန်းအရှေ့ဘက်ပိုင်းမှာ ဘာလျှို့ဝှက်ချက်တွေရှိလို့လဲ၊ ကော ရတနာသိုက်တခုခုများ ရှိနေလို့လား'

ကိန်လေ့က မပြုံးတပြုံးအမူအရာဖြင့် ဝင်ပြောသည်။

'ဟိတ်ကောင်...မဟုတ်တာတွေ လျှောက်မပြောမနေနဲ့၊ ဒီကျွန်းမှာ ဘာလျှို့ဝှက်ချက်မှမရှိဘူးကွ၊ ဘာရတနာသိုက်မှလဲ မရှိဘူး'

'ဒါဖြင့် ဘာကြောင့် ကျွန်းအရှေ့ဘက်ပိုင်းကို မလာရဘူးလို့ အတင်းအကျပ်တားမြစ်နေရတာလဲ'

'သည်နေရာတစ်ဝိုက်ဟာ ငါ့ရဲ့အိမ်လိုဖြစ်နေတာကွ၊ သည်နေရာကို လူစိမ်းတွေလာတာ ငါမကြိုက်ဘူး'

ကိုင်း... ဒီလိုဆိုရင်လဲ ကျွန်မတို့ကို သစ်လုံးလှေငါးလုံးလောက်နဲ့ ဓနိခက်တွေလောက် ခွင့်ယူသွားချင်တယ်၊ ကျွန်း



အနောက်ဘက်ခြမ်းမှာ ကောင်းကောင်းမွန်မွန် နေနိုင်တဲ့နေရာ မရှိဘူး၊ ဒီတော့ ယာယီတဲလေးဖြစ်ဖြစ် ထိုးနေရမယ်'

လင်ယုယုက ကျွန်းကမ်းစပ်နားရှိ ဓနိတောလေးကို လက်ညှိုးထိုးပြပြီးပြောသည်။

'ဟာ...အဲဒီဓနိတွေက အိမ်မိုးဖို့မသင့်တော်ပါဘူး၊ ခုထိ သွားလဲ ပိုနေမှာပဲ'

အဘိုးအိုက ထိတ်ထိတ်ပျာပျာပြောသည်။

ဓနိပင်ခုတ်ယူမည်ဆိုခြင်းကို ရှေးဘယ်ပိသာ ဆုံးရှုံးတော့မည့်အသွင်မျိုး ဖြစ်နေသည်။

'ကိန်လေ့ရေ...ကျွန်မအကြံကို ဘယ်လိုသဘောရလဲ'

လင်ယုယုက ကိန်လေ့ကို လှမ်းမေးသည်။

'ကောင်းပေါ့ ယာ နေစရာထိုင်စရာကောင်းကောင်းမွန်မွန် မရှိဘူးဆိုတော့ ယာယီတဲလေးထိုးနေမှ ဖြစ်မှာပေါ့'

'သည်လိုဆိုရင် သူ့ပုဆိန်ကိုပဲ ခေါ်သုံးရမှာပဲ၊ ကဲ...ဓနိခက်တွေ ဆင်းခုတ်ရအောင်'

လင်ယုယုက ဤသို့ပြောပြီး မြေကြီးပေါ် ကျနေသော ပုဆိန်ကို ကောက်ယူလိုက်သည်။

ထို့နောက် ကိန်လေ့နှင့် လင်ယုယုတို့သည် ဓနိတောလေးရှိရာသို့ လျှောက်လာခဲ့ကြသည်။

အဘိုးအိုမှာမူ မြေကြီးပေါ်ထိုင်နေရာမှ မထနိုင်သေးဘဲ ကိန်လေ့တို့ကို အမျိုးမျိုးဆဲဆိုကြိမ်းမောင်းကျန်နေခဲ့၏။

'ယုယုရေ...အဘိုးကြီး အတော်ဒေါ်ပွနေပြီထင်တယ်'

ကိန်လေ့က လင်ယုယုကို တိုးတိုးပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပွဲချင်းဘလောက်ပွားပါစေ၊ ခနိခက်နည်းနည်းပါးပါးရှိ တာလောက်နဲ့ သူ့ကို ဘယ်လိုမှမထိခိုက်နိုင်ဘူး'

'အင်းလေ...ဒါလဲဟုတ်တာပဲ'

နှစ်ယောက်သား ဆက်လက် လျှောက်လာကြရာ ခဏ အကြာတွင် ခနိုတောလေးထဲသို့ ရောက်လာကြ၏။

ခနိုတောလေးထဲသို့ရောက်သည်နှင့် ထူးခြားသောမြင်ကွင်း တစ်ခုကို တွေ့ရသောကြောင့် နှစ်ယောက်သားအလွန်အံ့အား သင့်သွားကြရသည်။

သူတို့မြင်တွေ့လိုက်ကြရသည့်မြင်ကွင်းမှာ ဆောက်လုပ်ပြီး စီးလုံနေသော လှေကြီးတစ်စင်း။

လှေမှာ ပင်လယ်ကူးလှေကြီးဖြစ်ပြီး အနံပေ ၂၀၊ အလျား ပေ ၅၀ ခန့်ရှိသည်။

လှေဝမ်းအောက်ခြေကို သစ်တုံးအချို့နှင့် ခုထားသည်။ လှေကြီး၏ အနေအထားကတော့ တမ်းစပ် ရေပြင်အရောက် အသင့် လှော်ချနိုင်သည့် ဆင်ခြေလျှော လမ်းကလေးတစ်ခု လည်း ရှိနေသည်။

အနီးအနားတစ်ဝိုက်တွင် ရွှေပေါ်စာများနှင့် သစ်သား အပိုအစများ ပြန့်ကျဲနေသည်။

အသစ်နှင့် အဟောင်း အဆွေးများ ရောနှော နေသည့် အတွက် ဤလှေကြီး တည်ဆောက်နေသည်မှာ နှစ်ပေါင်း အတော်ကြာပြီဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်သည်။



'ဒီအဘိုးကြီးက တယ်တစ်ကိုယ်ကောင်းဆန်ပါလား၊ ရွာ သာ ဒီကျွန်းကနေ တစ်ယောက်တည်းထွက်သွားဖို့ ကြံထား တာကိုး'

လင်ယုယုက မကျေနပ်သည့်အသံဖြင့် ပြောသည်။

'ဒီလိုတဲ့မပြောပါနဲ့လေ၊ တခြား အရေးကြီးတဲ့ လျှို့ဝှက် ချက်တွေ ရှိချင်ရှိဦးမှာပေါ့၊ နေရာအနှံ့လိုက်ကြည့်ကြရအောင်'

ကိန်လေ့ကပြောသည်။

သူတို့နှစ်ယောက် ဆက်လက် ရှာဖွေကြပြန်ရာ ခနိုတော အလွန်ရှိ ကုန်းမြင့်လေးပေါ်တွင် သင်္ချိုင်းဂူလေးခုကို တွေ့ရ ပြန်သည်။

သင်္ချိုင်းဂူများတွင် ကမ္ပည်းရေးထိုးထားခြင်း မရှိပေ။

'သည်အတိုင်းဆို အရင်ကတည်းက ဟောဒီကျွန်းပေါ်မှာ လူငါးယောက်ရှိရမယ်၊ ကျန်တဲ့လေးယောက်က သေသွားပြီး အဘိုးကြီးတစ်ယောက်တည်း ကျန်နေခဲ့တာဖြစ်လိမ့်မယ်'

သင်္ချိုင်းဂူလေးခုကို တွေ့ရသည်တွင် ကိန်လေ့ မှတ်ချက် ချသည်။

'ဟောသည်လူလေးယောက်ဟာ အဘိုးကြီးရဲ့လက်ချက်နဲ့ သေကုန်ကြတဲ့လူတွေဖြစ်မယ်လို့ ကျွန်မထင်တယ်'

လင်ယုယုက မိမိ၏ယူဆချက်ကိုပြောသည်။

'မင်းက ဘာကြောင့်သည်လိုပြောနိုင်ရတာလဲ'

ကိန်လေ့က အံ့သြဟန်ဖြင့်မေးလိုက်သည်။

'ရှင်ပဲစဉ်းစားကြည့်လေ၊ တကယ်လို ရှင်သာ ဟောသည် ကျွန်းပေါ်မှာ မိတ်ဆွေလေးယောက်နဲ့အတူတူ [illegible]

www.burmeseclassic.com

www.burmeseclassic.com



နေပြီး သူတို့လေးယောက်စလုံး အကြောင်းတစ်ခုခုကြောင့် သေသွားရင် ကျွန်ုပ်ရစ်ခဲ့တဲ့ရုပ်အလောင်းတွေကို ဘယ်လိုစီစဉ်မလဲ'

'သူတို့ရဲ့ အလောင်းတွေကို ကျကျနန မြေမြှုပ်ပေးရမှာပေါ့'

'ဒါဘာင်ပဲလား ပြီးပြော့ကော....'

'မြေမြှုပ်ပေးရုံအပြင် ဘာလုပ်နိုင်ဦးမှာမို့လဲ၊ သရုတ္တဂုံတွေ ဘာတွေ တင်ပေးရအောင်က သည်ကျွန်းမှာ ဘုန်းကြီးမှမရှိတာ'

'သရုတ္တဂုံတင်ပေးဖို့ပြောတာမဟုတ်ပါဘူး၊ သူတို့ကိုအမှတ်ရတဲ့အနေနဲ့ သင်္ချိုင်းမြေပုံမှာ သူတို့ရဲ့နာမည်တွေနဲ့ ကွယ်လွန်တဲ့ နေ့စွဲတွေကို ရေးပေးပြီးမထားသင့်ဘူးလား'

'အင်း....ဟုတ်တယ်၊ အဲသည်လိုတော့ လုပ်ပေးသင့်တယ်'

အဘိုးအိုကြီးက အလောင်းတွေကို မြေမြှုပ်ပေးမယ့် နာမည်တွေ ရေးထိုးမပေးခဲ့ဘူး၊ ဒါကြောင့် ဗီလူလေးယောက်ဟာ သူ့ရဲ့မိတ်ဆွေတွေဖြစ်ပေမယ့် သူ့လက်ချက်နဲ့ သေသွားကြရတာဖြစ်ရမယ်'

'အင်း....မင်းစဉ်းစားတာဖြစ်နိုင်တယ်၊ သူက သည်လူလေးယောက်ကို ဘာကြောင့် သတ်ဖြစ်ရတာလဲ'

'သူက ပင်လယ်ကူးလှေကြီးတစ်စင်းကို တိတ်တိတ်လေး ဆောက်နေတယ်၊ အဲသည်လို လှေကြီးဆောက်နေတာကို သိပ်ပြီးလျှို့ဝှက်ထားချင်တယ်၊ ကျွန်မတို့သိမှာစိုးတဲ့အတွက် ရှင့်ကို



အလေသတ်ဖို့တောင်ကြံခဲ့တာမဟုတ်လား၊ ဒါတွေကိုမေ ဆက်စပ်စဉ်းစားကြည့်ရင် အဖြေပေါ်လာပါလိမ့်မယ်'

ကိုနီလေ့ စဉ်းစားကြည့်သည်။ သိသလိုလိုထော့ရှိသည်။ တိတိကျကျမူ အဖြေရှာ၍မရ။

'ဘယ့်နှယ်လဲ စဉ်းစားလို့ရပြီလား'

လင်ယုယုက ငေးငိုင်စဉ်းစားနေသော ကိုနီလေ့ကို မေး လိုက်သည်။

'ဟင့်အင်း'

'ဒီကျွန်းပေါ်မှာ အဲသည် အဘိုးကြီးက လျှို့ဝှက်ရတနာ သိုက်တစ်ခုခုကို တွေ့ထားတာဖြစ်မှာပေါ့'

'ဟာ....ဟုတ်ပါ့မလား၊ သည်လိုနေရာမျိုးမှာ ဘယ်လိုလုပ်ပြီး လျှို့ဝှက်ရတနာသိုက်တွေဘာတွေ ရှိနိုင်မှာလဲ'

'ရှိမရှိ သေသေချာချာသိရအောင် လိုက်ရှာကြည့်ကြတာ ပေါ့၊ ကျွန်မက ကိန်းသေရှိကိုရှိရမယ်လို့ ဆင်တယ်၊ လောင်း ထောင်ဖလောင်းရဲသေးတယ်'

'တကယ်ပြောတာလား'

'တကယ်ပေါ့'

'ဘာကြေးလောင်းမှာလဲ'

'ရှင်ပြောလေ'

'ကောင်းပြီ၊ မင်းပြောတဲ့အတိုင်း လျှို့ဝှက်ရတနာသိုက်ကို တွေ့လို့မတွေ့ဘူးဆိုရင် မင်းရဲ့လက်ကိုနောက်ထပ် သုံးကြိမ်သုံးခါ နမ်းခွင့်ပေးရမယ်'

'ယား....ဟား....ယား....စိန်လိုက်လေ'

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကိန်လှေ့နှင့် ဇင်ယာယုတို့ မနီဆောဓလေးတစ်ဝိုက်တွင် လိုက်ရှာကြည့်ကြသည်။ ဘာမျှမတွေ့ရ။

သစ်ပင်ဆုပ်လေးဆဲဝယ် လိုက်ရှာကြည့်ကြပြန်သည်။ ဘာမျှခြားချက်မျှမရှိ။ ကျွန်း၏အရှေ့ဘက်ကမ်းခြေတစ်ဝိုက်ကိုလိုက်ကြည့်ကြပြန်သည်။

ထိုနေရာတစ်ဝိုက်တွင်မူ ကျောက်ဆောင်များထူထပ်၏။

အချိန်အတော်ကြာ လှည့်လည်ရှာဖွေကြရာ၊ နောက်ဆုံးတွင် လှိုဏ်ဂူလိုဏ်ဂူတစ်ခုကိုသွားတွေ့သည်။

လိုဏ်ဂူဝမှာ အိပ်မကျယ်ပေ၊ လှို့ဏ်ဂူ တံခါးတစ်ခုဖြင့် လိုဏ်ဂူကိုပိတ်ထားသည်။

တံခါးမှာ ရိုးရိုးကျောက်ပြား တံခါးတစ်ခုသာဖြစ်ပြီး မည်သည့်သော့ခလောက်မျှ တပ်ဆင်မထားပေ။

တံခါးကို သစ်ပင်များခြင့်ဖုံးအုပ်ထား မျက်ကွယ်ပြုထားခြင်းရှိသည်။ ထို့ကြောင့် ကိန်လှေ့တို့အနေဖြင့် တံခါးကို အလွယ်တကူပင် ဖွင့်နိုင်သည်။

တံခါးပွင့်သွားပြီးနောက် နှစ်ယောက်သား လိုဏ်ဂူထဲသို့ အဆာဝင်ရောက်သွားခဲ့ကြသည်။

လိုဏ်ဂူထဲဝယ် သူတို့တွေ့လိုက်ကြရသည်တို့မှာကား....။

★

## အခန်း ( ၂ )

ချမင်းကျွန်း၊ ချန်ကျွန်းမြစ်ဝနားတွင်တည်ရှိသည်။

ချမင်းကျွန်း၊ ထည်ရှိရာ နေရာဒေသမှာ ခရီးလမ်းဆက်သွယ်မှု အတော်ညံ့ဖျင်းသည်။

ထို့ကြောင့် ချမင်းကျွန်းမှာ သိပ်ပြီးစည်စည်ကားကားမရှိလှချေ။

ချမင်းကျွန်းသားတို့မှာ များသောအားဖြင့် ဆေးလိပ်ခင်းနှင့် ငါးဖမ်းလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းကြရသည်။

ချမင်းကျွန်းမှာ ကျယ်ဝန်းလှသည်။ အလျားမိုင် ၁၈ နှင့်အနံမိုင် ၅၈ ခန့်ရှိသည်။



www.burmeseclassic.com

ချမ်းမြို့မှာ ချမ်းကျွန်း၏ အရှေ့ဘက်တောင်ခြေတွင် တည်ရှိသည်။ ထိုမြို့တွင် စည်စည်ကားကားမရှိလှသော်လည်း ထိုမြို့တွင်ရှိသည့် ဟိုင်လို့ဖျော်ပွဲစားရုံကမူ အတော်ပင် ထည်ထည်ဝါဝါရှိသည်။

ဟိုင်လို စားသောက်ဆိုင်တွင် ချက်ပြုတ်တည်ခင်းသော ငါး ပုစွန်နှင့် အခြား ရေထွက်ပစ္စည်း ဟင်းလျာများမှာ အထူးနာမည်ကျော်ကြားသည်။

ထို့ကြောင့် ချမ်းကျွန်း ပင်လယ်ထွက်ဟင်းလျာကောင်း ကြိုက်တတ်သူများက တကူးတကပင် ဟိုင်လိုဖျော်ပွဲစားရုံသို့ လာရောက်စားသောက်ကြသည်။

ချမ်းကျွန်းနှင့် ချမ်းမြို့တို့မှာ မစည်ကားသော်လည်း ဟိုင်လိုဖျော်ပွဲစားရုံတွင်တော့ အမြဲစည်စည်ကားကား ရှိနေတတ်သည်။

ကိုးလပိုင်း၊ နှစ်ဆယ်ရက်နေ့၊ ညအချိန်ပိုင်းမှာ ပင်လယ်ပိုင်းဒေသတွင် လေပြင်းများ မကြာခဏတိုက်ခတ်တတ်သောကြောင့် ဟိုင်လိုဖျော်ပွဲစားရုံမှာ အရောင်းရအပါးဆုံးသော အချိန်ကာလမျိုးပင်ဖြစ်သည်။

နေ့လယ်ပိုင်း နေ့လယ်စာ စားသောက်ချိန်ဖြစ်သည့်တိုင် ဟိုင်လိုဖျော်ပွဲစားရုံ၏အပေါ်ထပ်ရှိ စားသောက်ခန်းဆောင်ကြီးထဲ၀ယ် ဧည့်သည်ဟူ၍ စုစုပေါင်း ငါးယောက်မျှသာ ရှိနေခဲ့သည်။



ဝတ်စားဆင်ယင်မှုများကို ကြည့်ရခြင်းအားဖြင့် သုံးဦးမှာ ချမ်းကျွန်းသားများဖြစ်ကြပြီး ကျန်နှစ်ဦးမှာ အခြားမြို့ရွာမှ ရောက်ရှိလာကြသူများဖြစ်ကြောင်း သိသာနိုင်၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိသော လုလင်ပျိုတစ်ယောက်ဖြစ်ပြီး ရုပ်မွန်ချောမောသည်။

ကျန်တစ်ဦးမှာ အသက်နှစ်ဆယ်ခန့်ရှိသော မိန်းမပျိုလေးဖြစ်သည်။ မိန်းကလေး၏ ရုပ်ရည်မှာလည်း နတ်မိမယ်တမျှ ချောမောလှပသည်။

လုလင်ပျိုနှင့် မိန်းကလေးတို့ နှစ်ယောက်စလုံးမှာ ဖျတ်လတ်သွက်လက်သော အမူအရာ သွင်ပြင်များရှိကြသည်။ ထိုနှစ်ယောက်မှာ ချစ်လုလင်ကိန်လေ့နှင့် ဂန္ဓာသူဇာလင်ယုယုတို့ပင် ဖြစ်ကြပေသည်။

သူတို့နှစ်ယောက်၏ အသွင်အပြင်မှာ မိစ္ဆာကျွန်းပေါ်သို့ ရေမျောကမ်းတင်အဖြစ်ဖြင့် ရောက်ခဲ့ရစဉ်ကလိုမျိုး မဟုတ်တော့။

ဝတ်အစားများသားသားနားနားဖြစ်နေသလို ရုပ်သွင်များကလည်း လန်းလန်းဆန်းဆန်းရှိနေကြသည်။ နှစ်ယောက်သား ပင်လယ်ပြင်ဘက်ကို မျက်နှာမူထားသည့်ပြတင်းပေါက်အနားရှိသည့် စားပွဲဝိုင်းတွင်ထိုင်ကာ စားသောက်နေကြရာမှ လင်ယုယုက မပြုံးတပြုံးလေးဖြင့် စကားဆိုသည်။

'ကဲ…ကိန်လေ့၊ ရှင့်ကို ကျွန်မ အမိန့်တစ်ခု ပေးတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာစကျွန်းပေါ်တွင် အလောင်းအစားလုပ်ခဲ့ကြရာ၌ ရှုံးခဲ့ရသော ကိန်လွေ့ကလည်း ရယ်ရယ်မောမောပင် ပြန်ပြောသည်။

'ကျွန်ုပ် အလောင်းအစားမှာ ရှုံးခဲ့တာဆိုတော့ မင်းချမှတ်တဲ့အမိန့်ကို နာခံရမှာပေါ့၊ ကဲ…ပြောစမ်းပါဦး၊ ဘာများလဲ'

'စားပွဲထိုးကိုခေါ်ပြီး နဂါးလေးစွမ်းကွမ်းရဲ့ မိတ်ဆုံစားသောက်ပွဲအကြောင်း မေးမြန်းစုံစမ်းကြည့်စမ်းပါ'

'ကောင်းပါပြီခင်ဗျာ'

ကိန်လွေ့က ဤသို့ပြန်ပြောပြီးနောက် စားပွဲထိုးကိုလက်ခုပ်တီး ခေါ်လိုက်သည်။

ချက်ချင်းဆိုသလိုပင် သူတို့စားပွဲအနားသို့ စားပွဲထိုး လူရွယ်လေးတစ်ယောက် ရောက်လာသည်။

'ဘာများအလိုရှိပါသလဲဆရာ'

'ခင်ဗျားကို မေးစရာရှိလို့ပါ'

'ဟုတ်ကဲ့၊ မေးပါဆရာ'

'လွန်ခဲ့တဲ့ ရှစ်လပိုင်း၊ လပြည့်နေ့က ယောဇီဟိုင်လိုမျော်ပွဲစားရုံမှာ အတော်စည်ကားတဲ့ မိတ်ဆုံစားပွဲတစ်ခုလုပ်ခဲ့တယ် မဟုတ်လား၊ အဲဒါကို ခင်ဗျား မှတ်မိသေးလား'

'နဂါးလေးစမ်းကွမ်း တည်ခင်းတဲ့ မိတ်ဆုံစားသောက်ပွဲကိုပြောတာလား'

'ဟုတ်တယ်'

'ဟာ…မှတ်မိတာပေါ့၊ အဲဒီမိတ်ဆုံစားသောက်ပွဲကို ယောသည် ခန်းမဆောင်ထဲမှာပဲ ကျင်းပခဲ့တာပဲ၊ ကျွန်တော်ထဲ



စားပွဲထိုးလုပ်ပေးခဲ့ရသေးတယ်၊ သိပ်ပြီးစည်စည်ကားကား ရှိတာပဲ၊ အာ…မှတ်မိပြီ၊ မှတ်မိပြီ၊ ဆရာတို့နှစ်ယောက်ထဲ အဲသည်မိတ်ဆုံစားပွဲမှာ ပါခဲ့ကြသေးတာပဲမဟုတ်လား'

စားပွဲထိုးလုလင်၏စကားကိုကြားရသောအခါ ကိန်လွေ့နှင့် လင်ယုယုတို့မှာ ထိတ်လန့်အံ့ဩသွားကြကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

တစ်ဘက် ရန်သူများက မိမိတို့နှစ်ယောက်ကို မေ့ဆေးခတ်ကာ သစ်ဖောင်တွင် ကြိုးချည်ကာမျှောလိုက်ကြပြီး၊ မိမိတို့အသွင် ရုပ်ဖျက်အယောင်ဆောင်ကာ မိတ်ဆုံစားသောက်ပွဲသို့ တက်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သူတို့နှစ်ယောက်စလုံး ရိပ်မိလိုက်ကြသည်။

'ကျွန်တော် အကြည့်လွဲသွားတာ ဖြစ်နေမလားမသိဘူး၊ ဒါ ကျွန်တော်ပြောမိတာ မဟုတ်ဘူးဆိုရင် ခွင့်လွှတ်ကြပါ ဗျာ'

ကိန်လွေ့နှင့် လင်ယုယု အမူအရာ ပျက်သွားကြသည်ကို အကဲခတ်မိလိုက်သည့်အတွက် စားပွဲထိုးလုလင်က တောင်းပန်စကားဆိုသည်။

'ဟုတ်တယ်၊ ခင်ဗျားအကြည့်လွဲနေပြီ၊ အဲသည်မိတ်ဆုံစားပွဲမှာ ကျွန်တော်တို့နှစ်ယောက် မပါပါဘူး'

ကိန်လွေ့က ဣန္ဒြေပြန်ဆည်လိုက်ပြီး ရယ်မော ပြောဆိုလိုက်သည်။

'ဟုတ်ကဲ့၊ အဲသည်မိတ်ဆုံစားပွဲကို လာကြတဲ့ လူတွေဟာ အသက်ငယ်ရွယ်ပြီး ဝတ်စားထားကြတာတွေက သန့်နှာ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရှင်ရည်တလဲ ခံ ညားချောမောနေတာပဲဆိုတော့ ဆရာတို့ရဲ့ပုံစံမျိုးနဲ့ အတော်တူတာကြောင့် ကျွန်တော် မှားသွားတာပါ'

'အဲသည် မိတ်ဆုံစားပွဲရဲ့ အကြောင်းကို ခင်ဗျား သိရှိသလောက်ပြောပြစမ်းပါ'

ကိန်လွှေ့က ဤသို့ပြောရင်း ငါးကျပ်တန်ငွေစက္ကူတစ်ရွက်ကို စားပွဲထိုးလူငယ်၏လက်ထဲ အသာထည့်ပေးလိုက်၏။

ထိုခေတ်အခါက အသပြာငါးကျပ်မှာ တန်ဖိုးမနည်းပေ။ ယှိုင်လို မျော်ပွဲစားရုံလို နေရာမျိုးဝယ် လူနှစ်ဆယ်စာ ထမင်းဝိုင်းကို အကောင်းစား ဟင်းလျာများနှင့် မှာယူစားနိုင်သည်။ စားပွဲထိုးလူငယ်မှာ ငွေစက္ကူကိုယူရန် လက်တွန့်နေသည်။

'ယူပါဗျ၊ ခင်ဗျားကိုတမင်သက်သက်ဆုချတာပါ'

'ဟာ…ဆုငွေက သိပ်များလွန်းတယ်ဗျာ'

'အဲသည်မိတ်ဆုံစားပွဲ ဖြစ်ပျက်ခဲ့တာတွေကို ပြည့်ပြည့်စုံစုံ ပြောပြနိုင်ရင် နောက်ထပ် အသပြာတစ်ဆယ်ဆုထပ်ချဦးမယ်'

စားပွဲထိုးလူငယ်၏မျက်နှာ မှိုင်းသောမျက်နှာလို ဝင်းဝင်းရွှင်လန်းသွားသည်။

'ဟုတ်ကဲ့၊ဟုတ်ကဲ့၊ ကျွန်တော်သိထားသမျှ ဘာမှမချန်မချန်ပဲ အားလုံးပြောပြပါမယ်၊ ဆရာတို့က ဘာကိုသိချင်တာလဲ၊ဘာကစပြောရမှာလဲ'

'နဂါးလေးစမ်းကွမ်းဟာ ချမ်းကျွန်းဇာတိဆိုတာဟုတ်သလား'



'ဟုတ်ပါတယ်'

'ဒါဖြင့် သူ့အကြောင်းက စပြောကွာ'

'နဂါးလေး စမ်းကွမ်းဟာ ချမ်းမြို့က မြို့မျက်နှာဖုံး သူဌေးကြီးစမ်းကွမ်းရိလင်ရဲ့ဇာတိယသား၊သူတို့မျိုးရိုးက သိုင်းမျိုးရိုးမဟုတ်ပါဘူး၊ ဒါပေမယ့် နဂါးလေးစမ်းကွမ်းက ဘာအယ်လိုလုပ်ပြီး သိုင်းပညာ သင်ကြားတတ်မြောက်လာတယ်သေပါဘူး…

'ထူးချွန်တဲ့သိုင်း သမားကောင်းတစ်ယောက် ဖြစ်လာပါတယ်၊ သူဟာ သိပ်ပြီးအိမ်မကပ်ဘူး၊ မမြဲတမ်းလိုလိုပဲ သိုင်းလောကထဲမှာ လှည့်လည်သွားလာနေတတ်ပါတယ်၊ တစ်နှစ်မှာ တစ်လလောက်ပဲ အိမ်မှာရှိတယ်လို့ ကြားရပါတယ်'

'အင်း… တော်ပြီ၊ မိတ်ဆုံစားသောက်ပွဲကျင်းပဖို့ ဘယ်လိုစီစဉ်သလဲဆိုတာလဲ ဆက်ပြောပြပါဦး'

'သည်နှစ် ရွှေလပိုင်း လဆန်းရက်တစ်ရက်မှာ ကျွန်တော်တို့ မျော်ပွဲစားရုံကို နဂါးလေးစမ်းကွမ်းရောက်လာပြီး လပြည့်နေ့မှာ မိတ်ဆုံစားသောက်ပွဲတစ်ခုလုပ်ချင်ကြောင်း လာပြောပါတယ်…

'ကျွန်တော်တို့ မျော်ပွဲစားရုံပိုင်ရှင်ကလဲ လက်ခံသိုက်ပါတယ်၊ နဂါးလေးစမ်းကွမ်းက အပေါ်ထပ်ခန်းမဆောင်ကြီးတစ်ခုလုံးကို ငှားရမ်းပါတယ်၊ လူအယောက်သုံးဆယ်စာကို အကောင်းဆုံးဟင်းလျာတွေနဲ့ ချက်ပြုတ်ပြီး ထည့်ခင်းပေးဖို့ ငွေ သေချာချာမှာကြားသွားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲသည်လိုစားသောက်ပွဲတည်ခင်းဖို့ ကြိုတင်ချိန်းဆိုစီစဉ်ပြီးတဲ့နောက် နဂါးလေးစမ်းကွမ်းဟာ ချမ်းကျွန်းပေါ်မှာပဲ ဆက်ရှိနေသလား၊ တခြားတစ်နေရာကို ခရီးထွက်သွားသေးသလား'

'အဲဒါကိုတော့ ကျွန်တော်မသိဘူးခင်ဗျ၊ ရှစ်လပိုင်း ဆယ့်လေးရက်နေ့မှာတော့ နဂါးလေးဟာ ကျွန်တော်တို့မျော်ပွဲစားရုံကို တစ်ခေါက်ရောက်လာပြီး သူကြိုတင်စီစဉ်ထားတဲ့အတိုင်း အစီအစဉ်တွေကိုလုပ်ပြီးမပြီး လာမေးတယ်'

'သည်နောက်တော့ကော ဘာတွေဆက်ဖြစ်သလဲ၊ ပြောပါဦး'

'ကြိုတင်စီစဉ်ထားတဲ့အတိုင်း ရှစ်လပိုင်း လပြည့်နေ့မှာ မိတ်ဆုံစားပွဲကိုတည်ခင်းတာပဲပေါ့၊ မွန်းလွဲပိုင်းအချိန်ရောက်လာပြီး ဧည့်သည်တွေ တဖွဲဖွဲရောက်လာကြတယ်…

'နဂါးလေးစမ်းကွမ်းက ဟောဆည် စားသောက်ခန်းဆောင် အဝင်ဝမှာနေပြီး ဧည့်သည်တွေကိုကြိုဆိုတယ်၊ လူကြည့်ရတာ မိတ်ဆုံစားပွဲကို တည်ခင်းပေးတဲ့လူ ဖြစ်ပေမယ့် ရောက်လာတဲ့ဧည့်သည်တွေကိုတော့ သိဟန်မတူဘူးဗျ'

'ခင်ဗျားအ အဲဒီအကြောင်းကိုပြောနိုင်ရဲ့လား'

'ဧည့်သည်တစ်ယောက် ရောက်လာတိုင်း နဂါးလေးစမ်းကွမ်းက နာမည်ကိုအရင်မေးတယ်၊ ပြီးမှ ရောက်နှင့်နေတဲ့လူတွေကိုသွားပြီး မိတ်ဆက်ပေးတယ်၊ ဒါကြောင့် ပြောနိုင်တာပါ'



'ရောက်လာကြတဲ့ဧည့်သည်တွေရဲ့အသွင်အပြင်က ဘယ်လိုရှိသလဲ၊ ဘယ်လိုလူစားမျိုးတွေလဲ'

'အားလုံးသားသားနားနားဝတ်ထားကြပြီး ရည်ရည်မွန်မွန်ရှိတယ်၊ ကျွန်တော် မှတ်မိသလောက်ဆိုရင် အမျိုးသား ဆယ့်ငါးယောက်၊ အမျိုးသမီး ဆယ့်နှစ်ယောက် ရှိတယ်၊ အသက်နှစ်ဆယ် သုံးဆယ်လောက်ရှိကြတဲ့ လူငယ်လူရွယ်တွေချည်းပဲ'

'နဂါးလေးစမ်းကွမ်းပါပါမယ်ဆိုရင် မိတ်ဆုံစားသောက်ပွဲကို တက်ရောက်တဲ့လူ နှစ်ဆယ့်ရှစ်ယောက်ပေါ့ ဟုတ်လား'

ကိန်လျှံက သေချာအောင်မေးလိုက်သည်။

'ဟုတ်ပါတယ်'

'ဧည့်သည်တွေဆီမှာ လက်နက်တွေပါကြသလား'

'ဟုတ်ကဲ့၊ ပါလာကြပါတယ်'

'စားကြ သောက်ကြတဲ့အခါမှာကော လက်နက်တွေကို ဆက်ကိုင်ဆောင်ထားကြသလား'

'ဟုတ်ကဲ့၊ လက်နက်တွေကို ကိုယ်နှင့်မကွာဆောင်ထားကြပါတယ်'

'မိတ်ဆုံစားပွဲအခြေအနေကကော ဘယ်လိုရှိသလဲ'

'အေးအေးဆေးဆေးပါပဲ၊ နှစ်ဆယ့် ရှစ်ယောက်စလုံး စားပွဲရှည်ကြီးတစ်ခုမှာထိုင်ပြီး ယဉ်ယဉ်ကျေးကျေးပဲ စားကြသောက်ကြပါတယ်၊ သိုင်းလောကအကြောင်းတွေကို စပ်မိစပ်ရာပြောကြပါတယ်'

www.burmeseclassic.com



'ညွှန်သည်တွေထဲမှာ ကျွန်တော်တို့နှစ်ယောက်နဲ့ ရုပ်ချင်းဆင်တဲ့လူ ပါသေးလား'

'အဲဒါတော့ ကျွန်တော်သေသေချာချာမပြောနိုင်ဘူး'

'နဂါးလေးစမ်းကွမ်းက ဘာတွေပြောသလဲ'

'ထူးထူးခြားခြားမဟုတ်ပါဘူး၊ မိတ်ဆက်စကားလောက်ပဲ ပြောပါသယ်'

'မိတ်ဆုံစားသောက်ပွဲမှာ အရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခုခုကို ပြောဆိုတိုင်ပင်သေးလား'

'အဲဒါကိုတော့ ကျွန်တော်မသိဘူးခင်ဗျ'

'ဘာကြောင့်မသိတာလဲ'

'ဒီလိုပါ၊ စားသောက်ပွဲတွေ ခင်းကျင်းပြီးတာနဲ့ နဂါးလေးစမ်းကွမ်းက စားပွဲထိုးတွေ မလိုတော့ဘူးလို့ ပြောပါတယ်၊ ဒါနဲ့ ကျွန်တော်တို့လဲ အောက်ထပ်ကို ဆင်းပေးခဲ့ကြရပါတယ်၊ ကျွန်တော်တို့ မကြားစေချင်တဲ့ အကြောင်းကိစ္စတစ်ခုခုပြောကြလိမ့်မယ်လို့ ထင်မိပါတယ်'

'စားသောက်ပွဲက ဘယ်အချိန်လောက်မှပြီးတာလဲ'

'ညဆယ့်တစ်နာရီလောက်မှ ပြီးပါတယ်'

'သူတို့တွေ လူစုခွဲပြီး ထွက်သွားကြသလား၊ တစ်စုတစ်ဝေးတည်းထွက်သွားကြသလား'

'တစ်စုတစ်ဝေးတည်း ထွက်သွားကြတာပါ၊ နဂါးလေးစမ်းကွမ်းလဲ အတူတူပါသွားပါတယ်'

'အဲဒီ မိတ်ဆုံစားသောက်ပွဲ ပြီးတဲ့နောက်ပိုင်းမှာ နဂါးလေးစမ်းကွမ်းကို တွေ့သေးလား'



'မတွေ့တော့ဘူးခင်ဗျ'

'သူက တခြားကိုထွက်သွားတာလား'

'အဲဒါတော့ ကျွန်တော်မသိဘူး'

'နဂါးလေးစမ်းကွမ်းရဲ့အိမ်က ဘယ်နားမှာလဲ'

'ချမ်းမြို့ အနောက်ပိုင်းမှာ သိပ်ခက်ခက်ခဲခဲ ရှာစရာမလိုပါဘူး၊ သူဌေးစမ်းကွမ်းရီလင်ရဲ့ အိမ်လို့မေးရင် ဘယ်သူမဆိုပြောပြနိုင်ပါတယ်'

'ကောင်းပြီလေ၊ ဒီလိုသိရတော့ ကျေးဇူးပဲ၊ ကဲ...ခင်ဗျား သွားနိုင်ပါပြီ'

ကိန်လေ့က ဤသို့ပြောပြီးမှနောက် စားပွဲထိုးလူငယ်ကို ငါးကျပ်တန်ငွေစက္ကူနှစ်ပြားကို ထပ်ပေးလိုက်သည်။

စားပွဲထိုးလူငယ်ကလည်း ကျေးဇူးတင်စကား ပြောကာ ထွက်သွားသည်။

'ကဲ...သည်ကိစ္စကို မင်း ဘယ်လိုသဘောရသလဲ'

စားပွဲထိုးထွက်သွားပြီးသောအခါ ကိန်လေ့က လင်ယွှေကို မေးလိုက်သည်။

'မိတ်ဆုံစားပွဲရဲ့နောက်ကွယ်မှာ လုပ်ကြံမှုတစ်ခုခုရှိရမယ်၊ လုပ်ကြံတဲ့ လူနှစ်ယောက်က ကျွန်မတို့နှစ်ယောက် အယောင်ဆောင်ပြီး မိတ်ဆုံစားသောက်ပွဲကို တက်ရောက်သွားတာကတော့ အမှန်ပဲ၊ နောက်ပြီး တခြား ဘယ်လူငယ်သိုင်းသမားတွေရဲ့အယောင်ဆောင်ပြီး တက်လာကြသေးလဲဆိုတာတော့ အပြောရခက်တယ်'

www.burmeseclassic.com



'ဟုတ်တယ်၊ မင်းတွေးတာဖြစ်နိုင်တယ်၊ ဘို့ဟာ သိုင်းလုလင်ခြောက်ဦးထဲက တစ်ယောက်ပဲ၊ ဒါပေမယ့် ကျွန်တော့် သိုင်းလုလင်ငါးယောက်ကိုတော့ နာမည်သာကြားဖူးတယ်၊ လူကိုတော့ တစ်ခါမှမမြင်ဖူးသေးဘူး၊ ကျွန်တော့်လူငယ်သိုင်းသမားတွေကိုလဲ မသိဘူး၊ မင်းကော'

'ကျွန်မလဲ ရှင့်လိုပဲပေါ့၊ တခြားနတ်သူဇာခြောက်ပါးကိုလဲ မတွေ့ဖူးပါဘူး၊ ကျွန်တော့်လူငယ်သိုင်းသမားတွေနဲ့လဲ တစ်ခါမှ မျက်နှာချင်းမဆိုင်ဖူးသေးဘူး၊ ရှင်နဲ့သာ ကံကြမ္မာချင်းတူပြီး မိစ္ဆာကျွန်းမှာဆုံခဲ့ရတာ'

'နဂါးလေးစမ်းကွမ်းရဲ့ အိမ်ကိုသွားပြီး စုံစမ်းကြည့်ရင် ကောင်းမယ်ထင်တယ်'

'ကောင်းတာပဲ'

'ဒါဖြင့်သွားကြစို့'

ကျသင့်ငွေများကို ရှင်းပေးပြီးနောက် ကိန်လွေ့နှင့် လင်ယုယုတို့ ဟိုင်လိုစားသောက်ဆိုင်မှ ထွက်ခွာလာခဲ့ကြသည်။

× × ×

ယုငွေးစမ်းကွမ်းရိလင်၏ နေအိမ်ကို အလွယ်တကူပင် ရှာတွေ့သည်။

အိမ်ကြီးမှာ လွန်စွာခန်းနားထယ်ဝါသည်။

ခြံဝင်းကြီးကလည်း ကျယ်ဝန်းသည်။

ခြံဝင်းတံခါးမှာ စေ့စေ့ပိတ်လျက်ရှိသည်။



ကိန်လွေ့က တံခါးရွက်ဝယ် တပ်ဆင်ထားသော ကြေးကွင်းကို လှုပ်ခါ၍ ခေါ်ပြုလိုက်သည်။

တံခါးစောင့်ဖြစ်ဟန်တူသော အဘိုးအိုတစ်ယောက် ထွက်လာသည်။

အဘိုးအိုက တံခါးကို ဟစေပေးသာသာ သံသယသွင်ပြင်ဖြင့် ကိန်လွေ့တို့ကို အကဲခတ်ကြည့်ပြီး မေးသည်။

'ဘာကိစ္စရှိလို့လဲ'

'နဂါးလေးစမ်းကွမ်းနဲ့တွေ့ချင်လို့ပါ'

'သူ အခု အိမ်မှာမရှိဘူး'

အဘိုးအိုက ဤသို့ပြောပြီး တံခါးကိုပြန်ပိတ်လိုက်၏။

ကိန်လွေ့က တံခါးအပိတ်မခံဘဲ ကမန်းကတန်းဆိုလိုက်သည်။

'ခဏပါဦး၊ တံခါးမပိတ်ပါနဲ့ဦး၊ ကျွန်တော်တို့က နဂါးလေးစမ်းကွမ်းရဲ့ သူငယ်ချင်းတွေပါဗျ'

'သူ အခု အိမ်မှာမရှိဘူးလို့ပြောပြီးပြီပဲ၊ ဘာရှည်နေတာလဲ...'

'သူဘယ်သွားနေသလဲ'

'မသိဘူး'

ကိန်လွေ့က လင်ယုယုကို မျက်ရိပ်ပြကာ တံခါးကိုအတင်းတွန်းပြီး ခြံဝင်းထဲဝင်လိုက်သည်။

'ဟေ့-ဟေ့...ဒါဘာလုပ်တာလဲ၊ မင်းတို့တွေ့ချင်တဲ့နဂါးလေး မရှိပါဘူးလို့ပြောပြီးပြီမဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



‘ဟုတ်ကဲ့၊ ကျွန်တော်တို့အ သူဌေးမင်း စမ်းကွမ်းရိုလှင်နဲ့ သွားတွေ့မလို့ပါ’

‘သခင်ကြီးက ဘယ်ဧည့်သည်ကိုမှ အတွေ့မခံဘူး’

‘ဘာဖြစ်လို့ အတွေ့မခံတာလဲ’

‘ဘာကြောင့်ပဲ ဖြစ်ဖြစ်ပေါ့ကွ၊ အတွေ့ မခံဘူးလို့ဆိုရင် အတွေ့မခံဘူးပေါ့’

‘ကျွန်တော်တို့ဟာ သူ့သားရဲ့မိတ်ဆွေတွေ သူငယ်ချင်းတွေဆိုတာသိရင် အတွေ့ခံမှာပါဗျာ’

ကိန်လေ့က ရယ်ကြဲကြဲပြောရင်း ရှေ့သို့ ဆက်လျှောက်လှမ်းလာခဲ့သည်။

လင်ယုယုလည်း ဘေးမှလိုက်လာခဲ့သည်။

‘ဟေ့ကောင်တွေ....မင်းတို့ ရိုင်းလှချည်လားကွ၊ ခွင့်မပေးတဲ့ ဘာကြောင့် သူများခြံဝင်းထဲ အတင်းအဓမ္မဝင်ကြရတာလဲ....’

ခြံစောင့်အဘိုးအိုက ဆဲဆိုအော်ဟစ်ရင်း နောက်မှလိုက်လာသည်။

ကိန်လေ့တို့က ကိုယ်ဖော့ပညာလိုသုံးကာ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းလာခဲ့ကြသည် ဖြစ်သောကြောင့် ခြံစောင့် အဘိုးအိုမှာ နောက်တွင်ပြတ်ကျန်ခဲ့သည်။

အိမ်ကြီး၏ရှေ့နားသို့ ကိန်လေ့ နှင့် လင်ယုယုတို့ ရောက်လာကြသည်။

ထိုအခိုက် အိမ်ထဲမှ လူတစ်ယောက်ထွက်လာသည်။



ထိုလူနှင့် ကိန်လေ့တို့မှာ အိမ်ရှေ့နားဝယ် မျက်နှာချင်းဆိုင်မိကြသည်။ ထိုလူ၏ခြေလှမ်းများ တုံ့ရပ်သွား၏။

ကိန်လေ့တို့ကလည်း ခြေလှမ်းရပ်လိုက်သည်။

‘မိတ်ဆွေတို့က ဘာကိစ္စကြောင့် ရေးကြီးသုတ်ပျာဖြစ်နေကြရတာလဲ’

အိမ်ထဲမှထွက်လာသူက ပြောသည်။ ထိုလူမှာ အသက်သုံးဆယ်ခန့်ရှိသည်။ စာပေသမားတစ်ယောက်အသွင်မျိုးဖြစ်ပြီး စကားပြောပုံဆိုပုံအမူအရာ အတော်ပင်ယဉ်ကျေးကျေးနှိမ့်၏။

‘ကျွန်တော့်နာမည် ကိန်လေ့ပါ၊ ဟောဒါက ကျွန်တော့်သူငယ်ချင်း လင်ယုယု၊ ကျွန်တော်တို့ နဂါးလေးစမ်းကွမ်းနဲ့ တွေ့ချင်လို့ လာခဲ့ကြတာပါ’

‘ညီလေး အိမ်မှာမရှိဘူး၊ လွန်ခဲ့တဲ့လကပဲ သူ့မိတ်ဆွေတွေနဲ့ ပြည်မကုန်းမြေဘက်ကို ကူးသွားကြတယ်’

‘လက်စသတ်တော့ နောင်ကြီးက နဂါးလေးစမ်းကွမ်းရဲ့ အစ်ကိုကိုး၊ နာမည်လေးလဲ သိပါရစေ’

‘သိရပါတယ်၊ ကျုပ်နာမည် စမ်းကွမ်းထန်းပါ’

‘ကျွန်တော်တို့မှာ နဂါးလေးစမ်းကွမ်းနဲ့တွေ့မှ ဖြစ်မယ့်ကိစ္စတစ်ခု ရှိနေပါတယ်၊ သူဘယ်ကိုသွားမယ်ဆိုတာကိုကော နောင်ကြီးပြောပြနိုင်မလား’

‘ညီလေးက စိတ်ထင်တိုင်း သွားလာနေတာဆိုတော့ သူဘယ်ကိုသွားမယ်ဆိုတာ ပြောဖို့ခက်ခက်ပဲ’

‘ဒီလိုဆိုရင် နောင်ကြီးနဲ့ပဲ ပြောဆိုဆွေးနွေးပါရစေ’

‘ရပါတယ်ဗျာ၊ ကဲ....အိမ်ထဲကိုကြွကြပါ’

www.burmeseclassic.com



ထိုအချိန်ဝယ် ခြံစောင့်အဘိုးအို လူတို့အနားသို့ ရောက်လာသည်။ စမ်းကွမ်းထန်းကိုယ်တိုင်က အိမ်ထဲသို့ ဖိတ်ခေါ်နေသည်ကို တွေ့ရသည့်အတွက် ဘာမျှမပြောတော့ဘဲ အသာရပ်ကြည့်နေလိုက်ရှိသည်။

× × ×

'ကိုင်း...မိတ်ဆွေတို့လာကြရတဲ့အကြောင်းကိစ္စကို ပြောစမ်းပါဦး'

အိမ်ကြီး၏ ဧည့်ခန်းထဲဝယ် ထိုင်မိကြသောအခါ စမ်းကွမ်းထန်းက မေးလိုက်သည်။

'အစွန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ကျွန်တော်တို့ဟာ နဂါးလေးစမ်းကွမ်းရဲ့ နာမည်ကိုသာကြားဖူးကြတာပါ၊ လူချင်းတော့ တစ်ခါမှမဆုံကြဖူးပါဘူး'

'ဪ...ဪ'

စမ်းကွမ်းထန်းက အံ့ဩသည့်လေသံဖြင့် အာမေဍိတ်သံပြုသည်။

'နဂါးတာင်ကလေးဝင် ကျားညီနောင် ကျားသစ်သုံးမျိုး စတဲ့လူတွေအကြောင်းကိုတော့ နောင်ကြီး သိထားမယ် ထင်ပါတယ်'

'ပမ်းနည်းပါတယ်၊ ကျုပ်က ညီလေးလိုမဟုတ်ဘူး၊သိုင်းလောကအကြောင်းကို လုံးဝမသိဘူး၊ ဒါပေမယ့် ရှစ်လပိုင်းလပြည့်နေ့တုန်းကတော့ ဟိုင်လိုမျှော်ပွဲစားရုံမှာ ညီလေးက လူငယ်သိုင်းသမား နှစ်ယောက်နှစ်ယောက်ကို မိတ်ဆက်ပေးတဲ့ အညာစမ်း



ဆည်ခံထားကိုတော့ သိတယ်။ခင်ဗျားတို့လူတွေဟာ အဲဒီလူငယ်သိုင်းသမားတွေ ဖြစ်နေလားတော့မပြောသတ်ဘူး'

'နောင်ကြီးကြည့်ရတာ နဂါးလေးစမ်းကွမ်းရဲ့ လုပ်ငန်းဆိုင်ငန်းတွေကိုလည်း သိပုံမရဘူး'

'ဟုတ်ပါတယ်၊ညီလေးက ကျုပ်တို့မိသားစုထဲမှာ တစ်မျိုးဆန်းသလိုဖြစ်နေတယ်၊ သူလုပ်ကိုင်တာတွေကို ကျုပ်တို့ကို သိပ်သဘောမကျပါဘူး၊ပြောမရလို့သာ လွှတ်ထားရသာပါ။ ဒါကြောင့် သူ့ကိစ္စတွေမှာလဲ စိတ်မဝင်စားကြပါဘူး'

ဤအတိုင်းဆိုလျှင် စမ်းကွမ်း၏ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ စမ်းကွမ်းထန်းထံမှ သတင်းအစအနရရှိနိုင်မည်မဟုတ်သောကြောင့် ကိန်လေ့ အွှေတော်စိတ်ပျက်သွားမိ၏။

'ကျွန်မတို့ သူ့ဌေးစမ်းကွမ်းရီသင်နဲ့ တွေ့ချင်တယ်၊တွေ့လို့ရနိုင်မလား'

လင်ယုယုက စမ်းကွမ်းထန်းကို လှမ်းမေးသည်။

'ဖေဖေဟာ နာမကျန်းဖြစ်ပြီး အိပ်ရာထဲ လဲနေပါတယ်၊ ဧည့်သည်တွေနဲ့လဲ အတွေ့မခံပါဘူး၊ ပြီးတော့ ခပ်ရှင်းရှင်းပြောရရင် ညီလေးသိုင်းပညာသင်တာကို ဖေဖေ သဘောမတူပါဘူး၊ညီလေးရဲ့အပေါင်းအသင်း သိုင်းသမားတွေကိုလဲ ဖေဖေ ကြည့်လို့မရဘူး...

'ဒီတော့ ခင်ဗျားတို့နှစ်ယောက် ဖေဖေ့ကိုသွားတွေ့ရင် အမှုအကျိုးထူးမှာမဟုတ်ဘူး၊ ခင်ဗျားတို့ ပြောစရာရှိတာ အကြောင်းရှိရင် ကျုပ်ကိုပြောထားတာ ပိုအကျိုးရှိလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိန်လေ့နှင့် လင်ယုယုတို့ တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။

ဧည့်ခန်းထဲဝယ် ခေတ္တမျှ တိတ်ဆိတ်သွားသည်။

ရုတ်တရက် လူငယ်လေးတစ်ဦး ဧည့်ခန်းထဲသို့ အရေးတကြီးအမူအရာဖြင့် အပြေးအလွှား ဝင်ရောက်လာကာ စမ်းကွမ်းထန်း၏နားနားသို့ကပ်ကာ တီးတိုးပြောလိုက်သည်။

စမ်းကွမ်းထန်း၏ အေးဆေး တည်ငြိမ်သော မျက်နှာမှာ သိသိသာသာကြီးပျက်သွားသည်ကို ကိန်လေ့တို့ တွေ့လိုက်ရသည်။

'ခင်ဗျားတို့နှစ်ယောက် ညီလေးကိုတွေ့ချင်တယ်ဆို'

စမ်းကွမ်းထန်းက ကိန်လေ့တို့ကို လှမ်းပြောသည်။

အသံမှာ မသိမသာတုန်ယင်နေ၏။

စမ်းကွမ်းထန်း၏အသွင်မှာ စိတ်ထိခိုက်နေသည့်သဘော ရှိသည်။

ကိန်လေ့နှင့် လင်ယုယုတို့က ခေါင်းညိတ်ပြလိုက်၏။

'တွေ့ချင်ရင် ကျုပ်နောက်ကိုလိုက်ခဲ့'

စမ်းကွမ်းထန်းကပြောပြောဆိုဆို ထိုင်ရာမှထကာ ဧည့်ခန်း အပြင်သို့ထွက်သွားသည်။

ကိန်လေ့တို့မှာ စမ်းကွမ်းထန်း၏အပြုအမူကို နားမလည်နိုင်အောင်ပင် ဖြစ်သွားကြသည်။

စောစောကတော့ နဂါးလေးစမ်းကွမ်း ဤနေအိမ်တွင် မရှိဟုဆိုသည်။ ယခုတော့ နဂါးလေးနှင့် တွေ့ခွင့်ပေးမလိုလို ပြောလာပြန်သည်။



ထို့သော် စဉ်းစားအဖြေရှာမနေတော့ဘဲ စမ်းကွမ်းထန်း နောက်သို့ ထလိုက်လာခဲ့ကြသည်။

စမ်းကွမ်းထန်းက အိမ်ထဲသို့ဝင်မသွား၊ အိမ်ပြင်သို့ထွက်လာသည်။ ခြံဝင်း၏တံခါးမပေါက်ရှိရာသို့ ဦးတည်လာခဲ့၏။

ကိန်လေ့ နှင့် လင်ယုယုတို့မှာလည်း စမ်းကွမ်းထန်း၏ နောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာခဲ့ကြသည်။

နောက်ဆုံးတွင် ခြံဝင်းအဝင်တံခါးပေါက်သို့ ရောက်လာကြသည်။ ခြံဝင်းတံခါးဝမှာ ပွင့်နေသည်။

တံခါးဝနားဝယ် ခေါင်းတစ်ခုချထား၏။ ခေါင်းဘေးဝယ် အဝတ်အစားစုတ်နွမ်းနွမ်းဝတ်ထားသည့်လူလေးယောက် ရပ်နေသည်။

အိမ်နီးနားချင်းဖြစ်ဟန်တူသူ လူဆယ်ဦးခန့် ရပ်ကြည့်နေကြသည်ကိုလည်း တွေ့လိုက်ရသည်။

'ခေါင်းကို ခြံဝင်းထဲသွင်းလာခဲ့ပါ၊ ပြီးတော့ ခြံဝင်းတံခါးကို ပိတ်လိုက်ပါ၊ မဆိုင်တဲ့သူတွေ ခြံဝင်းထဲမဝင်ပါစေနဲ့'

စမ်းကွမ်းထန်းက တံခါးစောင့်အဘိုးအိုကိုပြောလိုက်၏။ ခေါင်းဘေးဝယ် ရပ်နေသူလေးယောက်က ခေါင်းကိုထမ်းကာ ဝင်းထဲဝင်လာကြသည်။

ထိုလူများ ခြံဝင်းထဲရောက်သည်နှင့် တံခါးစောင့်အဘိုးအိုက ဝင်းတံခါးကိုပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ဘယ်သူ ခေါင်းထဲ'

ကိန်လွေ့ က စမ်းကွမ်းထန်းကို မေးလိုက်သည်။

'ညီလေးရဲ့အလောင်းထည့်ထားတဲ့ ခေါင်းလို့ပြောတာပါ၊ ညီလေးဟာ ရှစ်လပိုင်း ဆယ့်သုံးရက်နေ့က သေဆုံးခဲ့တယ်လို့ထဲ ပြောတယ်၊ရှစ်လပိုင်း လပြည့်နေ့က ညီလေးဟာ ဘိုင်လိုဖျော်ပွဲစားရုံမှာ မိတ်ဆုံစားသောက်ပွဲကို တည်ခင်းခဲ့သေးတာပဲ၊ ဘယ်လိုလုပ်ပြီး ဆယ့်သုံးရက်နေ့က ကွယ်လွန်နိုင်မှာလဲ၊ ဒီလူလေးယောက် ကျုပ်တို့ကိုအရှက်ခွဲချင်လို့ သက်သက်မဲ့ ဆယ်နီဉာဏ်ဆင်တာဖြစ်ရမယ်'

စမ်းကွမ်းထန်က မြန်အနေပြုပေးသည်။

'သူတို့ လုပ်ဇာတ်တွင်တာမဟုတ်ဘူးဆိုရင်၊ ခေါင်းထဲက အလောင်းဟာ စမ်းကွမ်းရဲ့အလောင်းဖြစ်ရမယ်'

လင်ယုယုက ကြားဝင်ပြောသည်။

'ဟာ...မဖြစ်နိုင်တာ၊ ဆယ့်သုံးရက်နေ့မှာ သေသွားတဲ့ ညီလေးက ဘယ်လိုလုပ်ပြီး လပြည့်နေ့မှာ သူ့မိတ်ဆွေတွေကို မိတ်ဆုံစားသောက်ပွဲ တည်ခင်းဧည့်ခံနိုင်မှာလဲ'

စမ်းကွမ်းထန်းက လင်ယုယုစကားကို လက်မခံနိုင်ဟန်ဖြင့် ပြောသည်။

'လပြည့်နေ့ညက မိတ်ဆုံစားသောက်ပွဲမှာ ဧည့်ခံတဲ့လူဟာ စမ်းကွမ်း အစစ်မဟုတ်ဘူး၊ အယောင်ဆောင်ထားတဲ့လူပဲ'



'ဟာ...မိန်းကလေး၊ ဘာကြောင့် ဒီလိုပြောနိုင်တာလဲ'

'လပြည့်နေ့ညက မိတ်ဆုံစားသောက်ပွဲကို တက်ခဲ့တဲ့ လူတွေထဲမှာ ကိန်လွေ့နှင့် လင်ယုယုဆိုတာလဲပါပါတယ်၊ ဒါပေမယ့် အဲဒါ ကျွန်မတို့မဟုတ်ဘူး၊ ကျွန်မတို့နဲ့တူအောင် ရုပ်ဖျက်ပြီး အယောင်ဆောင်ထားတဲ့ တခြား လူတွေသာ ဖြစ်တယ်'

'ဟင်...အဲဒါက ဘယ်လိုဖြစ်သွားကြတာလဲ'

'ဒီအကြောင်းကိုပြောပြရင် ထိပ်ရှည်တယ်၊ဒီတော့ နောက်မှ အေးအေးဆေးဆေးပြောပြမယ်၊ အခုလောလောဆယ်မှာတော့ အလောင်းလာပို့တဲ့လူလေးယောက်ကို ကျွန်မ စစ်ဆေးကြည့်ချင်တယ်'

'မေးပါမေးပါ'

စမ်းကွမ်းထန်းက လျှောလျှောလျူလျူပင် ခွင့်ပေးလိုက်သည်၊ ဤတွင် လင်ယုယုကလည်း ထိုလူလေးယောက်ဘက်သို့လှည့်ကာ မေးခွန်းထုတ်လေတော့သည်။

'ရှင်တို့ ဒီအလောင်းကို ဘယ်ကနေသယ်လာခဲ့ကြတာလဲ'

'ချွန်ဟိုင်မြို့ကပါ'

'ဘာနဲ့သယ်လာခဲ့ကြတာလဲ'

'သင်္ဘောနဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'အလောင်းကို ဒီနေရာရောက်အောင် ပို့ခိုင်းလိုက်တာက ဘယ်သူလဲ'

'ဝမ်စန်လင်က အပို့ခိုင်းလိုက်တာပါ'

'ဝမ်စန်လင်...ဟုတ်လား၊ အဲဒါက ဘယ်သူလဲ'

'ကျင့်ယိုင်မြို့က သူဌေးတစ်ယောက်ပါ၊ သူက ခေါင်းကို ရှာပေးတဲ့အပြင် လမ်းစရိတ်ငွေကိုလဲ ထုတ်ပေးလိုက်ပါသေးတယ်'

'ကွယ်လွန်သူရဲ့နေအိမ် ဒီမှာရှိတယ်ဆိုတာ၊ သူက ဘယ်လိုလုပ်သိတာလဲ'

'သေဆုံးသူ ကိုယ်တိုင် အသက်မသေမီက ပြောသွားခဲ့တာပါ'

သူက ဘယ်လိုဖြစ်ပြီး ကျင့်ယိုင်မြို့မှာ သေဆုံးခဲ့ရတာလဲ'

'ဒီလူဟာ သစ်တောင်မှာ ကြိုးနဲ့ မလှုပ်နိုင်အောင်အတုပ်ခံရပြီး မျှောနေရာက ကျင့်ယိုင်မြို့ရဲ့ဆိပ်ကမ်းမှာ လာတင်နေပါတယ်၊ အဲဒါကို တင်ပါသည်တစ်ယောက်က မြင်တွေ့သွားပြီး သူ့ကိုကယ်ဆယ်ဖို့ ကြိုးစားပါတယ်....

'အဲဒီအချိန်မှာ သူဟာ အသက်ငွေ့ငွေ့ပဲရှိပါတော့တယ်၊ သူ့နာမည်က စမ်းကွမ်းလို့ခေါ်တယ်ဆိုတာရယ်၊ ချမ်းမြို့မှာနေတယ်ဆိုတာရယ် ပြောပြီးတာနဲ့ သေဆုံးသွားပါတယ်'

စမ်းကွမ်းလည်း မိမိတို့ကြုံရသည့် ဆုံကြမ္မာမျိုးကို ကြုံခဲ့ခြင်းဖြစ်မည်ဟု ကိန်စလေ့နှင့် လင်ယုံယုံတို့က တွေးမိကြ၏။



ကိန်လေ့နှင့် လင်ယုယုတို့မှာ ဆံကောင်း ထောက်မှု၍ မီစ္စာကျွန်းသို့ရောက်ရှိသွားပြီး သေဘေးမှ လွတ်မြောက်ခဲ့ကြသည်။

စမ်းကွမ်းမှာမူ ကံမကောင်းဘဲ အသက်ဆုံးရှုံးခဲ့ရသည်။

'ခေါင်းထဲ မှာပါလာတဲ့ အလောင်းဟာ ညီလေးရဲ့ အလောင်း ဟုတ် မဟုတ် ကျုပ် ကြည့်ချင်တယ်၊ ခေါင်းကို ဖွင့်ပြပါ'

စမ်းကွမ်းထန်းက ပြောသည်။

'သူတဲ ဖြစ်လပိုင်း ဆယ့်သုံးရက်နေ့မှာ သေဆုံးသွားခဲ့တာဆိုတော့ အခုဆိုရင် တစ်လခေါင် ကျော်နေပါပြီ၊ အလောင်းက ပုပ်ပွနေပြီဆိုတော့ ဖွင့်ကြည့်လဲ လူရုပ်ကိုမှတ်မိနိုင်မှာမဟုတ်ပါဘူး'

အလောင်းသယ်လာသူက ပြောသည်။

'ကျုပ်ညီရဲ့ အလောင်းသာမှန်ရင်တော့ ဘယ်လောက်ပဲ ပုပ်ပုပ် ကျုပ်ကောင်းကောင်းမှတ်မိပါတယ်၊ ခေါင်းကိုသာ ဖွင့်ပြကြပါ'

ဤတွင် အလောင်းလာပို့သူတစ်ယောက်က ဓားမတိုတစ်ချောင်းဖြင့် ခေါင်းအဖုံးကို ကလန့်ကာဖွင့်ပြလိုက်သည်။

ခေါင်းအဖုံးကို အသေပိတ်ထားသည်မဟုတ်သော ကြောင့် ဓားမဖြင့် ကလန့်လိုက်သည်နှင့် ခေါင်းအဖုံးမှာပွင့်သွားပြီး အပုပ်နံ့လည်း ထောင်းထလာသည်။

www.burmeseclassic.com

လင်ယုယုမှာ အပုပ်နံ့ကိုမခံနိုင်၍ နှာခေါင်း ပိတ်ကာ နောက်သို့ဆုတ်လာခဲ့သည်။

ကိန်လေ့သာ အပုပ်နံ့ကို အားတင်းရှူရင်း ခေါင်းထဲသို့ ကြည့်လိုက်သည်။

ခေါင်းထဲရှိလူသေအလောင်းမှာ လူလုံးမပျက်ခဲ့သော်လည်း ပုပ်ပွရှိနေပြီ။

ကိန်လေ့မှာ နဂါးလေးစမ်းကွမ်းကို ယခင်ကတွေ့ဖူးသူမဟုတ်၍ထို့ကြောင့် အလောင်းကိုကြည့်နေသော်လည်း နဂါးလေးစမ်းကွမ်းအလောင်း ဟုတ် မဟုတ်ကိုမူ မသိပေ။

သို့ဖြစ်ရာ စမ်းတွမ်းထန်း၏ အရိပ်အခြေကိုသာ ကြည့်၍ အကဲခတ်နေရသည်။

စမ်းကွမ်းထန်းမှာ မျက်ရည်တွေတွေကျဆင်းကာ ခေါင်းထဲရှိ ရုပ်အလောင်းကို ငေးစိုက်ကြည့်နေသည်။

သေချာပြီ၊ ခေါင်းထဲရှိ အလောင်းမှာ နဂါးလေးစမ်းကွမ်း၏ အလောင်းပင်ဖြစ်သည်။

ကိန်လေ့သည် လင်ယုယုကို လှမ်းကြည့်ကာ ဦးခေါင်းတစ်ချက်မသိမသာဆတ်ပြလိုက်သည်။

နဂါးလေးစမ်းတွမ်းမှာ ကွယ်လွန်သွားခဲ့လေပြီ။

ကျွန်လူငယ်သိုင်းသမား ၂၅ ဦးတို့၏ ကံကြမ္မာ မည်သို့ရှိမည်နည်း၊ ဤကိစ္စများ၏ လက်သည်တရားခံမှာ မည်သူပါနည်း။



ကိန်လေ့တို့အဖို့မှု လက်သည်တရားခံကို ဖော်ထုတ်ရန်နှင့် ကျွန်လူငယ်သိုင်းသမား ၂၅ ဦး နဂါးစမ်းကွမ်းလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံစေရန် အချိန်မီကာကွယ်တားဆီးပေးရမည့် တာဝန် ရှိလာသည်။

★

www.burmeseclassic.com

## အခန်း ( ၃ )

ကိန်လေ့နှင့် လင်ယုယုတို့ ချမ်းကျွန်းမှ ချက်ချင်းထွက်ခွာလာကြသည်။

ပြည်ကျောက်မြေသို့ရောက်သည်နှင့် မြင်းနှစ်ကောင်ဝယ်ယူကာ တစ်ယောက်တစ်စီးစီ စီးနင်း၍ ခရီးဆန့်ခဲ့သည်။

နဂါးလေးစမ်းကွမ်းအယောင်ဆောင်ထားသူ လှည့်ဖျားစည်းရုံးခေါ်ဆောင်သွားသည့် လူငယ်သိုင်းသမား ၂၅ ဦးကို စုံစမ်းရှာဖွေကြသည်။

ငါးရက်ခန့် ခရီးနှင်ရင်း စုံစမ်းခဲ့ကြသော်လည်း လူငယ်သိုင်းသမားများနှင့် ပတ်သက်သည့် သတင်းအစအနပင် မရပေ။



'ဘယ်လိုလဲ ယုယု၊ ဟိုလူတွေအကြောင်း သတင်းအစအနတောင် မရပါလား၊ ကိုတို့တွေ အလိုက်မှားနေပြီ ထင်တယ်'

ခရီးတစ်ထောက်နားရင်း ကိန်လေ့က လင်ယုယုကို မေးလိုက်သည်။

'ပျောက်သွားတဲ့ သူတို့လုပ်ရပ်က ဘယ်နေရာကိုသွားသွား လူမျိုးတော ဆက်ဆံ ... အမှန်ပဲ၊ သူတို့ဟာ ဗီလမ်းအတိုင်းသွား ရိုးကုန်ရင် ... နေရာမှာ ... တစ်ခါလေ့မှာတော့ သူ့ကိုအကြောင်းကို ပြောမှာပဲ'

'သူတို့ နှစ်ဆယ့်ငါးယောက်လုံး တစ်စု တစ်ဝေးတည်းသွားကြပါ့မလား'

'နှစ်ဆယ့်ငါးယောက်လုံး တစ်စုတစ်ဝေးတည်း မသွားတောင် သုံးဖွဲ့ခွဲပြီးသွား နိုင်တယ်၊ နဂါးလေးစမ်းကွမ်းတော့ရယ်၊ ရှင်နဲ့ ကျွန်မလို အယောင်ဆောင်ထားတဲ့ လူနှစ်ယောက်ရယ်၊ အုပ်စုသုံးစုစီကို ဦးဆောင်လိမ့်မယ်'

'ဒီလိုဆိုရင် ဘယ်ကိုလုပ်ကြမလဲ'

'အခု ကျွန်မတို့က မြောက်ဘက်ကို ဦးတည်သွားနေကြတယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'ဒီတော့ ကျွန်မတို့ အခု ကမ်းရိုးတန်းဘက်ကို ပြန်လှည့်ကြမယ်'

'ဒေါ့ ... ကမ်းရိုးတန်းဘက်ကိုသွားကြမယ်ဆို မင်းက ... နေသလား'

'ဒီတိကျကျတော့ မပြောနိုင်ဘူး၊ ဒါပေမယ့် ကျွန်မဘိုနှစ်ယောက်လုံး ပင်လယ်ပြင်မှာ အလစ်အဖမ်းခံကြရတယ်မဟုတ်လား၊ နဂါးစားစမ်းကွမ်းအဖစ်ဟာလဲ ပင်လယ်ပြင်မှာပဲ အသက်ပျောက်ခဲ့ရတယ်၊ ဒီတော့ နဂါးလေးစမ်းကွမ်း ဟာတူဟာ ကမ်းရိုးတမ်းနဲ့ ပင်လယ်ပိုင်းဒေသတွေမှာ ပြဿနာ ခညောင်းတဲ့လူ ဖြစ်ရမယ်၊ ဒါကြောင့် လှုငယ် သိုင်းသမားတွေကိုလဲ ကမ်းရိုးတန်းဘက်ကို ခေါ်သွားပုံပိုချားတယ်'

ကိန်းလွှနှင့် လင်ယုယုတို့သည် ကမ်းရိုးတန်းဘက်သို့ခရီး ပြန်လှည့်လာခဲ့ကြသည်။

ဆယ်ရက်ခန့်ကြာသောအခါ အုရှင်းမြို့သို့ ရောက်လာကြသည်။

စားသောက်ဆိုင်တစ်ဆိုင်တွင်ဝင်ကာ စားသောက်ဖွယ်ရာများ မှာယူစားသောက်ကြသည်။

ကိန်းလွှတို့စားသောက်နေကြတဲ့ စားသောက်ဆိုင်ထဲသို့ လူနှစ်ယောက် ဝင်လာသည်။ ထိုလူနှစ်ယောက်သည် ကိန်းလွှတို့၏စားပွဲနှင့် မလှမ်းမကမ်းတွင်ရှိသော စားပွဲသို့ ဝင်ထိုင်ကာ အရက်တစ်အိုးနှင့် အမဲကြော်တစ်ပွဲ မှာလိုက်၏။

ကိန်းလွှက ထိုလူနှစ်ယောက်ကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။

တစ်ယောက်မှာ အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအိုကြီးဖြစ်ပြီး၊ ကျန်တစ်ယောက်မှာ အသက်သုံးဆယ်ခန့်ရှိ လူရွယ်တစ်ယောက်ဖြစ်သည်။



ဝတ်စားပုံမှာ သိုင်းသမားများ ဝတ်လေ့ရှိသော အဝတ်အစားများဖြစ်သည်။

'မင်းတွေ့ခဲ့တာ အားလုံးနှစ်ဆယ့်ရှစ်ယောက်နော်'

အဘိုးကြီး၏ပြောကြားသံကို ကြားရသည်တွင် ကိန်းလွှနှင့် လင်ယုယုတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

'ဟုတ်တယ်၊ ယောက်ျားမျိုးဆယ့်ခြောက်ယောက်နဲ့ မိန်းမမျိုး ဆယ်နှစ်ယောက်ပါ'

'ဒီလိုဆို နဂါးကမ်းကောင် ကျားညီနောင် ကျားသစ်သုံးမျိုး လူတွင်ကျယ်လေးယောက် သိုင်းလုလင်ငါးဦး ဟယ်သာခြောက်ဖော် နတ်သူဇာခုနစ်ပါးရယ်သို့ ကျော်ကြားနေတဲ့ လူငယ်သိုင်းသမား နှစ်ဆယ့်ရှစ်ယောက်ပဲဖြစ်ရမယ်....

'သူတို့က တာခကြောင်းတစ်စုတစ်ဝေးတည်း ရှိနေကြတာလား၊ သူတို့ဟာတွေဟာ တစ်ယောက်နဲ့တစ်ယောက် မပတ်သက်ကြဘူး၊ တစ်ဦးချင်းလှုပ်ရှားနေကြတာပဲ၊ အခုလို အားလုံးစင်စုတဝေးကြီး ရှိနေကြပုံထောက်တော့ အရေးပေါ်ကိစ္စ တစ်ခုခုရှိရမယ်'

ဤတွင် လင်ယုယုက ကိန်းလွှကို မျက်ရိပ်ပြလိုက်သည်။ ကိန်းလွှသည် နေရာမှထကာ အဘိုးကြီးနှင့် လူရွယ်တို့၏စားပွဲသို့ ဖျော့ကျော့လှမ်းလာခဲ့သည်။

'မင်္ဂလာပါ အဘနဲ့ နောင်ကြီးတို့၊ အခုလို လာအနှောင့်အယှက်ပေးရတာကို ခွင့်လွှတ်ကြပါဗျာ'

ကိန်းလွှက ယဉ်ကျေးပျူငှာစွာပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာကိစ္စရှိလို့လဲ'

အဘိုးအိုက အံ့ဩသောအမူအရာနှင့် ကိန်လွေ့ကို မော့ကြည့်ပြီးမေးသည်။

'လူငယ်သိုင်းသမားနှစ်ဆယ့်ရှစ်ယောက်အကြောင်း ပြောပြနေတာ ကြားမိလို့ လာမေးတာပါ၊ သူတို့လူစုကို ဘယ်နေရာမှာ တွေ့မိပါသလဲ'

'ဟာ…ခင်ဗျား ခင်ဗျားလဲ လူငယ်သိုင်းသမား နှစ်ဆယ့်ရှစ်ယောက်ထဲက တစ်ယောက်ပဲဖြစ်မှာပေါ့'

လူရွယ်က ကိန်လွေ့ကို သေသေချာချာစိုက်ကြည့်ပြီးမေးလိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်တော်ဟာ သိုင်းလုလင် ခြောက်ယောက်ထဲက တစ်ဦးပါ၊ ချစ်လုလင်ကိန်လွေ့လို့ခေါ်ပါတယ်၊ တို့မိန်းကလေးကလေးပေ့ါ့ နတ်သုဇာခြောက်ပါးထဲက ဂန္ဓမာ သူဇာလင်ယုယုဆိုတာပါပဲ'

ကိန်လွေ့က လင်ယုယုညွှန်ပြပြီးပြောလိုက်၏။

ဤတွင် လင်ယုယုကလည်း ထိုင်ရာမှထကာ ကိန်လွေ့၏ဘေးသို့ လျှောက်လှမ်းလာခဲ့သည်။

'ဟာ…ဟုတ်တယ်၊ ဟုတ်တယ်၊ ခင်ဗျားတို့ နှစ်ယောက်စလုံး ထိုသူတို့အထဲမှာ ကျွန်တော် တွေ့ခဲ့တာပဲ၊ မှတ်မိပြီ မှတ်မိပြီ'

လူရွယ်ကပြောသည်။

'ရှင်တွေ့ခဲ့တာ ကျွန်မနဲ့တူတဲ့အစင် ရုပ်ဖျက်ပြီး အယောင်ဆောင်ထားတဲ့ အတုတွေပါ'



လင်ယုယုက မပြုံးတပြုံးနှင့်ပြောလိုက်သည်။

'ဘာ…အယောင်ဆောင်ထားတဲ့အတုတွေ၊ ဖုတ်ရှဲဆိုစ၊ ကျွန်တော် သေသေချာချာ မှတ်မိပါတယ်ဗျား ခင်ဗျားတို့မှ ခင်ဗျားတို့အစစ်ပါ'

'သူတို့ရဲ့ရုပ်ရည်ပုံသဏ္ဌာန်က ကျွန်မတို့နဲ့ ထပ်တူကျတယ်ဆိုတာ ထူးခြားလားရှင့်'

'ဟာ…တူတယ်၊ သိပ်တူတယ်'

'သူတို့နှစ်ယောက်ကို ဘယ်မှာတွေ့ခဲ့တာလဲရှင့်'

'ကျားရှင်းမြို့မှာပါ'

'ကျားရှင်းမြို့ရဲ့ဘယ်နေရာမှာလဲရှင်'

'ကျုံရှင်ချော်ပွဲသားရုံမှာပါ'

'ဘယ်တုန်းကတွေ့ခဲ့တာလဲ'

'မနေ့က နေ့ခင်းပိုင်းမှာပါ'

'သူတို့ အရှင်ရောက်တာလား၊ ရှင် အရှင်ရောက်နေတာလား ရှင့်'

'ကျွန်တော် အရှင်ရောက်တာပါ'

'ဒါဖြင့် ဘယ်သူ အရင်ထွက်သွားတာလဲ'

'ကျွန်တော် အရင်ထွက်သွားခဲ့တာဗျ'

'ပြော်…ရှင် အဲဒီမှာ ဘယ်လောက်ကြာကြာ နေခဲ့သလဲ'

'နာရီဝက်လောက်ကြာမယ်ထင်တယ်'

'ဒါဆို သူတို့ပြောခဲ့တဲ့စကားကို ရှင်ကြားခဲ့မှာပေါ့နော်'

'မှန်ပါတယ်'

'ဒါဆို သူတို့ဘာတွေများပြောခဲ့ကြသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အစေးအထောက်နဲ့ပတ်သက်ပြီး အများဆုံးဖေဖန်ပြောဆိုကြတာပဲ'

'တခြားကော ဘာတွေပြောသေးလဲရှင့်'

'ကျွန်တော် ကောင်းကောင်းမမှတ်မိတော့ဘူးဗျာ၊ အင်း… ဟုတ်ပြီ၊ သူတို့ထဲက တစ်ယောက်က မိုးကောင်းတောင် ဘယ်လောက်ဝေးသလဲလို့ မေးသံကြားပါတယ်၊ တခြား တစ်ယောက်က နောက် နှစ်ရက် ခရီးဆက်သွားရင် ရောက်ပြီလို့ ပြန်ဖြေသံကြားရတယ်'

'ဒါဖြင့် နောက်ပိုင်းကော ဟင်'

ကိန်လွှေ့က အခြား ဝင်မေးသည်။

'အင်း…နောက်ပိုင်းတော့ ကျွန်တော်လဲ အဝအစားပြီး တာနဲ့ ပျော်ပွဲစားရုံက ဆင်းလာခဲ့တယ်ဗျာ'

ဆက်မေး၍ အကြောင်းမထူးမှန်းသိရှိသော လင်ယုယုက ကိန်လွှေ့ကို မျက်စပစ်လိုက်၏။

'ကဲ… ကျေးဇူးပါပဲဗျာ၊ အခုလို နှောင့်ယှက်မိတာကို ခွင့်လွှတ်ပါ'

ထို့ဖြင့် နှစ်ယောက်သား သူတို့စားပွဲရှိရာသို့ ပြန်လာ၍ တိတ်ဆိတ်စွာ ဆက်လက်စားသောက်ကြသည်။

မိုးကောင်းတောင်သည် အရှင်းမြို့နှင့် မိုင်ခြောက်ဆယ်ခန့် ဝေးသည်။

ကိန်လွှေ့နှင့် လင်ယုယုတို့ မိုးကောင်းတောင်သို့ ရောက်ချိန်မှာ မှောင်ရိသမ်းစပြုနေပြီ၊ မိုးကောင်းတောင်မှာ သိုင်းလောကတွင် နာမည်ထင်ရှားသော နေရာတစ်ခုဖြစ်သည်။



အလွန်အစွမ်းထက်သည့် ဓားမြှောင်တစ်စုံဖြစ်သော မို့ရှယ် ဓားနှင့် ထန်းကျန်းဓားတို့ကို မိုးကောင်းတောင်တွင်သုန်းခဲ့သည် ဟူသော ပုံပြင်ကောလာဟလလည်းရှိသည်။

မိုးကောင်းတောင်ဝန်းကျင်တွင် ရှေးဟောင်းအဆောက်အအုံ အပြိုအပျက်များစွာရှိသည်။

ဤမိုးကောင်းတောင်နှင့်ပတ်သက်သည့် သတင်းစကားကိုကို ကိန်လွှေ့နှင့် လင်ယုယုတို့ ကြားဖူးခဲ့သော်လည်း ဤနေရာသို့ ယခုအခါတွင်မှ ပထမဆုံးအကြိမ်ရောက်ရှိလာခြင်းဖြစ်၏။ တောင်ပေါ်သို့တက်သည့် လမ်းမှာ ကျောက်ခင်းလမ်းကြမ်း ဖြစ်သည်။

ကိန်လွှေ့နှင့် လင်ယုယုတို့ ကျောက်ခင်း လမ်းအတိုင်း တောင်ပေါ်သို့တက်လာခဲ့ကြသည်။

လမ်းတွင် လူသွားလူလာ မရှိဖြစ်နေသည့်အတွက် ကိန်လွှေ့နှင့် လင်ယုယုတို့ အံ့ဩနေကြသည်။

'ဟို… လူစု ဒီနေရာကို ဘာကြောင့်လာကြတယ်လို့ရှင်ထင်သလဲ'

တောင်ပေါ်သို့တက်လာရင်း လင်ယုယုကမေးသည်။

'အဲဒါကိုတော့ တို့လဲမတွေးတတ်ဘူး'

'မို့ရှယ်၊ ထန်းကျန်း၊ ဓားမြှောင်နှစ်လက်ခဲ့များ ပတ်သက်နေမလား'

'ဒီဓားမြှောင်နှစ်လက်က ရှေးဟောင်း ပုံပြင်ထဲမှာပါခဲ့တာ ပါ၊ တကယ်ရှိမရှိ ဘယ်သူမှ တိတိကျကျမပြောနိုင်ပါဘူး'

www.burmeseclassic.com



'ဟို—ရှေးဟောင်းပုံပြင်ထဲက ဓားမြှောင် နှစ်လက်ဟာ... အကြောင်းဆင်ခံခဲ့ရကြောင့် ပြန်ပေါ်ချင်ပေါ်လာနိုင်တာပဲ'

'အင်းလေ...အဲဒီလိုတော့ တကယ်ဖြစ်တဲ့'

'ကျွန်မသာဆိုရင် ဓားမြှောက်နှစ်လက် ပြန်ပေါ်လာပြီဆိုတဲ့ သတင်းကြားတာနဲ့ မိုးကောင်းတောင်ကို ဖျက်ချင်းပြေးလာခဲ့မှာပဲ'

'ဟား...ဟား...ဟား...ကောင်း ပြောတာပဲ ဆိုးပေါ်ဘူး၊ ဒါပေမယ့် တိုက်ဟာ နဂါးလေးစေါင်းကွမ်း အတူဖြစ်မှငြိ ဓားမြှောက်နှစ်လက် ပြန်ပေါ်လာလို့ကြိုး သတင်းကြားတာနဲ့ မိုးကောင်းတောင်ကို တစ်ခေါက်တည်းလာခဲ့မှာပဲ၊ လူပေါ်သိုင်းသမားတွေကို ကြံဖန်စည်းရုံးပြီး ခေါ်မလာဘူး၊ လူများရင် စကားများပြီး လုယက်ကြမယ်မဟုတ်လား'

'ဟုတ်သားပဲ၊ ကျွန်မက ဓားမြှောက်နှစ်လက် အကြောင်းနဲ့ ဆက်စပ်ပြီး တွေးမိတော့ စိုးလျော့ကိတွေးမိတာပါ'

'အဲဒီ ဓားမြှောက်နှစ်လက်ကို ထုန်းလုပ်ခဲ့တဲ့ ကျွန်စိခါးက အခုထိ မိုးကောင်းတောင်မှာ ရှိနေသေးတယ်လို့ ပြောကြတာ ကြားဖူးတယ်၊ ဒါပေမယ့် ဘယ်နေရာမှာ ရှိမှန်းမသိဘူး'

'ဒါဖြင့် တစ်ခေါက်ယောက်ကို မေးကြည့်ပါလား'

'ဒီမှာ လူရိပ်လူရောင်တောင် မတွေ့ရတဲ့ဥစ္စာ၊ ဘယ်သူ့ကို သွားမေးကြည့်ရမှာလဲ'

'ဟောတို ဝါးရုံးတောထဲက မီးရောင်တစ်ချက် တွေ့လိုက်ပါတယ်၊ မီးရောင်ရှိတဲ့နေရာမှာ လူနေအိမ်ရှိမှာပဲ'



ကိန်ရလွှ လှမ်းကြည့်လိုက်သည်။ အတော်ဝေးဝေးတွင် မီးရောင်လက်လက်တွေ့ရသည်။

ကိန်ရလွှနှင့် လင်ယုယုတို့ မီးရောင်လက်ရာထွက်ရာနေရာသို့ ရှေ့ရှုလာခဲ့ကြသည်။ ဝါးရုံတောကို ကျော်ဖြတ်မိသည်နှင့် ဝါးဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးကို တွေ့ရသည်။

မီးရောင်မှာ ထိုဝါးအိမ်လေးမှထွက်ပေါ်လာခြင်းဖြစ်၏။

'အိမ်ရှင်တို့...အိမ်ရှင်တို့'

ကိန်ရလွှက အသံပြုလိုက်သည်။

ဝါးအိမ်ထဲမှ လူတစ်ယောက်ထွက်လာသည်။

ထိုလူမှာ အသက် သုံးဆယ်ကျော်ခန့်ရှိပြီး စာပေသမား တစ်ယောက်၏အသွင်သဏ္ဌာန်ဖြစ်နေသည်။

'မင်္ဂလာပါခင်ဗျာ၊ အခုလို အနှောင့်အယှက်ပေးမိတာကို ခွင့်လွှတ်စေချင်ပါတယ်'

ကိန်ရလွှက ဦးညွှတ်အရိုအသေပေးပြီး ပြောသည်။

'ကိစ္စမရှိပါဘူးဗျာ၊ မိတ်ဆွေတို့က ဘာကိစ္စ ရောက်လာကြတာလဲ'

'ကျွန်တော်တို့ တောင်ပေါ်ကို တက်လာကြရင်း မီးရောင်မြင်တာနဲ့ မေးစရာလေးတောင်းပေါက်ကိုရှာခင် လာခဲ့တာပါ'

'ကြွပါ ကြွပါ...အိမ်ထဲကြွကြွပါဗျ'

အိမ်ရှင်က ဖော်ဖော်ရွေရွေ ဖိတ်ခေါ်သောကြောင့် ကိန်ရလွှနှင့် လင်ယုယုတို့လည်း အိမ်ထဲသို့ ဝင်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲတွင်လည်း အတော်သပ်သပ်ရပ်ရပ်ရှိသည်။ အိမ်နံရံတွင် ကဗျာများရေးသားထားသည့် စာချပ်များ ချိတ်ဆွဲထားသည်။

ထို့ပြင် ဓားရှည်တစ်လက်လည်း ချိတ်ဆွဲထားသည့်ကိုတွေ့ရ၏။ ဓားရှည်မှာ အမြင်အရပ် အတော်သားနား ခံ့ထည်သည်။ ဓားကောင်းတစ်လက်ဖြစ်ကြောင်း သိသာနိုင်သည်။

စာအုပ်များ၊ ပေစာများ၊ ပုရပိုက်များလည်း သူ့နေရာနှင့်သူ သေသေသပ်သပ်ရှိနေသည်။

နေရာထိုင်ခင်း ပေးပြီးနောက် အိမ်ရှင်က လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံသည်။ လက်ဖက်ရည်ကြမ်းမှာ အကောင်းစား လက်ဖက်ခြောက် ခတ်ထားသည့်အတွက် အလွန်သောက်၍ကောင်းသည်။

'နောင်ကြီးရဲ့နာမည်ကို သိပါရစေလားဗျာ'

လက်ဖက်ရည်ကြမ်း တစ်ကျိုက်သောက်ပြီးနောက် ကိန်လေ့က ပြောလိုက်သည်။

'အကြောင်းကဲ့ဆိုလို့ ခဏတဖြုတ်တွေ့ကြရတာပဲ နာမည်တွေဘာတွေ သိစရာမလိုပါဘူးလေ၊ ရောက်တုန်းရောက်ခိုက် ကျုပ်ရဲ့အိမ်မှာ အေးအေးသက်သာနေကြပါ'

အိမ်ရှင်လူရွယ်က ယဉ်ကျေးစွာဖြင့်ပယ်လိုက်ရာ ကိန်လေ့မှာ ဆက်မမေးသာတော့ပေ။ လက်ဖက်ရည်ကြမ်းကိုသာ ငုံ၍ သောက်လိုက်ရသည်။

'ဟောဒီတောင်ပေါ်ကို အမျိုးသားဆယ့်ခြောက်ယောက်နဲ့ အမျိုးသမီးဆယ့်နှစ်ယောက် ရောက်လာတာတွေ့မိသလား'



အတန်ကြာ ငြိမ်သက်နေပြီးနောက် ကိန်လေ့က မေးလိုက်သည်။

'ဟာ...တွေ့မိတာပေါ့၊ မနေ့ညနေပိုင်းလောက်ကပဲရောက်လာကြပြီး ကျန်စီဓားကန်ရှိတဲ့နေရာကိုမေးလို့ ကျုပ်တလမ်း ပြလိုက်ရသေးတယ်'

'နောက်တော့ကော'

'သူတို့က ကျေးဇူးတင်စကားပြောပြီး ထွက်သွားကြတာပဲ၊ ဒီနောက် သူတို့ကိုမတွေ့ရတော့ဘူး'

'ကျန်စီဓားကန်က ဘယ်နေရာမှာရှိတာလဲ'

'ဒီကနေဆိုရင် နှစ်မိုင်လောက်သွားရမယ်၊ မောင်ရင်လေးတို့က ကျန်စီဓားကန်ကို သွားချင်ကြလို့လား'

'ဟုတ်ကဲ့'

'အခု မိုးချုပ်ပြီ၊ မှောင်မိုက်နေပြီဆိုတော့ လမ်းညွှန်ပေးလည်း မောင်ရင်တို့ သွားတတ်ကြမှာမဟုတ်ဘူး၊ ဒီတော့ ကျုပ်ကိုယ်တိုင် လမ်းပြမယ်'

'ကျေးဇူးပါပဲဗျာ'

အိမ်ရှင်လူရွယ်က ထိုင်ရာမှထကာ နံရံတွင် ချိတ်ဆွဲထားသော ဓားရှည်ကိုလှမ်းယူ၍ ကျောတွင်လွယ်လိုက်သည်။

ဓားလွယ်ကိုယူပုံ၊ လွယ်ပိုးပုံတို့မှာ သွက်လက်မြန်ဆန်လှ၏။ အိမ်ရှင်လူရွယ်မှာ အဆင့်မြင့်ဓားသမားကောင်းတစ်ယောက် ဖြစ်နိုင်မည်ဟု ကိန်လေ့နှင့် လင်ယုယုတို့ မှတ်ချက်ချမိသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



လမိုက်ညမို့ အမှောင်ထုက ကြီးစိုးနေသည်။

ကြယ်ရောင်လေးများကြောင့် ဝိုးတဝါး အလင်းရောင်သာရှိသည်။ လူရှယ်မှာ လမ်းများကိုကျွမ်းကျင်နေပုံရသည်။ ရှေ့မှခေါ်သွက်သွက် ဦးဆောင်ကာလမ်းပြသွား၏။

အချိန် အတော်ကြာကြာ လျှောက်လှမ်းလာခဲ့ပြီးနောက် ရေတံခွန်တစ်ခုရှိရာသို့ ရောက်လာသည်။

ရေတံခွန်၏အောက်ခြေဝယ် ရေအိုင်ငယ်တစ်ခုရှိသည်။ ထိုရေအိုင်ငယ်မှ တစ်ဖန် မြောင်းငယ်လေးအဖြစ် ရေများသည် ဆက်၍စီးဆင်းလာသည်။

ဝိုးတဝါးအလင်းရောင်ဖြင့် မပီမသ မြင်ရသည့်မြင်ကွင်းက ပင် အခြော်လှနေသည်။

'ဟောဒါ ကျွန်စီးကာနံပါးမည်ကျော်မို့ ရှယ်နဲ့ ဆန်ကျွန်းပေါ်မြတ်နှစ်လက်ကို ဒီနေရာမှာသွန်းလုပ်ခဲ့တယ်လို့ စာဆိုရှိတယ်'

လူရှယ်က ပြောသည်။

ရှုမျှော်ခင်းသာယာသော်လည်း ထူးခြားချက်ကိုမျှ မတွေ့ရသောကြောင့် ကိန်လွှနှင့် လင်ယုယုတို့အတော်ပင် စိတ်ပျက်သွားကြသည်။

'ဒီမှာ ဘာထူးခြားချက်မှလဲ မရှိပါလား၊ ဘယ်လိုလုပ်ကြမလဲ'

ကိန်လွှက လင်ယုယုကို လှမ်းမေး၏။

'သေသေချာချာကြည့်ပါဦးလေ၊ ထူးခြားတာတွေ့ရမှာ ရှိပါတယ်'



လူရှယ်က ကြားဖြတ်ပြောသည်။

အသိမှာ အားတက်အားစက်ဖြစ်နေသလို ကိန်လွှ တင်မိ၏ ကိန်လွှနှင့် လင်ယုယုတို့ ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်လိုက်ပြန်သည်၊ မတွေ့သည့်ထူးခြားချက်များ၌

'ဘယ့်နှယ်လဲ၊ ထူးခြားတာတွေ့ပြီလား'

လူရှယ်က အားတက်သရောမေးသည်ဖြင့် မေးပြန်သည်။

'မတွေ့ပါဘူး'

'ဘာမှမတွေ့ပါဘူး'

ကိန်လွှနှင့် လင်ယုယုတို့က ပြိုင်တူပြန်ပြောလိုက်ကြ၏။

'ကျုပ်ပါမြလား၊ ဒီနေရာမှာ မိစ္ဆာတစ်ကောင်ရှိနေတယ်လေ'

'မိစ္ဆာရှိတယ် ဟုတ်လား၊ ဘယ်မှာလဲ'

ကိန်လွှက ဘအံ့တကြီးမေးလိုက်သည်။

'ဒီမှာလေ'

လူရှယ်က သူ့ကိုယ်သူ လက်ညှိုးထိုးပြီး သဘောကျစွာ ရယ်မောသည်။

ကိန်လွှနှင့် လင်ယုယုတို့မှာ အံ့ဩတုန်လှုပ်သွားကြ၏။ သိုင်းလောက အမှောင်နယ်မှ ကြေးစား လူသတ်သမားများ သမားဆိုးများအား 'မိစ္ဆာ'ဟု ခေါ်လေ့ရှိကြောင်းကို ကြား သွားကြသတိရမိသည်။

ယခု မိမိတို့တွေ့နေရသူမှာ ကြေးစားလူသတ်သမားဆိုး ... ဆိုးတစ်ယောက်ဖြစ်မည်ဟု နားလည်လိုက်သည်။

'ခင်ဗျားက ဘယ်လိုမိစ္ဆာမျိုးလဲ'

www.burmeseclassic.com



ကိန်လွေ့က မေးလိုက်သည်။

'ဟား...ဟား...ဟား...ကြေးအကြီးဆုံးမိစ္ဆာလေကွာ'

လူရွယ်က မထီတရိရယ်မောရင်း ပြန်ပြောသည်။

'ကြေးအကြီးဆုံး မိစ္ဆာဟာ ကျူးယူး စာပေသမားတစ်ယောက်ပဲရှိတယ်'

လင်ယုယုက ကြားဝင်ပြောသည်။

'မိန်းကလေးက ပဟုသုတ အကြွယ်သားပဲ၊ တစ်ချက်တည်းနဲ့ မှန်အောင်ပြောနိုင်တယ်'

နာမည်ကျော် ကြေးစား လူသတ်သမားနှင့် ရင်ဆိုင်နေရသည်မို့ ကိန်လွေ့နှင့် လင်ယုယုတို့ ကျောချမ်းမိကြသည်။

ကျူးယူးစာပေသမား မည်မျှကြောက်စရာကောင်းသည်ကို သိုင်းသမားတိုင်းသိထားကြသည်။

ကျူးယူးစာပေသမားနှင့် တွေ့ရလျှင် သေမင်းတမန်နှင့် ရင်ဆိုင်တွေ့ရသည်နှင့်တူသည်ဟုပင် ပြောစမှတ်ပြုသည်။

ကျူးယူးစာပေသမားသည် စာပေပညာနှံ့စပ်သလောက် သိုင်းလည်း အလွန်ကောင်းသည်ဟု ထင်ရှားနေသည်။ ထို့ပြင် ကြေးကောင်းကောင်းရမှ အလုပ်လုပ်လေ့ ရှိကြောင်းလည်း ကိန်လွေ့ သိရှိထားသည်။

ယခု တစ်စုံတစ်ယောက်က ကျူးယူးစာပေသမားကို ငွေပေးကာ မိမိတို့ကို လုပ်ကြံ သတ်ဖြတ်ခိုင်းခြင်း ဖြစ်မည်ဟုလည်း ကိန်လွေ့တို့ တွက်ဆမိသည်။

'ကျုပ်တို့ကိုသုတ်သင်ဖို့ တစ်ယောက်ယောက်က ခင်ဗျားကို ငှားသွားတာလား'



'ဟုတ်တယ်'

ကိန်လွေ့၏ အမေးစကားကို ကျူးယူးစာပေသမားက တုံးတိတိသာ ပြန်အဖြေပေးသည်။

'ခင်ဗျားကိုလာငှားတာ ဘယ်သူလဲ'

'မသိဘူး၊ ငါက ငါရမယ့်ကြေးကိုပဲ စိတ်ဝင်စားတယ်၊ အလုပ်လာအပ်တဲ့လူ ဘယ်သူဘယ်ဝါဆိုတာ ငါက ဂရုမစိုက်ဘူး၊ ဒီနေ့ နေ့လယ်ပဲ လူတစ်ယောက် ငါ့ဆီကို ရောက်လာတယ်...

'မင်းတို့နှစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်ကိုပြောပြပြီး မင်းတို့ကို လုပ်ကြံသတ်ဖြတ်ပေးဖို့ ငွေငါးထောင် ပေးသွားတယ်၊ မင်းတို့နှစ်ယောက် ဒီကို ညနေလောက်ကျရင် ရောက်လာလိမ့်မယ်လို့ပြောတယ်'

'ဪ...အင်း–အင်း၊ အခုမှ ကျွန်တော်စဉ်းစားမိတယ်'

'ဘာလဲ...အဲဒီလူ ဘယ်သူလဲဆိုတာ စဉ်းစားမိပြီလား'

'မဟုတ်ပါဘူး၊ ကျွန်တော် စဉ်းစားမိတာက တခြားကိစ္စ ...ပါ၊ အရှင်းမြို့က စားသောက်ဆိုင်မှာဝင်စားနေကြရင်း ...သိုင်းသမားတွေ ဟောဒီ မိုးကင်းကောင်ဘက် သွား... လို့ လူရွယ်တစ်ယောက်ကပြောလိုက်တယ်...

'အဲဒါကိုအဟုတ်မှတ်ပြီး ကျွန်တော်တို့က လိုက်လာခဲ့ကြ... ...တာ သက်သက်ယ့် လှည့်စားခံလိုက်ရမှန်း နား... ...'

www.burmeseclassic.com

www.burmeseclassic.com



'မင်း စဉ်းစားကြည့်ကောင်းသားပဲ၊ ဟုတ်တယ်၊ မင်းတို့ အလှည့်စားခံရတာပဲ၊ မင်းပြောတဲ့ လူငယ်သိုင်းသမားတွေ ဒီဘက် ကို လုံးဝမလာတော့ပါဘူး'

'ကျွန်တော်တို့ ဘယ်သူတွေလဲဆိုတာ ခင်ဗျားသိရဲ့လား'

'မင်းတို့ ဘယ်သူတွေလဲဆိုတာ ငါမသိချင်ပါဘူး၊ ငါ့ မျက်စိထဲမှာတော့ မင်းတို့ဟာ ငါ့အတွက် ငွေငါးထောင်ရှာ ပေးတဲ့ လူတွေပဲ မြင်တယ်'

'ခင်ဗျား သိချင်နေမယ့် ကျွန်တော်တို့အကြောင်း ပြောပြရဦး မယ်၊ ကျွန်တော်ဟာ သိုင်းလူထွက်ခြောက်ယောက်ထဲက ချစ် လုလင်ကိန်လေ့ ဆိုတာပါ၊ သူကတော့ နတ်သူဇာ ခုနှစ်ပါးထဲ က ဂန္ဓမာသူဇာလင်ယုယုတဲ့'

'ကဲ…ကဲ…ပြောစရာရှိရင် မသေခင်ဝအောင်ပြောထား'

ကျူးယွေးစောပေသာမားက ခပ်လှောင်လှောင်ပြောလိုက်ချိန် ဝယ် လင်ယုယုက ကြားဖြတ်ကာဝင်ပြောသည်။

'ကျွန်မတို့က မကောင်းသူကိုပယ်ပြီး ကောင်းသူကိုကယ် နေကြတာရှင့်၊ ရှင်က လူများအတွက် အန္တရာယ်ကောင်ဆို တော့ ရှင့်ကိုဖယ်ရှားပစ်ရမယ်'

'ဒီကိစ္စ တို့တာဝန်ထားလိုက်ပါ ယုယု၊ မင်းကအသာတော က စောင့်ကြည့်နေ၊ ဟိုမနိုင်ဘူးဆိုတော့မှ ဝင်ကူပါ'

ကိန်လေ့က ဤသို့ပြောပြီး ခါးကြားမှ တစ်ပေခန့်ရှိ သော ဓားတိုလေးနှစ်လက် ဆွဲထုတ်လိုက်သည်။



ကိန်လေ့ သည် ကျင်းနိုးညီနောင်ဟု အမည်မှည့်ထားသည့် ဓားတိုလေးနှစ်စုံ လက်နက်အဖြစ်အသုံးပြုကာ ထင်ပေါ် ကျော်ကြားလာခဲ့သူဖြစ်သည်။

'ကျင်းနိုးညီနောင်'မှာ အကောင်းစား သံမဏိဖြင့်ပြုလုပ် ထားသည့် အလွန်မာကျောထက်မြက်သော ဓားနှစ်လက်ဖြစ်၏။ ပင်လယ်ပြင်တွင် မှော်ဆရာအစောင်ခံမှုစဉ်က ကိန်လေ့၏ လက်စွဲတော် ကျင်းနိုးညီနောင် ဓားကို နှုတ်ချောင်းမှာလည်း ပျောက်ဆုံးသွားခဲ့သည်။

ယခု ကိန်လေ့ကိုင်ဆောင်ထားသည်မှာ မူလ ကျင်းနိုးညီ နောင်'ဓားတိုနှစ်လက်နှင့် ပုံစံချင်းတူအောင်ပြုလုပ်ထားသည့် ဓားများဖြစ်သည်။

'ကျင်းနိုးညီနောင်' ပေါ့မဟုတ်လား

'ဟား…ဟား…ဟား… မင်းက ချစ်လုလင်ကိန်လေ့ ဆို တော့ အဲဒီ ဓားတိုနှစ်လက်က ကျင်းနိုးညီနောင်ဆိုတဲ့ ဓား တွေပဲဖြစ်မှာပေါ့၊ ဟုတ်စ'

'ဟုတ်တယ်၊ ဒီဓားတွေကိုသုံးပြီး သိုင်းသမားဆိုးတွေကို နှိမ်နင်းအနိုင်ယူခဲ့တာ မနည်းတော့ဘူး'

'မင်းက ဘာကြောင့်အဲဒီဓားတွေကို 'ကျင်းနိုးညီနောင်' ဆိုပြီး နာမည်မှည့်ထားရတာလဲ'

'မကောင်းသူပယ်ပြီး ကောင်းသူကယ်ခဲ့တဲ့လူစွမ်းကောင်း ကြီး ကျင်းနိုးကို ဂုဏ်ပြုပြီး မှည့်ခေါ်ထားတာပါ'

(ကျင်းနိုးဆိုသည်မှာ တရုတ်ရာဇဝင်တွင် ထင်ရှားခဲ့သည့် ဓားသမားကောင်းကြီးကို ဆောင်ရွက်ကာ၊ မကောင်းမှုပိုက်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



နေသည့်သူများကို နှိမ်နင်း ချေမှုန်းခဲ့သည့် လူစွမ်းကောင်း တစ်ယောက်ဖြစ်သည်။ စာရေးသူ)

ကျူးယူးစာဝေသမားကလည်း ဓားလွယ်ထဲမှ ဓားရှည်ကို ဆွဲထုတ်လိုက်သည်။

ဝိုးတဝါး အလင်းရောင်အောက်တွင်ပင် ဓား ရောင် တလက်လက်ဖြစ်နေသည်။

ကိန်လေ့နှင့် ကျူးယူးစာဝေသမားတို့ မျက်နှာချင်းဆိုင်ကာ ရပ်၍ တစ်ယောက်ကို တစ်ယောက် စူးစိုက်ကာ အကဲခတ်ကြည့်နေသည်။

ကျူးယူးစာဝေသမား၏အသွင်မှာ ခက်ထန် ကြမ်းကြုတ်ထစ မာန်ပြည့်လှသည်။

ဓားချက်တစ်ချက်တည်းနှင့်ပင် ကိန်လေ့ကိုအပိုင်ခုတ်ချနိုင်တော့မည့် အသွင်မျိုးပင်။

ကိန်လေ့၏အမူအရာကမူ အေးအေးဆေးဆေးနှင့် တည်တည်ငြိမ်ငြိမ်ရှိလှသည်။

ကြေးစားလူသတ်သမားတစ်ယောက်နှင့် ရင်ဆိုင်ရတော့မည့် အသွင်မျိုးပင်မဟုတ်။ မိတ်ဆွေတစ်ယောက်နှင့် သိုင်းပညာချင်းဖလှယ်ကာ ယှဉ်ပြိုင်မည့်အသွင်မျိုးပင် ရှိနေသည်။

ခေတ္တမျှ အကဲခတ် ကြည့်နေပြီးနောက် ကျူးယူးစာဝေသမားက စတင်တိုက်ခိုက်သည်။

ဓားရှည်ကိုင်မြှောက်ကာ ကိန်လေ့ကို စလွယ်သိုင်းခုတ်ချသည်။ ကျူးယူးစာဝေသမား၏ ဓားရှည်မှာ သုံးပေခန့်ရှိ



သည်။ ကိန်လေ့၏ဓားတိုမှာမူ တစ်ပေသာသာခန့်သာ ရှည်သည်။

သို့သော် ကိန်လေ့က ကြောက်ရွံ့ဟန်မပြ။ ညာလက်ရှိ ဓားတိုဖြင့် ကျူးယူးစာဝေသမား၏ ခုတ်ပိုင်းချက်ကို ခုခံချေဖျက်ပစ်လိုက်သည်။

ကျူးယူးစာဝေသမားက ဆင့်ကဲ ဆင့်ကဲ ဓားချက်များဖြင့် မုန်တိုင်းတိုက်သည့်နှယ် တရကြမ်းခုတ်ထစ်တိုက်ခိုက်၏။ ကိန်လေ့က တစ်ချက်ချင်းခုခံတိုက်ခိုက်နေသည်။

တခဏအတွင်းမှာပင် ကျူးယူးစာဝေသမားက ဓားချက် ငါးဆယ်ခန့် ခုတ်ပိုင်းတိုက်ခိုက်ပြီးဖြစ်သွားသည်။

ကိန်လေ့ကလည်း ထိုဓားချက် ငါးဆယ်စလုံးကို ပိုင်ပိုင်နိုင်နိုင်ပင် ခုခံချေဖျက်ပစ်လိုက်နိုင်သည်။

ကိန်လေ့သည် ဘယ်လက်ရှိဓားတိုကို လုံးဝမသုံးသေးဘဲ ညာလက်ရှိဓားတိုဖြင့်သာ ခုခံတိုက်ခိုက်နေခြင်းဖြစ်သည်။

ကျူးယူးစာဝေသမား၏ဓားချက်များကို ခုခံချေဖျက်နိုင်သော်လည်း ကိန်လေ့မှာ တန်ပြန် တိုက်စစ်ဆင်နိုင်ခြင်းမရှိ။ ခံစစ်ကိုသာ လုံအောင်ပြုရင်း နောက်သို့ တဖြည်းဖြည်းချင်း ဆုတ်ပေးနေရသည်။

'ကိန်လေ့...ကျွန်ုပ် ဝင်ကူပေးရမလား'

ကိန်လေ့ နောက်ဆုတ်ပြီးရင်း ဆုတ်ပေးနေရသည်ကိုတွေ့ရသည်တွင် အခြေအနေမဟန်ကြောင်း ရိပ်မိသည့် အတွက် ဝင်ယောက လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခမောမြန်းပြောဆိုရင်း ခါးတွင်စည်းထားသော အဖြူရောင် ဖဲကြိုးကို ဖြေချလိုက်သည်။

ထိုဖဲကြိုးအဖြူမှာ လင်ယုယု၏ နာမည်ကျော် တိမ်ဖြူဖဲကြိုး လက်နက်ပင်ဖြစ်သည်။

'ကိစ္စမရှိပါဘူး၊ ဒီလူ့ကို ကိုယ်ထိန်းနိုင်ပါသေးတယ်'

ကိန်လေ့က ပြောပြန်သည်။ ထိုသို့ပြောနေဆဲဝယ် ကျူးယွီး စာပေသမား၏ ဓားချက်များဝင်လာသည့်အတွက် ကိန်လေ့က နောက်သို့ထပ်မံဆုတ်ပေးလိုက်ပြန်သည်။

သိုင်းကွက်ငါးဆယ်ကျော်တိုက်ခိုက်ပြီးသည့်တိုင် ကိန်လေ့ကို အသေမသတ်နိုင်သေးသည့်အတွက် ကျူးယွီးစာပေသမားမှာ အတော်ပင်ဒေါသထွက်လာသည်။

ထို့ကြောင့် သာမန်သုံးရိုးသုံးစဉ်သိုင်းကွက်များကို ဆက်သုံးမနေတော့ဘဲ သူ၏အပိုင်နိုင်ဆုံး ဓားသိုင်းကွက်ဖြစ်သည့် 'ရင်ခွဲ'ဓားသိုင်းကွက်ကို ထုတ်သုံးရလေတော့သည်။

'ဝှစ်'

ကျူးယွီးစာပေသမားက ဓားရှည်ကို တစ်ချက်ဝှေ့ယမ်းကာ စလွတ်သိုင်းခုတ်ချလိုက်သည်။

ဓားချက်မှာအလွန်မြန်လှသည်၊ အားအင်လည်းပြင်းသည်။ ကြောက်စရာလည်းကောင်းလှသည်။

ကိန်လေ့က ဓားတိုတစ်လက်တည်းဖြင့် မခံဝံ့၊ ဘယ်ညာလက်နှစ်ဖက်ဝယ်ကိုင်ထားသော ဓားတိုနှစ်ချောင်းကို ကတ်ကြေးသဏ္ဍာန် ကြက်ခြေခတ်ကာ ဆီးကြိုခံဆောင့်လိုက်၏။



ကျူးယွီး စာပေသမား၏ ဓားရှည်မှာ အနုလန်ဖြတ်ခံ ဆောင့်ထားသော ကိန်လေ့၏ ဓားတိုနှစ်ချောင်း ကြားသို့ ဝင်သွားသည်။

ကိန်လေ့က ဓားနှစ်လက်ကို ဆတ်ခနဲလှုပ်ရှားကာ ဓားရှည်ကို ဖမ်းညှပ်ထားလိုက်သည်။

တပြိုင်တည်းလိုလိုမှာပင် ကျူးယွီးစာပေသမားကို ညာခြေဖြင့် လှမ်းကန်လိုက်၏။

ကျူးယွီးစာပေသမားကလည်း လျင်သည်၊ မြန်သည်။

ဓားတိုနှစ်လက်ဖြင့် ညှပ်မိခင်မှာပင် ဓားရှည်ကိုလျင်မြန်စွာ ဆွဲယူကာ ကိန်လေ့၏ ရင်ဝကို လျှပ်ပြက်သည့်အလား မြန်ဆန်သွက်လက်စွာထိုးသွင်းလိုက်သည်။

ကိန်လေ့၏ညာခြေက ကျူးယွီးစာပေသမားကို မထိမီမှာပင် ဓားရှည်က ကိန်လေ့၏ရင်ဝသို့ တန်းဝင်လာခြင်း ဖြစ်သည်။

ကိန်လေ့က နောက်သို့ကမန်းကတန်းခုန်ကာရှောင်လိုက်သည်။

ထိုအချိန်ဝယ် ကိန်လေ့မှာ ဘယ်ခြေတစ်ချောင်းတည်းဖြင့်ထောက်ကာရပ်နေရသည်ဖြစ်ရာ ဟန်ချက်ကိုမထိန်းနိုင်ဘဲ ယိမ်းယိုင်ကာ လဲကျသွားသည်။

နောက်နားတွင်ရှိနေသောသစ်ပင်နှင့် နောက်ကျောကပ်မိသွားသည်။

ကျူးယွီးစာပေသမားက သိုင်းကွက်ကိုပြန်မရုပ်၊ ဓားကို ဆက်ဖိထိုးချသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ယုယုက ကိန်လွေ့နှင့် ကျူးယူးစာပေသမားတို့က အကြိတ်အနယ် တိုက်ခိုက်နေကြသည်ကို မျက်တောင်မခတ်တမ်း ကြည့်နေခဲ့သည်။

နောက်ဆုံးတိုက်ကွက်များမှာ လျင်မြန်လွန်းသောကြောင့် လင်ယုယုမှာ မည်သို့မည်ပုံလှုပ်ရှားတိုက်ခိုက်ကြမှန်း မသိနိုင် မမြင်နိုင်တော့။

ဓားရောင်များ လက်ခနဲဖြစ်သွားသည်ကိုသာ တွေ့ရ၏။

ပြီးတော့ ကိန်လွေ့ နောက်သို့ယိမ်းယိုင်ကာ သစ်ပင်တွင် ကျောကပ်လျက် ဓားရှည်ကလည်း သစ်ပင်တွင်ထိုးစိုက်လျက်သား ရှိနေသည်ကိုလည်း မြင်လိုက်ရသည်။

'အား....အမယ်လေး'

ဤအဖြစ်ကိုတွေ့လိုက်ရသည်တွင် ဓားချက်က ကိန်လွေ့၏ ကိုယ်ခန္ဓာကိုထိုးဖောက်ကာ သစ်ပင်တွင် စိုက်ဝင်နေလေပြီဟု ထင်မှတ်ကာ အလန့်တကြားအော်လိုက်မိသည်။

'တိမ်ဖြူဓါးကြီး'ကို ဝှေ့ယမ်းလာ ကျူးယူးစာပေသမားကို ဝင်တိုက်ရန်ပြင်လိုက်သည်။

ထိုအခိုက်မှာပင် ကျူးယူးစာပေသမားမှာ ဒယီးဒယိုင် ဖြစ်ကာ မြေကြီးပေါ် ပက်လက်လန်ကျသွားသည်ကို တွေ့ရသည့်အတွက် လင်ယုယုက ကိုယ်ရှိန်ကိုသတ်လိုက်သည်။

ကျူးယူးစာပေသမား၏ရင်ဝတွင် ဓားတိုတစ်လက် စိုက်နေသည်ကို မြင်ရပြန်သည်တွင် လင်ယုယု အတွေးရခက်သွားသည်။



သစ်ပင်ဝယ် ဓားရှည်ဖြင့် ထိုးစိုက်မိနေသော ကိန်လွေ့ကို လှမ်းကြည့်လိုက်ပြန်သည်။ ကိန်လွေ့၏မျက်နှာ ဖပ်ဖြူဖြူဖြစ်နေသည်ကိုတွေ့ရသည်။

'ကိန်လွေ့...ရှင့်ကိုဓားထိမိသေးလား'

လင်ယုယုက လှမ်းမေးသည်။

'လူကိုတော့ မထိပါဘူး၊ ဒါပေမယ့် အင်္ကျီကတော့ပစ်ရပြီ'

'ဗြဲ'

ကိန်လွေ့၏အင်္ကျီမှာ စုတ်ပြဲထွက်သွားသည်။ ကျူးယူးစာပေသမား ထိုးလိုက်သောဓားချက်မှာ ကိန်လွေ့၏ ခန္ဓာကိုယ်နှင့် သီသီလေးကပ်လွဲကာ အင်္ကျီနှင့်အတူ သစ်ပင်ဝယ် ထိုးစိုက်မိနေခြင်းဖြစ်သည်။

'ရှင်က အသက်စွန့်ပြီး အနိုင်တိုက်လိုက်ရတာကိုး'

လင်ယုယုမှာ ယခုမှပင် သက်ပြင်းချနိုင်တော့သည်။

'ငင်း ဘယ်ဓားကိုသုံးလိုက်တာလဲ'

မြေကြီးပေါ် လဲကျနေသော ကျူးယူးစာပေသမားက လှမ်းမေးသည်။

'ဘယ်ဘက်လက်ကဓားကိုပါ'

ကိန်လွေ့က ဘယ်ဘက်လက်ဝါးကိုဖြန့်ပြရင်း ပြန်ဖြေ၏။

'ခြောက်....အင်း.... အဲဒီအတွက် ငါသတိလစ်သွားတယ်၊ ငင်း ဒီလိုသုံးနိုင်မယ်မထင်ခဲ့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ်အားဖြင့် ကျူးယွှားစာပေသမား ခါးပေ[...] ထက်လှကြောင်းကို ကိန်လွှေ့က ယခင်ကတည်းက ကြို[...] သိရှိထားခဲ့သည်။

ထို့ကြောင့် ဟလစ်ဖမ်းက အပိုင်တိုက်နိုင်ရန် ညာလ[...] ရှိခါးတို့ကိုသာသုံးပြီး အသေအလဲခုခံနေခဲ့သည်။

နောက်ဆုံး ကျူးယွှားစာပေသမားက ရင်မွဲခါးသိုင်းကွက်[...] ကိုသုံးကာ အပိုင်တိုက်သောချိန်ဝယ် ဟန်ချက်ကိုမထိန်းနိုင်[...] ယိမ်းယိုင်သွားဟန်ပြုကာ ခါးချက်ကိုတိမ်းရှောင်ရင်း သ[...] လက်ရှိ ခါးတိုလေးဖြင့် ကျူးယွှားစာပေသမားကို အလ[...] ဖမ်းကာ ပစ်ပေါက်၍အနိုင်ယူလိုက်ခြင်းဖြစ်သည်။

'ခင်ဗျား ဘာမှ နောက်ဆံ[...]င်းမနေပါနဲ့၊ ခင်ဗျားတာ[...] ကြေးစား သိုင်းသမားဆိုးတစ်ယောက်ဖြစ်ပေမယ့် ခင်ဗျား[...] အလောင်းကို ကောင်းကောင်းမွန်မွန် မြေမြှုပ်သင်္ဂြိုဟ်ပေးပေ[...] မယ်'

'ကျေးဇူးပါပဲ ငါ့အလောင်းကို မြေမမြှုပ်ပါနဲ့၊ ငါ့-အိမ်ထဲမှာထားပြီး အိမ်ကိုသာမီးရှို့လိုက်ပါ'

'ကောင်းပါပြီ၊ ခင်ဗျားဆန္ဒအတိုင်း ဖြစ်စေပါ့မယ်'

'မင်းတို့ကို သုတ်သင်ဖို့လာပြောတဲ့လူကို တကယ်မသိတာပါ၊ ဒါပေမယ့် သူ့ပုံပန်းသဏ္ဌာန်ကိုတော့ ပြောပြမယ်'

သေအံ့ဆဲဆဲဖြစ်နေသော ကျူးယွှားစာပေသမားက အားတင်းကာပြောနေသည်။

'သူ့ရဲ့ခမ်းစေ့မှာ မှဲ့နက်တစ်ခုရှိတယ်၊ မှဲ့မှာ ဆံမွှေးညင်းလေး ငါးခုလောက်ပေါက်နေတယ်'



'အသက်ကကော'

'ငါး...ဆယ်...လောက်'

'အသားမည်းလား...ဖြူလား'

ကိန်လွှေ့ကဆက်မေးသော်လည်း ကျူးယွှားစာပေသမားထံမှ အဖြေမကြားရတော့။ ခေါင်းငိုက်စိုက်ကျကာ အသက်ပျောက်သွားခဲ့ရလေပြီ။

× × ×

ကျူးယွှားစာပေသမား အလောင်းကို သူနေထိုင်ရာ အိမ်လေးထဲတွင်ထည့်ကာ မီးသင်္ဂြိုဟ်ပေးပြီးနောက် ကိန်လွှေ့နှင့် လင်ယုယုတို့သည် ပင်လယ် ကမ်းရိုးတန်းဘက်သို့ ရှေ့ရှုကာ ဆက်၍ခရီးနှင်လာခဲ့ကြသည်။

နောက်တစ်နေ့တွင် ချဲတိတ်မြို့သို့ရောက်လာကြသည်။

ချဲတိတ်မြို့ရှိ တည်းခိုခန်းတစ်ခုဝယ် ခေတ္တ ဝင်ရောက်တည်းခိုကြသည်။

တည်းခိုရိပ်သာ၏အမှုထမ်းတစ်ယောက်ထံတွင် ကိန်လွှေ့က လူငယ်သိုင်းသမားများအကြောင်းကို သတင်းစုံစမ်းမေးမြန်းကြည့်သည်။

'အခု ရက်ပိုင်းအတွင်းမှာ ယောက်ျားပျို ဆယ့်ခြောက်ယောက်နဲ့ မိန်းမပျိုဆယ့်နှစ်ယောက် ဒီမြို့ကို ဖြတ်သွားတာများ ခင်ဗျားတို့တွေ့မိသလား'

'သူတို့အားလုံး အသက်ငယ်ငယ်ရွယ်ရွယ်ပဲ ရှိကြသေးတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုရိပ်သာအမှုထမ်းက ပြန်ပြောသည်။

'ဟုတ်တယ်...ဟုတ်တယ်'

'မိန်းကလေးတွေကော အရှမ်းလှတာပဲလေ'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ခင်ဗျားတွေ့လိုက်မိသလား'

'ဟုတ်ကဲ့၊ သူတို့ဆိုရင်တော့ တွေ့လိုက်မိပါတယ်၊ ဟော့ဒီ တည်းခိုရိပ်သာမှာတောင် တစ်ည ဝင်တည်းသွားကြပါသေးတယ်'

'သူတို့ ဘာတွေပြောဆိုကြသေးလဲ'

'အဲဒါကိုတော့ ကျွန်တော် သတိမထားလိုက်မိဘူး'

'သူတို့ ဘယ်ကိုဆက်ထွက်သွားကြသေးလဲ'

'ဟော့ဒီ လမ်းအတိုင်း မြို့တံခါးဘက်ကို ထွက်သွားကြတယ်'

'အေးဗျာ...ကျေးဇူးပါပဲ၊ ရော့-ရော့...ခင်ဗျားအတွက်'

ကိန်လေ့က အသပြာ ငါးကျပ်တန် ငွေဒင်္ဂါး တစ်ခုကို တည်းခိုရိပ်သာအမှုထမ်း၏ လက်ထဲသို့ထည့်လိုက်၏။

ထို့နောက် ထိုတည်းခိုရိပ်သာတွင် ဆက်တည်းမနေတော့ဘဲ ငှားထားသောအခန်းများကို ပြန်လည်အပ်ပြီး ကိန်လေ့တို့နှစ်ယောက် ချက်ချင်းခရီးပြန်ထွက်လာခဲ့သည်။

သူတို့စီးလာသောမြင်းများမှာ ခြေကုန်လက်ပန်းကျနေပြီဖြစ်၍ မြင်းအသစ်နှစ်ကောင် လဲလှယ်ဝယ်ယူလိုက်ကြ၏။

တည်းခိုရိပ်သာအမှုထမ်းပြောသည့် လမ်းအတိုင်း လိုက်လာခဲ့ကြရာ မြို့၏တောင်ဘက်မြို့တံခါးသို့ရောက်လာသည်။



မြို့တံခါးမှ ထွက်လိုက်သည်တွင် တောင်ဘက် အရပ်သို့ ဖြောင့်တန်းစွာဖောက်လုပ်ထားသောလမ်းမကြီးကို တွေ့ရ၏။

ကိန်လေ့တို့လည်း ထိုလမ်းမကြီးအတိုင်း တောင်ဘက်သို့ ဒရှရှကာ ခရီးနှင်လာခဲ့ကြသည်။

လူဝယ် သိုင်းသမားများ၏ သတင်း အစအနကို ရပြီဖြစ်သောကြောင့် ကိန်လေ့ အတော်ပင်အားတက် ရှင်လန်းနေသည်။

ထိုလူများကို မကြာမီ ခြေရာခံမိတော့မည်ဟုလည်း တွက်ဆထားမိ၏။ သို့သော် ကိန်လေ့ထင်သလိုဖြစ်မလာခဲ့ပေ။

တောင်ဘက်သို့ အတော်ခရီးပေါက်လာခဲ့သည်တွင် ပတ်ဝန်းကျင်အခြေအနေမှာ ကြာလေ လူသူကင်းမဲ့ကာ ခြောက်ကပ်လာလေလေဖြစ်နေသည်။

မကြာမီ မှောင်ရိပ်သန်းလာသည်။

သူတို့၏မြင်းများမှာလည်း ခြေကုန်နှင်ကာ ဒုန်းစိုင်းပြေးလာရသောကြောင့် အတော်ပင်မောဟိုက်၍နေသည်။

ထိုအချိန်တွင် လမ်းဘေးဝယ် ဖြစ်သလိုဆောက်လုပ်ထားသည့် စားသောက်ဆိုင်လေးတစ်ဆိုင်ကို တွေ့ရသည်။

'ယုယုရေ...မြင်းတွေကိုလဲ အနားပေးရင်း၊ သတင်းလဲစုံစမ်းရင်း အဲဒီဆိုင်မှာ တစ်ခုခုဝင်စားရအောင်လား'

ကိန်လေ့က လင်ယုယုကို လှမ်းပြောသည်။

'အင်း...ကောင်းသားပဲ'

လင်ယုယုက သဘောတူသည့်အတွက် စားသောက်ဆိုင် ရှေ့ဝယ် မြင်းများကိုရပ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား မြင်းပေါ်မှဆင်း၍ စားသောက်ဆိုင်ထဲသို့ ဝင်လာခဲ့ကြသည်။

'လာကြပါ...လာကြပါ၊ ဘာများသုံးဆောင်ကြမလဲ'

ဆိုင်ရှင်ဖြစ်ဟန်တူသော အဘိုးကြီးတစ်ယောက်က ဆီးကြိုကာ စားပွဲကစ်ခုဝယ် နေရာချပေးရင်းမေးသည်။

ဆိုင်ထဲဝယ် စားပွဲငါးလုံးရှိနေသော်လည်း စားသောက်သူဟူ၍ ကိန်လေ့နှင့် လင်ယုယုတို့သာရှိသည်။

ထို့ပြင် ဆီးကြို နေရာချထားပေးသောအဘိုးကြီးမှလွဲ၍ တခြားဆိုင်အမှုထမ်းလည်းမရှိ၊

အဘိုးကြီးမှာ အသက်ငါးဆယ်ခန့်ရှိပြီး ရုပ်ရည်အတော်ကြမ်းတမ်းသည်။ မေးစေ့ဝယ် မှဲ့နက်တစ်လုံးရှိပြီး မှဲ့နက်အနားတဝိုက်တွင် မွေးညင်းရှည်လေးငါးမျှင်ခန့် ပေါက်နေသည်။

'ဟောဒီလမ်းမကြီးအတိုင်း တောင်ဘက်ကိုဆက်သွားရင် ဘယ်ရောက်မလဲ'

ကိန်လေ့က ဆိုင်ရှင်အဘိုးကြီးကိုမေးလိုက်သည်။

လင်ယုယုကမူ နှုတ်ဆိတ်နေကာ အဘိုးကြီး၏ ရုပ်ဆင်းသွင်ပြင်ကို မသိမသာအကဲခတ် ကြည့်နေသည်။

'ဟန်ချိမြို့ကိုရောက်ပါတယ်'

'ဒီနေရာက ဟန်ချိမြို့နဲ့ ဘယ်လောက်ဝေးသလဲ'

'မိုင်လေးဆယ်ပဲ ဝေးပါတယ်'



'ဒါနဲ့ အစ္စရက်ပိုင်းအတွင်း ယောကျ်ားပျို ဆယ့်ခြောက်ယောက်နဲ့ မိန်းကလေးဆယ့်နှစ်ယောက် ဒီနေရာကနေ ဖြတ်ပြီး တောင်ဘက်ကိုသွားကြတာများမြင်မိသလား'

'ဟင့်အင်း...မတွေ့မိဘူး၊ ကဲ...မောင်ရင်လေးတို့ ဘာစားကြမလဲ'

'စားလို့ကောင်းမယ့် ဟင်းလျာတွေသာ ယူလာခဲ့ပါ။ အရက်တစ်အိုးတော့ပါစေနော်'

'ကောင်းပါပြီ'

အဘိုးအိုသည်။ ဆိုင်နောက်တက်ခန်းထဲသို့လျှောက်၍ဝင်ရောက်သွားသည်။

'အင်း... အတော်ဆန်းတယ်၊ ချူတိတ်မြို့ကနေ တောင်ဘက်ကိုထွက်ခဲ့ရင် ဟောဒီလမ်းတစ်လမ်းပဲရှိတယ်၊ သူတို့လူစုက ဘယ်လိုလုပ် ခြေရာပျောက်သွားကြတာလဲ'

အဘိုးအိုထွက်သွားသောအခါ ကိန်လေ့က လင်ယုယုကို လှမ်းပြောသည်။

လင်ယုယုက ပြုံးရုံသာပြုံးနေသည်။ ဘာမျှပြန်မပြော။

'မင်းက ဘာပြုံးတာလဲ'

'ရှင်ဟာလေ တစ်ခါတစ်လေ သိပ်ပြီး ရိုးလွန်း အ,လွန်းတာပဲ'

လင်ယုယုကဤသို့ပြောပြီးနောက်၊ ကိန်လေ့၏နားနားသို့ကပ်ကာ တီးတိုးဆက်ပြောသည်။

'ဟာ... ဟုတ်သားပဲ၊ ကြည့်စမ်း...ယုယု စဉ်းစားမိပေလို့ပေါ့၊ မဟုတ်ရင် အခက်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



လင်ယုယုပြောကြားသမျှကို နားထောင်ပြီးနောက် ကိန်လေ့က တီးတိုးရေရွတ်သည်။

မကြာမီမှာပင် ဆိုင်ရှင်အဘိုးကြီးက အရက်တစ်အိုး၊ အမဲကြော်တစ်ပွဲ၊ အစိမ်းကြော်တစ်ပွဲနှင့် ဟင်းချိုတစ်ပန်းကန် လာချပေးသည်။

'ဪ….ဒါနဲ့ ဒီဆိုင်မှာ အဘတစ်ယောက်တည်းလား၊ ကူဖော်လောင်ဖက်ကောမရှိဘူးလား'

ကိန်လေ့က အဘိုးကြီးကို မေးလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ရဲ့အဘွားကြီးဆုံးသွားတာ ကြာပြီလေ၊ အရင်ကတော့ စားပွဲထိုး ကောင်မလေးတစ်ယောက်ရှိလေရဲ့၊ အခုတော့ လင်နောက်လိုက်သွားလို့ ကျုပ်တစ်ယောက်တည်းပဲ ရှိတော့တယ်'

'ဒါဖြင့် ကျွန်တော့်ကို ထစ်ခုလောက်ဆောင်ရွက်ပေးပါလားဗျာ'

ကိန်လေ့က ဤသို့ပြောပြီး အဘိုးကြီး၏လက်ထဲသို့ ငွေဒင်္ဂါးတစ်ပြား ထည့်ပေးလိုက်သည်။

'ဘာလုပ်ပေးရမှာလဲ'

'ကျွန်တော်တို့စီးလာတဲ့ မြင်းနှစ်ကောင်လဲ ဗိုက်အတော်ဆာနေမှာပဲ၊ ဒီတော့ မြက်နုညီးနုညီးပါးပါးလောက် သွားရိပ်ပြီး မြင်းတွေကိုကျွေးပေးပါလား'

ကိန်လေ့က ဤသို့ပြောရင်း အရက်အိုးထဲရှိ အရက်များကို ခွက်နှစ်ခွက်ထဲသို့ငှဲ့ထည့်လိုက်သည်။



လင်ယုယုကလည်း တူကိုကိုင်ကာ စားသောက်တော့မည် ဟန် ပြင်လိုက်သည်။

'ကောင်းပါပြီ၊ ကျုပ် အခုပဲ မြက်သွားရိပ်ပြီး မြင်းတွေ ကို ကျွေးလိုက်ပါ့မယ်၊ မောင်ရင်လေးတို့ အားရပါးရသာ စားသောက်နေခဲ့ကြပါ'

'ကျေးဇူးပါပဲ အဘ'

အဘိုးကြီးက တံစဉ်တစ်လက်ကိုယူကာ အပြင်သို့ ထွက် လာခဲ့သည်။

× × ×

အဘိုးကြီး ဆိုင်အပြင်သို့ ထွက်လာခဲ့သည်။

ဆိုင်နှင့်မလှမ်းမကမ်းရှိ မြက်ပင်များကိုရိတ်သည်။

မြက်ရိပ်နေရင်းမှ ဆိုင်ဘက်သို့ မကြာခဏ လှမ်းကြည့်နေ သေးသည်။

မြက်အတော်များများရလာသောအခါ ရိတ်ထားသော မြက်များကိုပွေ့ယူကာ ဆိုင်သို့ပြန်လာခဲ့သည်။

ဆိုင်ရှေ့ရှိ သစ်ပင်တွင်ချည်ထားသော မြင်းနှစ်ကောင်ရှေ့ ဝယ် မြက်များကို ပုံပေးထားလိုက်သည်။

ထို့နောက် ခြေဖော့နင်းကာ ဆိုင်အနားသို့ တိုးကပ်လာ ခဲ့သည်။ ဆိုင်ထဲမှ မည်သည့်အသံမျှမကြားရ။

အဘိုးအိုအိ၏မျက်နှာဝယ် ပဟေဠိဆန်သော အပြုံးတစ်ခု ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ထံစဉ်ကိုကျစ်ကျစ်ပါအောင်လုပ်ကိုင်ပြီး ဆိုင်ထဲသို့လှမ်းဝင်လာခဲ့သည်။

ဆိုင်ထဲရှိ စားပွဲပေါ်ဝယ် ကိန်လေ့နှင့် လင်ယုယုတို့မူးလဲနေကြသည်ကို အဘိုးအို တွေ့ရသည်။

အချက်အိုးထဲဝယ် အရက်တစ်ဝက်ခန့်သာကျန်ရှိပြီး စားစရာ သောက်စရာများမှာလည်း တစ်ဝက်တစ်ပျက်သာကျန်ရှိတော့သည်။

'မင်းတို့ကို သနားတော့ သနားပါရဲ့ကွာ၊ ဒါပေမယ့် မင်းတို့ကို ရှင်းပစ်မှဖြစ်မယ်'

အဘိုးအိုက ရေရွတ်ပြောဆိုကာ ကိန်လေ့၏လည်ပင်းကို ထံစဉ်ဖြင့် လှမ်းပိုင်းလိုက်သည်။

အဘိုးအို၏ထံစဉ်က ကိန်လေ့လည်ပင်းကို မပြတ်မီမှာပင် အဖြူရောင်ကလက်ခနဲဖြစ်ကာ ပျော့အိသောအရာတစ်ခုက အဘိုးအို၏လည်ပင်းကို လာရောက်ရစ်ပတ်လိုက်သည်။

'ဟာ...ဘာပါလိမ့်'

အဘိုးအိုက အလန့်တကြား ရေရွတ်နေဆဲမှာပင် စားပွဲပေါ် ခေါင်းငိုက်စိုက်ရှိနေသော ကိန်လေ့က ရုတ်တရက် လှုပ်ရှားလာကာ အဘိုးအို၏လက်ထဲရှိထံစဉ်ကို ဆတ်ခနဲ လုယူလိုက်သည်။

ထိုအချိန်တွင် လင်ယုယုကလည်း အဘိုးအို၏ လည်ပင်းတွင် ရစ်ပတ်မိနေသော တိမ်ဖြူဖဲကြိုးကို ဆတ်ခနဲဆောင့်ဆွဲလိုက်သည်။



ဤသို့ တုန့်ပြန်တိုက်ခိုက်ကြလိမ့်မည်ဟု မျှော်လင့်မထားသောကြောင့် အဘိုးအိုမှာ လုံးဝအငိုက်မိသွားသည်။

မည်သို့မျှ တိမ်းရှောင်ခြင်းမပြုနိုင်တော့ပဲ မြေကြီးပေါ်သို့ ဘိုင်းခနဲလဲကျသွားသည်။

ကိန်လေ့က အဘိုးအို ပြန်မထလာနိုင်အောင် အ... ...သတူး' ...မ်းချုပ်ထားပြီး အဘိုးအို၏ညာလက်မောင်းရင်း... ...ကာပြန် ...င့် ဖမ်းချုပ်ထားလိုက်သည်။

'လှုပ်နဲ့နော်...လှုပ်တာနဲ့ ညာလက်... ...တ်ပေတော့' ...ကြောင်းကိုသိရတာလဲ'

ကိန်လေ့၏ ခြိမ်းခြောက်သံကြောင့်ဂိုဏ်းကဂိုဏ်းဝင်တစ်ယောက် ...သာ အဘိုးအိုမှာ အကြောက်...

'ကဲ...ကိန်လေ့၊ သူ့ကို... သူ့လက်ထောက်ဗိုလ်တွေက တော် ...းတစ်ခွန်းပြောတာနဲ့ ...တာ ပြောပြစမ်းပါဦး'

လင်ယုယုက တိမ်ဖြူဖဲကြိုး...

'ငါအမှန်အတိုင်းပြော... မန်းဖြူကြီးရှိတော့ဟိုင်ရဲ့ ထက်အောက်က အဘိုးအိုက ဝင်ပြော... နှစ်သယ်ရှိတယ်၊ အဲဒီအထဲက သယ် ...ဘာဖြစ်လို့ ဒီလိုပြောကြပြီး မန်းဖြူကြီးရှိတော့ဟိုင်ကို လုပ် ...ကိန်လေ့တမေးသြတယ်...

'ငါက လူများရဲ့... မင်လယ်ထဲကိုပစ်ချလိုက်ကြတယ်၊ ဘာ ...ဓိတော့ မင်းတို့နှစ်ကန်ကြတယ်ဆိုတာကိုတော့ ငါလဲမသိ... နက်လေးရှိလျှိုကျွင်ကာတော့ အ... ပုန် ...ကောင်းပါပြီလေ မန်းဖြူကြီး ရှိတော့ဟိုင်ရဲ့ ရတနာသိုက်ကို ...မည် ဘယ်လို့'

www.burmeseclassic.com

www.burmeseclassic.com



'မေစင်ပိုင်ချမ်း'

'ကျွန်တော်တို့ကိုသုတ်သင်ဖို့ ကျူးယူးစာပေသမားကို ဓါးငွေ ငါးထောင်ပေးပြီး ခိုင်းခဲ့တာ အဘပဲမဟုတ်လား'

'ဟုတ်ပါတယ်'

အချက်အိုးဘက ဘယ်သူ့ အစီအမံကြောင့် အခုလိုလုပ်ရတာလဲ'

စဆု သောဂ ါးလေးစမ်းကွမ်းရဲ့ အစီအမံပါ'

တော့သည်။ လေးစမ်းကွမ်းအစစ်က သေသွားပြီပဲ၊ ခင်ဗျားပြော

'မင်းတို့ကို ယနေ့ဒေါ့ ဘမ်းနဲ့တူအောင် ရုပ်ဖျက်ပြီး၊ အနေယောင်

တို့ကို ရှင်းပစ်မှုဖြစ်မယ်' သွား'

အဘိုးအိုက ရေရွတ်ပြောဆိုက

တံစဥ့်ဖြင့် လှမ်းဖိုင်းလိုက်သည်။ ဘ ဘယ်သူလဲ'

ရှိတဲ့ဟိုင်ရဲ့သခ၊ ရိလျှံ ကျင်

အဘိုးအို၏တံစဥ်က ကိန်လေ့ လသ

ပင် ဖြူရောင်တ လက်ခနဲဖြစ်ကာ ပျံသွက်လှည့်ကာ မေးလိုက်

က အဘိုးအို၏လည်ပင်းကို လာရောက်ရစ်

'ဟာ...ဘာပါလိမ့်' ဒေါ့ဟိုင်အကြောင်းကို မင်း

အဘိုးအိုက အလန့်တကြား ရေရွတ်နေ

ပေါ် ခေါင်းငိုက်စိုက်ရှိနေသော ကိန်လေ့က တောင်ပင်လယ်စေးပြ

လှုပ်ရှားလာသော အဘိုးအို၏လက်ထဲရှိတံစဥ့်ကိုဘပည့်လက်ဆော၊ သုံး

ထူလိုက်သည်။ မဆောဘူး၊ အရှေ့ပိုင်း

ထိုအချိန်တွင် လှင်ယုယုကလည်း၊ အဘိုးအို၊ ကျယ်ပြန့်တယ်ဆိုပဲ၊

ရှင် ရစ်ပတ်မိနေသေ တိမ်ဖြူဖဲကြိုးကို ဆတ်ကနဲ ကောင်းသုံး ပင်လယ်

လိုက်သည်။



'အဲဒီလူ ကေသွားပြီလို့ ပြောထံကြားတယ်၊ အဲဒါ ဟုတ်သလား'

'ကျွန်မလဲ အဲဒီလိုပဲ သတင်းကြားမိတာပဲ၊ တိတိကျကျ တော့ မသိဘူး၊ ဘယ်လိုလုပ်ပြီး သေသွားမှန်းလဲမသိဘူး'

'ငမန်းဖြူကြီးကို သူ့လက်ထောက် ဗိုလ်ခဲ့တွေက ကာပြန် တော်လှန်ပြီး လုပ်ကြံသတ်ဖြတ်လိုက်ကြတာပါ'

အဘိုးအိုက ကြားဝင်ပြောသည်။

'အဘက ဘာကြောင့်ဒီအကြောင်းကိုသိရတာလဲ'

'ငါက တောင်ပင်လယ်ဓားပြဂိုဏ်းကဂိုဏ်းဝင်တစ်ယောက် ဖြစ်ခဲ့တာကိုး၊ သိတာပေါ့'

'ဒါဖြင့် ဘာကြောင့် သူ့လက်ထောက်ဗိုလ်တွေက တော်လှန် ပုန်ကန်ကြရတာလဲဆိုတာ ပြောပြစမ်းပါဦး'

'တောင်ပင်လယ်ငမန်းဖြူကြီးရဲ့ ဒေါ့ဟိုင်ရဲ့ လက်အောက်က လက်ထောက်ဓားပြဗိုလ် နှစ်ဆယ်ရှိတယ်၊ အဲဒီအထဲက ဆယ့် လေးယောက်က ပုန်ကန်ကြပြီး ငမန်းဖြူကြီးရဲ့ဒေါ့ဟိုင်ကို လုပ် ကြံသတ်ဖြတ်လိုက်ကြတယ်....

'အလောင်းကိုလဲ ပင်လယ်ထဲကိုပစ်ချလိုက်ကြတယ်၊ ဘာ အတွက်ကြောင့် ပုန်ကန်ကြတယ်ဆိုတာကိုတော့ ငါလဲမသိ ဘူး၊ သူ့သားငမန်းနက်လေးရိလျှံကျင်ဆာခတော့ သူတို့ပုန် ကန်ကြတာဟာ ငမန်းဖြူကြီး ရှိတဲ့ဒေါ့ဟိုင်ရဲ့ ရတနာသိုက်ကို အပိုင်စီးချင်ကြလို့တဲ့'

www.burmeseclassic.com

www.burmeseclassic.com



‘မေန်းနက်လေး ရီလျှံကျွင်က နဂါးလေး စမ်းကွမ်း ယောင်ဆောင်ပြီး လူငယ်သိုင်းသမားတွေကို လှည့်စားစည်းရုံးတာလဲ ဘာအတွက်ကြောင့်လဲ’

‘သူ့အဖေကို ပုန်ကန် သတ်ဖြတ်သွားတဲ့ လက်ထောက် ဓားပြိုလ်ဆယ့်လေးယောက်ကို ပြန်တိုက်ခိုက်ပြီး သူ့အဖေရဲ့ ရတနာ့သိုက်ကို အရပြန်ယူချင်လို့ပါပဲ’

‘အကြောင်းစုံကို ရှင်းစမ်းပါဦး’

‘သူ့အဖေ လုပ်ကြံခံရပြီးချိန်က စပြီး မေန်းနက်ကလေး ရီလျှံကျွင်ဟာ လက်ထောက်ဓားပြိုလ် ဆယ့်လေးယောက်ရဲ့ အကြောင်းကို စုံစမ်းခဲ့ပါတယ်၊ နှစ်ရှည်လများ စိတ်ရှည်လက်ရှည် လိုက်လံစုံစမ်းကာ နောက်ဆုံးတော့....

‘အဲဒီလက်ထောက်ဓားပြိုလ်ဆယ့်လေးယောက်ကို ခြေရာခံမိရောဆိုပါတော့၊ မေန်းနက်လေးရီလျှံကျွင်အနေနဲ့ လက်ထောက် ဓားပြိုလ် ဆယ့်လေးယောက်ကို သူ တစ်ယောက်တည်းနဲ့ ရင်ဆိုင်နိုင်တဲ့အခြေအနေမရှိဘူး....

‘ဒါကြောင့် အားကိုးရမယ့်လူရှာတဲ့အခါ ဓားပျံစုယွန်နဲ့ ကြူးပွတ်နက်စုရန်တို့မောင်နှမနဲ့ ပူးပေါင်းမိတယ်’

‘အော်....အဲဒီဓားပျံစုယွန်နဲ့ ကြူးပွတ်နက်စုရန်တို့က ကျွန်တော်တို့ အယောင်ဆောင်ခဲ့ကြတဲ့လူတွေ ဖြစ်မှာပေါ့နော်....ဟုတ်လား’

‘ဟုတ်ပါတယ်’

‘ကဲ....ဆက်ပြောစမ်းပါဦး’



‘ဒီသုံးယောက်ရဲ့ အင်အားဟာ ထွဲ နည်းနေသေးတယ်လို့ မေန်းနက်လေးရီလျှံကျွင်က ယူဆပြီ၊ နောက်ထပ် အင်အား စုစည်းနိုင်ဖို့ကြိုးစားနေတုန်း နဂါးလေးစမ်းကွမ်းက လူငယ် သိုင်းသမားတွေကို မိတ်ဆုံစားပွဲတည်ခင်းဧည့်ခံမယ့် သတင်း ကို ကြားရပါတယ်....

‘ဒါကြောင့် ရီလျှံကျွင်ရယ်၊ စုယွန်၊ စုရန်တို့မောင်နှမရယ် အားနဂါးစမ်းကွမ်း၊ ချစ်လုလင်ဂိန်နီလေ့နဲ့ ဂန္ဓမာသုဇာလင် ယုယုတို့အသွင် ရုပ်ဖျက်အယောင်ဆောင်ခဲ့ကြပြီး လူငယ်သိုင်း သမားတွေကို လှည့်စားစည်းရုံးခဲ့ကြတာပါ’

‘ဘယ်လိုနည်းနဲ့ လှည့်စားစည်းရုံးကြတာလဲ’

‘အဲဒါကိုတော့ ငါလဲ အသေးစိတ်မသိဘူး၊ ရီလျှံကျွင် အ နဂါးလေးစမ်းကွမ်းရယ်၊ မင်းတို့နှစ်ယောက်ရယ်ကို စိတ် ရှုပ်အောင် သုတ်သင်ပစ်ရမယ်လို့ပဲ ငါ့ကို တာဝန်ပေးထား တယ်’

‘ရီလျှံကျွင်တို့အဖွဲ့ လူငယ်သိုင်းသမားနှစ်ဆယ့်ငါးယောက် ကို ဘယ်နေရာအရောက် ခေါ်သွားကြမှာလဲ’

‘ကွချိန်းတောင်ကို ခေါ်သွားကြတာပါ’

‘ကွချိန်းတောင်ဆိုတာ ဘယ်မှာလဲ’

‘အဲဒီတောင် ဘယ်နေရာမှာရှိတယ်ဆိုတာ ငါလဲ သေသေ ချာချာမသိဘူး၊’

‘မေန်းမြို့ကြီးရှိတော့ဟိုင်ကို အခု ပုန်ကန်ခဲ့ကြတဲ့ လက် ထောက်ဓားပိုလ် ဆယ့်လေးယောက်က အဲဒီ ကွချိန်းတောင်မှာ ရောက်နေကြလို့လား’

www.burmeseclassic.com



'ဟုတ်ပါတယ်'

'ဘယ်လိုလဲ ယုယု၊ ဦးအဘိုးကြီးပြောတာတွေဟာ အမှန်ပဲလို့ မင်းထင်သလား'

အဘိုးအိုမောင့်ပိုင်ချွမ်းကို စစ်မေးရာမှ ကိန်လေ့က လင်ယုယုကို လှမ်း၍ သဘောထားတောင်းလိုက်သည်။

'ဦးအဘိုးအိုပြောတာတွေ အားလုံး မှုဆိုးတွေချည်းပဲ။ ရှူ ရီလျှံကျင်နဲ့ ဦးယောက်ရှင်းနီးနေမှ လူ့ဝယ်သိုင်းသမားတွေကို ဘယ်လိုလှည့်စားပြီး စည်းရုံးတယ်ဆိုတာ သူ သိရမယ်၊ ပြီးတော့ ရီလျှံကျင်တို့ သွားမယ့်နေရာကိုလဲ သေသေချာချာပြောနိုင်ရမယ်၊ ကဲ…ကိန်လေ့၊ လေကုန်ခံပြီး ဆက်မေးမနေပါနဲ့တော့'

'ကောင်းပြီ'

ကိန်လေ့က အဘိုးအို၏လက်မောင်းကို တံစဉ့်ဖြင့် ဖြတ်ပစ်ရန် ဟန်ပြင်လိုက်သည်။

'ဟာ…မလုပ်ပါနဲ့၊ ငါအမှန်အတိုင်းပြောပါတော့မယ်'

အဘိုးအို မောင့်ပိုင်ချွမ်းက ကြောက်လန့်တကြား ပြောလိုက်သည်။

★

# အခန်း ( ၄ )

ထိုက်ဟူကျွမ်းကျေးရွာမှ ပင်လယ်ကမ်းခြေရှိ တင်ဂေါ်ရွာလေးတစ်ရွာဖြစ်သည်။

လူနေအိမ် တစ်ရာခန့်သာရှိသည်။ ချောင်ကျပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်လှပေ။

ရပ်ဝေးမြေခြားမှ လူစိမ်း ဧည့်သည်များ ဟူ၍ ဤရွာသို့ရောက်ခဲ့ သလောက်ခဲလှသည်။ ယနေ့တွင်တော့ လူစိမ်းဧည့်သည် ကြောကျေးမျို ဆယ့်ခြောက်ဦးနှင့် မိန်းမမျို ဆယ့်နှစ်ဦးတို့က ထိုက်ဟူကျွမ်းတင်ဂေါ်ရွာလေးသို့ ရောက်လာကြသည်။

ကြုံတွေ့ ထူးကဲလှသော အဖြစ်တစ်ခုပင်။ ရောက်လာကြသူများမှာ လူ့ဝယ်သိုင်းသမားရှစ်ယောက်တို့ပင်ဖြစ်ကြသည်။ အဖွဲ့ခေါင်းဆောင်ကြမ်းက ဦးဆောင်လာသည်။

www.burmeseclassic.com



ကျွားညီနောင်ဖြစ်သော ကျွားဖြူရှမ့်အိုင်နှင့် ကျွားနက်ရှမ့်ကျင့်တို့လည်း ပါလာကြသည်။

ကျွားသစ်သုံးမျိုးဟူ၍ ကျော်ကြားနေသောစိန်ကျွားသစ် ရှူးကျင့်ဟွေး၊ ရွှေကျွားသစ်ဝမ်ယန်နံ၊ ငွေကျွားသစ်ဝေ့ချိမင်း၊ လူတွင်ကျယ်လေးပေါ်ဆိုသည်မှာ နတ်ရှင်ရန့်ကျို၊ ရွှေလုံ့ရှူမာန်လု၊ ကြယ်ပျံယူဟု၊ ယက္ခထုတ်လိုဖိန်။

ဟသ်ာဝါးပေါ်ဖြစ်ကြသည့် ဟသ်ာစိမ်း၊ ဟသ်ာဝါကွမ်း ချူး၊ ဟသ်ာဖြူပိုင်ရန့်၊ ဟသ်ာနက်မင်းကျူး၊ ဟသ်ာနီဝလယ်ဝိုဒ။

သိုင်းဆုလင် ခုနှစ်ဦးဟု နာမည်တွင်နေသော ချစ်လုလင်ကိန်လွေ၊ ပဓိလူလုလင်ဝင်ထန်း၊ ပန်းလုလင်စီဖုံး၊ သန်းကြွယ်လုလင်ရှောင်ပင်း၊ စာပေလုလင်စိန်ကျွား၊ ဘေးလုလင်ပဲနှန်း၊

နတ်သူဇာခုနစ်ပါးဆိုသည့် တိမ်လွှာသူဇာချေးရင်း၊ လှိုင်းသူဇာကျွန်းစမ့်၊ ဂန္ဓမာသာသူဇာလင်ယုယာ၊ ချမ်းသာသူဇာကျုံးရုံ၊ ဒေါင်းသူဇာဟိုပီ၊ ဓနရသူဇာချင်းမေ၊ ဆင်းရဲသူဇာရှောင်လု၊ အားလုံးစုံစုံလင်လင် ပါရှိလာကြသည်။

မြင်းကိုယ်စီစီးလျက် သားသားနားနားဝတ်စားထားကာ နှစ်ဆယ့်ရှစ်ဦး ရွာထဲသို့ ဝင်လာသည့်အတွက် ထိုက်ဟူကွမ်တစ်ရွာလုံးမှာ သောသောညံညံ ဖြစ်ကုန်ကြသည်။

သိုင်းပြမ့်အဖွဲ့ ရောက်လာကြပြီဟု ထင်မှတ်ကာ ဝိုင်းအုံလာကြသည်။

ကျွန်ုပ်တို့ သတော်ာဖြစ်ဖြစ်၊ ပင်လယ်ကူးနိုင်တဲ့လှေဖြစ်ဖြစ် ငှားချင်ပါတယ်၊ ဘယ်မှာငှားလို့ရနိုင်မှာလဲ'



ဦးဆောင်လာသူနဂါးလေးစမ်းကွမ်းက အသက်ကြီးကြီး အဘိုးအိုတစ်ယောက်ကို မေးမြန်းလိုက်သည်။

'ဘာလုပ်မလို့လဲ'

အဘိုးကြီးက ပြန်မေးသည်။

'ပင်လယ်ထဲကို အပျော်ခရီးထွက်သွားမလို့ပါ'

'ပင်လယ်ထဲမှာ ဘာများပျော်စရာရှိလို့လဲ၊ ပြီးတော့ ဒီရွာမှာ သင်္ဘောလဲမရှိဘူး၊ ငါးဖမ်းလှေတွေပဲရှိတယ်၊ အဲဒီလှေတွေ ကလဲ မင်းတို့လူစု နှစ်ဆယ့်ရှစ်ယောက်စလုံး စီးလို့မရနိုင်ဘူး'

'အားလုံး လှေတစ်စီးတည်းမှာစုပြီး စီးကြမှာမဟုတ်ပါဘူး၊ လှေလေးငါးစီးမှာ လူစုခွဲပြီးစီးလို့လဲဖြစ်ပါတယ်'

'မင်းတို့ ငါ့စကားကိုနားထောင်စမ်းပါ၊ ဒီနေရာက ပင်လယ်ပြင်ကို အပျော်ခရီးထွက်ဖို့မကောင်းပါဘူး'

'ဘာလဲ...ပင်လယ်ဓားပြတွေ သောင်းကျန်းနေလို့လား'

နဂါးလေးစမ်းကွမ်းက ခပ်ပေါ့ပေါ့ပင် မေးလိုက်ခြင်းဖြစ်သော်လည်း အဘိုးအို၏ မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။ စကားပင်ဆက်မပြောတော့ဘဲ ခပ်သုတ်သုတ်လျှောက်လှမ်းထွက်ခွာသွားသည်။

'ကဲ...ခင်ဗျားတို့ လှေငှားစရာရှိရင် ကျွန်တော်တို့ကို ငါးရက်လောက်ငှားကြပါ၊ လှေငှားခ တစ်စီးကိုအသပြာ ငါးဆယ် ပေးပါမယ်'

နဂါးလေးစမ်းကွမ်းက ဘေးနားဝယ် ဝိုင်းအုံနေကြသည့် တံငါသည်များကို လှည့်မေးလိုက်သည်။

www.burmeseclassic.com



ထိုခေတ်အခါက အသပြာငါးဆယ်ဆိုသည်မှာ အတော်များသော ငွေကြေးပမာဏဖြစ်သည်။

ထိုက်ပှူကျွမ်းရွာသ၏ တံငါသည်များ၏ တစ်နှစ်စာမျှရှိသည်။

သို့သော် ရွာသား တံငါသည်များက မက်မောဟန်မပြဘဲ ခေါင်းခါပြကာ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြကုန်သည်။

နောက်ဆုံးတွင် ရွာသားတံငါသည်တစ်ဦး၊ တစ်ယောက်မျှပင် မကျန်တော့ပေ။

ကျန်လူငယ်သိုင်းသမားများက ဦးစီးခေါင်းဆောင်ပြုသူ နဂါးလေးစမ်းကွမ်းကို လှမ်းကြည့်ကြသည်။

'ဘာမှစိတ်မပျက်ကြနဲ့၊ ဗိုရှာက တစ်မိုင်လောက်အကွာမှာ ဇရပ်ကြီးတစ်ဆောင်ရှိတယ်၊ အဲဒီဇရပ်မှာ သွားစခန်းချပြီး ရှေ့ဆက်လုပ်ရမယ့် အစီအစဉ်တွေကို တိုင်ပင်ကြတာပေါ့'

နဂါးလေးစမ်းကွမ်းက ပြောလိုက်သည်။

ထို့နောက် သူတို့လူစုအားလုံး ထိုက်ပှူကျွမ်းရွာလေးမှ ထွက်ခွာလာခဲ့ကြသည်။

မကြာမီပင် ထိုက်ပှူကျွမ်း၊ တံငါရွာလေးနှင့် တစ်မိုင်ခန့်ဝေးသောနေရာရှိ ဇရပ်ကြီးသို့ရောက်လာကြသည်။

ဇရပ်ကြီးမှာ အိုမင်းကာ တစ်ချို့ အစိတ်အပိုင်းများတွင် ပျက်စီးယိုယွင်းနေကြပြီဖြစ်သည်၊ သို့သော် ထုထည်ကြီးကား ခိုင်ခန့်သည်။



ကျယ်ကျယ်ဝန်းဝန်းလည်းရှိသည်၊ ပင်လယ်ကမ်းခြေနှင့်ခန်းမဝေးတွင် တည်ဆောက်ထားခြင်းဖြစ်သည်။

ဇရပ်ကြီးပတ်ပတ်လည်တွင် ညီညာပြန့်ပြူးသော ကွက်လပ် မြေပြင်ရှိသည်။

လူငယ်သိုင်းသမားများသည် ဇရပ်ကြီးပေါ်တက်၍ဝိုင်းဖွဲ့ကာ ထိုင်လိုက်ကြသည်။

'လှေလဲရှာမတွေ့ဘူးဆိုတော့ ဘယ်လိုလုပ်ပြီး ပင်လယ်ကိုဖြတ်ရမှာလဲ'

ဝိုင်းဖွဲ့ထိုင်မိကြသည်တွင် ကျားဖြူရှန်အိုင်က စတင်မေးခွန်းထုတ်လိုက်သည်။

'လှေတွေအများကြီးရှိပါတယ်ဗျာ၊ ပူမနေစမ်းပါနဲ့'

နဂါးလေးစမ်းကွမ်းက ဤသို့ ပြန်ဖြေလိုက်သည်တွင် ဟသ်ာဝါကွမ်းချူးက 'ခစ်' ခနဲရယ်လိုက်သည်။

'မင်းက ဘာရယ်တာလဲ'

ကျားဖြူရှန်အိုင်က မကျေနပ်သည့်အသွင်ဖြင့် မေးသည်။

'ရယ်စရာကောင်းလို့ရယ်တာပေါ့မှင်၊ ရှင်ပဲ စဉ်းစားကြည့်ပါဦး၊ လှေတို့ သဘောၤတို့ဆိုတာဟာ မြစ်ဆိပ်နဲ့ ပင်လယ်ကမ်းစပ်မှာပဲရှိမှာပေါ့၊ တောဝိပေါ်နဲ့ လယ်ကွင်းတွေမှာရှိပါ့မလားလို့...ခစ်...ခစ်...ခစ်'

ဟသ်ာဝါကွမ်းချူးက ရယ်ရယ်မောမောပြောသည်။

'ကဲ...စမ်းကွမ်း၊ ခင်ဗျား ဘယ်လိုစီစဉ်ထားတယ်ဆိုတာ ရှင်းရှင်းပြောဗျာ'

'ကျားနက်ရှန်ကျင့်က ကြားဝင်ကာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'တောင်ပင်လယ်ဓားပြဂိုဏ်းရဲ့ ဖြစ်ဓလေ့ကာလဟာ ဒီနယ်တစ်ဝိုက်ကို အခုထိ လွှမ်းမိုးနေတုန်းပဲဗျ၊ ထိုက်ဟူကျွမ်းရွာသားတွေဟာ ကျွန်တော်တို့လို မျက်နှာစိမ်းတွေကို လှေငှားကြမှာမဟုတ်ဘူးဆိုတာ ကျွန်တော် ကြိုတင် တွက်ထားပြီးသားပါ၊ ဒီအချက်ကို ခင်ဗျားတို့ သိရအောင် ရွာထဲမှာ လှေသွားငှားခဲ့တာပဲ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ခင်ဗျားက ပင်လယ်ဓားပြတွေ အကြောင်းလဲပြောလိုက်ရော ရွာသားတွေ့ဝါသည့်တွေ့အလန့်တကြားဖြစ်ကုန်ကြတာ ကျွန်တော်တို့ မျက်မြင်ပဲ'

ချစ်လှလှင်ကိန်းလွှ က ဝင်ပြောသည်။

ထိုလူမှာ ကိန်းလွှ အစစ်မဟုတ်ဘဲ အယောင်ဆောင်ထားသူဖြစ်သော်လည်း စကားပြောပုံဆိုပုံ ဟန်အမူအရာ အသံအနေအထားမှာ ကိန်းလွှနှင့် ခွဲမရအောင်တူသည်။

'ဟာ…ဒီဒေသတစ်ဝိုက်ဟာ တောင်ပင်လယ် ဓားပြဂိုဏ်း ကျက်စားခဲ့တဲ့ နေရာတွေပေါ့၊ တောင်ပင်လယ်မင်းမြူကြီး ရှိတုန်းတိုင် သေသွားပြီးတဲ့နောက် တောင်ပင်လယ်ဓားပြဂိုဏ်းလဲ ပြိုကွဲသွားပြီလို့ ကြားခဲ့ရတာပဲ၊ အခုတော့ ဒီကောင်တွေ ပြန်ပြီးခေါင်းထောင်လာကြပြန်ပြီထင်တယ်'

စိန်ကျားသစ် ချူးကျင့်ဟွေးက ဝင်ပြောသည်။

စိန်ကျားသစ်ချူးကျင့်ဟွေးမှာ အရပ်မှုပုပျပ်ပျပ်ဖြစ်ကာ စကားပြောမြန်သည်၊ စကားပြောမြန်သော်သည်၊ စိတ်ဆန္ဒစောသော အလျင်စလိုလုပ်တတ်သည့်အသွင်မရှိ၊ ချင့်ချိန်ချိန်ချိန် လုပ်တတ်ဟန်ရှိသည်။



'ကဲ…ဒါတွေ ထားလိုက်ပါတော့၊ မင်းကျွန်းကိုရောက်အောင် ဘယ်လိုသွားရမယ်ဆိုတာကိုသာ ဆွေးနွေးကြပါ'

လင်ယုယု အယောင်ဆောင်ထားသူက ပြောသည်။

'လှေစီးပြီးသွားကြတာပေါ့'

နဂါးလေးသမ်းကျွမ်းက ဖြေပြန်သည်။

'လှေမငှားလို့မရတဲ့ဟာ…ဘယ်ကလှေစီးသွားကြမှာလဲ'

ကျားဖြူရှန့်အိုင်က ပြောသည်။ ကျားဖြူရှန့်အိုင်မှာ ရိုးရိုးအဖြစ်ကာ ရိုးရိုးစင်းစင်းသာ တွေးဆပြောဆိုတတ်၏။

'ထိုက်ဟူကျွမ်းတံငါရွာနားမှာ ငါးဖမ်းလှေ အစင်းရှစ်ဆယ်လောက်ရှိတယ်၊ ဒါဒီလှေကို ညဘက်ဆိုရင် ရွာနားက ပင်လယ်ကမ်းစပ်မှာ ကပ်ထားလေ့ရှိတယ်၊ လှေတစ်စီးကို လူလေးယောက်လောက် တောင်းယောင်းစီးနိုင်တယ်၊ ညကျရင် လှေခုနစ်စင်းလောက် သွားဆွဲလိုက်ရင် ကိစ္စပြီးတာပဲ'

လူငယ် သိုင်းသမားများမှာ စိတ်ထား တည်ကြည်သူ၊ ဖြောင့်မတ်သူများဖြစ်ကြပေရာ၊ လှေများခိုးယူမည့်အစီအစဉ်ကို သိပ်သဘောမကျပေ။ တစ်ချို့က ပြောင်ပြောင် ကန့်ကွက်စကားဆိုကြသည်။

'သူတို့ဆီက ကောင်းကောင်းမွန်မွန်ငှားတာမှမရတော့၊ ဒီလိုပဲလုပ်ရတော့မှာပေါ့၊ ကျွန်တော်တို့က ခိုးချင် ဝှက်ချင်တဲ့ စိတ်ရှိလို့မှမဟုတ်ဘဲ လှေတွေကို ခဏယူသုံးပြီး၊ ကိစ္စပြီးပြတ်တာနဲ့ ပိုင်ရှင်လက်ထဲပြန်အပ်မယ်၊ လှေငှားခလဲပေးလိုက်မယ်၊ ကျွန်တော်တို့ ယူသုံးနေတုန်း ပျက်စီးသွားမယ်ဆိုရင်လဲ ထိုက်ဆင့်တဲ့ လျော်ကြေးပေးလိုက်မယ်ဗျာ'

www.burmeseclassic.com

နဂါးလေးစမ်းကွမ်းက ဤသို့ရှင်းလင်းပြောပြသော့မှပင် သူ၏အကြံကို သဘောတူလက်ခံကြသည်။

'ဒါနဲ့ နေကြပါဦး၊ တောင်ပင်လယ်ငမန်းဖြူကြီးရှိတဲ့တိုင်ကို ပုန်ကန်ပြီး လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ လက်ထောက်ဗိုလ် ဆယ့်လေးယောက်စလုံး ငမန်းကျွန်းပေါ်မှာ ရှိနေကြတယ်ဆိုတာ သေချာရဲ့လား'

တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်နေသော ကြယ်ပျံယူဟု က မေးခွန်းထုတ်သည်။

'မှန်ပါတယ်၊ ငမန်းကျွန်းဟာ တောင်ပင်လယ် ဓားပြဂိုဏ်းရဲ့ အခြေစိုက်စခန်းဖြစ်တဲ့အတွက် သူတို့က အဲဒီနေရာက နေပြီး တစ်ခန်းထူကြဖို့ စီစဉ်နေကြတာပါ'

နဂါးလေးစမ်းကွမ်းက ပြန်အဖြေပေးလိုက်သည်။

'သူတို့က တောင်ပင်လယ်ဂိုဏ်းကို ပြန်ပြီးထူထောင်ကြဖို့ ကြံစည်နေကြတယ်ဆိုတော့ အခု အချိန်ဟာ သူတို့အတွက် သိပ်ကို အရေးကြီးတဲ့အချိန် ဖြစ်နေတယ်၊ ဒီလိုအချိန်မျိုးမှာ သူတို့က ပြည်မကုန်းမြေပေါ်တက်ပြီး မိန်းမပျိုလေးတွေကို ဖမ်းသွားကြတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား'

နဂါးလေးစမ်းကွမ်း၊ အယောင်ဆောင်ထားသူက တောင်ပင်လယ်ဓားပြဂိုဏ်းမှ လက်ထောက်ဗိုလ် ဆယ့်လေးယောက်တို့က မိန်းမပျိုလေးများကို အတင်းအဓမ္မဖမ်းဆီးထားသည့်အတွက် သွားရောက်ကယ်တင်ရန် လိုအပ်သည်ဟုအကြောင်းပြ ပြောကာ လူငယ်သိုင်းသမားများကို စည်းရုံးခဲ့ခြင်းဖြစ်၏။



ယခု ကြယ်ပျံယူဟု က ထိုသို့ပြောဆိုချက်ကို သံသယဝင်မိသောကြောင့် မေးခွန်းထုတ်နေခြင်းဖြစ်သည်။

'အဲဒီလူတွေက အပျော်ရမက်ကြီးတဲ့လူတွေချည်းပဲ၊ သူတို့ကို ပျော်ဖြေဖို့အတွက် မိန်းမပျိုလေးတွေကို ဖမ်းခေါ်သွားတာဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒီလူတွေ လက်ထဲမှာရှိနေတဲ့ မိန်းကလေးတွေကိုတော့ သွားကယ်ရမှာပဲ'

ကိန်ဒေလ့အတုက ကြားဝင်ပြောသည်။

'ယူဟုပြောတာ နည်းလမ်းကျတယ်လို့ ကျွန်တော်ထင်တယ်၊ သူတို့တစ်တွေက ပြန်ပြီးခေါင်းထောင်နိုင်ဖို့ အင်အားစုစည်းနေကြတဲ့အချိန်မှာ ဒီလိုရမ်းရမ်းကားကား လုပ်လိမ့်မယ်မထင်ဘူး၊ တောင်ပင်လယ်ဓားပြဂိုဏ်း ပြန်ခေါင်းထောင်နိုင်ပြီး အင်နဲ့အားနဲ့ လှုပ်ရှားနိုင်တဲ့အခါကျတော့ တစ်မျိုးပေါ့'

စိန်ကျောအစ်ချုံးကျင့်ဖွေးက ဝင်ပြောသည်။

'မိန်းကလေးတွေကို ဖမ်းသွားတယ်ဆိုတဲ့ သတင်းက မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ကျွန်မသဘောအာပြောရရင် ငါးမန်း ကျွန်းပေါ်ကို တက်ကြည့်သင့်တယ်လို့ ယူဆပါတယ်၊ တကယ်လို့ မိန်းကလေးတွေကို ဖမ်းထားတာမဟုတ်ဘူးဆိုရင်လဲ ဟိုလူဆယ့်လေးယောက်ကို နှိမ်နင်းခဲ့ကြတာပေါ့...

'တောင်ပင်လယ်ဓားပြဂိုဏ်းဟာ တစခန်းပြန်ထလာရင် ပင်လယ်ပိုင်းကလူတွေ ကောင်းကောင်းဒုက္ခတွေ့ရလိမ့်မယ်'

လင်ယုယုအတုက ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိန်းလွှ အယောင်ဆောင်ထားသူကလည်း မွန်းကျွန်းသို့ ဝင်ရောက်စုံစမ်းသင့်ကြောင်း ဝင်၍ထောက်ခံပြောကြားပြန်သည်။

လူငယ်သိုင်းသမားများလည်း အမျိုးမျိုးပြောဆိုကြ၏။ ထောက်ခံသူများရှိသလို ကန့်ကွက်သူများလည်း မနည်းပေ။

'တောင်ပင်လယ်ဓားပြဂိုဏ်းနဲ့ပတ်သက်တဲ့ သတင်းတွေကို သိချင်ရင် ကျုပ်တို့ပြောပြနိုင်ပါတယ်'

သူတို့လူစု အမျိုးမျိုးပြောဆိုနေကြဆဲဝယ် ဇရပ်အနောက်ဘက်မှ စကားသံတစ်ခုပေါ်လာသည်။

'ဘယ်သူတွေလဲ၊ ဇရပ်ထဲကိုဝင်လာခဲ့ပါ'

နဂါးလေးစမ်းကွမ်းအတုက လှမ်းပြောလိုက်သည်။

ခြေသံများကြားရပြီး ဇရပ်ထဲသို့ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ဝင်ရောက်လာသည်။

အမျိုးသားမှာ အသက်သုံးဆယ်ခန့်ရှိသည်။ ပါးသိုင်းမွေး မုတ်ဆိတ်မွေးများထူထပ်သည်။ သိုင်းဝတ်ရုံကို သေသေသပ်သပ် ဝတ်ဆင်ထားသည်။

အမျိုးသမီးမှာလည်း အသက်သုံးဆယ်ခန့်ရှိသည်။ ရုပ်ရည်ချောမောသော်လည်း ထူလွန်းလှသောမျက်ခုံးကြောင့် အလှပျက်သလိုဖြစ်နေ၏။ အစိမ်းရောင်ဝတ်စုံကိုဝတ်ဆင်ထား၏။ ဦးလုံး၏နောက်ကျောတွင် ဓားရှည်တစ်လက်စီလွယ်ထားကြသည်။

သူတို့နှစ်ယောက်မှာ လင်မယားဖြစ်ဟန်တူသည်။

'ခင်ဗျားတို့က ဘယ်သူတွေလဲ'



နဂါးလေးစမ်းကွမ်းအတုက မေးလိုက်သည်။

'ကျုပ်နာမည်က ကျစမ်းထုလို့ခေါ်ပါတယ်၊ ဟောဒီက ကျုပ်ရဲ့ဇနီး ကုချိန်းပါ'

ပါးသိုင်းမွေးနှင့်လူက ယဉ်ကျေးသိမ်မွေ့စွာ ပြောလိုက်သည်။

'ဒီကို ဘာကိစ္စနဲ့ရောက်လာတာလဲ'

'တောင်ပင်လယ်ဓားပြဂိုဏ်းကို ချေမှုန်းချင်လို့ပါ'

'အကြောင်းစုံကိုပြောပြစမ်းပါဦး'

'ဒီလိုပါ၊ လွန်ခဲ့တဲ့ခြောက်နှစ်လောက်က ကျုပ်ရဲ့ အဖေနဲ့ ဦးလေးဟာ ပင်လယ်ပြင်မှာ ကုန်ကူးဖို့ ရွက်လွှင့်သွားရင်း... တောင်ပင်လယ်ဓားပြဂိုဏ်းရဲ့ တိုက်ခိုက်လုယက်ခြင်းကို ခံခဲ့ရပါတယ်...

'ကျုပ်ရဲ့ဖခင်နဲ့ ဦးလေးဟာ ပင်လယ်ဓားပြတွေရဲ့ လက်ချက်နဲ့ပဲ သေဆုံးခဲ့ကြရပါတယ်၊ ဒါကြောင့် ကျုပ်တို့လင်မယားက ကိုယ်တတ်နိုင်သလောက် အင်အားနဲ့ တောင်ပင်လယ်ဂိုဏ်းကို ချေမှုန်းဖို့ကြံခဲ့ကြပါတယ်....

'နောက်တော့ ဒီပင်လယ်ဓားပြကောင်တွေ အချင်းချင်း တိုက်ခိုက်ကြပြီး တောင်ပင်လယ်ဓားပြဂိုဏ်း ပြိုကွဲသွားခဲ့ပါတယ်၊ အခု ကျန်သေးတဲ့လက်တောက်ဓားပြဂိုဏ်း ဆယ့်လေးယောက်ဟာ တောင်ပင်လယ်ဓားပြဂိုဏ်း၊ မြန်လည်ထူထောင်ဖို့ မွန်းကျွန်းမှာ အခြေစိုက်ပြီး ကြံစည်နေကြတယ်ဆိုတဲ့ သတင်းကြားရလို့ ဒီနယ်ဘက်ကို လာစုံစမ်းတာပါ...

www.burmeseclassic.com



'ကျုပ်တို့လိုပဲ ပီကောင်တွေကို ချေမှုန်းဖို့ကြံနေတဲ့ ခင်ဗျားတို့ကိုတွေ့ရတာနဲ့ ပူးပေါင်းကူညီရအောင် ဝင်လာခဲ့တာပါ'

'ကျွန်တော်တို့ ဘယ်သူတွေ ဆိုတာကိုရော ခင်ဗျားသိရဲ့လား'

'အနုဘလော နာမည်ထင်ရှားလာတဲ့ လူငယ်သိုင်းသမား နှစ်ဆယ့်ရှစ်ယောက်မဟုတ်လား'

'ခင်ဗျားက အကဲခတ်မဆိုးဘူး၊ ဒါပေမယ့် ခင်ဗျားတို့အကြောင်းကို ကျွန်တော်တို့က သေသေချာချာသိထားတာမဟုတ်တော့ ခင်ဗျားတို့ရဲ့ပူးပေါင်းမှုကို လက်မခံနိုင်ဘူး'

'ဘာလဲ…ကျုပ်တို့ကို အောင်ပင်လယ်ဓားပြဂိုဏ်းကလွှတ်လိုက်တဲ့ သူလျှိုတွေထင်နေလို့သလား'

'ဒီလိုတော့လဲ မစွပ်စွဲချင်ပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ကတော့ အစစအရာရာ သတိလက်မလွှတ်ပဲ စဉ်းစဉ်းစားစားလုပ်ဖို့ လိုတယ်လေ၊ ဒီတော့ ခင်ဗျားတို့ဟာ တကယ်ပဲ တောင်ပင်လယ်ဓားပြဂိုဏ်းကို ချေမှုန်းချင်တယ် ဆိုရင်တော့ ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ ဆက်သာလုပ်ကြပေတော့'

နဂါးလေးစမ်းကွမ်းအတုက အပြတ်ပင်ငြင်းပယ်နေ၏။

'ဒီမယ်…ရှင်ဟာ နဂါးလေးစမ်းကွမ်းဆိုတာလား'

ကုချိန်းက ဝင်မေးသည်။

'ဟုတ်တယ်'

နဂါးလေးစမ်းကွမ်းအတုက မပ်ဆည်တည်ဖြင့် ပြန်ပြောသည်။



'ကျွန်မတို့လင်မယားဟာ ဒီနေရာတစ်ဝိုက်မှာ လှည့်လည်စုံစမ်းနေတာ အခု လေးလလောက်ရှိနေပြီ၊ ဓမန်းကျွန်းက အခြေအနေတွေကို ရှင်တို့ထက် ကျွန်မတို့က ပိုပြီးသိနေတယ်၊ ဒါကြောင့် ကျွန်မတို့ရဲ့ပူးပေါင်းမှုကို လက်ခံမယ်ဆိုရင် ရှင်တို့အတွက် အများကြီးအထောက်အကူရနိုင်တယ်'

'ဘယ်လိုမှမအောက်မေ့ပါနဲ့၊ ခင်ဗျားတို့ရဲ့ပူးပေါင်းကူညီမှုကို လက်မခံနိုင်ဘူးလို့ပြောပြီးပြီပဲ'

နဂါးလေးစမ်းကွမ်းက ငြင်းပယ်စကားဆိုလိုက်သည်နှင့် ကြယ်ပျံယူဟုံထ ကြားဝင်ပြောသည်။

'သူတို့လင်မယားကြည့်ရတာ ရိုးသားတယ်လို့ ကျွန်တော်ထင်တယ်၊ သူတို့ကိုပူးပေါင်းခွင့်ပေးရင် ကောင်းလိမ့်မယ်'

'သတိဆိုတာ ပိုတယ်မရှိဘူး၊ တစိမ်းတွေကို အရမ်းလက်ခံလို့ ဘယ်ဖြစ်မှာလဲ'

ကိန်မလွှ အတုက ပြောသည်။

'ဒီကိစ္စမှာ သဘောတူတဲ့လူရှိသလို ကန့်ကွက်တဲ့ လူလဲရှိတယ်၊ ဒီတော့ လက်ညှိုးထောင်ပြီး မဲခွဲဆုံးဖြတ်ကြရအောင် ကန့်ကွက်တဲ့လူများရင်တော့ ကျုပ်တို့လင်မယား ဒီနေရာက ချက်ချင်းထွက်သွားပါမယ်'

ကျစမ်းအုက အခွင့်ကောင်းယူကာပြောလိုက်သည်။

'ဟုတ်တယ်၊ သဘောတူတဲ့လူရှိရင် လက်ညှိုးထောင်ကြ'

ကျားနက်ရှန့်ကျင့်က အော်ဟစ်ပြောဆိုကာ ကိုယ်တိုင်လည်း လက်ညှိုးထောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထခြေးထူများကလည်း ဆက်၍ လက်ညှိုးထောင်ကြ၏။ အတောတူလှ နှစ်ဆယ့်ငါးဦးရှိသည်။

နဂါးလေးစမ်းကွမ်းအတော၊ ကိန်လေ့အတူနှင့် လင်ယုယုတို့ သုံးဦးကသာ ကန့်ကွက်သည်။

'သဘောတူတာ နှစ်ဆယ့်ငါးယောက်၊ ကန့်ကွက်တာသုံးယောက် သဘောတူတဲ့ဘက်က နိုင်တယ်၊ သူတို့လင်မယားကို လက်ခံရမယ်'

ကျွန်းနက်ရှင်ကျောင့်က ပြောဆိုကြပြောလိုက်သည်။

'ဆက်ခံတာတော့ဟုတ်ပါပြီ၊ သူတို့ရဲ့ သိုင်းပညာ အစွမ်းအစကို စမ်းကြည့်ရဦးမယ်၊ သိုင်းပညာက မဖြစ်စလောက်ဆိုရင် ဆူးတို့ကို သေတွင်းထဲတွန်းပို့သလိုဖြစ်နေမယ်'

နဂါးလေးစမ်းကွမ်းအတွက် အလျှော့မပေးဘဲပြော၏။

'ခင်ဗျားပြောတာမဆိုးဘူး၊ ဒီတော့ သူတို့လင်မယားရဲ့ သိုင်းပညာအစွမ်းအစကို စမ်းသပ်ကြည့်ကြစို့'

ရိုးအားသော ကျွန်းသစ်နက်ရှင်ကျောင့်မှာ နဂါးလေးစမ်းကွမ်း၏အကြံကို မရိပ်မိဘဲ ခေါင်းတညိတ်ညိတ်နှင့်ပြောလိုက်သည်။

'ဘယ်လိုလဲ၊ ခင်ဗျား ကျွန်တော်တို့ကို သိုင်းပညာယှဉ်ပြိုင်မလား'

'ကောင်းပြီ၊ ပညာချင်းဖလှယ်ကြတာပေါ့ဗျာ၊ ဒါပေမဲ့ ပညာစမ်းရုံသာတိုက်ကြမယ်နော်၊ တစ်ယောက်နဲ့တစ်ယောက် လက်လွန်ခြေလွန်ဖြစ်ကုန်ရင် မကောင်းဘူး'



ဤသို့ဖြင့် ကျစမ်းအုနှင့် ကိန်လေ့တို့ နှစ်ယောက်ဆား သိုင်းပညာ ယှဉ်ပြိုင်ရန် ဇရပ်ရှေ့ဘက်ရှိ မြေကွက်လွတ်ထဲသို့ ဆင်းလာခဲ့ကြသည်။

ကျွန်းလူများသည်း သိုင်းပညာယှဉ်ပြိုင်ပွဲကို ကြည့်ရှုအားပေးရန် ဇရပ်အောက်သို့ ဆင်းလာခဲ့ကြသည်။

× × ×

ကိန်လေ့အတူနှင့် ကျစမ်းအုတို့ မျက်နှာချင်းဆိုင်ရပ်နေကြသည်။

ကျစမ်းအု၏လက်ထဲဝယ် ဓားရှည်တစ်လက် ကိုင်ထား၏။

ကိန်လေ့အတူ၏လက်ထဲဝယ် တစ်ပေခန့်ရှည်သောဓားတိုလေးနှစ်လက် ကိုင်ထားသည်။

ထိုဓားတိုနှစ်လက်မှာ ချစ်လုလင်ကိန်လေ့၏ လက်စွဲတော် 'ကျင်းခိုးညီနောင်' ဓားတိုအစစ်များဖြစ်ကြသည်။

'ခင်ဗျားရဲ့နာမည်ကိုထဲ မသိရသေးပါလား'

ကျစမ်းအုကပြောလိုက်သည်။

'သိုင်းလုဆင်ခြောက်ဦးထဲက ချစ်လုလင်ကိန်လေ့ ဆိုတာ ကျွန်တော်ပါပဲ'

'ဪ...အင်း... ချစ်လုလင်ဆိုတော့ သတ်သက်ညှာညှာ လေးလုပ်ပါဗျနော်'

ကျစမ်းအုက ခပ်သောသောပြောသည်။

'ကိုင်း...ဆေပြီ၊ သတိထေးပေတော့'

www.burmeseclassic.com

www.burmeseclassic.com



ကိန်လေ့အတုက ပြောပြောဆိုဆို ဘယ်လက်ရှိဓားတိုဖြင့် တစ်ချက်အရောင်ပြကာ ညာလက်ရှိဓားတိုဖြင့် ကျစမ်းအုရင်ဝတည့်တည့်ကိုထိုးစိုက်လိုက်သည်။

ဓားချက်ပိရိသလို လှုပ်ရှားပုံကလည်း အတော်ပင်မြန်၏။ ကျစမ်းအုက ဘေးသို့တစ်လှမ်းတိမ်းကာ ရှောင်လိုက်သည်။

ကိန်လေ့အတု၏ဓားချက်မှာ သီသီလေး ဆပ်လွဲသွားသည်။ ကျစမ်းအုက ချက်ချင်းပင်တန်ပြန်တိုက်စစ်ဆင်မိ၏။

ကိန်လေ့အတုသည်လည်း ဓားတိုနှစ်လက်ကို သွက်လက်စွာ အကွက်အကျအသုံးပြုကာ ခုခံတိုက်ခိုက်သည်။ နှစ်ယောက်သား တစ်ပြန်ကျားတစ်ပြန်ဆိုသလို အပြန်အလှန်တိုက်ခိုက်နေကြသည်။

ကိန်လေ့အတု၏တိုက်ခိုက်ပုံနှင့် သိုင်းကွက်များမှာ တစစ ပို၍ကြမ်းလာသည်။ ခက်ထန်လာသည်။ ရက်စက်လာသည်။

သိုင်းပညာချင်း ယှဉ်ပြိုင်နေသည်နှင့်ပင်မတူတော့။ ရန်သူကြီးတစ်ယောက်ကို တိုက်ခိုက်နေရသည့်အလား၊ အညိုးကြီးစွာ သဲသဲမဲမဲတိုက်ခိုက်သည်။

ကျစမ်းအုကတော့ အေးအေးသည်၊ တည်ငြိမ်သည်၊ အေးအေးလေး မှန်မှန်ပင် ကိန်လေ့အတု၏တိုက်စစ်ကို ခုခံနေ၏။

ဓားသိုင်းလေ့ကျင့်မှုပြုလုပ်နေသည့်ဟုပင် ထင်ရသည်။

'ကျစမ်းအုဆိုတဲ့လူရဲ့ သိုင်းပညာစွမ်းဟာ မသေးလှဘူး၊ အတော်ထက်တယ်၊ ဒီလူပေါက်လာတာ မသင်္ကာစရာပဲ၊ သူ့ကို သတိထားဖို့လိုတယ်'



ကိန်လေ့အတုနှင့် ကျစမ်းအုတို့ ရင်ဆိုင်တိုက်ခိုက်နေကြသည်ကို အကဲခတ်ကြည့်ရင်း နဂါးလေးစမ်းကွမ်းအတုက ကျားဖြူရှန့်အိုင်ကို တိုးတိုးပြောလိုက်သည်။

'သူက သိုင်းပညာအစွမ်းထက်တာတော့ အမှန်ပဲ၊ ဒါပေမယ့် မကောင်းတဲ့စိတ်ထားကတော့ရှိမယ်မထင်ဘူး၊ သူဟာ မကောင်းကြံချင်တယ်ဆိုရင် ဘာကြောင့် ခံစစ်ပဲလုပ်နေမလဲ၊ တရကြမ်းတိုက်စစ်ဆင်ပြီး တိုက်ခိုက်မှာပေါ့'

ကျားဖြူရှန့်အိုင်ကပြောသည်။

'ဒီလူဟာ တောင်ပင်လယ် ဓားပြဂိုဏ်းက လွှတ်လိုက်တဲ့ သူလျှိုပဲဖြစ်ရမယ်၊ ဒီတော့ ဒီလူ့ကို အပြတ်ရှင်းပစ်လိုက်ရင် မကောင်းဘူးလား၊ ဒါမှ အန္တရာယ်တစ်ခုလျော့သွားမယ်'

'ဟာ...ဒါကိုတော့ ကျွန်တော် သဘောမတူနိုင်ဘူးဗျာ၊ ကျစမ်းအုဟာ တောင်ပင်လယ်ဓားပြဂိုဏ်းဝင်ဖြစ်တယ်ဆိုတာ သက်သေခိုင်ခိုင်လုံလုံမှ မရှိဘဲ၊ ဒီလိုကိစ္စမျိုးဟာ ထင်ကြေးနဲ့ ရမ်းလုပ်လို့မဖြစ်ဘူး၊ မတော်တဆ လူကောင်းကိုမှားပြီး သုတ်သင်မိရင် ခက်ကုန်မယ်'

ကျားဖြူရှန့်အိုင်က သဘောမတူသောကြောင့် နဂါးလေးစမ်းကွမ်းအတုလည်း ကျွန်လူများကိုချဉ်းကပ်ကာ ကျစမ်းအုတို့လင်မယားကို ရှင်းပစ်ရန် သွေးဆောင်ပြောကြားပြန်၏။

ကျွန်လူများကလည်း ကျားဖြူရှန့်အိုင်နည်းတူ ငြင်းပယ်ကြသည်။

သိုင်းယှဉ်ပြိုင်ပွဲ၏ အခြေအနေမှာလည်း ကိန်လေ့အတု အဖို့ ကြာလေ အရေးနိမ့်လာလေဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွဲစမ်းအုက ဌာနြွေရှရဖြင့် တစ်ကွက်ချင်းတိုက်ခိုက်နေ၏၊ ကိန်လေ့ အတုမှာ ပျာရာခတ်နေပြီး ကိုယ့်သိုင်းကွက်နှင့်ကိုယ် ပြန်၍ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသည်။

'ကဲ...တော်လောက်ပါပြီ၊ ပြိုင်ပွဲကိုရပ်လိုက်ကြပါတော့'

မိမိလူ မဟန်မှန်းရိပ်မိသောကြောင့် နဂါးလေးစမ်းကွမ်း အတုက ပွဲသိမ်းရန် လှမ်းအော်ပြောလိုက်သည်။

'အို...အရှုံး အနိုင်မှ မပေါ်သေးဘာ ဘာကြောင့် ပွဲရပ်ရ မှာလဲ'

ကျွဲစမ်းအုကို အနိုင်မတိုက်နိုင်သောကြောင့် အရှက်ကြီး ရှက်နေသည့် ကိန်လေ့ အတုက ပြန်ပြောသည်။

'တော်လောက်ပါပြီဗျာ၊ ကျွဲစမ်းအုက ဆန့်ပြန်တိုက်စစ် မဆင်နိုင်ပေမယ့် ခံစစ်ကိုတော့ကောင်းကောင်းလုပ်နိုင်တယ်၊ ကျွန်တော်တို့နဲ့ အတူတူလိုက်နိုင်မယ့် အရည်အချင်းရှိတယ်ဆို တာ သိရပါပြီ'

'နဂါးလေးစမ်းကွမ်းအတုက လိမ္မာပါးနပ်စွာ စကား ပရိယာယ်ကြွယ်ကြွယ်ဖြင့် ကျွဲစမ်းအု၏သိုင်းပညာစွမ်းကဲ ကိန် လေ့အတုအား နိမ့်သယောင်ယောင်ထင်ရအောင်ပြောလိုက် သည်။

ကိန်လေ့အတုလည်း မကျေမနပ်နှင့်ပင် ခါးတိုမျာ‌းကို ပြန်သိမ်းကာ နောက်ဆုတ်လိုက်ရသည်။

'ကိုင်း...ကုချိန်းရဲ့သိုင်းပညာစွမ်းကို စမ်းကြည့်ကြရအောင် အမျိုးသမီးတစ်ယောက်ထွက်ခဲ့ပါ'

နဂါးလေးစမ်းကွမ်းအတုက ပြောလိုက်သည်။



'ကျွန်မပြိုင်မယ်'

လင်ယုယုအတုက တခြားသူများထက်ဦးအောင်ပြောပြီး ရှေ့သို့ထွက်လာသည်။

လင်ယုယုအတုနှင့် ကုချိန်းတို့ ရင်ဆိုင်မိကြသည်။

လင်ယုယုအတုက ဟန်ပြပြသည့်အနေဖြင့် ခါးထွင် စည်းထားသော‌ဖဲကြိုးအဖြူကိုဖြေချကာ ဖတ်ခနဲအသံမြည် အောင် ဝှေ့ယမ်းလိုက်သည်။

'ညီမထော ဂန္ဓမာသူတောလင်ယုယု ထင်ပါရဲ့၊ ညီမရဲ့တိမ်ဖြူ ဖဲကြိုးအကြောင်း ကြားဖူးထားတာကြာပါပြီ'

ကုချိန်းက ချီးမွမ်းစကားဆိုပြီးနောက် ဓားရှည်ကိုဆွဲထုတ် ကာ အသင့်ပြင်လိုက်သည်။

လင်ယုယုအတုက ဘာမျှပြန်မပြောတော့ဘဲ တိမ်ဖြူဖဲကြိုး ဆတ်ခနဲရိုက်ထုတ်လိုက်၏။ ဖဲကြိုးအဖျားက မြွေတစ်ကောင် ပါးပျဉ်းထောင်ကာ ပေါက်လိုက်သည့်အသွင်မျိုးဖြင့် ကုချိန်း ရှိရာသို့ တိုးဝင်လာသည်။

ကုချိန်းက ဘယ်ခြေကိုဆန့်ထုတ်ကာ ရှေ့သို့တစ်ကွက်တက် လိုက်သည်။

တိမ်ဖြူဖဲကြိုး၏ရိုက်ချက်မှ လွတ်သွားသည်နှင့် ဓားရှည် ကိုဆန့်ကာ ထိုးထည့်လိုက်သည်။

လင်ယုယုအတု ပျာယာခတ်သွားသည်။ နောက်သို့ လှုနခနဲခုန်ကာ ရှောင်လိုက်သည့်အတွက် ဓားချက်ကသီသီလေး ဘေးကလွတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ယုယုအတုက တိမ်ဖြူဖဲကြိုးကိုဝှေ့ယမ်းကာ အတင်းပင် ရိုက်နှက်တိုက်ခိုက်သည်။ တိမ်ဖြူဖဲကြိုးက နဂါးတစ်ကောင်ပမာ တွန့်လိမ်လှုပ်ရှားနေရာ အတော်ပင်ကြောက်စရာကောင်းလှသည်။

ရိုက်နှက်တိုက်ခိုက်သည့်အကွက်မှာလည်း အလွန်ဆန်းပြားရှုပ်ထွေးသည်။

ကုချိန်းကတော့ ဆန်းပြားရှုပ်ထွေးလှသည့် တိုက်ခိုက်မှုကို အလွယ်တကူပင်ရှောင်ရှားကာ ဓားချက်များဖြင့် ဆင့်ကာဆင့်ကာ ခုတ်ပိုင်းတိုက်ခိုက်သည်။

လင်ယုယုအတုမှာ ရင်ဆိုင် တိုက်ခိုက်နိုင်စွမ်း မရှိတော့ဘဲ နောက်သို့ခြေလှမ်းငါးလှမ်းခန့် ခုန်ထွက်ပေးလိုက်ရသည်။

နဂါးလေးစမ်းကွမ်း မျက်မှောင်ကုပ်သွားသည်။ ကျန်လူငယ်သိုင်းသမားများမှာလည်း တအံ့တဩဖြစ်ကုန်ကြရ၏။

ဂန္ဓမာဒသူဇာလင်ယုယုမှာ သိုင်းပညာအတော်လေးအစွမ်းထက်သည်ဟု သူတို့ကြားထားကြသည်။

လင်ယုယုတိုက်ခိုက်သည်ကို ယခင်က ကိုယ်တွေ့မျက်မြင် မရှိခဲ့ကြသော်လည်း အတော်ပင်အထင်ကြီးနေကြသည်။

ယခု ကုချိန်းကိုမယှဉ်နိုင်ဘဲ ပုံပျက်ပန်းပျက်ပင် ခုန်ရှောင်တိမ်းနေရသည်ကို တွေ့ရသောအခါ အတော်ပင်အတွေးရခက်နေကြသည်။

'ယား'



လင်ယုယုအတုက ပါးစပ်မှအော်ဟစ်ကြိမ်းဝါးကာ တိမ်ဖြူဖဲကြိုးကို တရစပ်ဝှေ့ယမ်းကာ ကုချိန်းအား အတင်းဝင်တိုက်ပြန်သည်။

ကုချိန်းက အလွယ်ပင်တိမ်းရှောင်ကာ ဓားဖြင့် ဆီးပိုင်းလိုက်ရာ တိမ်ဖြူဖဲကြိုးကို ခုတ်ဖြတ်လိုက်မိလုလုဖြစ်သွား၏။ လင်ယုယုအတုမှာ ကမန်းကတန်းဆွဲယူကာ နောက်သို့ခုန်ထွက်လိုက်သောကြောင့်သာ လွတ်သွားရသည်။

'တော်ကြပါတော့ ဒီလောက်ဆို လုံလောက်ပါပြီ'

နဂါးလေးစမ်းကွမ်းအတုက မိမိလူ သိပ်ဣန္ဒြေမပျက်မီ အချိန်တွင် ဝင်ရောက်ထိန်းသိမ်းလိုက်သည်။

'အို...ရှင်ကလဲ ကျွန်မက အခုမှပညာခန်းတွေပြဖို့ကြံ ကာရှိသေးတယ်၊ ဘာကြောင့်ရပ်ခိုင်းရတာလဲ'

လင်ယုယုအတုကလည်း ဘာကြောင့်ပွဲအရပ်ခိုင်းရသည်ကို နားလည်သောကြောင့် အမျက်ကျကျနှင့် အကွက်ဝင်အောင် စကားဆိုလိုက်သည်။

'သိုင်းပညာ ဖလှယ်တဲ့သဘောနဲ့ ယှဉ်ပြိုင်ကြတာပဲ တစ်ကွက် နှစ်ကွက်လောက်ဆိုရင် ဘယ်လောက် အရည်အချင်းရှိတယ်ဆိုတာ သိလောက်ပါပြီ'

နဂါးလေးစမ်းကွမ်းအတုကလည်း ပညာပါပါပြောလိုက်သည်။

'ဘယ်လိုလဲ၊ ကျွန်မတို့ဇင်ယောရဲ့ သိုင်းပညာအလင်းရှင်တို့နဲ့အတူတူ ပူးပေါင်းဖို့ အဆင့်မရှိလို့လား'

ကုချိန်းက ဓားရှည်ကိုပြန်သိမ်းရင်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုတော့ အမျိုးရဲ့ ဆန္ဒကို ရယူရမှာပဲ၊ ဘယ်လိုလဲ မောင်ရင်းတို့'

နဂါးလေးစမ်းကွမ်းအတုက အမျိုး၏ သဘောထားကို တောင်းခံလိုက်သည်။

အယောင်ဆောင်ထားသူ သုံးယောက်မှတစ်ပါး ကျန်လူငယ် သိုင်းသမား နှစ်ဆယ့်ငါးယောက်တို့က ကျစမ်းအူနှင့် ကုချိန်းတို့၏ သိုင်းပညာ ထက်မြက်ထူးချွန်ကြောင်းကို တညီတညွတ်တည်းပြောကြသည်။

ဤတွင် နဂါးလေးစမ်းကွမ်းအတုမှာ မည်သို့မျှမတတ်နိုင်ဘဲ ကျစမ်းအူနှင့် ကုချိန်းတို့လင်မယားကို မိမိတို့အဖွဲ့နှင့်အတူ လိုက်ပါခွင့်ပြုရန် သဘောတူလိုက်ရလေတော့သည်။

ထို့နောက် အားလုံး ဇရပ်ပေါ်သို့ပြန်တက်လာခဲ့ကြ၏။

× × ×

'ကိုင်း...ခင်ဗျားတို့က ငမန်းကျွန်းပေါ်က အခြေအနေတွေကို အများကြီးသိထားကြတယ်ဆို၊ ဘာတွေများသိထားသလဲဆိုတာ ပြောပြစမ်းပါဦး'

ဇရပ်ပေါ်သို့ အားလုံးပြန်ရောက်လာသောအခါ နဂါးလေးစမ်းကွမ်းအတုက ပြောလိုက်သည်။

'ငမန်းကျွန်းဟာ ပြည်မကုန်းမြေကနေ ဆယ်မိုင်လောက် ဝေးပါတယ်၊ နဂိုကတည်းက လူမနေတဲ့ကျွန်းတစ်ကျွန်းပါပဲ၊



လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က တောင်ပင်လယ် ဓားပြဂိုဏ်း ခေါင်းဆောင် နဂါးဖြူကြီးရီတာဟိုင်က အဲဒီကျွန်းကို ပြုပြင်ပြီး အခြေစိုက်စခန်းလုပ်ခဲ့ပါတယ်....

'ငမန်းကျွန်းဆိုတဲ့နာမည်ကလဲ ရီတာဟိုင်ပေးသွားခဲ့တာပါပဲ၊ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်တုန်းက ရီတာဟိုင်ကို လက်ထောက်ဗိုလ် ဆယ့်လေးယောက်က ပုန်ကန်တိုက်ခိုက်ပြီး လုပ်ကြံသတ်ဖြတ်ပစ်လိုက်ကြပါတယ်....

'ငမန်းကျွန်းပေါ်မှာရှိတဲ့ အဆောက်အအုံတွေကိုလဲ မီးရှို့ဖျက်ဆီးပစ်ခဲ့ကြတယ်၊ တောင်ပင်လယ် ဓားပြဂိုဏ်းဟာလဲ ပြိုကွဲသွားသလောက်ဖြစ်ခဲ့ပါတယ်....

'ယခုနှစ်ထဲမှာပဲ ရီတာဟိုင်ကိုလုပ်ကြံသတ်ဖြတ်ခဲ့ကြတဲ့ လက်ထောက်ဓားပြဗိုလ် ဆယ့်လေးယောက်ဟာ ငမန်းကျွန်းကို ပြန်ရောက်လာကြပြီး တောင်ပင်လယ်ဓားပြဂိုဏ်းကို ပြန်လည် ထူထောင်ဖို့ ကြံစည်လုပ်ဆောင်နေကြပြန်ပါတယ်'

'ဒါတွေကိုတော့ ခင်ဗျားပြောမှလားဗျ၊ ကျွန်တော်တို့လဲ သိပြီးသားပါ'

နဂါးလေးစမ်းကွမ်းအတုက ကြားဖြတ်ပြောလိုက်၏။

'ဆက်နားထောင်ပါဦးလေ၊ ခင်ဗျားတို့ မသိသေးတာတွေ ပါလာပါလိမ့်မယ်၊ လက်ထောက်ဓားပြဗိုလ်ဆယ့်လေးယောက်က ခု လောလောဆယ်မှာ အဆိပ်မိကျောင်း စိမ်းကူးကို ခေါင်းဆောင်တင်ထားကြတယ်....

www.burmeseclassic.com

www.burmeseclassic.com



'စိမ်းကူးက သိုင်းပညာအတော်ကောင်းတယ်၊ မေန်းဖြူကြီး ရှိတာယှိုင် သေခဲ့ရတာဟာလဲ စိမ်းကူးရဲ့ လက်ချက်ကြောင့်လို့ ကြားရတယ်'

'အင်း....အင်း....ဆက်ပြောပါဦး'

'အခုဆိုရင် သူတို့ဟာ တပည့်တပန်းအတော်များများလဲ စည်းရုံးထားပြီးပါပြီ၊ မေန်းကျွန်းပေါ်မှာ တိုက်သင်္ဘောတွေ တိတ်တိတ်လေးဆောက်နေတာ အခုဆိုရင် အတော်လေးပြီးနေပြီ....

'မကြာခင်မှာဗဲ ဟောဒီနားတစ်ဝိုက်ကို တောင်ပင်လယ် ဓားပြဂိုဏ်းက ပြန်လည်လွှမ်းမိုးလာတော့မယ်၊ သူတို့ကိုအချိန်မီ ချေမှုန်းပစ်ဖို့လိုတယ်၊ဒါမှ အပြစ်မဲ့တဲ့ပြည်သူတွေပြည်သားတွေ အေးအေးချမ်းချမ်းသွားလာနိုင်မယ်'

'အဲဒီလူတွေက မိန်းမပျိုလေးတွေကို ဖမ်းခေါ်သွားတယ်ဆိုတာ တကယ်ပဲလား'

ယသော်စိမ်းလျှံစိမ်းက ဝင်ရောက်မေးခွန်းထုတ်လိုက်၏။

'အဲဒီလိုမတော့ ကျုပ်တို့မကြားမိပါဘူး၊အဆိပ်မီကျော်စိမ်းကူးတို့ ဆယ့်လေးယောက်ဟာ မေန်းကျွန်းပေါ်မှာပဲ လျှိုလျှိုဝှက်ဝှက်နေကြပါတယ်'

ကျစမ်းအုက ပြန်ဖြေသည်။

'ဒီသတင်းဟာ တကယ့်သတင်းအမှန်ပါ၊ ဒါကြောင့်လဲ ကျွန်တော်တို့အားလုံးက မေန်းကျွန်းပေါ်မှာ အဖမ်းခံနေကြရတဲ့ မိန်းမပျိုလေးတွေကို ကယ်တင်ဖို့ ဒီကိုရောက်နေကြ



တာမဟုတ်လား၊ ကျစမ်းအုတို့က ဒီသတင်းကိုမစုံစမ်းမိကြလို့ ဖြစ်ပါလိမ့်မယ်'

နဂါးလေးစမ်းကွမ်းအတုက ပြောလိုက်သည်။

'ဟုတ်ပါလိမ့်မယ်၊ ကျုပ်တို့စုံစမ်းထာ နည်းနည်းလိုသွားလို့ ဒီသတင်းကို မကြားမိတာဖြစ်ပါလိမ့်မယ်'

ကျစမ်းအုကလည်း လိုက်လိုက်လျောလျောပင်ပြောလိုက်သည်။

'ကျွန်းပတ်ပတ်လည်မှာ အစောင့်အကြပ်တွေကို ဘယ်လို အနေအထားမျိုးနဲ့ ချထားသလဲ'

ကျားဖြူရှန်ဆိုင်အာ မေးမြန်းသည်။

'ကျုပ်တို့လင်မယားက တံငါသည်တွေယောင်ဆောင်ပြီး ငါးဖမ်းလှေတစ်စီးနဲ့ မေန်းကျွန်းနား သွားပြီးစုံစမ်းကြည့်ရှုထားခဲ့ပါတယ်၊ကျွန်းရဲ့ပတ်ပတ်လည်မှာ အစောင့်အကြပ်တွေ ရှိနေတယ်....

'ဒါပေမယ့် ကျွန်းရဲ့ အရှေ့တက်ခြမ်းမှာတော့ အစောင့်နည်းတယ်၊ ဒါပေမယ့် အဲဒီဘက်မှာ မတ်စောက်တဲ့ကမ်းပါးစောက်တွေရှိတာဆိုတော့ အပေါ်ကိုတက်ဖို့က သိပ်မလွယ်လှဘူး'

'ဘယ်လိုအခက်အခဲပဲရှိရှိ မေန်းကျွန်းပေါ်ကို အရောက်တက်ပြီး အဖမ်းခံထားရတဲ့ မိန်းကလေးတွေကိုတော့ ကယ်တင်ပေးရမှာပဲ၊ ကဲ....အခုချိန်ကစပြီး အားလုံး နားနားနေနေ နေကြပါ၊ ညသန်းခေါင်ကျမှ ခရီးစမယ်'

www.burmeseclassic.com

www.burmeseclassic.com



နဂါးလေးစမ်းကွမ်းအတူက ဤသို့ ပြောလိုက်သည်တွင် ဝိုင်းဖွဲ့ထိုင်နေကြသူများ ကိုယ့်အစုနှင့်ကိုယ် နေရာခွဲထိုင်ကာ အနားယူလိုက်ကြသည်။

ကျူစမ်းအုန်နှင့် ကုချိန်းတို့လင်မယားက ဇရပ်ထောင့်နားဝယ် သီးခြားနေရာယူကြသည်။

ကျန်လူငယ်သိုင်းသမားများကမူ မိမိတို့သင့်ရာသင့်ရာမှာ ဝိုင်းဖွဲ့ထိုင်ကာ တွေ့ရာလေးပါးကို ပြောဆိုနေကြသည်။

ချမ်းမြို့ မိတ်ဆုံစားသောက်ပွဲ မတိုင်မီက သူတို့တတွေမှာ တစ်ဦး၏အမည်ကို တစ်ဦးကကြားဖူးနေကြသော်လည်း လူချင်း တွေ့ဆုံဖူးကြခြင်းမရှိပေ။

ယခုမူ တစ်ပတ်ကျော်ခန့် တစ်ခရီးတည်း သွားခဲ့ကြရပြီး သက်တူရွယ်တူများဖြစ်ကြသည့်အတိုင်း အတော်ပင်ရင်းရင်းနှီးနှီးရှိနေကြပြီဖြစ်သည်။

သူတို့ အများဆုံး ပြောဆိုကြသည်မှာ ကျူစမ်းအုန်တို့ လင်မယားအကြောင်းပင်ဖြစ်သည်။ သူတို့လူစုမှာ သိုင်းလောကနှင့် ပတ်သက်၍ ဗဟုသုတ အတော်ပင်ကြွယ်ဝကြ၏။ ထင်ပေါ်သောသိုင်းသမားများ၏ အမည်များကိုလည်း ကြားဖူးနားဝရှိထားကြသည်။

ယခု ကျူစမ်းအုန်နှင့် ကုချိန်းတို့မှာ သိုင်းပညာ အဆင့်မြင့်သော်လည်း ဤအမည်များကို တစ်ခါမျှ မကြားဖူးသည့်အတွက် အလွန်ပင်အတွေးရခက်နေသည်။

ကျူစမ်းအုန်တို့လင်မယားမှာ ဇာတ်မြုပ်နေထိုင်ကြသည့်သူများ ဖြစ်လေမည်လားဟု ယူဆသူကယူဆကြသည်။



တစ်ချို့ကလည်း အမည်ရင်းကိုပင်မပြောဘဲ အမည်လိမ်များ ပြောထားခြင်းဖြစ်မည်ဟု ထင်မြင်ချက်ပေးသည်။

အချိန်များ တရွေ့ရွေ့ ကုန်လာသည်။ အမှောင်ရိပ်သန်းစပြုလာပြီ။

လူငယ်သိုင်းသမားများသည် အသင့် ယူဆောင်လာခဲ့ကြသော ခေါက်ညှင်းထုပ်များဖြင့် ဝမ်းဗိုက်ဖြည့်ကြသည်။

ကျူစမ်းအုန်တို့လင်မယားကိုလည်း ဝေမျှကျွေးသည်။ သူတို့စားသောက်ပြီးချိန်ဝယ် ဇရပ်ထဲသို့ လူတစ်ယောက် ဝင်လာသည်။

ထိုလူမှာ သူဖုန်းစားဖြစ်ပြီး ညာခြေထောက်ပြတ်နေ၏။ ချိုင်းထောက်ကိုအားပြုကာ လျှောက်လှမ်းလာခြင်း ဖြစ်၏။ ဆံပင်များရှုပ်ပွနေကာ အဝတ်အစားကလည်း အစုတ်စုတ် အပြတ်ပြတ်ဖြစ်နေသည်။

အသက်ကမူ သိပ်မကြီးသေး၊ ဆယ့်ရှစ်နှစ်ခန့်သာရှိ၏။

သူဖုန်းစား ရုတ်တရက်ရောက်လာသည့်အတွက် အားလုံး အံ့အားသင့်ကုန်ကြသည်။ ပြောနေသော စကားများကို ရပ်ကာ သူဖုန်းစားကို လှမ်းကြည့်လိုက်သည်။

‘ဟာ....တယ်စည်စည်ကားကားရှိနေပါလား’

သူဖုန်းစားက ရေရွတ်ပြောဆိုကာ ချိုင်းထောက်နှစ်ခုကို အားပြုလျက် ဇရပ်ထဲသို့ဝင်ရောက်လာသည်။

ထိုအခါတွင် သူဖုန်းစား၏ရုပ်ရည်သွင်ပြင်ကို ပို၍ပီပီသသ မြင်လာရသည်။ သူဖုန်းစားမှာ ရုပ်ရည်မဆိုးလှပေ။

www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ရည်ရည်နှင့် ချော့ခမောသည်။ ကိုယ်ခန္ဓာကလည်း ပြေပြေပြစ်ပြစ်ရှိသည်။ ညာခြေဘက်ချောင်းပြတ်နေသည့်သာ ပြောစရာရှိသည်။

'မင်းက ဗီဇပုပ်ပျက်မှာခနတဲ့ သူဖုန်းစားလား'

နဂါးခေါင်းမော်ကွမ်းအတုက မေးခွန်းထုတ်လိုက်သည်။

'မဟုတ်ပါဘူးဗျာ'

'ဒါဖြင့် ဟည့်ကိုဘာလာလုပ်တာလဲ'

နဂါးတစ်ခေါင်း၊ ကျားညီနောင်၊ ကျားသစ်သုံးမျိုး၊ လှတွင်ကျယ်လေးယောက်၊ ဟယ်ဂါးဖော်၊ သိုင်းလုလင် ခြောက်ဦး၊ နတ်သူဇာခုနစ်ပါးရယ်လို့ ကျော်ကြားနေတဲ့ လူငယ်သိုင်းသမားတွေကို လာရှာတာပါ'

'လူငယ် သိုင်းသမား နှစ်ဆယ့်ရှစ်ယောက်ဆိုတာ ငါတို့တတွေပဲ၊ မင်းဘယ်သူလဲ၊ ဘာကြောင့် ငါတို့ကိုလိုက်ရှာနေတာလဲ'

'ဒီမေးခွန်းတွေကိုမဖြေခင် တစ်ခုတော့ ကြိုတင်မပြောထားပါရစေ၊ ကျွန်တော် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ပြောပြတဲ့အခါ ကျွန်တော့်ကို စိုင်းမတိုက်ကြပါနဲ့လို့ တောင်းပန်ပါရစေ...

'အခုလို ခြေဘက်ပြတ်ပြီး ဒုက္ခိတဖြစ်နေရတဲ့အခြေအနေမျိုးမှာမဆိုထားနဲ့ အကောင်း ပကတိရှိနေရင်တောင်မှ ခင်ဗျားတို့ကို ကျွန်တော်မယှဉ်နိုင်ပါဘူး'

'ကဲ...ပြောမှာသာပြောစမ်းပါကွာ၊ ငါတို့က လူသာမာန် အကြောင်းမဲ့ တိုက်ခိုက်တတ်ကြတာမဟုတ်ပါဘူး၊ ပြီးတော့



မင်းနဲ့ ငါတို့နဲ့က ရန်ငြိုး ရန်စလဲ ရှိကြတာမဟုတ်ပါဘူး၊ ဒီတော့ မင်းကို ဘယ်လိုမှဒုက္ခပေးမှာမဟုတ်ပါဘူး၊ စိတ်ချပါ'

'ကောင်းပါပြီ၊ ကျွန်တော်ဟာ မေန်းဖြူဒြိုးရီတာဟိုင်ရဲ့ သား ရီလျှ ကျင်ပါ၊ မေန်းနက်ဂဏလေးရီလျှ ကျင်လို့လဲခေါ်ပါတယ်'

သူဖုန်းစား၏စကားကြောင့် အားလုံးအံ့ဩသွားကြရ၏။ ကျစမ်းအူနှင့် ကုချိန်းတို့မှာ အအံ့ဩဆုံးဖြစ်သည်။

တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်အပြည့်ပါသောအကြည့်များဖြင့် ကြည့်လိုက်မိသည်။

'ဟော့...မင်းဟာ မေန်းနက်ထွေး ရီလျှ ကျင် ဖြစ်တယ်ဆိုတာ ဘာအထောက်အထားပြနိုင်လို့လဲ'

'ကျစမ်းအူမှာ မယုံကြည်နိုင်သောစိတ်ကို မထိန်းနိုင်တော့သည့်အတွက် ထုတ်ဖော်မေးမြန်းလိုက်မိသည်။

'ကျွန်တော့်မှာ ခိုင်လုံတဲ့ သက်သေ အထောက်အထားပြစရာမရှိပါဘူး၊ ဒါ ခင်ဗျားတို့နဲ့အတူတူ ကျွန်တော့်ကိုခေါ်သွားပါလို့ပဲ ပြောချင်ပါတယ်၊ အဆိပ်မိကျောင်းဆိမ်းကုံးတို့ လူစုဟာ ကျွန်တော့်ကိုတွေ့လိုက်ရတာနဲ့ မိစ္ဆာသရဲကို မြင်ရသလို တုန်လှုပ် ချောက်ချားကုန်တာ ခင်ဗျားတို့ကိုယ်တိုင် မြင်ရပါလိမ့်မယ်'

'မင်း ဘာကြောင့် ဒီလိုဖြစ်နေရတာလဲ'

ကျားနက်ရှည်ကျင့်က ဆင့်မေးသည်။

'ဖေဖေ့ကို ဆူ့ ယက်ထောက်ပိုလ် ဆယ့်လေးယောက်က ဝိုင်းကန့်ပြီးလုပ်ကြံသတ်ဖြတ်ကြတုန်းက ကျွန်တော် ဘယ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်ကို အဆိပ်မိကျောင်းစိမ်းကုံးရဲ့ အဆိပ်လက်နက် အထိ ခံလိုက်ရတယ်၊ ကျွန်တော်ဟာ သေဘေးကလွတ်အောင် ပြေးနိုင်ခဲ့ပေမယ့် အဆိပ်ဒဏ်ရာကိုတော့ မကုနိုင်ခဲ့ဘူး၊ ညာခြေထောက်က ဒဏ်ရာဟာ တစစကျယ်ပြန့်ပြီး လာတာကြောင့် နေ့စက်ဆုံး မတတ်သာတော့ပဲ ညာခြေထောက်ကို ဖြတ်ပြီး ကုသခဲ့ရပါတယ်'

'မင်းအဖေ တောင်ပင်လယ်ငမန်းဖြူကြီးရိတာဟိုင်ကတော့ တကယ့်ထိပ်သီး ဓားပြဗိုလ်ကြီးပဲ၊ သူ့ အပေါင်းအသင်းတွေ၊ တပည့်လက်သားတွေ အများကြီးရှိတာ မင်းကို ဘယ်သူကမှ မကြည့်ရှု မစောင့်ရှောက်ကြဘူးလား၊ ဘာကြောင့် အခုလို သူဖုန်းစားဖြစ်နေရတာလဲ'

ပုဓလေ့လုံလင်ဝင်ထန်းက မေးခွန်းထုတ်ပြန်သည်၊

'ဒုစရိုက်သမားတွေဟာ အဘဒစီးမှာနေနေတဲ့ အချောင်သမားတွေချည်းပါပဲဗျာ၊ ဖေဖေအသက်ထင်ရှားရှိစဉ်တုန်းက သူတို့က ကျွန်တော့်ကို သိပ်ပြီးအရေးတယူလုပ်ကြပါတယ်၊ ဖေဖေလဲကွယ်လွန်၊ တောင်ပင်လယ်ဓားပြဂိုဏ်းကြီးလဲ ပြိုကွဲသွားပြီး ကျွန်တော်ကိုယ်တိုင်ကလဲ ခြေတစ်ဘက် ပြတ်နေတဲ့ ဒုက္ခိတဘဝကိုရောက်တဲ့အခါကျတော့ ဘယ်သူကမှ အရေးတယူမလုပ်ကြဘူး၊ စောင့်ရှောက်ကြည့်ရှုပေးကြဖို့ဆိုတာ ဝေးရော'

'ဒါတို့ ဒီဇရပ်ကြီးမှာ ရှိနေတယ်ဆိုတာ မင်းဘယ်လိုလုပ် သိတာလဲ'



'ကျွန်တော်က ဖေဖေ သေဆုံးရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အဆိပ်မိကျောင်းစိမ်းကုံးတို့ကို ထိုက်သင့်တဲ့ အပြစ်ဒဏ်ပေးချင်နေတာဗျ၊ ဒါကြောင့် ဒီလူတွေရဲ့ သတင်းကို တတ်နိုင်သလောက် စုံစမ်းကြည့်နေခဲ့တယ်...

'မကြာသေးခင်က အဆိပ်မိကျောင်းစိမ်းကုံးနဲ့ အပေါင်းပါ ဆယ့်သုံးယောက် ငမန်းကျွန်းပေါ် တိတ်တိတ်လေးပြန်လာကြပြီး တောင်ပင်လယ်ဓားပြဂိုဏ်းကို ပြန်ထူထောင်ဖို့ကြံနေကြတယ်ဆိုတဲ့သတင်းကိုရတယ်၊ ကျွန်တော်လဲ ဒီနေရာဝန်းကျင်မှာ လှည့်လည်သွားလာပြီး သူတို့ရဲ့သတင်းကို စုံစမ်းနေတာပါ'

'စိမ်းကုံးတို့ဆယ့်လေးယောက်လုံး ငမန်းကျွန်းပေါ်မှာ ရှိနေတယ်ဆိုတာ ကျွန်တော်အတိအကျ စုံစမ်းသိရှိထားပါပြီ၊ ဒါပေမယ့် ကျွန်တော်က သူတို့ကိုယှဉ်နိုင်တာမဟုတ်လို့ ကူညီမယ့်လူကို လိုက်ရှာရပြန်ပါတယ်...

'ဒီလိုလှည့်ရှာနေရင်း လူငယ်သိုင်းသမား နှစ်ဆယ့်ရှစ်ဦး ဒီနေရာကိုရောက်လာတယ်လို့ ကြားရတာပါပဲ'

'ငါတို့နဲ့ပူးပေါင်းပြီး ဘယ်လိုလုပ်မယ်လို့ မင်းက စိတ်ကူးထားသလဲ'

နဂါးလေးစမ်းကျွမ်းအတုက မေးလိုက်ပြန်သည်၊

'စိမ်းကုံးတို့လူစုကို နှိမ်နင်းချေမှုန်းတဲ့နေရာမှာ ကျွန်တော်က တတ်နိုင်သမျှ ကူညီပေးပါမယ်၊ ခင်ဗျားတို့က သူတို့ဆယ့်လေးယောက်လုံးကို ထိုက်သင့်တဲ့ အပြစ်ဒဏ်ခံရအောင်လုပ်ပေးပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟား...ဟား...ဟား...တယ်ဟုတ်ပါလားကွ၊ မင်းအဖေ မေန်းပြူကြီးက ပင်လယ်ဓားပြ ဗိုလ်ကြီးဆိုတော့ တိုက်ခိုက်လုယက်ထားတဲ့ ရတနာတွေ အများကြီးရှိမှာပဲ၊ ဒါပေမယ့် အခုလောက်ဆိုရင် အဲဒီရတနာတွေအားလုံး စိမ်းကုံးတို့လက်ထဲ ရောက်ကုန်ရောပေါ့'

'ဟာ... မရောက်သေးပါဘူး၊ ဖေဖေက ရတနာတွေကို လျှို့ဝှက်တဲ့နေရာတစ်ခုမှာ သိမ်းထားတာပါ၊ စိမ်းကုံးတို့လူစု ရှာလို့မတွေ့သေးပါဘူး...'

'တကယ်လို့ အဲဒီရတနာတွေကိုသာ သူတို့ရသွားကြတယ်ဆိုရင် အေးအေးဆေးဆေး ကိုယ်ရှောင်ပျောက်ပြီးနေကြမှာပေါ့၊ အခုလို ပင်လယ်ဓားပြဂိုဏ်းပြန်ထောင်ပြီး တိုက်ခိုက်လုယက်ဖို့ စိတ်ကူးမါ့လား'

'မင်းအဖေရဲ့ လျှို့ဝှက်ရတနာသိုက် ဘယ်မှာရှိတယ်ဆိုတာ မင်းကတော့ သိလို့လား'

'သိပါတယ်'

'ဆိုရင် ငါတို့ကို ပြောပြစမ်းကွာ'

'အခုတော့ ပြောမပြနိုင်သေးဘူး၊ စိမ်းကုံးတို့ ဆယ့်လေးယောက်ကို သုတ်သင်ရှင်းလင်းပြီးမှ ပြောပြပါမယ်'

'ဒီမယ် ရီလျှံကျော်၊ မင်းကို အခုကတည်းက ရှင်းရှင်းပြောထားမယ်၊ ငါတို့ကလဲ စိမ်းကုံးတို့ကို သုတ်သင်ပစ်ဖို့ ဆုံးဖြတ်ထားပါတယ်၊ ဒါပေမယ့် မင်းအဖေရဲ့ ရတနာသိုက်တစ်ဝက်ကိုလိုချင်လို့တော့မဟုတ်ဘူး...



'စိမ်းကုံးတို့ဟာ အပြစ်မဲ့တဲ့ ပြည်သူ ပြည်သားတွေကို အန္တရာယ်ပေးမယ့် ပင်လယ်ဓားပြတွေမို့ သုတ်သင်ပစ်တာပဲ၊ မင်းက ထောင်ပင်လယ်ဓားပြဂိုဏ်းအကြောင်းနဲ့ မေန်းကျွန်းအကြောင်းကို အတွင်းကျကျ သိထားတဲ့လူဆိုတော့ မင်းရဲ့ ပူးပေါင်းကူညီမှုကို ငါတို့က လိုလိုလားလားနဲ့လက်ခံပါတယ်၊ သစ္စာဖောက်တဲ့မယ်၊ အကောက်ကြံမယ်ဆိုတော့ စိတ်မကူးနဲ့ခနော်၊ မင်းအတွက် ဘယ်သိမ်းကောင်းမှာမဟုတ်ဘူး'

'ဟာ...စိတ်ချပါ ကျွန်တော်က စိမ်းကုံးတို့ကို အစိမ်းလိုက် ဝါးစားချင်နေတဲ့ကောင်ဗျ'

'ကောင်းပြီ၊ ဒါဆိုရင် ထောင်ပင်လယ်ဓားပြဂိုဏ်းကို ပြန်ထူထောင်ဖို့ ကြံနေကြတဲ့ စိမ်းကုံးတို့လူစုထဲမှာ ဘယ်သူတွေဟာ သိုင်းပညာအကောင်းဆုံးလဲ'

'အဆိပ်မီးကျောင်းစိမ်းကုံးဟာ သိုင်းပညာ ထက်မြက်ဆုံးပါ၊ ပြီးတော့ မြွေဟောက်ခိုးကျွန်း၊ ရွှေဓားမိန့်ကြံ့နဲ့ လူမိုက်ကြီး ကျီးခွမ်းတို့ဟာလဲ ပထမတန်း သိုင်းသမားတွေ ဖြစ်ပါတယ်၊ သူတို့နဲ့ ရင်ဆိုင်ရင် အတော့်ကိုသတိထားရမယ်'

'ကောင်းပြီ၊ အခုလိုသိရတာ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ မေန်းကျွန်းပေါ်က မြေအနေအထားနဲ့ အဆောင့်အကြပ်တွေ ထားတတ်တဲ့နေရာတွေ၊ လျှို့ဝှက်လမ်းကြောင်းတွေကိုတော့ မင်းသေသေချာချာသိထားရဲ့လား'

'အဲဒီ လျှို့ဝှက်လမ်းကြောင်းတွေနဲ့ ကင်းစခန်းအစီအစဉ်တွေကို ကျွန်တော့်အဖေကိုယ်တိုင် ဆောက်လုပ်ထားခဲ့တာပါ၊ ပြီးတော့ ကျွန်တော်ဟာလဲ မေန်းကျွန်းပေါ်မှာမွေးပြီး

www.burmeseclassic.com

www.burmeseclassic.com



ယယ်ယယ်ကတည်းက အဲဒီကျွန်းပေါ်မှာ နေလာခဲ့တာပေါ့၊ ငမန်းကျွန်းပေါ်က မြေအနေအထားကို ကျွန်တော် ကောင်းကောင်းကျွမ်းပါတယ်၊ ဒီအတွက် ဘာမှမပူပါနဲ့’

‘သည်လိုဆိုရင် မင်းတစ်ယောက်ရောက်လာတာ တို့များအတွက် အများကြီးအထောက်အကူရတယ်၊ ကိုင်း…နားနေစရာ နေနေ နေလိုက်ပါဦး၊ ဝါတို့က ညသန်းခေါင်ကျမှ စပြီးလှုပ်ရှားကြမှာပေါ့’

★

# အခန်း ( ၅ )

ညသန်းခေါင်ယံအချိန်။

နဂါးလေးစမ်းကမ်းဆောင်းဆောခင်ကာ ထုတ်လိုလူစုံသုံးဆယ့်တစ်ယောက်စလုံး ရေပ်ကြီးပေါ်မှဆင်းကာ ကမ်းခြေဘက်သို့ ထွက်လာခဲ့ကြသည်။

မကြာမီပင် တံငါလှေအစင်းငါးဆယ်ခန့် ဆိုက်ကပ်ထားသည့် ပင်လယ်ကမ်းခြေတစ်နေရာသို့ ရောက်လာကြရာသည်။ ငါးဖမ်းလှေ တချို့ပေါ်ဝယ် မီးရောင်လက်လက် ရှိနေသည်ကို တွေ့ရသည်။

လူများရှိနေသည့်သဘောပင်။

www.burmeseclassic.com



'ကိန်လွှနဲ့ လင်ယုယုက လှေပေါ်က တံငါသည်တွေကို အကြောပိတ်ပြီး လှေဆယ့်တစ်စီးလောက် ရအောင်ယူခဲ့ကြ'

နဂါးလေးစမ်းကွမ်းအတုက စီမံအမိန့်ပေးလိုက်သည်။

ကိန်လွှအတုနှင့် လင်ယုယုအတုတို့လည်း မှောင်ရိပ်ရိကာ ခြေသံလုံလုံဖြင့် လျှောက်လှမ်း၍ လှေများဆိုက်ကပ်ထားရာသို့ ထွက်သွားကြသည်။

လှေများပေါ်တွင်ရှိနေသော တံငါသည်များမှာ စိတ်ချလက်ချအိပ်မောကျနေသောကြောင့် ကိန်လွှအတုနှင့် လင်ယုယုအတုတို့အနေဖြင့် အလွယ်တကူပင် အကြောပိတ်ကာ လှေဆယ့်တစ်စီးကို အရယူနိုင်ခဲ့ကြသည်။

ထို့နောက် သူတို့သုံးဆယ့်တစ်ယောက် လှေဆယ့်တစ်စီးပေါ်ဝယ် လူစုခွဲကာ တက်လိုက်ကြပြီး ကမ်းခြေမှထွက်လာခဲ့ကြသည်။

ရှေ့ဆုံးမှလှေတွင် နဂါးလေးစမ်းကွမ်းအတုနှင့် ငမန်းနက်လေးရိလျှကျင်တို့နှစ်ဦးက စီးသည်။

တသိဇ ငါးပေါ်နှင့် နတ်ဘုရားခုနစ်ပါးတို့က လှေလေးစီး တစ်စီးလျှင် သုံးယောက်စီစီးကြသည်။

ကျားညိုနောင်၊ ကျားဝင်းသုံးမျိုး၊ လူတောင်ကျယ်လေးဦးနှင့် ဆိုင်းလုလင် ငါးယောက်တို့က လှေငါးစီးဝယ် မျှကာစီးကြသည်။

ကုစမ်းဆု၊ ကုချိန်းနှင့် ကိန်လွှအတုတို့က လှေတစ်စီးဝယ် အတူစီးသည်။ နဂါးလေးစမ်းကွမ်းအတုက ကုစမ်းဆု



တို့ လင်မယားကို စိတ်မချသောကြောင့် မိမိလူကို သူတို့နှင့် လှေတစ်စီးတည်း အတူထည့်ပေးလိုက်ခြင်းဖြစ်သည်။

ငမန်းနက်လေးရိလျှကျင်၏ လမ်းပြမှုအတိုင်း လှေများကို ပင်လယ်ပြင်ထဲဝယ် ရွက်လွှင့်ကာ လာခဲ့ကြသည်။

လေသင့်နေသောကြောင့် လှေများက ရေပြင်ပေါ်ဝယ် လျင်မြန်စွာပြေးနေသည်။

ငမန်းနက်လေးရိလျှကျင်က ကုန်းမြေနှင့် မျက်နှာချင်းဆိုင်ရှိနေသော ငမန်းကျွန်း၏ အရှေ့ဘက်ကမ်းခြေသို့ ဦးတည်မသွားနိုင်ဘဲ ငမန်းကျွန်းကို တွေ့ပတ် ကျော်ဖြတ်သွားကာ အနောက်ဘက်ကမ်းခြေသို့ အရောက်သွားခိုင်းသည်။

ပင်လယ်ပြင်ထဲဝယ် အချိန်အတော်ကြာအောင် ရွက်လွှင့်လာခဲ့ကြပြီး နောက်ဆုံးတွင် ငမန်းကျွန်း၏ အနောက်ဘက်ကမ်းခြေအနီးသို့ ချဉ်းကပ်လာနိုင်ခဲ့ကြသည်။

မိုးလင်းတော့မည့်အချိန်သို့ ရောက်နေပြီဖြစ်သည်။ ရောင်နီဦးက မပေါ်သေးသောကြောင့် ပင်လယ်ပြင်ထဲဝယ် အမှောင်ထုက သိပ်သည်းစွာကြီးစိုးနေသည်။

လှေများ အုပ်စုကွဲသွားစေရန် ခပ်မှိန်မှိန် ထွန်းညှိထားသော မီးရောင်များမှာ ပိုးစုန်းကြူးလေးများအလားရှိနေ၏။ ငမန်းကျွန်းကို မြင်ကြရပြီ။

ငမန်းကျွန်းတစ်ခုလုံးဝယ် မီးရောင်လုံးဝမရှိ၊ ပင်လယ်ပြင်ထက်ဝယ် ပေါ်နေသော မိကျောင်းကြီးတစ်ကောင်အလား ခပ်ရေးရေးတွေ့ကြရသည်။

'ဟော ဟိုရှေ့ကဟာ ငမန်းကျွန်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



ရီလျှံကျော်က ခပ်ဝါးဝါး မြင်နေရသော မေန်းကျွန်းကို ညွှန်ပြရင်း နဂါးလေးစမ်းကွမ်းအတုံကို ပြောလိုက်သည်။

'ဟော....အတော်နီးနေပြီပဲ၊ ဘာကြောင့်များ အရထက်ထိ အစောင့်အကြပ်တွေနဲ့ မတွေ့ရသေးတာလဲ'

နဂါးလေးစမ်းကွမ်းအတုက ပြန်မေးသည်။

'စိမ်းကုံးတို့လူစုက အခုမှ တောင်ပင်လယ်ဓားပြဂိုဏ်းကို ပြန်ထူထောင်ဖို့ ကြံနေတာဆိုတော့ တိုက်သင်္ဘောတွေ တည်ဆောက်လို့မပြီးကြသေးဘူး၊ အမြန်လှော်နိုင်တဲ့ လှေလျှင်ဆယ်စင်းကျော်ကျော်လောက်နဲ့ လှေအကြီးစား သုံးစီးလောက်ပဲ ရှိကြသေးတယ်....

လှေလျှင်အများစုက ကုန်းမြေနဲ့ မျက်နှာချင်းဆိုင်ရှိနေတဲ့ အရှေ့ဘက်ကမ်းခြေတစ်ဝိုက်မှာ လှည့်လည်ကင်းစောင့်နေကြတယ်၊ ဟောဒီ အနောက်ဘက်ကမ်းခြေကတော့ ပင်လယ်ပြင်ကို မျက်နှာမူနေတာဆိုတော့ ရန်သူဝင်မလာနိုင်ဘူးလို့ တွက်ပြီး အစောင့်သိပ်မချထားပါဘူး၊ ဒါကြောင့်လဲ ကျွန်တော်တို့ ဒီဘက်ကိုလှည့်ခေါ်လာခဲ့တာပေါ့'

မေန်းနက်လေးရီလျှံကျော်က ထိုသို့ရှင်းပြနေဆဲမှာပင် မီးရောင်လက်လက်နှင့် လှေလျှင်တစ်စီး အပြင်းလှော်ခတ်ရောက်ရှိလာသည်ကို တွေ့ရသည်။

ထိုလှေပေါ်ဝယ် ထွန်းထားသော မီးရောင်ကြောင့် လူနှစ်ဦး ပါရှိလာကြောင်း တွေ့ရသည်။

လူတစ်ဦးက ဓားလွတ်ကိုင်ကာ လှေဦးတွင် ရပ်နေပြီး.... ကျန်တစ်ဦးက တက်ကိုကိုင်ကာ အပြင်းလှော်ခတ်လာသည်။



လှေမှာ ခပ်ခံသေးသေးဖြစ်ပြီး ပေါ့ပါးသည်။ အမြန်လှော်ခတ်နေသည့်အတွက် တခဏအတွင်းမှာပင် နဂါးလေးစမ်းကွမ်းအတုတို့၏လှေနှင့် လက်တစ်ကမ်းအကွာသို့ ရောက်လာသည်။

'ဟိတ်....ရပ်လိုက်၊ ဘယ်သူတွေလဲ'

ဓားလွတ်ကိုင်ထားသူက လှမ်းအော်မေးသည်။

နဂါးလေးစမ်းကွမ်းအတုမှာ ဘယ်လိုပြန်မဖြေနိုင်မီမှာပင် မေန်းနက်လေးရီလျှံကျော်က ဓားပျံတစ်လက်ဖြင့်လှမ်းပေါက်လိုက်သည်။

ဓားလွတ်ကိုင်ထားသူမှာ ဓားပျံအထိခံရကာ ရေထဲသို့ ထိုးကျသွားသည်။ လှော်တက်ကိုင်ထားသူမှာ ခဏမျှ ငေးကြောင်ကာ ကြည့်နေပြီး လှေကို နောက်ကြောင်းပြန်လှော်ပြေးရန် ကြိုးစားသည်။

မေန်းနက်လေး ရီလျှံကျော်က အလွတ်မပေး။ ထိုလူကိုလည်း နောက်ထပ် ဓားပျံတစ်လက်ဖြင့် လှမ်းပစ်ပေါက်လိုက်သည်။

'မင်းက ဓားပေါက်အတော်တောင်းတာကိုး၊ မင်း ဒီလောက် အစွမ်းအစရှိမယ်လို့ ငါမထင်မိဘူး'

ဓားချက်နှစ်ချက်စလုံး မလွတ်တမ်းပစ်လိုက်နိုင်သည့်အတွက် နဂါးလေးစမ်းကွမ်းအတုက ထုတ်ဖော်ချီးမွမ်းလိုက်၏။

'ကျွန်တော့်အစွမ်းက ဒီလို ဓားပြပေါက်စလေးတွေကိုသာ အနိုင်ယူနိုင်တာပါ၊ စိမ်းကုံးတို့လူစုကိုတော့ မယှဉ်နိုင်

www.burmeseclassic.com



ပါဘူး၊ သူတို့နဲ့ရင်ဆိုင်ရတဲ့အခါကျရင် ခင်ဗျားတို့လိုပဲ အား ကိုးရော'

နောက်ထပ် အနှောင့်အယှက် မတွေ့ရဘဲ မေန်းကျွန်း၏ အနောက်ဘက်ကမ်းခြေသို့အရောက် ချဉ်းကပ်နိုင်ခဲ့ကြ၏။

ကမ်းခြေဝယ် ကျောက်ဆောင်များ ထူထပ်သောကြောင့် လှေများကို ခက်ခက်ခဲခဲကမ်းကပ်ယူရသည်။

လှေအားလုံး ကမ်းကပ်နိုင်ပြီးနောက် သူတို့လူစု ကျွန်း ပေါ်သို့ တက်လာခဲ့ကြသည်။

ကျွန်းပေါ်သို့ရောက်သည်နှင့် သစ်ပင်များ ထူထပ်သော နေရာတစ်ခုကို တွေ့ရသည်။ ရိုလျှံကျင်၏လမ်းပြမှုဖြင့် တော အုပ်လေးထဲသို့ ဝင်လာခဲ့ကြသည်။

ထိုအချိန်တွင် ရောင်နီဦး ပေါ်ထွက်လာပြီဖြစ်သော်လည်း တောထဲတွင် အလင်းရောင်အားနည်းနေသေးသည်။

'ဟောဟိုရှေ့ဘက်နားက သစ်ပင်ပေါ်မှာ ကင်းပုန်းတစ် ယောက် ရှိနေတယ်၊ သူ့ကိုအရင်ရှင်းပစ်ဖို့လိုတယ်'

တောထဲသို့ဝင်လာမိပြီး အတန်ကြာသောအခါ ရိုလျှံ ကျင်က ရပ်တန့်ကြရန် အချက်ပြလိုက်ပြီး နဂါးလေးစမ်း ကွမ်းအတုကို တိုးတိုးပြောလိုက်သည်။

'ဘယ်မှာပုန်းနေတာလဲ'

နဂါးလေးစမ်းကွမ်းအတုက ပြန်မေးသည်။

'ဟောဟိုသစ်ပင်ပေါ်မှာ သစ်ရွက်တွေနဲ့မျက်နှာဖုံးယူပြီး ကိုယ်ရောင်ဖျောက်ထားတာမို့ ကြည့်လို့မမြင်နိုင်ဘူး၊ အဲဒီ



ကင်းသမားဆီမှာ အချက်ပေး ဖျောက်အိုးလဲ ရှိနေတာမို့ သူ့ကိုမရှင်းလို့မဖြစ်ဘူး'

'ကိုင်း...ယူဟို ရေ...မင်းရဲ့ပညာခန်းလေးပြဖို့ အချိန်ကျ နေပြီ၊ ဟောဟိုသစ်ပင်ပေါ်မှာ ကင်းပုန်းတစ်ယောက် ရှိနေ တယ်တဲ့၊ အဲဒါကို ကြည့်ပြီးရှင်းပေးလိုက်ပါဗျာ'

နဂါးလေးစမ်းကွမ်းအတုက ကြယ်ပျံယူဟို ကို လှမ်းပြော လိုက်သည်။

ကြယ်ပျံယူဟို က သူ၏နာမည်ကျော် အခေါးပစ်လက်နက် ဖြစ်သောကြယ်ပျံလက်နက်ကိုထုတ်ယူကာ သွက်လက်ပေါ့ပါး စွာ နဂါးလေးစမ်းကွမ်းအတုညွှန်ပြသော သစ်ပင်အောက်သို့ ချဉ်းကပ်သွားသည်။

ခြေသံလုံပြီး လျှောက်လှမ်းပုံ မြန်ဆန်လွန်းသောကြောင့် သစ်ပင်ထက်ဝယ် ကင်းပုန်းဝပ်နေသောကင်းသမားက ကြယ် ပျံယူဟို ချဉ်းကပ်လာသည်ကို မရိပ်မိပေ။

သစ်ပင်အောက်သို့ရောက်သောအခါ ကြယ်ပျံယူဟို က အပေါ်သို့ မော့ကြည့်ကာ ကင်းသမားကိုရှာသည်။

အလင်းရောင်အတော်အားနည်းသည့်အပြင် သစ်ရွက်များ ကလည်း သိပ်သည်း ထူထပ်လှသောကြောင့် သစ်ရွက်များ ကြား၌ ပုန်းကွယ်ကာ ကိုယ်ရောင်ဖျောက်ထားသူကိုရှာ၍ မရနိုင်ဘဲရှိနေသည်။

နောက်ဆုံးတွင် စွန့်စားရန် ဆုံးဖြတ်ပြီး အသံတစ်ချက်ပြု လိုက်သည်။

'ဟိတ်...ညီလေး၊ မင်းဘယ်မှာလဲကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ'

သစ်ပင်ထက်ဝယ် ကင်းပုန်းစောင့်နေသူက မိမိတို့လူတစ်ယောက် ရောက်လာသည်ထင်မှတ်ကာ သစ်ရွက်များကြားမှ ခေါင်းပြူကာ ထွက်ကြည့်သည်။

ကြယ်ပျံယူဟုက အခွင့်ကောင်းကို လက်လွှတ်မခံ၊ ကြယ်ပျံလက်နက်ဖြင့် လှမ်း၍ပစ်ပေါက်လိုက်သည်။

'ဒုတ်'

'ဘိုင်း'

ကင်းသမားမှာ ကြယ်ပျံလက်နက်အထိမှန်ခံရကာ အသံထွက်၍ပင်မအော်နိုင်တော့ဘဲ သစ်ပင်အောက်သို့ ဘိုင်းခနဲလဲကျလာသည်။

ကင်းပုန်းစောင့်နေသူကိုရှင်းပြီးနောက် သူတို့လူစုရွှေ့ဆက်လာခဲ့သည်။

တောတန်းလေး၏အစွန်နားဝယ် ကင်းပုန်းတစ်ယောက်ရှိနေပြန်ရာ၊ မြားနတ်ရှင်ရန်ကျော်က လက်စွမ်းပြကာ သုတ်သင်ပစ်ခဲ့သည်။

တောတန်းမှ ထွက်လာခဲ့ပြီးသည့်နောက်တွင် ငမန်းနက်လေးရိုလျှံကျော်က လျှို့ဝှက် လမ်းသွယ်လေးမှနေ၍ လှမ်းပြခေါ်လာခဲ့သည်။

လျှို့ဝှက်လမ်းသွယ်လေးမှာ ငမန်းကျွန်း၏ အလယ်ပိုင်းလောက်တွင်ရှိသည့် တောတောင်ထစ်ခုကို ပတ်တာ ပေါက်ထားသည့်လမ်းလေးဖြစ်သည်။



ကျဉ်းမြောင်းကွေ့ကောက်ပြီး သွားရသည့်မှာ အတော်ပင် အန္တရာယ်ကြီးမားသည်။

ထိုလျှို့ဝှက်လမ်းသွယ်လေးအတိုင်း လာခဲ့ကြရာ မကြာမီ ခုပင် တောင်ထိပ်နားသို့ရောက်လာသည်။

ရိုလျှံကျော်က လက်ပြကာ အရပ်ခိုင်းသည်။

'ဟောဟိုလမ်းချိုးကို ကွေ့ပြီးတာနဲ့ တောင်ပင်လယ်ခေါင်းဂိုဏ်း ဌာနချုပ်ကို ရောက်လိမ့်မယ်၊ စိမ်းကုံးတို့ လက်ချက်နဲ့ အရင်ကရှိခဲ့တဲ့ဌာနချုပ်စခန်းအဆောက်အအုံ မီးလောင်ပျက်စီးသွားတယ်....

'အခု သူတို့ အသစ်ပြန်ဆောက်ထားတဲ့ အဆောက်အအုံရဲ့ အခြေအနေ ဘယ်လိုရှိမယ်ဆိုတာ ကျွန်တော်လဲ မသိဘူး၊ ဖေဖေ လက်ထက်တုန်းကတော့ ဟောဒီလမ်းကွေ့ အလွန်မှာ ကင်းမျှော်စင်တစ်ခုရှိတယ်—

'အကယ်လို့ အရင်တုန်းကလိုပဲ ကင်းမျှော်စင်ရှိနေဦးမယ်ဆိုရင် ကင်းသမားကို အရင်ရှင်းပစ်ဖို့လိုမယ်၊ ဒါမှ ဌာနချုပ်အဆောက်အအုံထဲကို ဘေးကင်းရန်ကင်းဝင်နိုင်မယ်'

ငမန်းနက်လေးရိုလျှံကျော်က နဂါးလေးစမ်းကွမ်းအတွ ကိုတိုးတိုးပြောကြားသည်။

'ညီမရဲ့ ရွှေအင်န္နစ်လွှာသိုင်းကွက်'က ထူးဆန်းတဲ့အပြင် ညီမရဲ့ရုပ်ရည်ကလဲ အရမ်းလှတာဆိုတော့ ဒီကိစ္စအတွက် ညီမကိုပဲ တာဝန်ပေးရမှာပဲ'

နဂါးလေးစမ်းကွမ်းမှာက ခေါ်သူဇာချင်းမောက်ကို လှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘင်ပင်ရွှေအပ်ကို သုံးရမလား၊ အဆိပ်မပါတဲ့ရွှေအပ်ကို သုံးရမလား'

ခရေသူဇာချင်းမေက ပြန်မေးသည်။

'အခုကိစ္စဟာ မေးပြေတွေကို ပြတ်ပြတ်သားသား ချေမှုန်းရမှာဆိုတော့ အဆိပ်ပါမျိုးရွှေအပ်ကိုပဲသုံးပါ'

နဂါးလေးစမ်းကွမ်းအတုက ပြန်ပြောသည်။

ခရေသူဇာချင်းမေက သေးငယ်သောဘူးပြားလေးတစ်ခုကို ထုတ်ယူကာ ပါးစပ်ထဲတွင်ငုံထားပြီး အသာထွက်လာသည်။

လမ်းကွေ့လေးကို ကျော်လိုက်သည်တွင် အသစ်ဆောက်လုပ်ထားသော အဆောက်အအုံများကို ချင်းမေတွေ့လိုက်ရ၏။

အဆောက်အအုံမှာ အနောက်တိုင်းပုံစံကို ကာလပေါ်ဆိုက်အောင် ညီညီညာညာဆောက်လုပ်ထားခြင်းမဟုတ်တဲ့ ဟိုနေရာတစ်ခု သည်နေရာတစ်ခု၊ တည့်တည့်တစ်မျိုး၊ စောင်းစောင်းတစ်ဖုံ အမျိုးမျိုးဆောက်လုပ်ထားသည်။

လမ်းကွေ့၏မလှမ်းမကမ်းဝယ် မေပါးဆယ်ခန့်မြင့်သော ကင်းမျှော်စင်တစ်ခုရှိသည်။ မျှော်စင်ထက်ဝယ် လှံကိုင်ကင်းသမားတစ်ယောက် စောင့်ကြပ်နေသည်ကိုတွေ့ရသည်။

ခရေသူဇာချင်းမေက မှောင်ရိပ်ခိုကာ ကိုယ်ရောင်ဖျောက်၍ ကင်းမျှော်စင်အောက်နားသို့ အရောက်ချဉ်းကပ်လာ၏။

မျှော်စင်ပေါ်ရှိကင်းသမားမှာ စပ်ပေါ့ပေါ့သာ စောင့်ကြည့်နေသောကြောင့် မှောင်ရိပ်ခိုကာ လျင်မြန်စွာ လှုပ်ရှားချဉ်းကပ်လာသော ခရေသူဇာချင်းမေကို သတိမပြုမိပေ။



ချင်းမေက မျှော်စင်ပေါ်သို့ ခပ်တည်တည်တက်လာခဲ့၏။ မျှော်စင်ထိပ်သို့ ရောက်လာသောအခါတွင်မှ ကင်းသမားမှာ ချင်းမေကိုမြင်မိလေတော့သည်။

'ဟေ့…မင်းဘယ်သူလဲ'

ကင်းသမားက လှံကိုအသင့်ပြင်ရင်း တအံ့တဩမေးလိုက်သည်။

'ရှူး'

ချင်းမေက တိုးတိုးနေရန် အချက်ပေးသည့်သဘောမျိုး လုပ်ပြပြီး ကင်းမျှော်စင်ထက်သို့ ကန့်ကယအမူအရာနှင့် တက်လာခဲ့သည်။

ကင်းသမား ဘာမျှမပြောတော့။ ချင်းမေ၏လှပသောမျက်နှာလေးနှင့် ပြေပြစ်သော ကိုယ်လုံးကိုယ်ထည်ကို မသိမသာ ခိုးကြည့်နေသည်။

ချင်းမေ၏ လက်နှစ်ဘက်ဝယ် မည်သည့် လက်နက်မျှပါသောသည့်အပြင် လှုပ်ရှား တက်လှမ်းလာသည့် ဟန်ပန်ကသည်း လေးလေးလံလံ နွဲ့နွဲ့နှောင်းနှောင်းမို့ ကင်းသမားမှာ သည်သို့မျှသံသယမဖြစ်မိပေ။

'မင်းကို တစ်ခါမှမတွေ့ဖူးပါလား၊ မင်းဘယ်သူလဲ'

ကင်းသမားကမေးလိုက်သေးသည်။ စကားသံကမူ သိပ်မကျယ်၊ ခပ်တိုးတိုးသာဖြစ်သည်။

'ကျွန်မက အခုမှရောက်လာတာရှင့်၊ ဒီတော့ ရှင်ဘယ်ပြန်မှာလဲ'

ချင်းမေက ခပ်ပြုံးပြုံးလေးပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကြော်…မင်းလေးက လူဆိုးကိုး၊ ဒီကိုတာလာလုပ်တာ ခဲ့'

'တစ်ခေါ်နိုးပြီး မျက်စိကြောင်နေလို့ ထွက်လာခဲ့တာပေါ့၊ စီးဆေးပေါ်စီးကနေကြည့်ရင် အားလုံးကိုမြင်ရတယ်နော်'

'ဟုတ်တယ်၊ ဟောဟိုဘက်က ကိုးဆင့်စက်ပေါ်ကိုတောင် မြင်နိုင်တယ်'

ကင်းသမားက အနေအထားအမျိုးမျိုးဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံများကို လှမ်းညွှန်ပြရင်းပြောသည်။

'အဲဒီ ကိုးဆင့်စက်ပေါ်မှာ ဘယ်သူတွေနေသလဲဟင်'

ချင်းမေက ဤသို့မေးလိုက်သည်နှင့် ကင်းသမား၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

'ဟင်…မင်း…မင်း'

ကင်းသမားက အလန့်တကြားပြောကာ လှံကိုဆတ်ခနဲ အသင့်ပြင်လိုက်သည်။

'ရှူး'

ချင်းမေ၏ပါးစပ်မှ လေသံပေါ်လာပြန်သည်။

သည်တစ်ခါတွင်တော့ တိတ်တိတ်နေရန်ဖျော်ပေးသော အလှံမဟုတ်ပေ။ ပါးစပ်တွင် ကပ်ငုံထားသော ဘူးပြွန်လေးထဲမှ မြှားအပ်လေးများကို မှုတ်ထုတ်လိုက်ခြင်းဖြစ်သည်။

မြှားအပ်ငါးချောင်းက ကင်းသမား၏မျက်နှာကို မလွတ်တမ်းပင် စိုက်မိသည်။ အပ်များစိုက်နေသည်မှာ ခရေပန်းပုံ သဏ္ဌာန်မျိုးဖြစ်သည်။



အပ်ငါးချောင်းကို ခရေပန်းနှယ် စိုက်ဝင်နေစေအောင်မှုတ်ထုတ်နိုင်စွမ်းရှိသည့်အတွက် ချင်းမေကို ခရေအပ်ဇာဟု ထင်ရှားခေါ်ကြခြင်းဖြစ်သည်။

ကင်းသမား တုံးခနဲလဲကျသွားသည်။ မလှုပ်တော့။

ခရေအပ်ဇာချင်းမေက လက်ဖျော့ယမ်းကာ သားရန်အောင်၊ မြို့မြစ်ကြောင်း အချက်ပြလိုက်သည်။

လှမ်းသွယ်လေးထဲဝယ် မှောင်ရိပ်ခို ပုန်းအောင်းနေကာ အသင့်စောင့်နေကြသော သိုင်းသမား သုံးဆယ်ထိုက်သည်၊ အသျှိသျှိပင် ရွေ့တိုးလာကြသည်။

နဂါးလေးစမ်းကွမ်းအတူက ကင်းမျှော်စင်ပေါ်တက်ပြီး အဆောက်အအုံများ၏ အနေအထားကို အကဲခတ်ကြည့်၍ ထိုနေရာ အောက်သို့ပြန်ဆင်းလာကာ မည်သို့မည်ပုံစီးနင်း တိုက်ခိုက်ရမည်ကို စီမံညွှန်ကြားသည်။

နဂါးလေးစမ်းကွမ်းအတူ၏ အစီအစဉ်မှာ အုပ်စုငါးစုခွဲ၍ ဝင်ရောက်စီးနင်းတိုက်ခိုက်ကြရန်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထအဖွဲ့များခေါင်းဆောင် အမျိုးသား လေးဦးနှင့် အမျိုးသမီးသုံးဦးစီပါဝင်သည်။

ပထမအဖွဲ့ကို ကျားမြွေရှင်အိုင်ဗာ ဦးဆောင်ပြီး၊ အရှေ့ဘက်မှနေ၍ ဝင်ရောက်တိုက်ခိုက်ရန်ဖြစ်သည်။

ဒုတိယအဖွဲ့ကို စိန်ရွှေဒါးဆစ် ရျှူးကျင့်ဟွေ့က ခေါင်းဆောင်ကာ တောင်ဘက်မှ ဝင်ရောက်တိုက်ခိုက်ရန်ဖြစ်သည်။

အနောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်ရမည့် တတိယအဖွဲ့ကို ဘက္ကူစာတ် လိုပိန်ဘကျွမ်ကဲရသည်။

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထအဖွဲ့က မြောက်ဘက်မှ ဝင်ရောက် တိုက်ခိုက်ရန် တာဝန်ယူပြီး ပလွေလုလင်ဇင်ထန်းက ဦးစီးသည်။

ပဉ္စမအဖွဲ့တွင် နဂါးလေးစမ်းကွမ်းအတူ၊ ကျစမ်းအုန်နှင့် ထုချိန်းတို့ပါဝင်ကာ ကိုးဆင့်ဝက်ပါထဲသို့ ဝင်ရောက်တိုက်ခိုက်မည်ဖြစ်သည်။

'ကျွန်တော်ပြောတဲ့အစီအစဉ်ကို နားလည်ကြတယ်မဟုတ်လား'

အဖွဲ့များခွဲကာ တာဝန်သတ်မှတ်ပေးပြီးနောက် နဂါးလေးစမ်းကွမ်းအတူကပြောသည်။ အားလုံးကပင် နားလည်ကြောင်း ပြန်ပြောကြသည်။

'အခုလို နံနက်ဝေလီဝေလင်းအချိန်မှာ အဆိပ်မိကျောင်းစိမ်းကိုးတို့ဟာ အိပ်မက် မက်ကောင်းတုန်း ရှိဦးမယ်၊ ကျွန်တော်တို့အနေနဲ့ အလစ်အငိုက်ဖမ်းပြီး ပိုင်ပိုင်နိုင်နိုင်တိုက်နိုင်ဖို့လိုတယ်....

'ဒီလူတွေဟာ ပြည်သူလူထုကို ဒုက္ခပေးနေကြတဲ့ ဒုစရိုက်သမား ပင်လယ်ဓားပြတွေဖြစ်တဲ့အတွက် နည်းနည်းလေးမှ သက်ညှာလို့မဖြစ်ဘူး၊ အားလုံးကိုထုတ်သင်ချေမှုန်းပစ်ရမယ်၊ ဒုတ္တိလူစုကို ချေမှုန်းပြီးတာနဲ့ အဖမ်း ခံထားကြရတဲ့ မိန်းကလေးတွေကိုလိုက်ရှာပြီး ကယ်တင်မယ်၊ အားလုံး 'ကိုးဆင့်ဝက်ပါ'ရှေ့မှာပြန်ပြီးဆုံကြမယ်၊ ကဲ....လုပ်ငန်းစကြပါတော့'

အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်မှဝင်ရောက်တိုက်ခိုက်ကြမည့်အဖွဲ့သုံးဖွဲ့တို့မှာ မှောင်ရိပ်ခိုကာ ထွက်သွားသည်။



'ကိုးဆင့်ဝက်ပါ'မှာ တောင်ဘက်ပိုင်းတွင် တည်ရှိသောကြောင့် နဂါးလေးစမ်းကွမ်းအတူတို့မှာ စိန်ကျားသစ်ချုံး ဖုံချူး ဦးစီးသော ဒုတိယအဖွဲ့နှင့်အတူ ကျန်နေခဲ့ကြကာ အခြေအနေကို စောင့်ကြည့်နေကြသည်။

သူတို့ ရောက်ရှိနေကြသည်မှာ တောင်ပင်လယ်ဓားပြဂိုဏ်း ဌာနချုပ်စခန်း၏ တောင်ဘက်ပိုင်း ဖြစ်သောကြောင့် သူတို့အဖွဲ့မှာ ကျန်အဖွဲ့များလို လှုပ်ရှားနေရာယူဖို့မလိုပေ။

ထို့ကြောင့် တခြားအဖွဲ့သုံးဖွဲ့ နေရာယူပြီးလောက်သည်အထိ အချိန်ယူကာစောင့်နေပြီး နဂါးလေးစမ်းကွမ်းအတူက လက်မြှောက် အချက်ပြကာ တောင်ပင်လယ် ဓားပြဂိုဏ်း၏ ဌာနချုပ်အတွင်းစခန်းသို့ တိတ်တဆိတ် ဝင်ရောက်လာကြ၏။ ဌာနချုပ်စခန်း၏တောင်ဘက်ပိုင်းတွင် အဆောက်အအုံများ ပို၍များပြားသည်။

ရောင်နီဦး ပေါ်ထွက်နေပြီဖြစ်သော်လည်း အလင်းရောင်က အားမကောင်းလှသေးပေ။ မှောင်ရိပ်ကျနေသောနေရာ အတော်များများရှိနေသည်။

နဂါးလေးစမ်းကွမ်းအတူက ခေါင်းဆောင်ကာ ကိုးဆင့်ဝက်ပါအနီးသို့ရောက်သည်အထိ ချဉ်းကပ်လာကြသည်။ ကိုးဆင့်ဝက်ပါအနီး၌ အတော်ကြီးမားခမ်းနားသော အဆောင်တစ်ခုရှိသည်။

ထိုအဆောင်တွင် အခန်းခုနစ်ခန်းရှိကြောင်း တွေ့ကြရ၏။

'အဲဒီ အဆောင်ဟာ အတော် ခမ်းခမ်းနားနားရှိတယ်၊ တောင်ပင်လယ်ဓားပြဂိုဏ်းက အရေးပါတဲ့လူတွေ နေကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ဖြစ်ရမယ်၊ အဆိပ်မိကျောင်းစိမ်းကုံးရှိတော့ ဒီအဆောင်ထဲမှာရှိချင်ရှိမယ်၊ ဒီတော့ ခင်ဗျားတို့ခုနစ်ယောက်က အခန်းတစ်ခန်းစီကို တစ်ခန်းယူပြီးဝင်တိုက်ကြပါ၊ အဲဒီမှာကျွပြတ်မှ တခြားအဆောင်တွေထဲကို ဆက်ဝင်ကြ၊ ဟုတ်လား'

နဂါးလေးစိမ်းကွမ်းအတုက ဒုတိယအဖွဲ့၏ခေါင်းဆောင်ဖြစ်သောစိန်ကျားသစ်ကို တီးတိုးပြောလိုက်သည်။

'ခင်ဗျားတို့လဲ သတိထားဦးနော်၊ ကိုးဆင့်ဝက်ပါထဲမှာ အဆောက်အအုံတွေဆောက်ထားပုံက တစ်မျိုးပဲ၊ တော်ကြာမျက်စိလည်နေဦးမယ်'

စိန်ကျားသစ်ကလည်း လေသံဖြင့်ပြန်သတိပေးသည်။

'စိတ်ချပါ၊ အဲဒီကိုးဆင့်ဝက်ပါဆိုတာက နက္ခတ်တာရာတွေရဲ့အနေအထားအတိုင်း ဆောက်လုပ်ထားတာပါ၊ ကျွန်တော်က ပင်လယ်ထဲ ခရီးသွားနေတဲ့လူဆိုတော့ နက္ခတ်တာရာတွေရဲ့ အနေအထားကို နားလည်ပါတယ်၊ ကဲ...ကျစမ်းအုတို့ လင်မယားကိုခေါ်ပြီး သွားတော့မယ်'

ထိုအခါတွင်မှ သူတို့နှင့်အတူ ကျစမ်းအုတို့လင်မယား ပါမလာတော့ကြောင်း သတိပြုမိကြတော့သည်။

'ဟာ...ဟိုလင်မယား ဘယ်ကျန်နေခဲ့ပါလိမ့်'

နဂါးလေးစိမ်းကွမ်းအတုမှာ မျက်နှာကွက်ခနဲပျက်သွားပြီး အလန့်တကြားပြောလိုက်သည်။

'ဒီအတိုင်းဆိုရင် ဖြစ်ပါ့မလား၊ နောက်ပြန်လှည့်ကြည့်ရင်ကောင်းမယ်'



ဟယ်ဒ်နက်မင်းကျူးက ပြောသည်။

'အားလုံးစီစဉ်ပြီးပြီ၊ ပြန်လှည့်လို့မဖြစ်တော့ဘူး၊ ကျွန်တော်တို့ ပြန်လှည့်သွားရင် ကျွန်တော့်အဖွဲ့တွေ ဒုက္ခတွေ့ကုန်မှာပေါ့၊ ဒီလင်မယားက ရှိန်ရှူ့ကိုကြောက်ပြီး လှုပ်ပြေးသွားတာလား၊ ဒါမှမဟုတ် မှောင်ထဲမှာ လမ်းပျောက်ပြီးကျန်ရစ်ခဲ့တာလား...

'တစ်ခုခုပဲ၊ တာပဲဖြစ်ဖြစ် မူလအစီအစဉ်အတိုင်းဆက်လုပ်ရမယ်၊ သူတို့မပါလဲ အရေးမကြီးပါဘူး၊ ကျွန်တော်တစ်ယောက်တည်းပဲ ဝင်မွှေတော့မယ်၊ ကဲ...ကျွန်တော်သွားမယ်၊ ခင်ဗျားတို့လဲ လုပ်ငန်းစကြပေတော့'

နဂါးလေးစိမ်းကွမ်းအတုက ဤသို့ပြောပြီးနောက် ကိုးဆင့်ဝက်ပါထဲသို့ ပြေးဝင်သွားသည်။

'ကိုင်း...ကျွန်တော်တို့လဲစကြရအောင်၊ ဟောဟိုအဆောင်ထဲမှာ အခန်းခုနစ်ခန်းရှိတယ်၊ ကျွန်တော်တို့ တစ်ယောက်တစ်ခန်းစီ တစ်ပြိုင်နက်တည်းဝင်ကြမယ်'

စိန်ကျားသစ်က ဤသို့ပြောဆိုပြီး မိမိအဖွဲ့သားများကို ဦးဆောင်ကာ အဆောင်ထဲသို့ အသာဝင်လာခဲ့ကြသည်။

အထဲသို့ရောက်သည်နှင့် ချက်ချင်းလူခွဲကာ အခန်းတစ်ခု၏ အဝတွင် တစ်ယောက်စီ သွားရပ်နေကြသည်။

အားလုံးနေရာယူပြီးသောအခါ စိန်ကျားသစ်က လက်မြှောက်ကာ အချက်ပြလိုက်သည်။

အားလုံးပြိုင်တူပင် အခန်းတံခါးများကိုဆွဲဖွင့်ကာ အခန်းများထဲသို့ ရုန်းဝင်လိုက်ကြသည်။

www.burmeseclassic.com



ထို့နောက် ငြိမ်သက်တိတ်ဆိတ်သွားသည်၊ တစ်သံမျှပေါ် မလာ။ မည်သည့်လှုပ်ရှားမှုမျှမရှိပေ။

'ဘာသံမှလဲ မကြားရဘူး၊ ဘာလှုပ်ရှားမှုမှလဲ မရှိဘူး။ အတော်ဆန်းတာပဲ၊ စိန်ကျားသစ်တို့နှစ်ယောက် ဘာဖြစ်ကုန်ကြပြီလဲ'

ကုချိန်းက ကျစမ်းအုကို တီးတိုးပြောလိုက်သည်။

သူတို့နှစ်ယောက်မှာ နောက်ချန်နေရစ်ခဲ့ခြင်း ဖြစ်သည်။ ထွက်ပြေးတိမ်းရှောင်သွားခြင်းမဟုတ်ဘဲ၊ စိန်ကျားသစ်တို့ဝင်ရောက်သွားသည့် အဆောင်နှင့် မနီးမဝေး မှောင်ရိပ်ကျရာ နေရာတွင် အသာပုန်းအောင်းကာ အခြေအနေကို စောင့်ကြည့် အကဲခတ်နေကြသည်။

'အဲဒီ အဆောင်ထဲ အခန်းတွေထဲမှာ လျှို့ဝှက် ထောင်ချောက်တွေရှိလိမ့်မယ်၊ သူတို့တွေ အဲဒီထောင်ချောက်တွေ ထိုးဝင်သွားကြတာဖြစ်မှာပေါ့'

ကျစမ်းအုက တီးတိုးလေသံဖြင့် ပြန်ပြောသည်။

'အဲဒီအတိုင်းဆိုရင် တခြားလူငယ်သိုင်းသမားတွေလဲ ဒီလိုပဲ လျှို့ဝှက် ထောင်ချောက်တွေထဲမှာ အမိခံကုန်ကြရပြီ ထင်တယ်'

'ဟုတ်တယ်၊ အဲဒီအတိုင်းပဲဖြစ်မှာပဲ'

'ကျွန်တော်တို့ဘယ်လိုလုပ်ကြရင်ကောင်းမလဲ'

'တို့ရဲ့ပင်ကိုရုပ် ပြန်ဖော်ကြမယ်၊ ပြီးတော့ ဓားပျံစုယုံနဲ့ ကြွေပွတ်နက်စုရန့်တို့ စောင့်နေမလို ပုံမှားရိုက်ပြီး ရန်သူတွေ ကြားထဲ ဝင်ရောက်ကြမယ်'



'ကောင်းပြီ'

နှစ်ယောက်သား ရုပ်ဖျက်ပြုပြင်ထားသည်များကို ဖျက်ပစ်လိုက်ကြသည်။ ကိန်လွေ့နှင့် လင်ယုယုတို့၏ ရုပ်သွင်များ ပေါ်လာသည်။

ကျစမ်းအုနှင့် ကုချိန်းတို့အသွင်မှာ ကိန်လွေ့နှင့် လင်ယုယုတို့က ရုပ်ဖျက်ကာ အယောင်ဆောင်ထားကြခြင်းဖြစ်သည်။

'ဟိုလူကြီးမောင့်ပိုင်ချွမ်းပြောလိုက်တော့ နဂါးလေးစမ်းကွမ်း အယောင်မဆောင်ထားတဲ့လူဟာ ငမန်းနက်လေးရိုလျှံကျင်တဲ့၊ အခုတော့ မြေတစ်ပေါင်းကျိုးသူဖုန်းစားလေးကလဲ သူ့ကိုယ်သူ ငမန်းနက်လေးရိုလျှံကျင်လို့ပြောနေပြန်ပြီ၊ အဲဒါ ဘယ်ဟာက အမှန်လဲ'

လင်ယုယုကမေးသည်။

'မြေတစ်ပေါင်းကျိုးလေးဟာ ငမန်းနက်လေးရိုလျှံကျင် အစစ်ဖြစ်မယ်ထင်တာပဲ'

'ဒါဖြင့်ရင် နဂါးလေး အယောင်ဆောင်ထားတာ ဘယ်သူလဲ'

'အဲဒီအကြောင်းကိုရော၊ တခြားလျှို့ဝှက်ချက်တွေကိုရော ဖော်ထုတ်နိုင်အောင်လို့ သူတို့ကြားထဲ ဝင်ရောက်ပြီး စုံစမ်းကြည့်ကြတာပေါ့၊ ကဲ…လာ'

ထို့နောက် ကိန်လွေ့နှင့် လင်ယုယုတို့သည် ငဲဆော စစ်ရုံသို့ တိတ်ဆိတ်လျှို့ဝှက်စွာ ဝင်ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အဆောင်ထဲသို့ ဝင်ရောက်သည်မှာ အချိန်မီပင်ဖြစ်သည်ဟု ဆိုရမည်။

သူတို့နှစ်ယောက် ထိုအဆောင်ထဲသို့ဝင်ရောက်ပြီးသည်နှင့် ကိုးဆင့်ဝက်ပါတစ်ခုလုံးမှာ မီးရောင်များ ထိန်ထိန်လင်းလာ၍ အသက်ဝင်လှုပ်ရှားလာလေတော့သည်။

★

# အခန်း ( ၆ )

ကိုးဆင့်ဝက်ပါတစ်ခုလုံး မီးရောင်များ ထိန်ထိန်လင်းနေသည်။

အထူးသဖြင့် ကိုးဆင့်ဝက်ပါ၏ အလယ် ဗဟိုရှိ ပင်မအဆောက်အအုံကြီးမှာ မီးရောင်အထိန်လင်းဆုံး ဖြစ်သည်။ ထိုပင်မအဆောက်အအုံမှာ အပြောင်ပန်းအမြင်အားဖြင့် သာမန်မျှသာ ဖြစ်သော်လည်း အထဲတွင်မူ ခန်းမကြီးအဆောင်တစ်ခုအလား ခမ်းနားစွာ မွမ်းမံစီခြယ်ထားသည်။

ခန်းမဆောင်ထဲဝယ် မီးအိမ်မီးခွက်တွေစ်ရာကျော် ထွန်းညှိထားသည်ဖြစ်သောကြောင့် နေ့ခင်းပမာ လင်းထိန်လျက်ရှိ၏။

ထိုခန်းမဆောင်၏ အလယ် ဗဟိုတွင် အလွန်ခမ်းနားလှသော ထိုင်ခုံကြီးတစ်ခု ချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုထိုင်ခုံကို ပန်းပုလက်ရာများဖြင့် အလှအပများ စီခြယ်ထားသည်။

ခွေပိန်းချကာ ကျောက်မျက်ရတနာများလည်း မြှုပ်နှံထားသည်။

ထိုထိုင်ခုံနှင့်မျက်နှာချင်းဆိုင်တွင်လည်း ထိုင်ခုံနှစ်ဆယ်ခန့် ရှိနေသည်။

ထိုထိုင်ခုံများမှာ ခန်းမဆောင် အလယ်ဗဟိုရှိ ထိုင်ခုံကြီးလောက် မသားနား မခံ့ထည်သော်လည်း အကောင်းစားထိုင်ခုံများဖြစ်ကြသည်။

ထိုင်ခုံနှစ်ဆယ်တွင် လူလေးယောက်ထိုင်နေကြသည်။ ကျန်ထိုင်ခုံဆယ့်ခြောက်ခုံမှာကား ထိုင်သူမရှိဘဲ လွတ်နေသည်။

ငြိမ့်ညောင်း သာယာသော တေးသံဆစ်ခုက ရုတ်တရက် ပေါ်ထွက်လာသည်။

ထို့နောက် လှပနုနယ်သောမိန်းမပျိုဆယ့်နှစ်ဦး၊ ခြောက်ယောက်စီတန်းစီ၍ ထွက်လာကြသည်။

ထိုင်ခုံကြီး၏ ဝဲယာတွင် ခြောက်ယောက်စီခွဲ၍ နေရာယူလိုက်ကြသည်။ ထိုမိန်းမပျိုများ၏နောက်မှ အဝါရောင်ဝတ်ရုံဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ခြေလှမ်းမှန်မှန်လျှောက်လှမ်း၍ လိုက်ပါလာသည်။

ထိုမိန်းကလေး၏မျက်နှာကို ပဝါနက်ဖြင့်ခြုံကာထား၏။ ဝတ်ထားသော အဝါရောင်ဝတ်ရုံမှာ ပိုးသားဝတ်ရုံဖြစ်သည့်အတွက် မိန်းကလေး၏ ဖံ့ဖြိုးတင်းပြေပြစ်သော ကိုယ်ခန္ဓာကို တွေ့မြင်နိုင်သည်။



ကိုယ်ခန္ဓာအချိုးအဆစ်မှာ ပြေပြစ်ကာ တောင့်တင်းပြီး အချိုးကျကျနှင့် လှပသည်။ မျက်နှာကို ပဝါနက်ဖြင့်ဖုံးကာထားသော်လည်း ကိုယ်ခန္ဓာအထက်အပေါ်ကို ကြည့်ခြင်းအားဖြင့် အဝါရောင်ဝတ်ရုံဝတ် မိန်းကလေးမှာ ချောမောလှပသူလေးဖြစ်မည်ဟု ခန့်မှန်းနိုင်သည်။

အဝါရောင်ဝတ်ရုံဝတ် မိန်းကလေး ဝင်ရောက်လာသည်နှင့် ထိုင်ခုံများတွင်ထိုင်နေသူလေးယောက်က ချက်ချင်းထရပ်ကာ အရိုအသေပေးလိုက်ကြသည်။

ထိုမိန်းကလေး ထိုင်ခုံကြီးတွင် ထိုင်ချလိုက်ပြီးသောအခါတွင်မှ ထိုလူလေးယောက်လည်း မိမိတို့၏ထိုင်ခုံအသီးသီးတွင် ပြန်ထိုင်လိုက်ကြသည်။

ထိုင်ခုံကြီး၏ဝဲယာတွင် ရပ်နေကြသော မိန်းကလေးများမှာမူ ဆက်လက်၍ ရပ်မြဲရပ်နေကြသည်။

'ဘယ့်နှယ်လဲ၊ နဂါးလေးစမ်းကွမ်း လုပ်ငန်းဆောင်တာတွေ အဆင်ပြေရဲ့လား'

အဝါရောင်ဝတ်ရုံဝတ်မိန်းကလေးက ပြောသည်။

စကားသံမှာ သာယာလှသည်။ ချိုအေးလှသည်။

'ဟုတ်ကဲ့၊ လူငယ်သိုင်းသမား နှစ်ဆယ့်ငါးယောက်စလုံးကို လက်ရဖမ်းမိထားပါပြီ၊ ဒါပေမယ့် ကျွန်တော်တို့နဲ့ အတူလိုက်လာကြတဲ့ ကျွဲစမ်းအုန်နဲ့ သူ့ဇနီးကုချိန်းတို့ယင်မှားတော့ ဌာနချုပ်ခန်းထဲကိုရောက်လာပြီးမှ ပျောက်ဆုံးသွားကြပါတယ်'

www.burmeseclassic.com



'ကျစမ်းဆုနဲ့ ကုချိန်းတို့ ဟုတ်လား၊ သူတို့က ဘယ်သူတွေထဲ ခေါ်လာရမယ့်လူတွေထဲမှာ သူတို့မပါပါဘူး'

ဤတွင် နဂါးလေးစမ်းကွမ်းအတုက ကျစမ်းဆုနှင့် ကုချိန်းတို့အကြောင်းကို အကျဉ်းချုံးကာပြောပြလိုက်သည်။

'သူတို့ရဲ့သိုင်းပညာအစွမ်းအစက ဘယ်လိုရှိလို့လဲ'

'အတော်အစွမ်းထက်ပါတယ်၊ စုယုံနဲ့ စုရန်တို့တောင် သူတို့ကို မယှဉ်နိုင်ပါဘူး'

'သူတို့နှစ်ယောက် ပျောက်သွားတဲ့ကိစ္စအတွက် ဘယ်လိုစီစဉ်ထားသလဲ'

'အဆိပ်မိကျောင်းစိမ်းကို လွှတ်လို့ ချက်ချင်း အကြောင်းကြားပြီးပါပြီ၊ ကျွန်းရဲ့ပတ်လည်ကိုလဲ ပိတ်ဆို့ကင်းချထားပါတယ်၊ ကျွန်းပေါ်မှာလဲ လူစုခွဲပြီးလိုက်ရှာနေကြပါတယ်။ သူတို့နှစ်ယောက် ကြာကြာ ပုန်းမနေနိုင်ပါဘူး၊ မနေရင် ကောင်းကောင်းရတာနဲ့ သူတို့ကိုအမိဖမ်းနိုင်ပါလိမ့်မယ်'

'ရိုလျှံ ကျောင်'

အဝါရောင်ဝတ်ရုံဝတ်မိန်းမပျိုကခေါ်လိုက်သည်။

'အမိန့်ကိုနာခံလျက်ပါ ဂိုဏ်းချုပ်ကြီး'

နဂါးလေးစမ်းကွမ်းအတုဘေးဝယ် ထိုင်နေသော ခြေတစ်ပေါင်ကျိုး သူဖုန်းစားလေးက ပြန်မေးသည်။

'ကျစမ်းဆုရဲ့အဖေနဲ့ ဦးလေးဟာ တောင်ပင်လယ်ဓားပြဂိုဏ်းရဲ့လက်ချက်ကြောင့် သေခဲ့ရတယ်ဆိုတာ အမှန်ပဲလား'



'အဲဒါကိုတော့ ကျွန်တော် မသိပါဘူး၊ တောင်ပင်လယ်ဓားပြဂိုဏ်း ကောင်းစားစဉ်က ကျွန်တော်ဟာ ကလေးသာသာပဲရှိပါသေးတယ်'

'ဟုယို'

အဝါရောင်ဝတ်ရုံဝတ် မိန်းမပျိုက ထပ်ခေါ်ပြန်သည်။ ချစ်လုလင်ကိန်လွေ့အသွင် ရုပ်ဖျက်ထားသောစစ်မျိုး စုယုံက ရိုသေစွာပြန်ထူးလိုက်သည်။

'ဟုတ်ကဲ့ပါတယ် ဂိုဏ်းချုပ်ကြီး'

'ကိန်လွေ့နဲ့ လင်ယုယုတို့နှစ်ယောက် သေသွားကြပြီဆိုတာ သေချာရဲ့လား'

'သေချာပါတယ်၊ သူတို့နှစ်ယောက် ဘယ်နည်းနဲ့မှအသက်ရှင်နိုင်ကြတော့ပါဘူး'

'စုရန်ကကော ဘာပြောချင်သေးသလဲ'

'အစ်ကိုစုယုံပြောစရာလိုပါပါ၊ ကိန်လွေ့နဲ့ လင်ယုယုတို့ဟာ လောကကြီးမှာ မရှိကြတော့ပါဘူး'

လင်ယုယုအသွင် ရုပ်ဖျက်ဟန်ဆောင်ထားသော ကြွက်ပွတ်စုရန်က ပြန်လည်အဖြေပေးလိုက်သည်။

'ကောင်းပြီ၊ ရှင်တို့လေးယောက်စလုံး တခြားအဖွဲ့တွေနဲ့ ပေါင်းပြီး လွတ်ထွက်သွားတဲ့ ကျစမ်းဆုတို့လင်မယားကို ရှာကြပါ၊ သူတို့ကို လက်ရအမိဖမ်းပြီး ကျွန်မဆီ ခေါ်ခဲ့ရမယ်'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး'

လေးယောက်စလုံး တစ်ပြိုင်တည်းပြောလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဝေါရောင်ဝတ်ရုံဖော့မိန်းမပျိုကို အရိုအသေပေးကြပြီး နောက် နဂါးလေးစမ်းကွမ်းအတုတို့လေးယောက်သား 'ကိုးဆင့်ဝက်ပေါ်' အမြင့်သို့ ထွက်လာခဲ့ကြသည်။

× × ×

BURMESE CLASSIC

နဂါးလေးစမ်းကွမ်းအတုတို့ လေးယောက်သား ကိုးဆင့်ဝက်ပေါ်အမြင့်ဘက်သို့ ရောက်လာကြသည်။ လူစုခွဲပြီး ကျစမ်းအုတ္တိလင်မယားကို လိုက်ရှာကြသည်။

ဌာနချုပ်စခန်းတစ်ခုလုံးဝယ် လှုပ်လှုပ်ရှားရှားဖြစ်နေ၏။ ရောင်နီသန်းနေသော်လည်း အလင်းရောင် ကောင်းစွာမရရှိသေးသောကြောင့် မီးပုံးများကို ကိုင်ဆောင်ကာလိုက်လံရှာဖွေနေကြသည့်အတွက် မီးပုံး အရောင်များက ဟိုနားတွင် တလက်လက်၊ ဒီနားတွင်တလက်လက်ဖြစ်နေကြသည်။

ခါးပုံ့စုယို နှင့် ကြာပွတ် နက်ရှရန်တို့ မောင်နှမလည်း ကျစမ်းအုတ္တိကိုလိုက်ရှာရင်း ဌာနချုပ်စခန်းတောင်ဘက်ပိုင်းရှိ အဆောင်တစ်ခုနီးသို့ ရောက်လာကြသည်။

'အစ်ကိုရေ...ဂိုဏ်းချုပ်ကြီးက ကိန်လေ့နဲ့ လင်ယုယုတို့ သေကုန်ကြပြီဆိုတာကို မယုံဘူးလို့၊ ပြီးတော့ ကျစမ်းအုတ္တိလင်မယားဟာ ကိန်လေ့နဲ့ လင်ယုယုတို့အယောင်ဆောင်တွေများ ဖြစ်နေမလားလို့ ဂိုဏ်းချုပ်ကြီး ထင်နေသလားမသိဘူး'



'ဟာ...မဖြစ်နိုင်တာကွာ၊ ကိန်လေ့နဲ့ လင်ယုယုတို့ကို ငါ တို့မောင်နှမကိုယ်တိုင် သစ်ဖေါင်မှာကြိုးနဲ့တုပ်ပြီး ပင်လယ်ထဲ လွှတ်လိုက်တာမဟုတ်လား၊ ဘယ်လိုလုပ်ပြီး အသက်ရှင်နိုင်မှာလဲ၊ လာ...ဒီအဆောင်ထဲ ဝင်ရှာကြည့်ရအောင်'

စုယိုတို့မောင်နှမသည် အဆောင်ထဲသို့ အသာဝင်ရောက်လာခဲ့ကြသည်။

အဆောင်ထဲဝယ် တိတ်ဆိတ်နေသည်။

စုယိုတို့မှာ မီးပုံး ကိုင်ဆောင်ထားခြင်း မရှိသောကြောင့် အဆောင်ထဲရှိ မြင်ကွင်းများကို ထင်ထင်ရှားရှားမမြင်ရပေ။

'မောင်...စုယို၊ ဒီမှာလာကြည့်စမ်းပါဦး'

အခန်းတစ်ခု၏ တံခါးပွင့်လာပြီး လှမ်းခေါ်လိုက်သံကို ကြားရသည်။

'ဘာမသင်္ကာစရာတွေ့လို့လဲ'

စုယိုကပြန်မေးရင်း အခန်းထဲသို့ ခပ်သုတ်သုတ်ဝင်လာခဲ့သည်။ စုရန့်ကလည်း နောက်မှအပ်ကြမ်းကွာ လိုက်လာ၏။ အခန်းထဲဝယ် အတော်မှောင်နေသည်။

စုယိုတို့နှစ်ယောက် အခန်းထဲတွင် တခုခုတွေ့ရှိနေသည်ကို လိုက်ရမှာပင် ဆူထွေး၏ ထည်ကုတ်များကို သက်ေါ ကျင်းတစ်ချက်စီ အရုတ်ခံကြရသော မှောက်လျက်သား လဲနေကြသည်။

စုယိုတို့ကို အခန်းထဲသို့လှည့်ခေါ်ဆောင်ကာ အသင်သတိုက်ခိုက်လိုက်သည်မှာ ကိန်လေ့နှင့် လင်ယုယုတို့မဟုတ်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



'သူတို့နှစ်ယောက်ရဲ့ အဝတ်အစားတွေကို ယူဝတ်ကြ အောင်'

ကိန်လေ့က လင်ယုယုကို ပြောလိုက်သည်။

စုယုံနှင့် စုရန့်တို့မှာ ရုပ်ဖျက်ထားကြသဲဖြစ်ရာ ကိန်လေ့ တို့အဖို့ ထွေထွေထူးထူး ရုပ်ဖျက်နေစရာမလိုပေ။

စုယုံတို့ဝတ်ထားသည့် အဝတ်အစားများကို လဲလှယ်ဝ လိုက်ရုံဖြင့် ကိစ္စပြီးသွားသည်။

အဝတ်အစားများလဲလှယ်ဝတ်ဆင်ပြီးနောက် ကိန်လေ့ က စုယုံနှင့် စုရန့်တို့၏ကိုယ်ခန္ဓာများကို အခန်းထောင့်ရှိ ကြီးတစ်ခုထဲသို့ ထည့်ထားလိုက်သည်။

ထို့နောက် နှစ်ယောက်သား ခပ်တည်တည်ပင် အဆော အပြင်သို့ထွက်လာကြသည်။

သူတို့နှစ်ယောက် အဆောင်အပြင်သို့ ရောက်သော လူဆယ်ယောက်ခန့် မီးပုံးများနှင့် လက်နက်များကိုင်ဆော က ရောက်လာကြသည်ကို တွေ့ရသည်။

ထိုလူစုကို ရွှေရောင်တဝင်းဝင်းရှိသော မေးရှည်တစ် ကိုင်ထားသည့် အဘိုးအိုတစ်ယောက်က ခေါင်းဆောင်လာ ထိုအဘိုးအိုမှာ ရွှေစေးစိန်ကြီးပင် ဖြစ်မည်ဟု ကိန်လေ့ လင်ယုယုတို့က အကဲခတ်လိုက်ကြသည်။

'စုယုံတို့ပါလား၊ ဘယ်လိုလဲ၊ လွတ်ထွက်သွားတဲ့ရန် တွေ့ပြီလား'

ကိန်လေ့နှင့် လင်ယုယုတို့ကို စုယုံတို့မောင်နှမဟုထင် သောကြောင့် ရွှေစေးစိန်ကြီးကမေးလိုက်သည်။



'မတွေ့သေးပါဘူးဗျာ၊ လိုက်ရှာနေတုန်းပဲ၊ ဂိုဏ်းချုပ်ကြီး က အဲဒီနှစ်ယောက်ကို မိအောင်ဖမ်းရမယ်လို့ အမိန့်ပေးထား တယ်ဗျ'

ကိန်လေ့ကလည်း ဟိတ်ဟန်အပြည့်ဖြင့် ခပ်တည်တည် ပြန်ပြောလိုက်သည်။

'မိရမှာပေါ့ကွ၊ ကျွန်းတစ်ခုလုံး အစောင့်ချ ပိတ်ဆို့ထား မြေလှန်ရှာနေတာပဲဟာ၊ ပီလင်မယား အစောင်ပေါက် တောင် ထွက်ပြေးလို့မရပါဘူး၊ နေရောင်ကောင်းကောင်း လာတာနဲ့ 'ကွ'ခနဲခနအောင်မိမှာပေါ့ကွ....

'ဒါနဲ့ မင်းတို့မောင်နှမက ဘာကြောင့် အခုထက်ထိ ရုပ် ထားကြရတာလဲ၊ မူလရုပ်ကို ပြန်ပြောင်းကြပါတော့'

'ပြောင်းလို့မဖြစ်သေးဘူး၊ ကျွန်တော်တို့က ဖမ်းမိထား လူငယ်သိုင်းသမားတွေနဲ့ပြန်တွေ့ပြီး စည်းရုံးရဦးမှာဗျ'

'ဪ...အေး...ဟုတ်သားပဲ၊ မင်းဆီမှာ ဝါတစ်ခုအကူ တောင်းချင်တယ်ကွာ'

'ဘာအကူအညီလဲဗျ'

'အောနေဦး၊ ဟော့ အောင်တွေ့... မင်းတို့ရှာနေတဲ့ကြ၊ ငါ အလိုက်ခဲ့မယ်'

ရွှေစေးစိန်ကြီးက ထို့လူများကိုလှမ်းပြောလိုက်၏။

လူများ ထွက်သွားကြမှပင် ကိန်လေ့ကို လေသံတိုးတိုး ဆည်။

www.burmeseclassic.com



'ဂိုဏ်းချုပ်ကြီးက ဂိုဏ်းကိုတိုးချဲ့ပြီး ပြည်မကုန်းမြေ [illegible]ဆယ့်လေးခုမှာ ဂိုဏ်းခွဲဆယ့်လေးခု ဖြန့်ကြက်ထား[illegible]လို့ စီစဉ်နေတယ်မဟုတ်လား'

'အင်း....ဟုတ်တယ်'

ကိန်လေ့ကလည်း သိသလိုလိုနှင့် ခေါင်းညိတ်လိုက်သည်။

'ကျွင်းလင်မြို့ဂိုဏ်းခွဲမှာ မြွေဟောက်ခိုးကျွန်းကို ဂိုဏ်းခွဲမှူးထားဝန်ပေးမယ်လို့ လျာထားတာ မသင့်တော်ပါဘူးကွာ၊ ငါက ကျွင်းလင်ဇာတိဆိုတော့ အဲဒီနေရာမှာ ငါ့ကိုတာဝန်ပေးတာ ပိုကောင်းပါလိမ့်မယ်....

'မင်းက ဂိုဏ်းချုပ်ကြီးရဲ့ မျက်နှာသာအပေးခံရတဲ့ လူဆိုတော့ ဒီကိစ္စကို အခွင့်ကြုံရင် ကြည့်ပြောပေးစမ်းပါကွာ'

ကိန်လေ့အနေဖြင့် ရယ်ယုံ သာမန်လောက်သာ ထင်ခဲ့သည်။ အခု ရွှေဓားစိန်ကြံ့၏ ပြောစကားကို ကြားရမှပင် ရယ်ယုံမှာ ဂိုဏ်းချုပ်ကြီး၏လူယုံတော်သစ်တစ်ယောက်ဖြစ်ကြောင်း သိရတော့သည်။

ဤအတိုင်းဆိုလျှင် ရယ်ယုံအထွက်ဖြင့် ပုံမှားရိုက်ကာ ဂိုဏ်းချုပ်ထံမှ သတင်းများစုံစမ်းရယူနိုင်တော့မည်ဟု ကိန်လေ့ အတော်အားတက်သွားသည်။

'ကောင်းပြီလေ၊ ကျွန်တော်ကြည့်ပြောပေးပါမယ်၊ ကျွင်းလင်နယ်က အရေးကို စီးပွားရေးကောင်းတဲ့နေရာ မဟုတ်လား'

ကိန်လေ့က အလိုက်အထိုက်ပြန်ပြောလိုက်သည်။



'ငါ့ကို ကျွင်းလင်နယ်ကဂိုဏ်းခွဲမှာ ဂိုဏ်းခွဲမှူးဖြစ်အောင် ဆောင်ရွက်ပေးပါ။ မင်းကျေးဇူးကို မမေ့ပါဘူးကွာ'

ရွှေဓားစိန်ကြံ့က ကျေးဇူးတင်စကားပြောပြီး ထိုနေရာမှ ထွက်သွားသည်။

'ကျွန်မတို့ကို သူတို့က ရယ်ယုံတို့မောင်နှမလို့ ထင်နေကြပြီ၊ ဒီတော့ အခုနေ လွတ်အောင်ထွက်ပြေးသွားရင် ကောင်းမယ်ထင်တယ်'

ရွှေဓားစိန်ကြံ့ ထွက်သွားသောအခါ လင်ယုယုက တိုးတိုးပြောလိုက်သည်။

'တို့တတွေ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးသွားလို့ မဖြစ်သေးဘူး၊ ထောင်ချောက်မိပြီး အဖမ်းခံနေကြရတဲ့ လူငယ်သိုင်းသမားနှစ်ဆယ့်ငါးယောက်ကို ကယ်တင်ဖို့လိုသေးတယ်'

'ကယ်တာကတော့ဟုတ်ပါပြီ၊ သူတို့တွေ ဘယ်မှာရှိတယ်ဆိတာ ရှင်အသိလို့လား'

'အဲဒါကိုတော့မသိဘူး၊ ဒီလိုပဲ လိုက်စုံစမ်းရှာဖွေကြည့်ရမှာပဲ'

ကိန်လေ့နှင့် လင်ယုယုတို့ လျှောက်လှမ်းလာခဲ့ရာ အရပ်မပုလှကြီးတစ်ယောက် ခေါင်းဆောင်သောအဖွဲ့လက်နက်ကိုင် လူတစ်စုနှင့် ဆုံမိကြပြန်သည်။

ထိုအရပ်ပုပုလှကြီး၏လက်ထဲဝယ် လှံရှည်တစ်ချောင်းကိုင်ထားသည်၊ လူပုကြီးကျိုးရှမ်းဖြစ်မည်ဟု ကိန်လေ့တို့သိလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟေ့…ဘယ်လိုလဲ၊ မင်းတို့လဲ ဟိုလင်မယားကို လိုက်ရှာနေကြတာလား'

လူကြီးက လှမ်းနှုတ်ဆက်သည်။

'ဟုတ်တယ်ဗျ၊ ရှာလို့လဲမတွေ့သေးဘူး'

'အေးကွာ…ဒီကောင်တွေ ဘယ်ကိုများ ထွက်ပြေးနေကြတာပါလိမ့်'

'ကျွန်တော်ကတော့ လူတို့နှစ်ယောက် ဝေးဝေးပြေးဦးမယ်မထင်ဘူး၊ ယောဒီဌာနချုပ်စခန်း ပရဝုဏ်ထဲမှာပဲ ရှိလိမ့်ဦးမယ်လို့ထင်တယ်'

'မင်းက ဘာကြောင့်ဒီလိုထင်ရတာလဲ'

'လူငယ် သိုင်းသမား နှစ်ဆယ့်ငါးယောက် အဖမ်းခံနေရတယ်မဟုတ်လား၊ သူတို့က အဖမ်းခံနေရတဲ့လူတွေကို ကယ်တင်ဖို့ ကြိုးစားကြဦးမှာပဲ'

'ဟာ…မဖြစ်နိုင်တာကွာ၊ လူငယ်သိုင်းသမားနှစ်ဆယ့်ငါးယောက်ကို ဖမ်းထားတဲ့ မြေအောက်အကျဉ်းစခန်းကို ဖွင့်နိုင်တဲ့ ဝင်ပေါက် 'ကိုးဆင့်စက်မ'အလှယ်ဗဟိုက ကိုဏ်းချုပ်ကြီးရဲ့ သီးသန့်အဆောင်မှာ ရှိတာကွ…

'ဒီလင်မယား ကိုယ်ရောင်ဖျောက်နိုင်မှပဲ အဲဒီဝင်ပေါက်ကို ဝင်လို့ရမယ်၊ မဟုတ်ရင် ကိုဏ်းချုပ်ကြီးရဲ့ကိုယ်ရံတော်'ရွှေဆံထိုး'ဆယ့်နှစ်ဖော်ရဲ့လက်ချက်မိပြီး သေပွဲဝင်ကြမှာပဲ'

'အဲဒါပြောတာလဲ ဟုတ်တာပါပဲလေ၊ ဒါပေမယ့် ဘယ်အရာကိုမဆို လျှော့တွက်ထားလို့မသင့်ပါဘူး၊ ဒီတော့ အဲဒီနေရာကို သွားစစ်ဆေးကြည့်ရင် ကောင်းမယ်'



'အလိုလေးလေး…မလုပ်လိုက်ပါနဲ့၊ ကိုဏ်းချုပ်ကြီးတော့ သူ့ရဲ့ အပျိုဆောင်ထဲကို တစ်ပါးယောကျ်ားဝင်တာမကြိုက်ဘူးဆိုတာ မင်းလဲအသိသားနဲ့၊ မင်းက ကိုဏ်းချုပ်ရဲ့ မျက်နှာသာအပေးခံရတဲ့လူဆိုတော့ အဲဒီသီးသန့်အပျိုဆောင်ထဲ ဝင်ခွင့်ရချင်ရမယ် ငါတို့ကတော့ မဝင်ရဲဘူးဟေ့'

လူပုကြီးကျိုးချွမ်းက အလန့်တကြားပြောကာ သူ့လူများကိုခေါ်ပြီး ခပ်သုတ်ဆုတ်ထွက်သွားကြသည်။

ကိန်လှေ့နှင့် လင်ယုယုတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့ကြားခဲ့ရသည့်သတင်းများအရ တောင်ပင်လှိုင်ဓားပြကိုဏ်းကို ပြန်လည်ထူထောင်ရန် ဦးစီးခေါင်းဆောင်လုပ်နေသူမှာ အဆိပ်မိကျောင်းစိမ်းကုံးဖြစ်သည်။

ယခု လူပုကြီးကျိုးချွမ်း၏ ပြောစကားအရဆိုသော် ကိုဏ်းချုပ်မှာ ယော်ရှယ်သောအပျိုစင်မိန်းကလေးတစ်ယောက်လိုလို ဖြစ်နေသည်။

'ကဲ…ကိန်လှေ့ရေ…အခုလိုဆိုရင် ကိုးဆင့်စက်မပါအလှယ်က ကိုဏ်းချုပ်ရဲ့ သီးသန့်အပျိုဆောင်ထဲကိုဝင်ပြီး စုံစမ်းဖို့ပဲ ရှိတော့တယ်'

လင်ယုယုကပြောသည်။

'အေးလေ…အဲဒီ အဆောင်ထဲဝင်စုံစမ်းဖို့ပဲ ရှိတော့တာပဲ တာ၊ ဘာအန္တရာယ်ကို ရင်ဆိုင်ရ ရင်ဆိုင်ရ ဝင်စုံစမ်းရတော့မှာပဲ'

× × ×

www.burmeseclassic.com

www.burmeseclassic.com



ကိုးဆင့်ဝက်ပါထဲသို့ ကိန်လေ့နှင့် လင်ယုယုတို့ဝင်ရောက်လာခဲ့ကြသည်။

ကိုးဆင့်ဝက်ပါထဲဝယ် အဆောက်အအုံနှင့် ကြိုလမ်းများကို အတော်ပင် ရှုပ်ရှပ်ထွေးထွေး တည်ဆောက်ထားသည်။ လမ်းမသိလျှင် ထိုဝက်ပါးဆောက်ထားသောအဆောက်အအုံနှင့် ကြိုလမ်းများကြားဝယ် မျက်စိလည်လမ်းပျောက်သွားပေမည်။

သို့သော် ကိန်လေ့နှင့် လင်ယုယုတို့မှာ ဝက်ပါအထက်ပညာကို အနည်းအကျဉ်းနားလည်ထားကြပြီး 'ကိုးဆင့်ဝက်ပါ' တည်ဆောက်ပုံမှာလည်း သာမန်ဝက်ပါသဘောမျိုးသာဖြစ်သောကြောင့် မျက်စိမလည်ဘဲ အလွယ်တကူပင်ဝင်ရောက်နိုင်ခဲ့ကြသည်။

ကိုးဆင့်ဝက်ပါအလယ်ဗဟိုရှိ အဆောက်အအုံကြီးတစ်ခုအနီးသို့ရောက်လာခဲ့သည်။

အဆောက်အအုံမှာ ခင်ရှိုးရိုးသာဆောက်လုပ်ထားသည်။ ထို့သော် အဆောက်အအုံအဝင်ဝတွင်ရှိနေသော ကျောက်ဖြင့်ထုလုပ်ထားသည့် ကြီးမားသော စင်ရော်မောင်နှံရုပ်တုကို တွေ့လိုက်ရသည်တွင် ကိန်လေ့နှင့် လင်ယုယုတို့မှာ အံ့ဩသွားကြရသည်။

တောင်ပင်လယ်ဓားပြဂိုဏ်း၏ဝင်မအဆောက်အအုံအဝင်ဝတွင် တောင်ပင်လယ်ဓားပြဂိုဏ်း၏ အထိမ်းအမှတ်ဖြစ်သော မောင်နှံရုပ်တုသာလျှင် ရှိသင့်သည်။ ယခုလို အာမဆိုင်ညာစဆိုင်



စင်ရော်မောင်နှံရုပ်တုကို တွေ့လိုက်ရသည့်အတွက် စဉ်းစားစရာဖြစ်နေသည်။

'ဟာ... အဲဒါ စင်ရော်မောင်နှံရုပ်တုပါလား၊ ဒါက အဘယ့်သဘောလဲ'

ကိန်လေ့က တအံ့တဩရေရွတ်လိုက်သည်။

'လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်လောက်က သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင်ခဲ့တဲ့ စင်ရော်ဂိုဏ်းဆိုတာကို ရှင်ကြားဖူးသလား'

လင်ယုယုက တီးတိုးပြောသည်။

'ကြားဖူးတယ်၊ ဂိုဏ်းချုပ်ကျုံးထန်းမယ်ဒေါ်၊ အဲဒီတုန်းက သိုင်းလောကတစ်ခုလုံးကို ခြောက်ခြားအောင် စင်ရော်ဂိုဏ်းက မွှေနှောက်ခဲ့တယ်တဲ့'

'ဟုတ်တယ်၊ စင်ရော်ဂိုဏ်းဟာ သိပ်ပြီးရက်စက် ကြမ်းကြုတ်တယ်၊ သိုင်းပညာကလဲ အတော့်ကိုကောင်းတယ်၊ ဒါ့ကြောင့် နောက်ဆုံးမှာ သိုင်းဂိုဏ်းအသီးသီးက ပူးပေါင်းလက်တွဲပြီး စင်ရော်ဂိုဏ်းကို နှိပ်နင်းဖြိုခွဲပစ်ခဲ့ရတယ်တဲ့၊ အဲ အတိုင်းဆိုရင် ငမန်းကျွန်းပေါ်မှာ အခြေစိုက်ပြီး ထ[illegible] ပြန်ထဖို့ကြံနေတာက တောင်ပင်လယ်ဓားပြဂိုဏ်း မဟုတ်ဘဲ စင်ရော်ဂိုဏ်းပဲဖြစ်ရမယ်'

'ဒါဆိုရင် အဆိပ်မိကျောင်းခိမ်းကုံးတို့လူစုကိုလဲ စင်ရော်ဂိုဏ်းက သိမ်းသွင်းထားလိုက်ပြီနဲ့တူတယ်၊ ဒီကိစ္စ...'

'မှူး...လူတစ်ယောက် လာနေတယ်'

www.burmeseclassic.com



စင်ပျော့ အတိမေးလိုက်သောကြောင့် ကိန်လွေ့မှာ ... ထိုရွှေတံချင်းရပ်လိုက်သည်။

အတွင်းရှိရာသို့ လူတစ်ယောက်ရောက်လာသည်။ နဂါးလေး စမ်းကွမ်းအတုပင်ဖြစ်သည်။

'ဆို...စင်ပျော့တို့နှစ်ယောက် ဒီမှာတာလာလုပ်နေကြတာ လဲ...'

ကိန်လွေ့တို့ကိုမြင်လိုက်သောအခါ စုယုံနှင့် စုရန့်တို့မှာ ခင်နှမဟုပင် ထင်မိသောကြောင့် နဂါးလေးစမ်းကွမ်း အတုက မေးလိုက်သည်။

'တို့ဆင်မယားကို လိုက်ရှာရင်း ဒီဘက်ကို ရောက်လာတာ ပါ၊ စင်ပျော့ကရော ဘာထူးခြားတာများ တွေ့ခဲ့ရသေးလဲ'

'မတွေ့ပါဘူးဗျာ၊ ကျုပ်တို့လင်မယားက ကိုယ်ရောင်ဖျောက်ထတ်သလားမသိဘူး၊လိုက်ရှာနေတာ နှံနေပြီ၊ ဘယ်နေရာမှမတွေ့ရသေးဘူး'

'အဲဒါကြောင့် သူတို့တစ္ဆေ ကိုးဆင့်ဝင်္ကပါထဲများ ခင် မမှုမလားဆိုပြီး ဒီဘက်ကိုထွက်လာခဲ့ရတာပဲ၊ပြီးတော့ ဟို... ပမ်းဆီးထားတဲ့ လူဇွေအတွက်လဲ စိုးရိမ်စရာ ရှိသေးတယ် မဟုတ်လား'

'ဒီအတိုင်းသာဆို ဂိုဏ်းချုပ်ကြီးကို သိုးသန့်အပျိုဆောင် ထဲမှာဝင်တွေ့ပြီး အကျိုးအကြောင်းပြောပြမှဖြစ်မယ်၊ လာ ဗျာ....တလက်စတည်း ခင်ပျော့တို့ပါလိုက်ခဲ့ကြ'

နဂါးလေးစမ်းကွမ်းအတုက ဤသို့ ပြောလိုက်သည်တွင် ကိန်လွေ့နှင့် ဆင်ယုံယုတို့မှာ အကြိုက်တွေ့သွားကြသည်။



နဂါးလေးစမ်းကွမ်းအတု ဦးဆောင်ခေါ်သည့်နောက်မှ အထာအယာလိုက်လာခဲ့ကြသည်။ အဆောက်အအုံကြီးထဲသို့ ဝင်လာခဲ့ကြသည်။

အဆောက်အအုံ၏ အပြင်ပန်းအမြင်မှာ သာမန်သာဖြစ်သော်လည်း အထဲတွင်မူ နန်းဆောင်တစ်ခုအလား ခမ်းခမ်းနားနားရှိသည်။

အထဲသို့ဝင်လိုက်သည်နှင့် ကျယ်ပြန့်သောခန်းမဆောင်ကြီး တစ်ခုသို့ရောက်လာကြသည်။

နဂါးလေးစမ်းကွမ်းအတုက ခန်းမဆောင်၏ အနောက်ဘက်တံခါးမှထွက်ကာ ကျောက်လှေကားတစ်ခုမှ တက်လာခဲ့သည်။

ထို့နောက် ကြိုလမ်းလေးအစ်ခုအတိုင်း လျှောက်သွားပြီး နောက်အခန်းတစ်ခုထဲသို့ဝင်လိုက်သည်။

အခန်းထဲဝယ် အတွင်းခန်းတစ်ခု ရှိနေသည်ကို တွေ့ရ၏။ အခန်းတွင် ဇာခန်းဆီးတစ်ခုကာထားသည်။

စမ်းကွမ်းအတုက ဇာခမ်းဆီး၏အစွန်ဝယ်ရှိနေသော ပိုးကြိုးကို အသာဆွဲလိုက်သည်။

'ဒင်....ဒင်....ဒင်'

သာယာသောခေါင်းလောင်းထိုးသံကို ကြားရသည်။

မကြာမီမှာပင် ရုံရွှေတော် မိန်းမပျိုလေး တစ်ယောက် ထွက်လာသည်။

'ဪ...နဂါးလေးတို့ပါလား၊ဘာကိစ္စများရှိလို့လဲရှင့်'

www.burmeseclassic.com

www.burmeseclassic.com



'အစွမ်းအုတ္တိုလင်မယားကို အခုထက်ထိ ရှာမတွေ့သေးဘူးလို့ ဂိုဏ်းချုပ်ကြီးကို တင်ပြပေးပါ၊ ဘာဆက်လုပ်ရမယ်ဆိုတာကိုလဲ အမိန့်နာခံနေပါတယ်လို့ ပြောပြပါ'

'ဟုတ်ကဲ့၊ ရှင်တို့ ဒီမှာစောင့်ကြပါ'

ဤသို့ပြောပြီးနောက် ရုံခွဲတော်မိန်းကလေး အတွင်းဘက်သို့ ပြန်ဝင်သွားသည်။

ကိန်လွေ့နှင့် လင်ယုယုတို့မှာ ရင်ထဲဖိုဖိုဖြင့် စကားမဆိုနိုင်ဘဲ ငြိမ်ဆိတ်စွာစောင့်နေကြသည်။

အတန်ကြာသောအခါ ရုံခွဲတော်မိန်းကလေး ပြန်ထွက်လာသည်။

'ဂိုဏ်းချုပ်ကြီးက ရေစွမ်း ရေချိုးကန်ကို လာခဲ့ဖို့ပြောလိုက်ပါတယ်'

မိန်းကလေးကပြောသည်။

'ဟို...ဂိုဏ်းချုပ်ကြီး ရေချိုးနေတယ်ဆိုရင် သွားတွေ့လို့သင့်တော်ပါ့မလား'

နဂါးလေးစမ်းကွမ်းအတုက တုန်လှုပ်သောလေသံဖြင့်ပြောသည်။

'ဂိုဏ်းချုပ်ကြီးက အဲဒီကိုလာခဲ့ဖို့ အမိန့်ပေးလိုက်တာပဲ၊ သွားသာသွားပါ၊ ဘာမှစိုးရိမ်စရာမလိုပါဘူး'

'ဟုတ်...ဟုတ်ကဲ့'

ရုံခွဲတော်မိန်းကလေး ဆင်းပြမေါ်ဆောင်ရာနောက်သို့ သူတို့သုံးယောက်သား လိုက်လာခဲ့ကြသည်။



အတွင်းဘက်အခန်း၏ အဆင်အပြင်များအရ မိမိတို့မှာ ဂိုဏ်းချုပ်၏ သီးသန့်အမျိုးဆောင်အတွင်းသို့ ရောက်လာကြပြီဖြစ်ကြောင်း ကိန်လွေ့နှင့် လင်ယုယုတို့ နားလည်လိုက်ကြသည်။

မကြာမီမှာပင် တံခါးဝနှစ်ခု၏ရှေ့သို့ ရောက်လာကြ၏။

ညာဘက်ရှိတံခါးဝတွင် 'စင်ရော်မောင်'ဟူသော စကားလုံးများ ရေးထွင်းထားသည်။

ဘယ်ဘက်တံခါးဝတွင်မူ 'စင်ရော်မယ်'ဟူသော စာလုံးများ ရေးထွင်းထားသည်။

'ဒီခမ်းမဆောင်ထဲကို ဝင်သွားကြပါရှင်'

ရုံခွဲတော်မိန်းကလေးက 'စင်ရော်မယ်'ဟု စာလုံးများရေးထွင်းထားသည့်တံခါးဝကို ညွှန်ပြကာပြောလိုက်သည်။

နဂါးလေးစမ်းကွမ်းအတုက တံခါးကိုဖွင့်ကာ အထဲဝင်သွားသည်။ ကိန်လွေ့နှင့် လင်ယုယုတို့ကလည်း နောက်မှလိုက်သွားကြသည်။

ရုံခွဲတော်မိန်းကလေးမှာမူ တံခါးဝတွင်ပင်ရပ်ကာ ကျန်နေခဲ့သည်။

အတော်ကျယ်ဝန်းသော အခန်းတစ်ခုထဲသို့ သူတို့သုံးဦးရောက်လာကြသည်။ အခန်း၏ကြမ်းခင်းမှာ အဆောင်းစေး ကျောက်ဖြူသားများဖြစ်သည်။

နံရံလေးဘက်ကိုလည်း ကျောက်ဖြူပြားများဖြင့် ကာရံထားသည်။ မျက်နှာကျက်မှာမူ မှန်ထားဖြင့်ပြုလုပ်ထား၏

www.burmeseclassic.com



အခန်း၏ အခြေခံတက် နံရံ၌ ရုံရွှေတော် မိန်းကလေး တစ်ယောက် ရပ်နေသည်။

'အထဲကိုကြည့်ပါရှင်၊ ဂိုဏ်းချုပ်ကြီး ရေပူစမ်းရေချိုးကန်မှာ ရှိနေပါတယ်'

ရုံရွှေတော်မိန်းကလေးက ဦးညွှတ်ကာပြောကြားပြီး နံရံမှ ကျောက်ဖြူပြားတစ်ချပ်ကို လက်ဖြင့်ဖိတွန်းလိုက်သည်။

နံရံတွင်ရှိနေသောကျောက်ဖြူပြားအချို့ ရွေ့လျားသွားပြီး တံခါးပေါက်တစ်ခုပေါ်လာသည်။

ထိုတံခါးပေါက်မှ ဖြူဖွေးသော ရေခိုးရေငွေ့များ ထိုးထွက်လာသည်ကိုလည်း တွေ့ကြရသည်။

နဂါးလေးစမ်းကွမ်းအတုမှာ တံခါးပေါက်မှဝင်ရန် မဝံ့မရဲဖြစ်နေသည်။

ကိန်လွှေ့နှင့် လင်ယုယုတို့လည်း နဂါးလေးစမ်းကွမ်းအတု၏ အရိပ်အခြေကိုစောင့်ကြည့်နေကြသည်။

'လာလေ…အထဲကိုဝင်ခဲ့လေ'

အတွင်းဘက်ဆီမှ မိန်းကလေးတစ်ဦး၏စကားသံကိုကြားလိုက်ကြရသည်။ စကားသံမှာ ကြည်လင်သည်၊ သာယာသည်။ အသံရှင်မှာ ငယ်ရွယ်နုပျိုသော မိန်းကလေးတစ်ယောက်ဖြစ်မည်ဟု ကိန်လွှေ့ ခန့်မှန်းမိသည်။

နဂါးလေးစမ်းကွမ်းအတုကလည်း တံခါးပေါက်မှနေ၍ လွန်ဆုတ်တွန့်ဆုတ်နှင့်ဝင်သွားသည်။

ဤနေရာသို့ နဂါးလေးစမ်းကွမ်းအတု မရောက်ဘူးသေးကြောင်း သိသာနိုင်သည်။



ကိန်လွှေ့နှင့် လင်ယုယုတို့ကလည်း နဂါးလေးစမ်းကွမ်းအတုနှင့်အတူ ဝင်လိုက်လာခဲ့ကြသည်။

အတွင်းခန်းထဲ၌ ကျောက်ဖြူသားဖြင့်ပြုလုပ်ထားသော ရေချိုးကန်တစ်ခုရှိ၏။ ကန်မှာ အတော်ကျယ်ကာ ရေနွေးများထည့်ထားသည်။

ကန်ထဲ၌ မိန်းကလေးတစ်ယောက် ခုံးမြုပ်အောင် စိမ်နေသော်လည်း မှုန်၏အချိုးကျကျလှပသော ကိုယ်ခန္ဓာကို ခပ်ရေးရေးမြင်နိုင်သည်။

ကျောက်ဖြူရေချိုးကန်ဘေး၌ မိန်းကလေးနှစ်ယောက် ရပ်နေသည်။

နဂါးလေးစမ်းကွမ်းအတုက ရေချိုးကန်ထဲရှိမိန်းကလေးကို ဦးညွှတ်ကာ အရိုအသေပေးလိုက်သည်။

ကိန်လွှေ့နှင့် လင်ယုယုတို့ကလည်း နဂါးလေး၏အတုကို ကာ အရိုအသေပေးလိုက်ကြသည်။

'ဘယ့်နှယ်လဲ၊ ဟိုလင်ယေားကို ရှာလို့မတွေ့ကြသေးဘူးလား'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ တာဝန်ခွဲပြီး နေရာအနှံ့လိုက်ရှာကြပါတယ်၊ ဘယ်နေရာမှာမှ မတွေ့ရသေးပါဘူး'

နဂါးလေးစမ်းကွမ်းအတုက ပြန်ဖြေသည်။

'ရယ်တို့ကတော့ ဘာအကြောင်းထူးသေးလဲ'

ဂိုဏ်းချုပ်က လှမ်းမေးပြန်သည်။

ကိန်လွှေ့မှာ မနေသာတော့ဘဲ အသံကိုသိန်းထား၍ ပြန်ဖြေပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒွာနချုပ်စခန်းပရဝုဏ် တောင်ဘက်ပိုင်းမှာ ကျွန်တော်တို့အောင်နှမနှစ်ယောက် နေရာနဲ့ လိုက်ရှာကြပါတယ်၊ ဘာထူးခြားချက်မှ မတွေ့ခဲ့ကြရပါဘူး'

'စုယုံ....ရှင့်အသံဘာဖြစ်နေတာလဲ၊ တစ်မျိုးကြီးပါလား'

'ဟို...ဘာမှမဖြစ်ပါဘူး၊ အအေးမိပြီး ရင်ကျပ်နေလို့ပါ'

'ခစ်....ခစ်....ခစ်....အအေးမိနေလို့လား၊ ဒါဆိုရင် ဟောဒီရေနွေးထဲမှာ လာစိမ်လိုက်ပါလား၊ အအေးမိတာ ပျောက်သွားမှာပေါ့'

ဂိုဏ်းချုပ်က တစ်ခစ်ခစ်ရယ်မောရင်းပြောလိုက်၏၊ ပြောပုံဆိုပုံကိုကြည့်လျှင် ရက်စက်ကြမ်းကြုတ်သော စင်ရော်ဂိုဏ်းဟု ထင်နိုင်စရာမရှိ၊ ငယ်ရွယ်သေးသော မိန်းကလေးတစ်ယောက်၏ ချစ်စရာအသွင်မျိုးဖြစ်သည်။

'ဟာ....ဟို....ဟို....ကျွန်တော် ဂိုဏ်းချုပ်နဲ့အတူတူ ရေမချိုးဝံ့ပါဘူး'

ကိန်လေ့က ရှက်ရှက်ကြောက်ကြောက်နှင့်ပြောလိုက်၏။

'ခစ်....ခစ်....ခစ်... စုယုံ စုယုံ.... ရှင်က ပြောတော့တစ်မျိုး လုပ်တော့တစ်မျိုးပါလား၊ ရှင်ပဲ ဟိုတလောက ပြောခဲ့တယ်မဟုတ်လား၊ ဂိုဏ်းချုပ်နဲ့အတူတူ ရေပူစမ်း ရေချိုးကန်မှာ ရေချိုးရရင် သေပျော်ပါပြီဆို အခုကျမှ ဘာဖြစ်နေတာလဲ'

ဂိုဏ်းချုပ်၏ပြောစကားကြောင့် ကိန်လေ့မှာ အတော်ပင် အကျပ်တွေ့သွားရသည်။



လူပုကြီးကျွီးခွမ်း၏ပြောစကားအရဆိုလျှင် စုယုံမှာ ဂိုဏ်းချုပ်၏ မျက်နှာသာပေးခံရသူဖြစ်ကြောင်း ကိန်လေ့သိထားသည်၊

ဂိုဏ်းချုပ်နှင့် စုယုံတို့မည်၍မည်မျှရင်းရင်းနှီးနှီးရှိကြောင်းကိုမူ ကိန်လေ့ တိတိကျကျမသိ၊

'ကဲ....ကဲ.... နဂါးလေးနဲ့ စုရန် အပြင်ကို ထွက်သွားကြ၊ စုယုံပဲနေရစ်ခဲ့'

ဂိုဏ်းချုပ်မိန်းမပျိုက ထပ်မံပြောလိုက်သည်၊

နဂါးလေးစမ်းကွမ်းအတုက အပြင်သို့ ထွက်သွားသည်၊ စုရင်ယုယုမှာလည်း မလိုက်ချင်လိုက်ချင်နှင့် လိုက်ပါသွားရသည်။

'ကွ°ဖေ....ရေချိုးခန်းတံခါးကို ပြန်ပိတ်လိုက်'

ဂိုဏ်းချုပ်က ထပ်မံပြောကြားလိုက်သည်။

ရေချိုးကန်ဘေးဝယ် ရပ်နေသည့်မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်က ရေချိုးခန်းတံခါးကို သွားပိတ်ကာ အတွင်းမှ ချက်ချထားလိုက်သည်။

'ကဲ....စုယုံ၊ အဝတ်အစားတွေချွတ်ပြီး ရေချိုးကန်ထဲဝင်ခဲ့လေ၊ ဒါမှ အအေးမိတာပျောက်သွားမှာ'

'ကိန်လေ့မှာ ဘာလုပ်ရမည်မှန်းမသိတော့အောင် ဖြစ်နေသည်၊ အတင်းငြင်းပယ်ရန်မှာလည်း ခက်သည်၊ မိန်းမပျိုနှစ်ယောက်နှင့် အတူတူရေဝင်ချိုးချင်စိတ်လည်းမရှိပေ၊

'ကွ°ဖေနဲ့ ဝင်ကျွမ်းတို့ရော သူ့အဝတ်တွေချွတ်ပြီး ရေထဲချပေးလိုက်ပါ'

www.burmeseclassic.com



ဂိုဏ်းချုပ်က လှမ်းပြောလိုက်သည်။

မိန်းတာလေးနှစ်ဦးကလည်း ကိန်လေ့၏အနီးသို့ရုတ်တရက် ရောက်လာကာ ဟစ်ယောက်က ကိန်လေ့၏ပေျာ့ခွေကြောကို ဖမ်းထောက်လိုက်သည်။

ကိန်လေ့မှာ စိတ်လှုပ်ရှားကာ ချိတုံချတုံ ဖြစ်နေရာ ခံနေရ၍ မည်သို့မျှခုခံခြင်းမပြုနိုင်၊ အကြောပိတ်ခံရပြီး ပျော့ခွေကျသွားသည်။

ကွ°ဖေ့နှင့် ဝင်ကျွမ်းတို့က ကိန်လေ့၏အဝတ်အစားများကို ချွတ်ကာ ကိုယ်ခန္ဓာကို ရေချိုးကန်ထဲသို့ ပစ်ချလိုက်၏။ ဂိုဏ်းချုပ်မိန်းမပျိုက ကိန်လေ့ကို ဆီးဖမ်းကာ အပိတ်ခံထားရသည့် အကြောများကို ပြန်ဖွင့်ပေးလိုက်သည်။

ကိန်လေ့မှာ အရှက်ကြီးရှက်ကာ ခုခံတိုက်ခိုက်နိုင်သည့် စွမ်းအားလည်းမရှိတော့ပြီမို့ ဂိုဏ်းချုပ်နှင့်ဝေးရာ ရေချိုးကန်ထောင့်နားသို့ကူးသွားပြီး ခပ်ကုတ်ကုတ်လေးနေနေလိုက်သည်။

ရေထဲသို့ ပစ်ချခံလိုက်ရသည့် အရှိန်ကြောင့် ကိန်လေ့၏ တစ်ကိုယ်လုံးဝယ် ရေများရွဲရွဲစိုနေသည်။

ဂိုဏ်းချုပ်က လက်ဟန်တစ်ချက်ပြလိုက်သည်။ ကွ°ဖေ့နှင့် ဝင်ကျွမ်းတို့က မွှေးပွမျက်နှာသုတ်ပဝါကြီးတစ်ခုကို ရေချိုးကန်ဘေးဝယ်ဖြန့်ကာ ကိုင်ပေးထားလိုက်သည်။

ဂိုဏ်းချုပ်က ရေချိုးကန်ထဲမှ လျင်မြန်စွာ ထက်လိုက်၏။ ကွ°ဖေ့နှင့် ဝင်ကျွမ်းတို့နှစ်ယောက်ကလည်း မွှေးပွမျက်နှာသုတ်ပဝါကြီးနှင့် ဂိုဏ်းချုပ်၏ကိုယ်ခန္ဓာကို ရစ်ပတ်ပေးလိုက်ကြသည်။

သူတို့၏လှုပ်ရှားမှုမှာ မြန်ဆန်လှသဖြင့် ကိန်လေ့မှာ ဂိုဏ်းချုပ်၏ကိုယ်ခန္ဓာကိုပင် မြင်လိုက်ရခြင်းမရှိပေ။

'စုယုံ...ရှင်သုံးတဲ့ ရုပ်ဖျက်ဆေးတွေက ထယ်ကောင်းပါလား၊ ရေထိတာတောင်မှ မပျက်ဘူးနော်'

မွှေးပွမျက်နှာသုတ်ပဝါကြီးဖြင့် ကိုယ်ခန္ဓာကို ရစ်ပတ်ပြီးနောက် ဂိုဏ်းချုပ်က ခပ်လှောင်လှောင် ပြောလိုက်သည်။

ကိန်လေ့ အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားသည်။ ညှာမျှကောင်းသောရုပ်ဖျက်ဆေးများပင်ဖြစ်စေ၊ ရေနွေးနှင့်တွေ့မိပါက ပျက်စီးသွားရမည်သာဖြစ်သည်။

ဂိုဏ်းချုပ်၏အကင်းပါးကာ ဉာဏ်ရည်ထက်မြက်ပုံကို ကိန်လေ့စိတ်ထဲမှ ကြိတ်ကာ ချီးမွမ်းလိုက်မိသည်။

မိမိကို ရေချိုးကန်ထဲသို့ မရမကဆင်းစေခဲ့ခြင်းမှာလည်း မိမိရုပ်ဖျက်ထားခြင်းရှိမရှိ စစ်ဆေး စမ်းသပ်ရန်ဖြစ်ကြောင်း၊ ယခုမှပင် ကိန်လေ့ ရိပ်မိလေတော့သည်။

'ကဲ...အမှန်အတိုင်းပြောစမ်းပါ၊ ရှင်ဟာ ကိန်လေ့မဟုတ်လား'

ဂိုဏ်းချုပ်က ကိန်လေ့ကို စူးစိုက်ကြည့်ရင်းမေးလိုက်၏။ မျက်နှာတွင် ပဝါပုံးထားသော်လည်း မျက်လုံးနေရာဝယ် အပေါက်လေးနှစ်ခုရှိနေသည်မို့ ဂိုဏ်းချုပ်၏စူးရှသောမျက်စိအစုံကို မြင်နိုင်သည်။

အကြည့်က စူးစူးရဲရဲရှိလှသည်။

www.burmeseclassic.com



'ရှိပါတယ်'

ဖောက်သစ်တော့သည့်အခြေအနေမို့ ကိန်လေ့ဝန်ခံလိုက်ရသည်။

'ဟို...တစ်ယောက်ကတော့ လင်ယုယုမဟုတ်လား'

'ဟုတ်ကဲ့'

'စုယုံနဲ့ စုရန့်တို့နှစ်ယောက်ကော ဘာဖြစ်သွားကြပြီလဲ'

ကိန်လေ့က ပြန်မပြောပေ။

'သေကုန်ကြပြီလား'

ကိန်လေ့က ခေါင်းညိတ်ပြလိုက်သည်။

'လူငယ်သိုင်းသမားနှစ်ဆယ့်ရှစ်ယောက်ထဲမှာ ရှင်နဲ့ လင်ယုယုတို့ဟာ သိုင်းပညာအထက်ဆုံးနဲ့ အကောင်းဆုံးဆိုတာ ကျွန်မသိထားပါတယ်၊ ကျွန်မအနေနဲ့ရော ရှင်တို့လို လက်ရုံးရည်ရော နှလုံးရည်ရော ထက်မြက်တဲ့လူမျိုးတွေကို လိုချင်ပါတယ်၊ ကျွန်မတို့နဲ့ ပူးပေါင်းပါလား၊ ရှင့်အတွက် အများကြီး အကျိုးရှိနိုင်ပါတယ်'

'ကျွန်တော်ဟာ သိုင်းသမားကောင်း တစ်ယောက်ပါ။ အများကောင်းကျိုးကိုပဲ ဆောင်ရွက်နိုင်မယ်၊ ကိုယ်ကျိုးကို ကြည့်ပြီး သိုင်းသမားဆိုးတွေနဲ့ မပူးပေါင်းနိုင်ဘူး'

ကိန်လေ့က ပြတ်သားစွာပြန်အဖြေပေးလိုက်သည်။

'စဉ်းစားဦးပေါ့လေ'

ဤသို့ပြောပြီး ဂိုဏ်းချုပ်က လှည့်ထွက်သွားသည်။

ကွေ့ပေ့က ကိန်လေ့အဝတ်အစားများကို တစ်ခုမကျန် ကောက်ယူသွားသည်။



'ဟာ...ကျွန်တော့်အဝတ်တွေကို ယူမသွားပါနဲ့၊ ထားခဲ့ပါဦး၊ ထားခဲ့ပါ'

ကိန်လေ့က အော်ဟစ်တားမြစ်လေသည်။

ကွေ့ပေ့က မကြားဟန်ပြုနေသည်။

တံခါးစနားသို့ရောက်သောအခါ ဂိုဏ်းချုပ်က နောက်သို့ လှည့်ကြည့်ပြီး စကားဆိုပြန်သည်။

'အော်... တစ်ခုပြောဖို့ မေ့သွားတယ်၊ လင်ယုယုကိုလဲ ကျွန်မတို့ ဖမ်းထားလိုက်ပြီရှင့်၊ ဒီတော့ ရှင်သေသေချာချာ စဉ်းစားဖို့လိုလိမ့်မယ်'

ဤသို့ပြောပြီးနောက် အပြင်သို့ထွက်သွားသည်။ ရေချိုးခန်းတံခါးကိုလည်း အပြင်ဘက်မှနေ၍ လုံခြုံစွာပိတ်ထားလေ၏။ ကိန်လေ့မှာ ရေချိုးခန်းထဲဝယ် ကိုယ်လုံးတီးဖြင့် ကျန်နေခဲ့သည်။

မိန်းမပျို သုံးယောက်စလုံး အပြင် ထွက်သွားတော့မှပင် ကိန်လေ့မှာ ရေချိုးကန်ထဲမှ ထွက်လာရသည်။

ရေချိုးကန်ဘေးနားတွင် ထိုင်၍ အမျိုးမျိုးစဉ်းစား၏။

ယခုအခါဝယ် လင်ယုယုအပါအဝင် လူငယ်သိုင်းသမားအားလုံးမှာ ဇင်ယော်ဂိုဏ်း၏ ဖမ်းဆီးထောင်ချခြင်းကိုခံနေပြီ ဖြစ်ရာ ယခုလိုအချိန်အခါမျိုးတွင် တင်းတင်းမာမာမငြင်းပဲ ပရိယာယ်သုံး၍ လိုက်လိုက်လျောလျောလုပ်မှဖြစ်မည်

www.burmeseclassic.com



ဟု ကိန်လွေ့ စဉ်းစားမိသည်။ သို့မှသာ ထွက်ပေါက်ရှာနိုင်မည်။

ထို့ကြောင့် ဂိုဏ်းချုပ်မိန်းမပျို ပြန်ဖလာကို စောင့်ဆိုင်း၍နေသည်။

အချိန်များ တရွေ့ရွေ့ ကုန်လွန်သွားသည်။ ကိန်လွေ့၏ ဗိုက်ထဲတွင်လည်း တကြုတ်ကြုတ်မြည်၍ ဆာလောင်၍လာ၏။ လေးနာရီကျော်ကျော်လောက်ကြာသောအခါတွင်မှ ရေချိုးခန်းတံခါးပွင့်သံ ချပ်ခနဲကြားရသည်။

ကိန်လွေ့ ကမန်းကတန်းပင် ရေချိုးကန်ထဲ ခုန်ဆင်းနေလိုက်ရသည်။

ရေချိုးခန်းတံခါး ပွင့်ပြီးနောက် ဂိုဏ်းချုပ် ဝင်ရောက်လာသည်။ မျက်နှာတွင် ပဝါအနက်ဖုံးအုပ်ထားပြီး အစိမ်းရောင်ဝတ်ရုံခပ်ပါးပါးကို ဝတ်ထားသည်။

ကျောက်မျက်ရတနာလက်ဝတ်လက်စားများလည်း ပါရှိလာသည်။

'ဘယ်လိုလဲ ကိန်လွေ့၊ စဉ်းစားပြီးပြီလား'

ဂိုဏ်းချုပ်က ရေချိုးကန်ဘောင်နားဝယ်ရပ်ရင်း မေးသည်။

'ဟုတ်ကဲ့...စဉ်းစားပြီးပါပြီ၊ ခင်ဗျားတို့က လက်ဦးနေတာဆိုတော့ ကျွန်တော့်အဖို့ ဘာမှမတတ်နိုင်တော့ပါဘူး၊ ခင်ဗျားတို့နဲ့ပူးပေါင်းလုပ်ဆောင်ပါ့မယ်၊ လင်ယုယုကို ဘယ်လိုမှ အန္တရာယ်မပြုဘူးလို့တော့ ကတိပေးရမယ်'



ကိန်လွေ့က စိတ်ပျက် အားလျော့သည့်အသံဖြင့် ပြောလိုက်သည်။

'ရှင်သာ လိမ်လိမ်မာမာနဲ့ ကျွန်မခိုင်းတာတွေကို တသွေမတိမ်း လုပ်ပေးရင် လင်ယုယု ဘာမှမဖြစ်စေရဘူး'

'ကောင်းပါပြီဗျာ...လုပ်ပေးပါ့မယ်'

'ဒီလိုမှပေါ့၊ ကဲ...ဦးဦးပေါက်အနေနဲ့ ရှင့်ကိုတာဝန်တစ်ခုပေးမယ်'

'ဘာတာဝန်လဲ'

'လူတစ်ယောက်ကို သွားပြီးသုတ်သင်ပေးရမယ်'

ကိန်လွေ့ အတော်ပင် ဝမ်းသာသွားသည်။

လူသတ်ရမည် ဆိုသောကြောင့် ဝမ်းသာခြင်း မဟုတ်ပေ။ ဤတာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် ငမန်းကျွန်းမှထွက်ခွာရမည်ဖြစ်ရာ၊ သူ့အနေဖြင့် လွတ်လွတ်လပ်လပ် လှုပ်ရှားလုပ်ဆောင်နိုင်တော့မည်မို့ ဝမ်းသာမိခြင်းဖြစ်သည်။

'ဟာ...လုပ်ပေးပါ့မယ်လေ၊ လုပ်ပေးပါ့မယ်'

ကိန်လွေ့က ပြန်ပြောလိုက်သည်။

'ရှင် လွတ်လွတ်လပ်လပ်သွားခွင့်ရတော့မယ်ဆိုပြီး သိပ်လဲ ဝမ်းသာမနေနဲ့ဦး၊ လင်ယုယုကို ကျွန်မတို့က ဆက်ပြီးဖမ်းထားဦးမှာ၊ ရှင့်တာဝန်ကျေပွန်မှ လင်ယုယု အန္တရာယ်ကင်းမှာနော်'

ဂိုဏ်းချုပ်၏အစီအစဉ်မှာ ပိုင်နိုင်လှသည်။ သို့သော် မည်သို့ဆိုစေ ဤငမန်းကျွန်းပေါ်ဝယ် ပိတ်လှောင်ဖမ်းဆီးထားခြင်းခံရသည့်ထက် အပြင်ထွက်သွားလာလှုပ်ရှားနိုင်လျှင် တစ်နည်း

www.burmeseclassic.com



မရှေ့ထိ တစ်နည်း လူထိလမ်းရှာနိုင်မည်ဟု ကိန်လွှေ့က ကြိုးစားကာ စိတ်ထင်းလိုက်ရသည်။

'ရှင်သုတ်ဆင်ရမယ့်လူကတော့...'

ကိုးကားချုပ်က လူတစ်ယောက်၏အမည်နှင့် နေထိုင်ရာ ဓနရပ်ကို မပြောပြသည်။

★

အခန်း ( ၇ )

ခြောက်ရက်လွန်မြောက်သောနေ့။

ဟန်ချီမြို့သို့ ကိန်လွှေ့ ရောက်ရှိလာခဲ့သည်။

ဟန်ချီမြို့မှာ ခရီးသမားဆုံဖြစ်သည့်အပြင် ပျော်စရာ ရှုခင်းများအမျိုးမျိုးရှိသောကြောင့် အလွန်စည်ကားသည်။

ကိန်လွှေ့မှာမူ ပျော်စရာရှိသော ဟန်ချီမြို့သို့ရောက်လာသည့်တိုင် မပျော်နိုင်။ ခေါင်းထဲဝယ် ရှုပ်ထွေးကာ ရင်ထဲတွင်လည်း စိုးရိမ်သောကတို့ဖြင့် ပြည့်ကျပ်နေသည်။

ကိန်လွှေ့က စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်လိုက်ကာ ချောင်ကျကျစားပွဲတစ်ခုတွင်ထိုင်ပြီး အရက်တစ်အိုးနှင့် ဟင်းလျာများ မှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိမ့်သောက်ကာ ဟင်းလျာများကို မြည်း
စဉ်းစားကြံဆနေသည်။

အနေဖြင့် ငမန်းကျွန်းမှ ထွက်လာနိုင်ခဲ့ပြီ ဖြစ်သည်။ လင်ယုယုအပါအဝင် လူငယ်သိုင်းသမားများမှာမူ ကျွန်းပေါ်ဝယ် အဖမ်းခံနေကြရသေးသည်။ ထိုလူများကို လွတ်မြောက်အောင် မည်သို့ကြံဆောင်ရပါမည်နည်း။

အပြစ်မဲ့ ပြည်သူများကို ဒုက္ခပေးမည့် 'စင်ရော်ဂိုဏ်း'ကို မည်သို့နှိမ်နင်းဖြိုခွဲရပါမည်နည်း။

စဉ်းစားအဖြေရှာ၍မရ ကြံရာမရတော့သည့်အဆုံး အရက်ကိုသာ ဖိနှိပ်သောက်နေမိသည်။

အရက်အိုး တစ်ဝက်ခန့်ကုန်သွားသောအခါ သူ ထိုင်နေသော စားပွဲတွင် လူတစ်ယောက်လာထိုင်သည်ကို တွေ့ရသည်။ ကိန်းလွှ့က မော်ကြည့်လိုက်ရာ ကျားနက်ရှန့်ကျင့် ဖြစ်နေကြောင်း တွေ့ရသည်။

'အလို...ရှန့်ကျင့်ပါလား၊ ထိုင်ပါဗျာ'

ကိန်းလွှ့က တအံ့တသြဖြင့်ပြောရင်း ဖိတ်ခေါ်လိုက်၏။ ထိုင်ပါဟုသာဆိုရသည်။ ကျားနက်ရှန့်ကျင့်မှာ ထိုင်ခုံ၌ပင် ထိုင်၍ပြီးဖြစ်သည်။

တိန်းလွှ့က စားပွဲထိုးလေးအား တူတစ်စုံနှင့် ခွက်တစ်ခုကို မှာလိုက်သည်။ စားပွဲထိုးလေးက ချက်ချင်းပင်ယူလာပေးသည်။

'ကဲ...သောက်ဗျာ၊ ခင်ဗျားက ဘယ်လိုလုပ်ပြီး လွတ်လာခဲ့တာလဲ'



ကိန်းလွှ့က ခွက်ထဲသို့ အရက်များငှဲ့ထည့်ပေးပြီးမေး၏။

'ခင်ဗျားလိုပဲဆိုပါတော့ဗျာ'

ကျားနက်ရှန့်ကျင့်က ပြန်အဖြေပေးပြီး အရက်ကို တစ်ကျိုက်တည်းနှင့် အကုန်မော့ချလိုက်သည်။

'ကျွန်တော်က လင်ယုယုအန္တရာယ်တွေ့မှာစိုးလို့လိုက်ပဲလိုက် လျောလျောလုပ်ခဲ့ရတာဗျ'

'ကျွန်တော်လဲအတူတူပါပဲ၊ ယာသ်ဒနက်မင်းကျူးကို ဒုက္ခမရောက်စေချင်လို့ လိုက်လျောခဲ့ရတယ်ဆိုပါတော့'

'ကျုပ်တို့လူတွေရဲ့ အခြေအနေကော ဘယ်လိုလဲ၊ ထိခိုက်အနာတရဖြစ်တဲ့လူရှိသေးလား'

'ဘယ်သူမှ ထိခိုက်ဒဏ်ရာမရကြပါဘူး၊ အားလုံးအကျဉ်းခန်းကြီးတစ်ခုထဲမှာ အချုပ်ခံနေရတယ်၊ လင်ယုယုကိုလဲ ကျွန်တော်တွေ့ခဲ့ရပါတယ်၊ ခင်ဗျားတို့ ကျွန်တော်တို့လို ပြန်လွှတ်ပေးလိုက်တဲ့လူတွေ ရှိချင်ရှိမှာပဲ၊ ဒါနဲ့ ခင်ဗျားတို့က ဘာကြောင့် ကျမ်းအုတ္တိလင်မယားအဖြစ် အယောင်ဆောင်ခဲ့ရတာလဲ၊ တကယ်လို့များ အဲဒီတုန်းကသာ ခင်ဗျားတို့က အကြောင်းစုံဖွင့်ချလိုက်ရင် အခုလိုအဖြစ်မျိုး ကြုံရမှာမဟုတ်ပါဘူး'

'သူတို့ရဲ့အကြံအစည် ဘယ်လိုရှိတယ်ဆိုတာ ရေဆုံး ရေဖျားလိုက်ပြီး စုံစမ်းချင်လို့ ကျမ်းအုတ္တိလင်မယားအဖြစ် ရုပ်ဖျက်ပြီး အယောင်ဆောင်ခဲ့တာပါ၊ အခုလိုအဖြစ်မျိုး ကြုံလာလိမ့်မယ်လို့လဲ မထင်ခဲ့မိပါဘူး၊ လွန်ခဲ့တာတွေပြောမနေပါနဲ့တော့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



နဂါးလေးစမ်းကွမ်းအတုလုပ်ပုံအတော့ မဟုတ်ဘူး၊ ဒီလူ့လို့ ခေါးခဲ့နတ်နတ်စင်းပစ်ရဝ်တယ်'

ကျွဲနက်ရှုန်ကျင့်က မကျေမချမ်းပြောသည်။

'အဲဒါ နဂါးလေးစမ်းကွမ်းအစစ်မဟုတ်ဘူး၊ နဂါးလေးက သေသွားတာကြာလှပြီ၊ တခြားတစ်ယောက်က နဂါးလေး အယောင်ဆောင်ထားတာပေါ့'

'ဗြော်...ဟုတ်လား၊ အေးဗျာ... ကျွန်တော်တို့တတွေ အပွဲပွဲနွှဲလာခဲ့ကြတာ ဒီတစ်ပွဲကျမှ နှုပ်ပစ်ခံရတယ်ဗျာ'

'သူတို့ရဲ့ဌာနချုပ်စခန်းကို ဝင်တိုက်ကြတုန်းက ဘယ်လိုဖြစ်ပြီး အဖမ်းခံလိုက်ကြရတာလဲ'

'ဟာဗျ... ကျွန်တော်တို့ ဝင်တိုက်ကြတဲ့ အခန်းတွေထဲမှာ လျှို့ဝှက် ထောင်ချောက်တွေ ရှိခဲ့တယ်ဗျ၊ လျှို့ဝှက် ထောင်ချောက်တွေထဲ တိုးဝင်မိပြီး မြေအောက်အချုပ်ခန်းထဲ ထန်းဝင်သွားကြရတာပဲ၊ ပြန်ထွက်ဖို့မပြောနဲ့ အသံတောင်မပြုလိုက်နိုင်ဘူး'

'ခင်ဗျားကိုကော လူသတ်ခိုင်းလိုက်တာပဲလား'

'ဟုတ်တယ်'

ကျွဲနက်ရှုန်ကျင့်က မိမိလုတ် သင်သတ်ဖြတ်ပေးရမည့် သူ၏အမည်ကိုပြောပြသည်။

'ခင်ဗျားက အဲဒီလူကို တကယ်သွားသတ်ပေးမှာလား'

ကိန်လျှေ့က မေးလိုက်သည်။

'ခင်ဗျားကော'

ကျွဲနက်ရှုန်ကျင့်က ပြန်မေးသည်။



'မသိဘူး'

'ကျွန်တော်လဲ မဆုံးဖြတ်တတ်သေးဘူး၊ ကဲ...မေ့ဗျာ အခုလောလောဆယ်မှာ အရက်သောက်ထားပါကောင်းတယ်'

နှစ်ယောက်သား တစ်ယောက်တစ်ခွက် မော့လိုက်ကြရာ မကြာမီမှာပင် အရက်အိုးတက်ထက်ပြောင်သွားသည်။

ကျသင့်ငွေများကိုရှင်းပေးပြီးနောက် စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။

'ဘယ်သွားကြမလဲ'

'မြစ်ကမ်းနဖူးကိုသွားမယ်ဗျာ၊ အဲဒီမှာ အေးအေးဆေးဆေးထိုင်ပြီး တိုင်ပင်ကြတာပေါ့'

ကျွဲနက်ရှုန်ကျင့်က ပြန်ပြောသည်။

ဤသို့ဖြင့် နှစ်ယောက်သား ဟန်ချိုမြို့၏ ကမ်းနားလမ်းအတိုင်း လျှောက်လာကြသည်။

လူရှင်းသောတစ်နေရာရှိ သစ်ပင်ကြီးတစ်ပင်အောက်ဝယ် ဝင်ထိုင်ကြသည်။

'သူခိုင်းလိုက်တဲ့အတိုင်း လုပ်မပေးရင်လဲ အဖမ်းခံထားရတဲ့လူတွေ ယက်သာမှာမဟုတ်ဘူး၊ ဘယ်လိုလုပ်ရမှာလဲ'

သစ်ပင်ကြီးအောက်တွင် ထိုင်မိကြသောအခါ ကိန်လျှေ့က ပြောသည်။

'ဟုတ်တယ်၊ လူတစ်ယောက်ရဲ့ အသက်ကို ကယ်ချင်လို့ တခြားတစ်ယောက်ကို အကြောင်းမဲ့ သတ်ပစ်ရမယ့်ကိန်းကြုံဆိုက်နေပြီ'

ကျွဲနက်ရှုန်ကျင့်က ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကြောင့် ကျွန်တော်က အပြစ်မဲ့တဲ့ လူတစ်ယောက်ကို အကြောင်းမဲ့သက်သက် သတ်ပစ်ခဲ့တယ်ဆိုရင် လင်ယုယုက ကျွန်တော့်ကို သိပ်အထင်သေးသွားမှာကတော့ အမှန်ပဲ'

'ဒါလဲဟုတ်တာပဲ'

'ဘာပဲဖြစ်ဖြစ်ဗျာ၊ မြန်းကျွန်းကို ပြန်သွားပြီး၊ သူသေ သေ ကိုယ်သေသေ ရင်ဆိုင်လိုက်တာက ကောင်းလိမ့်မယ်၊ ဂိုဏ်းချုပ်ကောင်မကို အသေသတ်နိုင်ရင် ကျွန်တာတွေအားလုံး ရှင်းကုန်မှာပဲ'

'ပြစ်ပါမလားဗျာ၊ဂိုဏ်းချုပ်ကောင်မငလေးရဲကိုယ်ရံတော် ရွှေထီးဆိုး ဆယ့်နှစ်ဖော်က အတော်အစွမ်းထက်ပြီးတော့... အဆိပ်မိကျောင်းစိမ်းကိုးတို့ဆယ့်လေးယောက်ကလဲရှိနေသေးတယ်၊ ကျွန်တော်တို့ နှစ်ယောက်တည်းအင်အားနဲ့ မနိုင်နိုင်ဘူး'

ထိုအခိုက်တွင် မှောင်ရိပ်ထဲမှ အသံတစ်ခု ပေါ်ထွက်လာသည်။

'ဟုတ်ပါတယ်၊ အဲဒီလို မိုက်ရူးရဲလုပ်ဖို့မသင့်ဘူး'

'ဘယ်သူလဲ'

ကိန်လေ့က လေသံမာမာဖြင့် မေးလိုက်သည်။

'ကျွန်တော်ပါဗျာ'

ပြန်ဖြေသံနှင့်အတူ မှောင်ရိပ်ထဲမှ လူတစ်ယောက် ထွက်လာသည်။ သိုင်းလုလင်ခြောက်ဦးအနက်မှ သန်းကြွယ်လုလင် ရောင်ပင်းပင်ဖြစ်သည်။



'ခင်ဗျားတို့ မြန်းကျွန်းကိုသွားပြီး တိုက်ခိုက်ကြမယ်ဆိုတဲ့အကြံကို ကျွန်တော်ကန့်ကွက်တယ်ဗျာ၊ဒီလိုလုပ်တာမိုက်ရူးရဲဆန်တယ်၊ အားလုံးဒုက္ခရောက်ကုန်နိုင်တယ်'

သန်းကြွယ်လုလင် ရောင်ပင်းကပြောသည်။

'ခင်ဗျား ဘယ်လိုလုပ်ပြီးထွက်လာနိုင်တာလဲ'

'ခင်ဗျားတို့လိုပဲပေါ့ဗျာ'

'ဂိုဏ်းချုပ်ကောင်မက ဘယ်သူ့ကို အသတ်ခိုင်းလိုက်တာလဲ...'

'အို...မသတ်ခိုင်းပါဘူး ခင်ဗျားတို့နှစ်ယောက် တာဝန်ကျေမကျေ လိုက်ပြီးစောင့်ကြည့်ခိုင်းတာပါ၊တကယ်လို့ ခင်ဗျားတို့ ဖောက်လွဲဖောက်ပြန်လုပ်မယ်ဆိုတာ တွေ့ရရင် သူ့ဆီကို အချိန်မီအကြောင်းကြားဖို့ စာပို့ခိုလဲပေးလိုက်တယ်'

'ခင်ဗျား တာဝန်ကျေအောင် မဆောင်ရွက်နိုင်ရင် ဘယ်ခိုင်းတာလေးကို သတ်ပစ်မယ်လို့ ဂိုဏ်းချုပ်က ခြိမ်းခြောက်လိုက်သလဲ'

'ဖမ်းမိထားတဲ့ ဟသ်ာမယ်ငါးဖော်နဲ့ နတ်သုဇာခုနစ်ပါး ထဲမှာ ကျွန်တော်နဲ့ သံယောဇဉ်ငြိတွယ်နေတဲ့ လူတစ်ယောက်မှ မရှိပါဘူး၊ သူတို့က ကျွန်တော် တာဝန်မကျေရင် ကျွန်တော့် မိသားစု ငါးဆယ့်ရှစ်ယောက်စလုံးကို လက်စတုံးသုတ်သင်ပစ်မယ်လို့ပြောလိုက်တယ်'

'ခင်ဗျားမိသားစုတွေက ဘယ်မှာနေသလဲ'

'ပေါင်ဒီဟန်ချိမြို့မှာပဲ၊ကျွန်တော်က ဟန်ချိမြို့သားဆိုတာ သူတို့မသိကြသေးဘူးထင်တယ်'

www.burmeseclassic.com



'အင်း…ခင်ဗျားမှာလဲ အခက်တော့ကို အကျဉ်းအကျပ်တွေ နေရတာပဲကိုး၊ ဒီတော့ ခင်ဗျား ဘယ်လိုလုပ်ချင်စိတ်ကူးနေ သလဲ'

'လာပါဗျာ၊ ကျွန်တော့်အိမ်ကို လိုက်လာခဲ့ကြပါ၊ဟို… ရောက်တော့မှ အေးအေးဆေးဆေးပြောကြတာပေါ့'

× × ×

သန်းကြွယ်လုလှင်ရောင်ပင်း၏နေအိမ်မှာ အခေတ်ပင်ကြီး မား ကျယ်ဝန်းသည့် အဆောင်နှင့် အခန်းများလည်းအတော် များများ ရှိသည်။

သို့သော် ထိုအခန်းများ အားလုံးတွင် မည်သူမျှ မရှိဘဲ ဗလာနတ္ထိဖြစ်နေသည်ကိုတွေ့ရသောအခါ ကိန်လေ့နှင့် ကျား နက်ရှိန်ကျင့်တို့မှာ အလွန်အံ့အားသင့်ကုန်ကြသည်။

'ခင်ဗျားမှာ မိသားစု ငါးဆယ့်ရှစ်ယောက်တောင်ရှိတယ် ဆို…'

ကျားနက်ရှိန်ကျင့်က အံ့ဩစိတ်ကိုမမြိုသိပ်နိုင်တော့သည် အဆုံး ထုတ်ဖော်မေးမြန်းလိုက်သည်။

'ဟုတ်တယ်လေ'

'အဲဒီလူတွေ ဘယ်ရောက်ကုန်လဲ၊ ထစ်အိမ်လုံးမှာ ကျွန် တော်တို့သုံးယောက်တည်းပဲရှိနေပါလား'

'ကျွန်တော်က ဂိုဏ်းချုပ်အမျိုးသမီးခိုင်းတဲ့အတိုင်းမလုပ် နိုင်ဘူးဆိုတဲ့အကြောင်းကို စာရေးပြီး စာပို့ခိုနဲ့ ပို့လိုက်ပြီး



ဒီတော့ ဒီအိမ်ကြီးမှာ မကြာခင် ကြမ္မာဆိုး ကျရောက်တော့ မယ်၊ ဒီတော့ ကျွန်တော့်မိသားစုတွေလဲ ကြမ္မာဆိုးကျရောက် ယှဉ်နေရာမှာ ဘယ်နေတော့မှာလဲဗျ'

ထိုအခါကျမှ သန်းကြွယ်လုလှင်ရောင်ပင်းက သူ၏မိသား စုများကို အေးကင်းရာသို့ တိမ်းရှောင် နိုင်းထားခြင်း ဖြစ် ကြောင်းကို ကိန်လေ့နှင့် ကျားနက်ရှိန်ကျင့်တို့ နားလည် သဘောပေါက်ကြလေတော့သည်။

'ဒီနေ့ နေ့လယ်ကပဲ စာပို့ခိုကို ပြန်ပို့လိုက်တာဆိုတော့… နောက်ဆယ်ရက် ဆယ့်ငါးရက်လောက် ကြာရင် ဂိုဏ်းချုပ် အမျိုးသမီးလွှတ်လိုက်တဲ့ သိုင်းသမားဆိုးတွေ ဒီအိမ်ကိုရောက် လာတော့မှာပဲ၊ သူတို့ကို ဆီးကြိုရင်ဆိုင်ပြီး သုတ်သင်နိုင်ဖို့ အစီအစဉ်တွေ ကျွန်တော်သုပ်ထားတယ်၊ ခင်ဗျားတို့လဲ ဝိုင်း ကူညီပေးကြပါ'

'ဟာ…ဘယ့်နှယ်ပြောတာပေါ့လိမ့်၊ကူညီပေးရမှာပေါ့'

'သူတို့က အနည်းဆုံး အင်အားဆယ့်ငါးယောက်လောက် တော့ လာမှာပဲ၊ ပြီးတော့ သိုင်းပညာစွမ်းဆက်တဲ့လူတွေလဲ အတော်များများပါလာလိမ့်မယ်၊ဒီလိုလူတွေကိုချေမှုန်းလိုက် နိုင်ရင် သူတို့ရဲ့အင်အား အတော်လျော့သွားမယ်၊ ပြီးတော့ အနည်းဆုံးတစ်ယောက် နှစ်ယောက်လောက် လက်ရ အမိဖမ်းရ မယ်'

'ဒါမှ ငမန်းကျွန်းပေါ်က အခြေအနေတွေကို သေသေ ချာချာစစ်မေးနိုင်မယ်၊ ငမန်းကျွန်းပေါ်က အချို့အခြေအနေကို

www.burmeseclassic.com



သီရှာ ကျွန်တော်တို့သုံးယောက် မြန်းကျွန်းပေါ်ပြန်လာ ပြီး ချေမှုန်းတိုက်ခိုက်ကြတာပေါ့'

'ခင်ဗျား၊ အစီအစဉ်တွေသိပ်ကောင်းတယ်ဗျာ၊ ခင်ဗျားရဲ့ စိတ်ကူးဉာဏ်ကောင်းပုံကိုတော့ ချီးမွမ်းရမယ်ဗျို့'

ဤသို့ဖြင့် ကိုနီလေ့နှင့် ကျားနက်ရှန့်ကျင့်တို့တည်း ရှောင်ပင်း၏နေအိမ်တွင် နေထိုင်ကာ သိုင်းသမားဆိုးများ ရောက်လာပါက ချေမှုန်းတိုက်ခိုက်နိုင်ရန် လျှို့ဝှက် ထောင်ချောက်များကို ကြိုတင်ပြင်ဆင်ထားကြသည်။

သန်းကြွယ်လုလင်ရှောင်ပင်း၏တွက်ကိန်း မလွဲပေ။

ထယ်ရက်မြောက်သောနေ့ ညသန်းခေါင်ယံတွင် စင်ရှော ဂိုဏ်းချုပ် စေလွှတ်လိုက်သော သိုင်းသမားဆိုး နှစ်ဆယ် ရောက်ရှိလာကာ နေအိမ်ကြီးကို စီးနင်းတိုက်ခိုက်ကြ၏။

လျှို့ဝှက်ထောင်ချောက်များ အကွက်ကျကျ ကြိုတင်ဆင်ထားပြီးပြီမို့ လူငယ်သိုင်းသမားသုံးဦးက လာရောက် တိုက်ခိုက်ကြသူများကို အောင်မြင်စွာ ချေမှုန်းသုတ်သင်နိုင်ခဲ့ သည်။

အသက်ရှင်လျက် သုံးဦးကို လက်ရဖမ်းဆီးမိခဲ့သည်။

သေဆုံးသွားကြသူများထဲတွင် ရွှေမားစိန်ကြဲနှင့် တောင် ပင်လယ်ဓားပြဂိုဏ်းမှ လက်ထောက်ဗိုလ်ဟောင်း နှစ်ဦးလည်း ပါဝင်သည်။

ဖမ်းမိထားသူများထဲ၌ တောင်ပင်လယ်ဓားပြဂိုဏ်း လက်ထောက်ဗိုလ်ဟောင်းတစ်ဦးလည်းပါဝင်သည်။



ဖမ်းမိသူများကို ကျကျနနစစ်ဆေးပြီးနောက် ဆက်ဆိုင်ရာ ထောက်သို့ အပ်လိုက်ကြသည်။

ထို့နောက် ကိုနီလေ့၊ ကျားနက်ရှန့်ကျင့်နှင့် သန်းကြွယ် လုလင်ရှောင်ပင်းတို့သုံးယောက်သား မြန်းကျွန်းသို့ လျှို့ဝှက် စွာ ထွက်လာခဲ့ကြသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

ကြိုလမ်း၏အလယ်လောက်ဝယ် မီးပုံလေးတစ်ခု ထွန်းညှိ ချိတ်ဆွဲထားသည်။

မီးပုံလေး၏ အလင်းရောင်မှာ သိပ်မမျှားလှသော်လည်း မြေအောက်ခန်းရှိ အကျဉ်းခန်းများထဲတွင် အချုပ်ခံထားရသော လူငယ်သိုင်းသမား နှစ်ဆယ့်လေးယောက်တို့အတွက်မူ ထိုမီးပုံလေးမှာ နေမင်းအလင်းသဖွယ်ဖြစ်နေသည်။

ထိုမီးပုံးလေးသာမရှိပါက မြေအောက်ခန်းတစ်ခုလုံးတွင် မှောင်အတိကျနေမည်။

မြေအောက်ခန်းထဲဝယ် အကျဉ်းခန်း လေးခန်း ရှိသည်။ အကျဉ်းခန်းတစ်ခုစီတွင် လူငယ်သိုင်းသမား ခြောက်ဦးစီ ထည့်သွင်းချုပ်နှောင်ထားသည်။



အကျဉ်းခန်းများမှာ ဆယ့်လေးပေပတ်လည်မျှသာကျယ်ဝန်းပြီး နံရံသုံးဘက်ကို သံပြားများဖြင့်ကာရံထားသည်။

ကြိုလမ်းဘက်သို့ မျက်နှာမူထားသည့်နေရာတွင်မူ ကျပ်လုံးခန့်တုတ်သော သံတိုင်များ အခိုင်အခန့် စိုက်ထူထား၏။ အကျဉ်းခန်းတံခါးမှာလည်း ထိုမျက်နှာစာဘက်တွင်ရှိသည်။

ကျဉ်းမြောင်းသောအခန်းလေးထဲဝယ် လူခြောက်ယောက် နေရသည်မှာ အတော်ကျဉ်းကျဉ်းကျပ်ကျပ်ရှိလှသည်။

ယောကျ်ားလေးသတ်သတ်၊ မိန်းကလေးသတ်သတ် ထားပေး၍သာ တော်သေးသည်ဟုဆိုရမည်။ ရောယှက်လျှင် နေရထိုင်ရသည်မှာ ပို၍ကသိကအောက်ဖြစ်ပေမည်။

နေရောင်ကိုမမြင်ရသော မြေအောက်ခန်းထဲဝယ် နေကြသည့်အတွက် လူငယ်သိုင်းသမားများမှာ နေ့မှန်း ညမှန်း ခွဲခြားမသိတော့အောင် ဖြစ်နေကြလေပြီ။

မိမိတို့၏ အမှတ်သညာနှင့် မိမိတို့အချိန်ကို သတ်မှတ်ကာ တစ်ယောက်တစ်မျိုး ပြောဆိုငြင်းခုန်နေရသည်က အလုပ်တစ်ခုလို ဖြစ်နေသည်။

ယခုလည်း ချမ်းသာသူဇာကျုံးရှိ၊ ဝေါင်းသူဇာဟိုပိုနှင့် ခရေသူဇာချင်းမေတို့သုံးယောက်သား နေ့ဖြစ်သည်၊ ညဖြစ်သည်၊ နေ့လယ်ပိုင်းဖြစ်သည်ဟု ပြောဆိုငြင်းခုန်နေကြ၏။

'ဇောကုန်ခံပြီးငြင်းမနေကြပါနဲ့၊ အခုအချိန်ဟာ နေ့ခင်းပဲဖြစ်ဖြစ်၊ ညဦးနက်သန်းခေါင်ပဲဖြစ်ဖြစ် ကျွန်မတို့အတွက် အရေးကြီးပါဘူး၊ ဟောဒီနေရာကနေ လွတ်မြောက်ဖို့က အရေးအကြီးဆုံးပါ'

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာသူဇာလင်ယုယုက ကြားဝင်ကာ ပြောလိုက်သည်။

'ဘယ်လိုလုပ်ပြီး ဒီနေရာက လွတ်မြောက်နိုင်မှာလဲ ယုယုရဲ့၊ အေးလေ....ယုယုအနေနဲ့ကတော့ လွတ်မြောက်စရာ မျှော်လင့်ချက်ရှိနေတာပေါ့'

ဓရသူဇာချင်းမေက ပြန်ပြောသည်။

'ရှင်က ဘာကိုဆိုလိုတာလဲ'

'ဟို...ဂိုဏ်းချုပ်အမျိုးအမီးက ကိန်လေ့ကို တာဝန်ပေးပြီး စေလွှတ်လိုက်တယ်မဟုတ်လား၊ ကိန်လေ့သာ တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပြီးပြန်လာခဲ့ရင် ယုယုကိုလွှတ်ပေးမှာပေါ့'

'ကိန်လေ့ဟာ ဂိုဏ်းချုပ်ကောခ်မ ခိုင်းလိုက်တဲ့အတိုင်း လူသွားသတ်ပေးမှာမဟုတ်ဘူးလို့ ကျွန်မဘာပ်အပ်ပြောနိုင်ပါတယ်'

လင်ယုယုကပြန်ပြောသည်။

ဤတွင် သူနှင့် ကပ်လျက်ရှိသော အကျဉ်းခန်းထဲဝယ်....အချုပ်ခံနေရသော ဟသ်ာနက်မင်းကျူးကလည်း လှမ်းပြောသည်။

'ဟုတ်တယ်၊ ကျားနက်ရှန်ကျွင့်ဟာလဲ အဲဒီလိုပဲ၊ ဟို-ဂိုဏ်းချုပ်က ခိုင်းလိုက်တဲ့အတိုင်း လူသွားသတ်ပေးမှာမဟုတ်ဘူးလို့ ကျွန်မရဲရဲကြီးပြောရဲတယ်'

'အင်းလေ....သူတို့နှစ်ယောက်က ဂိုဏ်းချုပ် အမျိုးသမီးခိုင်းလိုက်သလို လူသတ်မပေးတော့တဲ့နောက်တော့ ကျွန်မလဲ လွတ်စရာလမ်းမရှိတော့ပါဘူး'



လင်ယုယုက ပြန်ပြောသည်။

'တကယ်ပဲလမ်းစလုံးဝပျောက်နေပြီလား'

လင်ယုယုတို့၏အကျဉ်းခန်းနှင့် မျက်နှာချင်းဆိုင် အကျဉ်းခန်းထဲရှိ စိန်ကျားသစ်က လှမ်းမေးသည်။

'အင်း...လုံးဝလမ်းပျောက်နေတာတော့ မဟုတ်ပါဘူး၊ တကယ်လို့ ကျွန်မအနေနဲ့ တွေ့ချင်နေတဲ့ လူတစ်ယောက်ကို တွေ့နိုင်မယ်ဆိုရင်တော့ လွတ်မြောက်စရာလမ်းပေါ်လာနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီလူက မြေအောက် အကျဉ်းခန်းတွေဆီကို တစ်ခေါက်မှတောင် ရောက်မလာတော့ဘဲ ခက်နေတယ်'

လင်ယုယုက စိတ်ပျက်ဟန်ဖြင့် ပြောလိုက်သည်။

သူတို့ကို မြေအောက်အကျဉ်းခန်းထဲတွင် ပိတ်လှောင်ထားပြီးနောက် စားသောက်စရာနှင့် ရေများကို အပေါ်ဘက်ရှိ လျှိုဖောက်အပေါက်ငယ်မှ တစ်နေ့လျှင် နှစ်ကြိမ်ချပေးသည်။

မြေအောက် အကျဉ်းခန်းထဲသို့ အစောင့်အကြပ်များပင် ဝင်ရောက်လာခြင်းမရှိပေ။ အပြင်ဘက်တွင်သာ စောင့်ကြပ်နေကြသည်။

'အဲဒီလူကိုတွေ့ချင်ကြောင်း၊ တစ်နည်းနည်းနှင့်ပဲ ပြောနိုင်ရင်ကော မဖြစ်ဘူးလား'

တခြားအကျဉ်းခန်းထဲရှိ ပလွေလုလင်ဝင်ထန်းက လှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်သိပ်နှယ်ထင်ပါတယ်၊ ဒါပေမယ့် ဒီမြေအောက် ခန်းထဲကို အစားအသောက်ပို့တဲ့လူတောင်ဝင်မလာ ဘဲ အခုကြာနေချိန်ပဲနေတော့ ဘယ်လိုလုပ်ရမှာလဲ'

အသံနက်မင်းကျူးကဝင်ပြောပြန်သည်။

'အခုစောင့်တစ်ယောက်ယောက် ဒီမြေအောက်ခန်းထဲ ဝင် လာခဲ့ရင်တော့ ကျွန်တော် ကြံဆောင်ပေးနိုင်ပါတယ်'

ပဒေသလှလင်ဝင်ထန်းကပြောသည်။

'ကဲ...ကြံစမ်းပါဦးရှင်'

လင်ယုယုက ပြောလိုက်သည်။

'ကဲ...ရောင်းရင်းတို့ အသံကုန်အော်ကြစမ်းပါ'

ပဒေသလှလင်ဝင်ထန်းက ပြောလိုက်သည်တွင် အမျိုးသား ဆယ့်နှစ်ဦးက အတွင်းအေးများစုစည်းကာ အသံကုန်အမျိုး မျိုး အော်ဟစ်လိုက်ကြသည်။

'ဟား...လာကြပါဦးကွ'

'ရေတော်တယ်'

'ဗိုက်ဆာနေပြီဟေ့'

ယခင်းအားသုံးကာ အော်လိုက်ကြသည်မို့ အသံများ က ကျယ်လောင်လှသည်။

မြေအောက်ခန်း အပြင်ဘက်တွင် စောင့်ကြပ်နေသော အစောင့်ဖြစ်သူမှာ ထိုအသံများကို ကြားနေရသည့်အတွက် အလွန်အံ့ဩသွားသည်။

ထိုနေ့အဖို့ အစောင့်တာဝန်ကျသူမှာ ရွှေဆံထိုးဆယ့်နှစ် ယောက်အနက်မှ ကွ°ဖေ ဖြစ်သည်။



ကွ°ဖေက မြေအောက်ခန်းတံခါးကို ဖွင့်ကာ မြေ အောက်ခန်းထဲသို့ဆင်းလာပြီး အခြေအနေကို စစ်ဆေးကြည့် ရှုသည်။

'ဟေ့...ဘယ်လိုဖြစ်ပြီး ဒီလောက်တောင် အော်ကြီးဟစ် ကျယ်လုပ်နေကြတာလဲ၊ သေချင်လို့လား'

ကွ°ဖေက ကြိမ်းမောင်းလိုက်သည်။

'ဒီအမျိုးသမီးက ရှပ်မလေးချောသလောက် ဘယ် အာ ကြမ်းပါလား'

ငွေကျားသစ်ခေါင်းချိမင်းက နပ်လှောင်လှောင်လှမ်းပြောသည်။

'တိတ်တိတ်နေလို့ပြောနေတာ မကြားဘူးလား၊ နောက် တစ်ခါ အသံထွက်လာရင် ရှင့်ခေါင်း ပြတ်ပြီသာ မှတ်ပေ တော့'

ကွ°ဖေက စားရှည်ကိုဆွဲထုတ်ကာ ကြိမ်းမောင်းလိုက် သည်။

'ဒီလောက် အာကြမ်းပြီး မိုက်ရိုင်းတဲ့မိန်းမ ဒီတစ်သက် လင်ရတော့မှာမဟုတ်ဘူး'

ငွေကျားသစ်က ထပ်၍နောက်ပြန်သည်။

'ဟား...ဟား...ဟား'

'ဟား...ဟား...ဟား'

တခြားလူများကလည်း ဝိုင်းဝန်းလှောင်ပြောင်ရယ်မော ကြသည်။

ကွ°ဖေ ဒေါသထွက်သွားပြီး ငွေကျားသစ်ကို စားရှည်ဖြင့် လှမ်းထိုးသည်။

www.burmeseclassic.com



ဤသို့ထိုင်လိမ့်မည်ဟု ကြံ၍ စောင့်တွက်သထားပြီးဖြစ်သည့် လူကျွန်းသစ်က နောက်သို့အလိုက်သင့်ရွှေ့ပေးလိုက်၏။ ချော်လဲသွားသည်။

'ဟား...ဟား...ဟား'

'ဟား...ဟား...ဟား'

တခြားလူများ ဝိုင်းဟားနေကြစဉ် လင်ယုယုက ကွံပေ့တို လှမ်းခေါ်လိုက်သည်။

'ဒီမယ်...ဒီမယ်...ခဏလာပါဦး'

'ဘာလုပ်မလို့လဲ'

ကွံပေ့က လင်ယုယုတို့၏အကျဉ်းခန်းရှေ့တွင် လာရပ်ပြီး လေသံမာမာနှင့် မေးသည်။

'ငမန်းနက်လေးရီလျူကျွင့်ကို သတင်းတစ်ခု ပါးလိုက်ပါရစေ၊ တကယ်လို့ သူဟာ ဆောင်မင်လယ် ငမန်းဖြူကြီးရီတာဟိုင်ရဲ့ သားအစစ်ဖြစ်တယ်ဆိုရင် သူ့ကို လျှို့ဝှက်တဲ့ကိစ္စတစ်ခု ပြောစရာရှိတယ်လို့ပြောပေးစမ်းပါ'

'ဘာလျှို့ဝှက်ချက်လဲ'

'ဝမ်းနည်းပါတယ်၊ ဒီလျှို့ဝှက်ချက်ကို ထောင်ပစ်လယ် ငမန်းဖြူကြီးရဲ့သားအစစ်ဖြစ်တဲ့လူကိုမှ ပြောပြနိုင်ပါမယ်'

ဂိုဏ်းချုပ်ကြီးရဲ့ ခွင့်ပြုချက်မရဘဲ ရီလျူကျွင့် ဒီနေရာကို အရောက်မလာနိုင်ပါဘူး၊ ဟိုလူတွေလဲ ခနောက်ထပ်ဆူဆူပူပူ လုပ်မနေနဲ့၊ ဒီတစ်ခါဆိုရင် ထမင်းသုံးရက်မပေးဘဲထားလိုက်မယ်'



ကွံပေ့က လင်ယုယုကိုပြောနေရာမှ ကျန်လူများကိုလှည့်ကာ ကြိမ်းမောင်းပြီး မြေအောက်ခန်းမှ ပြန်တက်သွား၏။

'ဘယ်လိုလဲ လင်ယုယု၊ သိပ်မဟန်ဘူးမဟုတ်လား၊ ဟို... ကောင်လေးရီလျူကျွင့် ဒီကိုလာနိုင်မယ်မထင်ပါဘူး'

ငွေကျားသစ်က လင်ယုယုကိုလှမ်းပြောသည်။

'ရီလျူကျွင့် လာကိုလာပါလိမ့်မယ်၊ မစောင့်သာကြည့်နေပါ'

လင်ယုယုက ပိုင်နိုင်သောအသံဖြင့် ပြောလိုက်သည်။

လင်ယုယု၏မှန်းဆချက် မှန်သည်ဟုဆိုရမည်။

အချိန်အတော်ကြာသောအခါ တံခါးပွင့်သွားပြီး မြေအောက်ခန်းထဲသို့ ငမန်းနက်လေးရီလျူကျွင့် ဝင်ရောက်လာသည်။

'ခင်ဗျားအေ ကျွန်တော့်ကို ဘာကြောင့်တွေ့ချင်ရတာလဲ'

ရီလျူကျွင့်က လင်ယုယုရှိနေသည့် အကျဉ်းခန်း ရှေ့တွင် ရပ်ပြီး မေးခွန်းထုတ်လိုက်သည်။

'ရှင်ဟာ ငမန်းဖြူကြီးရီဘာဟိုင်ရဲ့သားအစစ် ဟုတ်မဟုတ် အရင်ပြောပါဦး'

'ကျွန်တော်ဟာ ငမန်းဖြူကြီးရီတာဟိုင်ရဲ့ သားအစစ်ပါ၊ ကျွန်တော့်အနေနဲ့ လူတစ်ယောက်ကို အဖေအတုအဖြစ်ပြော နေရာလိုမယ်မထင်ပါဘူး'

'ဟုတ်ပါပြီ၊ ရှင်ဟာ ရီတာဟိုင်ရဲ့သား ဖြစ်တယ်ဆိုတော့ လိုက်ပါ၊ စိမ်းကိုးတို့ဆယ့်လေးယောက်ဟာ ရှင့်အဖေကိုသတ်ခဲ့ကြတဲ့လူတွေဖြစ်လျက်သားနဲ့ ဘာကြောင့် သူတို့နဲ့ပေါင်း

www.burmeseclassic.com



ရှာသလဲ၊ ပြီးတော့ စင်ရော်ဂိုဏ်းကိုလဲ ဘာကြောင့် ဝင်ခဲ့ရတာလဲ'

'ဒီအကြောင်းတွေကို မသိချင်ပါနဲ့လေ၊ ဒီလိုဖြစ်ရတာဟာ ဆွေ့သာတဲ့အကြောင်းတွေကြောင့်လို့ပဲ ဆိုပါရစေတော့'

'ရှင်က ဒီကိစ္စတွေအတွက် ပြေလည်အောင် ရှင်းမပေးနိုင်ဘူးဆိုရင် ရှင့်ကို ရီတာဟိုင်ရဲ့သားလို့ ကျွန်မက ဘယ်လိုယုံကြည်နိုင်မှာလဲ'

'မယုံချင်တော့လဲ ကျွန်တော် ဘာမှမတတ်နိုင်တော့ဘူး'

ရီလျှံကျင့်က ဤသို့ပြောပြီးနောက် ထွက်သွားရန်ပြင်၏။ လင်ယုယုက လှမ်း၍ဟန့်တားလိုက်ရသည်။

'ခဏနေပါဦးလေ၊ ရှင့်ကို ပြောစရာလေးတွေရှိတယ်'

'ပြောလေ...ဘာပြောမှာလဲ'

'ရှင့်အဖေ သေသွားတယ်ဆိုတာ ရှင်ကိုယ်တိုင်က သူ့ရဲ့အလောင်းကိုမြင်ရလို့ပြောနိုင်တာလား'

'ဖေဖေ့ရဲ့အလောင်းကိုတော့ သေသေချာချာ မမြင်ခဲ့ရပါဘူး၊ ဖေဖေဟာ စိမ်းကိုးရဲ့ဓားချက်ထိပြီး ပင်လယ်ထဲကျသေသွားတယ်လို့ပြောသံကြားရတာပါပဲ'

'စိမ်းကိုးတို့လူစုက ရှင့်အဖေကို လုပ်ကြံသတ်ဖြတ်ကြတာဟာ ရှင့်အဖေရဲ့ရတနာသိုက်ကို အပိုင်စီးချင်ကြလို့ မဟုတ်သလား'

'ဟုတ်ပါတယ်'

'သူတို့ထဲတွေ အဲဒီ ရတနာသိုက်ကို ရှာတွေ့ကြပြီလား'

'မတွေ့ကြသေးပါဘူး'



'ရတနာသိုက် ဘယ်နေရာမှာ ရှိတယ်ဆိုတာကိုကော ရှင်သိသလား'

'မသိဘူး'

'အဲဒီ ရတနာသိုက် ဘယ်နေရာမှာ ရှိတယ်ဆိုတာ ကျွန်မသိထားတယ်ရှင့်'

'ဟုတ်ရဲ့လားဗျာ'

ရီလျှံကျင့်က မယုံနိုင်သောလေသံဖြင့် ပြောသည်။

'ရတနာသိုက် ရှိတဲ့နေရာကိုသာမကဘူး၊ ရှင့်အဖေ မသေသေးဘဲ အသက်ရှင်နေသေးတယ်ဆိုတာရယ်၊ ရှင့်အဖေ ဘယ်နေရာမှာရှိနေတယ်ဆိုတာရယ်ကိုပါ ကျွန်မက သိထားတယ်'

'ဟာ...ခင်ဗျား မဟုတ်တာတွေလာပြောမနေပါနဲ့'

'ရှင့်အဖေဟာ ညာမျက်ခုံးအောက်မှာ မှဲ့နက်တစ်ခုရှိနေတယ်၊ ပြီးတော့ ညာဘက်ရင်ဘတ်နဲ့ ဘယ်လက်မောင်းမှာ ဓားဒဏ်ရာအမာရွတ်ရှိတယ်၊ ဟုတ်တယ်နော်'

လင်ယုယုပြောပြနေသည်မှာ မိမိဖခင်၏ ကိုယ်ပေါ်တွင်ရှိသော ထင်ရှားသည့် အမှတ်အသားများဖြစ်နေသောကြောင့် ရီလျှံကျင့်မှာ လင်ယုယု၏ စကားများကို ယုံကြည်သွား၏။ လက်ခံသွား၏။

'ဖေဖေ့ကိုဘယ်မှာတွေ့ခဲ့တာလဲ'

'ပင်လယ်ထဲက ကျွန်းဆေးတစ်ကျွန်းမှာပါ'

'အဲဒီကျွန်းက ဘယ်နေရာမှာလဲ'

'အဲဒါတော့ အခုအချိန်မှာပြောမပြနိုင်သေးဘူး၊ ဘယ်လိုမှ မတောက်မေ့ပါနဲ့'

www.burmeseclassic.com

‘ကျွန်တော့်အဖေ ပင်လယ်ထဲက ကျွန်းလေးတစ်ကျွန်းမှာ ရှိနေတယ်ဆိုတာ ခင်ဗျားဘယ်လိုလုပ်သိတာလဲ’

‘ကျွန်မနဲ့ ကိန်လေ့ သစ်ဖောင်မှာကြိုးနဲ့ချည်ပြီး ပင်လယ်ထဲ အမျောခံရတဲ့အကြောင်းကိုတော့ ရှင်သိပြီး ဖြစ်ပါလိမ့်မယ်’

‘ဟုတ်ကဲ့၊ အဲဒီအကြောင်းကို သိပြီးပါပြီ’

‘အဲဒီလိုမျောပါသွားရင်း ကျွန်းတစ်ကျွန်းကိုရောက်သွားတယ်၊ အဲဒီကျွန်းပေါ်မှာ ရှင့်အဖေရီတာ့ဟိုင်နဲ့တွေ့ခဲ့တာပဲ၊ ပထမတော့ သူက သူ့နာမည်ကိုမပြောဘူး၊ လျှို့ဝှက်ထားတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာတော့ ကျွန်မတို့ဟာ သူ တိတ်တိတ်လေး ဆောက်နေတဲ့ ပင်လယ်ကူးလှေကြီးနဲ့ လျှို့ဝှက် ရတနာသိုက်ကို ရှာတွေ့တော့မှ သူ့ကိုယ်သူ မင်းဖြူကြီး ရီတာ့ဟိုင်ဖြစ်ကြောင်း ဝန်ခံတယ်’

‘ဖေဖေက ဘာကြောင့် အဲဒီ ကျွန်းပေါ်မှာပဲ နေနေရတာလဲ’

‘သူက ကျွန်းကနေထွက်သွားနိုင်ဖို့ လှေကြီးတစ်စင်းကို တိတ်တိတ်လေးဆောက်နေတာရှင့်၊ ပြီးတော့ ကျွန်မတို့ကိုလဲ တိတ်တဆိတ်လုပ်ကြံဖို့ ကြံသေးတယ်....

‘ဒါပေမယ့် ကျွန်မတို့ကလက်ဦးသွားပြီး သူ့ကိုအကြွေး ပိတ်လိုက်နိုင်တယ်၊ သူဆောက်ပြီးသွားတဲ့လှေကြီးကို ယူစီးပြီး အဲဒီကျွန်းက ထွက်လာခဲ့တာပဲ၊ သူတော့ ကျွန်းပေါ်မှာကျန်နေခဲ့တယ်၊ အခုလောက်ဆိုရင် နောက်ထပ်လှေကြီးတစ်စင်း ထပ်ဆောက်ချင်ဆောက်နေဦးမလား မပြောတတ်ဘူး’



‘ရတနာတွေကရော’

‘ကျွန်မတို့က ရတနာတွေကို တစ်ပြားတစ်ချပ်မှ မယူခဲ့ပါဘူး၊ လျှို့ဝှက်လိုဏ်ဂူထဲမှာ ဒီအတိုင်းထားခဲ့ပါတယ်’

‘အဲဒီကျွန်း ဘယ်မှာရှိတယ်ဆိုတာကို ခင်ဗျားက ပြောမပြနိုင်ဘူးလား’

‘ကျွန်မတို့နှစ်ဆယ့်လေးယောက် ဟောဒီမှာ အကျဉ်းခံနေရပြီး အန္တရာယ်ရှိနေသမျှ ကာလပတ်လုံး အဲဒီကျွန်း ဘယ်မှာရှိတယ်ဆိုတာ ထုတ်မပြောနိုင်ဘူး၊ ကျွန်မတို့ လွတ်မြောက်နိုင်မယ့်လမ်းစ ပေါ်လာမယ်ဆိုရင်တော့ ပြောပြနိုင်မယ်’

‘ကျွန်တော့်မှာ ခင်ဗျားတို့ကို ကယ်တင်ပေးနိုင်တဲ့ စွမ်းအားနဲ့ အခြေအနေမရှိပါဘူးဗျာ၊ ကျွန်တော်ကိုယ်တိုင်တောင်မှ ဂိုဏ်းချုပ်ကြီးရဲ့ညွှန်ကြားတာကို မပယ်ရှားနိုင်တဲ့ သူခိုင်းရာကို လိုက်လုပ်ပေးနေရတာပါ’

‘ဒါကို ကျွန်မလဲ ရိပ်မိပါတယ်၊ အခုဟာက ရှင့်အဖေ မသေသေးဘူးဆိုတာ ရှင့်ကိုပြောပြချင်လို့ပါ’

‘ရတနာတွေရှိနေတဲ့ ကျွန်းကို ပြောမပြတာ ခပ်ကောင်းကောင်းပါပဲလေ၊ တကယ်လို့ အဲဒီနေရာကို ကျွန်တော် သိထားရင် ဂိုဏ်းချုပ်ကြီးက ကျွန်တော့်ဆီက မရမကစစ်မေးမှာပဲ၊ ထုတ်ပြောမိပြီးရင်တော့ ကျွန်တော့်ရဲ့ အသက်နဲ့ ခန္ဓာကိုယ် မခြားတော့ပါဘူး’

ရီလျှံကျင်က ဤသို့ပြောကာ မြေအောက်ခန်းထဲမှ ပြန်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘတို့နှစ်ထယ့်လေးဦး၏လွတ်မြောက်ရေးအတွက် ပမန်းနက်သေးရီလျှံကျင့်အားနဖြင့် မည်သို့မျှကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိမည်မဟုတ်ကြောင်းကို လင်ယုယုက ကြိုတင်တွက်ထားပြီးဖြစ်သည်။

ယခု ရီလျှံကျင့်ကို ပြောလိုက်သည်မှာလည်း ဤသတင်းစကားများ စင်ရော်ဂိုဏ်းချုပ်၏နားသို့ ပေါက်ကြားစေရန်သာ ရည်ရွယ်ချင်းရှိသည်။

ဤသတင်းစကားများကို စင်ရော်ဂိုဏ်းချုပ် သိရှိသွားလျှင် မိမိတို့ကို ဟန်ဘာလှည့်ဖြင့် လွှတ်ပေးလိမ့်မည်။ ထို့ပြင် မိမိတို့သွားရာနောက်သို့ စင်ရော်ဂိုဏ်းချုပ်နှင့် လက်ရွေးစင်သိုင်းသမားများက နောက်ယောင်ခံလိုက်လာကြမည်ကိုလည်း လင်ယုယု ကြိုတင်တွက်ဆထားပြီးဖြစ်သည်။

နောက်ယောင်ခံလိုက်လာမည့် စင်ရော်ဂိုဏ်းချုပ်တို့ လူစုကို လှည့်စားနိုင်မည့် ပရိယာယ် ကွက်ကွက်များကိုလည်း ကြိုတင် ကြံစည်ထားပြီးဖြစ်သည်။

× × ×

ရီလျှံကျင့်ထံမှ ထွက်လာ၍ ဂိုဏ်းချုပ်မိန်းမပျို၏ ရှေ့မှောက်သို့ ရောက်နေသည်။

နေရာမှာ အခန်းကျဉ်းလေးတစ်ခန်းဖြစ်သည်။ ထိုအခန်းထဲဝယ် ဂိုဏ်းချုပ်မိန်းမပျိုနှင့် ရီလျှံကျင့်တို့နှစ်ယောက်သာ ရှိသည်။



ဂိုဏ်းချုပ်မိန်းမပျိုသည် မျက်နှာကွင် ပဝါအနက် ဖုံးထားပြီး ပါးလွှာပျော့ပျောင်းသောဝိုးသားဝတ်ရုံကိုတစ်ထပ်တည်း ဝတ်ထားသည်။

မျက်နှာဖုံးပဝါအနက်က ဂိုဏ်းချုပ်မိန်းမပျို၏မျက်နှာကို လုံခြုံစွာဖုံးအုပ်ထားနိုင်သော်လည်း ဝတ်ထားသည့် ဝတ်ရုံကမူ သူမ၏ ရိုက်ဖိုကြီးပေါ်အသွယ်သွယ်ကို လုံအောင် မဖုံးနိုင်ချေ။

ဝါဝင်းအိသွားသော အသားဆိုင်ကြီးများက အထင်းသားဖြစ်နေသည်။

သို့သော် ရီလျှံကျင့်မှာ ဂိုဏ်းချုပ်မိန်းမပျို၏ မျက်မှောက်အတိဖြစ်နေသော ခန္ဓာကိုယ်ကို မကြည့်နိုင်၊ မကြည့်ဝံ့၊ ခေါင်းကိုငုံ့ကာ ကြောက်လန့်တုပ်လုပ်စွာရှိနေသည်။

'ကိုင်း...လင်ယုယု ရှင့်ကိုပြောခဲ့တာတွေကို ပြန်ပြောပြစမ်းပါ'

ဂိုဏ်းချုပ်မိန်းမပျိုက ရီလျှံကျင့်ကို စူးစိုက်ကြည့်ပြီးမေးသည်။

'ကျွန်တော့် အဖေ ပင်လယ်ပြင်က ကျွန်းတစ်ကျွန်းပေါ်မှာ အသက်ရှင်လျက်ရှိနေသေးတယ်လို့ ပြောပါတယ်၊ သူတို့အဖေတွေကို လွတ်မြောက်အောင် ကူညီပေးရင် ဖေဖေရှိတဲ့နေရာ ကျွန်းရဲ့တည်နေရာကိုပြောပြမယ်တဲ့'

ရီလျှံကျင့်က ခေါင်းငုံ့နေရာက မော်မကြည့်ဘဲလျက် ကြောက်ဟန်တုန်လှုပ်စွာပြန်လည်ဖြေပေးသည်။

www.burmeseclassic.com



'ရှင့်အဖေရဲ့ ရတနာတွေဝှက်ထားတဲ့ နေရာအကြောင်းကို တော့ မပြောပြဘူးလား'

'ဖေဖေရဲ့ ရတနာသိုက်ရှိတဲ့နေရာကို သူသိထားတယ်လို့ ပြောပါသေးတယ်၊ ဒါပေမယ့် သူပြောတဲ့စကားတွေကို ကျွန် တော်က သိပ်အယုံအကြည် မရှိပါဘူး၊ သူတို့ လွတ်မြောက် အောင် ကူညီပေးစေချင်လို့ တမင်သက်သက်လုပ်ကြံပြီးပြော တာဖြစ်မှာပါ'

'လင်ယုယု လုပ်ကြံပြောတယ်လို့ ရှင်က ဘာကြောင့်ထင်နိုင် တာလဲ'

'ဖေဖေဟာ စိမ်းကုံးရဲ့ ဓားချက်ထိပြီး ပင်လယ်ထဲကျ သွားခဲ့တာပါ၊ ဓားချက်ကြောင့် မသေတောင် ရေနစ်ပြီး သေမှာအမှန်ပဲ၊ ဓားဒဏ်ရာကြီးရထားတဲ့လူတစ်ယောက်ဟာ ပင်လယ်ပြင်မှာ ဘယ်လိုလုပ်ပြီး ကူးခတ်နိုင်မှာလဲ'

'ရှင့်အဖေက ပင်လယ်မှာ ကျွမ်းကျင်လွန်းလို့ ငမန်းဖြူ တောင် အခေါ်ခံရတဲ့လူပဲ'

'ဖေဖေ အသက်ရှင်နေတယ်ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ပါဘူး'

'ကိန်လွေ့နဲ့ လင်ယုယုတို့ကို သစ်ဖောင်မှာကြိုးနဲ့တုပ်ပြီး ပင်လယ်ထဲ မျှောလိုက်တုန်းကလဲ သူတို့ကို အသက်ရှင်စရာ အကြောင်းမရှိတော့ဘူးလို့ ထင်ခဲ့ကြတာပဲ၊ ဒါပေမယ့် သူတို့ နှစ်ယောက် အသက်ရှင်နေသေးတာ ရှင်အမြင်ပဲမဟုတ်လား'

'ဒါကတော့ ဖြစ်တောင့်ဖြစ်ခဲကိစ္စပါ'

'ဒီမယ် ရိုလျှံကျင့်၊ ရှင် တစ်ခုမေ့နေသေးတယ်ထင်တယ် ကိန်လွေ့နဲ့ လင်ယုယုတို့ကို သစ်ဖောင်မှာ ကြိုးနဲ့အသေအချာ



ချည်ထားတာရှင့်၊ သူတို့ဘာသာဆိုရင် အဲဒီ တုပ်နှောင်ထား တဲ့ကြိုးတွေကို ဖြေကိုမဖြေနိုင်ဘူး၊ သူတို့ကို ကြိုးဖြေပေးပြီး ကယ်တင်ပေးတဲ့လူတစ်ယောက် ရှိကိုရှိရမယ်'

'ပင်လယ်ထဲမှာ ငါးဖမ်းလှေဖြစ်ဖြစ်၊ ကုန်တင်သင်္ဘော တစ်စီးစီးကဖြစ်ဖြစ်တွေ့သွားပြီး ကယ်ဆင်ခဲ့တာဖြစ်မှာပေါ့'

'ကျွန်မကတော့ ဒီလိုမထင်ဘူး၊ သူတို့ဟာ ပင်လယ်ထဲက ကျွန်းတစ်ကျွန်းဆီကို မျောပါသွားလိမ့်မယ်၊ အဲဒီကျွန်းပေါ် မှာ အရင်ရောက်နေတဲ့ လူတစ်ယောက်ယောက်ရှိနေပြီး အဲဒီ လူက ကိန်လွေ့ကိုကယ်တင်လိုက်တာဖြစ်ရမယ်၊ ကိန်လွေ့တို့ ကို ကယ်တင်လိုက်တဲ့လူဟာ ရှင့်အဖေဖြစ်ဖို့များတယ်'

'ကိန်လွေ့နဲ့ လင်ယုယုတို့ကို တစ်နေရာစီမှာ အချိန်တစ်ချိန် စီခွဲပြီး ပင်လယ်ထဲ မျှောလိုက်တာပါ၊ သူတို့နှစ်ယောက်ဟာ ကျွန်းတစ်ကျွန်းတည်းကို သွားမတင်နိုင်ပါဘူး၊ ဒီကိစ္စဟာ လင်ယုယုက လွတ်လမ်းတွင်ချင်လို့ တမင်သက်သက် လုပ်ကြံ ပြောတာဖြစ်ရမယ်လို့ ကျွန်တော် ထင်တာပဲ'

'ဘယ်လိုပဲဖြစ်ဖြစ်လေ၊ သူပြောတာတွေဟာ လိမ်တာမဲ့ ဖြစ်ဦးတော့ ကျွန်မကတော့ ယုံကြည်လိုက်ချင်တယ်၊ ဒီတော့ အပိုတွေ ဘာမှဆက်ပြောမနေနဲ့တော့ လင်ယုယုတို့တတွေကို မန်းကျွန်းက ထွက်ပြေးနိုင်အောင် ရှင်က ကူညီပေးလိုက်မေ တော့၊ ဒါဟာ ကျွန်မရဲ့အမိန့်ပဲ'

'ဟုတ်...ဟုတ်ကဲ့'

ဝိုက်ချုပ်မိန်းမပျိုက ပြတ်သားစွာအမိန့်ပေးလာသည်မို့ ရိုလျှံကျင့်မှာ မငြင်းဆန်ဝံ့တဲ့ နာခံလိုက်ရအညဉ်း

www.burmeseclassic.com

www.burmeseclassic.com



'လာ—ဝီနေးတိုးမေ်း၊ သူတို့ကို ဘယ်လို လွတ်မြောက်အောင်လုပ်ပေးရမလဲဆိုတာကို ပြောပြမယ်၊ ပီပီရိရိရှိပါစေနော်'

ဂိုဏ်းချုပ် မိန်းမပျိုက ရီလျှံကျင့်ကို အနီးသို့ ခေါ်ပြီး လုပ်ဆောင်ရမည့်အစီအစဉ်များကို တီးတိုးပြောပြသည်။

× × ×

မြေအောက်အကျဉ်းခန်းထဲသို့ ရီလျှံကျင့် ဝင်ရောက်လာခဲ့သည်။

အကျဉ်းခံနေရသော လူငယ် သိုင်းသမားများမှာ အိပ်မောကျနေကြသည်ကို တွေ့ရသည်။

'ရှူး…လင်ယုယု… လင်ယုယု'

ရီလျှံကျင့်က လင်ယုယု ရှိနေသော အကျဉ်းခန်းရှေ့သို့ သွားကာ အသံပြုလိုက်သည်။

အအိပ်ဆတ်ပြီး နားပါးသည့် သိုင်းသမားများဖြစ်သောကြောင့် လင်ယုယုသာမက ကျန်လူငယ်သိုင်းသမားများလည်း အိပ်ရာမှနိုးလာကြသည်။

'ဘာအကြောင်းထူးလို့လဲ ရီလျှံကျင့်'

'ကျွန်တော်သေသေချာချာစဉ်းစားပြီးပါပြီ၊ ခင်ဗျားတို့ ဒီနေရာက လွတ်မြောက်အောင် ကျွန်တော် ကူညီပေးတော့မယ်၊ ဒါပေမယ့် အချက်သုံးချက်ကိုတော့ တောင်းဆိုချင်တယ်'

'ပြောလေ'



'ပထမ အချက်က ကျွန်တော်လဲ ဒီမှာ ချန်ခံနေဝံ့ဘူး၊ ခင်ဗျားတို့နဲ့အတူတူလိုက်လာခဲ့မယ်၊ ကျွန်တော့်ကိုအန္တရာယ်မတွေ့ရအောင် ခင်ဗျားတို့က အကာအကွယ်ပေးရမယ်'

'ဖြစ်ပါတယ်၊ နောက်တစ်ချက်ပြော'

'ဒုတိယ အချက်က ကျွန်တော့်ဖေဖေ ရှိနေတဲ့ကျွန်းကို အရောက်ပို့ပေးရမယ်၊ ပြီးတော့ ကျွန်တော့်အဖေရဲ့ ရွာမှာ သိုက်ထဲက ပစ္စည်းတွေကို လက်ဖျားနဲ့တောင်မထိကြရဘူး'

'သဘောတူတယ်'

'ဒါဆိုရင် အခုစောင့်တာဝန်ကျနေတဲ့ ဝင့်ကျွမ်းကို အမှန်ဖမ်းချုပ်လိုက်မယ်'

ရီလျှံကျင့်က ဤသို့ပြောပြီး အသံမြှင့်ကာ ခပ်ကျယ်ကျယ်အော်ပြောလိုက်သည်။

'ဝင့်ကျွမ်း…ဝင့်ကျွမ်း၊ မြန်မြန်လာစမ်းပါ၊ ဒီမှာလာကြည့်စမ်း'

အော်သံဆုံးသည်နှင့် ဝင့်ကျွမ်း ဓားဆွဲကာ မြေအောက်ခန်းထဲရောက်လာသည်။

'ဘာလဲ…ဘာလဲ…ဘာဖြစ်တာလဲ'

ဝင့်ကျွမ်းက မေးသည်။

'ဟောဟိုမှာကြည့်စမ်း'

ရီလျှံကျင့်က အကျဉ်းခန်းတစ်ခု၏ ထောင့်နားကို လက်ညှိုးထိုးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ ဝင့်ကျွမ်း လှမ်းအကြည့်တွင် ရိုလျှံကျွင့်က ဝင့်ကျွမ်း၏ လည်ကုတ်ကို လက်ဝါးစောင်းဖြင့် ဆတ်ကနဲ ခုတ်ချလိုက်သည်။

ဝင့်ကျွမ်း သတိလစ်ကာ 'ဘိုင်း'ခနဲ လဲကျသွားသည်။

'သူ့ကိုအပြတ်ရှင်းထားခဲ့ပါ'

လင်ယုယုက ပြောလိုက်သည်။

ရိုလျှံကျွင့် အတော်အကျပ်တွေ့သွားသည်။

တကယ်တော့ ခုလို ဝင့်ကျွမ်းကိုတိုက်ခိုက်သည်မှာ ဂိုဏ်းချုပ်၏ ညွှန်ကြားလိုက်သောအစီအစဉ်အတိုင်း လုပ်ခြင်းသာ ဖြစ်သည်။

ဂိုဏ်းချုပ်က ဝင့်ကျွမ်းကို အဆုံးသတ်ရန် မပြောလိုက်ပေ၊ သတိလစ်အောင် တိုက်ခိုက်ရန်သာခွင့်ပြုလိုက်သည်။

'ဟာ....သူသတိလစ်နေပြီပဲ အပြတ်ရှင်းစရာ မလိုဘူးထင်တယ်'

ရိုလျှံကျွင့်က ဆင်ခြေပေးလိုက်သည်။

'ရန်စူးရန်ညှော်ဆိုတာ အကုန်ရှင်းတာ ကောင်းတယ်၊ ကဲ....ကျွန်မပြောတဲ့အတိုင်းသာလုပ်စမ်းပါ'

ရိုလျှံကျွင့် တွေဝေကာ စဉ်းစားနေသည်။

အကယ်၍ ဝင့်ကျွမ်းကို အပြတ်မရှင်းလျှင် လင်ယုယုတို့က မိမိကို အယုံအကြည်ရှိမည်မဟုတ်ဟုလည်း တွေးမိသည်။ အခုလောလောဆယ်တွင် လင်ယုယု၏ယုံကြည်မှုရရှိရန်မှာ အရေးကြီးသည်။



ရိုလျှံကျွင့်က ယတိပြတ်ဆုံးဖြတ်ကာ ဝင့်ကျွမ်း၏လက်မှ လွှတ်ကျနေသောဓားရှည်ကို ကောက်ကိုင်လိုက်သည်။

ဝင့်ကျွမ်းကိုအပြတ်ရှင်းပြီးနောက် သူမ၏အင်္ကျီအိတ်ထဲမှ အကျဉ်းခန်းသော့လေးချောင်းကို ထုတ်ယူသည်၊ အကျဉ်းခန်း၏ တံခါးများကို လိုက်ဖွင့်ပေးသည်။

အကျဉ်းခန်းလေးခန်းစလုံး ပွင့်သွားသည်၊ လူဝယ်သိုင်း၊ ထမာ၊ နှစ်ဆယ့်လေးဦးတို့ အကျဉ်းခန်းထဲမှ ထွက်လာနိုင်ခဲ့ကြပေပြီ။

'အပြင်က အခြေအနေတယ်လိုရှိသလဲ၊ အစောင့်တွေကျန်နေသေးလား'

ကျားဖြူရှုန်အိုင်ကမေးသည်။

'ဘာမှမေးမနေနဲ့၊ ကျွန်တော့်နောက်သာလိုက်လာခဲ့ကြ'

ရိုလျှံကျွင့်က ဤသို့ပြောပြီးနောက် စင်္ကြံလမ်းအတိုင်း ဦးဆောင်ကာ ခေါ်လာခဲ့သည်။

ခဏအကြာတွင် စင်္ကြံလမ်းအဆုံးသို့ ရောက်လာကြသည်။ စင်္ကြံလမ်းအဆုံးဝယ် တံခါးနှစ်ပေါက်ရှိနေသည်။ ညာဘက်တံခါးမှာ ပွင့်နေပြီး၊ ဘယ်ဘက်ရှိတံခါးကိုမူ မင်းတုပ်ချကာ သေသေချာချာပိတ်ထားသည်။

'ဟောဒီတံခါးက ဂိုဏ်းချုပ်ကြီးရဲ့ သီးသန့်အပျိုဆောင်ကို သွားတဲ့လမ်းပေါက်ပဲ၊ ဒီလမ်းအတိုင်းလိုက်သွားရင် ဂိုဏ်းချုပ်ကြီးနဲ့ ရင်ဆိုင်တိုးမိမှာအမှန်ပဲ'

ရိုလျှံကျွင့်က ပွင့်နေသောညာဘက်တံခါးကို ညွှန်ပြရင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်စင်းသားတာကကော ဘယ်တံခါးကလဲ'

'အောင်းပါးကာ ညာဏ်ကောင်းသလောက် စွေစပ်သေချာ ထွား လင်ယုယုက မေးလိုက်သည်။

'အဲဒီညာဘက်တံခါးကပဲ ဝင်လာခဲ့တာပါ'

'ဒါဆို ရှင် သည်အထဲ ဝင်လာတာကို ကိုက်းချုပ် သိတယ် ပေါ့'

'ဟုတ်ကဲ့-သိပါတယ်၊ ကျွန်တော်က လင်ယုယုနဲ့ စကား ပြောချင်ပါတယ်လို့ ခွင့်တောင်းပြီး ဝင်လာခဲ့တာပါပဲ'

'ဟောဒီတံခါးကသွားရင်ကော ဘယ်ကိုရောက်မလဲ'

လင်ယုယုက ပိတ်နေသောတံခါးကိုညွှန်ပြပြီး မေးပြန်၏။

'မြန်းကျွန်းရဲ့ မြောက်ဘက်ကမ်းခြေကို ရောက်အောင် သွားနိုင်တဲ့ လျှို့ဝှက်မြေအောက်လမ်းကိုရောက်ပါတယ်'

'ဪ…ကျွန်မတို့က မြေအောက်လမ်းကနေ ထွက်သွား ရမှာပေါ့'

'ဟုတ်ပါတယ်'

'အဲဒီ မြေအောက် လျှို့ဝှက်လမ်းထဲမှာ အစောင့်တွေတာ တွေကောမရှိဘူးလား'

'မရှိပါဘူး'

'ဟုတ်ရဲ့လား၊ ရှင် ဒီလောက် လွယ်လွယ်ကူကူနဲ့ ထွက်ပြေး နိုင်ပါ့မလား'

လင်ယုယုက မသက်မသာလိုမေးသည်။

'အဲဒီမြေအောက်လမ်းမှာ အစောင့်မရှိပေမယ့် အစောင့် ထက်ကြောက်ရကောင်းတဲ့ လျှို့ဝှက် ထောင်ချောက်တွေ၊



လျှို့ဝှက်ခလုတ်တွေရှိတယ်၊ အဲဒီလို ကျွန်တော်ကသာ လမ်း မပြပေးဘူးဆိုရင် ဒီမြေအောက်လမ်းကနေ ခင်ဗျားတို့ ဘေး ကင်း ရန်ကင်း သွားနိုင်မှာမဟုတ်ဘူး၊ ဟောဒီ မြေအောက် လမ်းဟာ ကျွန်တော့် အဖေသက်ထက်က ဖောက်ထားတာ ဆိုတော့ လျှို့ဝှက်ထောင်ချောက်တွေကိုရော၊ လျှို့ဝှက်ခလုတ် တွေရဲ့ အနေအထားကိုပါ ကျွန်တော်က ကောင်းကောင်းသိ ထားတယ်'

ရီလျှံကျင့်က ဤသို့ပြောဆိုလိုက်သည်တွင် လင်ယုယုက လည်း ဆက်၍မေးခွန်းမထုတ်တော့ပေ၊ ရီလျှံကျင့်က ဘယ် ဘက်တံခါးကို ဖွင့်လိုက်သည်။

ထို့နောက် မီးရှူးတစ်ခုကိုကိုင်ဆောင်ကာ ရှေ့မှဦးဆောင် ကာ ဝင်သွားသည်။

လူငယ်သိုင်းသမားနှစ်ယောက်တို့လည်း ရီလျှံ ကျင့်နောက်မှ လိုက်လာကြသည်။

မြေအောက်ဥမင်လမ်းမှာ အတော်ကျယ်ဝန်းသည်။ လူတစ် ယောက် ကောင်းစွာမတ်တတ်ရပ်၍သွားနိုင်သည်။

ကြမ်းပြင်မှာ ကျောက်ပြားကြီးများကို တစ်ချပ်စီ စီစီရီရီ ခင်းထားသည်။ ဤသို့ခင်းထားပုံမျိုးမှာ လျှို့ဝှက် ထောင် ချောက်များ တပ်ဆင်ထားကြောင်း၊ ထင်ရှားသည့် အခင်း အကျင်းမျိုးဖြစ်ကြောင်း ဆက်ခတ်မိသည့်အတွက် လူငယ် သိုင်းသမားများမှာ ရှေ့လူခြေလှမ်းကိုကြည့်ကာ လိုက်နင်း နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် မြေအောက်ဥမင်ထဲမှ ဘေးမသီ ရန်မခ ချောချောမောမောပင် ထွက်လာနိုင်ခဲ့ကြသည်။

အပြင်ဘက်သို့ရောက်သောအခါ လသာနေသည်ကိုတွေ့ရသည်။ ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်နေပြီမို့ ညသန်းခေါင်ယံအချိန်ဖြစ်ကြောင်းလည်း သိကြရသည်။

'ဟိုချောင်းကိုဖြတ်ပြီး နည်းနည်းထောက်ဆက်လျှောက်သွားရင် မြန်ကျွန်းရဲ့ မြောက်ဘက်ကမ်းခြေကိုရောက်မယ်၊ ညနေက အဲဒီကမ်းခြေဘက်ကို ကျွန်တော် လျှောက်ကြည့်ထားပြီးပြီ၊ သင်္ဘောပေါ်မှာတော့ အစောင့်တွေရှိတယ်။ ဒါပေမဲ့ ခင်ဗျားတို့ လူသုံးယောက်လောက်လွတ်ပြီး သင်္ဘောကို အပိုင်စီးလိုက်ရင် ကောင်းမယ်'

ရီလျှံကျင့်က ပြောသည်။

ဤတွင် ရှေ့ဆုံးသို့ရောက်နေသော ကျားဖြူရှန့်အိုင်၊ စိန်ကျိုးသစ်နှင့် ပလေ့လုလင်ဖင်ထန်းတို့ အပြေးလေး ထွက်သွားကြသည်။

အတန်ကြာပြေးမိသောအခါ ကျွန်းကမ်းခြေသို့ ရောက်လာသည်။ ပင်လယ်လှိုင်းပုတ်သံများကိုလည်း ကြားရ၏။

လရောင်ရှိနေသည်မို့ ပတ်ဝန်းကျင်ကို ကောင်းစွာမြင်နေရသည်။ ကမ်းစပ်ပတ်နေရာဝယ် ဆိုက်ကပ်ထားသော သင်္ဘောကြီးတစ်စီးကို ထင်ထင်ရှားရှား တွေ့ရသည်။

သင်္ဘောပေါ်တွင် မှိန်ပျပျမီးအိမ်လေးတစ်ခု ထွန်းညှိထားသည်။



'သင်္ဘောပေါ်ကိုတက်ကြမယ်၊ အစောင့်တွေကို အကြောပိတ်မယ်၊ ပြီးတော့ သင်္ဘောသားတွေကို လက်ရဖမ်းမယ်၊ ဒါမှ သင်္ဘောမောင်းမယ့်လူရနိုင်မှာ'

ကျားဖြူရှန့်အိုင်က အစီအစဉ်ကိုပြောပြပြီး သုံးယောက်သား သင်္ဘောပေါ်သို့အသာတွယ်တက်လာခဲ့ကြသည်။

သင်္ဘော၏ကုန်းပတ်ပေါ်တွင် အစောင့်သုံးယောက်ရှိနေသည်။ အစောင့်များမှာ သာမန် သိုင်းသမားများသာဖြစ်၍ ကျားဖြူရှန့်အိုင်တို့လူစုက အလွယ်တကူပင် ရှင်းပစ်လိုက်နိုင်ကြသည်။

အိပ်ပျော်နေသောသင်္ဘောသားခြောက်ဦးကို လက်ရဖမ်းဆီးပြီး၊ သင်္ဘောကြီးတစ်ခုလုံးကိုလည်း မအောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ကြသည်။

ကျားဖြူရှန့်အိုင်တို့က လက်ပြ အချက်ပေးလိုက်သည်တွင် ကမ်းခြေ၌ ပုန်းအောင်းပြီး အခြေအနေ စောင့်ကြည့်နေကြသည့်သူများကလည်း တစ်ယောက်ပြီးတစ်ယောက် သင်္ဘောပေါ် တက်လာခဲ့ကြသည်။

အားလုံး သင်္ဘောပေါ်တက်ကြပြီးနောက် ချက်ချင်းပင် သင်္ဘောကို ဆိပ်ကမ်းမှခွာစေ၍ ထွက်လာခဲ့ကြသည်။

သင်္ဘောကမ်းခြေမှ အတော်လှမ်းလှမ်းသို့ရောက်လာသောအခါတွင်မှ မြန်ကျွန်းပေါ်မှ အချက်ပေး ခေါင်းလောင်းတီးသံများကြားရပြီး ယောသောရွတ်ရွတ် ပြေးလွှားလှုပ်ရှားနေသောအရိပ်သဏ္ဌာန်များကို လှမ်းမြင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟား...ဟား...ဟား...အခုမှလုပ်မနေကြနဲ့တော့၊ မင်းတို့အဆောင်ပေါက်ပြီး ဖျံနိုင်မှ ငါတို့ကို မီးအောင်ပမ်းနိုင်တော့မှာ...ဟား...ဟား...ဟား'

သခေါ်ဦးထွင်ရပ်နေသောပလွေလုလင်ဝင်ထန်းက အားရဝမ်းသာစွာပင် လှမ်းအော်လိုက်သည်။

မှောင်မိုက်နေသော ပင်လယ်ရေပြင်ကိုဖြတ်ကာ သခေါ်က အရှိန်မှန်မှန်ပင် ခုတ်မောင်းနေသည်။

ငမန်းကျွန်းက နောက်ဘက်တွင် တဖြည်းဖြည်းဝေးကွာ၍ကျန်နေရစ်ခဲ့သည်။

★

## အခန်း ( ၉ )

ငမန်းကျွန်းက တစတစနီးကပ်လာသည်။

သူတို့သုံးယောက် လှေကို အသံမထွက်အောင် လှော်ခတ်နေသည်။

အမှောင်ထုက ပင်လယ်ပြင်ကို သိပ်သည်းစွာလွှမ်းမိုးထားသည်။

လှေပေါ်တွင် ပါလာကြသူ သုံးဦးစလုံး ဝတ်ရုံနက်များ ဝတ်ကာ မျက်နှာကို အိုးမည်းများသုပ်ထားကြသောကြောင့် အမှောင်ထဲဝယ် ပျောက်၍နေသည်။

လှေပေါ်ဝယ် ပါလာသူတို့မှာ ကိန်လေ၊ ကျားနက်ရှင်ကျင့်နှင့် သန်းကြွယ်လုလင်ရောင်ပင်းတို့ဖြစ်ကြသည်။

www.burmeseclassic.com



'ကျွန်းပေါ်သို့ရောက်ရင် မြေအောက်အကျဉ်းစခန်းထဲက ရောင်းရင်းတွေကို အရင်ကယ်ရမယ်၊ ပြီးမှ သူတို့နဲ့အတူတူပူးပေါင်းပြီး စင်ရော်ဂိုဏ်းသားတွေကို အပြတ်ရှင်းရမယ်'

သန်းကြွယ်လုလင်ရောင်ပင်းက တိုးတိုးပြောသည်။

'အေးပါဗျာ…ကျွန်တော်တို့ နားလည်ပါတယ်၊ ခင်ဗျား ကလဲ ဒီအကြောင်းကိုချည်းပဲ ထပ်ခါတလဲလဲ ပြောနေတော့ တာပဲ'

ကျားနက်က ပြန်ပြောသည်။

ကိန်လွေ့ကမူ ဘာမျှပြန်မပြော ပြုံးရုံသာပြုံးနေသည်။

'ခင်ဗျားတို့ ကျွန်းပေါ်ရောက်ရင် သွေးဆူပြီး ထင်ရာ လျှောက်လုပ်နေကြမှာစိုးလို့ သတိပေးနေရတာပါ'

မကြာမီမှာပင် ကျွန်းထိပ်ခြေတစ်နေရာဝယ် လှေဆိုက် ကပ်လိုက်သည်။

သုံးယောက်သား လှေကို လုံခြုံစွာဖွက်ထားခဲ့ပြီးနောက် ကျွန်းပေါ်သို့ တက်လာခဲ့ကြသည်။

အနှောင့်အယှက် တစ်စုံတစ်ရာမတွေ့ရဘဲ စင်ရော်ဂိုဏ်း၏ ဌာနချုပ်စခန်း ပရိဝုဏ်အနီးသို့ အရောက်ချဉ်းကပ်လာနိုင်ခဲ့ ကြသည်။

အလွန်လွယ်ကူလွန်းသောကြောင့် သူတို့၏ စိတ်ထဲဝယ်…. သံသယပင် ဝင်လာမိသည်။

'ဘယ်လိုလဲ၊ အစောင့်အကြပ်တွေလဲ မတွေ့ရသေးပါလား၊ အခြေအနေအတော်ထူးတယ်၊ မသင်္ကာစရာပဲ'

ကိန်လွေ့က တိုးတိုးလေသံဖြင့်ပြောလိုက်သည်။



'ဟုတ်တယ်၊ ကျွန်တော်တို့ ရောက်လာမယ်ဆိုတာ ကြိုသိနေလို့ ထောင်ချောက်ဆင် အမိဖမ်းဖို့ စီစဉ်ထားကြတာလား မပြောတတ်ဘူး'

ရောင်ပင်းက ပြန်ပြောသည်။

'ဒီနေရာအထိရောက်လာပြီးမှတော့ မထူးပါဘူး၊ လုပ်စရာ ရှိတာတွေ ဆက်လုပ်ကြဖို့ပဲရှိတယ်'

ကျားနက်က ပြောသည်။

'ဒါဖြင့် ရှေ့ဆက် သွားကြတာပေါ့၊ သတိတော့ လက် မလွှတ်စေနဲ့နော်'

သုံးယောက်သား စင်ရော်ဂိုဏ်း၏ ဌာနချုပ်စခန်းအတွင်း သို့ဝင်လာခဲ့ကြသည်။

ထို့နောက် 'ကိုးဆင့်ဝင်္ကပါ'ရှိရာသို့ လျင်မြန်သွက်လက် စွာ ဆက်လက်ချဉ်းကပ်လာကြသည်။

ကိုးဆင့်ဝင်္ကပါ အဝင်ဝနားသို့ ရောက်သောအခါတွင်မူ ရန်သူ၏ကင်းပုန်းနှင့် ရင်ဆိုင်တိုးကြရသည်။

ရုတ်တရက် မှောင်ရိပ်ထဲမှ အဘိုးအိုသုံးယောက် ခုန်လွှား ထွက်လာကြသည်။

တစ်ဦးမှာ လူပုကြီးကျိုးခွမ်းဖြစ်ကြောင်း ကိန်လွေ့ သိ လိုက်သည်။ ကျန်နှစ်ယောက်ကိုတော့မူ ကိန်လွေ့ တစ်ခါမျှ မတွေ့ဘူးသေးပေ။

အဘိုးအိုတစ်ဦးမှာ မြွေအရေခွံ ပုံသဏ္ဍာန် အကွက် အကွက်များပါသော ကိုယ်ကျပ်ဝတ်စုံကို အသားနှင့်ကပ်နေ အောင်ဝတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ထဲတွင် ခရင်းခွလို အချွန်နှစ်ခွပါသော လက်နက်ထက်မြဲ ကိုင်ဆောင်ထားသည်။ အဘိုးအိုမှာ မြေဟောက်နိုးချုန်းဆိုသူပင်ဖြစ်မည်ဟု ကိန်းလွှ သိလိုက်သည်။

ကျန်အဘိုးအိုမှာကား မိကျောင်းရေဖြင့်ပြုလုပ်ထားသော ကိုယ်ကျပ်အင်္ကျီကို ဝတ်ထားပြီး အလုံးတုတ်တုတ် ကြခပွတ်ကြီးတစ်ချောင်းကိုင်ထားသည်။

ရှပ်အင်္ကျီမှာလည်း ခက်ထန်ကာ ကြောက်မက်ဖွယ်ကောင်းလှသည်။ အဆိပ်မိကျောင်းစိမ်းကုံးဆိုသူပင်ဖြစ်သည်။

'ဟိတ်...ရပ်လိုက်စမ်း၊ မင်းတို့ဘယ်သူတွေလဲ'

ကျားပွတ်ကိုင်ထားသည့်အဘိုးကြီးက ခက်ထန်သောလေသံဖြင့် မေးလိုက်သည်။

'ခင်ဗျားတို့ ဘယ်သူတွေလဲဆိုတာကိုသာ အရင်ပြောပါဦး....'

သန်းကြွယ်လုလင်ရောင်ပင်းက ခပ်တည်တည်ဖြင့် ပြန်မေးသည်။

'ငါတို့ ဘယ်သူလဲဆိုတာကိုတော့ မသိကြဘူးလား၊ အေးအေးသေချာချာမှတ်ထား၊ ငါက အဆိပ်မိကျောင်းစိမ်းကုံး၊ ဟိုတက်ကလူက ကျိုးခွမ်း၊ ဟိုဘက်ကတော့ မြေဟောက် နိုးကျန်း'

ကြခပွတ်ကိုင်ထားတဲ့လူကြီးကပြန်ပြောသည်။

'ခြော်....ခြော်....ဘကယ့်လူကြီးတွေနဲ့မှ လာတိုးနေတာကိုး၊ ကျွန်တော်က သန်းကြွယ်လုလင်ရောင်ပင်းပါ၊ ဟိုဟာက



ကျွန်တော့် ရောင်းရင်း ချစ်လုလင်ကိန်လွှနဲ့ ကျားနက်ရှန်ကျောင့်တို့ဖြစ်ပါတယ်'

'ကောင်းပြီ၊ ပင်းတို့ ညကြီး အချိန်မတော် ဒီနေရာကို ဘာကြောင့်လာကြတာလဲ'

'ကျွန်တော်တို့နှစ်ယောက် ဂိုဏ်းချုပ်ကြီးပေးအပ်လိုက်တဲ့ တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပြီးလို့ ဂိုဏ်းချုပ်ကြီးကို သတင်းပို့ဖို့လာကြတာပါ'

ကိန်လွှက ညှိသို့ပြောပြီး လက်ထဲဝယ် အသင့်ကိုင်ထားသော ခြင်းတောင်းတစ်ခုကို မြှောက်ပြလိုက်သည်။

ကျားနက်ရှန်ကျောင့်ကလည်း မိမိလက်ထဲရှိ ခြင်းတောင်းကို မြှောက်ပြသည်။

'ကောင်းတယ်....ကောင်းတယ်၊ ဒီလိုတာဝန်ကျေပွန်ကြမှပေါ့၊ ကဲ...မင်းတို့ဖြတ်ယူလာသတဲ့ ခေါင်းပြတ်တွေကို ငါတို့ လက် အပ်ထားခဲ့၊ မင်းတို့အတွက် နောက်ထပ်တာဝန်အသစ်တွေ ဂိုဏ်းချုပ်က သတ်မှတ်ပေးထားတယ်'

အဆိပ်မိကျောင်းစိမ်းကုံးက ကိန်လွှနှင့် ရှန်ကျောင့်တို့၏ ထပ်မံသတ်ဆင်ရမည့် လူနှစ်ယောက်၏အမည်နှင့် နေရပ်များကို ပြောပြသည်။

ကိန်လွှနှင့် ရှန်ကျောင့်တို့က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

လူတို့အက်ထဲဝယ် ကိုင်လာကြသော ခြင်းတောင်းများမှာ ဟန်ပြသက်သက် ကိုင်ထားကြခြင်းဖြစ်သည်။ အထဲဝယ် မည်သည့်ခေါင်းပြတ်မျှ မပါရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



ဤခြင်းတောင်းများကို အဆိပ်မိကျောင်းစိမ်းကုံးကြီးလက်သို့ အပ်ရလျှင် သူတို့၏အလိမ်မှား ပေါ်သွားပေတော့မည်။

'ကျွန်တော်တို့က ဟောဒီ ခေါင်းပြတ်တွေကို ဂိုဏ်းချုပ်လက်ထဲကို ကိုယ်တိုင်အပ်နှံပြီး ကျွန်တော်တို့တာဝန် ကျေပွန်ပြီဆိုတဲ့အကြောင်းကို ပြောချင်တာဗျ'

ကိန်လေ့ကပြောလိုက်သည်။

'ဂိုဏ်းချုပ်ကြီး အနားယူနေတယ်ကွ၊ မင်းတို့ကို အတွေ့မခံနိုင်ဘူး'

'ဒါဖြင့် လင်ယုယုနဲ့တော့တွေ့ချင်တယ်'

'ဟုတ်တယ်၊ ကျွန်တော်ကလဲ မင်းကျူးနဲ့တွေ့ချင်တယ်'

ကျားနက်ရှန့်ကျင့်ကလည်းဝင်ပြောသည်။

'အဲဒီ မိန်းကလေးနှစ်ယောက်စလုံး ခေါင်းကောင်းမွန်မွန် ဘေးကင်းရန်ကင်းရှိနေကြပါတယ်ကွ၊ ဘာမှမပူကြပါနဲ့'

အဆိပ်မိကျောင်းက ပြန်ပြောသည်။

'ခင်ဗျားပြောတဲ့စကားကို ယုံရမှာလား၊ သူတို့ကို ကိုယ်တိုင်မြင်ရမှ ယုံနိုင်မယ်'

'ငါတို့အနေနဲ့ မင်းတို့ကို မိန်းကလေးနှစ်ယောက်နဲ့အတူ တွေ့ခွင့်ပေးနိုင်တဲ့အာဏာမရှိဘူး၊ ဂိုဏ်းချုပ်ကြီးရဲ့ ခွင့်ပြုချက်ရဖို့လိုတယ်'

'ဒါကြောင့် ဂိုဏ်းချုပ်ကြီးကို တွေ့ပါရစေလို့ ခွင့်တောင်းနေတာပေါ့ဗျ'

'ဂိုဏ်းချုပ်ကြီးက မင်းတို့ကို တာဝန်အသစ်တွေသတ်မှတ်ပေးပြီးပြီလို့ ပြောနေတာ မကြားဘူးလား၊ အဲဒီ တာဝန်တွေ



ကျေပွန်အောင်ထမ်းဆောင်ကြပြီးမှ မင်းတို့ကို ဂိုဏ်းချုပ်ကြီးက အတွေ့ခံပါလိမ့်မယ်'

ကိန်လေ့က အခြေအနေကို သုံးသပ်စဉ်းစားကြည့်သည်။ အတော်လေးထူးခြားနေကြောင်း သိသည်။ ဘာတွေ ထူးနေမှန်းကိုမူ တိတိကျကျစဉ်းစား၍မရ။

ကိန်လေ့က ရှန့်ကျင့်နှင့် ရောင်ပင်းတို့ကို အဓိပ္ပာယ်ပါမျက်ရိပ်ပြလိုက်သည်။ ထို့နောက် အဆိပ်မိကျောင်းကိုလှမ်းပြော၏။

'ဒီလိုဆိုရင်လဲ ကျွန်တော်တို့ ပြန်ကြရုံပဲ ရှိတာပေါ့ဗျာ၊ ဟောဒီခေါင်းပြတ်တွေကိုသာ ဂိုဏ်းချုပ်ကြီးလက်ထဲကို အပ်လိုက်ကြပါ'

ကိန်လေ့က ဤသို့ပြောကာ လက်ထဲရှိ ခြင်းတောင်းကို အဆိပ်မိကျောင်းထံသို့ လှမ်းပစ်ပေးလိုက်သည်။

ရှန့်ကျင့်ကလည်း မိမိလက်ထဲရှိ ခြင်းတောင်းကို ခြေယောက်ရိုးကျွန်းထံ ပစ်ပေးလိုက်သည်။

အဘိုးကြီးနှစ်ယောက်က ခြင်းတောင်းများကို ဆီးပမ်းကြဆဲမှာပင် ကိန်လေ့နှင့် ရှန့်ကျင့်တို့က ဓားရှည်များကိုဆွဲထုတ်ကာ အတင်းဝင်တိုက်ကြသည်။

ရောင်ပင်းကလည်း သံယပ်တောင်ကိုဖြန့်ကာ လူပုကြီးကျိုးခွမ်းကို ဝင်တိုက်သည်။

တိုက်ပွဲမှာ သိပ်မကြာလှပါချေ။ တစ်ခဏအတွင်းမှာပင် အဘိုးကြီးသုံးယောက် အတုံးအရုံးလဲကျကုန်သည်။ ကိန်လေ့တို့မှာ အလွန်အံ့ဩသွားကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်မိကျောင်းစိမ်းကုံး၊ မြွေဟောက်နီးကျွန်းနှင့် လူပုကြီးကျိုးခွမ်းတို့မှာ နှမ်းနှယ်ရရလူတွေမဟုတ်၊ ထောင်ပင်လယ်ဓားပြဂိုဏ်းတွင် လက်ထောက် ဗိုလ်များဖြစ်ကြသော သိုင်းပညာစွမ်းရည် အလွန်ထက်မြက်ကြသည်။

ယခု သိုင်းကွက်သုံးကွက်ပြည့်အောင်ပင် မတိုက်ရသေးဘဲ အရေးရှုံးနိမ့်သွားကြသည့် အဖြစ်မျိုးမှာ အတွေးရ ခက်စရာပင်။

'ဘယ်လိုလဲ၊ ဤလူတွေကို အနိုင်ရတာ လွယ်လွယ်လှချည်လား'

ကိန်လွေ့က အံ့ဩစွာပြောသည်။

'ဟုတ်တယ်၊ ဤလူတွေရဲ့သိုင်းပညာက သိပ်ကောင်းလွန်းတာကယ်ဆို အကြိတ်အနယ်တိုက်ကြရဖို့ရှိတယ်'

ရှောင်မင်းကလည်း စဉ်းစဉ်းစားစားဖြင့်ပြောသည်။

'သိပ်စဉ်းစားမနေနဲ့၊ အလောင်းတွေကို စစ်ဆေးကြည့်ရအောင်'

ရှန့်ကျင့်ကပြောလိုက်သည်။

အဆိပ်မိကျောင်းတို့၏ အလောင်းများကို စစ်ဆေးကြည့်တော့မှပင် အဖြေမှန်ပေါ်လာသည်။

ထိုလူသုံးယောက်မှာ အဆိပ်မိကျောင်းစိမ်းကုံး၊ လူပုကြီးကျိုးခွမ်းနှင့် မြွေဟောက်နီးကျွန်း အစစ်များမဟုတ်၊ ရုပ်ဖျက်ကာ အယောင်ဆောင်ထားသူများသာဖြစ်သည်။

'ဒါကဘာသဘောတွေလဲ၊ ဘာကြောင့် ဤလိုရုပ်ဖျက်ကာ အယောင်ဆောင်ထားရတာလဲ'

ရှန့်ကျင့်က နားမလည်ဟန်ဖြင့်ပြောသည်။



'အဲဒါကိုတော့ ကျွန်တော်လဲ မစဉ်းစားတတ်ဘူး'

ရှောင်ပင်းက ပြန်ပြောသည်။

'သူတို့ကိစ္စအတွက် အချိန်ကုန်ခံပြီးစဉ်းစားမနေပါနဲ့တော့ အကျဉ်းခံနေရတဲ့လူတွေကို အမြန်ဆုံးကယ်ဖို့အရေးကြီးတယ်'

ကိန်လွေ့က လှမ်းဆော်လိုက်သည်။

ထို့နောက် သုံးယောက်သား ကျုံးဆင့်ဝက်ပါထဲသို့ ပြေးဝင်လာကြသည်။ ပင်မအဆောက်အအုံနားသို့ အရောက်တွင် ကင်းလှည့်လာသောစင်ရော်ဂိုဏ်းသား ဆယ်ယောက်နှင့် တွေ့ကြရပြန်သည်။

ကိန်လွေ့တို့က တုံ့ဆိုင်းမနေဘဲ အတင်းဝင်တိုက်ကြ၏။ ထိုလူများမှာ သာမန်ဂိုဏ်းဝင် သိုင်းသမားလေးများသာဖြစ်ရာ ကိန်လွေ့တို့ကိုမယှဉ်နိုင်။

ခုနစ်ယောက်ကျဆုံးပြီး သုံးယောက် အရှင်ဖမ်းဆီးရမိ၏။

'ဤလူတွေကို စစ်ဆေးကြည့်ရင် ဤကျွန်းပေါ်မှာ ဘာတွေဖြစ်ပျက်နေတယ်ဆိုတာသိရမယ်၊ ခင်ဗျားတို့က ဟိုနှစ်ယောက်ကို တခြားတစ်နေရာကို ခေါ်သွားပြီး စစ်မေးကြည့်ကြပါ၊ ကျွန်တော်က ဤလူ့ကိုစစ်ဆေးမယ်၊

ရှောင်ပင်းကပြောသည်။

ကိန်လွေ့နှင့် ရှန့်ကျင့်တို့ကလည်း လက်ရဖမ်းမိထားသော စင်ရော်ဂိုဏ်းသား တစ်ယောက်စီကိုခေါ်ကာ တစ်ယောက် တစ်နေရာစီ လူရှင်းရာထွက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကို ရှင်းရှင်းပဲပြောမယ်၊ ခင်ဗျား ကောင်းကောင်းမှန်မှန်နဲ့ အထက်ရှင်လျက်နေချင်သလား၊ မရှုမလှခံရပြီး သေချင်သလား၊ ကြိုက်ရာကိုရွေး'

ကိန်လေ့ တို့ ထွက်သွားသည့်အခါ ရောင်ပင်းက ကျန်နေသေးသော စင်ရော်ဂိုဏ်းသားကို လေသံမာမာဖြင့်ပြောလိုက်သည်။

'ရှင်....ရှင်ချင်ပါတယ်ဗျာ၊ ချမ်းသာပေးပါခင်ဗျာ'

'ကောင်းပြီ၊ ဒါဆိုရင် မေးတာကိုမှန်မှန်ဖြေ'

'ဖြေပါ့မယ်ဗျာ ဖြေပါ့မယ်'

'လင်ယုယုနဲ့ ဟို....ဖမ်းထားတဲ့လူတွေ သေကုန်ကြပြီလား'

'မသေသေးပါဘူး'

'ဒါဖြင့် သူတို့ရှိတဲ့ မြေအောက်အကျဉ်းခန်းထဲကို ဘယ်လမ်းက နေသွားရင် အနီးဆုံးလဲ'

'သူတို့ မြေအောက်အကျဉ်းခန်းထဲမှာ မရှိကြတော့ပါဘူး'

'ဒါဖြင့် ဘယ်ရောက်သွားကြပြီလဲ'

'အဲဒါကိုတော့ ကျွန်တော်လဲမသိပါဘူး'

'သူတို့ကို တခြားတစ်နေရာမှာ ပြောင်းပို့ထားတာလား'

'မဟုတ်ဘူး'

'ဒါဖြင့် ဘယ်ရောက်ကုန်ကြပြီလဲ၊ မှန်မှန်ပြောစမ်း'

'ဟို....ဟို....ကျွန်တော် ရှင်းအောင်ပြောပါ့မယ်၊ သေသေချာချာနားထောင်ပါ'

'အေး....ပြော၊ ညာမယ်မကြံနဲ့'

'သူတို့အားလုံး ဒီကျွန်းက ထွက်သွားကြပါပြီ'



'သူတို့ထွက်ပြေးသွားတာလား'

'ဒီလိုတော့မဟုတ်ဘူး၊ သူတို့ကို ထွက်ပြေးသွားနိုင်အောင် ဂိုဏ်းချုပ်ကြီးက တမင်အကွက်ဆင် ဖန်တီးပေးလိုက်တယ်၊ ပြီးတော့ သူတို့စီးသွားတဲ့ သင်္ဘောနောက်ကို ဂိုဏ်းချုပ်ကြီးရယ်၊ ရွှေဆံထိုးဆယ့်တစ်ဖော်ရယ်၊ အဆိပ်မိခကျောင်းတို့လူစုရယ် လိုက်သွားကြတယ်'

'ဒါဖြင့် ဒီငမန်းကျွန်းပေါ်မှာ အရေးပါတဲ့စင်ရော်ဂိုဏ်းက ခေါင်းဆောင်တွေ တစ်ယောက်မှမရှိကြတော့ဘူးပေါ့'

'ရွှေဓားစိန်ကြံ့နဲ့ သူ့ရောင်းရင်းသုံးယောက်တော့ ကျန်ခဲ့ပါတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ ဆယ့်ငါးရက်လောက်ကပဲ သူတို့လေးယောက်ရယ်၊ တခြားအဆင့်မြင့်သိုင်းသမား ဆယ့်ခြောက်ယောက်ရယ်၊ အရေးပေါ် ကိစ္စတစ်ခုအတွက် ထွက်သွားကြတာ အခုထက်ထိ ပြန်မလာကြသေးဘူး'

ဤစကားများအရ ရွှေဓားစိန်ကြံ့ တို့လူစု၏ ကံကြမ္မာကို စင်ရော်ဂိုဏ်းသားများ မသိကြသေးကြောင်း ရောင်မင်းနားလည်လိုက်သည်။

မကြာမီမှာပင် ကိန်လေ့နှင့် ရှန့်ကျင့်တို့လည်း ပြန်ရောက်လာကြသည်။ သုံးယောက်သား စစ်မေးသိရှိရသည့်အကြောင်းခြင်းရာများကို တိုက်ဆိုင်ကြည့်လိုက်ကြသောအခါ ထွက်ဆိုချက်သုံးချက်စလုံးမှာ အတူတူပင်ဖြစ်နေကြောင်း တွေ့ရ၏။

'ဒီအတိုင်းဆိုရင်တော့ ဟို...ရောင်းရင်း နှစ်ဆယ့် ခြောက်ယောက်အတွက် စိုးရိမ်စရာပဲ'!

ကိန်လေ့ က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ စင်ရော်ဂိုဏ်းချုပ်က သာကြောင့် သူတို့ကို လွှတ်ထမ်းပေးပြီး နောက်ယောင်ခံလိုက်သွားရတာလဲ မပြောထတ်ဘူး'

ရှန့်ကျွင့်ကပြောသည်။

'အင်း...လင်ယုယုက မိစ္ဆာကျွန်းအကြောင်း ထုတ်ပြောပြလိုက်ပြီနဲ့တူတယ်'

ကိန်ခလွှ့က စဉ်းစဉ်းစားစားပြောလိုက်သည်။

'မိစ္ဆာကျွန်း၊ ဟုတ်လား၊အဲဒါကဘာလဲ'

ရောင်ပင်းကမေးလိုက်သည်။

'ပင်လယ်ထဲက ကျွန်းကလေးတစ်ကျွန်းပေါ့၊ ငမန်းဖြူကြီးရှိတာဟိုင်ဟာ သေဆုံးမသွားသေးဘူး၊ အဲဒီ မိစ္ဆာကျွန်းကို ရောက်နေတယ်၊ ပြီးတော့ သူ့ရဲ့ လျှို့ဝှက်ရတနာသိုက်ကလဲ မိစ္ဆာကျွန်းပေါ်မှာရှိနေတယ်'

'ဩော်...ဟုတ်ပြီ-ဟုတ်ပြီ၊ စင်ရော်ဂိုဏ်းချုပ်က ရတနာသိုက်ရှိတဲ့နေရာကို သိချင်လို့ လင်ယုယုတို့ကို လွှတ်ပေးပြီး... နောက်ယောင်ခံ လိုက်သွားတာကိုး၊ ဒီလိုဆိုရင် မိစ္ဆာကျွန်းကိုရောက်တာနဲ့ သူတို့က လင်ယုယုတို့ကို အလစ်ဖမ်းတိုက်ခိုက်ကြတော့မှာပဲ'

ရောင်ပင်းက ခေါင်းတညိတ်ညိတ်နှင့်ပြောသည်။

'ဒါဆိုရင် အယ်လိုလုပ်ကြရင်ကောင်းမလဲ'

ရှန့်ကျွင့်ကမေးသည်။



'ကျွန်တော်တို့ မိစ္ဆာကျွန်းကို အမြန်ဆုံး လိုက်သွားရမှာပေါ့၊ မသွားခင် ဟောဒီ ငမန်းကျွန်းက စင်ရော်ဂိုဏ်းချုပ်ရဲ့ ခြေကုပ်စခန်းကို မီးတိုက်ဖျက်ဆီးပစ်ခဲ့ရမယ်'

'ကောင်းတယ်...ကောင်းတယ်'

'ဒါမှ ဂိုဏ်းချုပ်မိန်းမပျိုလဲ ခြေကုပ်စခန်းလက်လွှတ်ဆုံးရှုံးသွားမှာဖြစ်တယ်'

ကိန်ခလွှ့၏ အကြံပေးချက်ကို ရောင်ပင်းနှင့် ရှန့်ကျွင့်တို့က လှိုက်လှိုက်လှဲလှဲ ထောက်ခံလိုက်ကြသည်။

× × ×

သင်္ဘောက အရှိန်မှန်မှန်နှင့် ပင်လယ်ပြင်ကိုဖြတ်ကာသွားနေသည်။ သွားရမည့်လမ်းကြောင်းကို လင်ယုယုက ညွှန်ပြပြောဆိုပေးသည်။

ငမန်းနက်လေး ရိုလျှံကျွင့်က သင်္ဘောကို ပဲ့ကိုင်ကာမောင်းနှင်းလာသည်။

သူတို့ ငမန်းကျွန်းမှ ထွက်လာကြသည်မှာ သုံးရက်ရှိခဲ့ပြီဖြစ်သည်။

သင်္ဘောဝမ်းထဲဝယ် ပါရှိသော အခန်းမှာ သိပ်မကျယ်သောကြောင့် မိန်းမပျိုသယ်နှစ်ဦးတို့သာ ထိုအခန်းထဲဝယ် အိပ်စက်ကြသည်။

ကျွန်အမျိုးသားများမှာ ကုန်းပတ်ပေါ်တွင်သာကြိုသလို အိပ်စက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ပိုင်း အချိန်များတွင်မူ ရှယ်သိုင်းသမား အားလုံးပင် ကုန်းပတ်ပေါ်ဝယ် ဝိုင်းဖွဲ့ထိုင်ကာ တွေ့ရာလေးပါး စကားစမြည်ပြောဆိုနေကြသည်။

ယနေ့လည်း ကုန်းပတ်ပေါ်ဝယ် ဝိုင်းဖွဲ့ကာ စကားပြောနေကြရင်းမှ လင်ယုယုက ပဲ့စင်ရှိရာသို့လျှောက်လာခဲ့၏။

ပဲ့စင်တွင် ဝမ်းနက်သော ရိလျှံကျင့် ရှိနေသည်။

'ကျွန်တော့်ဖေဖေ ရှိနေတဲ့ကျွန်းကို ရောက်တော့မလား'

ရိလျှံကျင့်က ဆီး၍မေးလိုက်သည်။

'ဟောဒီရေကြောင်းအတိုင်းသွားရင် နောက်တစ်နေ့ နေ့လယ်လောက်ဆို ရောက်သွားပါမှာ'

'ဖေဖေ အဲဒီကျွန်းပေါ်မှာ ရှိမှရှိပါဦးမလားမသိဘူး'

'ရှိမှာပါ၊ သူ့ဆောက်ထားတဲ့ လှေကို ကျွန်မတို့က ယူခဲ့တာဆိုတော့ ထက်ယ်လို့ သူ့အနေနဲ့ အဲဒီကျွန်းကနေ ထွက်သွားချင်တယ်ဆိုရင် နောက်ထပ် လှေတစ်စင်းကို တစ်နှစ်ခန့် လောက်ကြာအောင် ဆောက်လုပ်ဦးမှာပေါ့'

'အခုလို ကျွန်တော့်အဖေကို ပြန်တွေ့နိုင်အောင် ဖန်တီးပေးတဲ့အတွက် ခင်ဗျားကို သိပ်ကိုကျေးဇူးတင်ပါတယ်ဗျာ'

'ရှင် ဒီစကားကိုပြောတာ ဒါပါနဲ့ဆိုရင် အကြိမ်တစ်ရာလောက်တောင်ရှိတော့မယ်နော်'

'ကျွန်တော့်ရင်ထဲမှာ တကယ်ပဲ လှိုက်လှိုက်လှဲလှဲကျေးဇူးတင်မိလို့ ဒီစကားကိုထပ်ခါထပ်ခါ ပြောနေတာဗျ'

'ကျေးဇူးတကယ်တင်တယ်ဆိုရင် ပါးစပ်ကပြောမနေပါနဲ့၊ အပြစ်မှန်ကိုထုတ်ပြောလိုက်ပါအား'



'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

'ကျွန်မက ဒီလောက်တောင်မအဲပါဘူးရှင်၊ ကျွန်မတို့ကို လွတ်မြောက်အောင် ကယ်တင်ခဲ့တဲ့ကိစ္စမှာ စင်ရော်ဂိုဏ်းချုပ်ရဲ့ သဘောတူညီချက်မရတဲ့ မဖြစ်နိုင်ဘူးဆိုတာ... ကျွန်မရိပ်မိထားပါတယ်'

'ဟာ... ဒီလိုမဟုတ်ပါဘူးဗျာ'

ရိလျှံကျင့်က ငြင်းသည်။ ငြင်းချက်ထုတ်လိုက်သော်လည်း မျက်နှာအမူအရာမှာ အတော်ပင်ပျက်နေသည်။

'ငြင်းမယ်တော့မကြံပါနဲ့လေ၊ ဒါပေမယ့် ရှင်သိရအောင်တော့ပြောထားတယ်၊ ကျွန်မတို့ အဲဒီကျွန်းကိုရောက်သွားကြရင် ရှင်တို့က ဘယ်လို ပရိယာယ်ဆင်ထားတာဖြစ်ဖြစ် ရှင့်အဖေကို ကျွန်မတို့က အသေသတ်ချင်ယင် သတ်လို့ရအေးတယ်ဆိုတာကိုတော့ ရှင်မမေ့ပါနဲ့'

'လင်ယုယု ခဏနေပါဦး'

ရိလျှံကျင့်က ဟန့်တားလိုက်သည့်အတွက် လင်ယုယုက လည်း ထွက်မသွားသေးဘဲ ပြန်ရပ်နေလိုက်သည်။

'ဘာပြောစရာရှိသေးလို့လဲ'

ရိလျှံကျင့်က ခေတ္တခေါင်းငိုက်နေသည်။

ထို့နောက် သက်ပြင်းလေးလေးတစ်ချက်ချကာ ပြော၏။

'အင်း... ကျွန်တော် အမှန်အတိုင်းပြောပါတော့မယ်'

'ခဏနေဦး၊ ဒီကိစ္စကအရေးကြီးတယ်၊ ကျွန်မတစ်ယောက်တည်း နားထောင်တာထက် ယို...ရောင်းရင်းတွေကိုပါခေါ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး နားထောင်ခိုင်းမှဖြစ်မယ်၊ ဒါမှ သူတို့ရဲ့ အခြေအနေတွေကို နားလည်သဘောပေါက်လာမယ်'

လင်ယုယုက ထိုသို့ပြောပြီးနောက် ကုန်းပတ်ပေါ်ဝယ် ဝိုင်းဖွဲ့ထိုင်ကာ စကားပြောနေကြသော လူငယ်သိုင်းသမားများကို လက်ယပ်ခေါ်လိုက်သည်။

ပဲ့ခင်အနီးဝယ် အားလုံးစုဝေးရောက်ရှိလာကြသောအခါတွင်မှ လင်ယုယုက ရီလျှံကျင့်ကိုပြောခိုင်းလိုက်သည်။

'ကိုင်း...ရှင်ပြောမယ်ဆိုတာကိုသာ ပြောပြပေတော့'

'ခင်ဗျားတို့ကို လွတ်မြောက်အောင် ကူညီပေးခဲ့တာဟာ စင်ရော်ဂိုဏ်းချုပ်ရဲ့အစီအမံပါ၊ သူဟာ ရတနာတွေရှိတဲ့နေရာကို သိပ်သိချင်နေတယ်၊ လက်ရွေးစင်သိုင်းသမားတွေကိုစုစည်းခေါ်လာပြီး ကျွန်တော်တို့နောက်ကနေ နောက်ယောင်ခံလိုက်လာဖို့လဲ စီစဉ်ထားသေးတယ်'

'အခု ကျွန်တော်တို့ သင်္ဘောထွက်လာတာ သုံးရက်ရှိပြီ၊ နောက်ယောင်ခံလိုက်လာကြတဲ့ သင်္ဘောတစ်စီးမှမတွေ့ရသေးဘူး၊ အဲဒါဘယ်လိုဖြစ်တာလဲ'

ဇလွှလုလစ်ဝင်ထန်းက ဝင်မေးသည်။

'ကျွန်တော်လဲ အဲဒါကိုပဲ အတွေးရခက်နေတာပဲ၊ ဂိုဏ်းချုပ်ကြီးအနေနဲ့ ရတနာတွေ ရှိတဲ့နေရာကို သိချင်ရင် ကျွန်တော်တို့နောက်ကနေပြီး ခြေရာခံ လိုက်ကို လိုက်လာရမယ်၊ ဒီလိုမှလိုက်မလာရင် သူဘယ်လိုလုပ်သိနိုင်မှာလဲ'

'ရှင့်အနေနဲ့ ရှင့်အဖေရဲ့ရတနာသိုက်ကို စင်ရော်ဂိုဏ်းချုပ်လက်ထဲကို အပ်လိုက်ချင်သလား'



လင်ယုယုက မေးလိုက်သည်။

'ကျွန်တော်ဟာ စင်ရော်ဂိုဏ်းထဲကို ပါချင်လို့ဝင်ပါခဲ့ရတာမဟုတ်ပါဘူး၊ စင်ရော်ဂိုဏ်းချုပ်က ကျွန်တော့်ကို ဖမ်းဆီးပြီး အတင်းခြိမ်းခြောက်သိမ်းသွင်းထားလို့ ဂိုဏ်းဝင်ဖြစ်နေရတာပါ၊ ဖေဖေ့ရဲ့ရတနာသိုက်ကို သူ့များလက်ထဲ ဘယ်အပ်ချင်မှာလဲ....'

'ဒါပေမယ့် ကျွန်တော့်မှာ သူ့ကို ဆန့်ကျင်နိုင်တဲ့ စွမ်းအား မရှိပါဘူး၊ သူခိုင်းတာကိုလုပ်ရမှာပဲ'

ရီလျှံကျင့်က စိတ်ပျက်သောအမူအရာနှင့်ပြောသည်။

'ဟာ...ဒီလိုလဲဘယ်ဟုတ်မှာလဲ၊ ခင်ဗျားအနေနဲ့ ဒီဒုစရိုက်ဂိုဏ်းကို ဘာမှကြောက်နေစရာမလိုဘူး၊ မတရားမှုတွေကို ဆန့်ကျင်တိုက်ဖျက်နေကြတဲ့ ကျွန်တော်တို့လိုလူတွေ ရှိနေတာပဲ၊ ခင်ဗျားစိတ်ပါဝင်စားမယ်ဆိုရင် ကျွန်တော်တို့နဲ့ပူးပေါင်းပြီး စင်ရော်ဂိုဏ်းကို ဖြိုခွဲပစ်ပါလားဗျ'

ကျားဖြူရှန့်အိုင်က ပြောသည်။

'ဟုတ်ကဲ့၊ ခင်ဗျားတို့အနေနဲ့ လက်ခံမယ်ဆိုရင်တော့ ပူးပေါင်းချင်ပါတယ်'

'ဟာ...ဘယ့်နှယ်လက်မခံဘဲနေရမှာလဲ၊ ကျွန်တော်တို့ဟာ အမှားမြင်ပြီး အမှန်လမ်းကို ပြန်ရောက်လာမယ့် လူတွေကို အမြဲလက်ကမ်းကြိုဆိုနေတာပါဗျာ'

'စင်ရော်ဂိုဏ်းချုပ်က ကျွန်မတို့သင်္ဘောနောက်ကိုနောက်ယောင်ခံ မလိုက်ဘဲနေတာဟာ ထူးခြားတဲ့ သူ့မှာအကောက်

www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့အကြံအစည်တစ်ခုခု လျှို့ဝှက်ပြီးကြံထားတာရှိမယ်လို့ ကျွန်တော်ထင်တယ်'

လင်ယုယုက စဉ်းစဉ်းစားစားပြောသည်။

'စင်ရော်ဂိုဏ်းချုပ်ကို သိပ်ကြောက်စရာမလိုပါဘူး၊ စင်ရော်ဂိုဏ်းချုပ်မှာ အစွမ်းထက်မြက်တဲ့ သိုင်းသမားတွေဆိုလို့ ဂိုဏ်းချုပ်ရယ်၊ ရွှေဆံထိုးဆယ့်တစ်ဖော်ရယ်၊ အဆိပ်မိကျောင်းစိမ်းကိုးတို့ ဆယ့်လေးယောက်ရယ်ပဲရှိတယ်၊ သူတို့ကို ပြောင်မြောက်အောင်းတင်းရင်ဆိုင်ရရင် ကျွန်တော်တို့အနေနဲ့ ကြောက်စရာမလိုပါဘူး....

'မနေ့ကျွန်းပေါ်မှာတုန်းက သူတို့က အကွက်ဆင်ပြီး လျှို့ဝှက်ထောင်ချောက်တွေနဲ့အမိဖမ်းလို့ ကျွန်တော်တို့အဖမ်းခံခဲ့ကြရတာပါပဲ'

ပန်လွလုလင်ဝင်ထန်းကပြောသည်။

'ဦးမယ် ရိုလျှံကျင့်၊ စင်ရော်ဂိုဏ်းထဲကို ရှင်ရောက်နေတာ ဘယ်လောက်ကြာပြီလဲ'

'တစ်နှစ်လောက်ရှိပါပြီ'

'ဒါဖြင့် စင်ရော်ဂိုဏ်းချုပ်အကြောင်း ရှင်သိသလောက် ပြောပြစမ်းပါ'

'ကျွန်တော်က ခင်ဗျားတို့သိထားတာထက် နည်းနည်းပဲ ပိုသိပါတယ်'

'ရှင်သိထားသလောက်ပဲပြောပြစမ်းပါ'



'သူ့ရဲ့သိုင်းပညာက သိပ်ကိုအစွမ်းထက်မြက်တယ်၊ အားမနာတမ်းပြောရမယ်ဆိုရင် ခင်ဗျားတို့အားလုံး စုပေါင်းပြီး ဝိုင်းဝန်းတိုက်ခိုက်တာတောင် သူ့ကိုနိုင်ဖို့မလွယ်ဘူး'

'သူ့နာမည်က ဘယ်လိုခေါ်သလဲ'

'အဲဒါကိုတော့ ကျွန်တော်လဲမသိဘူး'

'သူ့ရုပ်ရည်ကရော ချောသလား၊ အကြည့်ဆန်သလား'

'ဒါလဲ ကျွန်တော်မသိဘူး၊ ကျွန်တော်မပြောနဲ့၊ သူ့ရဲ့ကိုယ်ရံတော်ရွှေဆံထိုး ဆယ့်နှစ်ဖော်တောင် သူ့မျက်နှာဆွင်ပြင် ဘယ်လိုရှိတယ်ဆိုတာကို တစ်ခါမှမတွေ့ဘူးကြဘူး၊ သူ့မျက်နှာကို ပဝါနက်နဲ့အမြဲဖုံးထားတယ်'

'သူက မျက်နှာကို လူမြင်မခံဝံ့ဘူးဆိုတော့ အရုပ်ဆိုးနေလို့ ဖြစ်မှာပေါ့'

'ဒီလိုလဲပြောလို့မဖြစ်ဘူးလေ၊ သူ့ရဲ့ကိုယ်လုံးကိုယ်ပေါက်က သိပ်ပြီးလှပြီး အသားအရည်ကလဲ နှင်းပွင့်လိုဖြူဆွတ်နေတာ ဆိုတော့ သူ့မျက်နှာဟာလဲ သိပ်လှပမယ်လို့ ခန့်မှန်းရတာပဲ၊ သူ့မျက်နှာရဲ့အလှအပကို လူမြင်မခံချင်လို့ ပဝါနက်ဖုံးထားတာဖြစ်မှာပါ'

'ရွှေဆံထိုးဆယ့်နှစ်ဖော်အနက် ကွဲပေ့မှာ မြေအောက်အကျဉ်းခန်းထဲဝယ် သေဆုံးသွားခဲ့ပြီမို့ လင်ယုယုက ဆယ့်တစ်ဖော်ဟု သုံးနှုန်းလိုက်ခြင်းဖြစ်သည်။

'သူတို့ရဲ့သိုင်းပညာက ခင်ဗျားတို့နဲ့ တန်းတူလောက်ရှိနိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'နဂါးလေးစမ်းကွမ်းလို အယောင်ဆောင်ထားတဲ့ လူက ကော ဘယ်သူလဲ'

'ဟာ...အဲဒါ အယောင်ဆောင်မဟုတ်ပါဘူး၊ နဂါးလေး စမ်းကွမ်း အစစ်ပါ'

မိမိတို့ လူငယ်သိုင်းသမားထဲမှ သစ္စာဖောက်တစ်ယောက် ပေါ်နေသောကြောင့် သူတို့တတွေမှာ အတော်ပင်စိတ်မချမ်း မသာဖြစ်သွားကြရသည်။

'ဟာ...ရှင် မှားနေပြီထင်တယ်၊ နဂါးလေး စမ်းကွမ်းရဲ့ အလောင်းကို ချုံမင်းမြို့က သူ့အိမ်ရှေ့မှာ ကျွန်မတို့ကိုယ်တိုင် မြင်ခဲ့ရတာပဲ'

လင်ယုယုက ပြောသည်။

'အဲဒီအလောင်းက အတုဗျ၊ ခပ်ရှင်းရှင်းပြောရမယ်ဆိုရင် နဂါးလေးစမ်းကွမ်းဟာ စင်ရော်ဂိုဏ်းချုပ်ရဲ့ ရမက်ကျွန်ချာ မှာ အမိခံရပြီး စင်ရော်ဂိုဏ်းချုပ်ရဲ့အလိုကျ အစစအရာရာ လိုက်လုပ်ပေးနေရတာပါ၊ ခင်ဗျားတို့လူငယ်သိုင်းသမားတွေ ကို ဖမ်းဆီးပြီး စည်းရုံးသိမ်းသွင်းဖို့ဆာလဲ နဂါးလေးစမ်း ကွမ်းပေးခဲ့တဲ့ အကြံဉာဏ်ပဲ'

'တောက်...ဒီနဂါးလေးဟာ တယ်လဲယုတ်မာကောက်ကျစ် ပါလား'

'ဒီလူ့ကို ဒီလောက်သိပ်ဖျင်းလိမ့်မယ်လို့ မထင်မိဘူး'

'ဒီလူ့ကိုတွေ့ရင် စိစိညက်ညက်ကြေအောင်ချေပစ်မယ်'

လူငယ်သိုင်းသမားများက တစ်ယောက်တစ်ပေါက်မခေတ ချော်ချော်ရှုတ်ပြောဆိုနေကြသည်။



နောက်တစ်နေ့ နေ့လယ်ပိုင်း၊၊

ပင်လယ်ပြင်ထက်ဝယ် ထီးထီးမားမားရှိနေသော ကျွန်း လေးတစ်ကျွန်းအနီးသို့ သင်္ဘောရောက်လာခဲ့သည်။

'အဲဒါ တောင်ပင်လယ် ငမန်းမြို့ကြီး ရိတာမဟိုင် ရှိနေတဲ့ ကျွန်းလေးပါပဲ'

လင်ယုယုက အားလုံးကြားလောက်အောင် လေသံကျယ် ကျယ်ဖြင့် ပြောဆိုလိုက်သည်။

ရီလျုကျင့်က သင်္ဘောကို ပဲ့ကိုင်ကာ လှေထိုးသား ခေါင်းဆောင်အလည်း အပြင်းလှော်ခတ်ပေးသည့်အပြင် လေအေ သည်၊ သင့်တော ရွက်ကို အသုံးပြုနိုင်အောင် ဖြစ်သောကြောင့် ကြာမီမှာပင် ကျွန်းအလေးနှင့် ကိုက်တစ်ရာခန့် အကွာသို့ ရောက်လာကြသည်။

လင်ယုယုက ပဲ့စင်ထက်ဝယ် ရီလျုကျင့်နှင့် အတူရပ်နေ ရာမှ တီးတိုးလေသံဖြင့် မေးသည်။

'ခုရှိပ်မှ နှောင်ရှင်းဆိုသလို ရှင့်ကို မေးထားရဦးမယ်၊ တကယ်လို့ အဲဒီ ကျွန်းပေါ်မှာ စင်ရော်ဂိုဏ်းတို့နဲ့တွေ့ပြီး... တိုက်ကြခိုက်ကြရင် ရှင်ဘယ်ဘက်ကပါမှာလဲ'

'ဘယ်ဘက်ကမှမပါဘဲ ကြားနေမယ်'

'ဟွန်း...ရှဲကလူပါးပဲ'

'ခင်ဗျားတို့ဘက်ကို မပါနိုင်တာ ခွင့်လွှတ်ပါ လင်ယုယုး ဖေဖေဟာ တိုက်ခိုက်နိုင်လောက်တဲ့ စွမ်းအားတွေ မရှိတော့ ဘူးလို့ ခင်ဗျားပဲ ပြောခဲ့တယ်မဟုတ်လား၊ ပြီးတော့ ကျွန် တော်ကလဲ ဒုက္ခိတဖြစ်နေတာဆိုတော့ ခင်ဗျားတို့နှစ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာ ကျွန်တော်တို့သားအဖဟာ ဘယ်အရာကိုမှမလိုချင်တဲ့အောင်ဖြစ်နေပါတယ်'

'ရှင် ဗီလိုကြားနေတာကို စင်ရော်ဂိုဏ်းချုပ်က လက်ခံမှာမလား'

'သူဟာ ရတနာသိုက်ကိုပဲ အဓိကထားတာပါ၊ ကျွန်တော်တို့သားအဖကို အရေးစိုက်တာမဟုတ်ပါဘူး'

'ရတနာသိုက်ကို တွေ့အောင်ရှာပြီးရင် စင်ရော်ဂိုဏ်းချုပ်က ရှင်တို့သားအဖကို ဗီအတိုင်းထားမှာလား'

'စိတ်မထင်ရင် သတ်ပစ်ဖို့များတယ်'

'ဒါဆို ရှင်က ဘာကြောင့် ကြားနေရမှာလဲ၊ တတ်နိုင်သလောက် သူ့ကိုခုခံဆိုက်ခိုက်မှာလား'

'ကျွန်တော်က ခြေတစ်ဘက်ကျိုးနေတဲ့ ဒုက္ခိတပဲ၊ ဘယ်လိုလုပ်ပြီး သူတို့လိုသိုင်းအကျော်အမော်တွေကို ရင်ဆိုင်တိုက်ခိုက်နိုင်မှာလဲ၊ ပြီးတော့ ရှင်းရှင်းပြောရရင် ခင်ဗျားတို့နဲ့ပူးပေါင်းတာကို သိရင် စင်ရော်ဂိုဏ်းချုပ်က ကျွန်တော့်ကို ချက်ချင်းသတ်ပစ်မှာသေချာတယ်....

'တကယ်လို့ကြားနေခဲ့ရင် သူစိတ်ကောင်းဝင်ပြီး ချမ်းသာခွင့်ပေးချင်ပေးနိုင်တယ်'

'ကျွန်မကို ထပ်ခုတော့မှန်မှန်ပြောစမ်းပါ၊ စင်ရော်ဂိုဏ်းချုပ်မှာ ဘယ်လိုအကြံအစည်ရှိသလဲ'

'ရတနာတွေရှိတဲ့နေရာကိုသိရအောင် ခင်ဗျားတို့ကို လွှတ်ပေးပြီး သူဟာ လက်ရွေးစင် စင်ရော်ဂိုဏ်းသား သိုင်းအကျော်



အမော်တွေနဲ့အတူ နောက်ယောင်ခံ လိုက်လာဖို့မပါရှိ ကျွန်တော် ပြောခဲ့ပြီးပြီပဲ'

'ဒါပေမယ့် အခုထက်ထိ နောက်ယောင်ခံလိုက်လာနေတဲ့ သင်္ဘောဆိုလို့ အရိပ်အယောင်တောင် မမြင်ရသေးပါလား'

'ကျွန်တော်လဲ အဲဒါကို အံ့ဩနေရတာပါ'

'စောင့်ကြည့်စေ... ကျွန်းပေါ်ရောက်တဲ့အခါ ဘယ်လိုမျှ မျှော်လင့်မထားတဲ့အဖြစ်မျိုးတွေ တွေ့ချင်တွေ့နိုင်တယ်၊ စင်ရော်ဂိုဏ်းချုပ်တို့လူစုလဲ တစ်နည်းနည်းနဲ့ လိုက်လာချင်လိုက်လာနိုင်တယ်၊ တကယ်လို့ ရှင်က ကျွန်မတို့ကို အကောက်ကြံတယ်ဆိုတာသိရရင်တော့ ရှင့်အဖေကိုကော ချမ်းသာမပေးဘူးဆိုတာ ပြောထားချင်တယ်'

× × ×

ကျွန်းကမ်းစပ်တစ်နေရာတွင် သင်္ဘောဆိုက်ကပ်လိုက်၏။ သင်ယုယုက ရီလျံကျင့်နှင့် လျှောထိုးသားခြေထောက်ဦးကို ကျွန်းပေါ်သို့ အရင်တက်နှင့်စေသည်။

ရီလျံကျင့်တို့လူစု ကျွန်းပေါ်သို့ တက်သွားပြီးနောက် လင်ယုယုက သင်္ဘောကုန်းမထိပေါ်တွင် စုရုံးနေကြသော လူငယ်သိုင်းသမားများအား မေးခွန်းထုတ်လိုက်သည်။

'ရှောင်းရင်းတို့...ဘောင်မင်လယ် ငမန်းမြို့ကြီးရှိအာဏာပိုင်ရဲ့ ရတနာသိုက်ထဲက ရတနာပစ္စည်းတွေကို ဘယ်လိုလုပ်ရှာကြမလဲ'

www.burmeseclassic.com

www.burmeseclassic.com



‘အဲဒီပစ္စည်းတွေကို ကျုပ်လက်ရှားနဲ့ မတောင်မတို့ဘူး’

မန်းလှလင်စိုးက ပြုံးသားစွာ အဖြေပေးလိုက်သည်။

‘ကျွန်မမှာရှိတဲ့ ရွှေငွေရတနာတွေဟာ ကျွန်မတစ်သက်စားလို့မကုန်ပါဘူး၊ ရီထာဝေဟိုင်ရဲ့ရတနာသိုက်ကို ကျွန်မလုံးဝစိတ်မဝင်စားဘူး’

ချမ်းသာသူဇေကျုံးရိုကပြောသည်။

‘ကျွန်မဟာ ဆင်းရဲပေမယ့် ဒီပစ္စည်းတွေကိုမမက်မောပါဘူး၊ လိုလဲမလိုချင်ပါဘူး’

ဆင်းရဲသူဇေးရှောင်လုကလည်း ဝင်ပြောသည်။

‘ဒီရတနာပစ္စည်းတွေဟာ ဓားပြဗိုလ်ကြီး ရီထာဝေဟိုင်က မတရားလုယက်တိုက်ခိုက်ထားတာတွေပဲဟုတ်လား၊ အဲဒါတွေကို ကျွန်မတို့က မယူဘူးဆိုရင် ရီထာဝေဟိုင်တို့သားအဖ စိတ်ကြိုက်သုံးဖို့ ပုံအပ်လိုက်ရမလား’

ဟာသ်ာစမ်းလျှိုစိမ်းက သူ၏ထင်မြင်ချက်ကို ပြောသည်။

‘ဟုတ်တယ်၊ အဲဒီပစ္စည်းတွေကို ရီထာဝေဟိုင်တို့ သားအဖ လက်တော့မအပ်သင့်ဘူး’

ဟာသ်ာနတ်မင်းကျုံးက ထောက်ခံပြောကြားသည်။

‘ဒီလိုဆိုရင်လဲ အဲဒီရတနာသိုက်ထဲက ပစ္စည်းတွေကို အညီအမျှခွဲပြီး တစ်ယောက်တစ်စုစီယူကြတာပေါ့’

ပလွှလုလင်စင်ထန်းက ဝင်ဖောက်လိုက်သည်။

‘ဟာ… အသည်လိုလုပ်လို့ ဘယ်ဖြစ်မှာလဲ၊ ကျွန်တော်တို့က ရှမိုးဓားပြတွေမှမဟုတ်တာ’

ကျားပြူရှန်ဆိုင်က ကန့်ကွက်ပြောဆိုသည်။



‘လင်ယုယုကရော ရတနာပစ္စည်းတွေနဲ့ ပတ်သက်ပြီး… ဘယ်လိုလုပ်ဖို့ကြံစည်ထားလဲ’

စိန်ကျားသစ်က လင်ယုယုကိုလှမ်းမေးသည်။

‘ကျွန်မ အဲဒီပစ္စည်းတွေကို ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာ သုံးနိုင်အောင်လို့ ဆက်ဆိုင်ရာကိုအပ်ဖို့ စိတ်ကူးထားပါတယ်’

‘ဟာ… ဒါအကောင်းဆုံးပဲ၊ သည်ပစ္စည်းတွေ သည်လို လုပ်မှဖြစ်မှာပေါ့’

‘လင်ယုယုက စိတ်ကူးအကောင်းသားပဲ’

လင်ယုယု၏အကြံကို အားလုံးကဝိုင်းဝန်းထောက်ခံကြ၏။

‘ကျွန်မအနေနဲ့ တစ်ခုတော့ စိုးရိမ်မိတယ်၊ ရီထာဝေဟိုင်ရဲ့ ရတနာသိုက်ထဲက ပစ္စည်းတွေဟာ မနည်းဘူးနော်၊ ဒီလောက်များပြားတဲ့ရတနာတွေကို ကိုယ်တွေ့မျက်မြင် တွေ့ရတဲ့အခါမှာ လောဘဇောကို မထိန်းနိုင်တဲ့ စိတ်ရိုင်းတွေ ဝင်ချင်ဝင်လာနိုင်တယ်၊ အဲဒါကိုတော့ သတိထားဖို့လိုတယ်’

လင်ယုယုက ဆက်ပြောလိုက်သည်။

‘ဟာ… သည်လူစုထဲမှာ သည်လိုလောဘဇောတိုက်မယ့်လူ မပါပါဘူး’

ယက္ခတုတ်လိုဖိန်ကပြောသည်။

‘သည်လိုစကားကုန်မပြောနဲ့လေ၊ လင်ယုယု ပြောပြတာ ဟုတ်တယ်၊ အခုနေအခါမှာတော့ မတရားရတဲ့ ပစ္စည်းကို မမက်မောပါဘူး၊ ဘာညာနဲ့ ပြောနေနိုင်ပေမယ့် တကယ်တမ်း ရတနာပစ္စည်းတွေကို မျက်မြင်ကိုယ်တွေ့ တွေ့တဲ့အခါကျရင်

www.burmeseclassic.com

www.burmeseclassic.com



စော့ စိတ်ရိုင်းဝင်ချင်ဝင်လာနိုင်တယ်၊ သည်တော့ ကိုယ့်စိတ်ကိုယ်နိုင်အောင် ကြည့်ထိန်းကြဖို့လိုတယ်'

ဘဘလုလင်စိန်ကျော်က သတိပေးစကား ပြောလိုက်၏။

'ကဲ... လာ၊ ကျွန်းပေါ်ကိုတက်ကြရအောင်'

လင်ယုယုက ဤသို့ပြောကာ သင်္ဘောပေါ်မှ ဆင်းပြီး ကျွန်းလေးပေါ်သို့တက်လာခဲ့ကြသည်။

ကျန်လူငယ်သိုင်းသမားများလည်း လင်ယုယု၏နောက်မှ တစ်ယောက်ပြီးတစ်ယောက် လိုက်ပါလာခဲ့ကြသည်။

သင်္ဘောပေါ်တွင် မြားနတ်ရှင်မုန့်ကျူးနှင့် စိန်ကျော်သစ်ချူးကျင့်ပေဟွေးတို့ အစောင့်အဖြစ် ကျန်နေခဲ့ကြသည်။

'ကျွန်မတို့ သတိရှိကြဖို့လိုတယ်၊ စင်ရှော်ဂိုဏ်းချုပ်တို့လူစုဟာ ဒီကျွန်းလေးပေါ်ကို တစ်နည်းမဟုတ် တစ်နည်း ရောက်လာလိမ့်မယ်လို့ ကျွန်မစိတ်ထဲမှာ အတတ်သိထားနေတယ်'

လူငယ်သိုင်းသမားနှစ်ဆယ့်နှစ်ယောက်တို့ ကျွန်းပေါ်သို့ စုံစုံညီညီရောက်ရှိလာပြီးသောအခါ လင်ယုယုက ပြောလိုက်သည်။

'သူတို့က ကျွန်တော်တို့သင်္ဘောကို နောက်ယောင်ခံလိုက်လာကြတာမှမဟုတ်ဘဲ၊ ဘယ်လိုလုပ်ပြီး သည်ကျွန်းကိုရောက်လာနိုင်မှာလဲ'

ကျားဖြူရှန်အိုဝ်က အံ့ဩသောအသွင်ဖြင့်မေးသည်။

'ဒီမေးခွန်းကို ကျွန်မ မဖြေတတ်ဘူး၊ ဒါပေမယ့် စင်ရှော်ဂိုဏ်းချုပ်တို့ ရောက်လာကြလိမ့်မယ်လို့တော့ သိနေတယ်'



'ဟုတ်တယ်၊ လင်ယုယုပြောတာမှန်တယ်၊ ကျွန်တော့်စိတ်ထဲမှာလဲ စင်ရှော်ဂိုဏ်းချုပ်တို့လူစုနဲ့ ရင်ဆိုင်တိုးရလိမ့်မယ်လို့တော့ သိနေတယ်'

မလွှလုလင်ဝင်ထန်းကသည်း ဝင်ပြောသည်။

ထိုအခိုက် ငမန်းနက်လေးရိုချိုကျင့်က လင်ယုယုအနီးသို့ တိုးကပ်လာပြီး သူ၏လိုလားချက်ကို တောင်းဆိုသည်။

'လင်ယုယု... ဖေဖေ့ကို ကျွန်တော် တွေ့ချင်လှပါပြီဗျာ... ဖေဖေဘယ်မှာရှိတယ်ဆိုတာကိုသာ ပြောပြစမ်းပါ'

'စောင့်ပါဦးလေ၊ အချိန်တန်တော့ သိရမှာပေါ့၊ ကဲ... လာကြ၊ ကျွန်းပေါ်က အနေအထားတွေ သွားကြည့်ကြရအောင်'

လင်ယုယုက ဤသို့ပြောလိုက်ပြီး ကျွန်းပေါ်သို့ဆက်တက်လာခဲ့သည်။ ကျန်လူများလည်း နောက်မှလိုက်လာကြ၏။

ကျွန်း၏ အလယ်ပိုင်းလောက်တွင်ရှိသော တောင်ကုန်းလေးပေါ်သို့ရောက်လာကြသည်။

'ဒီနေရာက နေရာကောင်းပဲ၊ ကုန်းမြင့်လဲဖြစ်တယ်၊ ကျွန်းပတ်ပတ်လည်ကိုလဲ အထက်စီးကနေပြီး မြင်နိုင်တွေ့နိုင်တယ်၊ ဒီမှာ ခဏစခန်းချပြီး...'

'ဟိုမှာ... ဟိုမှာ... ကြည့်ကြစမ်းပါဦး၊ သင်္ဘောပေါ်မှာ ဘာတွေဖြစ်နေတာလဲ'

လင်ယုယု၏စကားမဆုံးမီမှာပင် ပလွှလုလင်ဝင်ထန်းက အလန့်တကြားအော်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောဆိုက်ကပ်ထားရာသို့ အားလုံး လှမ်းကြည့်လိုက်ကြသည်။

သင်္ဘောပေါ်ဝယ် ရှုန်းရင်းဆန်ခတ်ဖြစ်ကာ တိုက်ခိုက်နေကြသည်ကို တွေ့ကြရသည်။

အတော်အလှမ်းဝေးနေသောကြောင့် မည်သူနှင့် မည်သူတို့ တိုက်ခိုက်နေကြမှန်းကိုမူ မသိရပေ။

သူတို့အားလုံး သင်္ဘောဆိုက်ကပ်ထားသည့် ကမ်းစပ်သို့ အရောက်ဆင်းပြေးကြတော့သည်။

ကမ်းစပ်သို့ ရောက်သောအခါတွင် ခေါ်းခက်ရာများဖြင့် သေဆုံးနေသော စိန်ကျားသစ်ချုံးကျင့်ပေါ့နှင့် မြားနတ်ရှုပ်ရှန့်ကျူးတို့၏အလောင်းများကို ကမ်းစပ်ဒရပြင်နားတွင် တွေ့လိုက်ရသည်။

သင်္ဘောမှာမူ ကမ်းစပ်နှင့် ပေ ါးရာခန့်အကွာသို့ ရောက်ရှိနေကြောင်း တွေ့ရသည်။

ထို့ပြင် သင်္ဘောကုန်းပတ်ပေါ်ဝယ် လူတစ်စုက မားမား မတ်မတ် ရပ်နေကြသည်ကိုလည်း လှမ်းမြင်ကြရသည်။

ထိုလူများမှာ စင်ရော်ကိုက်းချုပ်အမှူးပြု၍ ရွှေဆံထုံးမယ်ဆယ့်တစ်ဖော်နှင့် အဆိပ်မိကျောင်းစိမ်းကုံး၊ တောင်ပင်လှယ်ခေါ်းပြုဂိုဏ်း၏လက်ထောက်ပိုလိဟောင်းများဖြစ်ကြသည်။

'တောက်.... ကျွန်မတို့ ညံ့လွန်းပါတယ်၊ သူတို့တတွေ သင်္ဘောစမ်းထဲမှာ လျှို့ဝှက်ခန်းလုပ်ပြီး ပုန်းလာကြတယ်ဆိုတာကို တွေးမိဖို့ကောင်းတယ်'

လင်ယုယုက မကျေမချမ်း ရေရွတ်လိုက်သည်။



'ဟား....ဟား....ဟား....ရှင်တို့ ဘာတတ်နိုင်ကြသေးလဲ.... ဟား....ဟား....ဟား'

စင်ရော်ကိုက်းချုပ်က ကျေနပ်အားရစွာရယ်မောရင်း ဟစ်အော်ပြောလိုက်သည်။

'ခင်ဗျားတို့ သတ္တိရှိရင် ကျွန်းပေါ်တက်လာခဲ့ကြ၊ သူသေကိုယ်သေတိုက်ကြမယ်'

ကျားဖြူရှန့်အိုင်က မကျေမချမ်းဖြင့်ပြန်အော်ပြောသည်။

'ကျွန်းပေါ်ကို တက်လာပြီး တိုက်နေစရာ မလိုပါဘူး။ ဟောဒီကျွန်းပေါ်မှာ မီးဆိုက်ရော သစ်ပင်ကြီးကြီးမားမားလည်းမရှိဘူး၊ ပတ်ပတ်လည်အလဲ ပင်လယ်ပြင်ဝိုင်းနေတယ်၊ ဒီတော့ ရှင်တို့တတွေ သားစိမ်းငါးစိမ်းပဲ စားနေကြရမှာပဲ၊ ဒီလိုစားနေရပေမယ့် နောက်တစ်လ နှစ်လလောက် ကြာရင် ရှင်တို့အားလုံး ဝပ်ပြတ်ပြီး အားအင်ချိနဲ့ကုန်ကြမှာပဲ၊ အဲဒီအချိန်ကျမှ ကျွန်မတို့ အေးအေးဆေးဆေး ကျွန်းပေါ်တက်ပြီး ရှင်တို့အားလုံးကို ကြက်ငှက်လေးတွေလိုဖမ်းပြီး အေးဆေးသတ်လိုက်ရုံပဲရှိတယ်....

ပြီးမှ ရီတာဟိုင်ရဲ့ရတနာသိုက်ထဲက ပစ္စည်းတွေကို အေးအေးဆေးဆေးယူမယ်'

'ရှဒ်က ရီတာဟိုင်ရဲ့ရတနာသိုက်ထဲက ပစ္စည်းတွေကို ရနိုင်မယ်ထင်နေတာကိုး'

လင်ယုယုက အော်ပြောလိုက်သည်။

'အခုဆိုရင် အဲဒီရတနာသိုက်ဟာ ကျွန်မရဲ့လက်ဝယ်ရောက်ရှိနေပါပြီ....ဟဲ....ဟဲ....ဟဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်အပိုင်တွက်မထားပါနဲ့လေ၊ အဲဒီရတနာတွေကို ရှင်မရနိုင်ပါဘူး'

'ဘာလဲ…ရှင်တို့က ရတနာပစ္စည်းတွေကို ဝါးစားပစ်ကြမလို့လား'

'ဝါးမစားပါဘူး၊ ဒါပေမယ့် အဲဒီရတနာပစ္စည်းတွေကို ပင်လယ်ထဲပစ်ချလိုက်မယ်'

'အောင်မလေး…ခွေးမလေး၊ နင်လုပ်ဝံ့လုပ်ကြည့်စမ်း၊ အဲဒီလိုလုပ်တာနဲ့ နင့်အကောင် ကိန်လော့ကို အသေသတ်ပစ်မယ်'

စင်ရော်ဂိုဏ်းချုပ်က ဒေါသတကြီးပြောသည်။

'သည်လို မဟုတ်တမ်းတရားတွေပြောမနေပါနဲ့၊ ကိန်လော့ ရှင်တို့လက်ထဲမှာ မရှိတော့ဘူးဆိုတာ ကျွန်မသိပါတယ်'

'ကောင်းပြီ၊ ကျွန်မလူတွေက ရေကောင်းကောင်း ငုပ်တတ်တယ်၊ ရတနာပစ္စည်းတွေကို ပင်လယ်ထဲ ပစ်ချပေမယ့် ပြန်ဆယ်နိုင်ပါတယ်'

'ရတနာတွေကို တစ်နေရာတည်းမှာ ပစ်ချမှာမဟုတ်ဘူး၊ ကျွန်းပတ်ပတ်လည်က ပင်လယ်ပြင်မှာ နေရာအနှံ့လိုက်ချထားလိုက်မယ်၊ ရေငုပ်ပြီးဆယ်နိုင်ရင် ဆယ်ယူကြပေါ့'

'အေး…အဲဒီလိုလုပ်တယ်ဆိုရင် ရှင်တို့အားလုံး ဒီထက်လိုလဲ မရ၊ အသက်လဲဆက်မရှင်ချင်တော့တဲ့ အခြေအနေမျိုးရောက်အောင်လုပ်ပစ်မယ်၊ ကဲ… စကားသိပ်မပြောချင်တော့ဘူး၊ နောက်လမှပဲ ပြန်တွေ့ကြပါစို့'

စင်ရော်ဂိုဏ်းချုပ်က ဤသို့ပြောပြီး လက်မြှောက်ကာ အချက်ပြလိုက်သည်။



မကြာမီမှာပင် သင်္ဘောသည် ကျွန်းငယ်လေးနှင့် ဝေးရာသို့ ဦးတည်ကာ ထွက်သွားလေတော့သည်။

× × ×

'အင်း…သည့်အတိုင်းဆိုရင် ရတနာသိုက်တော့ စင်ရော်ဂိုဏ်းချုပ်ရဲ့လက်ထဲ ရောက်တော့မှာပဲ'

တဖြည်းဖြည်းဝေးသွားသော သင်္ဘောကို ငေးကြည့်ရင်း ကျော်မြ ရှိန်အိုင်က ပြောလိုက်သည်။

'သူတို့ ရတနာသိုက်ကို ရှာမတွေ့နိုင်ပါဘူး၊ သည်ကျွန်းပေါ်မှာလဲ ဘာရတနာသိုက်မှလဲမရှိပါဘူး'

လင်မယ်ယုက စကားတစ်လုံးချင်းပြောလိုက်သည်။

'ဟင်…ရီတာဟိုင် သောင်တင်နေတဲ့ ကျွန်းမှာ ရတနာသိုက်လဲ ရှိခဲ့တယ်ဆို၊ အခု ဘယ်လိုဖြစ်သွားရပြန်တာလဲ'

ပလေ့လုလင်ဝင်ထန်းက ပြောလိုက်သည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် အခု ကျွန်မတို့ရောက်နေတာ ရီတာဟိုင် သောင်တင်နေတဲ့ မိစ္ဆာကျွန်းမှမဟုတ်ဘဲ'

လင်မယ်ယု၏စကားကြောင့် အားလုံး အံ့အားသင့်ကုန်ကြသည်။

'ဒါ… မိစ္ဆာကျွန်းမဟုတ်ဘူးလား၊ သည်လိုဆိုရင် ပဲဖေ့ကိုလဲ ဘယ်တွေ့နိုင်တော့မှာလဲ'

ရီလျှံကျင့်ကသည်၊ စိတ်ပျက်အားလျှော့စွာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်မတို့နေ့စက်ကို စင်ရော်ကိုက်းချုပ်ဖို့က တစ်နည်း မဟုတ် တစ်နည်းနည်းနဲ့ နေ့စက်ဖောင်ခံ လိုက်လာကြမယ် ဆိုတာ ကြိုတွက်ထားမိလို့ ကျွန်မက ဟောဒီကျွန်းလေးပေါ်ကို တမင်လာခဲ့တာပေါ့…

‘ဒီကျွန်းပေါ်မှာ စင်ရော်ကိုက်းချုပ်တို့နဲ့ တစ်ပွဲတစ်လမ်း ရှင်းပြီး ကျွန်မတို့ဘက်ကအနိုင်ရမှ တကယ့်ရတနာသိုက်ရှိနေတဲ့ မိစ္ဆာကျွန်းကိုသွားမယ်လို့ ကြံထားခဲ့တာပါ’

‘ခြော်… လက်စသတ်တော့ လင်ယုယုက တယ်ဉာဏ်ကောင်းတာပဲ၊ ဘာပဲဖြစ်ဖြစ် အခုလိုဆိုတော့ ရတနာသိုက်ဟာ စင်ရော်ကိုက်းချုပ်လက်ထဲ မရောက်နိုင်တော့ဘူးပေါ့’

ကျားဖြူရှန့်အိုင်က ခေါင်းတညိတ်ညိတ်နှင့်ပြောသည်။

‘ကဲ…အခု ဘယ်လိုဆက်လုပ်ကြရင် ကောင်းမလဲ’

ပလေ့လုလင်ဝင်ထန်းက မေးခွန်းထုတ်သည်။

‘ကျွန်မတို့တတွေ အေးအေးသက်သာနေနိုင်မယ့် လိုဏ်ဂူတစ်ခုခုဖြစ်ဖြစ်၊ နေရာထိုင်ခင်းသာတဲ့ နေရာတစ်ခုခုဖြစ်ဖြစ် ရှာကြရမှာပေါ့၊ ဒီတာဝန်ကိုတော့ ကျားဖြူရှန့်အိုင်ရယ်၊ ပလေ့လုလင်ဝင်ထန်းရယ်၊ ကြယ်ပျံယွှေဟုံရယ်ကို တာဝန်ပေးရမှာပဲ’

လင်ယုယုက ပြောလိုက်သည်။

ထို့နောက် ပလေ့လုလင်ဝင်ထန်း၊ ကျားဖြူရှန့်အိုင်နှင့် ကြယ်ပျံယွှေဟုံတို့သုံးယောက်သား နေရာထိုင်ခင်း လိုက်ရှာရန် ထွက်သွားကြသည်။



ကျန်လူများမှာ ပင်လယ်ဓားစာပြတွင် ကျန်နေခဲ့ကြသည်။ မကြာမီမှာပင် ထိုသူသုံးယောက် ပြန်လည်ရောက်လာကြပြီး ကျွန်းကလေး၏ အနောက်ဘက်ပိုင်း၌ လူသုံးဆယ်ကျော် ကောင်းကောင်း နေနိုင်သည့် သဘာဝ ကျောက်လိုဏ်ဂူကြီး တစ်ခု ရှာဖွေတွေ့ရှိကြောင်း လာပြောသည်။

★

www.burmeseclassic.com

## အခန်း ( ၁၀ )

ကိန်လွေ့၏ရွှင်လှေ မိစ္ဆာကျွန်း အနောက်ဘက်ကမ်းခြေတွင် ဆိုက်ကပ်မိချိန်မှာ နေ့လယ်ပိုင်းအချိန်ဖြစ်သည်။

လှေပေါ်တွင် ကိန်လွေ့၊ ကျောနက်ရှည်ကျွင့်နှင့် သန်းကြွယ်လုလင်ရှောင်ပင်းတို့ သုံးဦးသာ ပါရှိလာသည်။

ရွှင်လှေကို ကမ်းစပ်တွင် သေသေချာချာကျောက်ချထားပြီး သုံးယောက်သား ကျွန်းပေါ်သို့ တက်လာခဲ့ကြသည်။

'ကျွန်းပတ်ပတ်လည်မှာ ဘာလှေ၊ ဘာသင်္ဘောမှလဲ မတွေ့ရဘူး၊ ကျွန်တော်တို့ရှေ့က ထိပ်နောက်ကျနေပြီလား မသိဘူး'

ကျွန်းပေါ်သို့တက်လာရင်း ကိန်လွေ့ကပြောသည်။



'လူယယ်သိုင်းသမားတွေအားလုံး နှစ်ဆယ့်လေးယောက်တောင် စုစုဝေးဝေးရှိနေကြတာပဲ၊ စင်ရော်ဂိုဏ်းသားတွေကို ကောင်းကောင်းရင်ဆိုင်နိုင်ပါလိမ့်မယ်၊ ကဲ...သေသေချာချာသိရအောင် ကျွန်းပေါ်ကိုလိုက်ကြည့်ကြစို့'

ရှောင်ပင်းကပြောလိုက်သည်။

ကျွန်း၏အနောက်ဘက်ပိုင်းတွင် လိုက်လံကြည့်ရှုကြသည်။ ဘာထူးခြားချက်မျှမတွေ့ရ။

'ကိုင်း....ကျွန်းအရှေ့ဘက်ပိုင်းကို သွားကြည့်ကြရအောင်၊ ရတနာသိုက်က အဲဒီ အရှေ့ပိုင်းမှာရှိတာဆိုတော့ တိုက်ပွဲဖြစ်မယ်ဆိုရင် ကျွန်းအရှေ့ဘက်ပိုင်းက သစ်ပင်အုပ်လေးထဲမှာ ဖြစ်ဖို့များတယ်'

ကိန်လွေ့ကပြောလိုက်ပြီး ကျွန်းအရှေ့ဘက်ပိုင်းသို့ လမ်းပြခေါ်လာခဲ့သည်။

သစ်ပင်အုပ်လေးထဲဝယ် စေ့စေ့စပ်စပ်လိုက်လံရှာဖွေကြည့်သော်လည်း တိုက်ပွဲဖြစ်သည့် အရိပ်လက္ခဏာများကို မတွေ့ရပေ။ သုံးယောက်သား အတွေးရခက်သွားကြကာ တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ကြသည်။

'ဘယ်လိုဖြစ်တာပါလိမ့်၊ ဒီနေရာမှာလဲ တိုက်ကြခိုက်ကြတဲ့ လက္ခဏာ မတွေ့ရဘူး'

ကိန်လွေ့က ခေါင်းကုတ်ပြီးပြောသည်။

'သူတို့ ကျွန်းပေါ်မရောက်ဘဲ ပင်လယ်ပြင်မှာပဲ တိုက်ပွဲဖြစ်ကြတယ်နဲ့တူတယ်'

ရှောင်ပင်းက ထင်မြင်ချက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားပြောတာ ဖြစ်နိုင်တယ်၊ စိမ်းကိုးတို့တတွေက ပင်ဆယ်ဓားပြ လက်ဟောင်းတွေပဲ၊ ပင်လယ်ပြင်မှာ တိုက်ခိုက်တာ တော်တော်ကျွမ်းကျင်တယ်၊ ဝါသနာလဲပါတယ်'

ကျားနက်ရှန့်ကျင့်က ထောက်ခံစကားပြောသည်။

'ရတနာသိုက်ကို သွားပြီးစစ်ဆေးကြည့်ရင် မကောင်းမယ်ထင်တယ်'

ရောင်ပင်းက အကြံပေးပြန်သည်။

'ဟုတ်တယ်၊ တကယ်လို့ စင်ရော်ဂိုဏ်းသားတွေက အနိုင်ရသွားတယ်ဆိုရင် ရတနာသိုက်ထဲမှာ ရတနာပစ္စည်းတွေကျန်တော့မှာမဟုတ်ဘူး'

ကိန်လှေ့က ဤသို့ပြောပြီး ရှန့်ကျင့်နှင့်ရောင်ပင်းတို့ကို ရတနာသိုက်ရှိရာ လှိုဏ်လိုဏ်ဂူသို့ခေါ်လာခဲ့သည်။

တမ်းတွင် ရီဟာတိုင်ကို ရှာကြည့်သေးသည်။ မိစ္ဆာကျွန်း၏ အဘိုးကြီး၏အရိပ်အရောင်ကိုပင်မမြင်ရ။ ဘယ်နေရာရောက်နေသနည်းဟုပင် ကိန်လှေ့ စဉ်းစားမိသည်။

ရတနာများရှိရာ လိုဏ်ဂူသို့ရောက်လာကြသည်။ ကိန်လှေ့က လိုဏ်ဂူတွင်ပိတ်ထားသော ကျောက်တုံးကြီးကို ဖွင့်ပေးလိုက်သည်။

ထို့နောက် သုံးယောက်သား လိုဏ်ဂူထဲသို့ဝင်လာသည်။ နေရောင်ခြည်ထိုးနေသဖြင့် လိုဏ်ဂူထဲ၌ လင်းလင်းချင်းချင်းရှိနေသည်။

လိုဏ်ဂူအတွင်းဘက်ဝယ် ဆင့်ကာထပ်ထားသောသေတ္တာကြီးများကိုတွေ့ရသည်။



ရောင်ပင်းနှင့် ရှန့်ကျင့်က သေတ္တာနှစ်လုံးသုံးလုံးခန့်ကိုဖွင့်ကြည့်ကြသည်။

သေတ္တာထဲတွင် ကျောက်မျက်ရတနာများ၊ ပုလဲများ၊ ရွှေဒင်္ဂါးများ၊ လက်ဝတ်ရတနာပစ္စည်းများ အပြည့်ရှိနေသည်ကို တွေ့ရသည်။

'အင်း...ဒီရတနာသိုက်ထဲမှာရှိနေတဲ့ရတနာတွေက မနည်းပါလား၊ အားလုံး သေတ္တာနှစ်ဆယ့်လေးသေတ္တာ ရှိတယ်ဆိုတော့၊ မရှိဘူးဆို ဟန်ဖိုး သိန်းနှစ်ထောင်လောက် တန်မှာပဲနော်'

ကျောက်မျက်ရတနာ ပစ္စည်းများအကြောင်း နားလည်သော သန်းကြွယ်လုလင်ရောင်ပင်းက မှတ်ချက်ချသည်။

'ရတနာပစ္စည်းတွေ ခြေရာလက်ရာမပျက် ရှိနေပုံထောက်ရင်တော့ ဒီကျွန်းပေါ်ကို စင်ရော်ဂိုဏ်းချုပ်တို့လူစု မရောက်သေးဘူးထင်တယ်'

ကိန်လှေ့က စဉ်းစဉ်းစားစားပြောသည်။

'ဒီလိုဆိုရင် သူတို့တွေ ဘယ်ရောက်နေကြတာလဲ'

ကျားနက်ရှန့်ကျင့်က မေးသည်။

'မစဉ်းစားတတ်တော့အောင်ပါပဲဗျာ၊ ကဲ... အပြင်ပြန်ထွက်ကြစို့'

ကိန်လှေ့က ပြန်ပြောပြီး ရတနာသိုက်ရှိရာ လိုဏ်ဂူထဲမှပြန်ထွက်လာခဲ့သည်။ လိုဏ်ဂူအပြင်ဘက်သို့ ရောက်သောအခါတွင် ငမန်းဖြူကြီးရီဟာတိုင်နှင့် ရင်ဆိုင်တိုးမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'အောက်...ခွေးအောင်အေး ကတိမတည်ဘူး၊ မင်းက ဒီကျွန်းကို အပ်မလာတော့ပါဘူးဆိုပြီး ဒါ ဘာလာလုပ်တာလဲ၊ မင်းက ငါ့ရဲ့ရတနာသိုက်ကို လိုချင်လို့ အဖော်တွေပါခေါ်လာတာလား'

ရီတာဟိုစ်က ဒေါသတကြီးပြောကာ ညာလက်တွင်ကိုင်ထားသော ဗုံးဆိန်ဖြင့် ကိန်လေ့ကို အတင်းဝင်ခုတ်သည်။

ကိန်လေ့က အသာတိမ်းရှောင်ပြီး ရီတာဟိုင်၏ညာလက်ကို ခြေထောက်ဖြင့် ခတ်ထုတ်လိုက်သည်။

ရီတာဟိုင်၏လက်မှ ပုဆိန်လွတ်ထွက်သွားသည်။ ကိန်လေ့အ ရှေ့တစ်ကွက်တက်၍ လက်ဝါးတစ်ချက် ခတ်ခနဲရိုက်ထုတ်လိုက်သည်။

ရီတာဟိုင် လက်ဝါးချက်ထိကာ မြေကြီးပေါ် ဖင်ထိုင်လျက် လဲကျသွားသည်။

အမှန်စင်စစ် ရီတာဟိုင်၏သိုင်းပညာမှာ အတော်အစွမ်းထက်မြက်သည်။ ကိန်လေ့ထက်ပင် သာလွန်သည်။ သို့သော် လူဆိုးကင်းမဲ့ပြီး အစားအသောက်ရှားပါးသည့် မိစ္ဆာကျွန်းပေါ်တွင် နှစ်ရှည်လများ အငတ်ငတ်အပြတ်ပြတ် နေလာခဲ့ရသည့်အတွက် ရီတာဟိုင်မှာ အာဟာရချို့တဲ့ပြီး အားအင်ယုတ်ယုတ်နည်းပါးနေသည်။

ထို့ကြောင့် ကိန်လေ့နှင့် ရင်ဆိုင်ရာတွင် အစဆိုက် ခွန်စိုက်ဖြင့် အကြိတ်အနယ် မတိုက်ခိုက်နိုင်ဘဲ အရေးနိမ့်သွားခြင်းဖြစ်သည်။



'ကျွန်တော်တို့ ဒီကိုလာတာ အဘရဲ့ရတနာသိုက်ကိုလိုချင်လို့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ရဲ့ အပေါင်းအသင်းတွေကို ကူညီပေးရအောင်လာခဲ့တာပါ'

'ဒီကျွန်းပေါ်မှာ ငါ့အပြင် တခြားဘယ်သူတွေများရှိနေသေးလို့လဲ'

'အခုရက်ပိုင်းအတွင်းမှာ သည်ကျွန်းပေါ်ကိုလာကြတဲ့လူတွေ မရှိဘူးလား'

'မရှိဘူး၊ မင်းတို့သုံးယောက်အပြင် တခြားဘယ်သူ့တွေမှ ရောက်မလာကြသေးဘူး'

ကိန်လေ့သည် ရီတာဟိုင်နှင့် အချီ အချ ပြောနေရာမှ ရောင်ပင်းတို့ဘက်သို့လှမ်းကြည့်ကာပြောသည်။

'သည်အတိုင်းဆိုရင် သူတို့တတွေ သည်ကျွန်းပေါ်ရောက်မလာသေးတာ သေချာနေပြီ'

'ရှန့်ကျင့်ပြောသလို သူတို့တတွေ ပင်လယ်ပြင်မှာပဲ ဆုံမိပြီး တိုက်ခိုက်နေကြပြီနဲ့တူတယ်'

ရောင်ပင်းကလည်း စဉ်းစဉ်းစားစားဖြင့်ပြောသည်။

'ဟော့...မင်းတို့ပြောနေကြတာက ဘယ်သူတွေလဲ'

ရီတာဟိုင်က ကြားဝင်မေးလိုက်သည်။

'ကျွန်တော်တို့ရဲ့မိတ်ဆွေ လူငယ်သိုင်းသမားနှစ်ယောက်လေးယောက်နဲ့ သူတို့ကိုလိုက်ပြီး အန္တရာယ်ပြုနေတဲ့ စင်ရော်ဂိုဏ်းသားတွေကို ပြောနေတာပါအဘ'

ကိန်လေ့က ပြန်လည်အဖြေပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'စင်ရော်ဂိုဏ်း....ဟုတ်လား၊စင်ရော်ဂိုဏ်းချုပ် ပျက်စီး[illegible] ကွဲသွား၊ ထာကြာပြီပဲ၊ဘယ်ကနေ ပြန်ပေါ်လာတာလဲ'

ရီတာဟိုင်က တအံ့တသြမေးသည်။

'ဟုတ်ကဲ့၊ စင်ရော်ဂိုဏ်းက အခု ပြန်ပြီးခေါင်းထောင်[illegible] လာပြန်ပြီခင်ဗျ၊ အဘရဲ့လက်ထောက်ဗိုလ် အဲဆိပ်မိကျော်[illegible] တို့လူစုကို စင်ရော်ဂိုဏ်းက ဂိုဏ်းဝင်အဖြစ် စည်းရုံးသိမ်းသွင်း[illegible] ထားတဲ့အပြင် ငမန်းကျွန်းပေါ်မှာပဲ အခြေစိုက်ထားတယ်၊ အဘရဲ့သား ရီလျှံကျင့်ကိုယ်တိုင်လဲ စင်ရော်ဂိုဏ်းဝင် [illegible] ယောက် ဖြစ်နေပါပြီ'

ရောစ်ပင်းက အကြောင်းစုံကို ရှင်းပြလိုက်သည်။

'ဟာ....မဖြစ်နိုင်တာ၊ စိမ်းကုံးတို့လူစု ငါ့ကို ပုန်ကန်[illegible] လုပ်ကြံကြတယ်ဆိုတာ ရီလျှံကျင့် ကောင်းကောင်းသိတာ[illegible] သူက ဒီကောင်တွေနဲ့ အတူတူပူးပေါင်းမှာမဟုတ်ပါဘူး'

ရီတာဟိုင်က မယုံကြည်နိုင်သောအသွင်ဖြင့် ပြောသည်။

'ရီလျှံကျင့်ကိုကြည့်ရတာ စိတ်ပါလို့ ပူးပေါင်းနေတာ[illegible] တော့ ဟုတ်ဟန်မတူပါဘူး၊ သူ့မှာ အခုဆိုရင် ခြေထော[illegible] တစ်ဘက်ပြတ်ပြီး ဒုက္ခိတတစ်ပိုင်း ဖြစ်နေရရှာတယ်၊ [illegible] ကြောင့် စင်ရော်ဂိုဏ်းချုပ်ကို မလွန်ဆန်နိုင်တဲ့ သူ နိုင်[illegible] သမျှ လုပ်နေရတာဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ထင်တာ[illegible]'

ကိန်လွှေ့က ဝင်ပြောလိုက်သည်။

'အခု တစ်စခန်းထလာတဲ့ စင်ရော်ဂိုဏ်းရဲ့ ဂိုဏ်း[illegible] မိန်းကလေးတစ်ယောက်လား'

ရီတာဟိုင်က မေးသည်။



'ဟုတ်ပါတယ်'

ကိန်လွှေ့က ပြောလိုက်သည်။

'ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ကြရင် ကောင်းမလဲ'

ရှန့်ကျင့်က ဝင်မေးပြန်သည်။

'ဒီကျွန်းပေါ်မှာ ခေါင်းရက်လောက် ထပ်ပြီး စောင့် ကြည့်နေရင် ကောင်းလိမ့်မယ်ထင်တယ်'

'မင်းတို့ လေးငါးရက်လောက်ထပ်နေတာက ဟုတ်ပါပြီ၊ ငါ့ရဲ့ရတနာတွေကို မလှုပါဘူးလို့ ကတိပေးထားတာကိုတော့ မမေ့ကြနဲ့ဦးနော်'

မိမိရတနာများအတွက် စိုးရိမ်မိသောရီတာဟိုင်က ကမန်းကတန်းဝင်ပြောသည်။ရီတာဟိုင်မှာ မဘတ်သာသောကြောင့် သာ ကြည့်နေလိုက်ရသည်။

ဖြစ်နိုင်လျှင် ကိန်လွှေ့တို့ သုံးယောက်ကို အပြတ်ရှင်းမစ် လိုက်ချင်သည်။

'စိတ်ချပါဗျာ....အဘရဲ့ရတနာတွေကို ကျွန်တော်တို့လုံးဝ စိတ်မဝင်စားပါဘူး၊ ဒါနဲ့ ဟို....သင်္ချိုင်းဂူလေးရဲ့က ဘယ်သူ တွေရဲ့သင်္ချိုင်းလဲ'

ရောင်ပင်းက မေးလိုက်သည်။

သူတို့သည် ရတနာသိုက်ရှိရာ လိုဏ်ဂူသို့သွားရင်း သင်္ချိုင်း ဂူများကို တွေ့ရသောကြောင့် ယခုလိုမေးလိုက်ခြင်းဖြစ်၏။

'အဲဆိပ်မိကျော်၊စိမ်းကုံးတို့ ငါ့ကိုပုန်ကန်ပြီး လုပ်ကြံခဲ့ တုန်းက ငါဟာ ဓာတ်ရာအပြင်းအထန်ရခဲ့တယ်၊ဂိုဏ်းဝင်လေး

www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့အတူ ငါ့ရဲ့ ရတနာတွေမြှုပ်ထားတဲ့ ဟောဒီမိစ္ဆာကျွန်းကိုအရောက် ထွက်ပြေးလာခဲ့ရတယ်....

'ဒီကျွန်းပေါ်ရောက်မှ ရလာတဲ့ ဒုက္ခရာတွေကို ဆေးကုရတယ်၊ ငါ့ရတနာသိုက်ရှိတဲ့ နေရာကို ပေါက်ကြားမှာစိုးလို့ ငါနဲ့အတူတူပါလာတဲ့ လူလေးယောက်ကို သုတ်သင်ပစ်လိုက်တယ်....

'သူတို့က ငါ့ကိုကျေးဇူးပြုခဲ့တာတွေကိုထောက်ပြီး သူတို့ရဲ့ အလောင်းတွေကို ကောင်းကောင်းမွန်မွန် မြေမြှုပ်ပေးပြီး သင်္ချိုင်းဂူတွေလုပ်ပေးထားခဲ့တာပဲ'

ရီတာဟိုင်က ပြန်လည်အဖြေပေးလိုက်သည်။

'ဒီကျွန်းပေါ်မှာ စောင့်နေလို့ ဘာအကျိုးရှိနိုင်မှာလဲ၊ တကယ်လို့ သူတို့တတွေ ပင်လယ်ပြင်မှာ တိုက်ပွဲဖြစ်ကြမယ်ဆိုရင် ဒီကျွန်းပေါ်ကို ရောက်လာနိုင်စရာအကြောင်းမရှိတော့ဘူး၊ ဒီတော့ ကျွန်တော်တို့ ပြန်ကြရင်ကောင်းမယ်'

ရှောင်ပင်းက ကိန်လွှေ့ကိုလှမ်းပြောသည်။

'ဟောဒီမိစ္ဆာကျွန်း တည်ရှိတဲ့နေရာကို လင်ယုယုပဲ သိတယ်၊ တကယ်လို့ သူတို့ကို စင်ရော်ဂိုဏ်းချုပ်တို့လူစုက အနိုင်တိုက်ကြတယ်ပဲထားဦး၊ လင်ယုယုတို့ကိုတော့ သတ်မပစ်သေးဘဲ အရှင်လက်ရဖမ်းဆီးပြီး မိစ္ဆာကျွန်း ဘယ်မှာရှိတယ်ဆိုတာကို မေးကြမှာပဲ'

'လင်ယုယုက ဒီနေရာကို လိုက်ပြပေးပါ့မလား'

ရှန့်ကျင့်ကမေးသည်။



'လင်ယုယုဟာ အစဉ်းစားဉာဏ်ရှိတဲ့ မိန်းကလေး တစ်ယောက်ပါ၊ မိုက်ရူးရဲမလုပ်ပါဘူး၊ မတတ်သာတဲ့အခြေအနေရောက်လာရင် အလျှော့ပေးတန် အလျှော့ပေးလိုက်မှာပါပဲ၊ ပြီးတော့ နောက်တစ်ခုရှိသေးတယ်၊ သူတို့နောက်ကို ဂိုဏ်းချုပ်က နောက်ယောင်ခံပြီး လိုက်မယ်ဆိုတာကို လင်ယုယုတို့ ရိပ်မိနိုင်တယ်....

'အဲဒီလိုဆိုရင် လင်ယုယုက ဟောဒီမိစ္ဆာကျွန်းကို တိုက်ရိုက်မလာဘဲ တခြားကျွန်းတစ်ခုခုကိုလမ်းလွှဲသွားပြီး စင်ရော်ဂိုဏ်းချုပ်တို့လူစုကို ရင်ဆိုင်ချင် ရင်ဆိုင်လိမ့်မယ်၊ ကိစ္စပြတ်အောင်ရှင်းပြီးမှ မိစ္ဆာကျွန်းကိုဆက်လာလိမ့်မယ်....

'ဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် လင်ယုယုတို့တတွေပဲဖြစ်ဖြစ်၊ စင်ရော်ဂိုဏ်းချုပ်တို့လူစုပဲဖြစ်ဖြစ် ဟောဒီမိစ္ဆာကျွန်းကိုတော့ တစ်နည်းနည်းမဟုတ်၊ တစ်နည်းနည်းနဲ့ ရောက်လာကြလိမ့်မယ်၊ ကျွန်တော်တို့ သည်ကနေစောင့်နေတာမမှားပါဘူး'

ကိန်လွှေ့က အကျယ်တဝင့်ရှင်းပြသည်။

'ဒါနဲ့ မင်းတို့ရဲ့ လှေပေါ်မှာရိက္ခာတွေဘာတွေ ပါမလာဘူးလား'

ရီတာဟိုင်က ကြားဖြတ်ကာ မေးလိုက်သည်။

'ဟာ....ပါလာတာပေါ့ဗျ၊ ပါတာမှ အများကြီးပဲ၊ အစုံပဲ'

ကိန်လွှေ့က ပြန်အဖြေပေးလိုက်သည်။

'လမုန့်လေးဘာလေးကော မပါဘူးလား'

'ပါလာပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အေး...အေး.... အဲဒီလိုဆိုရင် ငါ့ကို လမုန့်ဖလား တစ်ခုနှစ်ခုလောက်ပေးပါလားကွာ'

အနှစ်နှစ်အလလ ငတ်ပြတ်နေသောရိတာဟိုင်က ငူငူငြိမ်မဆယ်နိုင်ပဲပြောလိုက်သည်။

'မျှတာကတော့မျှနိုင်ပါတယ်၊ ဒါပေမယ့် အသားအားတော့မရဘူး၊ ရတနာသိုက်ထဲက ပုလဲလုံးတွေနဲ့ဝယ်မှ ရမယ်၊ လမုန့်တစ်ခုကို ပုလဲတစ်လုံးနဲ့ရောင်းမယ်'

'ဟာ.... ကြေးကြီးလှချည့်လားကွာ၊ ငါ့ပုလဲလုံးတွေက အရည်ကောင်းပုလဲတွေချည်းပဲ၊ တစ်လုံးကို အနည်းဆုံး အသပြာ တစ်ထောင်တန်တယ်၊ ဒီပုလဲလုံးတစ်လုံးနဲ့ လမုန့်သွားဝယ်ရင် လမုန့်လှည်းအစီးနှစ်ဆယ်တိုက်လောက်တောင်ရနိုင်တယ်၊ ဒီလိုတော့ မတရားအမြတ်မစားပါနဲ့ကွာ'

ရိတာဟိုင်က ဈေးဆစ်နေသည်။

'ဒါဆိုရင် အဘအာသာ အဘ သွားဝယ်ချေလေ၊ လမုန့်လှည်း အစီးနှစ်ဆယ်တိုက်လောက်ရတယ်ဆိုရင် ပိုကောင်းတာပေါ့၊ ကျွန်တော့်ဆီကတော့ လမုန့်တစ်ခုကို ပုလဲတစ်လုံးပဲ'

ရေပတ်လည်ဝိုင်းနေသော ကျွန်းပေါ်ဝယ် သောင်တင်နေသော ရိတာဟိုင်အဖို့ ဘယ်မှာလျှင် လမုန့် သွားဝယ်နိုင်စွမ်းရှိမည်နည်း၊ ကြုံတောင့်ကြုံခဲ ကိန်လေ့တို့ ရောက်လာသောကြောင့်သာ လမုန့်ရနိုင်သည့်အခွင့်အရေးကြုံရခြင်းဖြစ်၏။

ထို့ကြောင့် ရိတာဟိုင်က အလျှော့ပေးလိုက်ရသည်။

'တစ်ခုတော့ပိုပေးကွာ၊ လမုန့် နှစ်ခုကို ပုလဲတစ်လုံးပေးမယ် ဟုတ်လား'



'ကျွန်တော်က တစ်ခွန်းဈေးပဲ မလျှော့နိုင်ဘူး'

ကိန်လေ့ကလည်း ခပ်အေးအေးပြန်ပြောသည်။

အလွန်ငတ်ပြတ်နေသော ရိတာဟိုင်မှာ လမုန့် စားလိုလှသည့်အတွက် မတတ်သာတော့ဘဲ ကိန်လေ့ပြောသည့် ဈေးကို သမတာတူလိုက်ရတော့သည်။

'ကောင်းပါပြီကွာ၊ မင်းပြောတဲ့ဈေးအတိုင်းပဲ ပေးပါတော့မယ်'

'ကိုင်း....ရှန်ကျင့်ရေ...ဈေးတည့်ပြီဗျ၊ လှေပေါ်က ရိက္ခာနည်းနည်းပါးပါးလောက် သွားဆွဲချခဲ့စမ်းပါဗျာ'

ကိန်လေ့က ကျွန်းနက်ရှန်ကျင့်ကို လှမ်းပြောလိုက်သည်။

'ကောင်းပါပြီဗျာ....ကောင်းပါပြီ'

ရှန်ကျင့်က ရိတာဟိုင်ကို ရယ်ကျဲကျဲဖြင့်ကြည့်ကာ လှေဆိုက်ကပ်ထားရာသို့ ထွက်သွားသည်။

ကိန်လေ့နှင့် လေ့ပင်းတို့က ထင်းခြောက်များ ရှာဖွေကာ မီးပုံတစ်ခု အသင့်ပြုလုပ်ထားလိုက်သည်။

မကြာမီမှာပင် ရှန်ကျင့်သည် လမုန့်ဆယ်ခုး ဝက်အူချောင်းတစ်တွဲ၊ အမဲခြောက်တစ်ချောင်းနှင့် အရက်အိုးတစ်အိုး ယူဆောင်ကာ ပြန်ရောက်လာသည်။

အရက်အိုးကို မီးပုံနားချထားပြီး ဝက်အူချောင်းကို မီးတင်သည်။ အမဲခြောက်ကိုလည်း မီးဖုတ်သည်။

'ရော့....အဘ၊ ဟောဒီမှာ လမုန့်တစ်ခု၊ ပေးပုလဲတစ်လုံး'

ကိန်လေ့က ရိတာဟိုင်ကို လမုန့်တစ်ခုလှမ်းပေးပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရီတာဟိုင်က လမုန့်ကိုလှမ်းယူပြီး ပုလဲတစ်လုံး ထုတ်ပေးသည်။ ငတ်ပြတ်နေသောရီတာဟိုင်သည် လမုန့်ကို ချက်ချင်း မင် မလုပ်မလောင်းစားပစ်လိုက်သည်။

ကိန်လေ့တို့သုံးယောက်က တစ်ယောက်အရက်တစ်ခွက်စီငှဲ့ကာ ဝက်အူချောင်းကင်၊ အမဲခြောက်ဖုတ်တို့နှင့်စားသောက်နေကြသည်။

ရီတာဟိုင်မှာ ကိန်လေ့တို့ စားသောက်နေကြသည်ကို ကြည့်ပြီး သွားရည်ယိုလာသည်။

'ဟေ့ကောင်တွေ…ကောင်းမှု ကုသိုလ်ပြုတဲ့အနေနဲ့ ငါ့ကို နည်းနည်းပါးပါးသောက်မျှပါလားကွာ'

စားချင်စိတ်ကို မမြိုသိပ်နိုင်သည့်အဆုံး ရီတာဟိုင်မှာ မရှက်မကြောက်နိုင်ဘဲ ထုတ်ဖော်ပြောကြားလိုက်သည်။

ရွှေငွေရတနာများကို ငမ်းငမ်းတက်ခုံမင်သော ရီတာဟိုင်ကို ပညာပေးလိုသည့်အတွက် ကိန်လေ့က ခပ်တည်တည်ပြန်ပြောလိုက်သည်။

'ဟာ…ရပါတယ်ဗျာ၊ ဝက်အူချောင်းတစ်ချောင်းကို ပုလဲတစ်လုံး၊ အမဲခြောက်တစ်ပြောင်းကိုလဲ ပုလဲတစ်လုံးနဲ့ ရောင်းမယ်၊ အရက်ကိုတော့ မရောင်းနိုင်ဘူး'

'ဟေ…အရက်ကို ဘာကြောင့်မရောင်းနိုင်ရတာလဲ'

'ကျွန်တော်တို့သောက်ဖို့ ချန်ထားရဦးမှာမို့ပါ'

'တစ်ခွက်တစ်လေလောက်တော့ရောင်းပါကွာ၊ ငါအရက်မသောက်ရတာ ကြာလှပြီကွ'



'ရောင်းမယ်ဆိုရင်တော့ ဈေးကြီးတယ်၊ အဘဝယ်နိုင်မယ် မထင်ဘူး'

'ခအောင်မယ်…ဘာလို့မဝယ်နိုင်ရမှာလဲ၊ ငါ့ရတနာသိုက်ထဲက ပစ္စည်းတွေက မြို့တစ်မြို့လုံးကိုတောင် ဝယ်နိုင်တယ်ကွ'

'ဒီလိုဆိုရင် အရက်တစ်ခွက်ကို ပုလဲလေးလုံးနဲ့ရောင်းမယ်ဗျာ'

'ဟာ…လွန်လှချည့်လားကွ၊ ဒီလိုတော့ မတရားအမြတ်ကြီး မစားပါနဲ့'

'အမြတ်ကြီးစားတာမဟုတ်ပါဘူး၊ ကြိုက်မှဝယ်၊ မကြိုက်ရင်လဲ မဝယ်ဘဲနေပေါ့'

ကိန်လေ့က ဤသို့ပြောပြီး မိမိခွက်ထဲရှိအရက်ကို အားရပါးရမော့ချလိုက်သည်။

အရက်နံ့သင်းသင်းကို ရှူမိသောကြောင့် ရီတာဟိုင်မှာ လွန်စွာသောက်ချင်လာသည်။

'အေးပါကွာ…မင်းပြောတဲ့ဈေးနဲ့ပဲ ဝယ်ပါ့မယ်၊ တစ်ခွက်ပေးပါ'

ရီတာဟိုင်က ဤသို့ပြောပြီး ပုလဲလေးလုံးထုတ်ပေး၏။

ကိန်လေ့ကလည်း အရက်တစ်ခွက်ကို ရှိုရှိုသေသေ ငှဲ့ပေးလိုက်သည်။ ရီတာဟိုင်က အရက်ကို အားရပါးရမော့ချလိုက်သည်။

'ဝက်အူချောင်းတစ်ချောင်းနဲ့ အမဲခြောက် တစ်ပြောင်း ပေးပါဦးကွာ'

www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်ခွက် မော့ချပြီးနောက် ရီတာဟိုင်က ဤသို့ ပြောကာ ပုလဲနှစ်လုံးကို ထုတ်ပေးလိုက်သည်။

ကိန်လေ့ကလည်း ဝက်အူချောင်းတစ်ချောင်းနှင့် အမဲခြောက်တစ်မြှောင်းပေးလိုက်သည်။

ရီတာဟိုင်က အားရပါးရပင် စားပစ်လိုက်သည်။

'အခုနအတိုင်း တစ်မျိုးကို တစ်ခုစီထပ်ပေဦးကွာ'

ဝက်အူချောင်း မီးကင်နှင့် အမဲခြောက်ဖုတ်မှာ စားလို့ကောင်းလှသောကြောင့် ရီတာဟိုင်က နောက်ထပ် ပုလဲနှစ်လုံးပေးကာ ဝယ်စားပြန်သည်။

'ဟာ...တယ်ဟုတ်ပါလား၊ ဒီလောက်အရောင်း အဝယ်ကောင်းမယ်မှန်းသိရင် ကျွန်တော်တို့ အစောကြီးကတည်းက အစားအသောက်တွေယူလာပြီး ဒီကျွန်းမှာ ဆိုင်လာဖွင့်တာ ပေါ့ဗျာ....ဟား....ဟား....ဟား'

ရောင်ပင်းက ခပ်သောသောလေးပြောလိုက်သည်။

နောက်ထပ် ဝက်အူချောင်းတစ်ချောင်းနှင့် အမဲခြောက်တစ်မြှောင်းစားပြီးသောအခါ ရီတာဟိုင်မှာ အတော်ဗိုက်တင်းသွားလေပြီ။

သို့သော် အရက်သောက်ရသည်ကိုတော့ အားအားမပြေသေး။ ထို့ကြောင့် အရက်တစ်ခွက်ထပ်ဝယ်သည်။

'ဟာ....တော်ပြီ....တော်ပြီ၊ နောက်ထပ်ဘာမှမရောင်းနိုင်တော့ဘူး'

ကိန်လေ့က ငြင်းဆန်လိုက်သည်။

'ဟာ....ဘာဖြစ်လို့မရောင်းနိုင်တော့တာလဲ'



'ဟောဒီလိုချေးစက်ဆပ်ပြီး လူမနီးသူမနီး၊ ပင်လယ်ပြင်ထဲက ကျွန်းပေါ်မှာ အစားအသောက်တွေက သိပ်ပြီးတန်ဖိုးရှိတာဗျ၊ ရွှေငွေရတနာပစ္စည်းတွေက စားလို့ရတာမဟုတ်ဘူး'

'မင်း ပြောတဲ့ဈေးအတိုင်း အရက်တစ်ခွက်ကို ပုလဲလေး လုံးပေးပါမယ်ကွာ၊ တစ်ခွက်လောက်ပဲရောင်းစမ်းပါ'

'ရှစ်လုံးပေးလည်း မရောင်းနိုင်ဘူး'

ရီတာဟိုင်က အရက်တစ်ခွက်ရောင်းချရန် အမျိုးမျိုးပြောဆိုတောင်းပန်နေသည်။

ရှန့်ကျင့်က အနားလာသဖြင့် ကြားဝင်ပြီးပြောပေးရာ နောက်ဆုံးတွင် ပုလဲဆယ့်တစ်လုံးနှင့် ဈေးတည့်သွားသည်။

'ဟား....ဟား.... ရတနာသိုက် ရှိနေတဲ့ကျွန်းကို လာပြီး အရောင်းအဝယ်လုပ်တာ တယ်စီးပွားဖြစ်ပါလား၊ တစ်နေ့တည်း၊ ပုလဲနှစ်ဆယ့်တစ်လုံးရတယ်၊ ကဲ....သုံးယောက်ခွဲယူကြမယ်ဗျာ'

ကိန်လေ့က ရယ်မောပြောဆိုပြီး ရောင်ပင်းနှင့် ရှန့်ကျင့်တို့ကို ပုလဲခုနစ်လုံးစီ ခွဲပေးလိုက်သည်။

'အမှာအာဝီစည်းနဲ့အရောင်းအဝယ်လုပ်ပြီး ရခဲ့တဲ့ပစ္စည်း ဆိုတော့ လက်ခံကောင်းပါတယ်'

ရောင်ပင်းတို့ကလည်း ဝမ်းသာအားရပြောကာ ပုလဲခုနစ်လုံးစီကို လက်ခံရယူထားလိုက်ကြသည်။

'ငါ ဒီကျွန်းပေါ်ရောက်နေတာ ငါးနှစ်ကျော်နေပြီ၊ ဒီနေ့ လောက် အစားအသောက်ကောင်းကောင်း အားရပါးရမစား။

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့နေ့ မရှိခဲ့ဘူး၊ ပုလဲနှစ်သယ်တစ်လုံးပေးရတာ တန်ပါတယ်ကွာ၊ ထဲ... တစ်ရေးတမော သွားအိပ်လိုက်ဦးမယ်'

ဗိုက်ကြိုက်စား သောက်လိုက်ရပြီးပြီမို့ ရီတာဟိုင်က ကျေနပ်စွာပြောဆိုကာ ထိုင်ရာမှထပြီး သစ်ပင်အုပ်ကလေးထဲသို့ လျှောက်လှမ်းဝင်ရောက်သွားသည်။

'အဘိုးကြီးကို ဘာကြောင့် အစားအသောက်တွေကို ဒီလောက်ဈေးကြီးကြီးနဲ့ ရောင်းရတာလဲဗျ'

ရီတာဟိုင် ထွက်သွားသည်နှင့် ရှန့်ကျင့်က ကိန်လေ့ကို မေးလိုက်သည်။

'သူ့ကိုပညာပေး ဆုံးမလိုက်တာပါ၊ ရွှေငွေရတနာပစ္စည်း ရှိရင် ဘာမဆိုပြည့်စုံတယ်ဆိုတာ မဟုတ်ဘူးလို့ သိရအောင် လက်တွေ့ပြသလိုက်တာပါ'

ကိန်လေ့က ရယ်မောပြီး ပြောလိုက်သည်။

'ကျွန်တော်တို့ ဒီနေ့ည ဘယ်မှာအိပ်ရင်ကောင်းမလဲ'

ရှန့်ကျင့်ကပင် မေးခွန်းထုတ်လိုက်ပြန်သည်။

'ကျွန်းပေါ်မှာ နှစ်ယောက်၊ လှေထဲမှာတစ်ယောက် ခွဲအိပ်ကြမယ်ဗျာ၊ ဒါမှ လင်ယုယုတို့ဖြစ်ဖြစ်၊ စင်ရော်ဂိုဏ်းသားတွေပဲဖြစ်ဖြစ် ညတက်မှာရောက်လာကြရင် တစ်ယောက်သိနိုင်မှာ'

ရောင်မင်းက အကြံပေးသည်။

'ဒီအကြံကောင်းသားပဲ၊ လှေပေါ်မှာ ဘယ်သူအိပ်ပြီး ကျွန်းပေါ်မှာ ဘယ်သူအိပ်ကြမှာလဲ'

ကိန်လေ့ကပြောသည်။



'သည်လိုလုပ်လေ၊ ခင်ဗျားနဲ့ ရှန့်ကျင့်က ကျွန်းပေါ်မှာအိပ်၊ ကျွန်တော်က လှေထဲမှာအိပ်မယ်၊ ခင်ဗျားက ဒီကျွန်းကို ရောက်ဖူးတဲ့လူဆိုတော့ ကျွန်တော်တို့ထက်ပိုပြီး ကျွန်းရဲ့အနေအထားကိုသိတယ်'

ရောင်မင်းကပြောသည်။ ဤအစီအစဉ်ကို ကိန်လေ့နှင့် ရှန့်ကျင့်တို့ကလည်း သဘောတူလိုက်ကြသည်။

သုံးယောက်သား ထိုနေရာတွင်ဆက်နေကာ စားစမြည်ပြောဆိုရင်း အချိန်ဖြုန်းနေကြသည်။

ညနေစောင်း နေဝင်ရီတရောအချိန်သို့ရောက်လာမှ လှေဆိုက်ကပ်ထားရာသို့ ပြန်လာခဲ့ကြသည်။

ရွက်လှေပေါ်သို့ရောက်သောအခါ လှေဝမ်းထဲတွင် ရီတာဟိုင် ဝင်ထိုင်နေသည်ကို တွေ့ရသည်။ ကိန်လေ့တို့သုံးယောက်ပင် ဒေါသထွက်သွားကြသည်။

'ဒီမယ်- အဘိုးကြီး၊ နောက်ဆိုရင် လှေပေါ်ကို အချမ်း အရမ်းတက်မနေပါနဲ့'

ကိန်လေ့က လေသံမာမာဖြင့်ပြောလိုက်သည်။

'သိပ်လဲဒေါသမကြီးပါနဲ့၊ မင်းတို့ရဲ့လှေကို ငါက မခိုးပါဘူး၊ ငါသာအကောက်ကြံချင်ရင် ဟောဒီလှေကို ရွက်လွှင့်ပြီး ထွက်သွားရင် မင်းတို့ဘာတတ်နိုင်မှာလဲ'

ရီတာဟိုင်က စပ်ဖြီးဖြီးဖြင့်ပြန်ပြောသည်။

ရီတာဟိုင်ပြောသည်မှာ ဟုတ်နေသောကြောင့် ကိန်လေ့တို့ ဆက်အပြစ်မဆိုသာတော့ပေ။

'ဒါဖြင့် လှေပေါ် ဘာကိစ္စတက်နေရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ရောင်ပင်းကမေးလိုက်သည်။

'မင်းတို့နဲ့အပေးအယူလုပ်ချင်လို့ပေါ့'

'ဘာအပေးအယူလဲ'

'ဟောဒီကျွန်းပေါ်မှာ ရတနာပစ္စည်းတွေ ရှိနေပေမယ့် ငါ့အနေနဲ့ ဒီရတနာတွေနဲ့အတူတူ သည်ကျွန်းမှာ ဆက်နေလို့ ဘာမှအကျိုးမရှိနိုင်ဘူးဆိုတာ ငါစဉ်းစားမိပါပြီ၊ ဒါကြောင့် ရတနာပစ္စည်းတွေကိုယူပြီး သည်ကျွန်းကထွက်ခွာသွားဖို့ ငါဆုံးဖြတ်လိုက်တယ်....

'တစ်နေရာရာမှာ သွားအခြေချပြီး အေးအေးဆေးဆေး နေတော့မယ်ကွာ၊ အဲဒါ မင်းတို့ရဲ့အကူအညီလိုတယ်'

'ဘာအကူအညီလဲ၊ ကျွန်တော်တို့က ရတနာပစ္စည်းတွေကို ဟောဒီရွက်လှေနဲ့ သယ်သွားပေးရမှာလား'

'မင်းတို့ရဲ့ရွက်လှေလေးက သေးလွန်းပါတယ်၊ ငါ့ရတနာ သေတ္တာတစ်သေတ္တာတောင် မတင်နိုင်ဘူး၊ ဒီတော့ မင်းတို့ ပြန်သွားကြပြီး သင်္ဘောကြီးကြီးနှစ်စီးငှားလာခဲ့ကြ၊ မင်းတို့ကို ငါ့ရဲ့ရတနာပစ္စည်းတွေ တစ်ဝက်ခွဲပေးမယ်၊ မင်းတို့ ဝေစုရတဲ့ ရတနာတွေကို သင်္ဘောတစ်စီးပေါ်မှာတင်၊ ကျန်တဲ့ သင်္ဘောမှာ ငါ့ရဲ့ရတနာတွေကိုတင်မယ်၊ ပြီးတော့ ဒီကျွန်းကနေ တစ်ယောက်တစ်လမ်း ထွက်သွားကြတာပေါ့'

'ဟဲ...ရောင်းရင်းတို့ ဘယ်လိုသဘောရသလဲ'

ရောင်ပင်းက ရီတာဟိုင်နှင့်ဗိုင်ခံပြောဆိုနေရာမှ ကိန်လေ့တို့ကို လှမ်းမေးလိုက်သည်။

'လက်ခံလို့မဖြစ်ပါဘူး'



ကိန်လေ့က ပြန်ပြောလိုက်သည်။

'ကျွန်တော်လဲ သဘောမတူဘူး'

ရှန်ကျင့်ကလည်းပြောသည်။

'ဟဲ...အဘကြားတဲ့အတိုင်းပဲ၊ ကျွန်တော်တို့က အဘရဲ့ ကမ်းလှမ်းတာကို လက်မခံနိုင်ပါဘူး၊ ကျွန်တော်တို့မှာ ရောင်းရင်းနှစ်ဆယ့်လေးယောက်ကို ကူညီကယ်တင်ပေးရမယ့်ဝတ္တရားရှိနေပါသေးတယ်၊ သည်တော့ အဘရဲ့ရတနာတွေအတွက် အချိန်ကုန်မခံနိုင်ဘူး'

ရောင်ပင်းက ရီတာဟိုင်ကို ပြန်အဖြေပေးလိုက်သည်။

'ငါ့ကိစ္စကို ဆောင်ရွက်ပေးပြီးမှ သူတို့ကို ကူညီပေးရင်လဲ ရနိုင်ပါတယ်ကွာ'

ရီတာဟိုင်က စောဒကတက်သေးသည်။

'ဒုက္ခတွေ့တော့မယ့်လူတွေကို ကူညီကယ်တင်ပေးတယ်ဆိုတာ လောင်နေတဲ့မီးကို ငြိမ်းသလိုပဲဗျ၊ အချိန်ဆွဲလို့မရဘူး၊ ပြီးတော့ ဒုက္ခတွေ့ရတော့မယ့် လူတွေအထဲမှာ အဘရဲ့သား လျိုကျင့်တစ်ယောက်လဲ ပါနေတယ်ဆိုတာကိုတော့ စဉ်းစားမိရဲ့လား'

ရီတာဟိုင် ခေတ္တခေါင်းငိုက်သွားသည်။

ထို့နောက် သက်ပြင်းကြီးတစ်ချက်ချပြီးပြောသည်။

'စင်ရော်ဂိုဏ်းကလူတွေ သည်ကျွန်းပေါ်ရောက်ချင်ရောက်လာမှာပဲနော်၊ သူတို့လက်ထဲကိုတော့ ငါ့ရတနာပစ္စည်းတွေ ရောက်မခံနိုင်ဘူး၊ ဒါကြောင့် မင်းတို့ဆီက အကူအညီ တောင်းနေရတာပါ'

www.burmeseclassic.com

ရီတာဟိုင်က မည်သို့ပြောဆို စည်းရုံးသည်ဖြစ်စေ၊ ကိန်လေ့တို့သုံးဦးက ပူးပေါင်းကူညီခြင်းမပြုနိုင်ကြောင်း ဖြတ်ဖြတ်သားသားပင် ငြင်းပယ်လိုက်ကြသည်။

နောက်ဆုံးတွင် ရီတာဟိုင်စိတ်လျှော့ထ၍ ရွက်လှေပေါ်မှ ဆင်း၍ ကျွန်းပေါ်သို့တက်သွားလေတော့သည်။

ထိုအချိန်တွင် နေဝင်သွားပြီး အမှောင်ပျိုးလာပြီဖြစ်၏။

'ကိုင်း...မိုးတောင်ချုပ်ပြီ၊ ကျွန်တော်ပြောထားတဲ့ အစီအစဉ်တွေအတိုင်း လှည့်ပြီး အိပ်ကြရအောင်၊ ခင်ဗျားတို့ နှစ်ယောက် သတိထားကြဦးနော်၊ ညကျရင် အဘိုးကြီး[...] ဖမ်းပြီး လာတိုက်နေမယ်'

ရောင်ပင်းကပြောသည်။

'အဘိုးကြီး ဗီလောဂက်မစွန့်စားရဲပါဘူးဗျာ၊ ကျွန်တော်တို့သုံးယောက်ထဲက ဘယ်သူ့ကိုမှ ထိမယှဉ်နိုင်ဘူးဆိုတာ နား လည်မှာပါ၊ ကဲ...ကျွန်တော်တို့သွားမယ်၊ ခင်ဗျားလဲ [illegible] အိပ်'

ကိန်လေ့က ဤသို့ပြောပြီး ရှန်ကျင့်နှင့်အတူ ကျွန်းပေါ်သို့ တက်လာကြသည်။

ညမှောင်သည်နှင့် ပင်လယ်လေက တသုန်သုန်တိုက်ခတ်လာသည်။ ကိန်လေ့နှင့် ရှန်ကျင့်တို့သည် လေကွယ်သော ကျောက်ဆောင်တစ်ခု၏နောက်ဝယ် နေရာယူလိုက်ကြ၏။

ထိုနေရာမှာ ကျွန်း၏အမြင့်ပိုင်းတွင်ရှိသောကြောင့် ကျွန်း[၏] ပတ်ပတ်လည်ကို တွေ့မြင်နိုင်သည်။



'အညာမှာ တစ်ယောက်တစ်လှည့်စီ ဆင်းစောင့်ကြရင်ကောင်းမယ်ဗျ၊ ကျွန်တော် ညသန်းခေါင်အထိစောင့်မယ်၊ ခင်ဗျားက သန်းခေါင်ကနေ မိုးလင်းတဲ့အထိစောင့်ပေါ့၊ ဒါမှ အိပ်တဲ့လူလဲ စိတ်ချလက်ချအိပ်နိုင်မယ်'

လေကွယ်သော ကျောက်ဆောင်နောက်ဝယ် နေရာယူပြီးကြသောအခါ ရှန်ကျင့်ကပြောသည်။

'ကောင်းပြီ၊ ဒါဖြင့်ရင် ကျွန်တော်အရင်အိပ်မယ်၊ သန်းခေါင်ကျရင် နှိုးပေါ့ ဟုတ်လား'

ကိန်လေ့က ဤသို့ပြောပြီး လှေပေါ်မှ ယူလာခဲ့သော စောင်ကို မြေပြင်ဝယ်ခင်းကာ လှဲအိပ်လိုက်သည်။

တစ်နေ့ကုန် ပင်ပန်းခဲ့သောကြောင့် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားသည်။

'အား'

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ကိန်လေ့မှာ စူးစူးဝါးဝါးအော်သံတစ်ခုကို ကြားရသောကြောင့် အိပ်ရာမှလန့်နိုးလာသည်။

အော်သံမှာ တစ်ချက်သာကြားရပြီး တိတ်သွားသည်။

ကိန်လေ့က အိပ်နေရာမှ လူးလဲထကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

လေပြင်းက တစီစီတိုက်ခတ်နေသည်၊ ပတ်ဝန်းကျင်တစ်ခုလုံးတွင် အမှောင်ထုက သိပ်သည်းစွာဖုံးအုပ်ထားသည်။

'ရှန်ကျင့်...ရှန်ကျင့်၊ ခင်ဗျားဘယ်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကိန်လွေ့က ဓားတိုနှစ်လက်ကို ထုတ်ယူကာ အသင့်ပြင်ထားပြီး ကင်းစောင့်တာဝန်ယူထားသော ကျားနက်ရှန်ကျင့်ထံ လှမ်းခေါ်လိုက်သည်။

ပြန်လည်ထူးသံမကြားရပေ၊ ကိန်လွေ့ အတော်ပင် ထိတ်လန့် စိုးရိမ်သွားသည်။

ရှန်ကျင့် အိပ်များပျော်နေလို့လား၊ ဒါမှမဟုတ် အန္တရာယ်တစ်ခုနှင့် ကြုံတွေ့နေပြီလား။

'ရှန်ကျင့်....ဗျို့....ရှန်ကျင့်'

ကိန်လွေ့က အသံကျယ်ကျယ်ဖြင့် ထပ်အော်ခေါ်ပြန်သော်လည်း ပြန်လည်ထူးသံမကြားရချေ။

ဤတွင် ကိန်လွေ့က ကျောက်ဆောင်များ ကြားမှ အပြင်သို့ ထွက်လာခဲ့သည်။

ကျောက်ဆောင်များကြားတွင် ပိန်းပိတ်အောင်မှောင်နေသော်လည်း အပြင်ဘက်တွင်မူ ဝိုးတဝါး အလင်းရောင်ရှိနေသည်။

ခပ်လှမ်းလှမ်းရှိ ကျောက်တုံးတစ်တုံးကိုမှီကာထိုင်နေသော လူတစ်ယောက်၏ အသွင်သဏ္ဌာန်ကို ဝိုးတဝါးအလင်းရောင်ဖြင့် ကိန်လွေ့ တွေ့လိုက်ရသည်။

'ရှန်ကျင့်...ခေါ်နေတာကို ဘာလို့မထူးတာလဲ'

ကိန်လွေ့က လှမ်းအော်လိုက်ပြန်သည်။ ရှန်ကျင့်က မလှုပ်။ ထိုအခါတွင်မှ ရှန်ကျင့်၏ခေါင်းငိုက်စိုက်ဖြစ်နေသည်ကို ကိန်လွေ့ သတိပြုမိသည်။

'ဟာ...ဒုက္ခပဲ၊ ရှန်ကျင့် ဘယ်လိုဖြစ်နေတာလဲ'



ကိန်လွေ့က အလန့်တကြားရေရွတ်ရင်း ရှန်ကျင့်ရှိရာသို့ ပြေးသွားကာ ဆွဲထူလိုက်သည်။

ရှန်ကျင့် အသက်မရှိတော့၊ လည်ပင်းပြတ်ကာ သေဆုံးနေလေပြီ။

ခန္ဓာကိုယ်မှာ ခပ်နွေးနွေးပင် ဖြစ်နေသေးသောကြောင့် အသက်ခံရသည်မှာ သိပ်မကြာလှသေးကြောင်း ကိန်လွေ့ သိလိုက်ရသည်။

'ရှန်ကျင့်ကို ဘယ်သူ သတ်သွားတာလဲ၊ ရီတာဟိုင်များလား။ ရီတာဟိုင်က သိုင်းပညာကောင်းပေမယ့် အားအင် ဆုတ်ယုတ်နေတယ်၊ ရှန်ကျင့် ဒီလိုလည်ပင်းပြတ်အောင် တစ်ချက်တည်း တိုက်ခိုက်နိုင်တဲ့ စွမ်းအားမရှိဘူး၊ ဒီလိုလည်ပင်းပြတ်အောင်တိုက်ခိုက်နိုင်ဖို့ဆိုတာက အနီးကပ်ပြီး အပိုင်တိုက်နိုင်မှဖြစ်တာ၊ ဟုတ်ပြီ၊ ရှန်ကျင့် ကင်းစောင့်ရင်း အိပ်ပျော်နေတုန်း အလစ်ဝင်သတ်သွားတာဖြစ်မယ်၊ သိကြရာပေါ့၊ ဒီအတိုးကြီးကိုတော့ ကောင်းကောင်းအပြစ်ပေးရမယ်'

ကိန်လွေ့က ဤသို့တွေးတောစဉ်းစားကာ ရီတာဟိုင် ရှိနေမည်ထင်သော ကျွန်း၏အနောက်ဘက်ပိုင်းဆီသို့ ပြေးလာခဲ့၏။ ရတနာသိုက်ရှိရာ လိုဏ်ဂူအနီးသို့ ရောက်လာသောအခါတွင်မူ ကိန်လွေ့ တစ်စုံတစ်ရာကို စဉ်းစားမိပြန်သည်။

'ဟာ...ငါ့ဒီဘက်ကို အလာတုန်းကကြီး ထွက်ပြေးလာမိတာ မှားသွားပြီ၊ ရီတာဟိုင်က ရှန်ကျင့်ကိုလုပ်ကြံသတ်ဖြတ်ပြီးကာနဲ့ ဒီကျွန်းကထွက်ပြေးဖို့ ကြံတော့မှာပဲ၊ ဒါဆို တို့လှေကိုခိုးယူလိမ့်မယ်၊ လှေပေါ်မှာ အိပ်နေတဲ့ ရှေင်ပင်းအတွက်

www.burmeseclassic.com



အန္တရာယ်ရှိနိုင်တယ်၊ သူ့ကို သွားပြီး တတ်ပေးထားပြီးမှ ခံအားတိုင်ကိုရှာတော့မယ်၊ ဒီအဘိုးကြီး ဒီကျွန်းပေါ်ကနေ ထွက်သွားတယ်ကိုမှ တွက်မဲ့ပြေးနိုင်ပါဘူး’

ဤသို့စဉ်းစားမိသည့်အတွက် ကိန်လေ့သည် ရိတာတိုင်ကို ဆက်မရှာတော့ဘဲ ရွှက်လှေဆိုက်ထပ်ထားရာနေရာသို့ ပြန်ပြေးလာခဲ့သည်။

ရွှက်လှေဆိုက်ကပ်ထားရာနေရာသို့ ကိန်လေ့ ပြန်ရောက်လာခဲ့သည်။ ရွှက်လှေကို ခြေရာလက်ရာမပျက် ကမ်းစပ်ဝယ်တွေ့ရသောကြောင့် ကိန်လေ့ အနည်းငယ် စိတ်အေးသွားရသည်။

‘ရောင်ပင်း- ရောင်ပင်း…ထစမ်းပါဦး၊ ဒျူးရှန်းကျွန်းက ရိတာတိုင် အလစ်ဖမ်းပြီးသတ်သွားတယ်’

ကိန်လေ့ကအော်ပြောရင်း ရွှက်လှေပေါ် ခုန်တက်သွားသည်။

ကိန်လေ့ ခုန်တက်လိုက်သည့်အရှိန်ကြောင့် ရွှက်လှေမှာ ထိမ့်ခနဲလှုပ်ခါသွားသည်။ လှိုင်းအသံမှာလည်း အလွန်ကျယ်လောင်သည်။

အိပ်ပျော်နေသော ရောင်ပင်း နိုးလာလောက်သည်။ သို့သော် လှေထဲမှ မည်သည့်အသံကိုမျှမကြားရ။ မည်သည့်လှုပ်ရှားမှုမျှလည်း မရှိ။

ရောင်ပင်းမှာ သိုင်းပညာအစွမ်းထက်မြက်သူတစ်ယောက် ဖြစ်သည်။ ယခုလိုအသံပေးထား ခုန်တက်လာသည်မဆိုထားနှင့် တိတ်တဆိတ်ချဉ်းကပ်လာသည်ကိုပင် သိနိုင်လောက်၏။ ကိန်လေ့ အာသာပင်စိုးရိမ်လာသည်။



ထို့ကြောင့် လှေဝမ်းထဲသို့ ချက်ချင်းပင် ပြေးဝင်လာခဲ့သည်။ လှေဝမ်းထဲဝယ် မှောင်မိုက်နေသည်။

ကိန်လေ့က နားကိုအစွမ်းကုန်စွင့်ထားရင်း လှေဝမ်းထဲကို လက်ဖြင့် ဟိုစမ်း သည်စမ်းလုပ်ကြည့်သည်။

လိုယ်ခန္ဓာတစ်ခုကို ကိန်လေ့စမ်းမိသည်။ ထိုခန္ဓာကိုယ်မှာ မလှုပ်မယှက်ငြိမ်သက်၍နေသည်။

‘ရောင်ပင်း…ရောင်ပင်း’

ကိန်လေ့ စမ်းမိသောခန္ဓာကိုယ်ကို ဆွဲလှုပ်ကာ ပါးစပ်မှ အော်ခေါ်ကြည့်သည်။ မည်သည့်အသံမျှပေါ်မလာချေ။

လှေဝမ်းထဲတွင် မီးခွက်တစ်ခုအရှိနေသည်ကို ကိန်လေ့ သတိရမိသည်။

ထို့ကြောင့် မီးခွက်ရှိရာသို့ အသာလက်ဖြင့်စမ်းကြည့်၏။ မီးခွက်ကို စမ်းမိသောအခါ မီးခတ်ကျောက်ကိုထုတ်၍ မီးခတ်ကာ ထွန်းညှိလိုက်သည်။

မီးခွက်၏အလင်းရောင်ကြောင့် လှေဝမ်းထဲရှိမြင်ကွင်းကို ထင်ရှားစွာ မြင်ရသည်။ လှေဝမ်းထဲတွင် သန်းကြွယ်လုလင်ရောင်ပင်းမှာ ပက်လက်လန်ကာ လဲကျနေသည်။

ရောင်ပင်း၏ရင်ဝတည့်တည့်တွင် ဓားမြှောင်တစ်လက်စိုက်ဝင်လျက်ရှိနေသည်။

ကိန်လေ့ အလွန်တုန်လှုပ်ချောက်ချားသွားသည်။ ယခုအတိုင်းဆိုလျှင် ရောင်ပင်းသည် ရိတာတိုင်၏လက်ချက်မိသွားပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကိန်လွှေ့မှာ လူငယ်သိုင်းသမားများနှင့် တွေ့ဆုံရင်းနှီးခဲ့သည်မှာ မကြာသေးသော်လည်း သက်တူ ရွယ်တူဖြစ်ကာ စိတ်နေစိတ်ထားလည်း တူညီသည်ဖြစ်သောကြောင့် အတော်သံယောဇဉ်ရှိနေသည်။

ထို့ကြောင့် ရှန်ကျင့်နှင့် ရောင်ပင်းတို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို သေဆုံးသွားကြသည်ကို တွေ့ရသည့်အတွက် ကိန်လွှေ့ အလွန်ဝမ်းနည်းကာ ယူကျုံးမရဖြစ်နေရ၏။

လက်သည်တရားခံဖြစ်သော ရီတာဟိုင်ကို အမုန်းချေပ၍ ချင်သောစိတ်များ ပေါ်လာသည့်အတွက် ကိန်လွှေ့သည် ရောင်ပင်း၏အလောင်းကို သေသေချာချာ စမ်းဆေးခြင်းပင် မပြုတော့ဘဲ ရွက်လှေပေါ်မှ အမြန်ဆုံး ပြေးဆင်းလာခဲ့၏။ ကိန်လွှေ့သည် မိစ္ဆာကျွန်းပေါ်ငယ် နေရာအနှံ့ လျှောက်သွားကာ ရီတာဟိုင်ကို လိုက်ရှာသည်။

အတိုးကြီးမှာ ပျောက်ချက်သားကောင်းလှသည်။ တော်တော်နှင့်ရှာမတွေ့။ နောက်ဆုံးတွင်တော့ ကိန်လွှေ့သည် မိစ္ဆာကျွန်း၏ အမြင့်ဆုံးနေရာသို့ရောက်လာသည်။

ထိုနေရာရှိ ကျောက်ဆောင်ကြီးတစ်ခု၏ရှေ့မှ ကိန်လွှေ့ ဖြတ်ကျော်လာခဲ့ရာတွင် ကျောက်ဆောင်ပေါ်မှ တွဲလောင်းကျနေသော ခြေထောက်တစ်စုံကို တွေ့လိုက်ရသည်။

ရီတာဟိုင် ဤနေရာတွင် လာရောက်ပုန်းအောင်းနေခြင်း ဖြစ်မည်ဟု ကိန်လွှေ့ နားလည်လိုက်သည်။

'ဟဲ့-အဘိုးကြီးရီတာဟိုင်၊ ပုန်းမနေပါနဲ့တော့၊ အောက်ကိုဆင်းလာခဲ့စမ်းပါ'



ကိန်းလွှေ့က လှမ်းပြောလိုက်သည်။

ကျောက်ဆောင်ပေါ်မှ မည်သူမျှဆင်းမလာ။ ခြေထောက်နှစ်ခုမှာလည်း ဤအတိုင်းရှိမြဲရှိနေသည်။

ကိန်လွှေ့ ဒေါသထွက်လာသည်။ ဒေါသကိုမချုပ်တည်းနိုင်တော့သည့်အဆုံး လက်ထဲဝယ် အသင့်ကိုင်ယာသော ဓားဖြင့် ရီတာဟိုင်၏ခြေထောက်နှစ်ဘက်ကို တအားခုတ်ချလိုက်သည်။

'ရှမ်—ရှမ်'

ဓားရောင်က လက်ခနဲဖြစ်သွားပြီး ခြေထောက်နှစ်ခုပြတ်ကျလာသည်။ သို့သော် အော်ဟစ်သံသည်လည်းပေါ်မလာ၊ မည်သည့်လှုပ်ရှားမှုမျှလည်းမရှိ။

ကိန်လွှေ့ အတွေးရခက်သွားသည်။ ထို့ကြောင့် ကျောက်ဆောင်ပေါ်သို့တက်ကာ ကြည့်လိုက်သည်။

မြင်းကွင်းကမလှ။ ရီတာဟိုင်မှာ ရင်ဝတွင် ဟုဆိန်အပေါက်ခံရကာ အသက်ပျောက်နေသည်ကို ကိန်လွှေ့ တွေ့လိုက်ရ၏။

ဒဏ်ရာဒဏ်ချက်ကိုကြည့်ခြင်းဖြင့် ရီတာဟိုင်မှာ မိမိကိုယ်မိမိသတ်သေသွားခြင်းလည်းမဟုတ်နိုင်၊ သူတစ်ပါး၏ လက်ချက်မိကာ သေဆုံးနေခြင်းသာဖြစ်နိုင်သည်။

ဤကျွန်းပေါ်ဝယ် လူလေးယောက်ရှိသည့်အနက် ကိန်လွှေ့မှအပ ကျန်သုံးယောက်စလုံးအသက်ခံကြရကာ အသက်ပျောက်ကုန်ကြပြီ။

သေဆုံးနေသူများမှာ တစ်နေရာစီကွဲပြားကာ သေနေကြသည်ဖြစ်သောကြောင့် တစ်ယောက်နှင့်တစ်ယောက် ရင်

www.burmeseclassic.com



ဆိုင်တိုက်ခိုက်ရင်း သေဆုံးသွားကြခြင်းလည်း မဖြစ်နိုင်ပေ။ ထိုလူများကို မိမိကလုပ်ကြံဖြတ်ပြတ်လိုက်ခြင်းလည်း မဟုတ်သောကြောင့် ဤကျွန်းပေါ်ဝယ် လျှို့ဝှက်စွာပုန်းအောင်းနေသော လူတစ်ယောက်ရှိရမည်ဟု ကိန်လေ့ စဉ်းစားမိ၏။

‘လူတို့ကို သတ်သွားတာ ဘယ်သူတွေများပါလိမ့်၊ ဟာ… အခုမှစဉ်းစားမိတယ်၊ စင်ရော်ဂိုဏ်းချုပ်နဲ့ သူ့အဖွဲ့သားတွေ တိတ်တဆိတ်ရောက်လာကြတာများ ဖြစ်နေမလား’

ကိန်လေ့၏စိတ်ထဲဝယ် ဤကဲ့သို့တွေးမိသည့်အတွက် ရွက်လှေ ဆိုက်ကပ်ထားရာနေရာသို့အရောက် တစ်ခေါက်ပြန်ပြေးလာခဲ့ပြန်သည်။

ထိုနေရာတွင် ရွက်လှေမရှိတော့။ပျောက်ခြင်းမလှပျောက်နေလေပြီ။

‘သူတို့က ဘာကြောင့် ရွက်လှေကိုယူပြီး ထွက်ပြေးသွားရတာလဲ’

ကိန်လေ့ အဖို့စဉ်းစားစရာဖြစ်လာပြန်သည်။ စင်ရော်ဂိုဏ်းချုပ်တို့သာ ရောက်လာကြသည်ဆိုပါက ဤရွက်လှေကို ခိုးယူကာ တိတ်တဆိတ်ထွက်ပြေးသွားစရာ အကြောင်းမရှိပေ။

မိစ္ဆာကျွန်းပေါ်ဝယ် ပြောင်ပြောင် တင်းတင်းနေကာ… ရတနာများကို ရှာဖွေယူငင်ကြမည်သာဖြစ်သည်။



ကိန်လေ့သည် ရတနာသိုက်ရှိရာလိုဏ်ဂူသို့ ပြေးလာခဲ့ပြန်သည်။ မီးတုတ်ထွန်းညှိ၍ လိုဏ်ဂူထဲဝင်ကြည့်သောအခါ ရတနာသေတ္တာများကို နေရာမရွေ့ပျက်ဘဲ တွေ့ရသည်။

‘ငါထင်သလို စင်ရော်ဂိုဏ်းချုပ်တို့လူစုမဟုတ်ဘူး၊ မိစ္ဆာကျွန်းပေါ်မှာ ရတနာသိုက်ရှိနေတယ်ဆိုတာ သိထားတဲ့ လူ တစ်ယောက်ယောက်ရဲ့လက်ချက်ပဲဖြစ်ရမယ်။အဲဒီလူဟာ ဒီညပဲ မိစ္ဆာကျွန်းကို တိတ်တိတ်လေး ရောက်လာပြီး ရှေးပင်းနဲ့ ရီတာဟိုင်ကို အလစ်ဖမ်းသတ်ခဲ့တာဖြစ်ရမယ်…

ရှန်ကျောင့်ကိုသတ်သင်တဲ့အခါမှာ ရှန်ကျောင့်မသေခင် အသံကျယ်ကျယ်နဲ့အော်လိုက်လို့ ငါ့ကိုဆက်ပြီးသတ်ဖို့ အခွင့်မသာတာနဲ့ နေခက်ကြောင်းပြန်ပြီး ထွက်ပြေးသွားတာဖြစ်ရမယ်’

အကျိုးအကြောင်းများကိုဆက်စပ်၍ ကိန်လေ့ စိတ်ထဲတွင် ဤသို့စဉ်းစားမိသည်။

ထိုလူက မိမိကို အစာငတ်ပြတ်နေအောင် ရွက်လှေကို ခိုးယူသွားခြင်းဖြစ်မည်ဟုလည်း ကိန်လေ့ တွေးမိသည်။

‘ဒီလူက အတော်အကြံပိုင်သားပဲ၊ ငါငတ်ပြတ်ပြီး အားအင်ချိနဲ့နေတဲ့အခါကျတော့မှ သူက ကျွန်းကိုတစ်ခေါက်ပြန်လာပြီး ရတနာတွေကို အေးအေးဆေးဆေးယူမှာကိုး၊ အို… ယောကျ်ားပဲ၊ ယောဒီကျွန်းရဲ့ပတ်ပတ်လည်မှာ ငါးတွေ ပေါတယ်။ငါကလဲ ရေကောင်းကောင်းငုတ်တတ်တာဆိုတော့ ရီတာဟိုင်လိုတော့ အစာမငတ်နိုင်ပါဘူး…

www.burmeseclassic.com



'ဒီလူ တစ်ခေါက်ပြန်လာမယ့်အချိန်ကို ငါစိတ်ရှည်ရှည်နဲ့ စောင့်နေမယ်၊ ဒီကြားထဲ လင်ယုယုတို့တတွေ ဒီကျွန်းကို ရောက်ချင်ရောက်လာကြမှာပါ၊ အင်း...အခုအချိန်မှာ လင်ယုယုတို့ ဘယ်နေရာများ ရောက်နေကြသလဲ မသိပါဘူးဗျာ'

★

အခန်း ( ၁၁ )

ထိုအချိန်တွင် လင်ယုယုတို့မှာ မိစ္ဆာကျွန်းနှင့် ငါးမိုင်ခန့် ကွာဝေးသည့် ကျွန်းကလေးတစ်ကျွန်းပေါ်တွင်ရှိနေကြ၏။

စင်ရော်ဂိုဏ်းချုပ်တို့လူစုက သင်္ဘောတစ်စီးဖြင့် ထိုကျွန်းလေးကို လှည့်ပတ်၍နေသည်။ ကျွန်းနှင့်သို့သီပ်ကပ်ခြင်းမရှိ၊ ကျွန်းကမ်းခြေနှင့် ကိုက်သုံးရာခန့်အကွာမှနေ၍ ကျွန်းကိုပတ်၍ ခုတ်မောင်းနေခြင်းဖြစ်သည်။

ယခုအချိန်ဆိုလျှင် လင်ယုယုတို့၏ သင်္ဘောကို စင်ရော်ဂိုဏ်းသားများက အပိုင်စီးထားခဲ့သည်မှာ နှစ်ရက်တိုင်တိုင်ရှိနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနှစ်ရက်အချိန်အတွင်း စင်ရော်ဂိုဏ်းသားများက ကျွန်းလေးပေါ်သို့ တက်ရောက်တိုက်ခိုက်ခြင်းမပြုဘဲ စိတ်ရှည်ရှည်ဖြင့်ပင် ကျွန်း၏ကမ်းခြေနှင့် ခပ်ကွာကွာနေရာမှ သင်္ဘောကို ရှည်ပတ်ချုတ်မောင်းကာ အခြေအနေကိုစောင့်ကြည့်နေခြင်းဖြစ်သည်။

'ဂိုဏ်းချုပ်ကြီး....ဂိုဏ်းချုပ်ကြီး....ဟိုမှာကြည့်စမ်းပါဦး၊ ဟိုလူတွေ ဘာလုပ်နေကြတာလဲ'

မတ်စောက်သော ကမ်းပါးစောက်တစ်ခုရှိရာနှင့် မျက်နှာချင်းဆိုင်သို့ သင်္ဘောရောက်လာသည်တွင် နဂါးလေးစမ်းကွမ်းက ကျွန်းပေါ်သို့ညွှန်ပြရင်းပြောလိုက်သည်။

စင်ရော်ဂိုဏ်းချုပ်ကလည်း နဂါးလေး ညွှန်ပြသောကမ်းပါးစောက်အပေါ်သို့ လှမ်းကြည့်လိုက်သည်။

ကမ်းပါးစောက်အပေါ်ဝယ် လူငယ်သိုင်းသမား အမျိုးသားသုံးယောက်နှင့် အမျိုးသမီးသုံးယောက် ရပ်နေပြီး ပင်လယ်ရေပြင်ထဲသို့ ပစ္စည်းတချို့ကို ပစ်ချနေသည်ကိုတွေ့လိုက်ရသည်။

ကိုက်သုံးရာကျော်ကွာဝေးနေသည်မို့ မည်သည့်အရာများပစ်ချနေခြင်းဖြစ်ကြောင်းကိုကား သဲသဲကွဲကွဲမမြင်ကြရ။ သို့ရာတွင် ရတနာပစ္စည်းများဖြစ်မည်ဟု တွေးမိသည့်အတွက် စင်ရော်ဂိုဏ်းချုပ်မှာ ဆွေ့ဆွေ့ခုန်မတတ် ဒေါသထွက်သွားရသည်။



'ဗျို့-စင်ရော်ဂိုဏ်းချုပ်ကြီးခင်ဗျားတို့ လိုချင်လှပါချည်ရဲ့ဆိုတဲ့ ရတနာပစ္စည်းတွေကို တောဒီပင်လယ်ပြင်အောက်မှာ ရေငုတ်ပြီးယူပေတော့'

ကမ်းပါးပေါ်ရှိလူတစ်ယောက်က လှမ်းအော်ပြောလိုက်သည်။

'တောက်....ဒီကောင်တွေ အတော့်ကို ယုတ်မာပါလား၊ သူတို့ ရတနာတွေ ပင်လယ်ထဲပစ်ချနေတာကို ဒီအတိုင်းကြည့်နေလို့မဖြစ်ဘူး၊ ကမ်းကိုမြန်မြန်ကပ်စမ်း'

စင်ရော်ဂိုဏ်းချုပ်က အော်ဟစ်ပြောကြားလိုက်သည်။

'အဲဒီနေရာက ကျောက်ဆောင်တွေ သိပ်ထူထပ်နေတာ၊ သင်္ဘောကပ်လို့မရဘူး'

နဂါးလေးစမ်းကွမ်းကပြောလိုက်သည်။

'ဒါဖြင့် ဆင့်တော်တဲ့နေရာ တစ်နေရာရှာပြီး သင်္ဘောကို ကပ်၊ ကုန်းပေါ်တက်ပြီး သူတို့အားလုံးကို ချွင်းပစ်ရမယ်၊ ရတနာတွေကို အချိန်မီရအောင်ယူမှဖြစ်မယ်'

ဂိုဏ်းချုပ်မိန်းမပျိုက ဤသို့အမိန့်ပေးလိုက်ရာ သင်္ဘောကိုင်နေသူ အဆိပ်မိကျောင်းစိမ်းကိုးက သင်္ဘောဆိုက်ကပ်နိုင်မည့် ကျွန်းကမ်းခြေရှိရာသို့ သင်္ဘောကို ဦးတည်လမ်းကြောင်း ပြောင်းပေးလိုက်သည်။

'အခုလာလေးဆယ် ကျွန်းပေါ်တက်ပြီး တိုက်ဖို့ခက်သွားတော့ထင်တယ်၊ သူတို့ဘက်က လူအင်အား နှစ်ဆယ်နှစ်ကျော်ရှိတဲ့အပြင် ကျွန်းပေါ်က ဆိုတော့ အလက်စီးရနေ

www.burmeseclassic.com

www.burmeseclassic.com



ထယ်၊ ပြီးတော့ ထောင်ချောက်တွေဘာတွေလဲ ဆင်ထားနိုင်သေးတယ်'

နဂါးလေးစမ်းကွမ်းက ဖျောင်းဖျပြောဆိုသည်။

'ကျွန်မတို့ဘက်မှာလဲ ရွှေဆံထိုးဆယ့်တစ်ဖော်ရယ်၊ စိမ်းကိုးတို့လူစု ဆယ်ယောက်ရယ်၊ ရှင်ရယ်၊ ကျွန်မရယ် အားလုံးပေါင်း နှစ်ဆယ့်လေးယောက်တောင် ရှိနေတာပဲ၊ ကြောက်နေစရာမလိုပါဘူး'

စင်ရော်ဂိုဏ်းချုပ်ပြန်ပြောသည်။

ထိုအချိန်တွင် သင်္ဘောမှာ ကျောက်ဆောင်ကျောက်တန်းများ နည်းပါးသည့် ကျွန်း၏အရှေ့ဘက်ကမ်းခြေသို့ ဦးတည်ကာ ခုတ်မောင်းနေသည်။

'ကျွန်တော်တို့အားလုံး ကျွန်းပေါ်တက် တိုက်နိုင်တာ မဟုတ်ဘူး၊ အနည်းဆုံး သင်္ဘောပေါ်မှာ ငါးယောက်လောက်တော့ အစောင့်ထားခဲ့ရမယ်၊ တကယ်လို့အကြိတ်အနယ်တိုက်ကြပြီး ကျွန်တော်တို့ဘက်က အနိုင်ရတယ်ထားဦး၊ အခိုက်အကျအဆုံးတော့ အနည်းနဲ့အများရှိမှာပဲ၊ အဲဒီလိုဆိုရင် ကျွန်တော်တဲ့ဂိုဏ်းရဲ့ အမာခံအင်အားတွေ လျော့သွားမှာပေါ့၊ အခုအချိန်ဟာ စင်ရော်ဂိုဏ်းကို ပြန်ထူထောင်ရမယ့်အချိန်ဆိုတော့ အမာခံအင်အားတွေကို အလျော့ခံလို့မဖြစ်ဘူး'

နဂါးလေးစမ်းကွမ်းက ဆက်လက်ဖျောင်းဖျ ပြောဆိုသော်လည်း စင်ရော်ဂိုဏ်းချုပ်က တွေဝေချိန်ဆနေသည်။

သင်္ဘောမှ ကျွန်းလေး၏ အနောက်ဘက် ကမ်းခြေ နီးကပ်လာသည့်...



'ဟောဒီ ကျွန်းပေါ်မှာ အစောင့်အရှောင် သိပ်မရှိပါဘူး၊ ဒီတော့ တစ်လလောက်ဆိုရင် သူတို့ထဲကအတွင်းတော်ပြတ်ပြီး အားအင် ဆုတ်ယုတ်ကုန်ကြမှာပါ၊ အဲဒီအချိန်ကျမှ သူတို့ကို အေးအေးဆေးဆေး အနိုင်တိုက်ထားတာ ပိုကောင်းပါလိမ့်မယ်'

'အဲဒီအချိန်ကျရင် ကျွန်းပေါ်မှာရှိတဲ့ ရတနာတွေကို ပင်လယ်ထဲ အကုန်ပစ်ချပြီးနေရောပေါ့'

'သူတို့ ဒီလောက်အစဉ်းစားဉာဏ်မနည်းပါဘူး၊ အခုဟာက ကျွန်တော်တို့ စောင့်ကြည့်နေမှန်းသိလို့ တမင်သက်သက်လုပ်ပြနေတာဖြစ်မှာပါ၊ တစ်နည်းအားဖြင့်ပြောရရင် ကျွန်တော်တို့ကို ကျွန်းပေါ်တက်လာအောင် မြှူဆွယ်တဲ့သဘောဖြစ်ချင်ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်တို့က စိတ်လိုက်မာန်ပါမလုပ်ဘဲ ကျွန်းနဲ့ခပ်ဝေးဝေးခွာနေလိုက်ရင် ပြီးတာပါပဲ'

ထိုအခါတွင်မှ ဂိုဏ်းချုပ်က နဂါးမဲလေးစမ်းကွမ်း၏စကားကို လက်ခံသည်။

'ဟုတ်တယ်၊ရှင်ပြောတာ လမ်းနည်းနည်းကျဲတယ်၊ ကဲ... စိမ်းကိုးရေ...သင်္ဘောကိုပြန်လှည့်လိုက်ပါ'

× × ×

'တော်စက်...နာလိုက်တာ အင်္ဂတော်ပြန်လှည့်သွားပြီ'

ကျွန်းလေးရှိရာသို့ ဦးတည်လာနေပြီးမှ နောက်ကြောင်းပြန်လှည့်သွားသည့် သင်္ဘောကို လှမ်းမျှော်ရင်း ကျင်ယုံယုံက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ ရေထဲပစ်ချပြနေတာ ရတနာပစ္စည်းတွေ ပျောက်မှန်း သူတို့မြင်သွားကြလို့နဲ့တူတယ်'

ကျားဖြူရှန်အိုင်က ဝင်ပြောသည်။

သူတို့တတွေသည် လင်ယုယု၏ အကြံပေးချက်အတိုင်း ကျောက်တုံးများခဲများကို ရေထဲသို့ ပေါ်တည်တည်ပင်ပစ်ချတာ စင်ရော်ဂိုဏ်းသားများကို ကျွန်းပေါ်တက်လာအောင် လှုံ့ဆော်နေကြခြင်းဖြစ်သည်။

စင်ရော်ဂိုဏ်းချုပ်နှင့် အဖွဲ့သားများ ကျွန်းပေါ်တက်လာပါက ချုံခိုတိုက်ခိုက်ရန် အစီအမံများနှင့် လျှို့ဝှက်ထောင်ချောက်များကိုလည်း သူတို့က အသင့်ပြုလုပ်ထားကြသည်။

အကယ်၍ စင်ရော်ဂိုဏ်းသားများသာ ကျွန်းပေါ်သို့ တက်လာကြပါက လင်ယုယုတို့ဆင်ထားသောအကွက်ထဲ တိုးဝင်မိကာ မရှုမလှခံသွားရမည်မှာ သေချာသည်။

ယခုမူ ကျွန်းရှိရာသို့လာနေပြီးမှ နောက်ကြောင်းပြန်လှည့်သွားသည့်အတွက် လင်ယုယုတို့၏အစီအစဉ် ပျက်ပြားသွားရပေပြီ။

'ဒါ သူတို့က ပရိယာယ်ဆင်ပြီး နောက်ကြောင်းပြန်လှည့်သွားတာဖြစ်ချင်ဖြစ်လိမ့်မယ်၊ ဒီတော့ ကျွန်တော်တို့ စီစဉ်ထားတာတွေကို မဖျက်ပါနဲ့ဦး၊ ချုံခိုတိုက်ခိုက်ဖို့နေရာချထားတဲ့လူတွေကိုသာ ဝင်ထန်းတို့ကိုအတူအညီပေးဖို့လွှတ်လိုက်ပါ၊ တောင်ကုန်းပေါ်မှာတော့ မင်းကျူးကို ဆက်ပြီးကင်းစောင့်



ထားနိုင်းမယ်၊ အခြေအနေထူးတာနဲ့ ချက်ချင်းလာသတင်းပို့ဖို့ မှာထားလိုက်ပါ'

လင်ယုယုက ပြောလိုက်သည်။

ကျွန်းလေးပေါ်သို့ရောက်နေကြသော လူငယ်သိုင်းသမား နှစ်ဆယ့်နှစ်ယောက်တို့တွင် လင်ယုယုမှာ ခေါင်းဆောင်ဖြစ်မှန်းမသိဖြစ်နေသည်။

လင်ယုယု၏အကင်းပါးမှု၊ ကွက်ကျော်မြင်တတ်မှု၊ စီမံကွပ်ကဲနိုင်မှုတို့ကြောင့် အားလုံးက လင်ယုယုပြောကြားသည်များကို နာခံကြသည်။

ယခုလည်း ကျွန်လူများက စင်ရော်ဂိုဏ်းချုပ်တို့ လူစုကို ချုံခိုတိုက်ခိုက်ချေမှုန်းရန် စောင့်ဆိုင်းနေစဉ် ပလွေလုလင်ဝင်ထန်းနှင့် ဟင်္သာစိမ်းလျှိုတို့ကို လှေထိုးသားခြောက်ယောက်နှင့်အတူ ဝါးဖောင်ကြီးများဖွဲ့ရာတွင် သွားရောက်ကူညီပေးရန် လင်ယုယုက စီမံအမိန့်ပေးလိုက်ခြင်းဖြစ်သည်။

ကျွန်းလေး၏ အလယ်ပိုင်းလောက်တွင် ဝါးတောတစ်ခုရှိသည်။ ပလွေလုလင်ဝင်ထန်းတို့လူစုက ထိုဝါးတောမှဝါးများကို ခုတ်ကာ ဝါးဖောင်ကြီးများ ဖွဲ့နေကြသည်။

ထိုနေရာသို့ လင်ယုယုတို့ ရောက်သွားချိန်ဝယ် ဝါးဖောင်ကြီးသုံးခု ဖွဲ့ပြီးဖြစ်ကြောင်းတွေ့ရသည်။

'ဟာ....ရှင်တို့က အတော်ဟုတ်နေတာကိုး ကဲ....အားလုံး ဝိုင်းကူပေးကြပါဦး၊ ကျွန်မက ဟောဒီညပဲ ဝါးဖောင်တွေကို အပြီးလုပ်ပြီး ဒီကျွန်းလေးက သွားချင်တယ်'

လင်ယုယုက ပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးတက်ညီလက်ညီပင် ဝါးခုတ်သူခုတ်၊ ကြိမ်ပက်နှင့် နှယ်များခြွတ်သူကခြွတ်၊ ဖောင်ဖွဲ့သူကဖွဲ့ သည့်ဖြင့် တက်ညီလက်ညီလုပ်ဆောင်လိုက်ကြရာ မိုးမချုပ်မီ အလျားပေနှစ်ဆယ်၊ အကျယ်ဆယ်ပေရှိသော ဝါးဖောင်ခြောက်ခု ဆောက်လုပ်ပြီးစီးသွားသည်။

ဝါးဖောင်များတွင် အကြမ်းဖျင်းဆောက်လုပ်ထားသော ပဲ့စင်တစ်ခုပါရှိသည့်အပြင် လှော်တက်နှစ်ချောင်းလည်းတပ်ဆင်ထားသည်။

'လင်ယုယု... ကျွန်တော့်ကိုပေးထားတဲ့ ကတိကိုတော့ မမေ့သေးပါဘူးနော်'

ဝါးဖောင်များအားလည်းဆောက်ပြီးစီး၍ ထွက်ခွာရန် အဆင်သင့်ဖြစ်ကြသောအခါ ရီလျှံကျောင့်က လင်ယုယု အနားသို့ ကပ်လာပြီး မျက်နှာငယ်လေးဖြင့်ပြောသည်။

သူ့ခမျာ ဤကျွန်းလေးပေါ်ဝယ် ကျန်နေရစ်မှာကို စိုးရိမ်နေပုံရသည်။

'ဘာကတိကိုပြောနေတာလဲ'

လင်ယုယုကပြန်မေးလိုက်သည်။

'ဖေဖေ ရှိနေတဲ့နေရာကိုရောက်အောင် ပို့ပေးမယ်ဆိုတာလေ'

'ဪ...ဒါလား၊ စိတ်ချပါ၊ ရှင့်ကို ကျွန်မတို့နဲ့အတူတူ ခေါ်သွားပါ့မယ်၊ ဒါပေမယ့် ဟို...လှေထိုးသား ခြောက်ယောက်ကိုတော့ ခေါ်မသွားနိုင်ဘူး၊ သူတို့ကို အကြောပိတ်ပြီး ဒီကျွန်းပေါ်မှာထားခဲ့မယ်၊ စားသုံးရေချောင်းနဲ့ ပုဆိန်ဓား



ထက်လဲ ထားခဲ့ပေးမယ်၊ အပိတ်ခံထားရတဲ့ အကြောတွေလာ တစ်ရက်ပြည့်ရင် အလိုလိုပြန်ပြေသွားမှာပဲ...

'အဲဒီအချိန်ကျမှ ယူတို့ဘာသာ ဝါးဖောင်တစ်ခုဖွဲ့ပြီး ဒီကျွန်းက ခွာချင်ခွာကြပေါ့၊ ဒါမှမဟုတ် ဒီကြားထဲ စင်ရော်ဂိုဏ်းချုပ်တို့လူစု ဒီကျွန်းကလေးပေါ် ရောက်လာရင်လဲ သူတို့ ကုသိုလ်ပဲပေါ့'

လင်ယုယုကပြန်ပြောလိုက်သည်။

× × ×

နေဝင်သွားပြီး မှောင်ရိပ်သန်းလာသည်နှင့် လူငယ်သိုင်းသမားနှစ်ဆယ့်နှစ်ယောက်နှင့် ရီလျှံကျောင့်တို့သည် ဝါးဖောင်များကို ခရချကာ ထိုကျွန်းကလေးမှ ထွက်လာခဲ့ကြ၏။

ဝါးဖောင်တစ်ဖောင်ဝယ် လေးယောက်ကျစီစီးကြသည်။ လင်ယုယုတို့၏ ဖောင်တွင်မူ လင်ယုယု၊ ကျားဖြူရွှန်အိုင်နှင့် ရီလျှံကျောင့်တို့ သုံးယောက်စီးသည်။

ညဦးအချိန်ဖြစ်သောကြောင့် လေထ ခပ်ပြင်းပြင်းတိုက်ကာ ပင်လယ်ပြင်တွင် လှိုင်းအတော်အတန်ရှိနေသည်။

သို့သော် ဝါးဖောင်များမှာ ခိုင်ခံ့စွာဖွဲ့စည်းထားသည်ဖြစ်ရာ ပင်လယ်လှိုင်းလုံးများကိုအံတုကာ သွားနိုင်သည်။

ဝါးဖောင်ခြောက်ခု ရှေ့နောက်တန်းစီကာ လှော်ခတ်၍ ထွက်လာကြသည်။

ရှေ့ဆုံးတွင် လင်ယုယုတို့ဝါးဖောင်ရှိနေကာ လင်ယုယုက မိစ္ဆာကျွန်းရှိရာသို့ လမ်းပြညွှန်ပြပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိလျှံကျင့်က ပြုံးကိုင်သည်။ လင်ယုယုနှင့် ရှန်အိုင်တို့က လှော်တက်များဖြင့် လှော်ခတ်သည်။

'တောင်ဒီရေစီးကြောင်းနဲ့ လေကြောင်းက မိစ္ဆာကျွန်းကို ဦးတည်ပြီးသွားတယ်၊ ကျွန်မလဲ တောင်ဒီရေစီးကြောင်းအတိုင်း မျောပါပြီး မိစ္ဆာကျွန်းကို ရောက်သွားခဲ့ရတာပဲ၊ ဒီတော့ ဒီရေကြောင်း၊ လေကြောင်းအတိုင်းသာ အလိုက်သင့်မျော လိုက်သွားရုံပဲ'

လင်ယုယုက ရှင်းလင်းပြောပြသည်။

တစ်နာရီခန့်အချိန်ကုန်လွန်သွားသည်။ သူတို့၏လှေများမှာ ကျွန်းကလေးနှင့် သုံးမိုင်ခန့်ဝေးကွာသည့်နေရာသို့ရောက် လာသည်။

ရုတ်တရက် ကောင်းကင်တစ်ခုလုံး မည်းမှောင်၍လာ၏။ ကြယ်ရောင်လဲ့လဲ့များကိုပင် မမြင်ရတော့ပေ။ ခပ်ပြင်းပြင်း တိုက်ခတ်နေသော လေအဟုန်ကလည်း ရုတ်တရက် ရပ်တန့်ငြိမ် သက်သွားသည်။

'ရိလျှံကျင့်.... လေကြောင်းက ရုတ်တရက် ရပ်သွားပါ လား၊ အဲဒါဘာဖြစ်တာလဲ'

လင်ယုယုက ပင်လယ်ရေကြောင်းတွင် ကျွမ်းကျင်သော ငမန်းနက်လေးရိလျှံကျင့်ကို လှမ်းမေးလိုက်သည်။

'မုန်တိုင်းကျတော့မယ်ထင်တယ်'

ရိလျှံကျင့်က ပြန်ပြောသည်။

'လေ ဒီလောက်ငြိမ်နေတာ ဘယ်လိုလုပ် မုန်တိုင်းကျနိုင် မှာလဲ'



'ကျေးငြုံ'ရှန်အိုင်က ဝင်ပြောလိုက်သည်။

'ပင်လယ်ပြင်ရဲ့ သဘောက သိမ်မွေ့နူးညံ့တယ်၊ မုန်တိုင်းကျ ကာနီးရင် ဒီလိုပဲငြိမ်ကျသွားတယ်'

ရိလျှံကျင့်က ထိုသို့ ပြန်ပြောလိုက်ချိန်မှာပင် မြင်းထန် သောလေပြင်းက တစ်ဖွဲ့လိုက်သည်။ လှောင်မှာချောချောလည် သာ ထိန်းမရအောင်ဖြစ်သွားသည်။

မနည်းကြိုးစားကာ ထိန်းထားရသည်။

ထိုနောက် လေပြင်းကထန်သည်ထက်ထန်လာသည်။ လှိုင်း လုံးများကလည်း ကြီးသည်ထက်ကြီးလာသည်။

အမှောင်ထုကလည်း သိပ်သည်းလွန်းလှသည်။ ကိုယ့်လက် ငါးချောင်းကိုဖြန့်ကြည့်လျှင် မမြင်နိုင်သည်အထိ။

'ဝင်ထန်း၊ ချိမင်းယူ၊ တုံဟန်လုတို့ရေ....ခင်ဗျားတို့ ဘယ် ရောက်နေကြလဲ'

ရှန်အိုင်က အခြားလှောင်များမှ ဦးစီးခေါင်းဆောင်များ ၏ အမည်များကို အော်ခေါ်ကာ မေးကြည့်သည်။

ပြန်ထူးသံမကြားရ၊ လေပြင်းတိုက်သံ တဝီဝီနှင့် လှိုင်းသံ တရုန်းရုန်းကိုသာကြားနေရသည်။

'ဟာ...ဟိုလူတွေ ဘယ်ရောက်ကုန်ကြပြီလဲ၊ ဒုက္ခဖြစ်ကုန်ပြီ ထင်တယ်'

လင်ယုယုက စိုးရိမ်တကြီးပြောလိုက်သည်။

'ဖောင်တွေကခိုင်ပါတယ်၊ လှိုင်းပုတ်တဲ့ဒဏ်ကို ကောင်း ကောင်းခံနိုင်စွမ်းရှိတယ်၊ ဖောင်ကိုမြဲမြဲကိုင်ထားဖို့ပဲအရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆက်လှုတ်ပြီး ရေထဲကျသွားရင်တော့ ဘာမှတတ်နိုင်မှာမဟုတ်ဘူး'

ရိုလျှံကျင့်ကပြောသည်။

လေပြင်းက အရပ်လေးမျက်နှာစလုံးမှ ဝှေ့ယမ်း တိုက်ခတ်နေရာ ဖောင်မှာချာချာလည်နေသည်။

လှိုင်းလုံးများကြားဝယ် နိမ့်လိုက် မြင့်လိုက်နှင့် ဖြစ်ချင်တိုင်းဖြစ်နေသည်။

'မိစ္ဆာကျွန်းနဲ့ အခု ဘယ်လောက်ဝေးသေးလဲ'

လှိုင်းလေများကြားမှ ရိုလျှံကျင့်အား အော်မေးသည်။

'ကျွန်မ မျက်စိလည်နေပြီ၊ မိစ္ဆာကျွန်း ဘယ်ဆီမှာနေမှန်းတောင် မသိတော့ဘူး၊ အခုအတိုင်းဆိုရင် ကံစီမံရာကို ခံကြရတော့မယ်'

လင်ယုယုကိုယ်တိုင်မှာလည်း လမ်းစပျောက်သလိုဖြစ်နေသောကြောင့် ဤမျှသာပြောနိုင်တော့သည်။

လေပြင်းက ဒေါသတကြီးတိုက်နေသလို လှိုင်းလုံးများမှာလည်း ထန်လှသည်။ ပင်လယ်ပြင်တစ်ခုလုံး ဗလောက်ဆန်၍နေသည်။

အချိန်အတော်ကြာသွားသည်။ လင်ယုယုတို့၏ ဖောင်မှာ မုန်တိုင်းနှင့် လှိုင်းများကိုအံတုကာ ပင်လယ်ပြင်ပေါ်ဝယ်... လှုင့်မျော၍နေဆဲဖြစ်သည်။

ရုတ်တရက် ကြီးမားလှသောလှိုင်းလုံးကြီးတစ်ခုက ဖောင်ကို ပင့်တင်လိုက်သည်။ ဖောင်မှာ အထက်သို့မြောက်တက်သွား



သည်။ ထို့နောက် တောင်ဆင်ခြေလျှောအတိုင်း လျှောကျသလို အောက်သို့ကျလာပြန်သည်။

ထို့နောက် ဖောင်ကငြိမ်သွားသည်။ ရပ်သွားသည်။ မလှုပ်တော့။

'လင်ယုယု...ဖောင်က မလှုပ်တော့ပါလား၊ ဘာလို့ ငြိမ်သွားရတာလဲ'

ကျားမြီးရှည်အိုင်က အော်မေးလိုက်သည်။

ပိန်းပိတ်အောင်မှောင်နေဆဲမို့ ဘာကိုမျှမမြင်ရပေ။

'လေမုန်တိုင်းစဲသွားလို့များလား'

လင်ယုယုက ဇဝေဇဝါပြန်ဖြေသည်။

'လေတိုက်သံတွေ လှိုင်းမှုတ်သံတွေ ဒီလောက်ကြားနေရတာ လေမုန်တိုင်းက ဘယ်စဲဦးမှာလဲ၊ လေမုန်တိုင်းစဲသွားဦးတော့ ဖောင်ကရေပြင်ပေါ်မှာ ဒီလိုပဲမလှုပ်မယှက် ငြိမ်နေပါ့မလား'

ရှည်အိုင်ကပြန်ဖြေသည်။

'ရိုလျှံကျင့်...ရိုလျှံကျင့်'

လင်ယုယုက အသံကုန်အော်ခေါ်သည်။

'ဘာလုပ်မလို့လဲ...ကျွန်တော်ရှိပါတယ်'

ပဲ့စင်ကိုမြဲမြဲစွဲဆုပ်ကိုင်ထားသောရိုလျှံကျင့်က ပြန်အသံပြုသည်။

'ဖောင်ဘာဖြစ်လို့မလှုပ်ရှားဘဲ ငြိမ်နေရတာလဲ'

'အဲဒါတော့ ကျွန်တော်လဲမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် လင်ယုယုက အမှတ်မထင်ဖော်ဖောင်သောဘက်သို့ လက်ဖြင့် လှမ်း၍ဖမ်းလိုက်သည်။

ရေပြင်ကို မဖမ်းမိ၊ သဲများကိုသာဖမ်းမိသည်။

'ဟာ…သဲတွေ…သဲတွေ၊ ကျွန်မတို့ လှိုင်းပုတ်ပြီး ကမ်းစပ်တစ်ခုခုဆီကိုရောက်နေတာရှင့်'

လင်ယုယုက အားရဝမ်းသာပင် အော်ပြောလိုက်သည်။

ထို့နောက် သုံးယောက်သား ဖောင်ပေါ်မှနေ၍ သဲပြင်ပေါ်သို့ဆင်းလာကြသည်။

အမှောင်ထုက သိပ်သည်းစွာ ဖုံးအုပ်နေဆဲမို့ သူတို့သည် အမှောင်ထဲဝယ် စမ်းတဝါးဝါးဖြင့် လိုက်စမ်းနေကြရ၏။

ရှေ့ဆုံးမှသွားနေသော ရီလျှံကျင့်က ကျောက်တုံးများကို စမ်းမိသည်။

'ဟာ…ဒါ ကျွန်းတစ်ခုပဲ၊ ကျွန်တော်တို့ ကျွန်းပေါ်ကို ရောက်နေကြပြီ'

ရီလျှံကျင့်က အော်ပြောလိုက်သည်။

'အင်း…ဒီလိုဆိုရင် ကျွန်တော်တို့ သုံးယောက်က သေသေလာဆယ်တော့ ဘေးကင်းနေပြီပေါ့၊ ကျန်တဲ့ရောင်းရင်းတွေကတော့ ဘယ်လိုဖြစ်ကုန်ကြမလဲမသိဘူး'

ရှန်အိုင်ကပြောသည်။

'သူတို့တွေ ဘေးကင်းကြပါစေလို့ ဆုတောင်းရုံပဲ ရှိတော့တာပေါ့၊ မိုးလဲလင်းကာနီးပါပြီ၊ ဒီတော့ ကျွန်မတို့ အမောဖြေပြီးတဲ့အထိ စောင့်ကြတာပေါ့'

လင်ယုယုကပြောလိုက်သည်။



ထို့နောက် သူတို့သုံးယောက်သည် ကုန်းမြေထက်ပေါ်သို့ ရောက်သည်တွင် မြေကြီးပေါ်လှဲချကာ အနားယူကြသည်။ အလွန်ပင်ပန်းလာကြသည်မို့ မြေကြီးပေါ်လှဲအိပ်လိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြလေတော့သည်။

× × ×

စူးရှသောနေရောင်ခြည်က မျက်စိကိုထိုးလာသည့်အတွက် လင်ယုယုအိပ်ပျော်နေရာမှ လန့်နိုးလာသည်။

လှဲအိပ်နေရာမှ ထထိုင်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်။ မုန်တိုင်းလည်းစဲသွားပြီ၊ မိုးစင်စင်လင်းနေပြီ။ တောက်ပသော နေရောင်ခြည်က ပတ်ဝန်းကျင်ကို လွှမ်းခြုံထားသည်။

'ဟာ…သူတို့အားလုံး ဒီကျွန်းပေါ် ရောက်နေကြပါလား'

ကမ်းစပ်သောင်ပြင်ပေါ်ဝယ် ဟိုနားတစ်ယောက်၊ သည်နားတစ်ယောက် အိပ်ပျော်နေကြသော လူငယ်သိုင်းသမားများကို စုံစုံလင်လင်ပင်တွေ့လိုက်ရသည့်အတွက် လင်ယုယုက ဝမ်းသာအားရ အော်ဟစ်ပြောဆိုလိုက်သည်။

လင်ယုယု အော်သံကြောင့် အိပ်ပျော်နေကြသူများ တစ်ယောက်ပြီး တစ်ယောက် နိုးလာကြသည်။

လေမုန်တိုင်း၏တိုက်ခတ်မှုနှင့် လှိုင်းလုံးများ၏ ပွတ်တင်ပေးမှုဖြင့် သူတို့အားလုံး၏ ဖောင်ခြောက်ခုစလုံး တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်းလေးသို့မျောပါလာပြီး တင်နေကြခြင်းဖြစ်၏။

'ကျွန်တော်တို့တွေက မခွဲကြစတမ်း သစ္စာပြုထားကြတာဆိုတော့ သေလဲအတူတူ၊ ရှင်လဲအတူတူပေါ့ဗျာ၊ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



သာမဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ ဖောင်တွေပါအားလုံး ဒီကို ရောက်နေတာသာကြည့်ပေတော့'

ပလွှလုလင်ဝင်ထန်းက ရယ်ရယ်မောမောနှုတ်ပြောလိုက်သည်။ သောက်မရောက် ယက်မပျောက်ဘဲ အားလုံးပြန်လည်ဆုံဆည်းနိုင်ကြသည့်အတွက် ပျော်ရွှင်နေကြသည်။

တချို့က ဖောင်များကို ရေစပ်နှင့်အတော်လှမ်းလှမ်းသို့ ရောက်အောင် ဆွဲတင်ယူလာကြသည်။

'ကျွန်တော်တို့ ဘယ်ကျွန်းပေါ်ကို ရောက်နေကြပြန်ပြီလဲ မသိဘူး'

ကျားဖြူရှုန်အိုင်က လင်ယုယုကိုလှမ်းပြောလိုက်သည်။

'ကျွန်မတို့ သိပ်ကံကောင်းပါတယ်၊ ဒါဟာ မီစ္စာကျွန်းပဲ'

လင်ယုယု၏အဖြေစကားကြောင့် အားလုံးအံ့သြဝမ်းသာ ဖြစ်သွားကြသည်။

'ဟုတ်ရဲ့လား လင်ယုယုရယ်၊ သေချာရဲ့လား၊'

ဟယ်စနက်ခင်းကျူးကမေးလိုက်သည်။

'ဒါ မီစ္စာကျွန်းဟုတ်ရဲ့လား'

ကျားဖြူရှုန်အိုင်တာလည်း ဝင်မေးသည်။

'တစ်ချိန်တုန်းက ကျွန်မ သစ်ဖောင်မှာ ကြိုးချည်ခံရတဲ့ ပင်လယ်ထဲမျောပါပြီး လာတင်နေတာလဲ ဒီနေရာပဲ၊ သေချာပါတယ်၊ မမှားနိုင်ပါဘူး၊ ကျွန်တို့ရောက်နေတာ မီစ္စာကျွန်းရဲ့ အနောက်ဘက်ကမ်းခြေပါပဲ'

လင်ယုယုက ဘိတိကျကျပင် ပြန်အဖြေပေးလိုက်သည်။



ထို့နောက် လင်ယုယုဦးဆောင်ကာ သူတို့အားလုံး မီစ္စာကျွန်းပေါ်သို့ ဆက်ထက်လာခဲ့ကြသည်။

လင်ယုယုက သစ်ပင်အုပ်ကလေးကိုဖြတ်ကာ မီစ္စာကျွန်း၏ အရှေ့ဘက်ပိုင်းသို့ အရောက်ခေါ်လာခဲ့သည်။

'ငမန်းဖြူကြီးရိတာဟိုင်ဟာ ကျွန်းရဲ့အရှေ့ဘက်မှာ နေပါတယ်၊ သူ့ရတနာသိုက်ကလဲ အဲဒီအရှေ့ဘက်ပိုင်းမှာပဲရှိတယ်'

လမ်းပြခေါ်ဆောင်လာရင်း လင်ယုယုက ရှင်းလင်းပြောပြသည်။

သစ်ပင်အုပ်ကလေးကိုဖြတ်ပြီးနောက် ခနိုတောလေးနားသို့ ရောက်လာသည်အထိ ရိတာဟိုင်၏ အရိပ်အရောင်ကိုမျှ မတွေ့ရပေ။

'ဟင်...ဒီမှာ ဘာကြောင့် သခ်ျိုင်းဂူနှစ်ခုထပ်တိုးလာတာလဲ'

သခ်ျိုင်းဂူ ခြောက်ခုဖြစ်နေသည်ကို တွေ့ရသည်တွင် လင်ယုယုက တအံ့တသြပြောလိုက်သည်။

'ဘာ...ဘယ်လို၊ သခ်ျိုင်းဂူနှစ်ခုပိုနေတယ်ဟုတ်လား'

လင်ယုယုဘေးတွင် ယှဉ်၍လိုက်ပါလာသော ကျားဖြူရှုန်အိုင်က မေးသည်။

'ဟုတ်တယ်၊ ကျွန်မနဲ့ ကိန်လော့ ဒီကျွန်းကနေ ထွက်သွားကြတုန်းက ဒီနေရာမှာ သခ်ျိုင်းဂူ လေးခုပဲရှိတယ်၊ အခု နောက်ထပ် အသစ်နှစ်ခုတိုးလာတယ်'

လင်ယုယုက ပြန်အဖြေပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်း...အံ့ဩစရာပဲ၊ ခင်ဗျားတို့နဲ့ ကိန်လေ့ မိစ္ဆာကျွန်းက ထွက်လာတဲ့အခါမှာ ဒီကျွန်းပေါ်မှာ အဘိုးကြီးရီတာ ဟိုင်ပဲ ကျန်နေခဲ့တာမဟုတ်လား၊ တကယ်လို့ ရီတာဟိုင် သေသွားတာပဲထားပါဦး၊ သူ့အလောင်းကို မြေမြှုပ်ပြီးသင်္ချိုင်း ဂူလုပ်ပေးမယ့်လူတောင်မရှိဘူး၊ အခုဘယ်လိုလုပ်ပြီး သင်္ချိုင်း ဂူနှစ်ခုက ထပ်တိုးလာရတာလဲ'

ပလေ့လုလင်ဝင်ထန်းက မှတ်ချက်ချသည်။

'ဖေဖေ...ဖေဖေ...ဖေဖေဘယ်မှာလဲဟင်'

ရီလျှံကျင့်ထမှ ဖခင်ဖြစ်သူကိုသာ တကျော်ကျော်အော် ခေါ်နေသည်။

'ရတနာသိုက်ထဲ ဝင်ကြည့်ကြရအောင်...လာ'

ကျေးမြို့ရှန့်အိုင်က အကြံပေးသည်။

လင်ယုယုကလည်း ရတနာသိုက်ရှိရာသို့ လိုက်ပြသည်။

ရတနာသိုက်ထဲသို့ ဝင်ရောက် စစ်ဆေးကြည့်ရာ ရတနာ သေတ္တာများကို ခြေရာလက်ရာမပျက်တွေ့ရသည်။

စဉ်းစားရခက်သောပြဿနာပေါ်နေပြီမို့ သူတို့အားလုံး တနာသိုက်ရှိရာ လိုက်ဂူအရှေ့ မြေကွက်လပ်ဝယ် ဝိုင်းဖွဲ့ထိုင် ကာ ဆွေးနွေးတိုင်ပင်ကြသည်။

ကျွန်တော့်အထင်တော့ ဟောဒီကျွန်းပေါ်ကို အနည်းဆုံး လူနှစ်ယောက်တော့ ထပ်ရောက်လာကြရမယ်၊ သူတို့တတွေ ဟာ ရတနာသိုက်အကြောင်း သတင်းအစအနရလို့ လိုက်လာ ကြတဲ့လူတွေပဲဖြစ်မှာပဲ...



'ဒီကျွန်းပေါ်ရောက်တော့ သူတို့က ရီတာဟိုင်ကို သတ် ပစ်လိုက်ကြတယ်၊ အဲဒီနှစ်ယောက်က တစ်ယောက်ကလဲ အကြောင်းတစ်ခုခုကြောင့် သေဆုံးသွားပါလိမ့်မယ်၊ ဒါနဲ့ သူ့အဖော်က အလောင်းနှစ်ခုမြေမြှုပ်ပြီး သင်္ချိုင်းဂူလုပ်ပေး သွားတာဖြစ်မှာပဲ'

ပလေ့လုလင်ဝင်ထန်းက သူ၏ထင်မြင်ချက်ကို ပြောပြ၏။

'ဒါဖြင့် အဲဒီလူက ဘာကြောင့် ရတနာတွေ မယူသွားရ တာလဲ'

လင်ယုယုက ကြားဖြတ်ကာ မေးခွန်းထုတ်လိုက်သည်။ ထို မေးခွန်းကိုမူ ပလေ့လုလင်ဝင်ထန်းက အဖြေမပေးနိုင်ချေ။ ဆက်လက်၍ အခြားတစ်ယောက်တစ်မျိုး ထင်မြင်ချက်များပေးကြ သည်။

သို့သော် မည်သည့်ထင်မြင်ချက်ကမျှ ရေရေရာရာမရှိပေ။

'အဲဒီ သင်္ချိုင်းဂူနှစ်ခုထဲမှာ ဘယ်သူ့ အလောင်းတွေကို မြှုပ်နှံထားသလဲဆိုတာကို အရင် သိရအောင်လုပ်ဖို့ လိုတယ်၊ ပြီးတော့ ဟောဒီကျွန်းပေါ်မှာ တခြားလူတွေရောက်နေသေး ရှိမရှိ လိုက်ရှာကြရမယ်...

'ဒီတော့ ဒီလိုလုပ်ပါ၊ ရှန့်အိုင်က လူလေးယောက်ကို ခေါ်ဆောင်ပြီး သင်္ချိုင်းဂူတွေကိုဖော်ကြည့်ပါ၊ ရီလျှံကျင့် က ရှန့်အိုင်နဲ့အတူတူနေခဲ့၊ ကျန်တဲ့လူဆယ့်ရှစ်ယောက် က အုပ်စုသုံးစုခွဲပြီး ကျွန်းပေါ်မှာ ပြန့်ရှာကြည့်ကြမယ်'

လင်ယုယု၏ပြောသောအကြံကို အားလုံးကသဘောတူလိုက် ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရှန်အိုင်၊ ဝင်ထန်း၊ မင်္ဂလာသစ်၊ ဝေချိမင်း၊ ရွှေလုံရှင်ဟန်လုနှင့် ကြယ်ပျံယူဟုံတို့ လေးယောက် သင်္ချိုင်းရှု မြေများကို တူးဖော်ရန် ပြင်ဆင်ကြသည်။

ကျန်လူများက ခြောက်ယောက်လျှင် တစ်စုဖြင့် အုပ်စု သုံးစုခွဲကာ ထွက်သွားကြသည်။

ရီလျှံကျောင့်မှာမူ ရှန်အိုင်တို့နှင့် ကျန်နေရစ်ခဲ့သည်။

ညက လေပြင်းမုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်း ခဲ့သည်ဖြစ်သောကြောင့် မြေများမှာ ရေနူးကာ ပွနေသည်။ ဂူများကို အလွယ်တကူ တူးဖော်နိုင်ခဲ့သည်။

ဂူများကို တူးဖော်လိုက်သည်နှင့် အလောင်းနှစ်လောင်း ပေါ်လာသည်။

အလောင်းများမှာ ရုပ် မပျက်သေးပေ။ ရီတာဟိုင်နှင့် ကျားနက်ရှန်ကျင့်တို့၏ အလောင်းများဖြစ်ကြောင်း သိနိုင်ပေ သည်။

ဖခင်ဖြစ်သူ၏အလောင်းကို တွေ့လိုက်ရသောအခါ ရီလျှံ ကျောင့်မှာ ဝမ်းနည်းပက်လက် ငိုကြွေးတော့သည်။

ရီတာဟိုင်၏ ရင်ဘတ်မှဓားရာနှင့် ရှန်ကျင့် လည်ပင်းပြတ် နေပုံတို့ကို တွေ့ရသည်တွင် ရှန်အိုင်တို့မှာ အတွေးရခက်နေ သည်။

'ကျားနက်ရှန်ကျင့်ဟာ နှယ်နှယ်ရရမဟုတ်ဘူး၊ သိုင်းသတိ ကောင်းတယ်၊ သိုင်းပညာလဲထက်တယ်၊ အခုလိုခေါင်းပြတ်ခံ ရတာဟာ အနီးကပ်မတိုက်ခိုက်ဘဲနဲ့ မဖြစ်နိုင်ဘူး၊ ကျားနက် ရှန်ကျင့်လို လူတစ်ယောက်အာ တစ်ခိမ်း တစ်ယောက်ထို့ ထူ့



နစေး ကပ်ခွင့်ပေးမှာမဟုတ်ဘူး၊ သူ့ကို အသေသတ်သွားတဲ့ ဟာ လူနဲ့ရင်းနှီးတဲ့လူဖြစ်ရမယ်'

ပလွေလုလင်ဝင်ထန်းက ရှန်ကျင့်အလောင်းကို စစ်ဆေး ကြည့်ရှုရင်း ပြောလိုက်သည်။

'ဒီလူ့ကို စင်ရော်ဂိုဏ်းချုပ်က လူသတ်ဖို့တာဝန်ပေးအပ် ပြီး လွှတ်လိုက်တာမဟုတ်သား၊ ဘယ်လိုလုပ်ပြီး သူက ဒီမိစ္ဆာ ကျွန်းပေါ်မှာလာပြီး အသတ်ခံရတာလဲ'

ကျားဖြူရှန်အိုင်ကလည်း ခေါင်းတခါခါနှင့်ပြောသည်။

'သူက ဒီမိစ္ဆာကျွန်းကို သိတာလဲမဟုတ်ဘူး၊ ဘယ်လိုလုပ် ပြီး ဒီကျွန်းပေါ်ကိုရောက်နေရတာလဲ ဒီကျွန်းက လမ်းပြမရှိ ရင် လာလို့ရနိုင်တဲ့နေရာမဟုတ်ဘူး'

ကြယ်ပျံယူဟုံကဝင်ပြောသည်။

'ကိန်လေ့ကိုလဲ စင်ရော်ဂိုဏ်းက လူသတ်ဖို့တာဝန်ပေးပြီး လွှတ်လိုက်တာပဲမဟုတ်လား၊ ရှန်ကျင့်နဲ့ ကိန်မလေ့ တစ်နေရာ ရာမှာတွေ့ကြပြီး ရတနာသိုက်အကြောင်း စကားစပ်မိကြရင်း ရှန်ကျင့်ကိုထဲ ကိန်လေ့ကပဲ မိစ္ဆာကျွန်းတို့ခေါ်ဆောင်ခဲ့တာ ပဲဖြစ်မှာပဲ'

ပလွေလုလင်ဝင်ထန်းကပြောလိုက်သည်။

'အင်း....ခင်ဗျားပြောတာလဲဖြစ်နိုင်တာပဲ'

ရှန်ကျင့်ကို ကိန်လေ့ကပဲ သတ်သွားတယ်လို့ ကျွန်တော် ထင်တယ်'

ပလွေဝင်ထန်းက ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ—ဟုတ်ပါ့မလား၊ ကိန်လွှေ့က ဒီလောက်အောင် အစွမ်းမဲ့မယ်မထင်ဘူး'

ငြိမ်နားထောင်နေသော ငွေကျေးသစ်ငွေ့ချိမ်းက ပြောရင်း

သူတို့လူစု အမျိုးမျိုးပြောဆို ဝေဖန်နေကြစဉ် လင်ယုယုတို့လူစု ပြန်ရောက်လာကြသည်။

လင်ယုယုတို့အုပ်စုခြောက်ယောက်ထဲတွင် ရှန့်ကျင့်ချစ်သူဖြစ်သော ဟယ်ခနက်မင်းကျူးလည်းပါလာသည်။ မင်းကျူးမှာ ရှန့်ကျင့်၏အလောင်းကို မြင်လိုက်ရသည်တွင် စိတ်အလွန်ထိခိုက်စွာ သတိလစ်၍လဲကျသွားသည်။

ဟယ်ခစိမ်းလျှံစိမ်းနှင့် လင်ယုယုတို့က မင်းကျူးကိုပွေ့ချီထူမကာ သတိပြန်ရအောင်ပြုစုပေးကြသည်။

ထိုအချိန်မှာပင် ကျန်အဖွဲ့နှစ်ဖွဲ့ကလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ပြန်ရောက်လာကြသည်။

နောက်ဆုံး ပြန်ရောက်လာသော အဖွဲ့နှင့်အတူ ကိန်လွှေ့လည်းပါရှိလာသည်။

'ဟင်—ကိန်လွှေ့၊ ရှင်လဲ ဒီကျွန်းပေါ် ရောက်နေတာကိုး'

လင်ယုယုက လှမ်းနှုတ်ဆက်စကားဆိုလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ရောက်တာ သုံးရက်လောက်ရှိသွားပြီ၊ ခုန ပုစွန်ဖမ်းနေလို့ မင်းတို့ကိုမတွေ့မိတာပါ၊ မင်းတို့က ဘယ်လိုလုပ်ပြီး ဒီကျွန်းပေါ်ကိုရောက်နေကြတာလဲ'

ကိန်လွှေ့က လင်ယုယုကိုပြန်၍နှုတ်ဆက်စကားဆိုလိုက်၏။

'ရှင်ကော ဘယ်လိုလုပ်ပြီး ဒီကျွန်းပေါ်ရောက်နေတာလဲ၊ ရှန့်ကျင့်နဲ့ ရီထာဖိုးဗေတို့ကို သတ်သွားတာ ဘယ်သူလဲ'



လင်ယုယုက တုန့်ပြန် မေးခွန်းထုတ်လိုက်သည်။

ကျန်သိုင်းသမားများကလည်း ကိန်လွှေ့ကို စူးစိုက်စွာ အကဲခတ်သလို ကြည့်နေကြသည်။

'သူတို့ နှစ်ယောက်သာမကဘူး၊ သန်းကြွယ်လုလစ်ရှောင်ပင်းလဲ ဒီကျွန်းပေါ်မှာပဲ အသတ်ခံခဲ့ရတယ်၊ စိတ်မကောင်းစရာပဲ'

ကိန်လွှေ့က ဆက်လက်၍ ရှန့်ကျင့်၊ ရှောင်ပင်းနှင့် မိမိတို့ စမန်းကျွန်းပေါ်ရှိ စင်ရော်ဂိုဏ်းချုပ်ကို မီးရှို့ဖျက်ဆီးခဲ့ပုံမှစကာ မိစ္ဆာကျွန်းပေါ်သို့ရောက်လာကြပုံ၊ ရှန့်ကျင့်၊ ရှောင်ပင်းနှင့် ရီတာဟိုင်တို့ ထူးဆန်းစွာ အသတ်ခံရပုံတို့ကို ပြန်လည်ပြောပြလေသည်။

'ရှန့်ကျင့်ရဲ့ဒဏ်ရာ ကြည့်ရတာကတော့ အနီးကပ်ပြီး တစ်ချက်တည်းနဲ့ အသေ ခုတ်သတ်သွားတာပဲ၊ ရှန့်ကျင့်ဟာ အစွမ်းထက်တဲ့သိုင်းသမားတစ်ယောက်ဆိုတော့ ရန်သူကို သူ့အနားကိုရောက်အောင် အကပ်ခံမှာမဟုတ်ဘူး၊ ပြီးတော့ ရှောင်ပင်းဟာ လှေပေါ်မှာ တစ်ယောက်တည်း အိပ်နေတယ်ဆိုတော့ နီးနီးကြားကြားရှိနေမှာပဲ....

'တစ်ယောက်ယောက် လှေပေါ်တက်လာရင် သူသိကိုသိရမယ်၊ ဒီတော့ သူတို့နှစ်ယောက်ကို အနီးကပ်ရိုက်ခိုက်သတ်ဖြတ်သွားတဲ့လူဟာ သူတို့နဲ့သိပ်ရင်းနှီးပြီး သူတို့က စိတ်ချယုံကြည်တဲ့လူဖြစ်ရမယ်'

ကိန်လွှေ့ထံမှ အကြောင်းစုံ သိပြီးသောအခါ ပတွေလှလှင် ဝင်ဆန်းဆောင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလူဟာ ဘယ်သူဖြစ်နိုင်မလဲ'

မေ့မြောနေရာမှ ပြန်လည်သတိရလာပြီဖြစ်သော ဟင်္သာနက် မင်းကျူးက ပြောသည်။

'အဲဒီလူဟာ ကျွန်တော်တို့ လှိုင်ယံသိုင်းသမားတွေထဲကပဲ ဖြစ်ရမှာပေါ့'

ဝင်ထန်းက ဤသို့ပြောပြီး ကိန်လွေ့ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။

'ခင်ဗျားက ကျွန်တော့်ကို လူသတ်တရားခံလို့ စွပ်စွဲချင်တာလား'

ကိန်လွေ့က ပြန်မေးသည်။

'ဒီကျွန်းမှာ လူလေးယောက်ရှိတယ်၊ ကျွန်တို့ သုံးယောက် အဆိပ်ခံရပြီး ခင်ဗျားတစ်ယောက်တည်း အသက်ရှင် ကျန်ရစ်ခဲ့တယ်ဆိုတော့ ခင်ဗျားကို လူသတ်တရားခံလို့ မစွပ်စွဲရင် ဘယ်သူ့ကိုစွပ်စွဲရမှာလဲ'

ဝင်ထန်းက ဤသို့ပြန်ပြောပြီး တခြားလှိုင်ယံသိုင်းသမားများကလည်း ကိန်လွေ့ကို မသင်္ကာသော အကြည့်မျိုးဖြင့် ဝိုင်းကြည့်ကြသည်။

'သူတို့ကို ကျွန်တော်က ဘာကြောင့်သတ်ရမှာလဲ'

ကိန်လွေ့က ပြန်မေးသည်။

'အကြောင်းရှာစရာလိုသေးသလား၊ သူတို့တွေသေသွားရင် ခင်ဗျားတစ်ယောက်တည်း ရတနာသိုက်ကို မောင်ပိုင်စီးနိုင်တာပေါ့'

ဝင်ထန်းက ပြောလိုက်သည်။



'ဒါဆိုရင် ရွက်လှေကိုမောင်းပြေးတဲ့လူက ဘယ်သူလဲ'

'ဒီကိစ္စက ခင်ဗျားကိုတာ သက်သက်ထွင်လုံးလုပ်ထားတာပဲ ဖြစ်ရမယ်၊ ခင်ဗျားတို့လေးယောက်ရှိနေတဲ့ ကျွန်းပေါ်ကို ဘယ်ကလူတစ်ယောက် ထပ်ရောက်လာနိုင်မှာလဲ'

'ဝင်ထန်းစွပ်စွဲသလို ကျွန်တော်ဟာ လူသတ်ကောင်ဖြစ်မယ်လို့ ခင်ဗျားတို့ယုံကြည်ကြသလား'

ကိန်လွေ့က လှိုင်ယံသိုင်းသမားများကို မျက်စိကစားကာ ဝေ့ကြည့်ရင်း မေးလိုက်သည်။

'ကျွန်မ မယုံဘူး၊ ကိန်လွေ့ဟာ လူသတ်ကောင်မဖြစ်နိုင်ဘူး'

ရှင်ယုယုက ပြောသည်။

'ကျွန်မကတော့ ယုံတယ်၊ ကိန်လွေ့ဟာ ရတနာတွေကို အပိုင်စီးချင်လို့ ရှန်ကျင့်တို့ကို သတ်သင်ပစ်တာဖြစ်ရမယ်'

ရည်းစားဖြစ်သူ အသတ်ခံရသည့်အတွက် စိတ်ထိခိုက်ကာ ဝမ်းနည်းကြေကွဲနေသော ဟင်္သာနက်မင်းကျူးက ဒေါမာန်ပါပါနှင့်ပြောသည်။

ပါးစပ်မှပြောရုံသာမဟုတ်ဘဲ ဓားဆွဲထုတ်ကာ ကိန်လွေ့ကို ခုတ်ပိုင်းသတ်ဖြတ်ရန်ပြင်နေသည်။

'မင်းကျူး...အရမ်းမလုပ်နဲ့လေ၊ နေပါဦး၊ ဒီပြဿနာကို ရှင်းပြီးမှ လုပ်ချင်ရာလုပ်ပါ'

ဟင်္သာဝါက မင်းကျူးကို ဖြေသိမ့်ကာ ပြောလိုက်၏။

ကိန်လွေ့မှာ အတော်အကျပ်ရိုက်နေသည်။ မပြောချေလည်း၊ ထန်ရှူရှိ ဆိုသလို ရှန်ကျင့်တို့ အသတ်ခံခဲ့ရမှုအတွက်

www.burmeseclassic.com

www.burmeseclassic.com



မိမိကို လူသတ်ကောင်ဟု စွပ်စွဲစရာ အကြောင်း အချက်တွေ ရှိနေကြောင်း ကိန်လေ့ နားလည်သဘောပေါက်သည်။

ထို့ကြောင့် ဝင်ထန်းနှင့် မင်းကျူးယွိုကို အပြစ်မဆိုချင်ပေ။ လင်ယုယုက ကိန်လေ့ လူသတ်သမားမဖြစ်နိုင်ကြောင်း အကြောင်းအမျိုးမျိုးပြပြီး ကာကွယ်ပြောဆိုပေးသည်။

'တစ်ခုတော့ စဉ်းစားစရာရှိတယ်၊ ရှန်ကျင့်ရဲ့ လည်ပင်းက ဓားဒဏ်ရာက အခုတော့မှတ်ပေမယ့် ခုတ်ချက်ကသိပ်မမှန်ဘူး၊ အပေါ်ကနည်းနည်းတက်နေတယ်၊ သည်တော့ ရှန်ကျင့်ကို ဓားနဲ့ခုတ်သွားတဲ့လူဟာ ဓားသိုင်းတတ်ပေမယ့် ဓားကိုသိပ်ပြီးသုံးလေ့မရှိလို့ လက်ဆ နည်းနည်းတိမ်းစောင်းသွားတာ ဖြစ်ရမယ်....

'ကိန်လေ့ဟာ ဓားသမားတစ်ယောက်ဖြစ်တယ်၊ ဓားတိုနှစ်လက်ကိုပဲ အမြဲကိုင်တယ်၊ သည်တော့ ရှင့်ကျန့်ကို အသေသတ်လိုက်တဲ့ ဓားချက်ဟာ ကိန်လေ့လို ဓားသမားတစ်ဦးရဲ့ လက်ဆမျိုးမဟုတ်ဘူး'

လင်ယုယုနှင့် ဝင်ထန်းတို့ အခြေအတင်ငြင်းခုန်ပြောကြား နေစဉ်မှာ ကျားဖြူရှန်အိုင်က ကြားဝင်ကာ ထင်မြင်ချက် ပေးသည်။

'အချင်းချင်းပြန်သတ်ရတဲ့အတွက် ကိန်လေ့ စိတ်လှုပ်ရှားပြီး လက်ဆလွဲသွားတာဖြစ်မှာပေါ့'

မင်းကျူးယာ ဝင်ပြောသည်။

'ဟုတ်တယ်၊ အဲ့ဒီလိုပဲဖြစ်လိမ့်မယ်'

ဟယ်ဝစိမ်းကလည်း ဝင်ထောက်ခံသည်။



ရှန်အိုင်ကလည်း ဘာမျှဆက်မပြောတော့ပေ။ ကျန် လူငယ်သိုင်းသမားများ၏ စိတ်ထဲတွင် သို့လော သို့လောနှင့် ဝေခွဲမရဖြစ်နေကြသည်။

လူသတ်ကောင်မှာ ကိန်လေ့ဖြစ်ရမယ်ဟု ယုံကြည်ကြသူ များရှိသလို ဖွဲ့ဝှက်စိတ်ဖြင့် သံသယပွားနေသောသူများလည်း ရှိသည်။

'ကဲ... ဒီအတိုင်းငြင်းခုန်နေကြရင် ပြီးမှာမဟုတ်ဘူး၊ သည် တော့ အများရဲ့ဆန္ဒကိုရယူပြီး ဆုံးဖြတ်မယ်၊ ကိန်လေ့ဟာ လူသတ်သမားဖြစ်မယ်ဆိုတာကို လက်မခံနိုင်တဲ့သူတွေ လင် ယုယုဘေးမှာသွားရပ်ကြပေ၊ ကိန်လေ့ဟာ လူသတ်ကောင် ဖြစ်မယ်လို့ယုံကြည်တဲ့လူတွေ ကျွန်တော့်ဘေးမှာ လာရပ် ကြပေ'

နောက်ဆုံး ဝင်ထန်းက ညှိနှိုင်းပြောဆိုလိုက်သည်။

ဟယ်ဝမယ်ဇေဦးက ချက်ချင်းပင် ဝင်ထန်းဘေးဝယ် သွားရပ်ကြသည်။

'နေပါဦးလေ၊ သည်ပြဿနာ ယတိပြတ် အဆုံးအဖြတ် မပေးနိုင်တဲ့ ကြားနေချင်တဲ့လူတွေ ရှိနေရင်ကော'

ကျားဖြူရှန်အိုင်က ပြောသည်။

'ကြားနေချင်တဲ့လူက ဟိုဘက်မှာသွားရပ်'

ဝင်ထန်းက တစ်နေရာကို လက်ညှိုးထိုးပြပြီး ပြော၏။

ကျားဖြူရှန်အိုင်နှင့် ဆင်းရဲသူဇာခွေးခြင်လုတို့ ထိုနေရာသို့ သွားရပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ကြွားနေသူကိုးဦး၊ ကိန်လွေ့အားလူသတ်ကောင်ဟု စွပ်စွဲသူ ဆယ့်နှစ်ဦးရှိသည်။ ကိန်လွေ့ကို လူသတ်သမားဟု မှတ်ချက်မှတ်သူမှာ လင်ယုယုတစ်ဦးတည်းသာရှိ၏။

'ကျွန်တော်ရော ထင်မြင်ချက်ပေးနိုင်မလား'

ရိလျှံကျင့်ကပြောသည်။

ထင်မြင်ချက် ပေးခွင့်ပြုလိုက်သောအခါ ရိလျှံကျင့်မှာ ဝင်ထန်းတို့လူစုဘက်သို့သွားရပ်သည်။

ဤတွင် ဝင်ထန်းအုပ်စုဘက်တွင် ဆယ့်သုံးဦးဖြစ်သွားသည်။

'တဲ...ကျွန်တော်ပြောတာကို လက်ခံတဲ့လူတွေများတယ်။ အညီတော့ ကိန်လွေ့ဟာ လူသတ်ကောင် ဖြစ်တယ်ဆိုတာ ထင်ရှားနေပြီ'

ဝင်ထန်းက ပိုင်နိုင်သောအမူအရာဖြင့်ပြောသည်။

'သည်လိုပဲမျိုးနဲ့ လူသတ်တရားခံလို့ စွပ်စွဲနိုင်မလားရှင့်'

လင်ယုယုကလည်း အလျှော့မပေးသေးဘဲ ငြင်းဆိုပြန်၏။

'ကိန်လွေ့ဟာ ရတနာသိုက်ကို လိုချင်လို့ ရှန့်ကျင့်တို့ကို သတ်ပစ်ခဲ့တာပဲ၊ ဒီထက်ခိုင်လုံတဲ့အထောက်အထား ဘာရှိဦးမှာလဲ'

မင်းကျူးကဝင်ပြောသည်။

'ကဲ...ကိန်လွေ့၊ ဒီလောက်ထောင်ဖြစ်နေကြရင် ကျွန်မတို့ သည်နေရာက ထွက်သွားကြပါစို့၊ ရတနာတွေအများကြီး ရှိနေတဲ့နေရာဟာ အန္တရာယ်များတယ်၊ နေဖို့ထိုင်ဖို့မသင့်လျော်ဘူးရှင့်'

လင်ယုယုက ကိန်လွေ့ကို လှမ်းပြောသည်။



'ဟုတ်တယ်၊ ရတနာဆိုတဲ့အရာဟာ လူတွေရဲ့စိတ်ဓာတ်ကို အမျိုးမျိုးညစ်နွမ်းအောင်လုပ်တတ်တယ်၊ လောဘဇောတိုက်ပြီး အကျင့်သိက္ခာတွေတောင် ပျက်ပြားတတ်တယ်၊ ဒီနေရာကနေ မြန်မြန်ထွက်သွားလေ ကောင်းလေပဲ'

ကိန်လွေ့ကပြန်ပြောသည်။

'ကဲ...အားလုံး ကြားကြတယ်မဟုတ်လား၊ ကိန်လွေ့က ဒီကျွန်းကနေ ထွက်သွားတော့မယ်တဲ့၊ ဒီတော့ ဒီရတနာသိုက်ကို သူစိတ်ဝင်စားမှုမရှိဘူးဆိုတာ ထင်ရှားနေပြီ၊ ရတနာသိုက်ကို စိတ်မဝင်စားတဲ့ ကိန်လွေ့ဟာ ရှန့်ကျင့်ကိုလဲ သတ်ဖြတ်စရာအကြောင်းမရှိပါဘူး'

လင်ယုယုကပြောလိုက်သည်။

'ဒါဆို သူ့လုပ်ကြံမှုတွေပေါ်သွားလို့ ရှောင်ပြေးချင်တဲ့သဘောပဲ၊ ဒီလိုထွက်သွားကြမယ်ဆိုတိုင်း ခွင့်ပြုလို့ ဘယ်ဖြစ်မှာလဲ'

ဝင်ထန်းက ပြောသည်။

'ဒီလိုဆိုရင် ရှင်က ဘယ်လိုလုပ်ချင်လို့လဲ'

လင်ယုယုက လေသံမာမာဖြင့်ပြောသည်။

'ဘယ်လိုလုပ်ရမှာလဲ၊ လူအတိကောင်ကို သေစားသေစေ အပြစ်ပေးပြီး အဆုံးစီရင်ရုံပဲရှိတာပေါ့'

'ဝင်ထန်းကလည်း ရှင်းရှင်းပြတ်ပြတ်ပြန်ပြောသည်။

'ဟုတ်တယ်'

'ဟုတ်တယ်'

'ကိန်လွေ့ကိုအသေသတ်ရမယ်'

www.burmeseclassic.com



မင်းကျူးတို့ ဟသ်ာမယ်တို့ ဝါးဦးက ဆော့်ဟစ်ပြောဆိုကြသည်။

ထိုအချိန်တွင် ဝင်းထန်းတို့သက်တွင်ရပ်နေသော ရွှေလုံ့ရှင်ဟန်လု၊ ယက္ခတုတ်သိုဖိန်နှင့် စာပေလုလင်စိန်ကျားတို့ သုံးဦးမှာ ကြားနေသည့်စုရပ်သို့ ကူးပြောင်းသွားကြသည်။

ဤတွင် ဝင်ထန်းဘက်တွင် ကြားနေ့အူ ဆယ်ဦးဖြစ်သွားသည်။

'ခင်ဗျားတို့က ဘာဖြစ်ကြတာလဲ'

ဝင်ထန်းက လှမ်းမေးသည်။

'သက်ဆဲဆွအနေဆောက်ဆာထား ခိုင်ခိုင်လုံလုံမရှိတဲ့ ထင်မြင်ယူဆချက်တစ်ခုဘည်းနဲ့ လူတစ်ယောက်ကို သေဒဏ်မစီရင်ချင်လို့ပါ'

စာပေလုလင်စိန်ကျားက ပြန်ပြောသည်။

'ဟုတ်တယ်၊ အခုကိစ္စမှာ ချက်ချင်းဆုံးဖြတ်စီရင်လို့ မသင့်ဘူး၊ မှားယွင်းသွားရင် တစ်သက်လုံး နောင်တရလို့မဆုံးဖြစ်နေရမယ်'

ယက္ခတုတ်လိုဖိန်ကလည်း ပြောလိုက်သည်။

ဤတွင် ချမ်းသာသူဇာ၊ ဒေါင်းသူဇာနှင့် ခရေသူဇာ၊ ရေသိုင်းသူဇာတို့ လေးယောက်လည်း ကြားနေအုပ်စုဘက်သို့ ကူးပြောင်းသွားကြပြန်သည်။

ထို့ကြောင့် ဝင်ထန်းတို့ဘက်တွင် စုစုပေါင်း ကိုးဦးသာ ကျန်တော့သည်။



မိမိဘက်တွင် လူအင်အားနည်းသွားသောကြောင့် ပန်းလွှလုလင်ဝင်ထန်းမှာ တင်းတင်းမာမာမလုပ်ဝံ့တော့ပေ။

'ကောင်းပါပြီ၊ ဒီလိုဆိုရင်လဲ ကိန်လွှေကို သေဒဏ်မစီရင်တော့ပါဘူး၊ သွားလိုရာသွားပါစေတော့'

ပလွေလုလင်ဝင်ထန်းက အလျှော့ပေးလိုက်သည်။

'ကဲ...ကိန်လွှေ၊ ကျွန်းမတ်သွားကြစို့'

လင်ယုယုက ဤသို့ပြောပြီး မိစ္ဆာကျွန်း၏အနောက်ဘက်ထမ်းခြေသို့ ကိန်လွှေကို ခေါ်လာခဲ့သည်။

ကျားပြူးမှုန့်အိုင်နှင့် ကြယ်ပုံ့ယူဟုံတို့လည်း လင်ယုယုတို့နောက်သို့ လိုက်လာခဲ့ကြသည်။

လင်ယုယုတို့ စီးလာခဲ့ကြသော ဝါးဖောင်များမှာ ကျွန်း၏ အနောက်ဘက်ထမ်းခြေဝယ် အသင့်ရှိသည်။

'ကိန်လွှေ...သတိထားပြီးသွားဗျာ'

ကိန်လွှေ အပေါ် သံယောဇဉ်ရှိသူ ကျားပြူးမှုန့်အိုင်က နှုတ်ဆက်စကားပြောသည်။

ဝါးဖောင်ထစ်ခုကိုလည်း ကူညီပြီး ရေထဲသို့တွန်းချပေးသည်။ ကိန်လွှေသည် မိစ္ဆာကျွန်းတွင်နေခဲ့သော သုံးရက်တာအချိန်အတွင်း ဝါးပုစွန်များကိုဖမ်းထား အခြောက်လှန်း၍ ရိက္ခာခြောက်များပြုလုပ်ထားခဲ့သည်။

ကိန်လွှေက ထိုရိက္ခာခြောက်များနှင့် ရေချိုအတောင့်များကို ဖောင်ပေါ်တင်ကာယူလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျောင်းဖြူရှန့်အိုင်တို့ကိုနှုတ်ဆက်ကာ ကိန်လေ့နှင့် လင်ယုယုတို့ ဝါးဖောင်စီး၍ မိစ္ဆာကျွန်းမှ ထွက်ခွာလာခဲ့သည်။

'ယုယုကိုတော့ ထိုက်တကယ်ကျေးဇူးတင်မိတယ်'

မိစ္ဆာကျွန်းမှ ထွက်ခွာလာကြပြီး ပင်လယ်ပြင်ဝယ် ဝါးဖောင်ကို လှော်ခတ်လာရင်း ကိန်လေ့က ပြောလိုက်သည်။

'ဘာကြောင့် ကျေးဇူးတင်တာလဲ'

'ခြော်...လူငယ်သိုင်းသမားတွေထဲမှာ တို့အပေါ် တကယ်တမ်း နားလည်တဲ့လူဆိုလို့ ယုယုတစ်ယောက်တည်းပဲ ရှိတယ် မဟုတ်လား'

လင်ယုယုက ကိန်လေ့ကို ပြုံးလျက်ကြည့်နေသည်။ ကိန်လေ့ကလည်း ပြန်ကြည့်သည်။ အကြည့်ချင်းဆုံမိကြသည်။

ထိုအကြည့်များတွင် အဓိပ္ပာယ်ရှိသောအကြည့်များ များစွာပါနေသည်။

'ရှင်နဲ့ ကျွန်မ ပဌမအကြိမ် စတွေ့တုန်းကအဖြစ်ကို ရှင်မှတ်မိသေးသလား'

လင်ယုယုက ကိန်လေ့ကို မျက်လွှာပင့်ကြည့်နေရင်းပြောလိုက်သည်။

'ဘာကိုဆိုလိုတာလဲ'

'ကျွန်မရဲ့လက်ကို နမ်းခွင့်ပေးခဲ့တဲ့ကိစ္စလေ၊ ရှင် အဲဒါကို မေ့နေပြီလား'

'ဟာ...ဒီလောက်ဆိုတော့ သည်တစ်ခဏ် ဘယ်မေ့လိမ့်မလဲ၊ အမြဲအမှတ်ရနေမှာပါ'



'ရှင်ဟာ ကျွန်မရဲ့ကိုယ်ခန္ဓာကို ပဌမဆုံး နမ်းခွင့်ရတဲ့ ယောကျ်ားပဲ'

'ဟုတ်ကဲ့၊ အဲဒါကို ဂုဏ်ယူမဆုံးပါဘူး၊ ပြီးတော့ တစ်ခါ သာမဟုတ်ဘဲ တစ်သက်လုံး....ကို....ကို...'

ကိန်လေ့မှာ စကားအထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။

'တစ်သက်လုံး ဘာဖြစ်လဲ၊ ပြောလေ'

'ဟို....တစ်သက်လုံး....အဲ....ယုယုကို ချစ်တယ်'

ကိန်လေ့က အရဲစွန့်ကာ ပြောလိုက်သည်။ လင်ယုယုက ဘာမျှပြန်မပြော၊ ခေါင်းလေးငုံ့နေသည်။

'ဘယ်လိုလဲ ယုယု၊ တို့ပြောတာကို လက်ခံနိုင်မလား'

'အစ်ကိုဟာ ကျွန်မရဲ့ကိုယ်ခန္ဓာကို ပဌမဆုံး နမ်းခွင့်ရတဲ့ လူပါ၊ သည်တော့ အစ်ကိုရဲ့ကမ်းလှမ်းချက်ကို ကျွန်မလက်ခံရမှာပေါ့'

လင်ယုယုကပြန်ပြောပြီး ခေါင်းလေးငုံ့သွား၏၊ မျက်နှာဝယ် ရှက်သွေးများကြာကာ နီရဲ၍နေသည်။

သည်လိုဆိုတော့လည်း ပင်လယ်ပြင်ဝယ် ဝါးဖောင်ထက်၌ နေရသော်လည်း ပျော်စရာအတိ ရွှင်စရာအပြည့်ဖြစ်နေသည်။

နှစ်ယောက်သား ပျော်ပျော်ရွှင်ရွှင် စကားများဆိုကာ ဝါးဖောင်ကိုလှော်ခတ်လာကြသည်။

လင်ယုယုက မိမိတို့ အစည်းမရှိအောင်ကျွန်းစောင့်ခုတွင် ပင်နီ နေခဲ့ကြပုံနှင့် မိမိတို့စီးလာသောအဖော်ကို စင်ရော်ဂိုဏ်းသားလုယူသွားကြပုံကိုပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းလေငြိမ်သက်နေသည်မို့ ပင်လယ်ပြင်ဝယ် ခရီးနှင်ရသည်မှာ တစ်မျိုးပျော်စရာဖြစ်နေသည်။

'သူများတွေက မိစ္ဆာကျွန်းက ရီတာဟိုင်ရဲ့ ရတနာသိုက်ကိုသာ စိတ်ဝင်စားနေကြတယ်၊ တို့အခုနေနဲ့ကတော့ အဖိုးမဖြတ်နိုင်တဲ့ အလှရတနာလေးကို မိစ္ဆာကျွန်းမှာတွေ့ပြီး ပိုင်ဆိုင်ခွင့်ရလာတဲ့ အလှရတနာလေးက ရီတာဟိုင့်ရတနာသိုက်ထဲက ရတနာပစ္စည်းတွေထက် အများကြီးသာပါတယ်'

ကိန်လေ့က လင်ယုယုကို ရွှန်းရွှန်းစားစား ကြည့်ရင်း ပြောသည်။

'တော်ပါ အသားယူပြီးပြောမနေစမ်းပါနဲ့၊ လူကို သူ့ဖြင့် မပိုင်သေးတဲ့နဲ့'

လင်ယုယုက ပြုံးစစဖြင့်ပြန်ပြောသည်။

'အခု တို့ဘယ်ကိုသွားရင် ကောင်းမလဲ'

ကိန်လေ့က မျက်နှာပိုးသတ်ပြီးပြောသည်။

'ညက မုန်တိုင်းအကြီးအကျယ်တိုက်တာဆိုတော့ စင်ရော်ကိုက်ကျွန်းရဲ့ သင်္ဘောလဲ မုန်တိုင်းဒဏ်ခံရမှာပဲ၊ သူ့သင်္ဘောက ဝါးဖောင်လို မခံပါပါဘူးဆိုတော့ မုန်တိုင်းမိပြီ၊ နစ်ချင်နစ်သွားမယ်....

'ဒါမှမဟုတ် သူတို့တတွေ ဟို....အမည်မသိတဲ့ကျွန်းလေးပေါ်ကိုတက်ပြီး ခိုနေကြမလားမပြောတတ်ဘူး၊ ဒီတော့— အဲဒီ ကျွန်းလေးဘက်ကိုပဲသွားပြီး အကဲခတ်ကြည့်ရအောင်၊ နေ့ကလဲ သိမ်မဝင်သေးပါဘူး၊ နေ့လယ်လောက်ဆိုရောက်သွားနိုင်ပါတယ်'



ဤသို့ဖြင့် လင်ယုယုတို့ ခေတ္တဝင်နားခဲ့သည့် အမည်မဲ့ကျွန်းလေးဘက်သို့ဦးတည်ကာ လာခဲ့ကြသည်။

'ဟိုလူတွေကို မိစ္ဆာကျွန်းပေါ်မှာ ထားရစ်ခဲ့ရတာကို တို့စိတ်မကောင်းပါဘူး ယုယုရယ်'

'အစ်ကိုက ဘာကြောင့် စိတ်မကောင်းဖြစ်နေရတာလဲ'

'ရှန်ကျင့်တို့ကို သတ်သွားတဲ့ လူသတ်သမားဟာ မိစ္ဆာကျွန်းကို တိတ်တဆိတ်ပြန်ရောက်လာနိုင်တယ်၊ အဲဒီလူ ဘယ်သူလဲဆိုတာကို မခန့်မှန်းနိုင်ပေမယ့် မိစ္ဆာကျွန်းရဲ့အခြေအနေကို အတော်ကျွမ်းကျင်တဲ့လူ ဖြစ်ဖို့များတယ်၊ သူ မိစ္ဆာကျွန်းကို တိတ်တဆိတ်ပြန်ရောက်လာရင် ကျွန်းပေါ်မှာကျန်ခဲ့တဲ့လူတွေအတွက် အန္တရာယ်အများကြီးရှိနိုင်တယ်'

'ဒါကတော့ ဒါပေါ့လေ၊ ဒါပေမယ့် သူတို့က အစ်ကို့ကိုမှ မယုံကြတဲ့၊ လူသတ်သမားလို့ စွပ်စွဲနေတော့ ဘယ်လိုလုပ်ပြီး သူတို့ကို အကူအညီပေးနိုင်မှာလဲ'

'အင်းလေ....အခြေအနေကတော့ အတော့ကို ဘေးကျပ်နံကျပ်ဖြစ်နေတာပဲ၊ သူတို့ကို မိစ္ဆာကျွန်းမှာ သည်အတိုင်းပစ်ထားလို့မဖြစ်သေးဘူး၊ တစ်ခုခုကြံဆပြီးလုပ်ပေးရမယ်'

'အစ်ကို...ဟိုမှာကြည့်စမ်း၊ ဘာကြီးလဲ'

ကိန်လေ့ စကားပြောနေစဉ်မှာပင် လင်ယုယုက ပင်လယ်ပြင်ထဲတစ်နေရာကို လက်ညှိုးညွှန်ပြပြီး ပြောလိုက်သည်။ ကိန်လေ့ကလည်း လင်ယုယုညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်တွင် ခပ်ခုံးခုံးအရာတစ်ခုမျောနေသည်ကိုတွေ့ရသည်။ ထိုအရာကို ဖက်တွယ်ထားသော လူတစ်ယောက်၏ အသွင်သဏ္ဌာန်ကိုပါမြင်ရသည်။

'ဟာ…သင်္ဘောနစ်ပြီး ပင်လယ်ထဲမျောနေတဲ့လူပါလား'

ကိန်လေ့က ညှို့သို့ပြောပြီး ထိုနေရာသို့ ဝါးဖောင်ကိုဦးတည်ကာ လှော်ခတ်သွားသည်။

နီးကပ်လာသည့်အတွက် ပို၍ထင်ထင်ရှားရှား မြင်လာရသည်။ ခပ်ခုံးခုံးအရာမှာ ပင်လယ်ပြင်ထဲဝယ် မှောက်ထိုးမှောက်ခုန်ဖြစ်ကာ နစ်မြုပ်နေသော သင်္ဘောတစ်ခု၏ကျောဖြစ်သည်။ ပက်လက်လန်နေသောသင်္ဘောကျောကို ကပ်တွယ်ထားသည့် အမျိုးသမီးတစ်ဦးကိုလည်းတွေ့ရသည်။

ထိုအမျိုးသမီးမှာ အဖြူရောင် ပိုးသားဝတ်စုံကိုဝတ်ထားသည်။ ရေစိုနေသည့်အတွက် ဝတ်စုံက အသားနှင့်ကပ်နေရာ အမျိုးသမီး၏ ပြေပြစ်သောကိုယ်ခန္ဓာအလှကို မြင်နိုင်ပေ၏။

ကိုယ်ခန္ဓာအချိုးအဆစ်က အလွန်လှပသည်။ အမျိုးသမီးမှာ အလွန်မောဟိုက်နွမ်းနယ်နေသည့်အသွင်ရှိသည်။

ခေါင်းငိုက်စိုက်ကျကာ သင်္ဘောဝမ်းကိုလက်ဖြင့်ကုပ်တွယ်ထားသည်။

'ဟာ…အမျိုးသမီးတစ်ယောက်ပါလား၊ အသက်မှရှိသေးရဲ့လား'

ကိန်လေ့က ရေရွတ်လိုက်သည်။ ကိန်လေ့အသံကို ကြားသွားဟန်တူသော အမျိုးသမီးက ခေါင်းကိုထောင်ကာ ကိန်လေ့ဘက်သို့ကြည့်သည်။



'ကျွန်မ မသေသေးပါဘူး၊ ရှင်မြန်မြန်လာကယ်ပါ'

အားနည်း ဖျော့တော့သောအသံဖြင့် အကူအညီတောင်းသည်။ ထိုအမျိုးသမီး၏မျက်နှာကို တွေ့ရသည်တွင် ကိန်လေ့နှင့် လင်ယုယုတို့မှာ အထိတ်တလန့်ဖြစ်သွားကြသည်။

ထိုအမျိုးသမီး၏ မျက်နှာမှာ အလွန်အကြည့်ရ ရုပ်ဆိုးလှသည်။ မျက်နှာမှာ အရေပြားများလန်ကာ ရွတ်တွနေသောအမာရွတ်များနှင့် ပြည့်နှက်နေသည်။

အကြောများပြတ်နေသည့်ဟန်ဖြင့် မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်တို့မှာ အနေအထားမမှန်ဘဲ လွဲချောင်းနေ၏။ မျက်နှာကို မီးလောင်ခံထားရသည့်အသွင်ပင်။

လှပတောင့်တင်းသော ကိုယ်ခန္ဓာနှင့်မလိုက်အောင် မျက်နှာမှာ သရဲတစ္ဆေရုပ်ပမာ အလွန်အကြည့်ရဆိုးလှသည်။

'အမယ်လေး… ဘုရား…ဘုရား… ပင်လယ်ထဲမှာ တစ္ဆေခြောက်ခံနေရတာများလား'

လင်ယုယုက အလန့်တကြားရေရွတ်လိုက်သည်။

'ကျွန်မ တစ္ဆေမဟုတ်ပါဘူးရှင်၊ လူပါ၊လူအစစ်ပါ၊ ဒုက္ခရောက်နေတဲ့လူပါ၊ မြန်မြန်ကယ်ပါရှင်'

အမျိုးသမီးက မြန်ပြောသည်။ ကိန်လေ့က ဝါးဖောင်ကို မှောက်ခုန်ဖြစ်နေသော သင်္ဘောနားသို့ တိုးထောင်ပေးရန် ဟန်ပြင်လိုက်သည်။

'နေပါဦး အစ်ကို၊ အရမ်းမလုပ်နဲ့၊ အရမ်းမကပ်နဲ့'

လင်ယုယုက တစ်စုံတစ်ရာကို စဉ်းစားမိသည့် အသံဖြင့် တားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ ယုယု'

ကိန်လျှေ့က အအံ့တသြမေးပြန်သည်။

'သူ ဘယ်သူလဲဆိုတာ သေသေချာချာ မေးကြည့်ပြီးမှ ယာယ်ဆင့်ထယ်ရမယ်'

'သူဟာ ခင်မောင်ဂိုဏ်းချုပ်ဖြစ်မယ်လို့ ကျွန်မထင်တယ်'

လင်ယုယုက လေသံဖြင့် နှစ်ကိုယ်ကြား ပြောလိုက်သည်။

ကိန်လျှေ့က ဝါးဖောင်ကို သအော်ာမျှော်နေရာသို့မကပ်စေးဘဲ ခပ်ခွာခွာအားကာ အသံကျယ်ကျယ်ဖြင့် လှမ်းမေးသည်။

'ဗျို့-အမျိုးသမီး၊ ခင်ဗျားဟာ ခင်ရော်ဂိုဏ်းချုပ်မဟုတ်လား'

'ဟာ...မဟုတ်ရပါဘူး၊ ကျွန်မဟာ သာမန်ခရစ်သူလေးပါ၊ နာမည်က 'ချောင်ကူး'လို့ခေါ်ပါတယ်၊ ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး သဘော်ာမျှောက်သွားလို့ ဒုက္ခရောက်နေတာပါ'

ထိုအမျိုးသမီးက ပျာပျာသလဲပြန်ပြောသည်။

'ရှင် မညာနဲ့၊ အမှန်အတိုင်းပြောပါ'

လင်ယုယုကဝင်ပြောသည်။

'ညာတာမဟုတ်ပါဘူး၊ အမှန်အတိုင်းပြောတာပါ'

ကိန်လျှေ့ကလည်း ဝါးဖောင်ကို အဝေးသို့လှော်ထွက်ရန် ပြင်လိုက်သည်။

'ကျွန်မကို မစ်မထားခဲ့ပါနဲ့ ကိန်လျှေ့ရယ်၊ ရှင်ဟာ စိတ်ကောင်း စေတနာကောင်းရှိလို့ ချစ်လှထင်ရယ်လို့ တင်စားခေါ်ခဲ့ရတာမဟုတ်လား၊ ကျွန်မလို ပင်လယ်ပြင်မှာမျော



ပါပြီး ဒုက္ခရောက်နေတဲ့လူကို စျေးဝိုင်းထားခဲ့ရက်သလား ရှင်'

ထိုအမျိုးသမီးက တောင်းပန်စကားဆိုသည်၊

'ခင်ဗျားတို့ ကိုယ်ရံတော်ရွှေဆံထုံးဆယ့်တစ်ယောက်နဲ့အဆိပ်မိကျောင်းစိမ်းကိုးတို့လူစုကော သေကုန်ကြပြီလား'

'မုန်တိုင်းမိပြီး သင်္ဘောမျှောက်တဲ့အခါမှာ သူတို့အားလုံး ပင်လယ်ထဲကိုကျကုန်ကြပါတယ်'

'ခင်ဗျားတစ်ယောက်တည်း အသက်ရှင် ကျန်ရစ်ခဲ့တယ်ဆိုပါတော့'

'ဟုတ်ပါတယ်၊ကျွန်မက မျှောက်သွားတဲ့သင်္ဘောရဲ့ရေကို ဖက်တွယ်ထားနိုင်ခဲ့လို့ အသက်ရှင်ကျန်ရစ်ခဲ့တာပါ'

'နဂါးလေးစမ်းကွမ်းကော'

အစွာဖော်တစ်ယောက်ဖြစ်သည့် နဂါးလေးစမ်းကွမ်းကို မုန်းတီးစိတ်နာနေသော လင်ယုယုကမေးလိုက်သည်။

'သူလဲ ပင်လယ်ပြင်အောက်သို့ရောက်သွားပါပြီ'

'ရတနာသိုက်ရှိနေတဲ့ မိစ္ဆာကျွန်းကိုတော့ ရှင် သွားချင်သေးလား'

'အခု ဆခြေအနေမျိုးမှာတော့ ဘာကိုမှ မမက်တော့ပါဘူး၊ အသက်ရှင်ပြီးနေနိုင်ဖို့က ရတနာပစ္စည်းတွေထက် ပိုပြီးအရေးကြီးပါတယ်'

ဤအခါ ကိန်လျှေ့ကဝင်ပြောပြန်သည်။

'ခင်ဗျားသိရအောင် တစ်ခုပြောဦးမယ်၊မုန်းကျွန်းပေါ်မှာရှိနေတဲ့ ခင်ဗျားရဲ့ဌာနချုပ်ခန်းကို ကျွန်တော်တို့မီးတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးပစ်လိုက်ပြီးပြီ၊ မြန်မာကျွန်းပေါ်မှာရှိနေတဲ့ ခင်ဗျားတို့ရဲ့ဂိုဏ်းဝင်တွေကိုလဲ သက်ဆိုင်ရာကိုအပ်လိုက်ပြီ၊ အခုဆိုရင် စင်ရော်ဂိုဏ်းမှာ ခင်ဗျားတစ်ယောက်တည်းပဲကျန်တော့တယ်’

‘အင်း…ကျွန်မလဲ မိုက်မှားမိခဲ့တာတွေကို နောင်တရပါပြီ၊ စင်ရော်ဂိုဏ်းကိုလဲ ပြန်ထူထောင်ဖို့စိတ်မကူးတော့ပါဘူး’

‘ဟိုအရင်က စင်ရော်ဂိုဏ်းချုပ်က ရှင်နဲ့ဘာတော်လဲ’

လင်ယုယုကမေးသည်။

‘ကျွန်မရဲ့အဘွားပါ’

‘ရှင့်မျက်နှာက ဘာလို့အခုလို ရုပ်ပျက်ဆင်းပျက်ဖြစ်သွားရတာလဲ’

‘သုံးနှစ်အမီးလောက်က မျက်နှာကို ရေနွေးပူလောင်ပြီး အခုလိုဖြစ်ခဲ့ရတာပါ၊ ကျွန်မက ရုပ်ပျက်ဆင်းပျက်ဖြစ်နေတော့ ဆိုတော့ လူ့ပတ်ဝန်းကျင်မှာ မဝင်ဆံ့နိုင်ပါဘူး၊ ဒါကြောင့် အားလုံးက ကျွန်မကို လေးစားကြောက်ရွံ့ရအောင် သိုင်းပညာ ကြိုးစားသင်ကြားပြီး စင်ရော်ဂိုဏ်းကို ပြန်ထူထောင်ဖို့ ကြံစည်ခဲ့တာပါ’

‘ဟာ…ဒီလိုစိတ်ထားမျိုးရှိရင် မှားမှာပေါ့၊ ခင်ဗျားဟာ အရုပ်ဆိုးနေပေမယ့် စိတ်ကောင်းစေတနာကောင်းရင် အများက ခင်ဗျားကို ချစ်ခင်ကြင်နာသနားကြမှာပါ၊ လူတွေဟာ အကြင်နာတရားရှိပါတယ်၊ တစ်ဦးပေါ် တစ်ဦး ခင်မင်ပြီး မေတ္တာစေတနာထားပြီး ဆက်ဆံပေါင်းသင်းကြတဲ့ လောက အလယ်မှာ ခင်ဗျားအနေနဲ့မျက်နှာမငယ်နိုင်ပါဘူး…’



‘သိုင်းပညာကို အလွဲသုံးစားပြုပြီး ဒုစရိုက်လုပ်ငန်းတွေ ကျူးလွန်ရင်တော့ ပြည်သူများရဲ့ရန်သူအဖြစ် ဝိုင်းဆဲပယ်ခံရလိမ့်မယ်၊ ဒီတော့ ခင်ဗျားတတ်နိုင်ထဲ့ဘာသိတာနေပြီး အများအကျိုးကို ဆောင်ရွက်ပေးပါ၊ အဲဒီအခါမှာ ခင်ဗျားကိုလဲ ခင်မင်စေတနာထားတဲ့လူတွေနဲ့ တွေ့ရပါလိမ့်မယ်’

ကိန်လွှေ့က စင်ရော်ဂိုဏ်းချုပ်ကို တရားချ ပြောဆိုပြီး နောက် ဝါးခေါင်းကို သင်္ဘောပျက်ရှိရာသို့ ကပ်ပေးလိုက်၏။

‘အစ်ကို…သူ့ကိုကယ်မယ်လို့လား’

လင်ယုယုကမေးလိုက်သည်။

‘အင်းလေ’

‘သူက အန္တရာယ်ပေးနိုင်တယ်နော်၊ စဉ်းစဉ်းစားစားလဲ လုပ်ပါဦး’

‘သူ့ကိုကြည့်ရတာ နောင်တရနေပုံရပါတယ်၊ ပြီးတော့ မဟာဇာဒီပင်လယ်ပြင်ထဲမှာ တိုက်သူကအထောက်ကြံရင် သူ့အတွက် ဘာမှအကျိုးမရှိပါဘူး၊ ဒါကို သူနားလည်ပါလိမ့်မယ်၊ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို ကယ်တင်တာဟာ ကောင်းပါတယ်ကွယ်’

ထိုအချိန်တွင် ဝါးခေါင်းမှာ သင်္ဘောပျက်အားသို့ ကပ်မိသွားပြီဖြစ်သည်။

‘ကဲ…ဒီအပေါ် တက်လာခဲ့ဗျာ’

ကိန်လွှေ့က လှမ်းပြောသည်။

စင်ရော်ဂိုဏ်းချုပ် မိန်းမပျိုလည်း ဝါးခေါင်းပေါ် လှမ်းတက်လာသည်။ လင်ယုယုက ဆီးရှိပေးမဆွဲတင်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စင်ရော်ဂိုဏ်းချုပ် မိန်းမပျိုက ဝါးဖောင် ပဲ့စင်အနီးဝယ် ကျုံ့ကျုံ့လေးထိုင်နေသည်။

'ရှင့်နာမည်က ဘယ်လိုခေါ်ကြပါသလဲ ချောင်ကူးရှင်'

လင်ယုယုကမေးလိုက်သည်။

'ယုတ်ပါတယ်၊အဲဒါ ကျွန်မရဲ့နာမည်အရင်းပါ၊ကျွန်မကို ပဝါတစ်ထည်လောက်ရှိရင် ပေးကြပါ၊ ကျွန်မမျက်နှာကိုဖုံးထားချင်လို့ပါ'

ချောင်ကူးမှာ အရုပ်ဆိုးလှသော မျက်နှာကို အလွန်စိတ်ပျက်နေပုံရသည်။ မပေါ်တပေါ်ဖြစ်နေသော ကိုယ်ခန္ဓာကို ဖုံးကွယ်ရန်သတိမရဘဲ မျက်နှာကိုအုပ်ထားရန်သာအရေးထား နေသည်။

လင်ယုယုက ပဝါတထည်ပေးလိုက်သည်။ ထို့ပြင် ငါး ခြောက်ပြားတစ်ပြားနှင့် ရေတစ်ခွက်ကိုလည်း ကမ်းပေးလိုက်သည်။ ချောင်ကူးက အားရပါးရစားသည်။

'ခင်ဗျားကို ဘယ်နေရာမှာပို့ပေးရမလဲ'

'ပြည်မကမ်းခြေဘစ်နေရာကိုရောက်ရင်တော်ပါပြီ၊ ကျွန်မ တောရွာတစ်ရွာမှာ သွားဝင်ပုန်းပြီး အေးအေးချမ်းချမ်း နေမှာပါတော့မယ်'

× × ×

လေးရက်ခန့် အကြာတွင် ပြည်မကမ်းခြေဘစ်နေရာရှိ မြို့ လေးတစ်မြို့နှင့် မနီးမဝေးတွင် ဝါးဖောင် ဆိုက်ကပ်မိသည်။ သူတို့သုံးယောက် ဝါးဖောင်ပေါ်မှဆင်းကာ ကမ်းပေါ်တက် လာခဲ့သည်။



'ရော့...လမ်းခရီးအတွက် ဟောဒီ ပုလဲနှစ်လုံးလဲယူသွား၊ ဒါဟာ ရီတာဟိုင်ရဲ့ရတနာသိုက်ထဲက ပုလဲတွေပဲ၊ ကျွန်တော် သူ့ကို အစားအသောက်တွေနဲ့လဲပြီး ယူထားလိုက်တာ၊ ခင် ဗျားအနေနဲ့ ရတနာသိုက်ထဲက ပုလဲနှစ်လုံးလောက် ရတယ် ဆိုတော့ ဖြေသာသေးတာပေါ့'

ကိန်လေ့က ပုလဲနှစ်လုံးကိုထုတ်ယူကာ ချောင်ကူးကိုပေး သည်။ ချောင်ကူးကလည်း ကျေးဇူးတင်စကားဆိုကာ ကိန် လေ့နှင့် လင်ယုယုတို့ကိုနှုတ်ဆက်လျက် ထွက်ခွာသွားသည်။

'အင်း...စင်ရော်ဂိုဏ်းတော့ ဘာစ်ခန်းသိမ်းပြီ၊ ကဲ...တို့ ဘာဆက်လုပ်ကြမလဲ'

ချောင်ကူး ထွက်သွားပြီးသောအခါ လင်ယုယုက ကိန် လေ့ကိုမေးလိုက်သည်။

'မြို့ထဲကိုသွားပြီး ကျွန်နေခဲ့တဲ့ ပုလဲတွေကိုရောင်းမယ်၊ စားကောင်းသောက်ဖွယ်တွေ ဝယ်စားမယ်၊ ပြီးတော့ သင်္ဘောတစ်စီးငှားပြီး မိစ္ဆာကျွန်းကိုပြန်သွားမယ်'

ကိန်လေ့ကပြန်ဖြေသည်။

'မိစ္ဆာကျွန်းကို ဘာကိစ္စပြန်သွားဦးမှာလဲ'

'ကျွန်းပေါ်မှာကျန်ခဲ့တဲ့ ရောင်းရင်းတွေကို သွားကယ် ရမယ်လေ'

'ဟာ...မဟုတ်တာတွေလုပ်မနေစမ်းပါနဲ့၊ ကျွန်မတို့ ဝါး ဖောင်စီးပြီး ပြည်မကိုရောက်အောင်လာနိုင်သေးတာပဲ၊ သူတို့ ထဲ မိစ္ဆာကျွန်းထဲမှာ စွန့်ခွာလာချင်တယ်ဆိုရင် အလွယ်လေး

www.burmeseclassic.com



မါ၊ သူတို့ထစ်တွေက ရတနာသိုက်ကိုမတော်ပြီး မိစ္ဆာကျွန်းမှာ ကျန်နေခဲ့ကြတဲ့ ဥစ္စာ သူတို့ဆိုက်နဲ့သူထိုက် ရှိကြပါစေ'

'ဒီလိုချစ်လျှို့ရထားလို့ ဘယ်ဖြစ်မှာလဲ၊ လျှို့ဝှက်လူသတ်သမားရဲ့အန္တရာယ်က ရှိနေသေးတယ်၊ လျှို့ဝှက်လူသတ်သမားက သူတို့တွေကို တစ်ယောက်ပြီး တစ်ယောက် တိတ်တိတ် ရှင်းထုတ်ပစ်မှာပေါ့....'

'အဲဒီ လျှို့ဝှက်လူသတ်သမားက ရှန်ကျင့်နဲ့ ဆောင်မင်းကို အသေတောင်သတ်နိုင်တဲ့နောက်၊ ကျန်လူတွေလဲ သတ်နိုင်မှာပေါ့'

'ရတနာမက်လို့သေကြတာပဲ သေခံပါစေ'

'ဟာ....ဒီလိုမပြောနဲ့လေ၊ ကျန်ခဲ့တဲ့ဆောင်းရှင်းတွေအားလုံးဟာ ရတနာသိုက်ကိုမတော်မောပြီး လောဘဇောတိုက်နေကြတဲ့လူတွေမဟုတ်ပါဘူး၊ ဒါကို ယုယုလဲသိပါတယ်လေ'

'ကောင်းပြီ၊ကျွန်မတစ်ခုပြောမယ်၊ပင်လယ်ထဲမှာ အစ်ကိုက ချစ်ရေးဆိုတယ် ကျွန်မက လက်ခံခဲ့တယ်၊ အခု ကျွန်မတို့နှစ်ယောက် စေ့စပ်ကြောင်းလမ်းလိုက်ကြမယ်၊ဒါမှ ကျွန်မလဲ အစ်ကိုနဲ့အတူတူ မိစ္ဆာကျွန်းကိုလိုက်ခဲ့မယ်'

'ဟာ....ခုချိန်မှာ စေ့စပ်ကြောင်းလမ်းလို့ မဖြစ်သေးဘူး'

'ဘာကြောင့်မဖြစ်နိုင်တာလဲ'

'ကံကြမ္မာဆိုတာ ခန့်မှန်းရခက်တယ်၊ ဒီနေ့ ယုယုနဲ့စေ့စပ်ကြောင်းလမ်းလိုက်ပြီး မကြာခင်မှာပဲ ကို့ဟာ ကံကြမ္မာဆိုးနဲ့ကြုံတွေ့သွားရင် ယုယုအတွက် အလကားသက် သက်နာမည်ပျက်စရာဖြစ်မနေဘူးလား'



'ဟာ....ဒီပါးစပ်က နိမိတ်မရှိတာတွေပြောမနေစမ်းပါနဲ့၊ ကိုမပါ....ကျွန်မတို့ မစေ့စပ်ဘူးဆိုရင် ရှစ်ကို ဆက်ခါတည်းသေ ခန်းဖြတ်လိုက်တော့မယ်၊ ရှင်နဲ့လဲမလိုက်နိုင်တော့ဘူး၊ ကျွန်မ ဘဝသာကျွန်မ သိုင်းလောကထဲမှာ လျှောက် လေလွင့်နေတော့မယ်၊ ရှင်လဲ ကျွန်မကိုလိုက်ရှာမနေနဲ့တော့'

'ဒီလိုလဲမလုပ်နဲ့လေ၊အခုချိန်မှာဆိုရင် ယုယုဟာ ကို့ရဲ့ချစ်သူ ရည်းစားပဲရှိနေသေးတယ်၊စေ့စပ်ကြောင်းလမ်းလိုက်မယ်ဆိုရင် ယုယုဟာ ကို့ရဲ့စနီးလောင်းဖြစ်သွားမယ်၊ တကယ်လို့သာ မိစ္ဆာကျွန်းမှာ အန္တရာယ်တစ်ခုခုနဲ့တွေ့ပြီး သေဆုံးသွားခဲ့ရင် ယုယုအဖို့ သက်သက်မယ်နာမည်ပျက်စရာ ဖြစ်မနေဘူးလား'

'ကျွန်မ ဒါတွေနားမလည်ဘူး၊ အစ်ကို ကျွန်မကိုတကယ်ချစ်တယ်ဆိုရင် ကျွန်မကို စေ့စပ်ကြောင်းလမ်းကြရမယ်....ဒါပဲ'

'ယုယုကလဲကွာ....ဇွတ်မလုပ်ပါနဲ့'

'မိစ္ဆာကျွန်းပေါ်မှာ ရတနာသိုက်ရှိမရှိ အလောင်းအစားလုပ်ခဲ့တာအစကို မှတ်မိသေးလား'

'အင်း....မှတ်မိပါတယ်'

'အခု အလောင်းအစားလုပ်ထားတဲ့သက်တမ်း ခြောက်လ မပြည့်သေးဘူး၊ ကျွန်မပြောတာကို အစ်ကိုလိုက်နာရမယ်'

လင်ယုယုက အပိုင်ကိုင်၍ပြောလိုက်လေရာ ကိန်းလွှမှာ ဘာမျှမတတ်နိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ၊ ယုံယုနဲ့ ကိုနဲ့ ဝေ့ဝေ့ကြောင်းလမ်းကြီးပါ ခတာ့မယ်'

'ဒီလိုမှပေါ့'

လင်ယုယုအားအစားရဝမ်းသာပြောကာ ကိန်လွှေ့ကိုလအား သိုင်းဖက်ထားလိုက်သည်။ ကိန်လွှေ့ကလည်း လင်ယုယုကို အားရပါးရဖင် ဖက်ပွေ့ထားလိုက်သည်။

★

# အခန်း ( ၁၂ )

တိမ်မည်းညိုများအ တလိပ်လိပ်တက်လာသည်။ ထိုနေ့က မိုးကလည်း သည်းသည်းမဲမဲရွာနေသည်။

လေပြင်းကလည်း ခပ်ကြွမ်းကြမ်းတိုက်ခတ်နေသည်။

နေ့လည်ပိုင်းအချိန်ဖြစ်သော်လည်း ဆောင်းဆောင်တစ်ခုလုံး တိမ်မည်းညိုများဖြင့်ဖုံးအုပ်ထားသည်ဖြစ်သောကြောင့် မိုးသ ကျွန်းပေါ်တွင် အလင်းရောင်အလွန်နည်းနေသည်။

လူငယ်သိုင်းဆရာနှစ်သယ်ထက်ဖေ့ဖက်နှင့် ရှီလျှံကျင့်တို့ သည် ရထနာသိုက်ရှိရာ လိုဏ်ဂူထဲသို့ဝင်ကာ ခေတ္တမိုးခိုနေကြ ရသည်။

လိုဏ်ဂူမှာ မိုးလုံလေလုံဖြစ်သော်လည်း လူများလှန်းသော ကြောင့် ကျပ်ပိတ်ကာ နေထိုင်ရသည်မှာ အိုက်စပ်စပ်ဖြစ်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟို…လူလေးယောက်လဲ ပြန်မလာကြသေးပါလား၊ ဒီလောက် မိုးသည်းပြီး လေတိုက်နေတာ… ဒီကိုပြန်လာကြဖို့ ကောင်းတယ်'

သည်းသည်းမဲမဲရွာနေသောမိုးသီးမိုးပေါက်များကို လှမ်းကြည့်ရင်း ကျော်မြင့်ရွှန်းဦးက ပြောသည်။

ကျော်မြင့်ရွှန်းဦးပြောသော 'ဟို လူလေးယောက်' ဆိုသည်မှာ ကျွန်ုပ်၏အနောက်ဘက်ကမ်းခြေအလွန် ပင်လယ်ပြင်ဝယ် ပျောက်ဆုံးသွားဖမ်းသော ကြွယ်ဖုံထူဟုံ၊ ယက္ခတုတ်လိုမိုန်၊ စောလုလွှင်ပဲနန်နှင့် ပန်းလုလင်စီဖုံးတို့ကို ဆိုလိုခြင်းဖြစ်သည်။

'သူတို့လေးယောက်က ရေကြောင်းကျွမ်းကျင်ကြပါတယ် စိုးရိမ်စရာမလိုပါဘူး'

ပဒ္မလှုလင်ဝင်ထန်းကပြန်ပြောလိုက်သည်။

'မိုးလေတွေ ဒီလောက်ထန်နေတာ၊ ဒီကိုပြန်လာပြီး မိုးခိုဖို့တော့ကောင်းတယ်'

ရွှန်းဦးကပြောလိုက်ပြန်သည်။

'လူငယ်သိုင်းသမားတွေဟာ မျော့မျော့ညံ့ညံ့တွေမဟုတ်ပါဘူး၊ ဒီလောက်မိုးလေကျဲလေကိုတော့ ခံနိုင်ရည်ရှိပါတယ်ဗျာ'

'ရှင်ဟာလေ…ကိုယ့်အချင်းချင်းညှာတာရမှန်း ယိုင်းပင်းရမှန်းမသိဘူး၊ စကားများဖို့လောက်ပဲတတ်တယ်'

ဆင်းရဲသူစာရှောင်လုက မကျေနပ်သည့် အသံဖြင့် ဝင်ပြောသည်။



'ခင်ဗျားက ဘာမကျေမနပ်ဖြစ်နေရတာလဲ၊ ကျွန်တော်က အကြောင်းပြောနေတာ'

ဝင်ထန်းက စိတ်ဆတ်ဆတ်ပြန်ပြောလိုက်သည်။

'အင်းပါ၊ အခုကိစ္စမှာ ရှင်က အကြောင်းပြောတယ်ပဲထားပါ၊ ကိန်လွေ့နဲ့ လင်ယုယုတို့ကို ဒီကျွန်းကထွက်သွားအောင်လုပ်လိုက်တာဟာ အတော့်ကိုမှားတာပဲ'

ရှောင်လုကပြန်ပြောလိုက်သည်။

'ကိန်လွေ့က ရှန်ကျင့်တို့ကို ယတိခဲ့တဲ့အပြင် ရတနာတွေကို အပိုင်စီးဖို့ကြံခဲ့သေးတာပဲ၊ သူ့ကို ဒီကျွန်းကထွက်သွားခွင့်ပေးတာ အများကြီး ဆက်ညှာတယ်လို့မှတ်ပါ၊ ကျွန်တော့်သဘောဆိုရင် သူ့ကို သေဒဏ်တောင်ပေးချင်တယ်'

'ကိန်လွေ့ဟာ လူသတ်ကောင် ဖြစ်တယ်ဆိုတာ… ရှင့်အပြောပဲရှိတာပဲ၊ ဘယ်မှာလဲအထောက်အထား'

'ခင်ဗျားက ဘယ်ဆိုဘာလုံး၊ အခု ကိန်လွေ့ ဒီကျွန်းက ထွက်သွားသော ရှစ်ရက်ရှိနေပြီ၊ နောက်ထပ် ဘယ်သူထပ်မံ အသတ်ခံရတော့လို့လဲ၊ ဒါကိုထောက်ထားပြီး စဉ်းစားကြည့်ရင် ကိန်လွေ့ဟာ လူသတ်သမားဖြစ်နိုင်တယ်ဆိုတာ ထင်ရှားနေတယ်'

ထိုအခိုက်မှာပင် ယက္ခတုတ်လိုမိန်၏ အလန့်တကြားအော်ပြောသံပေါ်လာသည်။

'မိတ်ဆွေတို့…ဒီမှာလာကြည့်ကြစမ်းပါဦး'

ပြောလိုက်သံမှာ အလောတကြီး နိုင်နေလှသောကြောင့် ပြဿနာတစ်ခုတစ်ရာ တွေ့လာခဲ့ရမှန်း သိသာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူတို့အားလုံး လိုဏ်ဂူထဲမှ အပြေးအလွှား ထွက်လာခဲ့ကြသည်။ လိုဏ်ဂူအပြင်ဘက်တွင် ယက္ခတုတ်လိုဖိနိုင်နှင့် ထေးလုလင်ပဲနန်တို့ မတ်တတ်ရပ်နေကြသည်။

သူတို့၏ခြေရင်းဝယ် ပန်းလုလင်စီဖုံးနှင့် ကြယ်ပျံယူဟိုတို့၏ အလောင်းများ ရှိနေသည်။ သူတို့နှစ်ယောက်မှာ ပုစွန်ဆင်းဖမ်းကြရင်း အသက်ခံကြရဟန်တူသည်။

ဘောင်းဘီတိုလေးများကိုသာ ဝတ်ဆင်ထားကြသည်။ နှစ်ယောက်စလုံး၏ရင်များမှာ ဓားဒဏ်ရာကြောင့် ဟင်းလင်းပွင့်နေသည်။

'ဒါ ဘယ်လိုဖြစ်ကြတာလဲ'

'သူတို့နှစ်ယောက် ပုစွန် ဆင်းငုတ်နေကြရာကနေပြီး ရေပေါ်ကို ရွှေဆင့် မနေကဆင့်ဆုံသလို ပြန်ပေါ်လာကြတယ်၊ အခြေအနေထူးတယ်လို့ အကဲခတ်မိတာနဲ့ ကျွန်တော်တို့နှစ်ယောက် ကမ်းပေါ် ဆွဲယူလာခဲ့ကြတာ၊ သူတို့ ဒီလိုဖြစ်ပြီး အသက်ပျောက်နေတာကို တွေ့ရတာပါပဲ'

ယက္ခတုတ်လိုဖိနိုင်က ပြန်ရှင်းပြသည်။ လူသတ်သမားက ရေငုတ်ကစ အလစ်ဖမ်း၍ လုပ်ကြံသတ်ဖြတ်သွား၍ ခြင်းဖြစ်ကြောင်း အားလုံးက နားလည်လိုက်ကြသည်။

'ဘယ်သူ့ လက်ချက်လဲ'

ပလွေလုလင်ဝင်ထန်းက မေးလိုက်သည်။

'အဲဒါကိုတော့ ကျွန်တော်တို့မသိဘူး'

ထေးလုလင်ပဲနန်က ပြန်ပြောသည်။



'ဒီအတိုင်းဆိုရင် လျှို့ဝှက်လူသတ်သမားဟာ ကျွန်းပေါ်မှာ ပုန်းနေပြီး ကျွန်မတို့ကို တစ်ယောက်ပြီး တစ်ယောက် သုတ်သင်ပစ်ဖို့ ကြံနေကာပဲဖြစ်ရမယ်၊ အခု ကိန်လွှေ့ဟာ လူသတ်သမားမဖြစ်နိုင်ဘူးဆိုတာ သေချာနေပြီ'

ဆင်းရဲသူဇာရွှောင်လုက ဤသို့ပြောပြီး ပလွေလုလင်ဝင်ထန်းကို လှမ်းကြည့်သည်။

'အို...ဒီလိုနဲ့တော့ ကိန်လွှေ့ဟာ အပြစ်ကင်းတယ်လို့...ဘယ်ပြောနိုင်ပါမလဲ'

ဝင်ထန်းက ပြန်ပြောလိုက်သည်။

'အခု ကိန်လွှေ့ကို ဒီကျွန်းမှာမရှိဘဲ လူနှစ်ယောက်ဟာ အသက်ခံပြန်ပြီ၊ ဒီတော့ ကိန်လွှေ့ဟာ ဘယ်လိုလုပ်ပြီး လူသတ်ကောင်ဖြစ်နိုင်တော့မှာလဲ'

ရွှောင်လုက ပြောသည်။

'ကိန်လွှေ့က တိတ်တိတ်လေး ပြန်လာပြီး ယူဟိုတို့ကို လုပ်ကြံတာတော့ မဖြစ်နိုင်ဘူးလား'

'ဒီမယ် ဝင်ထန်း၊ ရှင်ဘယ်လိုဖြစ်နေတာလဲ၊ ဘာကြောင့် ကိန်လွှေ့ကို လူသတ်သမားလို့ အတင်းအကြပ်စွပ်စွဲနေရတာလဲ'

'အလကားသက်သက် စွပ်စွဲနေတာမဟုတ်ပါဘူး၊ ကျွန်တော်က အကျိုးအကြောင်း ဆက်စပ်စဉ်းစားပြီးပြောနေတာပါ၊ ဘာဖြစ်လို့ ကိန်လွှေ့ဟာ အပြစ်ကင်းကြောင်း ခင်ဗျား အနေနဲ့ အကျိုးအကြောင်း ခိုင်ခိုင်လုံလုံပြနိုင်ရင် ကျွန်တော့်ရဲ့ စွပ်စွဲချက်ကို ချက်ချင်းပြန်ရုပ်သိမ်းမယ်ဗျာ'

www.burmeseclassic.com

'ကောင်းပြီ၊ ကျွန်မ အခု လျှို့ဝှက်လူသတ်သမားကို တွေ့အောင်သွားရှာမယ်'

ဆင်းရဲသူဇာခရှောင်လုက ဤသို့ပြောကာ မိုးရေထဲဝယ် ပြေးထွက်သွားသည်။

'ဟေ့...ရှောင်လု...ရှောင်လု မသွားနဲ့၊ တစ်ယောက်တည်း မသွားနဲ့၊ အန္တရာယ်ရှိတယ်'

ကျားဖြူရှုန်အိုင်က လှမ်းအော်ကာ တားဆီးသည်။ မရ၊ ရှောင်လုက နောက်သို့ လှည့်၍ပင်မကြည့်ဘဲ တစ်ချိုးတည်း ထွက်သွားသည်။

ကိုယ်ဖော့ပညာသုံးကာ ထွက်ပြေးသွားလေသောကြောင့် တစ်ခဏအတွင်းမှာပင် အဝေးသို့ရောက်ရှိသွားသည်။

'ဟာ...သူတစ်ယောက်တည်းလွှတ်လို့မဖြစ်ဘူး၊ ကျွန်တော် လိုက်သွားမယ်'

ကျားဖြူရှုန်အိုင်က ဤသို့ပြောကာ ဆင်းရဲသူဇာခရှောင်လု၏နောက်သို့ အပြေးပင်လိုက်သွားတော့သည်။

× × ×

ရှောင်လုသည် ခြေလှမ်း သွက်သွက်ဖြင့် လျှောက်လှမ်းလာခဲ့သည်။

သူ၏စိတ်ထဲဝယ် အတော်ပင်မကျေနပ်ဖြစ်နေသည်။ ကိန်လွှ တစ်ယောက် မတရားသက်သက် လူသတ်သမားအဖြစ် တစ်ဘက်သတ်စွပ်စွဲခံနေရခြင်းကို ရှောင်လုက လက်မခံနိုင်။



ထို့ကြောင့် လျှို့ဝှက်လူသတ်သမားကို မတွေ့တွေ့အောင် ရှာမည်ဟု ရှောင်လုက ဆုံးဖြတ်ထားသည်။

လျှို့ဝှက်လူသတ်သမားက စီဖုံးနှင့် ယွဲ့ဟု တို့ကို ယခုသတ်တလော သတ်ဖြတ်သွားသည်ဖြစ်ရာ၊ ယခုအချိန်တွင် ဤကျွန်း၌ပင် ရှိနေဦးမည်ဟုလည်း ရှောင်လုကတစ်ထစ်ချ ယူဆထားသည်။

ကိုယ်ဖော့ပညာကိုသုံးကာ ခပ်သွက်သွက် လျှောက်လှမ်းလာခဲ့သော ရှောင်လုသည် အချိန်အနည်းငယ်အတွင်းမှာပင် မိစ္ဆာကျွန်း၏အနောက်ပိုင်းသို့ ရောက်လာခဲ့သည်။

ကျောက်ဆောင် ကျောက်တုံးများ ကြားဝယ် လှည့်ပတ်ကာ လိုက်လံရှာဖွေကြည့်ရှုသည်။

မိုးက သည်းသည်းမဲမဲဆက်ရွာနေဆဲ၊

လေကလည်း ပြင်းပြင်းထန်ထန်တိုက်ခတ်နေဆဲ၊

ကျောက်ဆောင်တစ်ခုကြားမှ ထွက်လာခဲ့သော ရှောင်လုသည် လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင်တိုးမိသည်။

ပထမတွင်တော့ လျှို့ဝှက်လူသတ်သမားများလားဟု ထင်မှတ်ကာ ရှောင်လုက ဓားရှည်ကိုခင်းကာ အသင့်ပြင်လိုက်သေးသည်။

သို့သော် လူငယ်သိုင်းသမားတစ်ယောက် ဖြစ်နေကြောင်း တွေ့ရသည့်အတွက် အသင့်ပြင်ထားရာမှ အသာပြန်၍ ဖြေလျှော့လိုက်သည်။

'ဘယ်သူများလဲလို့၊ လက်စသတ်တော့ ရှင်ကိုး၊ ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ'

www.burmeseclassic.com



ရှောင်လုက လှမ်းပြောလိုက်သည်။ ထိုအခိုက်မှာပင် ထိုသူက ညာလက်ကို ရုတ်တရက်လှုပ်ရှားလိုက်သည်။

ဓားတစ်လက်က ရှောင်လုလည်ပင်းတည့်တည့်သို့ ဝင်လာခဲ့သည်။ မမျှော်လင့်သော ရုတ်တိုက်ခိုက်မှုကြောင့် ရှောင်လုမှာ မည်သို့မျှ တိမ်းရှောင်နိုင်ခြင်းမရှိနိုင်ပေ။ ဓားချက်ထိမိကာ ခွေလျက်သားလဲကျသွားသည်။

'ရှောင်လုရေ...ဟော့ရှောင်လု၊တစ်ယောက်တည်း အရမ်းသွားမနေနဲ့၊အန္တရာယ်သိပ်များတယ်'

ခပ်ဝေးဝေးဆီမှ ကျားဖြူရှန့်အိုင်၏ အော်ခေါ်သံ ပေါ်လာသည်။

ရှောင်လုကိုသုတ်သင်ပစ်လိုက်သူက ခေါင်းတစ်ချက်ညိတ်ကာ ဓားရှည်ကိုပြန်သိမ်းပြီး ကျောက်ဆောင်တစ်ခု၏နောက်သို့ လျှင်မြန်စွာပြေးဝင်ပျောက်ကွယ်သွားသည်။

မကြာမီမှာပင် ဖိုနေရာသို့ ရှန့်အိုင် ရောက်ရှိလာသည်။

လည်ပင်း ပြတ်လုတဲတဲဖြစ်ကာ လဲကျ၍သေဆုံးနေသော ရှောင်လု၏အလောင်းကို မြင်ရသည်တွင် ရှန့်အိုင်မှာ အလွန်ပင် ထိတ်လန့်အံ့ဩသွားသည်။

'ဖြစ်မှဖြစ်ရလေ ရှောင်လုရယ်၊တားနေတဲ့ကြားက အရမ်းထွက်သွားတာကိုး'

ကျားဖြူရှန့်အိုင်က မချီတင်ကဲ ပြောကာ ရှောင်လု၏ အလောင်းဘေးဝယ် ဒူးထောက်ကာထိုင်ချလိုက်သည်။

× × ×



မိုးလည်းစဲသွားပြီ၊ လေကတော့တိုက်ခတ်နေဆဲ၊ ပြင်းပြင်းထန်ထန်တော့မဟုတ်၊ တသုန်သုန်သုတ်ဖြူးကာ တိုက်ခတ်နေခြင်းဖြစ်သည်။

တောက်ပနေသော နေရောင်ခြည်မှာ မိစ္ဆာကျွန်းကို ပက်ဖျန်းထားသည်။ မိုးသက်လေထလည်း ရှင်းရှင်းထင်းလင်းရှိသည်။ သို့သော် မိစ္ဆာကျွန်းပေါ်တွင် ရောက်နေကြသော လူငယ်သိုင်းသမားတို့မှာမူ ပတ်ဝန်းကျင် အလှအပနှင့် သန့်ရှင်း လတ်ဆတ်သော လေပြေလည်ညင်းတို့ကို အလေးမထားနိုင်၊ အဆစ်စက်စက်ဖြုပ်နှံ့ထားသော ဂူသုံးခု၏ရှေ့ဝယ် စိတ်မချမ်းသာစွာစုရုံးလျက် ရှိနေကြသည်။

ရိုလျှံကျွင့်မှာလည်း လူငယ်သိုင်းသမား ဆယ့်ရှစ်ယောက်တို့၏အနားတွင် ခပ်ကုတ်ကုတ်လေးရပ်နေသည်။

လျှို့ဝှက်လူသတ်သမား မည်သူမည်ဝါဖြစ်မည်ဆိုသည်မှာ အဖြေရှာမရနိုင်သော ပဟေဠိသဖွယ် ဖြစ်နေသည်။

ဝင်ထန်းနှင့် မာသာမယ်ငါးဖော်တို့က ကိန်လွေ့သာလျှင် လူသတ်သမားဖြစ်ရမည်ဟု အနိုင်အမာစွပ်စွဲပြောဆိုနေဆဲပင် ဖြစ်သည်။

ကျန်လူငယ်သိုင်းသမားဆယ့်နှစ်ဦးမှာမူ ကိန်လွေ့အပေါ် သံသယမဖြစ်ကြတော့ပေ။ သို့ရာတွင် တခြားမသင်္ကာစရာ လူတစ်ဦးတစ်ယောက်ကိုမျှလည်း သူတို့စဉ်းစား၍မရ။

ဤကိစ္စများသည် စင်ရော်ဂိုဏ်းချုပ်၏ လက်ချက်လည်း မဟုတ်နိုင်ဟု အားလုံးက ယုံကြည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ စင်ရော်ကိုက်းချုပ်သော မိစ္ဆာကျွန်းတည်နေရာကို သိနေပါက ယခုလို တစ်ယောက်ချင်းချောကာ လုပ်ကြံသတ်ဖြတ်နေမည်မဟုတ်ပေ။ အင်အားအလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်မည်သာဖြစ်သည်။

'လျှို့ဝှက် လူသတ်သမားကို မိအောင်ဖမ်းနိုင်မှ ဖြစ်တော့မယ်၊ မဟုတ်ရင် နောက်ထပ်အသေအပျောက်တွေရှိနေဦးမှာပဲ၊ ဒီလိုသာ အသတ်ခံနေရရင် ကျွန်တော်တို့အားလုံး တစ်ယောက်မှ အသက်ရှင်လျက် ကျွန်းနေမှာမဟုတ်တော့ဘူး'

ကျားဖြူမှုန်အိုင်က တိတ်ဆိတ်ခြင်းကိုဖြိုခွဲကာ ပြောဆိုလိုက်သည်။

'ဟုတ်ပါတယ်၊ လျှို့ဝှက်လူသတ်သမားကို မတွေ့တွေ့အောင် ရှာဖွေဖော်ထုတ်ရမှာကတော့ အမှန်ပဲ၊ ဒီတော့ ဘယ်လိုလုပ်ကြမယ်ဆိုတာကို ခင်ဗျားကပဲ ကြံကြံပြီးစီမံပေးပါ'

ယက္ခတုတ်လိုဖိန်က ပြောလိုက်သည်။ ကျန်လူများသည်လည်း ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံကြသည်။

'ဟောဒီမိစ္ဆာကျွန်းဟာ သိပ်မကျယ်ပါဘူး၊ ကျွန်တော်တို့ လူစုခွဲပြီး စနစ်တကျရှာရင် ပုန်းနေတဲ့လူကို တွေ့ကို တွေ့ရမယ်၊ ကျွန်းပေါ်မှာရှိတဲ့အပြင် ကျွန်းပတ်ပတ်လည်မှာရှိတဲ့ ကျောက်ဆောင် ကျောက်တုံးတွေကြားထဲကိုလဲ လှေတွေနဲ့ လှည့်ပတ်ပြီးလိုက်ရှာရမယ်'

'ကောင်းပါတယ်၊ ဘယ်လိုလူစုခွဲပြီး ရှာကြမယ်ဆိုတာ.... ခင်ဗျားကပဲ ထုတ်မှတ်ပေးပါ'

ဝိန်ကျားသစ်က ပြောလိုက်သည်။



'အခု ဒီမှာ ရှိလျှံကျင့် မပါဘူးဆိုရင် ယောကျ်ား ရှစ်ယောက်နဲ့ အမျိုးသမီး ဆယ်ယောက်ရှိနေတယ်၊ ဒီတော့... ယောကျ်ား လေးယောက်နဲ့ အမျိုးသမီး ငါးယောက်စီပါတဲ့ အုပ်စုနှစ်စုဖွဲ့ရမယ်၊ ပထမအုပ်စုက ကျွန်းပေါ်မှာ မြေလှန်ရှာရမယ်၊ ဒုတိယအုပ်စုက ငါးဖမ်းလှေတွေနဲ့ ကျွန်းပတ်ပတ်လည် ပြေးပတ်ပြီး ရေအောက် ထိုးထွက်နေတဲ့ ကျောက်ဆောင်ရှယ်တွေကြားမှာ လျှို့ဝှက်လူသတ်သမားပုန်းအောင်နေ လိုက်ပြီးရှာကြမယ်'

ကျားဖြူမှုန်အိုင်က အုပ်စုနှစ်စုတွင် ပါဝင်ကြရမည့်လူများကိုလည်း ဆက်ပြောပြသည်။

ကျွန်းပေါ်တွင် လိုက်ရှာကြရမည့်အုပ်စုကို ကျားဖြူမှုန်အိုင်ကိုယ်တိုင် ခေါင်းဆောင်သည်။ ကျွန်းပတ်ပတ်လည်ပြေးပြင်ဝယ် လှည့်လည်ရှာဖွေကြရမည့်အုပ်စုကိုမူ ယက္ခတုတ်လိုဖိန်က ဦးစီးသည်။

'အဖွဲ့ နှစ်ဖွဲ့လုံး ပြိုင်တူ လှုပ်ရှားပြီး လိုက်ရှာကြမယ်... အခြေအနေထူးရင် မီးအိမ်နဲ့ အချက်ပေး ဆက်သွယ်ကြမယ်၊ အခြေအနေမထူးရင်လဲ နေဝင်ခင် ဟောဒီနေရာကို ပြန်လာပြီး စုရုံးကြမယ်'

ကျားဖြူမှုန်အိုင်က ဆက်လက်ပြောဆိုသည်။ ထို့နောက် အုပ်စုအသီးသီးတို့ ထွက်ခွာလာခဲ့ကြသည်။ ရှိလျှံကျင့်မှာမူ ထိုနေရာတွင် ကျန်နေခဲ့သည်။

ကျားဖြူမှုန်အိုင် ဦးစီးသောအုပ်စုက ကျွန်းအနှံ့မြေလှန်ကာ ခဲ့ခဲ့စပ်စပ် စနစ်တကျရှာဖွေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယက္ခတုတ်လိုဖိန့်ဆို့ အုပ်စုကသည်။ သစ်ဖောင်ငါးစီးဖြင့် ကျွန်းပတ်ပတ်လည်ရေပြင်တွင်လှည့်လည်ကာ ရေထဲထိုးထွက်နေသောကျောက်ဆောင် ကျောက်တုံးများကြားတွင် နေရာလပ်မရှိအောင် စေ့စေ့စပ်စပ် ရှာဖွေကြသည်။ တစ်ကျွန်းလုံးသာ နှံ့သွားသည်။ ဘာမျှမသင်္ကာစရာမတွေ့ရပေ။

ကျားဖြူရှန့်အိုင်တို့သည် ပိုက်စိတ်တိုက်ကာ စေ့စေ့စပ်စပ် ရှာဖွေလာခဲ့ကြရာ နောက်ဆုံးတွင် ကျွန်း၏ အနောက်ဘက်ကမ်းစပ်သို့ ရောက်ရှိလာကြသည်။

'ဘယ်လိုလဲ၊ တစ်ကျွန်းလုံးလည်းနှံ့ခဲ့ပြီ၊ ဘယ်မှာမှလိုက်ရှာလို့ မတွေ့ပါလား'

ကျွန်းပေါ်တွင် လိုက်ရှာသည့်အုပ်စုတွင် ပါဝင်သူတစ်ဦး ဖြစ်သော ငွေကျားသစ်ဝေ့ချီမင်းက ပြောလိုက်သည်။

'ရေပြင်မှာ လိုက်ရှာတဲ့လူတွေဆီကလဲ ဘာအချက်ပြမှုမှ မရသေးဘူး၊ ဒီအတိုင်းဆိုရင် လျှို့ဝှက်လူသတ်သမားဟာ ပင်လယ်ပြင်ထဲမှာ လှေနဲ့ဖြစ်ဖြစ်၊ သင်္ဘောနဲ့ဖြစ်ဖြစ် လှည့်လည် ပုန်းအောင်းနေပြီး တစ်ခါတစ်လေမှ အလစ်ဖမ်းပြီး မိစ္ဆာ ကျွန်းပေါ်ကိုတက်လာတာဖြစ်လိမ့်မယ်'

ကျားဖြူရှန့်အိုင်က စဉ်းစဉ်းစားစားပြောသည်။

'ယခုလောလောဆယ်မှာ သူဟာ လူတစ်ယောက်ကို သတ်ပြီးကာစဆိုတော့ ကျွန်းနဲ့ဝေးဝေးမှာ သွားရှောင်နေမှာပဲ၊ ဒီတော့ ဒီနေ့အဖို့ သူ့ကိုရှာလို့က တွေ့နိုင်မယ်မထင်ဘူး၊ ကျွန်းပေါ်မှာ ကင်းပုန်းဝပ်ပြီး ချောင်းမြောင်းဖမ်းဆီးရင်ကောင်း မယ်ထင်တယ်'



ဖေါင်းသုဇာဟိုပိုက္ကပြောသည်။

'ဟာ…ဟိုမှာကြည့်စမ်း၊ သင်္ဘောတစ်စီးမဟုတ်လား'

ခရေသုဇာချင်းဇမက ပင်လယ်ပြင်တစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်သည်။

လူအားလုံး ချင်းခမည်ညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်ကြ၏။ ဟုတ်ပါသည်။ ပင်လယ်ပြင်ထဲတွင် သင်္ဘောတစ်စီးကို လှမ်းမြင်တွေ့ကြရသည်။

သင်္ဘောက မိစ္ဆာကျွန်းရှိရာသို့ ဦးတည်ကာ ခုတ်မောင်း လာသည်။

'ဟာ…အဲဒါ လျှို့ဝှက်လူသတ်သမားစီးလာတဲ့သင်္ဘောပဲ ဖြစ်မယ်ထင်တယ်'

ကျားဖြူရှန့်အိုင်ကပြောသည်။

'ဒါဆိုရင် ကျွန်ုပ်တို့ ပုန်းနေကြရအောင်၊ သူ ကျွန်းပေါ်ကိုတက်လာတာနဲ့ ဝိုင်းပြီးဖမ်းကြမယ်'

ဝလွလုလင်ဝင်ထန်းက ပြောသည်။

'ကောင်းပြီ၊ အားလုံး ကျောက်ဆောင်တွေကြားမှာ ပုန်းနေကြမယ်၊ ခဝ့ချီမင်းက ဝါးဖောင်နဲ့ ကျွန်းကိုပတ်ရှာနေတဲ့ လူတွေကို သွားအကြောင်းကြားလိုက်ပါ၊ ကျွန်းကိုဦးတည် လာနေတဲ့သင်္ဘောကို နောက်ကပိုင်းကနေပြီး ပိတ်ဖမ်းထားပေး ပါလို့ ပြောလိုက်ပါ'

ကျားဖြူရှန့်အိုင်က ညွှန်ကြား ပြောဆိုလိုက်သည်။

www.burmeseclassic.com



ငှက်ကျားသစ်ခွေချိမ်း အမြေးထွက်သွားသည်။ ကျွန်းလူများကလည်း ကျောက်ဆောင်များ၊ ကျောက်တုံးများကြားဝယ် ဝင်ရောက်ပုန်းအောင်းနေလိုက်ကြသည်။

မကြာမီမှာပင် သင်္ဘောက ကျွန်း၏အနောက်ဘက်ကမ်းခြေသို့ ဆိုက်ရောက်လာသည်။ သင်္ဘောမှာ ရွက်သုံးတိုင်နှစ်တိုင် ရှိပြီး အတော်ကြီးမားသည်။

ကျားဖြူရှုန်အိုင်က ကျောက်တုံးတစ်ခု၏နောက်တွင်ကွယ်ကာ ပုန်းအောင်းနေပြီး သင်္ဘောကို ကြည့်ရှုအကဲခတ်နေ၏။ သင်္ဘောပေါ်တွင် လူရှစ်ယောက်ပါလာသည်။

နှစ်ဦးမှာ ကိန်လေ့နှင့် လင်ယုယုတို့ဖြစ်ကြသည်။ ကျန်ခြောက်ဦးမှာ သင်္ဘောသမားများဖြစ်ကြသည်။

'ဟာ...ကိန်လေ့နဲ့ လင်ယုယုတို့ပါလား၊ သူတို့က ဘာကြောင့် ဒီကျွန်းကိုပြန်လာကြရတာလဲ'

ရှုန်အိုင်က စိတ်ထဲတွင်တွေးကာ လိုက်မိသည်။

သင်္ဘောဆိုက်ကပ်သောအခါ ကိန်လေ့နှင့် လင်ယုယုတို့က သင်္ဘောသမားများကို တီးတိုး မှာကြားခဲ့ပြီးနောက် ကျွန်းပေါ်သို့တက်လာခဲ့ကြသည်။

သူတို့နှစ်ယောက် ကျွန်းပေါ်သို့တက်မိသည်နှင့် ကျားဖြူရှုန်အိုင်တို့အဖွဲ့က ပုန်းအောင်းနေရာမှ ထွက်လာကြပြီး ပတ်လည် ဝိုင်းထားလိုက်ကြသည်။

'ဟင်....ဒါဘာလုပ်ကြတာလဲဗျ'

မိမိတို့ကို လက်နက်ကိုယ်စီဖြင့် ဝိုင်းရံထားလိုက်ကြသည်ကို မြင်ရသောအခါ ကိန်လေ့က အံ့ဩစွာမေးလိုက်သည်။



'ကျွန်တော်တို့က လျှို့ဝှက်လူသတ်သမားကို လိုက်ရှာနေတုန်း ခင်ဗျားတို့က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြတာကိုး၊ ဒါကြောင့် ခင်ဗျားတို့ကို မသင်္ကာလို့ ဝိုင်းထားတာပဲ၊ ခင်ဗျားတို့က ဘာကိစ္စနဲ့ ဒီကျွန်းကိုပြန်လာကြတာလဲ'

ကျားဖြူရှုန်အိုင်က မေးမြန်းလိုက်သည်။

'ဒီဘာစ်ခ ါဖြစ်တာ ဘာမှ ပြင်းချက်ထုတ်မနေနဲ့ဦးလေ၊ ခင်ဗျားတို့ လူသတ်သမား ဆိုတာ ထင်ရှားနေပြီ'

မလှလှ ဝင်သန်းက စွပ်စွဲပြောဆိုသည်။

'ဟာ...ခင်ဗျားက စွပ်စွဲပြန်ပြီလား'

'အခုလောလောဆယ်မှာ ဝံပုလွေ ရှင်းသုံးယောက်အသတ်ခံလိုက်ကြရတယ်၊ ကျွန်တော်တို့က လူသတ်သမားကို ခြေလှန်ရှာကြမယ့် အချိန်မှာမှ မတွေ့ရတာ၊ ဒါကြောင့် လူသတ်သမားဟာ ပင်လယ်ပြင်ထဲမှ သင်္ဘောနဲ့ ခြစ်ဖြစ်၊ လှေနဲ့ဖြစ်ဖြစ် လှည့်လည်ပုန်းရှောင်နေပြီး မိစ္ဆာကျွန်းကို အခွင့်မှာဝင်လာမယ်လို့ တွေးမိနေကြတာဗျ...

အခု ခင်ဗျားတို့က ဒီကျွန်းကို တိတ်တိတ်လေးပြန်လာကြတာဆိုတော့ ခင်ဗျားတို့ကို လူသတ်သမားလို့ မစွပ်စွဲရင် ဘယ်သူ့ကို သွားစွပ်စွဲရမှာလဲ'

ဝင်သန်းက လေသံမာမာဖြင့်ပြောသည်။

'ဟာ...ခင်ဗျားအထင်လွဲနေပြီ၊ ကျွန်တော်တို့က ခင်ဗျားတို့အားလုံးကို ကယ်ထုတ်ပေးနိုင်အောင်လို့ သင်္ဘောငှားပြီး စေတနာနဲ့ လာခေါ်တာပါဗျ'

ကိန်လေ့က ပြန်ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'သင်္ဘောငှားပြီး လာခဲ့ကယ်ပါလို့ ခင်ဗျားကို ဘယ်သူက မှာလိုက်လို့လဲ၊ ကျွန်တော်တို့မှာ ဝါးဖောင်တွေရှိသားပဲ၊ ဒီကျွန်းက ထွက်သွားချင်ရင် လွယ်လွယ်လေးရယ်၊ ကြောင်လိမ်မို့ စိတ်မကူးစမ်းပါနဲ့'

ကမ်းခြေပေါ်ဝယ် အခြေအနေမှာ တင်းတင်းမာမာဖြစ်နေသည်။

ဤတွင် သင်္ဘောအမှုထမ်းခြောက်ဦးတို့မှာ ထိတ်လန့်လာကြပြီး ကျောက်ဆူးကိုချကာ သင်္ဘောကိုပြန်လှည့်၍ ထွက်သွားသည်။

'ဟော...ဟော...တို့မှာ ထွက်ပြေးကုန်ကြပြီ၊ ခင်ဗျားတို့ သွေးရိုးသားရိုးနဲ့လာကြတာမှန်တယ်ဆိုရင် အဲဒီသင်္ဘောသားတွေက ဘာကြောင့်ထွက်ပြေးရတာလဲ'

ဝင်ထန်းက ကမ်းခြေမှခွာကာ ပြန်လည်ထွက်သွားသော သင်္ဘောကို လက်ညှိုးထိုးပြပြီးပြောလိုက်သည်။

'ဒီကျွန်းဟာ မိစ္ဆာကျွန်းဆိုတာ ခင်ဗျား မေ့နေပြီထင်တယ်၊ မိစ္ဆာကျွန်းကို ဘယ်သင်္ဘောသားမှ မလိုက်ချင်ကြဘူး။ သူတို့ကို အခကြေးငွေပိုပေးပြီး ချော့မော့ခေါ်လာခဲ့ရတာ၊ အခုတော့ ခင်ဗျားတို့က တုတ်တစ်ပြက် ဓားတစ်ပြက်နဲ့လုပ်နေတော့ သူတို့က လန့်ပြီးပြန်ပြေးသွားကြတာပေါ့'

သင်္ဘောမှာ သိပ်ဝေးဝေးမသွားနိုင်ခင်မကြာမီမှာပင် ယက္ခတုတ်လိုဖိန့် ဦးဆောင်သော အုပ်စု၏ ဝါးဖောင်များက သင်္ဘောကိုဝိုင်းဝန်းကာ လက်ရဖမ်းဆီးလိုက်ကြသည်။

သင်္ဘောမှာ မိစ္ဆာကျွန်းဘက်သို့ ပြန်လှည့်လာရသည်။



သင်္ဘောသားခြောက်ဦးလည်း အဖမ်းခံလိုက်ကြရသည်။

'ခင်ဗျားလူတွေကော၊ ခင်ဗျားရဲ့သင်္ဘောကော အဖမ်းခံလိုက်ကြရပြီ။ ဒီတော့ ခင်ဗျားဟာ လူသတ်သမားပါလို့ အေးအေး ဆေးဆေးဝန်ခံလိုက်ရင် ကောင်းမယ်'

ယက္ခတုတ်လိုဖိန့်တို့က သင်္ဘောကို လက်ရဖမ်းဆီးမိသွားသည်ကို တွေ့ရသည်တွင် ဝင်ထန်းက ကိန်လေ့ကိုပြော၏။

'အို...ကျွန်တော်မှ လူသတ်သမားမဟုတ်တာ ဘာကြောင့် ဝန်ခံရမှာလဲ'

ကိန်လေ့ကလည်း ခပ်တင်းတင်းမာမာ ပြန်အဖြေပေး၏။

'ဖျောင်းဖျင်းတို့... အထောက်အထား အချက်အလက်တွေ အခိုင်အမာရှိနေတာတောင် ကိန်လေ့က အတင်းငြင်းဆန်နေတုန်းပဲ၊ ဒီတော့ သူဟာ လူ့ဝက်လူသတ်သမားဟုတ်မဟုတ် သိအောင်လုပ်ဖို့က နည်းတစ်ခုပဲရှိတော့တယ်...

'အဲဒါက ကိန်လေ့ကို ကျွန်းပေါ်က သင့်တော်တဲ့နေရာ တစ်နေရာရာမှာ ကြိုးနဲ့တုပ်ထားလိုက်မယ်၊ သူ့ကို အဲဒီလိုကြိုးနဲ့ တုပ်ထားလျက်သားနဲ့ နောက်ထပ် တစ်ယောက်ယောက် အသတ်ခံရတယ်ဆိုရင်တော့ ကိန်လေ့ဟာ လူသတ်သမား မဟုတ်နိုင်တော့ဘူး'

ဝင်ထန်းက အားလုံး ကြားလောက်အောင် အော်ပြောလိုက်သည်။

'ဟုတ်တယ်...ဟုတ်တယ်'

'အဲဒီနည်းက အကောင်းဆုံးပဲ'

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် သင်္ဘောမှာလည်း ကမ်းခြေသို့ကပ်လိုက်ပြီ ဖြစ်၍ သင်္ဘောကိုဝိုင်းဖမ်းဆီးရာ၌ ပါဝင်ကြသူများဖြစ်သည့် ဟသ်ာမယ်ငါးဖော်တို့ကလည်း ဝိုင်းဝန်းအော်ဟစ်ကာ ထောက်ခံလိုက်ကြသည်။

'တကယ်လို့ လူသတ်သမားက ကိန်လေ့ကိုလာသတ်သွားရင်တော့ သူ့မှာကြိုးနဲ့အတုပ်ခံထားရရင် ဘယ်လိုမှမခုခံနိုင်တဲ့ ငုတ်တုတ်အသေခံလိုက်ရုံပဲ ရှိတော့မှာပေါ့'

ကျားဖြူရှုန့်အိုင်ကပြောသည်။

'ဒါဆိုတော့ သူ့ထိုက်နဲ့သူ့ကံပေါ့၊ သူဟာလူသတ်သမား ဖြစ်နိုင်ခြေရာအကြောင်း အများအဆုံးရှိနေတဲ့လူဆိုတော့ သူ့ကို ဒီအတိုင်းလက်လွှတ်ထားလို့မထားနိုင်ဘူး၊ ကြိုးနဲ့တုပ်ပြီးထားရမယ်'

ဝင်ထန်းကလည်း ဇွတ်အတင်းပြောနေသည်။ ဟသ်ာမယ်ငါးဦးက အော်ယစ်ကာ ဝင်ထန်း၏ အစီအစဉ်အတိုင်းလုပ်ရန် ထောက်ခံပြောကြားသည်။

ကျားဖြူရှုန့်အိုင်မှာ မတားဆီးနိုင်တော့ပေ။

'ကြိုးနဲ့တုပ်ထားမယ်ဆိုရင် ကိန်လေ့တစ်ယောက်တည်း ကိုပဲမထားပါနဲ့၊ ကျွန်မကိုလဲ သူ့အနားမှာ သူနဲ့အတူတူ ကြိုးတုပ်ထားပေးပါ'

လင်ယုယုကပြောလိုက်သည်။

'ဟာ...ဒီကိစ္စ ယုယုနဲ့ ဘာမှမဆိုင်ဘူး၊ ယုယု ဝင်ပါစရာ မလိုပါဘူး'

ကိန်လေ့က တန့်ကွက်ပြောကြားလိုက်သည်။



'အို...မဆိုင်ဘူးလို့ ဘယ်သူက ပြောနေသလဲ၊ ကျွန်မဟာ အစ်ကို့ရဲ့ဇနီးလောင်းပဲ၊ အစ်ကိုနဲ့အတူ ရှင်မကွာ ရှိရမှာပေါ့'

လင်ယုယုကပြန်ဖြေသည်။

'ကြောင်...ခင်ဗျားတို့နှစ်ယောက်က တိတ်တိတ်ပုန်း ညားပြီးကြပြီကိုး'

ပလေ့လုလင်ဝင်ထန်းက ရွှတ်ချွဲသောအသံဖြင့် ပြောလိုက်သည်။

'တိတ်တိတ်ပုန်းညားတာမဟုတ်ဘူးရှင့်၊ အတိအလင်းစေ့စပ်ခဲ့ကြတာ'

လင်ယုယုကပြန်ပြောသည်။

'ကိန်လေ့ကို ဘာကြောင့်လက်ထပ်ဖို့ လက်ခံလိုက်ရတာလဲ'

ဝင်ထန်းကမေးလိုက်သည်။

'သူလိုလူကိုမရွေးရင် တခြားဘယ်သူ့ကိုသွားရွေးရမှာလဲ'

'ရိုးသားမှုရှိပြီး အစွမ်းအစရှိတဲ့ယောကျ်ား ရှားပါသလား၊ ဘာကြောင့် လူသတ်သမားကိုမှ ခင်ပွန်းတော်ဖို့လက်ခံလိုက်ရတာလဲ ယုယုရယ်'

'ဒါကတော့ ကျွန်မက သူ့ကိုပဲ သဘောကျတာကိုး'

'အင်း...ဒါပေမယ့် သူဟာ လူသတ်သမားတစ်ယောက် ဆိုတော့ မကြာခင်ပဲ သေဒဏ်အစီရင်ခံရတော့မှာ'

'သူသေသွားတော့လဲ ကျွန်မ နောက်ထပ် တစ်ယောက် ယူမှာပေါ့၊ ကျွန်မဟာ ရှင့်လို အဆင်ခြင်ဉာဏ် ကင်းမဲ့ပြီး....'

www.burmeseclassic.com

www.burmeseclassic.com



ဆစ်ခေါက်ကန်းလုပ်တတ်တဲ့လူမျိုးကလွဲပြီး တခြားဘယ်သူ့ကိုပဲဖြစ်ဖြစ် ခင်ပွန်းအဖြစ် လက်ခံနိုင်ပါတယ်'

လင်ယုယုက အပြောပိုင်ပိုင်နှင့် ပြောချလိုက်သည့်အတွက် ဝင်ထန်းမှာ မျက်နှာကြီးရဲခနဲဖြစ်သွားသည်။

'ကဲ...ပြောနေကြတယ်၊ ကိန်လေ့ကို သစ်ပင်အစ်ပင်မှာ သွားပြီးကြိုးနဲ့ချည်မယ်၊ လင်ယုယုလဲ အတွေ့တုပချင်ရင် သူ့ကိုပါ ချည်ထားမယ်...ဒါပဲ'

ဝင်ထန်းက ခပ်ပြတ်ပြတ်ပြောလိုက်သည်။

'ဟုတ်တယ်၊ ဒီအတိုင်းပဲလုပ်ရမယ်'

ကျားဖြူရှန့်အိုင်ကလည်းပြောလိုက်သည်။

တကယ်တော့ ဝင်ထန်း၏ အစီအစဉ်ကို ကျားဖြူရှန့်အိုင် အနေဖြင့် အဘောမကျခဲ့ပေ။ သို့သော် အခြေအနေမှာ တားရှိရနိုင်မည်မဟုတ်ကြောင်း နားလည်သည့်အတွက် ကိန်လေ့တို့ သက်သာရာ သက်သာကြောင်း လုပ်ပေးနိုင်ရန် ဝင်ထန်းကို ထောက်ခံလိုက်ခြင်းဖြစ်သည်။

ဝင်ထန်းတာမှ မိမိဘက်မှ ကျားဖြူရှန့်အိုင်ပင် ဝင်ရောက်ထောက်ခံလာပြီဟု အလွန်ကျေနပ်အားရသွားသည်။

ထို့နောက် ကိန်လေ့နှင့် လင်ယုယုတို့၏လက်နက်များကို သိမ်းဆည်းကာ ကျွန်း၏အလယ်ပိုင်းသို့ ခေါ်ဆောင်လာ၏။

ကျွန်း၏ အလယ်ပိုင်းရှိ မြေကွက်လပ်တစ်ခုတွင် ထီးထီးမားမားပေါက်နေသည့် သစ်ပင်ကြီးနှစ်ပင်တွင် ကိန်လေ့နှင့် လင်ယုယုတို့အား ကျားဖြူရှန့်အိုင်ကိုယ်တိုင် ကြိုးများဖြင့် တုပ်နှောင်လိုက်သည်။



အကယ်၍ အန္တရာယ်ကြုံက အနှောင်အဖွဲ့မှ အလွယ်တကူ ရုန်းထွက်နိုင်စေရန်အတွက် ကျားဖြူရှန့်အိုင်က ကြိုးများကို ခပ်လျော့လျော့ချည်ပေးထားခဲ့သည်။

ထို့နောက် ကိန်လေ့တို့ကို ထားရစ်ခဲ့ကာ သူတို့အားလုံး ထိုနေရာမှ ထွက်ခွာလာခဲ့ကြသည်။

'ကိန်လေ့ကို ဒီအတိုင်းထားခဲ့သလောက် ကင်းပုန်းချပြီး စောင့်ကြည့်နေရင် ကောင်းမယ်'

ကျားဖြူရှန့်အိုင်က အကြံပေးသည်။

'ဟုတ်တယ်၊ တကယ်လို့ ကိန်လေ့ဟာ လူသတ်သမား မဟုတ်ဘူးဆိုရင် သူ့ကို အကာအကွယ်ပေးတဲ့သဘောဖြစ်တာပေါ့၊ ပြီးတော့ လူသတ်သမားက ကြိုးတုပ်ခံထားရတဲ့ ကိန်လေ့တို့ကို လာသတ်ဖို့ကြံရင်လဲ ကင်းပုန်းချထားတဲ့လူတွေက စောင့်ဖမ်းနိုင်တယ်'

စားပေလှသင်ဝိန်ကျားက ထောက်ခံသည်။

'ဒီလိုဆိုရင် လေးယောက်တစ်လှည့် ကင်းပုန်းချထားကြမယ်၊ ကင်းအလှည့်တစ်လှည့်ကို နှစ်နာရီစောင့်ရမယ်၊ ပထမကင်းလှည့်မှာ ငွေကျားသစ်ငွေ့ချိမ်းရယ်၊ ရွှေလှိုင်ရှင်တန်လုရယ်၊ တိမ်လွှာသူဇာချေရင်းရယ်၊ ရေလှိုင်းသူဇာကျွန်းစမ့်ချယ်ပါဝင်မယ်၊ ဒုတိယကင်းလှည့်မှာတော့...'

ကျားဖြူရှန့်အိုင်က ကင်းတာဝန် ထမ်းဆောင်ရမည့် သူများကို ဆက်လက်သတ်မှတ်ပေးသည်။

'ကဲ...ပထမ ကင်းလှည့်ကျတဲ့လူတွေ ဒီမှာ ချန်နေခဲ့ကြ၊ ကိန်လေ့တို့ ရှိနေတဲ့နေရာရဲ့ ဘေးဘက် လျှောတိုက်ကနေပြီး

www.burmeseclassic.com



တိတ်တိတ်ပုန်းအောင်းပြီး စောင့်ကြည့်နေကြပါ၊ ပြီးတော့ ကိုယ်တိုင် အငိုက်အမိခံရအောင်လဲ သတိထားကြပါ’

ရှန့်ထိုင်က ဤသို့ပြောကြားပြီးနောက်၊ တစ်ဦးစီအားပုန်း ဝပ်ကာ စောင့်ကြည့်ရမည့် နေရာများကိုပါ ရွေးချယ်သတ်မှတ်ပေးလိုက်သည်။

× × ×

မိုးချုပ်နေပြီ။

ဝင်ထန်း၊ ယက္ခတုတ်လိုဖိန်၊ ဟာသ်စိမ်းလျှံ၊ စိမ်းဟာသ်နက် မင်းကျဲ့တို့ ကင်းတာဝန်ထမ်းဆောင်ရမည့်အချိန်၌ သူတို့ ခေတ္တစခန်းချနေထိုင်သည့် ရုတနာလိုဏ်ဂူမှထွက်၍ ကိန်လွေ့ တို့ကို ချည်နှောင်ထားရာသို့ သွားရောက်ထွက်လာကြ သည်။

‘ကျွန်တော်တို့တတွေ သတိရှိရှိနဲ့စောင့်ကြဖို့လိုတယ်၊ လျှို့ဝှက်လူသတ်ကောင် ရောက်လာပြီး ကိန်လွေ့တို့ကိုသတ်သွား ရင် ခက်နေမယ်’

လျှောက်လှမ်းလာကြရင်း ယက္ခတုတ်လိုဖိန်က ပြော၏။

‘ဘာလဲ၊ ခင်ဗျားက ကိန်လွေ့ဟာ လူသတ်သမားမဟုတ် နိုင်ဘူးလို့ ထင်နေသလား’

ဝင်ထန်းက ပြောလိုက်သည်။

‘သူသာလူသတ်သမားဆိုရင် ဆက်ပြီးပုန်းအောင်းနေမှာ ပေါ့၊ ဘာကြောင့် မြင်မြင်ထင်ထင် အတွေ့ခံမှာလဲ’



‘ခင်ဗျား အတွေးချော်သွားပြီ၊ သူက မြင်မြင်ထင်ထင်လာ အတွေ့ခံတာမဟုတ်ဘူး၊ ကျွန်းပေါ်ကို တိတ်တိတ်လေးခိုးတက် မယ်လုပ်တုန်း ကျွန်တော်တို့က ဖမ်းမိလိုက်တာပါ’

‘ဘယ်လိုပဲဖြစ်ဖြစ် ကိန်လွေ့ဟာ လူသတ်သမားလို့ ကျွန် တော် ထင်ကိုမထင်ဘူးဗျာ၊ ဒီလူဟာ ဒီလောက်ရက်စက်ယုတ် မာမှာမဟုတ်ပါဘူး’

ထိုသို့ ပြောဆိုနေကြစဉ် ကိန်လွေ့တို့ ရှိသော နေရာသို့ ရောက်လာကြသောကြောင့် စကားစပြတ်သွားကြသည်။

ကင်းတာဝန်များ လဲလှယ်ကြပြီးနောက် သူတို့လေးယောက် သားလည်း အလုပ်လေးမျက်နှာဝယ် တစ်ယောက်စီ တာဝန် ခွဲကာ ကင်းပုန်းစောင့်နေလိုက်ကြသည်။

အတန်ကြာသောအခါ ယက္ခတုတ်လိုဖိန် ကင်းစောင့်နေ သောနေရာသို့ ပလွေလုလင်ဝင်ထန်း ရုတ်တရက် ရောက်ရှိလာ သည်။

‘ဝင်ထန်း....ဘာကိစ္စနဲ့ ဒီဘက်ကိုလှည့်လာတာလဲ’

ယက္ခတုတ်လိုဖိန်က တအံ့တသြမေးလိုက်သည်။

‘သိပ်ထူးဆန်းတဲ့ကိစ္စတစ်ခုတွေ့လာလို့’

ဝင်ထန်းက အလွန်အရေးကြီးဟန်ဖြင့် လေသံနှိမ့်၍ပြော လိုက်သည်။

‘ဘာထူးခြားတာလဲ’

‘ဒီနားတိုးစမ်းပါ၊ ဒီကိစ္စကို အကျယ်ကြီးပြောလို့မဖြစ်ဘူး’

ယက္ခတုတ်လိုဖိန်က ဝင်ထန်း၏အနီးသို့ တိုးကပ်လိုက်၏။ ဝင်ထန်း၏ညာလက် ဆတ်ခနဲလှုပ်ရှားသွားသည်။ အားခနဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်လက်ပြီးနောက် ယက္ခတုတ်လိုဖိန်းနှိလည်ပင်း ပြတ်သွားကာ ကိုယ်ခန္ဓာမှာလည်း ယိမ်းယိုင်လဲကျသွားသည်။

ဝင်ထန်းက သွေးစက်မထိရအောင် နောက်သို့ အသာခုန်ကာ ရှောင်လိုက်သည်။ ဓားတွင်စွန်းနေသော သွေးများကို လည်း လိုဖိန်၏အဝတ်နှင့် သုတ်ပစ်လိုက်သည်။

ထို့နောက် မြောက်ဘက်တွင်ကင်းပုန်းစိပ်နေသောဟသ်စိမ်းလျှ စိမ်းရှိရာသို့ ဝင်ထန်း ထွက်လာခဲ့ပြန်သည်။

ဝင်ထန်း၏ လှုပ်ရှားမှု သတ်ဖြတ်မှုကြောင့် ဟသ်င်စိမ်းလည်း ဆံသက်ပျောက်သွားရပြန်သည်။

ထို့နည်းတူ အနောက်ဘက်တွင် ကင်းပုန်းစပ်နေသော ဟသ်ာနက် မင်းကျူးမှာလည်း ဝင်ထန်း၏ ဓားချက်မိသွားပြန်သည်။

ဝင်ထန်းသည် ဆင်းသမား သုံးယောက်ကို သုတ်သင်ပြီးနောက် ကြိုးတုပ်ခံထားရသော ကိန်လေ့တို့ရှိရာသို့ ချဉ်းကပ်လာခဲ့ပြန်သည်။

'ဘယ်လိုလဲ ဝင်ထန်း၊ ဘာလာလုပ်တာလဲ'

ကိန်လေ့က ဆီးမေးလိုက်သည်။ လင်ယုယုအမူ ဝင်ထန်းကို အကဲခတ်ကြည့်နေသည်။

'ရှူး....တိုးတိုး၊ အသံမထွက်နဲ့၊ ခင်ဗျားတို့ကို ကျွန်တော် လာကယ်တာ'

ဤသို့ပြောပြီး ဝင်ထန်းက ကိန်လေ့၏အနီးသို့ တိုးကပ်လာသည်။ ဝင်ထန်း၏ မျက်စိအကြည့်မှာ ခက်ထန်ကာ ရက်



စက်သည့်အရိပ်အရောင်များ ပြည့်လျှမ်းနေကြောင်း ကိန်လေ့ အကဲခတ်လိုက်မိသည်။

ဝင်ထန်းသည် ကိန်လေ့အနီးသို့ တိုးကပ်မိသည်နှင့် ဝှက်ထားသော ဓားကိုထုတ်ကာ ကိန်လေ့၏လက်ဖျံကို လှမ်းဖိုင်းလိုက်သည်။

ကိန်လေ့က အားအိုတိမ်းရှောင်ကာ ညာခြေထောက်ဖြင့် ဝင်ထန်းကို ဆီးကန်လိုက်သည်။

ဝင်ထန်းက ကိန်လေ့မှာ ကြိုးများဖြင့် အတုပ်ခံထားရသည့်အတွက် လှုပ်လည်းမလှုပ်နိုင်၊ တုန့်ပြန်တိုက်ခိုက်မှုလည်း မပြုနိုင်ဟု ထင်ထားခဲ့သည်။

ကျွဲဖြူရှန့်အိုင်က ကြိုးများကို ခပ်လျော့လျော့ ခပ်ပြေပြေချည်ထားပေးခဲ့ကြောင်းကိုကား ဝင်ထန်းမသိရှာပေ။ ယခု ကိန်လေ့က ခပ်လျော့လျော့တုပ်နှောင်ထားသော ကြိုးများမှ အလွယ်တကူရုန်းထွက်ကာ တုန့်ပြန် တိုက်ခိုက်လိုက်ခြင်းဖြစ်ရာ ဝင်ထန်းအငိုက်မိသွားသည်။

ကိန်လေ့၏ခြေကန်ချက်ထိမိကာ မြေကြီးပေါ် ပက်လက်လန်လဲကျသွားသည်။

ဤတွင် လင်ယုယုကလည်း ကြိုးများဖြင့် ချည်နှောင်ထားခြင်းမှ ရုန်းထွက်လာကာ ဝင်ထန်း၏ပျော့ခွေကြောကို အပိုင်အနိုင်ပင် ဖမ်းပိတ်လိုက်သည်။

ဝင်ထန်း မလှုပ်ရှားနိုင်တော့။

'ဟောဒီကို မြန်မြန်လာကြပါ၊ လူသတ်သမားကို မိပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



လင်ယုယုက အသံကုန်အော်ဟစ်လိုက်သည်။

မကြာမီပင် ထိုနေရာသို့ ကျောင်းဖြူရှန်အိုင်ဦးဆောင်သော လူငယ်သိုင်းသမား ဆယ့်လေးဦးနှင့် ရီလျံကျင့်တို့ရောက်လာကြသည်။

'ဟာ…ဒါက ဘယ်လိုဖြစ်ကုန်ကြတာလဲ'

ခံသွေးကြောပိတ်ခံရကာ မြေကြီးပေါ်တွင် ခွေခွေလေးလဲနေသော ဝင်ထန်းနှင့် ခေါင်းတွင် မား‌မား‌မတ်မတ် ရပ်နေကြသော ကိန်လော့နှင့် လင်ယုယုတို့ကို တွေ့ရသည့်အခါ ရှန်အိုင်က အံ့အားသင့်စွာ ပြောလိုက်သည်။

'ဝင်ထန်းဟာ လူသတ်သမားအစစ်ပါ၊ သူက ကျွန်မနဲ့ ကိန်လော့ကို သတ်တော့မလို့၊ ကျောင်းဖြူရှန်အိုင်က ကျွန်မတို့ကို ကြိုးခပ်လျော့လျော့လေးတုပ်ထားခဲ့လို့ ကျွန်မတို့က အလွတ်ရုန်းပြီး အခုလိုအမိဖမ်းထားတာပါ'

လင်ယုယုကပြန်ပြောလိုက်သည်။

'ဟာ…ဟုတ်ပါ့မလား၊ ဝင်ထန်းက ဘယ်လိုလုပ်ပြီး လူသတ်သမားဖြစ်နိုင်မလဲ'

ရှန်အိုင်က ခေါင်းခါယမ်းကာပြောသည်။

ထို့နောက် ကျွန်တင်းသမားများကို သတိရသောကြောင့် ရှန်အိုင်က အော်ခေါ်လိုက်သည်။

'လိုဖိန်၊ လျံစိမ်း၊ မင်းကျူး ထွက်လာခဲ့ကြလေ'

ရှန်အိုင်က အော်ခေါ်သော်လည်း လိုဖိန်တို့သုံးယောက်၏ အသံကို မကြားရပေ။



'ဟာ…သူတို့ဘယ်လိုဖြစ်ကုန်ကြပြီလဲ၊ သွားကြည့်ဦးမှဖြစ်မယ်'

ရှန်အိုင်က ဤသို့ပြောပြီး ငွေကျားသစ်ဝေချီမင်း၊ စာပေ လုံလင်စိန်ကျားနှင့် ဟသ်ာဖြူပိုင်ရန်တို့ကို ကင်းမှန်းချထား၍ သူ သုံးယောက်အား သွားကြည့်ရန်စေလွှတ်လိုက်သည်။

မကြာမီမှာပင် ထိုလူသုံးယောက်သည် လိုဖိန်၊ လျံစိမ်းနှင့် မင်းကျူးတို့၏အလောင်းများကို သယ်ယူပြန်ရောက်လာကြသည်။

'ဝင်ထန်း…ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ'

ရှန်အိုင်က ဝင်ထန်းကို ဒေါသတကြီးစိုက်ကြည့်ရင်း ပြောသည်။

'ခင်ဗျားတို့ ကျွန်တော့်ကိုသာ သံသယဖြစ်လိုက်ကြပါဘိသော ဗျာ'

ဝင်ထန်းက အလွန်စိတ်ပျက်အားလျော့သော လေသံဖြင့် ပြောသည်။

'တောက်… လက်စသတ်တော့ လူသတ်သမား အစစ်က ဒီကောင်ကိုး'

'ရွှေလုံရှင်ဟန်လုက စ၍ပြောသည်။

'သူဟာ လိုဖိန်တို့သုံးယောက်ကိုသာသတ်ခဲ့တာပါ၊ ပထမ သေသွားကြတဲ့ ရှန်ကျင့်တို့ကိုတော့ သူသတ်တာ မဟုတ်ပါ ဘူး'

စာပေလုံလင်စိန်ကျားသစ်က အလေးအနက်စဉ်းစားပြီးမှ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဝင်ထန်းဟာ လျှို့ဝှက်လူသတ်သမား မဟုတ်ဘူးပေါ့'

'သူဟာ လျှို့ဝှက်လူသတ်သမား မဟုတ်ပါဘူး၊ ရှန်ကျင်း ရောပင်း၊ ရီတာ၊ ဟိုင်၊ ယူဟုံ၊ စီဖုံးနဲ့ မင်းကျူးဘို့တွေ အသတ်ခံရတဲ့အခါတုန်းက ဝင်ထန်းဟာ ခင်ဗျားတို့ ကျွန်တော်တို့နဲ့ အတူတူရှိနေတယ်မဟုတ်လား'

ဓေဒပသမားစိန်ကျော်က ရှင်းပြလိုက်မှပင် သူတို့အားလုံး နားလည်သွားကြတော့သည်။

'ဝင်ထန်းဟာ လျှို့ဝှက် လူသတ်သမား မဟုတ်ပေမယ့် လျှို့ဝှက်လူသတ်သမားနဲ့ အဆက်အသွယ်ရှိချင်ရှိနိုင်တယ်၊ ကဲ မှန်မှန်ပြောစမ်း ဝင်ထန်း၊ လျှို့ဝှက်လူသတ်သမား ဘယ်သူလဲ ဆိုတာ ခင်ဗျား သိသလား'

ရှန်အိုင်က စစ်မေးလိုက်သည်။

'မသိပါဘူး၊ ကျွန်တော်ဟာ ရတနာသိုက်ထဲက ရွှေငွေ ပစ္စည်းတွေကို မက်မောလို့ ရောင်းတော်ပြန်နဲ့ ရှေ့လျှောက်ပြီး အခုလိုကြံမိကြံရာ လုပ်မိတာပါ၊ ဒါမှ ဒီသတ်ဖြတ်မှုတွေဟာ လျှို့ဝှက်လူသတ်သမားရဲ့လက်ချက်လို့ဆိုပြီး ကျွန်တော့်အပေါ် သံသယကင်းကြမှာပါ....'

'ဒီလိုနဲ့ တစ်ယောက်ပြီး တစ်ယောက် ထုတ်သင်ပစ်ပြီး.... ရတနာပစ္စည်းတွေကို ယပိုင်စီးရယူဖို့ ကြံမိတာပါ၊ လျှို့ဝှက် လူသတ်သမားနဲ့ အဆက်အသွယ်မရှိပါဘူး'

ဝင်ထန်းက ပြောသည်။



'ဝင်ထန်း အပြစ်ကျူးလွန်ထားတာ ထင်ရှားတော့ လက်ပူးလက်ကြပ်ကိုမိနေပြီ၊ သူ့ကိုဘယ်လိုစီရင်ကြရင်ကောင်းမလဲ'

ရှန်အိုင်က အများ၏ဆန္ဒကို တောင်းဆိုလိုက်သည်။

အားလုံးက ဝင်ထန်းကို သေဒဏ်စီရင်ရန် ပြောကြသည်။

အများဆန္ဒနှင့်အညီ ဝင်ထန်းကို စီရင်လိုက်သည်။

'ရှင်တို့နှစ်ယောက်အပေါ်ကို အထင်အမြင် လွဲမှားမိခဲ့တဲ့ အတွက် တောင်းပန်ပါတယ်၊ ဒီရတနာပစ္စည်းတွေကြောင့် အခုလို မဖြစ်သင့်တာတွေ ဖြစ်ရတာပါ၊ ဒီတော့ ဒီရတနာ ပစ္စည်းတွေကို သက်ဆိုင်ရာလက်ထဲကို အပ်လိုက်ကြရင်ကောင်း ပါလိမ့်မယ်၊ ဒီကျွန်းပေါ်မှာ ရတနာသိုက်ရှိနေရင် သိပ်ကို အန္တရာယ်များပါတယ်'

ဟင်္သာဖြူပိုင်ရှန်က ပြောလိုက်သည်။

'ရတနာတွေကို သက်ဆိုင်ရာသို့ အပ်တာဟာ အကောင်းဆုံးပါပဲ၊ ဒါပေမယ့် ဒီလိုလုပ်လိုက်ရင် လျှို့ဝှက်လူသတ် သမားကို ထုတ်ဖော်နိုင်ဖို့ အခွင့်အလမ်း နည်းသွားလိမ့်မယ်၊ ဒါကြောင့် ဒီရတနာတွေကို ဒီကျွန်းပေါ်မှာ ထားပြီး လျှို့ဝှက်လူသတ်သမားကို ဖော်ထုတ်ရမယ်၊ လူသတ်သမားကို ထုတ်ဖော်ပြီးမှ ရတနာတွေကို သက်ဆိုင်ရာကို အပ်နှံကြတာ ပေါ့'

လင်ယုယုက ပြောသည်။

'လျှို့ဝှက်လူသတ်သမားကို ဖော်ထုတ်နိုင်မယ့် နည်းလမ်း ကို လင်ယုယု စဉ်းစားမိပြီးပြီထင်တယ်'

ရှန်အိုင်က မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ စဉ်းစားမိပြီးပါပြီ။ ကျွန်မပြောတဲ့အတိုင်း အားအားလုံး လိုက်နာကြမယ်ဆိုရင် လျှို့ဝှက်လှူသတ်အမားကို မကြာခင် အချိန်မှာပဲ ဖော်ထုတ်နိုင်ပါလိမ့်မယ်'

'ကောင်းပါပြီ…လိုက်နာပါမယ်၊ ဘာတွေ လုပ်ဆောင်ရမှာလဲ'

'ကျွန်မတို့အားလုံး ဘစ်ယောက်မကျန် ဗိမိဿာကျွန်းကနေ ထွက်ခွာသွားကြဖို့ပါပဲ'

လင်ယုယုပြောသောအကြံကို အားလုံးကပင် လက်ခံကြသည်။ ထို နေ့ညနေပိုင်းမှာ ကိန်လေ့တို၏သင်္ဘောဖြင့် သူတို့အားလုံး မိဿာကျွန်းမှ ထွက်ခွာလာခဲ့ကြသည်။

✱

# အခန်း ( ၁၃ )

သင်္ဘောသုံးစီး မိဿာကျွန်း၏အနောက်ဘက်ကမ်းခြေတွင် ဆိုက်ကပ်လာကြသည်။ သင်္ဘောများပေါ်မှ လူသုံးဆယ့်နှစ်ဦး ဆင်းလာသည်။

ဦးစီး ခေါင်းဆောင်လာသူမှာ အဘိုးအိုတစ်ယောက်နှင့် လူရွယ်ထင်ယောက်တို့ ဖြစ်ကြသည်။

သူတို့နှစ်ယောက်၏ လမ်းပြညွှန်ကြားမှုဖြင့် သင်္ဘောသားသုံးဆယ်တို့သည် ရတနာသိုက်ထဲမှ ရတနာသေတ္တာများကို တစ်လုံးပြီးတစ်လုံး ထုတ်ယူကာ သင်္ဘောပေါ်သို့တင်ကြသည်။ အချိန်နှစ်နာရီခန့် ကြာလာသောအခါ ရတနာသေတ္တာများ အားလုံး သင်္ဘောပေါ်သို့ တင်ပြီးဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သင်္ဘောသုံးစီးသည် မိစ္ဆာကျွန်းမှ ခွာလာခဲ့ကြသည်။

သုံးရက်ခန့်ကြာသောအခါ ပြည်မကမ်းခြေ တစ်နေရာရှိ လူသူကင်းဝေးသည့်ကမ်းစပ်ဝယ် ထိုသင်္ဘောသုံးစီး ဆိုက်ကပ်လာသည်။

အဘိုးအိုနှင့် လူရွယ်တို့၏ ကြီးကြပ်မှုဖြင့် သင်္ဘောသား သုံးဆယ်တို့က သင်္ဘောပေါ်မှ ရတနာသေတ္တာများကို ကုန်းမြေပေါ်သို့ သယ်ချကြရသည်။

ထိုကုန်းမြေပေါ်တွင် ကြိုတင်တူးထားသော ကျင်းကြီးတစ်ခုရှိသည်။ ရတနာသေတ္တာများကို ကျင်းကြီးထဲဝယ်ထည့်ကာ မြေဖို့မြှုပ်နှံလိုက်ကြသည်။

'ကိုင်း...ကိစ္စတွေအားလုံးပြီးပြီ အောင်မြင်တဲ့ အထိမ်းအမှတ်နဲ့ စားကြသောက်ကြတာပေါ့ကွာ'

အဘိုးအိုကပြောလိုက်သည်။

ထို့နောက် အသင့်စီစဉ်ထားသော အရက်၊ ထမင်း၊ ဟင်းလျာများကိုထုတ်ကာ စားကြသောက်ကြသည်။

အဘိုးအိုနှင့် လူရွယ်ကမူ တစ်နေရာသို့ထွက်သွားကြသည်။

စားသောက်နေကြစဉ်မှာပင် သင်္ဘောသား သုံးဆယ်တို့သည် ဝမ်းဗိုက်ကိုနှိပ်ကာ ဗိုက်နာသည်ဟု ညည်းညူကြရင်း တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးကုန်ကြသည်။

ထိုသူအားလုံး သေဆုံးသွားကြသောအခါမှ အဘိုးအိုနှင့် လူရွယ်တို့ ထိုနေရာသို့ပြန်ရောက်လာသည်။



'ဘယ်လိုလဲ ငါ့သား၊ ဖေဖေ စီစဉ်တာ ပိုင်တယ်မဟုတ်လား၊ အခုဆိုရင် ဒီရတနာတွေအားလုံး ဖေဖေတို့သားအဖ ပိုင်ပြီ'

အဘိုးအိုက အားရဝမ်းသာပင်ပြောလိုက်သည်။

'ရတနာတွေကို အပိုင်ရတာကတော့ဟုတ်ပါပြီ ဖေဖေ။ ဒါပေမယ့် ကိန်းလေ့တို့လူစု အသက်ဆက်ရှင်နေသေးတာကတော့ သားတို့အတွက် အန္တရာယ်အများကြီးရှိတယ်၊ သူတို့ဟာ ရှိနေသေးလို့ သားဟာ ကိုယ့်မျက်နှာကို အမြဲရုပ်ဖျက်ပြီးနေခဲ့ရတယ်မဟုတ်လား'

'စိတ်ချပါသားရယ်...ကိန်းလေ့တို့တွေကို ရှာဖွေသုတ်သင်ဖို့ ကြေးစား သိုင်းသမားတွေကို ဖေဖေ ရှာပေးပါ့မယ်ကွယ်'

'ခင်ဗျားတို့မှာ ဒီလိုလုပ်နိုင်ခွင့် အခွင့်အရေး မရှိတော့ပါဘူး၊ ပြီးတော့ ဒီရတနာတွေကိုလဲ ခင်ဗျားတို့ မရနိုင်ပါဘူး'

အေးစက်သောစကားသံပေါ်လာသည်။ သူတို့သားအဖ အလွန်ထိတ်လန့်သွားကာ အသံလာရာဆီသို့ လှည့်ကြည့်လိုက်ကြသည်။ လူခြောက်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

ချစ်လုလင်ကိန်းလေ့၊ ဂန္ဓာရသူဇာလင်ယုယု၊ ကျားညိုရှင်အိုင်၊ စာဒဗလုသင်စိန်ကျား၊ ဟင်္သာဖြူပိုင်ရန်နှင့် ဓမ္မရသူဇာ ချင်းမေတို့ပင်ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အတိုးကြီးနှင့် လူရွှယ်တို့မှာ အလွန်တုန်လှုပ်ချောက်ချားသွားကြပြီး ကြက်ခေသေကာ ဘာလုပ်ရမည်မသိမှုန်းဖြစ်နေကြသည်။

ထိုအခိုက်တွင် လှေငယ်သိုင်းသမား ခြောက်ယောက်တို့က ရွှေသိုလှည်းခန်းမှုန်တက်လာကာ သူတို့နှစ်ယောက်ကို အကြေပိတ်ကာ အမိဖမ်းလိုက်သည်။

အတိုးအိုနှင့် လူရွှယ်တို့၏မျက်နှာတွင်စွပ်ထားသော မျက်နှာဖုံးများကိုဆွဲခွာလိုက်ကြသည်။

'လက်စသတ်တော့ ခင်ဗျားကိုး'

လူရွှယ်၏မျက်နှာမှာ မျက်နှာဖုံး ကျွတ်သွားပြီး ရုပ်ရည်ဆွင်ပြင်ကို ထင်ထင်ရှားရှားမြင်လိုက်ရသည်တွင် ကိန်လှေ့က ပြောလိုက်သည်။

ထိုလူရွှယ်မှာ သန်းကြွယ်လုလင်ရောင်ပင်းပင်ဖြစ်သည်။

ရောင်ပင်းမှာ ဝမ်းပိုက်တွင် ဓားထိုးခံရဟန်ဆောင်ထားကာ ကိန်လှေ့ကို လှည့်စားခဲ့သည်။

ထို့နောက် ရွှက်လှေကို မောင်းပြေးကာ မိစ္ဆာကျွန်း၏ ပတ်ဝန်းကျင်ရေပြင်ဝယ် လှည့်လည် သွားလာရင်း ရေခြမှ ပျောက်နေခဲ့သည်။

အခါအခွင့်သင့်တိုင်း မိစ္ဆာကျွန်းပေါ်သို့တက်ကာ လှေငယ်သိုင်းသမားများကို သတ်သင်ခဲ့သည်။

နောက်ဆုံးတွင် မိစ္ဆာကျွန်းကို လှေငယ်သိုင်းသမားများ စွန့်ခွာသွားသောအခါတွင်မှ ဖခင်နှင့်အတူ ရတနာသိုက်ထဲမှ ရတနာပစ္စည်းများကို အရယူလာခဲ့ခြင်းဖြစ်သည်။



ကိန်လှေ့တို့က လင်ယုယု၏အစီအစဉ်အတိုင်း မိစ္ဆာကျွန်းအနီး ထစ်ဝိုက်ဝယ် တံငါလှေတစ်စီးဖြင့် တံငါသည်များ အယောင်ဆောင်ရုပ်ဖျက်ကာ လှည့်လည်သွားလာစောင့်ဆိုင်းနေသည့်အတွက် ရောင်ပင်းတို့ကို ခြေရာခံကာ အမိဖမ်းနိုင်ခြင်းဖြစ်သည်။

ကိန်လှေ့တို့သည် ရောင်ပင်းတို့သားအဖကို ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။

ရောင်ပင်းတို့ကို သက်ဆိုင်ရာများထံသို့ အပ်နှံရန်နှင့် ရောင်ပင်းတို့လျှို့ဝှက်ထားသော ရတနာပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်အပ်နှံရမည့်တာဝန်များအလည်း ရှိနေသေးသည် မဟုတ်ပါလား။

ကိန်လှေ့အဖို့မှ မိစ္ဆာကျွန်းမှရလာခဲ့သည့် အလှရတနာဖြစ်သော လင်ယုယုတစ်ယောက် မိမိဘေးနားတွင် အမြဲရှိနေပြီမို့ အထူးပင်ကျေနပ်ပျော်ရွှင်လျက် ရှိနေပေတော့သတည်း။

ပြီး ပါပြီ

စာရှုသူများ၏မေတ္တာကိုခံယူလျက်
တက္ကသိုလ်-နေမျိုးအောင်

www.burmeseclassic.com